# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

"အန္တိမအချစ်" ကို အမည်ပြောင်းလိုက်သော

# ထိုနှစ်ယောက်၏နောက်ဆုံးနေ့



စာမူခွင့်ပြုချက်အမှတ်

၅၀၀၈၃၈၀၆၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၃၀၂၀၃၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၇ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

## အန္တိမအချစ်ကိုအမည်ပြောင်းရခြင်းအတွက်တင်ပြချက်

၁၉၈၂ ခုနှစ်တွင် ကျွန်မ ဤဝတ္ထုကို ရေးသားခဲ့ပါသည်။ ဤဝတ္ထုအတွက် အခက်အခဲများစွာ၊ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ခဲ့ရသည့်အကြောင်းကို ၂၄ နှစ် ကြာပြီးချိန်ကျမှ တင်ပြခွင့်ရသည့်အတွက် စိတ်မှာ ဖြေသာခွင့်ရခဲ့ပါပြီ။

ဤဝတ္ထုသည် ကျွန်မ၏ ၅၇ အုပ်မြောက်ဝတ္ထု ဖြစ်ပါသည်။ ၅၆ အုပ်မြောက်အထိ အနည်းအကျဉ်း ပြင်ရရုံမှလွဲ၍ ကြီးကြီးမားမား ပြင်ဆင်ခဲ့ရခြင်းမရှိပါ။ ဤဝတ္ထုကျခါမှ နှစ်ကြိမ်တိတိ အပယ်ခံခဲ့ရပါသည်။

ထိုအချိန်က စာရေးသက်လည်း ၁၃ နှစ်ရှိပြီ။ ချမှတ်ထားသော မူဝါဒများကိုလည်း ဆန့်ကျင်ရေးသားခြင်း မရှိဖူးသော ကျွန်မကို 'အသနားခံစာတင်ကြည့်ပါ' ဟု ရုံးကပင် အကြံပေး၍ ကျွန်မ လျှောက်ထားရေးသားပြီး ဇာတ်လမ်းကို ပညာပေးများ ထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုပြီးမှ ခွင့်ပြုချက်ရခဲ့ပါသည်။

ဒီကိစ္စအတွက် ကျွန်မရင်ထဲမှာ 'ဒီတစ်ခါမှ ဘာကြောင့် ဒီလိုဖြစ်ခဲ့ရတာလဲ'ဆိုပြီး သတိရတိုင်း စိတ်မကောင်း ဖြစ်ခဲ့ရသည်။ နောင် '၇' နှစ်ခန့် ကြာသောအချိန်တွင်...

ကလျာမဂ္ဂဇင်း ကျေးဇူးကြောင့် လေးစားကြည်ညိုရသော (ကွယ်လွန်သူ)ဆရာတက္ကသိုလ် ဘုန်းနိုင်နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့၍ သန်လျင်အိမ်သို့ ကျွန်မ မကြာခဏ သွားရောက်တတ်ပြီး တစ်နေ့တွင်…

'စကားလုံးစာသားဆိုတာ သုံးသင့်မှ သုံးရတယ်။ တေးရေးဆရာတစ်ယောက်က 'သရီရ' ဆိုတဲ့စကားလုံးကို သူ့သီချင်းမှာ သုံးဖူးတယ်။ ဒါ ဘုရားရဲ့ ဓာတ်တော်မှာ သုံးရတာ။ မသုံးကောင်းဘူးလို့ ပြောခဲ့ဖူးတယ်။ သူ ဆက်သုံးတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှာတယ်လေ'

လို့ ဆရာ့စကားထဲမှာပါလာ၍ ကျွန်မက ထိတ်လန့်တကြားပင် 'အန္တိမ' ဆိုတဲ့ စကားလုံးရော ဝတ္ထုမှာ သုံးကောင်းသလားဆရာ'လို့ မေးမိတဲ့အခါမှာ…

'မသုံးရဘူးလေ။ အန္တိမဆိုတာ နောက်ဆုံးဆိုတဲ့ အဓိပ္ပာယ်တော့မှန်တယ်။ ဒါပေမယ့် ဘုရားရဟန္တာတွေ၊ ဘုန်းတော်ကြီးတွေ ပျံတော်မူမှ သုံးရတာ။ အန္တိမရျာပနဆိုတာ ကြားဖူးတယ် မဟုတ်လား'လို့ ဆရာက ဆုံးမပါတယ်။

ကျွန်မ မသိခဲ့၊ နားမလည်ခဲ့၊ ညံ့ဖျင်းခဲ့၍ သုံးမိသည့်အတွက် ဆရာနှင့် ဆုံပြီးကတည်းက အကယ်၍ ဤစာအုပ်ကို ကျွန်မ မသေဆုံးမီ ဒုတိယအကြိမ် ထုတ်ဖြစ်ခဲ့လျှင် မူလ ဓာတ်သိမ်းပိုင်းအတိုင်းထား၍ ဝတ္ထုကို 'အမည်ပြောင်းမည်'ဟု ဆုံးဖြတ်ထားခဲ့သည့်အတိုင်း ယခုလို အမည်ပြောင်းလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်မမှာ နောက်ထပ် သည်လိုအမှားမျိုး မဖြစ်စေရအောင် ကိုယ့်ကလောင်ကို ထိန်းသိမ်းရင်းက အသက်ကြီးလာလေ၊ ရတနာသုံးပါးကို ပို၍ ကိုင်းရှိုင်းကြည်ညိုလေ ဖြစ်လာခဲ့ပါပြီ။ မကောင်းမှုကို ရှောင်ကြဉ်ရုံမက ကောင်းမှုကုသိုလ်များကိုလည်း အတတ်နိုင်ဆုံး ကြိုးစားအားထုတ်လျက်ရှိပါ၏။

ကျွန်မနေ့စဉ် နေထိုင်စားသောက်သုံးစွဲနေသည်များကိုကြည့်ရင်း ဒါ ကျွန်မ စာဖတ်ပရိသတ်တွေရဲ့ ချီးမြှင့်မှုပါဟု စွဲမြဲစွာ ခံယူထားပါသည်။

အသက်ရလာသဖြင့် ဝတ္ထုသစ်တစ်နှစ်မှ တစ်အုပ်လောက် ထွက်နိုင်နေချိန်မှာ ယခုလို ဒုတိယအကြိမ် စာအုပ်များ ထုတ်ဝေပေးသော ကြောင်နှစ်ကောင်စာပေမှ မောင်မျိုးနှင့် လီလီလှတို့ မိသားစုနှင့်အတူ ကျွန်မ၏ဝတ္ထုနှင့် ကျွန်မ၏ ကလျာမဂ္ဂဇင်း စာဖတ်ပရိသတ်အပေါင်းကို လေးစားစွာ ကျေးဇူးတင်လျက် ထာဝရ မေတ္တာပို့သနေပါကြောင်း ပြန်ကြားအပ်ပါသည်။

◆

ကလျာ(ဝိဇ္ဇာ- သိပ္ပံ)

၈-၃-၂၀၀၆။

## အခန်း တစ်

**ပန်ခလုံ**...သို့...

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်လာမှာပါဟု 'ကိုနှင်းဝေ' မျှော်လင့်ထားသည့် အတိုင်းပင်...

သည်နေ့...

'နှင်းဟေမန်ဦး' ပန်ခလုံသို့ ပြန်လည်ရောက်ရှိလာခဲ့ပါပြီ။

ကောင်းသော လာခြင်းဖြင့် မင်္ဂလာ အပြန် ခရီးတော့ မဟုတ်ပါ။

ကားပေါ်မှ ဆင်းဆင်းချင်း ခုံညားသော လှေကားကြီးရှိရာသို့ ဆက်တိုက် လျှောက်ပြီး လှေကားအတိုင်း တက်သွားသည်။

ပန်ခလုံ မိသားစုများ အားလုံး သူ့ကို ရပ်စောင့် ကြိုဆိုနေကြမှန်း သိပါလျက်နှင့် မည်သူ့ကိုမျှ မကြည့်ပါဘဲ လှေကားထစ်များကို နင်းလျက် ခပ်သွက်သွက် အပေါ်သို့ တက်သွားသည်။

နှင်းဟေမန်ဦး၏ နောက်မှ ကပ်လိုက်သွားသူက ကိုနှင်းဝေ...။

အပေါ်ထပ်သို့ ရောက်ခဲ့ပြီ။

လှေကားထိပ်နှင့် တည့်တည့်ရှိ လှေကားသုံးထစ်စာ မြင့်ထားသော ခန်းမကျယ်ကြီး တစ်ခုရှေ့တွင် နှင်းဟေမန်ဦး ရပ်လိုက်သည်။

အမွေးတိုင်များဆီမှ လွင့်လူနေသော မီးခိုးငွေ့တန်းက တစ်ခန်းလုံး မှိုင်းပျ ဝေသီနေသည်ကို ဓာခန်းဆီးများ ရှေ့မှ မြင်ရသည်။

ခန်းမကျယ်၏ အလယ်တည့်တည့်တွင် မျိုးရိုးဂုဏ်သိက္ခာကို အစဉ်အလာအတိုင်း ထိန်းသိမ်းစွာဖြင့် ကျကျနန ပြင်ထားသော အလောင်းတစ်လောင်း။

နှင်းဟေမန်ဦး၏ ဖခင် 'ဦးအုပ်စိုး'၏ ရုပ်ကလာပ်။

နှင်းဟေမန်ဦးက အောက်နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်ပြီး ဓာခန်းဆီးကို မ၍ ဝင်သွားသည်။

'အို...'

သက်ရှိ ရုပ်သွင်နှင့် ခြားနားလွန်းနေသော ဖခင်ကြီး၏ သက်မဲ့ ခန္ဓာကို ကြည့်ပြီး အလန့်လန့် အထိတ်ထိတ်ဖြင့် အော်လိုက်မိသည်။

တစ်ကိုယ်လုံး မည်းညိုခြောက်ပြီး ပိန်လှီလွန်းလှသည်။ ပန်ခလုံ ဂေဟာကြီး၏ ခေါင်းရင်းခန်းမတွင် ခေါင်းချသွား၍သော ပန်ခလုံ၏ အရှင်သခင် ဦးအုပ်စိုးဟု မှတ်ယူရ၏။





သက်ရှိစဉ်က လှုပ်ရှားခဲ့သော ဦးအုပ်စိုး၏ ရုပ်ကြွင်းပါဟု ပြော၍ပင် ယုံနိုင်စရာ မရှိတော့။

နှင်းဟေမန်ဦးက ခေါင်းငုံ့ပြီး ဖြည်းဖြည်းချင်း ဒူးထောက်၍ ထိုင်ချလိုက်သည်။ ကန်တော့ပြီး ပြန်အမော့တွင် မျက်ဝန်းမှာ မျက်ရည်ကြည်များ ကြည်လဲ့ စိုဝိုင်းလာသည်။

တစ်စက်မျှဖြင့် ကြွေကျမလာပါ။

နောက်သို့ ပြန်လှည့်ပြီး ဓာခန်းဆီးကို ကျော်လိုက်မိသည်နှင့်...

'ဟေမန်'

နှစ်ပေါင်းများစွာ ဝေးကွာနေသော်လည်း ဘယ်သော အခါမျှ မေ့ပျောက်သွားနိုင်မည် မဟုတ်သော အသံလှိုင်းတစ်ခု။

'ကိုကို...ကိုနှင်းဝေ'

လှည့်မကြည့်ပါဘဲနှင့် နှင်းဟေမန်ဦးက သိမှတ်စွာ ရေရွတ်ပါ၏။

'ဟေမန်...ဘယ်အခန်းမှာနေမလဲဟင်...'

'ဟေမန့်ရဲ့ အခန်း မအားလို့လား'

'ဟေမန် ဒီအိမ်ကြီးက ထွက်သွားပြီး ကတည်းက ဟေမန့် အခန်းကို ပိတ်ထားခဲ့တာပါ'

'ဒါဖြင့် အဲဒီမှာပဲ ဟေမန် နေမယ်'

'ဖြစ်ပါ့မလား'

'ဘာဖြစ်လို့လဲ'

'အားလုံး အောက်မှာပဲ နေကြတယ်လေ။ ဒါကလည်း

ရှိသေးတယ် မဟုတ်လား'

အလောင်းစင်သို့ ရည်ညွှန်းသည်။

'ဒါ ဟောမန့် ဖေဖေပဲ'

'ဟောမန် နေရဲတယ် ဆိုလည်း နေဖို့ ပြင်ဆင်ခိုင်းလိုက်ပါ့မယ်။ ပစ္စည်းတွေ အပေါ်သယ်ခဲ့ရမလား ဟောမန်'

'စုကေ့စ် တစ်ခုနဲ့ ခြင်းတစ်လုံးပဲ ပါပါတယ်'

'ဟောမန် ဒီကို ပြန်လာတာ မဟုတ်ဘူးလား'

'အိုး...ဒီစကား ဘာလို့ မေးရတာလဲ'

'ခုဆို ဟောမန်ဟာ ပန်ခလုံရဲ့ အရှင်သခင်မ ဖြစ်နေပြီလေ'

'ဒီလောက် ကျက်သရေ မင်္ဂလာ မရှိတဲ့ အိမ်ကြီးမှာ ဟောမန် ပြန်နေမယ်လို့များ ကိုကို ထင်လို့လား'

'ဪ...ညီမလေးရယ်...'

'ဒါနဲ့ ဖေဖေ ဆုံးတာ ကြာပြီ။ ဘာလို့ ဂူမသွင်းကြသေးတာလဲ'

'ဟောမန်ကို စောင့်နေကြတာပါ'

'မလိုပါဘူး၊ လုပ်သင့်တာ လုပ်လိုက်ကြရောပေါ့။ လာရတဲ့ ခရီး အခက်အခဲလည်း သိသားနဲ့'

'သိပါတယ်။ ဒါပေမယ့် ဟောမန့် ဆန္ဒအရပဲ လုပ်မှ ဖြစ်မယ်လို့ မေမေက...'

'အို...မပြောပါနဲ့...။ ဖေဖေ့မိန်းမ အကြောင်း ဟောမန် မကြားချင်ဘူး'

'ဒီအိမ်ကြီးနဲ့ အတူ အားလုံးကို ဟောမန် စိတ်နာနေဆဲပဲ





လားဟင်'

'ဟုတ်တယ်'

'ဒီထဲမှာ ကိုကိုရော ပါတယ်လား'

'ထိပ်ဆုံးကပေါ့။ ကိုကိုဟာ ဒေါ်မြမြချင်းတို့ အုပ်စုအတွက် ကိုယ်စားပြုသူပဲ။ ဟောမန့် အပေါ်မှာ...'

နှင်းဟောမန်ဦးက ကိုနှင်းဝေကို အကြည့်စိမ်းဖြင့် စိုက်ကြည့်လိုက်ပြီး စကားကို ရပ်ပစ်လိုက်တော့သည်။

'ကဲပါလေ...ခရီးပန်းလာပါတယ်။ အခန်းမှာ နားလိုက်ပါဦးနော်'

ကိုနှင်းဝေ ဦးဆောင်သည့် နောက်မှ လိုက်သွားရသည်။ နှင်းဟောမန်ဦး၏ အခန်းက နောက်ဘက် အဆောင်၏ ထောင့်ဆုံးမှာ ဖြစ်၍ အသုဘ ပြင်ဆင်ထားရာ ပင်မ ခန်းမသို့ မမြင်သာပါ။

ကိုနှင်းဝေက သူ့ခါးမှ သော့တွဲထဲက သော့တစ်ချောင်းဖြင့် အခန်းကို ဖွင့်လှစ်လိုက်သည်။

'ဪ...အားလုံး အရင်အတိုင်းပါပဲလား'

**'ငါးနှစ်'**

'ဆိုတဲ့ ကာလ တစ်လျှောက်လုံးမှာ ခုလိုပဲ နဂိုအတိုင်း ရှိနေအောင် ကိုကို အမြဲ ကြည့်ရှု ပြုပြင်ခဲ့ပါတယ် ဟောမန်'

'ဒါပေမယ့် ကိုကို့ ရုပ်ကတော့ ပြောင်းသွားတယ်'

အရင်ထက်စာလျှင် ရင့်ရော်ပိန်လှီသွားသော ကိုနှင်းဝေသို့ ယခုမှ အသေအချာ ကြည့်ပြီး နှင်းဟောမန်ဦးက မှတ်ချက်

ချလိုက်သည်။

'ဟုတ်ပါလိမ့်မယ် ဟောမန်။ အရာ အားလုံးဟာ ပြောင်းလဲသွားပေမယ့် ကိုကို့ရင်ထဲမှာတော့ မပြောင်းမလဲ တည်ရှိဆဲပါကွယ်'

စားပွဲပေါ်မှာ နှင်းဟောမန်ဦးအတွက် ဂန္ဓမာပြာနှင့် ကျောက်နှင်းဆီဖြူပွင့်များက ပန်းအိုးတွင်းမှာ လန်းလန်းလတ်လတ်။

သည်အခန်းမှာ နေဖြစ်ခဲ့လျှင် အဆင်သင့် အပန်းပြေပါစေရန် ရည်ရွယ်ထားဟန် တူပါ၏။

'ဒါနဲ့ မင်းအုပ်စိုးရော'

'သူလည်း အရင်အတိုင်းပါပဲ ဟောမန်'

'ကျောင်းနေသေးလား'

'ထွက်လိုက်ပါပြီ'

'ဒီမှာ...ကိုကို'

'ပြောပါ ဟောမန်'

'ကိုကို့ မေမေ ထိလို့ စိတ်ဆိုးချင် ဆိုးပါ။ ဟောမန် ဒေါ်မြမြချင်းနဲ့ မတွေ့ချင်ဘူး'

'သူကတော့ ဦးအုပ်စိုးရဲ့ ဇနီးတစ်ယောက် အနေနဲ့ အမွေကိစ္စ ပြောရဆိုရအောင် ဟောမန့်ကို စောင့်နေတာပါ'

'အို...မလိုပါဘူး'

'ဟောမန့်ဆန္ဒတော့ ပြောဦးမှပေါ့ကွယ်'

'ဟောမန့်ဆန္ဒရော ဘာပြောလို့ရမှာလဲ။ ဒီအိမ်မှာ ရှိတဲ့ ပစ္စည်းဆိုတာတွေက ဟောမန်နဲ့ မဆိုင်တော့ဘူးလေ'

'ဒီလိုလည်း မဟုတ်သေးပါဘူး ဟောမန်ရယ်'

'ဒေါ်မြမြချင်း အကြောင်း မသိတာမှတ်လို့ ကိုကိုရာ...။ ဟောမန် ဘာမှ မပြောလိုဘူး။ အကုန်လုံး ယူသွားကြပါ။ ဟောမန် ပိုင်ဆိုင်တာ ဒီ ပန်ခလုံ မဟုတ်လား။ မေမေ ပိုင်ဆိုင်ခဲ့တဲ့ ပန်ခလုံခြံကြီးကို ဟောမန် ရရှိမယ် မဟုတ်လား'

'ဒါပေါ့...ရရမှာပေါ့'

'ဒါဆို ဟောမန် တစ်ယောက်တည်းပဲ ရယူပိုင်ဆိုင်ပြီးမှ ဟောမန် ကြိုက်သလို ဆုံးဖြတ်ချင်ပါတယ်'

'ဟောမန်'

'ပြော...ကိုကို'

'ဟောမန် ဆိုလိုတာက ပန်ခလုံကနေ အားလုံး ဆင်းပေးရမယ် ဆိုတဲ့ သဘောလား'

'ဒီအတိုင်းပါပဲ'

ကိုနှင်းဝေ မျက်နှာပျက်သွားသည်။ သူ့ သက်ပြင်းချသံကို သူ့ရင်ထဲမှာသာ ပျောက်ဆုံးစေသည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ ဟောမန်ရယ်။ ကိုကို့စိတ်ထဲမှာတော့ အားလုံးသော အားလုံးဟာ အရင်အတိုင်းပါပဲလေ။ ကိုကို့ အတွက် ကြားမှာ ခြားနေခဲ့တဲ့ ကာလများစွာဆိုတာ ပျောက်ဆုံးနေပါတယ်။ ဟိုးအရင်ကအတိုင်း ညီမလေး ငယ်ငယ်က အတိုင်းပါပဲ ဆိုတာလေးတော့ ယုံကြည်ပါ'

'ဒါတွေ ပြောမနေပါနဲ့တော့လေ'

'ကိုကို့ စကားကို မယုံကြည်နိုင်ဘူးလား ဟေမန်'

'ဒီအိမ်ကြီးရယ်၊ ဒီအိမ်ကြီးက လူတွေရယ် အကြောင်းကို ဟေမန် ဘာမှ မတွေးချင်ဘူး။ မစဉ်းစားချင်ဘူး။ စောစောက ကိုကို ပြောသလိုပဲ ဟေမန်ကတော့ ဒီအုပ်စုကြီးနဲ့ ပတ်သက်ရတဲ့ နေ့ကစပြီး၊ ဒီနေ့အထိ ဆိုတဲ့ အချိန်ကာလ ဆိုတာကို ဟေမန့် ဘဝထဲက ထုတ်ပစ်ထားလိုက်ချင်တယ်။ ထုတ်ပစ်နိုင်အောင်လည်း ကြိုးစားနေပါတယ်'

'ဟေမန်ရယ်...'

'ပြောရမယ် ဆိုရင်တော့ မေမေ ဆုံးတဲ့နေ့က စပြီး ရရှိလာတဲ့ သောက ခရီးရှည်ကြီးကို မသိချင်၊ မတွေးချင်၊ မရှိစေချင်တော့ဘူး ကိုကို'

နှင်းဟေမန်ဦး၏ အသံသည် မာန်နှင့်မို့ ထန်နေပါ၏။

'ခုတော့ 'အန်တီခေမာ'တို့က ကိုယ့်အဖေ တစ်ယောက်လုံး သေတာ ဟေမန် သွားသင့်တယ် ဆိုလို့ မလာချင်ဘဲနဲ့ လာခဲ့ရတာ'

ကာလများစွာဆီက အပြစ်မဲ့ မျက်နှာလေးနှင့် စကားနည်းခဲ့သော ဟေမန်သည် ယခုအခါတွင် လေးနက် နာကျည်းဖွယ် စကားများစွာကို ဆိုလျက် ဆန့်ကျင်ဘက် ပြောင်းလဲနေပုံကို ကိုနှင်းဝေ စိုက်ကြည့်၍သာနေသည်။ ဘာမှ မပြောတော့။

'ကဲ...ဟေမန် နားချင်ပြီ'

'ကိုကို သွားပါ့မယ် ဟေမန်။ လိုအပ်တာတွေ ပို့ခိုင်းလိုက်ပါ့မယ်'





'ကောင်းပါပြီ'

ကိုနှင်းဝေသည် ခါးသီး နာကျည်းခြင်းများ၏ အရှိန်ဟပ်နေသော နှင်းဟေမန်ဦး၏ မျက်နှာ တင်းထားမာမာလေးကိုပင် အကြင်နာ မျက်ဝန်းများဖြင့် ငေးကြည့်နေမိသည်။

နဖူးပြေပြေ၊ တစ်ချောင်းဆွဲ မျက်ခုံး ကုံးကုံးလေးနှင့်ရှန်းလှနေသော မျက်လုံးဝိုင်း၊ နှာတံစင်းစင်း၊ နှုတ်ခမ်း ပြည့်ပြည့်ထူထူ၊ မေးချွန်းချွန်းလေးနှင့် ငယ်ငယ်ကအတိုင်း ဖွေးနုဖြူဥနေသော အသားရောင်နှင့် ညီမလေး ဟေမန်သို့ ကြာမြင့်စွာကြည့်ပြီးမှ အခန်းတွင်းမှ လှည့်ထွက်လာခဲ့သည်။

ကိုနှင်းဝေမှာ တံခါးကို ဆွဲပိတ်ပြီးကာမှ ရုတ်တရက် ပြန်ဟွန်းလိုက်ပြီး...

'ဟိုဓာတ်ပုံကြီး အောက်တည့်တည့်မှာ ဘဲလ် တပ်ထားတယ် ဟေမန်။ အဲဒါ မြေတိုက်ခန်းမှာ ရှိတဲ့ ကိုကို့ရဲ့ အခန်းတစ်ခုတည်းနဲ့ ဆက်သွယ်ထားတာ။ ဘယ်သူမှ မကြားသာဘူး။ အရေးအကြောင်းရှိရင် ဘဲလ်နှိပ်ပြီး ခေါ်လိုက်နော်'

'ဟင်...'

'ဘာပဲဖြစ်ဖြစ် အားလုံးကို သတိထားနေပါ ဟေမန်။ ဒါပါပဲ။ ကိုကို သွားမယ် ညီမလေး'

တံခါး သော့ကျသွားလေပြီ။

အတွင်းမှသာ ဖွင့်၍ရသည်။ အပြင်မှ ဘယ်သူမှ ဖွင့်မရသည့် တံခါးဖြစ်ကြောင်း ဟေမန့်အခန်းမို့ ဟေမန် သိနေပြီးသားပါ။

'တံခါးသော့လည်း တောင်းမထားလိုက်မိဘူး။ အခန်းတိုင်းရဲ့ သော့ကို ကိုကို ကိုနှင်းဝေ ကိုင်ထားပါလား။ အချိန်မရွေးသူ ငါ့အခန်းကို လာဖွင့်လို့ရနိုင်မှာပဲ'

စိုးထိတ် အတွေးများကို ရပ်ဆိုင်းပစ်လိုက်ပြီး၊ ခုတင်ပေါ်တွင် ထိုင်နေရာမှ ထလိုက်သည်။ ဘလောက်စ်ဝါ ခါးရှည်ကို မတင်ပြီး ထဘီနက်ကို ခပ်တင်းတင်း ပြင်ဝတ်ရင်း အခန်း၏ ခေါင်းရင်းဘက်သို့ လျှောက်သွားသည်။

ရှည်သွယ်မြင့်မတ်သော အရပ်နှင့် လိုက်ဖက်သော သွက်လက် ထက်မြက်သည့် ခြေလှမ်းများဖြင့် အခန်း၏ ခေါင်းရင်းထိပ်သို့ သွားပြီး ပြတင်းတံခါးကို လှစ်ဖွင့်လိုက်သည်။

ကျယ်ပြန့်လွန်းသော ခြံဝင်း၏ အပြင်ဘက်တွင် အဖြူရောင် ဖျော့နေသော အုတ်ဂူ ညီညီ၊ ပုံ့ပုံ့လေးကို အပေါ်စီးမှ လှမ်းမြင်လိုက်ရသည်နှင့်...

အခန်းထိပ်မှာ ချိတ်ဆွဲထားသော အလျား လေးပေ၊ အနံ သုံးပေမျှ ရှိသည့် ဆီဆေး ပန်းချီကားချပ်ကြီးကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

**ဒေါ်စောစန္ဒာ**

အသက် **၃၅** နှစ်တွင် ကွယ်လွန်သည်။

နှင်းဟောမန်ဦးသည် ဆီဆေး ပန်းချီကားချပ်ကြီး ရှိရာသို့ နှေးလေးသော ခြေလှမ်းများဖြင့် ဖြည်းဖြည်းချင်း ချဉ်းကပ်သွားသည်။

ကတ္တီပါနီနီ ခင်းထားသော ညောင်စောင်းပေါ်တွင် ရင့်





ကျက် ငြိမ်သက်သော မျက်နှာထားနှင့် ရွရွလေး ထိုင်နေသည့်ပုံ...

ရင်စေ့ အင်္ကျီဖြူ၊ ရွှေနားရစ်များ ပါရှိသည့် ထဘီနီနီ၊ ရွှေချည်ထိုး ပဝါပါးပါးကို လက်ယာဘက် ပခုံးထက်တွင်သာ တင်ပြီး ရှေ့နောက် ချထားသည်။ မဟာနွယ်ဖူး ပြောင်ပြောင် ဆံထုံးမြင့်မြင့်နှင့် ကျက်သရေ မင်္ဂလာ ရှိလိုက်ပါဘိသည့် မျက်နှာ...

ခေါင်းမှ ဆံထိုး၊ နားကပ်၊ လည်ကပ်၊ လည်ဆွဲ၊ လက်စွပ်၊ တော်လည်လက်ကောက် အဆင့်ဆင့်များ အားလုံး အနီရောင် ချည်းသာ။

တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားစစ်စစ် လက်ဝတ်ရတနာများပါ။

တစ်ခါတစ်ရံတွင် လက်ရှိ ပစ္စုပ္ပန် ပျောက်ဆုံးစွာ အတွေးကမ္ဘာ၌ နစ်နေတတ်သော လူသားတို့ ထိုင်ငေးနေလျှင် အရုပ်နှင့် တူနေတတ်သည်။

ယခု ပန်းချီကားသည်မူ သက်ရှိကိုယ်တိုင် ထိုင်နေသည် သို့ပင် အသက်ဝင်လှသည်။

ကြည်လင်သော အပြုံး မျက်ဝန်းနှင့် လှမ်းကြည့်နေပြီး ယခုပင် ထိုင်ရာက ထခါနီးဆဲဆဲ ပုံသဏ္ဍာန်မျိုးပါ။

ပန်းချီကားထဲမှ ထပြီး ထွက်လာတော့မည်လားဟု မြင်ရသူတိုင်း ထင်မြင်မိမှားအောင် အသက်ဝင်စေလှသော ရောင်စုံ ဆီဆေး ပန်းချီကားချပ်ကြီး ရှေ့မှာ ရပ်လျက်...

'မယ်မယ့်ကို သမီး သနားတယ်'

'နှမြောတယ်…တမ်းတတယ်…အောက်မေ့တယ် မယ်မယ်ရယ်'

နှင်းဟောမန်ဦး၏ မျက်ဝန်းအိမ်မှ မျက်ရည်တို့ လိမ့်ဆင်းကြွေကျလေပြီ။

နှစ်ကာလ များစွာဆီက သေဆုံး ကွယ်လွန်ခဲ့လေသော ချစ်မိခင်အတွက် မျက်ရည်သည် မခန်းခြောက်နိုင်သေးပါလား။

ယခု လောလောလတ်လတ် ရပ်ကလာပ်ကို ပြင်ဆင်ထားဆဲ ဖခင်ကြီး ဦးအုပ်စိုး အတွက်မူ…

နှင်းဟောမန်ဦး၏ မျက်ရည်တို့ ဝေရုံသာ၊ မကြွေခဲ့ပါ။

◆ ◆ ◆





## အခန်း နှစ်

'ဘယ်သူလဲ'

'ခမ်းနွဲ့ပါ'

'ဝင်ခဲ့လေ'

'တံခါးဖွင့်လို့မရပါ'

ဩော်… ဟုတ်သားပဲ ဟူသော အသိဖြင့် ကျွန်းတံခါးချပ်တွင် တပ်ထားသော ကြေးဘုကြီးကို လှည့်ပြီး ဖွင့်ပေးလိုက်သည်။

သူ့လက်ထဲတွင် ဗန်းတစ်ချပ်…စားစရာများအစုံအလင်…

သူ့နောက်တွင် ကောင်လေးတစ်ယောက်။ နှင်းဟောမန်ဦး၏ သေတ္တာနှင့် ပလတ်စတစ်ခြင်း တစ်လုံးကို သယ်မယူဆောင်လာသည်။

ဒေါ်ခမ်းနွဲ့က သူ့လက်မှ ဗန်းကိုယူပြီး စားပွဲပေါ် တင်လိုက်၏။ ပြီးမှ ကောင်လေးလက်မှ ပစ္စည်းနှစ်ခုကို သူ ဆွဲယူပြီး နေသားတကျ နေရာချသည်။

ကောင်လေးကို အခန်းတွင်းသို့ မဝင်စေ...

နှင်းဟေမန်ဦးအတွက် မျက်နှာသစ် ဖြစ်နေသော အသက်ဆယ့်ခုနစ်နှစ်ခန့်အရွယ် ကောင်လေးသည် အခန်းကိုရော နှင်းဟေမန်ဦးသို့ပါ ရှူးရှူးဝါးဝါး ကြည့်ရှုနေပါ၍...

'ဟဲ့...အငဲမောင်...သွားတော့လေ။ ဘာကြည့်နေတာလဲ'

ဒေါ်ခမ်းနွဲ့က ဒေါ်မာန် ဝင့်သော မျက်ဝန်းနှင့် ကြည့်ပြီး ဟိန်းဟောက်သည့် စကားမဆုံးမီ အမောင်ဆိုသော ကောင်လေး လှစ်ခနဲ ကွယ်ပျောက် ထွက်ပြေးသွားတော့၏။

'နေကောင်းရဲ့လား ဟေမန်ရယ်။ မတွေ့ရတာလည်း ကြာလှပါပြီ။ လွမ်းလိုက်တာ မပြောပါနဲ့တော့'

အမောင် ဆိုသော ကောင်လေးသို့ ပြောသော လေသံ ကြည့်သော အကြည့်နှင့် သွင်သွင်ခြားနားသော လေပြည်သွေး စကားဖြင့် လွမ်းဟန် ဆင်ထားသော မျက်ဝန်းများနှင့် ဒေါ်ခမ်းနွဲ့...။

'မမစောခေမာတို့ နေကောင်းပါရဲ့လား'

'ကောင်းပါတယ် ဒေါ်ခမ်းနွဲ့'

'ခမ်းနွဲ့ အားလုံးကို သတိရပါတယ်'

ဒေါ်ခမ်းနွဲ့သည် အပြင်သို့ တစ်ချက် လှမ်းကြည့်လိုက်ပြီး...

'မမမြကြ မေးခိုင်းပါတယ်။ ဒီညမှာ ဆွေးနွေးပွဲ စနိုင်ပါ့မလားတဲ့'

'ဘာကိစ္စလဲ'





'သြော်...ဟိုအလောင်းကြီးကို သင်္ဂြိုဟ်ဖို့က အစ အားလုံးပေါ့'

'ဟား...သိတဲ့အတိုင်း လမ်းက သိပ်ဆိုးတော့ လူလည်း အရိုးအသား မကြေရုံ လာခဲ့ရတာ။ ပြီးတော့ ဟေမန် သိပ် စိတ်ညစ်နေတယ်။ လောလောဆယ် ဘယ်သူနဲ့မှ မတွေ့ချင်သေးဘူး'

'မင်းအုပ်စိုးကတော့ မျှော်နေရှာပါတယ်'

'မောင်လေး' ဆိုသော အသိ သံယောဇဉ်ကြောင့် နှင်းဟေမန်ဦး တစ်ချက် ငြိမ်တွေသွားပြီးမှ...

'ဟား...ဒီတစ်ည လုံးဝ နားလိုက်ချင်တယ်။ မနက်မှပဲ အားလုံးနဲ့ ဆုံတော့မယ်'

ဒေါ်ခမ်းနွဲ့ ဘာမှ မပြောဝံ့တော့သလို တစ်ချက် ငြိမ်သွားပြီးမှ ဗန်းပေါ်မှ အဝတ်ပါးလေးကို လှပ်လိုက်ပြီး ပေါင်မုန့်၊ ထောပတ်၊ အသားနှင့် သစ်သီးဖျော်ရည်ကို ချပေးသည်။

'နောက်ဖေး ရေချိုးခန်းထဲမှာ ရေနွေးပါ အသင့်ပြင်ထားပါတယ်။ ရေချိုးချင်ရင်...'

'အင်း...အင်း...'

'ဘာခိုင်းစရာ ရှိသေးလဲ'

'မရှိပါဘူး'

ဒေါ်ခမ်းနွဲ့သည် လေးလေးကန်ကန် ထွက်သွားပြီးမှ ပြန်လှည့်လာသည်။

'အပေါ်မှာ နေရတာ မကြောက်ဘူးလားဟင်'

'ဘာလို့ ကြောက်ရမှာလဲ။ ဒီပန်ခလုံဟာ ဟေမန် မွေးခဲ့

တဲ့ အိမ်။ ဟေမန် ပိုင်နေဆဲ အိမ်ပဲ'

'ဟိုဟာကြီးကလည်း ဂူမသွင်းရသေးဘူး...။ ပြီးတော့ လည်း...'

'ပြောလေ...ပြီးတော့ ဘာဖြစ်လို့လဲ'

'ပြီးတော့ အရင် သေပြီးသား လူတွေရဲ့ ဝိညာဉ်က လည်း...'

'ဒေါ်ခမ်းနွဲ့'

နှင်းဟေမန်ဦးက လှမ်းအော်လိုက်၍ ဒေါ်ခမ်းနွဲ့ တုန် သွားသည်။

'ဟေမန့်ကို ဘယ်သူမှ ခြောက်လို့မရဘူး သိလား'

'ခြောက်တာ မဟုတ်ပါဘူး။ ကြောက်လို့ ပြောတာပါ'

ဒေါ်ခမ်းနွဲ့၏ မှုသားမဲ့ စကားဖြစ်ကြောင်း ကြောင်စီစီ မျက်ဝန်းက ထောက်ခံနေသည်။

နှစ်ယောက်လုံး ငြိမ်သက်နေကြချိန်တွင် ခြေသံပြင်းပြင်း နင်းလျက် ပြေးလာနေသော အသံကို ကြားရ၍ နှစ်ယောက်လုံး အခန်းဝဆီသို့ ပြိုင်တူ ကြည့်လိုက်မိစဉ်...

'မမ...မမ...မမဟေမန်'

အားနွဲ့ ပိန်သွယ်လွန်းသော ကိုယ်နေဟန် ယိမ်းယိမ်း ယိုင်ယိုင် တစ်ဆက်တည်း အခန်းတွင်းသို့ ပြေးဝင်လာပြီး နှင်း ဟေမန်ဦးကို ပြေးဖက်လိုက်သည်။

ပြီးတော့ တဖြည်းဖြည်းချင်း ဖြေလျှော့ကာ သူ့လက် အစုံက အောက်သို့ လျှောကျသွား၍ ဒူးထောက်လျက်သား ဖြစ်





သွားသည်။ နှင်းဟေမန်ဦး၏ ခြေအစုံကိုမူ ဖက်တွယ်လျက်...

'ဟင်...မင်းမင်း...မောင်လေး...မင်းအုပ်စိုး'

'မမဟေမန်ရယ်...'

'အို...ဘာလို့ ငိုတာလဲ။ လာလာ...ထ...ဒီမှာ ထိုင်လေ'

နှင်းဟေမန်ဦး ကိုယ်တိုင် သူ့ကို အားနှင့် ဆွဲယူ ထူမ ရသည်။

မင်းအုပ်စိုး ဟုသော မင်းမင်းသည် နှင်းဟေမန်ဦး ဖေဖေ ဦးအုပ်စိုး၏ သား၊ ဖအေတူ မအေကွဲ မောင်လေးအရင်းပါ။

'အို...မငိုနဲ့လေ...ယောက်ျားပဲကွာ'

'ယောက်ျားပေမယ့် အဖေက သေပြီဗျ။ မမကလည်း မင်း မင်းကို မ...မတွေ့ချင်တော့ဘူးဆို'

မင်းအုပ်စိုး ငိုပြန်လေပြီ။

'မတွေ့ချင်လို့လည်း မဖြစ်ပါဘူး မောင်လေးရယ်...။ မတွေ့ဘဲလည်း နေလို့လည်း မရပါဘူး။ ပန်ခလုံတောင် မမ ပြန်လာမှာပဲလေ။ ကဲကဲ...တိတ်စမ်းပါဦး'

ဖွေးဖျော့ ပိန်လှီလွန်းနေသော မောင်လေးမှာ ကျန်းမာရေး လည်း ကောင်းပုံမရ။ ဖခင်ကလည်း ဆုံးစမို့၊ အားငယ်စိတ် ဝင်နေချိန်တွင် တစ်ဦးတည်းသော သူ၏ အစ်မဖြစ်သူကလည်း ဥပေက္ခာပြုလေပြီဟု သူ ထင်မြင် ဝမ်းနည်းနေပုံရပါ၏။

'ဒီအိမ် ပြန်လာပြီး၊ ဒီက လူတွေနဲ့ မတွေ့ချင်ဘူး။ ဒီနေ့ ည မဆွေးနွေးနိုင်သေးဘူး။ ဘယ်သူနဲ့မှလည်း မတွေ့ချင်ဘဲ တစ်ယောက်တည်း ဒီတစ်ညလုံး နေမယ် ဆိုတာတော့ သဘာဝ

မကျဘူး ဆိုတာ မမ ဟောမန် သိပါတယ်'

'မမရယ်...'

'ခရီးကလည်း ပန်းလာတယ်...။ ဒီ အိမ်ကြီးကိုလည်း ပြန်ရောက်လာတဲ့အခါ ရင်ထဲမှာ အနာဟောင်းတွေ၊ နာကျည်းစရာတွေ ပြန်ပေါ်လာလို့ မျက်တရက် ဘယ်သူနဲ့မှ မတွေ့ချင်တာပါ'

'မေမေ့ကို မမဟောမန် သိပ်စိတ်နာနေတုန်းပဲလားဟင်...'

'အင်း...အပါအဝင် အားလုံးကိုပဲပေါ့ မောင်လေးရယ်... ပြောရမယ် ဆိုရင် ဖေဖေ့ကိုတောင် ဖခင် တစ်ယောက် အနေနဲ့ ကြေကွဲရတာကလွဲလို့ မယ်မယ် ဆုံးတုန်းကလို ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ မခံစားရဘူး။ ဒါ မမဟောမန် အမှန်ကို ပြောမိတာပါ။ ဖေဖေဟာ မမပေါ်မှာ ရက်စက်ခဲ့တာ မောင်လေး အသိပဲ'

'အဲဒါ မေမေ့ကြောင့်ပါ။ မေမေက...'

အနီးမှာ ရပ်နေသော ဒေါ်ခမ်းနွဲ့က မင်းအုပ်စိုး၏ ပခုံးကို လက်တင်သလိုလိုနှင့် ဆုပ်ညှစ် တားမြစ်လိုက်ကြောင်း နှင်းဟောမန်ဦး မြင်လိုက်ရပေသည်။

'ဒေါ်ခမ်းနွဲ့ အပြင်ထွက်ပါ။ ဟောမန့်တို့ မောင်နှမချင်း ပြောစရာရှိတယ်'

မင်းအုပ်စိုးက ဒေါ်ခမ်းနွဲ့သို့ လှမ်းကြည့်လိုက်သည်ကိုသာ မြင်ရသည်။ ဒေါ်ခမ်းနွဲ့က မင်းအုပ်စိုးသို့ မည်သည့် သင်္ကေတ ပြလိုက်သည်ကို နှင်းဟောမန်ဦး မမြင်ရ။

'သူ ရှိပါစေ မမဟောမန်။ တော်တော်ကြာ သူတို့က တစ်





မျိုး ထင်နေကြမှာ'

'ဟင်...ဘယ်သူလဲ သူတို့ ဆိုတာ...'

'တစ်အိမ်လုံးပေါ့။ အစ်ကိုနှင်းဝေတို့က အစပေါ့'

စိတ်ပျက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ လာမိတာ မှားလေခြင်း စသော ခံစားမှုတို့ တစ်ပြိုင်တည်းဖြစ်ထွန်းလာတော့သည်။

'မမဟောမန် ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်'

မင်းအုပ်စိုးမှာ အရာရာတိုင်းကို လန့်ကြောက် စိုးရိမ်နေဟန်ဖြင့် မျက်နှာငယ်လေးနှင့် တောင်းပန်သည်။

'မောင်လေး နေကောင်းရဲ့လား'

မင်းအုပ်စိုးက ဘာမှ မပြောမီ...

'မကောင်းဘူးလေ။ တောထဲ လိုက်သွားပြီး ငှက်ဖျားမိလာတယ်။ မကြာခဏ ငှက်ဖျားတက်ရတဲ့အထဲ တလောက တိုက်ဖွိုက် ရောဂါဖြစ်လို့ အစားမစားရတော့ ရုပ်သာ ကြည့်တော့။ ပိန်ပြီး ဖြူဖျော့နေတာပဲ'

ဒေါ်ခမ်းနွဲ့က သွက်သွက်လက်လက် ဝင်ဖြေသည်။

ဒေါ်ခမ်းနွဲ့မှာ နှင်းဟောမန်ဦး၏ မိခင် လက်ထက်မှစ၍ အိမ်ဖော် အဖြစ်နှင့် သူ့မိခင်က ပေး၍ အပိုင်မွေးထားခဲ့သူ ဖြစ်သည်။ **'မိုင်းဖြတ်'** ဘက်ကဟုသာ သိရသည်။ နှင်းဟောမန်ဦး ဤပန်ခလုံမှ ထွက်သွားရသည့် အချိန်အထိ ဒေါ်ခမ်းနွဲ့နှင့် ပတ်သက်သော သူ့နောက်ကြောင်းဘဝ ပျောက်ဆုံးနေသော မိန်းမ အဖြစ်နှင့် ကျိုးနွံစွာ ရှိခဲ့ရာမှ...

ယခုတော့ ဒေါ်ခမ်းနွဲ့သည် ဤအိမ်၏ အရေးပါ အရာ

ရောက်သူ တစ်ယောက်လို ဖြစ်နေချေပြီ။ မောင်နှမ နှစ်ယောက်၏ ကိုယ်စား ကြားဝင်၍ စကားပြောပေးနေရသော အဆင့်သို့ တိုးမြှင့်နေပြီဖြစ်ကြောင်း အံ့သြစွာ တွေ့ရပေသည်။

'မေမေ...မေမေက သိချင်နေတယ်။ ဒီအလောင်းကြီးကို ဘယ်တော့ သင်္ဂြိုဟ်မှာလဲတဲ့'

'မောင်လေး မေမေ ဒေါ်မြမြချင်းနဲ့က ပိုပြီး သက်ဆိုင်တယ် မဟုတ်လား'

'ဒါပေမယ့် မမ လာမှ ဂူသွင်း သင်္ဂြိုဟ်မယ် ဆိုပြီး ဆေးထိုးထားတယ်လေ။ အလောင်းစင်ကြီး ပြင်ပြီး စောင့်နေတာ ဆယ့်တစ်ရက် ရှိပြီ'

'ဟောမန်လည်း သိသိချင်း လာတာပဲ။ ဒီအရပ်က ဝေးခေါင်လွန်းတော့ အကြောင်းကြားစာနဲ့ လာရချိန်က အချိန် သိပ်ကုန်သွားတယ်လေ'

'ဒါဖြင့် ဘယ်တော့ ဂူသွင်းမလဲ'

'ကြိုက်တဲ့ အချိန် လုပ်ကြပေါ့။ အကောင်းဆုံးကတော့ နက်ဖြန်ပဲ သင်္ဂြိုဟ်လိုက်ပါ'

'မမဟောမန် ဖေဖေ့ကို ဝအောင် ကြည့်ပြီးပြီလား'

'သိပ်မလိုပါဘူး မောင်လေးရယ်။ [illegible] ကိုယ်တိုင် မမဟောမန်ကို မကြည့်နိုင်ပါဘူး ဆိုလို့ မမဟောမန် ဒီပန်ခလုံကို လုံးဝ ပြန်မလာဘဲ နေခဲ့ရတာ'

'ဒါပေမယ့် သေပြီပဲဗျာ။ နောက်ဆုံး အနေနဲ့ ဝအောင် ကြည့်ဦးမှပေါ့'





'ရုပ်ပျက်နေပြီလေ...'

'ဟုတ်တယ်။ ဆေးထိုးထားတော့ မည်းခြောက်ကျသွားတယ်'

'မမ ဟောမန် ဒီအခန်းမှာ နေမလို့လား။ မကြောက်ဘူးလား'

'နှစ်ပေါင်းများစွာ နေလာခဲ့တဲ့ ကိုယ်ပိုင် အခန်းလေးမှာပဲ မမ နေချင်တယ်ကွယ်။ အောက်ထပ်က လူတွေနဲ့ မျက်နှာချင်း မဆိုင်ချင်တာထက် မေမေ့ရဲ့ ပုံတူ ပန်းချီကြီး ရှိတဲ့ အခန်းမို့ မေမေ့ရဲ့ နွေးထွေးတဲ့ အငွေ့အသက်ကလေးတွေ ရှိနေဆဲလို့ ခံစားရတာမို့ ဒီအခန်းမှာပဲ နေချင်မိတယ်'

'ဒါဖြင့် ဒေါ်ခမ်းနွဲ့ မမဟောမန်နဲ့အတူ လာအိပ်ပေးလိုက်ပေါ့'

'အမယ်လေး...မလုပ်ပါနဲ့...မလုပ်ပါနဲ့...။ ဟိုဟာကြီးနဲ့ ကြောက်လို့ အသက်ထွက်ရပါလိမ့်မယ်'

'ဒေါ်ခမ်းနွဲ့ကလွဲလို့ ဘယ်သူ အိပ်မှာလဲ'

'နေစမ်းပါစေ မောင်လေး။ မမဟောမန်မှာ ကြောက်စိတ်ဆိုတာ မရှိပါဘူး။ ပြီးတော့ ဝိညာဉ်တို့ တစ္ဆေသရဲတို့ ဆိုတာလည်း မယုံဘူး'

'ဝိညာဉ်...အမယ်လေး...မကျွတ်တဲ့ ဝိညာဉ်တွေ ဒီခြံမှာ အများကြီးပဲတဲ့'

ဒေါ်ခမ်းနွဲ့က ကြက်သီးမွေးညင်း ထလာဟန်ဖြင့် တွန့်တုန့်စွာ ပြောလိုက်သည်။

'အဲဒီ စကားမျိုးတွေ ဟောမန့်ကို လာမပြောစမ်းပါနဲ့...'

'ကဲ...ကဲ...သွားကြရအောင် ဒေါ်ခမ်းနွဲ့ရယ်...ဒီမှာ မမဟောမန်'

'ပြော...မောင်လေး...'

'အစစ အရာရာ သတိနဲ့တော့ နေပါနော်'

◆ ◆ ◆





## အခန်း သုံး

ခိုတစ်ကောင် အော်ညည်းနေသည့် အသံမျိုးလို ပထမတောင် ကြားရသည်။

အိပ်ပျော်လိုက်၊ သတိဝင်လိုက်နှင့်မို့ မကြားရတစ်ချက်၊ ကြားရတစ်ချက်။

မှန်တံခါးသို့ သစ်ကိုင်းခြောက်များ၏ ထိပွတ်သံက တဂျစ်ဂျစ် မြည်နေသည်။

ပြင်ပတွင် လေတိုက်ခတ်သံသည် ဝိညာဉ်တို့ အော်ညည်းသံလို ချောက်ချားဖွယ် ဖြစ်နေသည်။

လေတိုက်နှုန်း ပြင်းလွန်းမှုကြောင့်လား မသိ။ မြင်းဇောင်းဆီမှ မြင်းကြီး၏ ဟီသံက စူးစူးဝါးဝါး ကြားရ၍ နှင်းဟောမန်ဦးလုံးဝ နိုးကြားလာသည်။

စားပွဲပေါ်မှ ဖန်မီးအိမ်သည် တံခါးကြားမှ တိုးဝင်လာသော လေကြောင့် ယိမ်းနွဲ့နေ၏။ အလင်း၏ မတည်ငြိမ်မှုကြောင့် ထင်နေသော အရိပ်တိုင်းသည် ယိမ်းထိုး ရွေ့လျားနေကြသည်။

'ဟီး...ဟီး...ဟီး'

'ဟင်း...ဟင်း'

အော်ညည်းသံ ပီပီသသ။

မြင်းဇောင်းဆီမှ မဟုတ်။

နှင်းဟောမန်ဦး ဆတ်ခနဲ ထထိုင်လိုက်သည်။

'အင်း...အင်း...ဟင်း...ဟင်း'

ဝေဒနာ တစ်ခုကို ခံစားနေရသူ၏ မချိမဆံ့ ညည်းညူသံကြောင့်...

နှင်းဟောမန်ဦး ဇာခြင်ထောင်မှ ဖွင့်ထွက်လိုက်သည်။ ခုတင်အောက် ကျွန်းကြမ်းပြင်တွင် ခြင်ထောင်မဲ့ အိပ်စက်နေကြသော မိန်းကလေး နှစ်ဦးသို့...

'ဟေး...ဟေး...ထကြစမ်း'

'ထကြစမ်း၊ ဘာသံလဲ...နားထောင်စမ်း'

ကိုနှင်းဝေ ပို့ပေးထားသော အဖော် မိန်းကလေး နှစ်ယောက်လုံး ဘယ်သူ့ကိုမှ နှိုး၍မရ။ ကိုနှင်းဝေ၏ အရေးပေါ် လျှပ်စစ်ခေါင်းလောင်းကိုလည်း နှိပ်ရန် သတိမရ။ ရသည့်တိုင်လည်း မီးပျက်နေ၍ မြည်မည် မဟုတ်။

'အား...ဟင်း...ဟင်း...အင်း'

အော်ညည်းသံက ထပ်ဆင့် နီးကပ်လာသည်။

'ဟဲ့...ဘယ်လို ဖြစ်နေတာလဲ။ ထကြစမ်းပါ'

စိတ်မရှည်တော့သဖြင့် ဆွဲထူလိုက်သော်လည်း အသက်ရှူနေရုံမှတစ်ပါး အသေတစ်ယောက်လို ငြိမ်သက် နှစ်ခြိုက်လွန်း





စွာ အိပ်မောကျနေသည်။

ဟိုဘက်က တစ်ယောက်ကို လှုပ်၍ နှိုးသော်လည်း မရ။ သည်အတိုင်း မလှုပ်မယှက်။

'အို...ခက်တော့တာပဲ။ အရေးထဲ သူတို့ကလည်း... ဘယ်လို ဖြစ်နေတာလဲ။ လုံးဝ နှိုးမရပါလား'

ဖန်မီးအိမ်၏ မီးစာကို မြှင့်လိုက်သည်။ အိမ်ဖော် မိန်းကလေး နှစ်ယောက်၏ မျက်နှာကို မြင်သာအောင် အနီးကပ် မီးအိမ်ကို မြှောက်ကြည့်လိုက်သည့်အခါ...

ငါ ထင်သလို အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်ဘူး။ သူတို့ တကယ့်ကို နှိုးမရအောင် အိပ်ပျော်နေကြတာပါလား။ ဟော...အပြင်က...

'ဟီး...ဟီး...ဟင်း...ဟင်း...အင်း'

အော်ညည်းသံက ပိုမို နီးကပ် ပီပြင်လာသည်။

'ဘယ်သူပါလိမ့်...'

'ဘာဖြစ်နေတာပါလိမ့်...'

နှင်းဟောမန်ဦးမှာ သူ့ခေါင်းအုံးအောက်မှ စလင်းဘက်အိတ် လက်တစ်ဖက်နှင့် ဆွဲယူလိုက်သည်။ တစ်ဖက်မှ မီးအိမ်ကိုင်လျက်နှင့်ပင် အိတ်ထဲမှ လိုင်စင်နှင့် ကိုင်ဆောင်လာသော မိန်းမကိုင် မော်ဇာ သေနတ်အပြားလေးကို ဆွဲယူပြီး တံခါးဖွင့်လျက် အပြင်သို့ ထွက်လာခဲ့တော့သည်။

'ဟင်း...ဟင်း...ဟင်း'

ဆိုသော အော်ညည်းသံက အိပ်ခန်းတွင်းမှာတုန်းက

လောက် မကျယ်လောင်တော့...။

'ဘယ်သူလဲ...ဘယ်သူလဲဟင်'

ဘာသံမှ မကြားရ...

နှင်းဟေမန်ဦးသည် မီးအိမ်ကို မြှောက်လျက် အမှောင်ထဲတွင် တရွေ့ရွေ့ လျှောက်လာသည်။

ရင်မှာ တဒိတ်ဒိတ်...

အနောက်ဘက်ဆောင်မှ ကွေ့ထွက်ပြီး ခန်းမကျယ်ဘက်အကူးတွင်...

'ဟိုက်...အမယ်လေး...'

လေပြင်းရှိန်ကြောင့် မီးအိမ် ငြိမ်းသွားလေပြီ'

'ဒုက္ခပါပဲ'

အားလုံး ပိန်းပိတ်အောင် မှောင်သွားချိန်တွင်...

'အား...အား...ဟီး...ဟီး'

အော်ညည်းသံကြီးက ပီသလာပြန်သည်။

နှင်းဟေမန်ဦးမှာ မီးအိမ်ကို ကြမ်းပြင်မှာချပြီး အခန်းတွင်းပြန်ပြေးရမလား၊ အောက်ထပ် ဆင်းပြေးရမလား မဝေခွဲနိုင်မီမှာပင် မျက်လုံးက အမှောင်တွင်းမှာ ကျင့်သားရသွားသည်။

အနီးတွင် မည်းမည်းမှောင်နေသော်လည်း ရှေ့ဘက်တွင် ဖြာထွက်နေသော အလင်းရောင် ခပ်မှုန်မှုန်လေးကို လှမ်းမြင်လိုက်ရသဖြင့် ရုတ်တရက် အားတက်ပြီး ခြေလှမ်း သွက်သွက်ဖြင့် အလင်းရောင် ရှိရာဘက်သို့ ဆက်လျှောက်၍ ရောက်ခါနီးဆဲဆဲတွင်မှ...





'ဟိုက်...ဒါ...ဒါ...ဟိုအခန်းပါလား'

လှမ်းမြင်ရသော နေရာ ရောက်လေမှ ခြေလှမ်းက နှေးလေးသည်။ သေနတ်ကို ကျစ်ကျစ် ဆုပ်လျက် တစ်လှမ်းချင်းတိုးပြီး ရင်မဆိုင်ရဲသော်လည်း ဖခင်ကြီး၏ အလောင်းထားရှိရာ အခန်းသို့ပင် မျက်ဝန်းအဝိုင်းသားနှင့် ချောက်ချောက်ချားချား ကြည့်ရင်း ဖြည်းဖြည်းချင်း လှေကားဆီသို့ အရောက်လှမ်းနေဆဲ...

'ဟင်း...ဟင်း...ဟီး...ဟီး'

အနီးကပ် အော်ညည်းသံ။

'ဟာ...အော်...အော်နေတာ ဒီအခန်းကပါလား'

ဓာခန်းဆီး နောက်ဆီမှ မှေးမှုန်သော အလင်းရောင်အောက်တွင် ညိုခြောက်နေသော အလောင်းကြီးမှာ စန့်စန့်ကြီးဆက်လက်လန်လျက်မှ...

'အို...မဟုတ်ဘူး...မဟုတ်ဘူး...သွား...သွား...'

ကြောက်လန့်လွန်း၍ ကျုံးအော်သော်လည်း အသံတိမ်၍နေသည်။ မကျယ်လောင်လှ။

'ဟာ...ဟာ...အမယ်လေး...ထလာပြီ...ထလာပြီ'

ပက်လက်အလောင်းကြီးသည် တောင့်တောင့်ကြီးအတိုင်းင် ခေါင်းပိုင်းမှစ၍ ထောင်မထလာသည်။

'သွား...သွား...အား...'

'အလောင်းကောင်ကြီး ထလာပြီ'

ဆိုသော အသိစိတ်သာ လွှမ်းမိုးလျက်...

တစ်ကိုယ်လုံး ဖောချွေးများပြန်၍ ဆတ်ဆတ်တုန်နေဆဲ...

'ဟီး...ဟီး...ဟင်း...'

အလောင်းကောင်ကြီးမှာ ငုတ်ကုတ်ထထိုင်ပြီး နှင်းဟေမန်ဦး ဘက်သို့ အလှည့်တွင်...

ဖခင် ဆိုသော အသိ မဲ့သွားလေပြီ...။

'အား...သွား...သွား...မလာနဲ့...မလာနဲ့'

ကြုံးအော်လျက် နောက်ဘက်သို့ ဆုတ်ရင်းက လက်တွင်းမှ သေနတ်ကို မောင်းတင်ပြီး ပစ်ချလိုက်တော့သည်။

တစ်ချိန်တည်း ပင် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်တွင်...

'ဒိုင်း...ဒိုင်း...'

ဆိုသော သေနတ်သံ စ်ချက် ဆင့်၍ ထွက်လာပြီးသည်နှင့် တစ်ဆက်တည်း...

'အမယ်လေး...'

ဆိုသော ငယ်သံပါအောင် ကြုံးအော်လိုက်သည့် အသံနှင့် အတူ...

'ဒုန်း...ဒုန်း...ဒုန်း...'

ဆိုသော လှေကားပေါ်မှ တလိမ့်ခေါက်ကွေး ကျသွားသံကိုသည် တစ်ချိန်တည်း။

လန့်ကြောက်ခြင်း အထွတ်အထိပ်မှ နာကျင်ခြင်း ကြီးမားစွာ လှေကားထက်မှ လိမ့်ကျလာသော...





နှင်းဟေမန်ဦးကို သန်မာသော လက်တစ်စုံက ဆီးကြိုပွေ့ယူလိုက်သည်။

နွေးထွေး ညင်သာသော ရင်ခွင်တစ်ခုတွင်းသို့ လုံးလုံးလျားလျား ရောက်ရှိသွားချိန်တွင်...

နှင်းဟေမန်ဦးမှာ ဘာကိုမှ သိနိုင်စွမ်းအား မရှိ။ လုံးဝ သတိမေ့သွားလေပြီတည်း။

◆ ◆ ◆

## အခန်း ၉

'ဦးရိုးမှိုင်း လက်မောင်းက ဘာဖြစ်တာလဲဗျ'

'ဟင်...'

မင်းအုပ်စိုးသို့ အလန့်တကြား ကြည့်ရင်း **'ဦးအောင်မှိုင်း'** သည် သူ့ ရုပ်အင်္ကျီလက်ရှည်ကို ဖွပ်ဝတ်လိုက်သည်။ သူ့အမည် ဦးအောင်မှိုင်းကို အားလုံးက ဦးရိုးမှိုင်းဟုသာ ခေါ်ကြပါ၏။

သူ့လက်မောင်းမှာ ပတ်တီးဖြူဖြူ အသစ်စက်စက် အဖွေးသားနှင့်...

'ဘာဖြစ်တာလဲလို့ ကျွန်တော်မေးနေတယ်လေ'

'မနေ့...မနေ့က တောထဲမှာ ဆူးထိုးမိလို့ပါ'

'ဒေါက်တာဝင်းမောင်ဆွေနဲ့ ဆေးထည့်ထားတာလား။ သူ့ဆေးတိုက်ကို သွားသလား'

'မ...မ...သွားပါဘူး'





'ဒါဖြင့် အဲဒီ ပတ်တီးကို ကျကျနန ဖြစ်အောင် ဘယ်သူက စည်းပေးတယ် ဆိုတာ ကျွန်တော် သိပါတယ်ဗျာ...'

ဦးအောင်မှိုင်းမှာ မျက်နှာပျက်ရုံမက ဖြူဖျော့သွားလေပြီ။

'အစ်ကိုကြီး ကိုနှင်းဝေ စည်းပေးတာ မဟုတ်လား'

'ဟုတ်ပါတယ်။ ဒါပေမယ့် သူ့ကို သွားမမေးပါနဲ့ လူဆေးရယ်။ တောထဲက ခြံကို ကြည့်ရှုရတော့ ဒီလို ဒဏ်ရာက မကြာခဏ ရနေကျပါ'

'ဦးရိုးမှိုင်းတို့ တူဝရီးက တကယ်ချစ်ကြတယ်နော်'

'ဩော်...ဒါကတော့ တစ်လောကလုံးမှာ ဒီတူလေး တစ်ယောက်ပဲ အားကိုးစရာ ရှိလို့ပါကွယ်။ ကဲ...ဦးရိုးမှိုင်း သွားပါစေရစေတော့'

မင်းအုပ်စိုး၏ ရိုလိုက်သော စကားကို မသိချင်ယောင်ဆောင်၍ နှုးညံ့စွာ ရှင်းပြပြီး မြင်းဇောင်းဘက်သို့ ထွက်သွားသည်။

ဦးရိုးမှိုင်းသည် အသက် ငါးဆယ် ဆိုသော်လည်း တောင့်တင်းဆဲ၊ သန်မာ ဖျတ်လတ်ဆဲပါ။

ဦးရိုးမှိုင်းနှင့် အစ်ကိုကြီး ကိုနှင်းဝေတို့၏ အချစ်တော်မြင်းကြီး...

**'ဒီပါ'**ပေါ်သို့ တက်ပြီး ပန်ခလုံ ခြံကြီးအတွင်းမှ ဦးရိုးမှိုင်းတစ်ယောက် မြင်းကို ဒုန်းစိုင်းလျက် ထွက်သွားပါချေပြီ။

◆ ◆ ◆

## အခန်း ငါး

'ဆရာ...မပြောင်းရသေးဘူးနော်'

'ဟဲလို...ဟေမန်ပါလား။ ဘယ်တုန်းက ရောက်လဲ'

'ဟုတ်ပါတယ်...ဟေမန်ပါ။ မနေ့ညနေ မိုးချုပ်ခါနီးကမှ ရောက်ပါတယ် ဆရာ'

'ဦးအုပ်စိုး အသုဘ လာသဂြိုဟ်တာပေါ့...ဟုတ်လား'

'အဲဒီကိစ္စနဲ့ပဲ ဆရာ့ဆီ ဟေမန် လာခဲ့တာပါ'

'ဆို...'

ဒေါက်တာ**'ဝင်းမောင်ဆွေ'**သည် နှင်းဟေမန်ဦး ပန်ခလုံမှ ထွက်ခွာမသွားမီကပင် ရင်းနှီးခဲ့သော ဆရာဝန် တစ်ဦးပါ။

'ဖေဖေ့ကို ခဏ လိုက်ကြည့်ပေးပါ ဆရာ'

'ဘယ်လို...'

'ဩော်...ဖေဖေ့ အလောင်းကို လိုက်ကြည့်ပေးပါလို့...'

'အလောင်းကို လိုက်ကြည့်ရမယ်...ဟုတ်လား၊ သေတာပဲ ဆယ်ရက်လောက် ရှိနေပြီ မဟုတ်လား'





'ဒါပေမယ့် ဖေဖေ မသေသေးဘူး ထင်ပါတယ်... ဆရာရယ်'

'ဟင်...'

ဒေါက်တာဝင်းမောင်ဆွေ၏ မျက်မှန်နောက်မှ မျက်လုံးများ ပြူးကျယ်သွားသည်။

'ဖေဖေ နေမကောင်းတုန်းက ဆရာ ကုရသလား။ သေခါနီးမှာရော ဆရာ အနားမှာ ရှိသလားဟင်'

'ဟင့်အင်း...ဝန်ခလုံက ဆရာ့ကို မသုံးကြတာ ကြာပြီ'

'ဒါဖြင့် ဖေဖေ နေမကောင်းတုန်းက ဘယ်သူနဲ့ ကုကြသလဲ'

'ဟင်...အဲဒါ ဟေမန် ဘာလို့ မသိရတာလဲ'

'သူတို့နဲ့ ဟေမန်နဲ့မှ ဆွေးဆွေးနွေးနွေး စကား မပြောရသေးတာ။ သူတို့ မိသားစု ဆရာဝန်အဖြစ် ဘယ်သူ့ကို သုံးနေသလဲ သိလားဟင်...ဆရာ'

'သိတယ်။ ဆေးမှူး ဦးဝဏ္ဏ'

'အို...ဆေးမှူး တစ်ယောက်က သေခါနီး လူတစ်ယောက်ရဲ့ ရောဂါကို ဘယ်ကုတတ်ပါ့မလဲ။ ကဲပါလေ...ဒါတွေ နောက်ပိုင်း ဆွေးနွေးကြတာပေါ့။ အခု ဆရာ အားရင် ဟေမန်နဲ့ ခဏ လိုက်ခဲ့ပေးပါ ဆရာ။ ဟေမန် တောင်းပန်ပါတယ်။ သူတို့တွေ ဘာမှ မရှုပ်စေရပါဘူး'

'သူတို့တွေနဲ့ ဆရာနဲ့လည်း ဘာပြဿနာမှ မရှိပါဘူးလေ။ လိုက်ခဲ့ပါ့မယ်။ ဒါပေမယ့်...ဟေမန် ခေါ်ပုံက ထူးဆန်း

လွန်းလို့ပါ။ ဘယ့်နဲ့…ဆယ်ရက်လောက်က သေတဲ့လူကို လိုက်ကြည့်ပေးရမယ်လို့…'

'ဖေဖေ တကယ်သေတာမှ ဟုတ်ရဲ့လားလို့ သံသယ ဝင်မိလို့ပါ ဆရာ'

'ဟင်…ဘယ်လို သံသယ ဝင်စရာ တွေ့လို့လဲ ဟောမန်'

'ညကပေါ့…ဖေဖေ့အလောင်း တောင့်တောင့်ကြီးက ထလာတယ်'

'ဟောမန်'

'ရှင်…'

'အိပ်မက်အကြောင်း လာပြောနေတာမျိုးတော့ မဟုတ်ပါဘူးနော်'

'အိပ်မက် မဟုတ်ပါဘူး။ ဟောမန့်မျက်စိနဲ့ မြင်ရတာပါ ဆရာ'

'အင်း…ဒါကြောင့်လည်း တစ်မြို့လုံးက ပန်ခလုံ ခြံကြီးကို ဝိညာဉ်မြူးတဲ့ ခြံကြီးအဖြစ်နဲ့ ကြောက်လန့် ရှောင်ရှားနေကြတာပဲ'

'တကယ်ရော တွေ့တဲ့လူ ရှိသလား ဆရာ'

'ရှိတယ်…ဟောမန်၊ ရွာသားတစ်ယောက်က ဖြူဖြူကြီး သစ်ပင်ပေါ်မှာ ကြိုးဆွဲချထားတာ တန်းလန်းကြီး မြင်ရသတဲ့'

'ဟာ…'

'နောက်တစ်ယောက်က အမွေးရှည်ရှည် မည်းမည်းကောင်ကြီး အတင်းလိုက်ဖမ်းလို့ ထွက်ပြေးရာက သိပ်လန့်ပြီး ဖျားလို့





ဆုံးသွားတယ်လို့ ပြောကြတယ်'

'အို…ဒါတွေ ဟောမန် ဘာမှ မသိရပါလား။ ဒီလိုဆိုရင်…'

'ဘာမှ အထူးတလည် တွေးနေစရာ မလိုပါဘူး ဟောမန်ရယ်။ တစ်စုံတစ်ယောက်က ခြောက်လှန့်လွှတ်နေတာပဲ ဖြစ်မှာပေါ့'

'ဘယ်သူက ဘာကြောင့် လွှတ်ရမှာလဲဟင်။ ပန်ခလုံမှာ ဘာပြဿနာမှမှ မရှိတာ'

'ဒါတွေတော့ ဆရာ မသိဘူး။ ကဲ…ဦးအုပ်စိုး အလောင်းကို လိုက်ကြည့်ပေး ဆိုလို့ လိုက်ကြည့်ပေးပါ့မယ်။ ဆရာ့ကို ခဏလေး စောင့်ပါ ဟောမန်'

'ကောင်းပါပြီ ဆရာ'

ဒေါက်တာဝင်းမောင်ဆွေသည် နှင်းဟောမန်ဦး ပန်ခလုံမှ ထွက်ခွာမီ သုံးနှစ်ခန့်ကပင် တာဝန်အရ ရောက်ရှိနေသော အမ်ဘီဘီအက်စ် (မန္တလေး) ဘွဲ့ရ ဆရာဝန်တစ်ဦးပါ။ မန္တလေးသား တစ်ယောက် ဖြစ်သော်လည်း ဤအရှေ့ပိုင်း ရှမ်းပြည်နယ်၏ အစွန်ဆုံး နယ်ခြားမြို့လေးမှာ သူ ပျော်ပိုက်နေသည်။ ပျော်ပိုက်သည် ဆိုခြင်းထက် ဒေသခံများအပေါ် သံယောဇဉ် တွယ်နေ၍ မခွဲနိုင်ပါ ဆိုခြင်းက ပို၍ မှန်ကန်ပါလိမ့်မည်။

တာဝန်အရ ဤနယ်ခြား ဒေသများတွင် နှစ်နှစ် သုံးနှစ်ထက် ပို၍ မနေရသော်ငြား သူကိုယ်တိုင်က နေခွင့်တောင်းနေသဖြင့် မည်သူမျှ မလာချင်သော နေရာတွင် သူ မြဲနေခြင်းပါ။

နှင်းဟောမန်ဦးတို့ ကျောင်းနေစဉ် အထက်တန်းကျောင်း

သူ ဘဝက 'အသည်းကွဲလာတဲ့ ဆရာဝန်ကြီး'၊ 'သူ့ချစ်သူက နောက်တစ်ယောက် ယူသွားလို့ ဆွေးပြီးလွင့်လာတာ'ဟု တစ်ဆင့် စကား ကြားခဲ့ရဖူးသည်။

'ကဲ…လာ…သွားစို့ ဟောမန်'

နားကျပ် တစ်ခုသာ ကိုင်၍ထွက်လာသည်။

ဟုတ်ပေသားပဲလေ…ဆေးကုဖို့မှ မဟုတ်ဘဲဟု တွေးရင်း ဒေါက်တာဝင်းမောင်ဆွေ၏ တစ်ထပ်တိုက်ကလေး ရှိရာ တောင်ကုန်းငယ်ပေါ်မှ အတူ ဆင်းသက်လာခဲ့ကြသည်။

ပန်ခလုံ မြို့လေးမှာ ကြည့်လေရာတိုင်း အလှအပတို့ ခြယ်သ စုစည်းထားသည်သို့ ရှိပါ၏။

ငွေ့ဝေနေသော တောင်ခိုးများ အောက်ခြေတွင် ဖြောင့်မတ် သွယ်တန်းနေသော ထင်းရှူးတောတန်းများက တောင်ကုန်းချိုင့်ဝှမ်းများအလိုက် နိမ့်မြင့်ကွေ့ဝိုက်စွာဖြင့် စိမ်းညို့ လန်းလတ်နေပေသည်။

'ဟောမန်…ဆရာ့ကို လာခေါ်တာ ဒေါ်မြမြချင်း သိသလား'

'မသိပါဘူး ဆရာ'

'ဒါဖြင့် ဖြစ်ပါ့မလား'

'ဘာ မဖြစ်စရာ ရှိလဲ ဆရာရဲ့။ ဆရာဝန်စိတ် ရှိတဲ့ ဆရာဝန်တစ်ယောက်ဟာ ပင့်သူ့ရဲ့နောက် လိုက်ရမှာပဲပေါ့'

'ဟောမန့်အတွက် ပြောတာပါ။ ဆရာက ဘာပဲဖြစ်ဖြစ် ရပါတယ်'





'ဖေဖေ ဦးအုပ်စိုးအတွက် ဟောမန်လည်း တာဝန်ရှိသူ တစ်ယောက်ပါ ဆရာ'

'ဒါတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ပန်ခလုံခြံကြီးက ဖြစ်လိုက်ရင် အဆန်းချည်းပဲကွယ်'

'ဘာတွေ ဆန်းနေလို့လဲ ဆရာ'

'ဩော်…အခုပဲ ကြည့်လေ။ သေတဲ့ အလောင်းကို ဒီတိုင်းထားတဲ့ လူကလည်း ဆယ်ရက်၊ ဆယ့်တစ်ရက် ထားတယ်။ ဟောမန်ကလည်း အလောင်းကြီး ထလာလို့ သေမသေ လိုက်ကြည့်ပေးပါ ဆိုတာ မခက်လား။ ဆရာဝန်တစ်ယောက် အတွက်တော့ မဆန်းလှပါဘူး။ ဘေးလူတွေ ကြားကြရင်တော့ ကြောက်ကြမှာ'

'မကြောက်ပါဘူး ဆိုတဲ့ ဟောမန် ကိုယ်တိုင် ညက လန့်လိုက်တာမှ သေမတတ်ပဲ'

ဒေါက်တာဝင်းမောင်ဆွေက ခေါင်းညိတ်၏။

ကုန်းမြင့်ကို ပြန်၍ စတက်ကြရပြန်သည်။ ပန်ခလုံသည် မြေညီမရှိ။ အနိမ့်အဆင်း အမြင့်အတက်များနှင့်ချည်း။

ဆောင်းဦးနှင်းငွေ့တို့သည် လေနှင့်အတူ သူတို့ကို ဖြတ်တိုက် ထိတွေ့လာသည်။

နှင်းဟောမန်ဦးက ဘောင်းဘီရှည်၊ ဝပ်ကင်းရှူး ဖိနပ်၊ သိုးမွေးဆွယ်တာ၊ သိုးမွေးဦးထုပ်၊ လည်စည်းပဝါဖြင့် နှင်းငွေ့ဒဏ်ကို ကာကွယ်ထားလေသည်။

လည်စည်း ပဝါနီ…သေး တလွင့်လွင့်ဖြင့် ဖျတ်လတ် သွက်

လက်စွာ ခြံတွင်းသို့ ဝင်လာသော နှင်းဟောမန်ဦးနှင့် ဒေါက်တာဝင်းမောင်ဆွေကို ပထမဆုံး စတင် မြင်လိုက်သော ကိုနှင်းဝေမှ ဟန်ဆောင် ထိန်းချုပ်နိုင်ခြင်း ကင်းစွာ မျက်နှာပျက်သွားသည်။

ခပ်တည်တည်ပင် ပန်ခလုံ အိမ်ကြီးထဲသို့ ဝင်လိုက်သည့်အခါ ဇည့်သည်နှစ်ယောက်နှင့် ထိုင်၍ စကားပြောနေသော ဒေါ်မြမြချင်း၏ မျက်လုံး အပြူးသားနှင့် မျက်နှာကို ပထမဆုံး တွေ့မြင်လိုက်ရ၍ မျက်နှာလွှဲပစ်လိုက်ရ၏။

'နေကောင်းလား ဒေါ်မြမြချင်း'

'ဟုတ်...ဟုတ်ကဲ့ ဆရာ။ ဆရာက ဘာ...ဘာလာလုပ်တာလဲဟင်'

'ဟောမန် လာခေါ်လို့ပါ'

'ရှင်...'

ဒေါ်မြမြချင်းက မတ်တတ်ရပ်လိုက်သည်။ ကွဲကွာနေရာမှ ပထမဆုံး မျက်နှာချင်းဆိုင်လိုက်ရသော မိထွေး၏ ရုပ်သွင်ကို တစ်ချက်မျှသာ ကြည့်လိုက်ပြီး...

'လာပါ...ဆရာ၊ အပေါ်ကြွပါ'

အားလုံး 'အံ့အားသင့်နေကြချိန်တွင် နှင်းဟောမန်ဦးတို့ အပေါ်သို့ ရောက်လာခဲ့ကြသည်။ သူတို့ နောက်ဘက်ဆီမှ ဖြူလျော်သော မျက်နှာဖြင့် ကိုနှင်းဝေ ဖြည်းဖြည်းချင်း လိုက်တက်လာသည်ကို နှင်းဟောမန်ဦး မသိပါ။

'အသားတွေတောင် အတော် ကပ်နေပြီပဲ'





မပုပ်စေသော 'ဖော်မလင်' ဆေးကို အကြောတွင်းမှ သေပြီး ခြောက်နာရီ မတိုင်မီ သွင်းထားသော်လည်း ဆေးရည်ကပဲ ခံချိန်မမီ၍လား မသိ၊ ညှီစို့စို့ အနံ့ဆိုးကြီးကို ရှူရှိုက်ရသည်။

ဒေါက်တာဝင်းမောင်ဆွေက အလောင်းပေါ်မှ လွှမ်းတင်ထားသော တိုက်ပုံနှင့် ရှပ်အင်္ကျီကို ဖယ်လိုက်ပြီး သူ့နားမှ နားကျပ်ကို တင်လိုက်သည်။

ပြီးတော့ ဦးအုပ်စိုး၏ ရင်မှ နှလုံးခုန်နှုန်းကို စတင်ခမ်းသပ်သည်။ နားကျပ်ကို နေရာရွှေ့ယူ နားထောင်သည်။

'ဘာမှ သံသယ ရှိစရာ မလိုဘူး။ တကယ် သေနေပါပြီ ဆာမန်'

ဒေါက်တာဝင်းမောင်ဆွေက နားကျပ်ဖြုတ်ရင်း ပြောလိုက်သည်။

မကြောက်တတ်သော ဟောမန်မှာ ဆရာဝန့်ကိုလည်း အားနာစိတ်ဖြင့် ဘေးသို့ ကျနေသော အဝတ်များကို အလောင်းပေါ်သို့ ပြန်လွှမ်းရင်းမှ မျက်နှာကို သေသေချာချာ ကြည့်လိုက်မိရာ...

'ဟာ...မဟုတ်ဘူး...မဟုတ်ဘူး ဆရာ'

အဝတ်ကို ဖြစ်သလို ပစ်တင်ပြီး အလန့်တကြား နောက်ဆုတ်ရင်း အော်လိုက်သည်။

'ဘာ...မဟုတ်တာလဲ။ တကယ် သေနေပါပြီ ဟောမန်ရဲ့'

'မဟုတ်ဘူး။ ဒါပြောတာ မဟုတ်ဘူး။ သူ...သူ...အဲဒါ အဖေ မဟုတ်ဘူး။ တခြား အလောင်းကြီး ဆရာရဲ့'

'ဟော...'

ဒေါက်တာဝင်းမောင်ဆွေ၏ လက်မောင်းကို ကြောက်လန့်တကြား ဖက်တွယ်၍ နောက်ဘက်မှ မျက်နှာကွယ်ပြီး နှင်းဟေမန်ဦး အော်လိုက်သည်။

မည်းခြောက် ပိန်ကပ်ပြီး မျက်တွင်းဟောက်ပက် ဖြစ်နေသော အလောင်းကောင်၏ မျက်နှာကို ဒေါက်တာဝင်းမောင်ဆွေကလည်း သံသယဖြစ်စွာ ကြည့်ပြီးနောက်...

'ဟင်...ဒီမှာ သွေးစတွေပါလား'

အလောင်းစင်၏ ဘေးတွင် သုတ်ထားသော်လည်း မစင်သည့် သွေးကွက်...နီညိုညိုများ။

ဒေါက်တာဝင်းမောင်ဆွေက သွေးကွက်များနှင့် တန်းလျက် သွေးစက်ကျရာ လမ်းအတိုင်း လျှောက်သွားတော့သည်။

နှင်းဟေမန်ဦးလည်း အဝတ် ဖရိုဖရဲနှင့် အလောင်းကောင်ကို မကြည့်တော့ပါဘဲနှင့် ဒေါက်တာနှင့်အတူ သွေးစက်လမ်းကို လိုက်ကြည့်မိသည်။

ကြေးသော့ခလောက်ကြီး ခတ်ထားသော စင်္ကြံလမ်းသို့ ထွက်သည့် တံခါးမကြီးတွင် သွေးစက်လမ်း ဆုံး၏။

'ဒါ သွေးစက်တွေပဲ။ ဒါဆို ညက ဟေမန် သေနတ်နဲ့ ပစ်လိုက်တာ သူ့ကို ထိသွားလို့ပေါ့...ဟုတ်လားဟင်...'

တုန်ယင် ချောက်ချားစွာဖြင့် အလောင်းစင်ကို လက်ညှိုး ထိုးပြီး ပြောမိသည်။

'သေလို့ ခြောက်နေတဲ့ အလောင်းက သွေးထွက်ပါ့မလား





ဟေမန်ရယ်။ ဒါ...လူသားတစ်ယောက် ဒဏ်ရာ ရသွားရာက ကျခဲ့တဲ့ သွေးတွေပဲ ဖြစ်ရမှာပေါ့'

'အို...ဒါ...ဒါဖြင့် ဒါဟာ ဖေဖေ့သွေး မဟုတ်ဘူးလား'

'အသားတောင် ကပ်ခြောက်နေတဲ့လူက ဘယ်လိုလုပ်ပြီး သွေးထွက်နိုင်တော့မှာလဲ ဟေမန်။ ဒါ တခြားတစ်ယောက်ရဲ့...'

'အို...ဒါ ဖေဖေ မဟုတ်ဘူး။ ဒီအလောင်းကြီးဟာ ဖေဖေ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဖေဖေ ဘယ်မှာလဲ။ ဖေဖေ့ကို သူတို့ ဘာလုပ်ထားကြလဲ'

လာခေါ်စဉ်ကလို တည်တည်ငြိမ်ငြိမ် မရှိ။ သိပ် စိတ်လှုပ်ရှားနေသော ဟေမန်၏ စကားသံတို့သည် အသုဘစင် ဆားမှ ဟိန်းပျံ့ထွက်လာသည်။

'ဟေမန်...'

ညင်သာသော အသံနှင့်အတူ ကိုနှင်းဝေက နှင်းဟေမန်ဦး၏ လက်မောင်းကို ဆွဲ၍ အပြင်သို့ ထွက်စေသည်။

'လာပါ ဒေါက်တာ။ အပြင်ကို ကြွပါ။ အပြင်မှာ ဆွေးနွေးကြရအောင်ပါ'

သုံးယောက်လုံး အပြင်သို့ ရောက်လာကြချိန်တွင် လှေကား တစ်ဆစ်ချိုး၌ ဒေါ်မြမြချင်းတို့ အုပ်စု ရပ်နေကြသည်။ သူတို့ အပေါ်သို့ မတက်ဝံ့ကြ။

'ထိုင်ပါ ဒေါက်တာ။ ဟေမန် ဘာဖြစ်နေတာလဲကွယ်'

'ဘာဖြစ်ရမလဲ။ ဒါ ဘယ်က မသာကြီးကို အိမ်ပေါ် တင်ထားကြတာလဲဟင်။ ဟေမန့် ဖေဖေ အခု ဘယ်မှာလဲ'

'ခက်ပါလား ဟော့မန်ရယ်။ ဒါ...ဦးအုပ်စိုးပါ'

ကိုနှင်းဝေက ဝင်ပြောသည်။

'ဟော့မန့်ထက် ကိုကိုက ပိုပြီး မသိနိုင်ပါဘူး။ ဟော့မန်က သမီးအရင်း။ ကိုကိုက ဖေဖေ့ရဲ့ မယားပါသားပါ'

'ပြဿနာပဲ။ အမှုတော့တက်ပြီ'

ဟူသော အကြည့်ဖြင့် ဒေါက်တာဝင်းမောင်ဆွေမှာ စိတ်ရှုပ်ထွေးစွာဖြင့် သူတို့ကို ကြည့်နေသည်။

ဟော့မန့်မျက်နှာက ဒေါသဖြင့် နီမြန်းနေပြီး ခံပြင်းမှုဖြင့် ယောက်ယက်ခတ်နေ၏။

ကိုနှင်းဝေမှာ စိတ်မသက်သာလွန်းသော ခံစားမှု မျက်နှာဖြင့်သာ သက်ပြင်းချသည်။

ပြီးတော့...

'ဒါဖြင့် ဟော့မန် ဘာလုပ်ချင်သလဲ ပြောလေ'

'ဟော့မန် ဘာလုပ်ချင်သလဲ ဆိုတာထက်ကို ဘာဖြစ်လို့ ဒီလို လုပ်နေကြတာလဲ ဆိုတာကိုပဲ ဟော့မန် သိချင်တယ်'

'ဘယ်သူက ဘာလုပ်လို့လဲ။ ဦးအုပ်စိုး သေဆုံးတယ်၊ အဝေးရောက် သမီးကို ဝတ္တရားအတိုင်း မှာယူတယ်။ နောက်ဆုံး အနေနဲ့ မြင်ရပါစေဆိုပြီး အလောင်းကို ဆေးထိုးထားတယ်။ ကိုကိုတို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပြီး ဟော့မန့်ကို စောင့်နေကြတာပါ'

'ဟို မသာကြီးဟာ ဦးအုပ်စိုး ဆိုရင်တော့ ကျေးဇူးတင်စရာကြီးပေါ့ရှင်'





ဒေါက်တာဝင်းမောင်ဆွေက ကြားဝင်လာရတော့သည်။

'ကဲ...စောစောက ကိုနှင်းဝေ ပြောသလို ဟော့မန်က ဘာလုပ်ချင်သလဲ ဆိုတာ ပြောလေ။ ဒေါ်မြမြချင်းတို့လည်း လာပါလားဗျာ။ စုပေါင်း ဆွေးနွေးကြမှ ကောင်းမယ် ထင်ပါတယ်'

အသုဘ စင်မြင့်ခန်းနှင့် ခပ်လှမ်းလှမ်း နေရာမှ ရေးဆောင်း ကုလားထိုင်စုံပေါ်တွင် ဒေါ်မြမြချင်းနှင့် ရည်မွန်သားနားသော အမျိုးသမီးကြီးတစ်ဦး၊ နောက် ဒေါ်ခမ်းနွဲ့၊ အပေါ်မှ သက်ရှိ သုံးယောက်၊ ပေါင်း ခြောက်ယောက်တို့ မျက်နှာစုံညီ ထိုင်းထိုင်မိကြလေပြီ။

'ကဲ...ဒေါ်မြမြချင်းရေ။ ဟော့မန်က ကျွန်တော့်ကို လာခေါ်တာ သူ့ဖခင် တကယ် သေမသေ စမ်းကြည့်ပေးဖို့ပါ။ ခုဆော့ တစ်မျိုး ဖြစ်သွားပြီ။ ဒီအလောင်းဟာ သူ့အဖေ မဟုတ်ဘူး ဆိုပါလား'

'ဘုရားရေ...မတွေးအပ် မထင်အပ်တာတွေ။ သူ့ဖခင် ဖြစ်သလို မမြဲရဲ့ ကျေးဇူးရှင် ခင်ပွန်းလည်း ဖြစ်ပါတယ် ဒေါက်တာရယ်။ သူ မယုံရင် ကြိုက်တဲ့ အထောက်အထား ရှာပါစေလေ'

'ရဲကို တိုင်မယ်'

'တိုင်ပါ...တိုင်ပါ ဟော့မန်။ ဒါ ဒီမြို့က ကျောင်းအုပ်ဆရာမကြီးပါ။ ဒေါ်ခင်ခင်တဲ့။ လူကြီးသူကြီးတွေနဲ့ ပေါင်းနေတာပါ။ မဟုတ်တာ မလုပ်ရဲပါဘူး'

ဒေါ်မြမြချင်းက အညှင်သာဆုံးလေသံနှင့် ဘေးမှ အမျိုးသမီးကြီးကို လှမ်းတိုင်တည်ရင်း ပြောသော်လည်း သူ့အသံများ မသိမသာ တုန်နေသည်။ ဟောမန်သို့ ကြည့်သော အကြည့်ကို ဖုံးဖိထားသော်လည်း မကျေချမ်းလွန်း၍ ၊ အမုန်းရိုန်က သူ့မျက်ဝန်းမှာ ထင်ဟပ်နေဆဲပါ။

'ဒီလိုရှိပါတယ် ဟောမန်။ ဟောမန် ဒီမြို့က ထွက်သွားတာ **'ငါးနှစ်တိတိ'** ရှိပါပြီ။ ပြီးတော့ ဦးလေး ဦးအုပ်စိုး မကျန်းမမာ ဖြစ်တာ နှစ်နှစ်ပါ။ ဒီအတွင်း ရုပ်ကျသွားတာလည်း တစ်ကြောင်း၊ သေဆုံးပြီး မပုပ်သိုးအောင် အသားအရည် ခြောက်ခမ်းစေတဲ့ ဆေးတွေလည်း ထိုးထားလို့ ရုပ်ပျက်နေတာပါ။ လွန်ခဲ့တဲ့ ငါးနှစ်ကနဲ့ ကွာခြားနေတာပါ။ ဒါကိုတော့ သံသယ မဖြစ်ပါနဲ့လား ဟောမန်ရယ်'

ကိုနှင်းဝေက ငြိမ်းအေးစွာ ရှင်းပြသည်။

'ဒါဖြင့် ညက ဒီအလောင်းကြီးက ဘာလို့ ထလဲ။ ပြီးတော့ ဟောမန် သေနတ်နဲ့ ပစ်လိုက်လို့ ဘေးမှာ သွေးကွက် သွေးစက်တွေ'

'ညက အဖြစ်ကတော့ စိတ်ချောက်ချားလို့ အလောင်းက ထလာတယ်လို့ ထင်တာ ဖြစ်မှာပါ။ သွေးစက် ဆိုတာလည်း မဟုတ်နိုင်ပါဘူး။ အပေါ်ထပ်မှာ ဟောမန် တစ်ယောက်တည်း ? နေတုန်း လေတွေက တအားတိုက်တော့ ထင်မိထင်ရာ မြင်မိမြင်ရာ ဖြစ်ပြီး လေ့ကားပေါ်က လိမ့်ကျတဲ့အထိ ဖြစ်သွားတာပါ။ သားကြီးက ဆီးပွေ့မိပေလို့သာ ဘာမှ မဖြစ်ပေမယ့် ဟောမန့်





ညက အတော်ကြာအောင် သတိလစ်နေခဲ့လို့ အန်တီမြတို့ အားလုံး ဝိုင်းပြုစုထားခဲ့ကြပါတယ်'

'ဆရာ စောစောက အလောင်းဘေးမှာ တွေ့ခဲ့တာ သွေးစက်တွေပါနော်'

နှင်းဟောမန်ဦးက မိထွေးသို့ စကားမပြန်ကြားပါဘဲနှင့် ဒေါက်တာဝင်းမောင်ဆွေသို့ သက်သေထူသည်။

ဒေါက်တာသည် မျက်မှန်ကို ပင့်တင်လိုက်ပြီး သက်မချရင်းက...

'ဆေးစက် သို့မဟုတ် တိရစ္ဆာန်ရဲ့ သွေးစက်တွေလည်း ဖြစ်နိုင်ပါတယ်လေ။ ဦးအုပ်စိုး မဟုတ်ပါဘူးလို့ ဟောမန့် စွပ်စွဲချက် မှန်ကန်တယ် ထားဦး။ ဟိုအလောင်းဟာ တကယ် သေနေတဲ့ အလောင်းပါ...။ ဘယ်နည်းနဲ့မှ သွေးမထွက်နိုင်တော့ပါဘူး'

ပြဿနာများ သေးကျုံ့သွားစေရန် ဖြေရှင်းပေးသော စကားစုဖြစ်ကြောင်း နှင်းဟောမန်ဦးမှာ စိတ်ပျက်စွာ နားလည်ရပါပြီ...

'ကဲ...သွေးစက်တွေရယ်၊ ဟိုက အလောင်းရယ် ကိစ္စကို ထားလိုက်ဆို ထားလိုက်ပါ့မယ်။ ဟောမန့် ဖေဖေ ဘယ်မှာလဲ။ တွေ့အောင် ရှာပေးကြပါ။ ဖေဖေ့ကို ဒီညနေမှ မတွေ့ရရင် ရဲကို တိုင်မယ်။ အမှုဖွင့်မယ်'

ဒေါ်မြမြချင်း၏ မျက်ဝန်းများ စဉ်းလဲစွာ မှေးကျဉ်းသွားသည်။ အားလုံး တိတ်ဆိတ်နေကြချိန်တွင် တည်ကြည်

ဖြောင့်မတ်ပြီး စိတ်သဘောကောင်းပုံရသော ဆရာမကြီး ဆို သူက...

'သူ ဒီလို သံသယ ဝင်နေရင် အလောင်းကို ဆေးရုံ ပို့လိုက်သင့်တယ် မြ။ ဦးအုပ်စိုးကို ကုခဲ့တဲ့ ဆေးမှူးကိုပါ ခေါ်ပြီး ဆရာဝန်တွေ၊ လူကြီးတွေရှေ့မှာ ဦးအုပ်စိုး ဟုတ်မဟုတ် ဆုံး ဖြတ်ပါစေ'

အမျိုးသမီးကြီးသည် တရားသဖြင့် ဖြောင့်မှန်စွာ ဆုံးဖြတ် စေချင်ပုံရသည်။

'ဒီက ဒေါက်တာဝင်းမောင်ဆွေတို့ ဆေးရုံမှာ ရှိနေသား ပဲ။ ဘာကြောင့် သေရတယ်၊ ဘာရောဂါနဲ့ သေရတယ် ဆိုတာ ကိုပါ ခွဲစိတ်ကြည့်ရှု စစ်ဆေးဖို့ လိုအပ်ရင် သူတို့ ကူညီပေးကြ ပါလိမ့်မယ်'

'ဟုတ်တယ်။ အဲဒီလို ဖြစ်စေချင်ပါတယ်။ အန်တီပေးတဲ့ အကြံ သိပ်ကောင်းပါတယ်။ ဟောမန် သဘောကျပါတယ်'

'မြကရော...'

'မမခင်တို့ သဘောအတိုင်းပါပဲ။ မြကတော့ ဒီတိုင်း သင်္ဂြိုဟ်လိုက်ရင် အပြစ်ဖြစ်မှာစိုးလို့ ဒုက္ခခံပြီး စောင့်နေကာမှ အမှုပတ်ရမယ့် အဖြစ်မျိုး ရောက်နေပြီ။ ကြိုက်သလိုသာ လုပ်ကြ ပါ။ အစ်ကိုကြီးရေ...မြရဲ့ ဒုက္ခတွေကို ထကြည့်လှည့်ပါဦး အစ်ကို ကြီးရဲ့...'

ဒေါ်မြမြချင်းက မုဆိုးမ အသစ်စက်စက် လေယူလေသိမ်း အတိုင်း ဟစ်ငိုလိုက်သည်။





'ဟောမန်ရယ်...ဘာလို့ ပြဿနာကို ရှုပ်ထွေးအောင် လုပ် ချင်ရတာလဲကွယ်။ ဦးအုပ်စိုး အလောင်းကို မြှုပ်ဖို့ ဂူတောင် လုပ်ပြီးပါပြီ။ စိတ်လျှော့လိုက်ပါလို့ ကိုကို တောင်းပန်ပါတယ် ဟောမန်'

'မလျှော့နိုင်ဘူး ကိုကို။ ဟောဒီ အန်တီ ပြောတဲ့ အကြံ ဉာဏ် အတိုင်း ဆေးရုံကို ဒီအလောင်းကြီး သယ်သွားပြီး လူကြီး များရှေ့မှာ ဆုံးဖြတ်ချင်တယ်။ အန်တီရော ဆရာပါ ဟောမန့်ကို ကူညီပေးကြပါရှင်'

'ကောင်းပြီ ဟောမန်။ အန်တီ ခင်ပွန်းကိုပါ ပြောပြပြီး [illegible]ရေး အသိစိတ်ခတ်နဲ့ ဝိုင်းကူပေးကြဖို့ ပြောပေးပါ့မယ်။ ဟောမန်လည်း စိတ်လျှော့ပါ။ မြလည်း မငိုပါနဲ့ကွယ်။ အားလုံး တရားသဖြင့် ဖြစ်စေရမှာပေါ့'

ကိုနိုင်းဝေနှင့် ဒေါ်မြမြချင်းတို့ မလှုပ်သာ မငြင်းသာ ကိုက်လျောရတော့မည့် အခြေအနေတွင် ရှိနေသည်။

ဘာတစ်လုံးမှ ဝင်မပြောသော ဒေါ်ခမ်းနွဲ့သည် ဤဝိုင်းမှ အရင်ဆုံးထ၍ ထွက်သွားလေတော့သည်။

'ကဲ...ဒါဖြင့် ဆရာမကြီးတို့ ကြည့်စီစဉ်ပြီး ဆေးရုံကိုသာ ပို့လိုက်ပါလေ။ ဘယ်လို ဆောင်ရွယ်ရမယ် ဆိုတာ ညွှန်ကြား ပါ။ ကျွန်တော့်ရဲ့ ဆေးပညာ ရှုထောင့်ကနေပြီး ကျွန်တော် အကူအညီပေးပါ့မယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး ဒေါ်မြမြချင်း။ ဟဲ...ဟောမန့်...ဆရာပြန်မယ်'

ဟောမန်သို့ပါ တစ်ဆက်တည်း နှုတ်ဆက်ရင်း ဒေါက်တာ

ဝင်းမောင်ဆွေက ထိုင်ရာမှ ထလိုက်သည်။

'ကျွန်မလည်း အိမ်ပြန်မှာပဲ။ လမ်းလဲ ကြုံပါတယ်။ ကျွန်မကားနဲ့ပဲ ဆရာ တစ်ခါတည်း လိုက်ခဲ့လေ'

'ကျေးဇူးပဲ ဒေါ်ခင်ခင်။ ကျွန်တော်လည်း ဆေးရုံဝင်ဖို့ အချိန်နီးနေလို့'

'ကဲ..မြမြရေ..မမခင်တို့ ပြန်မယ်နော်။ အလောင်းဆေးရုံပို့ဖို့ မမခင်ပဲ စီစဉ်ပေးလိုက်ပါ့မယ်'

'ကောင်းပါပြီ...ကောင်းပါပြီရှင်'

ငိုနေသော သူ့မိခင်သို့ ကိုနှင်းဝေ ငေးကြည့်နေပါ၏။

ဟောမန်က သူတို့ သားအမိ နှစ်ဦးနားမှ ထထွက်ခဲ့ပြီး အိမ်ကြီး အရှေ့ဘက် လေသာဆောင်သို့ ထွက်ခဲ့သည်။

သားအမိ နှစ်ဦး၏ စကားပြောနေသံကို ကြားရသည်။ စကားလုံးမကွဲ...

'ပန်ခလုံ'သည် ဤမြို့၏ အမည်ပါ။ ဤတစ်မြို့လုံးမှ အကြီးဆုံးနှင့် အကျယ်ဆုံး ခြံကြီးကို 'ပန်ခလုံခြံကြီး'ဟု ရပ်ရွာမှ အမည်မှည့်ထားခြင်းသာပါ။ ပန်ခလုံခြံသည် ပန်ခလုံမြို့၏ အစွန်ဆုံး သချိုင်းကုန်းနားမှ ခြံမြေကြီး ဖြစ်ပါသည်။

ခြံ၏ လက်ယာဘက် ထောင့်တွင် ထင်းရှူး နှစ်ပင်ကို သပ်လျှို ရိုက်သွင်းပြီး သံတန်းတစ်ခုအောက်မှ ပုခက်သဖွယ် ဒန်းယယ်သည် ယခင်အတိုင်း လှပသစ်လွင်စွာ ဆေးများ သုတ်ထားသည်။

'ဒါ...ငါ့ယယ်ယယ်က သိပ်သဘောကျစွာ စီးခဲ့တဲ့ ဒန်းပေါ့။





ကိုကို ကိုယ်တိုင် လုပ်ပေးခဲ့တာ။ အခု ဒီအိမ်မှာ ကလေးငယ်များ ရှိလို့ အသစ်လုပ်ထားသလား မသိပါဘူး'

'ဟိုဘက်က မိုးမခပင်ကြီးအောက်က ထိုင်ခုံတန်းလေးတွေဟာလည်း အရင်အတိုင်းပါပဲလား။ အပြာရောင် ဆေးလေးတွေ သုတ်လို့။ ခရေပင်အောက်မှာ ငါ ခရေကောက်နေကျမို့ မြက်တွေ၊ ပေါင်းတွေ ရှင်းထားတဲ့ ကုန်းပြောင်ပြောင်လေးဟာလည်း အရင်အတိုင်းပဲ'

'ဟောမန်'

ကိုနှင်းဝေ၏ ခေါ်သံကြောင့် နောက်သို့ လှည့်ကြည့်မိသည်။ ဒေါ်မြမြချင်းကို မတွေ့ရတော့။

'ဒီအိမ်ကြီးကို စိတ်နာပါ။ ကိုကို့ကိုလည်း စိတ်နာပါ ဟောမန်ရယ်။ ဒါပေမယ့် ငယ်သံယောဇဉ်လေးတွေကိုတော့ ဟောမန် သတိရပေးပါ'

ကိုနှင်းဝေ၏ အသံက စို့နင့်နေသည်။

ဟိုတုန်းက ငယ်ဘဝလေးကို ထောက်ထားတဲ့ အနေနဲ့ ဟောမန့်ကို ကိုကို တောင်းပန်ပါရစေ'

'ဘာကို တောင်းပန်မှာလဲ'

'ဒီအလောင်းကို ဒီလိုပဲ ရှိပါစေ။ ပြီးရင် အသင့် ရှိနေတဲ့ ဂူထဲကို သွင်းလိုက်ပါတော့။ ပြဿနာတွေ မထပ်ဆင့်ချင်ပါနဲ့တော့လား ဟောမန်ရယ်။ ပြီးတာတွေ ပြီးပါစေတော့။ ဟောမန့်စိတ်ကို လျှော့ပေးပါ။ ကိုကို တောင်းပန်ပါတယ်'

'အဲဒါ ကိုကို့ မေမေအတွက် ကိုကို့ မေမေဘက်က ပြော

ပေးနေတာ မဟုတ်လား…ကိုကို။ ဟေမန့် နေရာက ကိုကို ခံစားကြည့်စမ်းပါ'

'ငယ်ငယ်တုန်းက ကိုကို့ပေါ်မှာ ဟေမန် ထားခဲ့တဲ့ သံယောဇဉ်ရဲ့ ဆယ်ပုံတစ်ပုံလောက် စိတ်မျိုးထားပြီး ကိုကို့စကားကို ဟေမန် နားဝင်ပေးပါ ဟေမန်ရယ်။ ကိုကို အထပ်ထပ်တောင်းပန်ပါတယ်ကွယ်'

'ကိုကို ဒီလို တောင်းပန်လေ…ဟေမန်ရဲ့ သံသယက ပိုပြီးကြီးထွားလေပဲ ကိုကို။ ဟေမန်ရဲ့ ဖေဖေ့အတွက် တစ်ဦးတည်းသော သမီးတစ်ယောက် အနေနဲ့ ဟေမန် လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါရစေ။ ကိုကို ဘာမှ ဝင်မပြောပါနဲ့။ ကိုကိုနဲ့ ဘာမှ မဆိုင်ပါဘူး'

ကိုနှင်းဝေသည် ဟေမန့်ကို မမြင်ဖူးသူ တစ်ယောက်လို စူးစူးစိုက်စိုက် ကြည့်ရင်းက သူ့မျက်ဝန်းမှာ မျက်ရည်တို့ ဝေ့လာသည်။

'ကိုကိုဟာ ဘာမှ မဆိုင်မှန်း ကိုယ့်ဘာဝ ကိုယ်သိပါတယ် ဟေမန်ရယ်။ ဒါပေမယ့် ဟေမန်နဲ့ ပတ်သက်လာရင် ငယ်စဉ်က အတိုင်းပါပဲ။ ကိုကို့ရင်ထဲမှာ ကြားကာလဆိုတာ ပျောက်ဆုံးနေပါတယ်လို့ ထပ်ပြောပါရစေ။ ကိုကို့ရင်ထဲက သံယောဇဉ်တွေဟာ အရင်အတိုင်းပါ။ အားလုံးဟာ အရင်အတိုင်းပါပဲကွယ်။ ဒါကိုတော့ ဟေမန် ယုံကြည်စွာ လက်ခံပါ ညီမလေးရယ်။ ပြီးတော့…အို…ဟေမန် လုပ်ချင်တာ လုပ်ပါတော့လေ… ကိုကို သွားမယ်'





ကိုနှင်းဝေ၏ မျက်နှာပြင်မှာ မျက်ရည် မမြင်ရသော်သည်း သူ့စကားလုံးများက ရှိုက်သံနှင့် ရောထွက်လာသည်ကို ထုန်ယင်စွာ မညီမညာ။

ဟေမန် ကျောခိုင်း၍ ပြန်လာခဲ့သည်။

အပေါ်ထပ်မှာ မသာ တစ်လောင်းနှင့် ဟေမန် တစ်ယောက်တည်း…။

လှုပ်ရှားလွန်းသော စိတ်ဖြင့် မှိုင်းညို့နေသော ပြင်ပ ဝန်းကျင်သို့ မျှော်ငေးကြည့်နေမိသည်။ ရင်တွင်းမှာဖြင့် ချောက်ချားထုန်ယင်လွန်းစွာပါ။

မြင်းခွာသံကို ကြားရပါ၏။

လှမ်းကြည့်လိုက်သည့်အခါ မြင့်မား ထွားကျိုင်းလွန်းသော မြင်းကြီး တစ်ကောင်…ညိုမောင်း ပြောင်လက်နေသော အသွေးအရောင်ဖြင့်…

'**ဒီပါ**'ဆိုသော မြင်းချော၊ မြင်းလှ၊ မြင်းခံ့ကြီး။

သူ့အပေါ်တွင် ငယ်စဉ်ကပင် သံယောဇဉ် ကြီးလွန်းစွာ မွေးလာခဲ့သော သူ့သခင် ကိုနှင်းဝေသည် သူ့ရင်ခွင် ရှေ့တွင် အထုပ်ကြီး တစ်ထုပ်ကို တင်လျက် ပန်ခလုံ ခြံကြီးတွင်းမှ ထွက်သွားသည်။

နှင်းဟေမန်ဦး လေသာဆောင်မှာ ရပ်နေမှန်း သိပါလျက် သူ တစ်ချက်မျှ လှည့်မကြည့်။ လက်ပြ၍ပင် နှုတ်ဆက်မသွားပါဘဲနှင့် ပန်ခလုံ၏ မြောက်ဘက်အရပ်သို့ မြင်းကို ဒုန်းစိုင်းစီးသွားလေတော့သည်။

'ကိုကို ဘယ်ကိုသွားပြီး ဘာလုပ်မှာပါလိမ့်'

'ငါ့ကို ဘာဖြစ်လို့ အပြင်းအထန် တားမြစ်ရတာလဲ'

'ဒီအလောင်းဟာ ဖေဖေ မဟုတ်ကြောင်း ဆေးရုံရောက်ရင် ပေါ်တော့မယ်'

'အဲဒီအခါ နောက်ဆက်တွဲ ဘယ်လို ပြဿနာတွေများ ရှိနိုင်မှာမို့လဲ'

'ဒီအလောင်းကြီးဟာ တခြား တစ်ယောက်ပါ ဆိုတာ သေချာတယ်'

'ဒါဆိုရင် ဖေဖေ ဘယ်မှာလဲ'

'အသက်ရှင်လျက်နဲ့ ဘာကြောင့် ဘဝ ပျောက်ပစ်လိုက်ရတာလဲ'

'ဖေဖေ ကိုယ်တိုင် သဘောတူ လုပ်တာလား'

'ဒေါ်မြမြချင်းတို့၊ ကိုကိုတို့ရဲ့ အစီအမံလား'

'အို...ငါ့ဉာဏ်နဲ့ လိုက်မမီနိုင်တဲ့ ရှုပ်ထွေးလွန်းတဲ့ပြဿနာကြီးထဲကို ငါကိုယ်တိုင် တိုးဝင် ရင်ဆိုင်နေရပါပေါ့လား'

◆ ◆ ◆





## အခန်း ခြောက်

'မမ ရောက်မှ ငါ့မောင်လေးကလည်း ဘာမှကို အားမကိုးရှူးကွာ...တကယ်ပါပဲ'

'ကျွန်တော်လည်း စိတ်ညစ်တာပဲ။ အဖျားကလည်း ပျောက်ပဲ မပျောက်နိုင်ဘူးဗျာ'

'ကိုယ်တော့ သိပ်မပူတော့ပါလား'

နှင်းဟောမန်ဦးက မင်းအုပ်စိုး၏ နဖူးသို့ သူ့လက်ဝါးဖြင့် အုပ်စမ်းရင်း လက်မရုတ်မီ ပြောလိုက်သည်။

'ဒီနေ့ အဖျားတော့ ကျသွားပါပြီ။ ဒါပေမယ့် အဲဒီ ငှက်ဖွား ဖြတ်ဆေးတွေ သောက်ရတာ သိပ်အားကုန်တာပဲ။ လူကိုနှိုးပြီး မထချင်ဘူး။ ထလည်း မထနိုင်ဘူး မမဟောမန်'

'ဒါဖြင့် လှဲနေပါ။ မထနဲ့လေ'

'ဟုတ်ကဲ့...'

'မမဟောမန်လည်း စိတ်ညစ်တာနဲ့ မောင်လေး အခန်းထဲဝင်လာခဲ့တာ'

'ဖေဖေ့ အလောင်းကြီး ဆေးရုံက ကားနဲ့ လာသယ်သွားပြီနော်'

'အင်း...ဟုတ်တယ်'

နှင်းဟေမန်ဦးက စဉ်းစားရင်းမှ...

'ဒီအလောင်းဟာ ဖေဖေ့အလောင်းပါလို့ မောင်လေးက ယုံကြည်သလား'

'ဒါနဲ့ သူတို့ ပြောကြတော့ ဖေဖေ သေပြီဆို။ ဒါ ဖေဖေ့ အလောင်း မဟုတ်ဘူးလား'

'မဟုတ်ဘူး မင်းမင်း'

'ဒါဖြင့် ဘယ်သူ့အလောင်းလဲ'

'ဘယ်သိမှာလဲ။ ခုတလော ဒီရပ်ရွာထဲမှာ ဘယ်သူ သေသလဲ'

မင်းအုပ်စိုးက စဉ်းစားသလို လုပ်ပြီးမှ...

'ဘယ်သူမှတော့ ဖေဖေ သေတဲ့နေ့နဲ့ တစ်နေ့တည်း လိုက်မသေကြဘူး မမဟေမန်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်'

'အင်း...ပြောစမ်းပါဦး'

'ကိုကို့ခြံထဲက အလုပ်သမားကြီး 'ဦးသိဟ' ရွာ ခဏပြန်သွားတာ ပြန်မလာဘူးလို့ ပြောနေကြတယ်'

'မောင်လေးကရော ဘယ်လို ထင်သလဲ။ အခု အိမ်ပေါ်မှာ တင်ထားတဲ့ အလောင်းဟာ အဲဒီ 'ဦးသိဟ' ဖြစ်နိုင်သလား။ အလုံးအရပ်ရော မှန်းလို့ရသလား'

'ဟင့်အင်း...ကျွန်တော် သေချာ မကြည့်ရဲလို့ မကြည့်ဘူး။





ဖေဖေ သေတုန်းကလည်း ကျွန်တော် မိုင်းဖြတ် သွားနေတာ။ သေပြီး နှစ်ရက်ကြာမှ ရောက်လာတာ'

'ဒါဖြင့် ဖေဖေ ဘာကြောင့်ဆုံးတယ်။ နောက်ဆုံးအချိန်ကို ဘယ်လို ရင်ဆိုင်သွားရတယ် ဆိုတာ မောင်လေး မသိဘူးပေါ့'

'မသိပါဘူး မမဟေမန်။ မေမေက ကျွန်တော့်ကို ကလေးလိုပဲ ခုချိန်ထိ သဘောထားနေတာ။ ဘာမှ ပြောပြတာ မဟုတ်ဘူး။ ကိစ္စရှိရင် သူ့သားကြီးနဲ့သာ တိုင်ပင်တာ'

'အင်း...'

'ကျွန်တော် ပြန်လာတော့ မေမေက ဆီးငိုလို့ ကျွန်တော်လည်း မျက်ရည်ကျပြီး ဖေဖေ့ကို ကန်တော့တယ်။ ကြောက်လို့ သေသေချာချာတောင် အလောင်းကို မကြည့်ရဲပါဘူးဗျာ'

'ညက မမကို ကိုကိုက ပွဲ့ယူသွားတယ်ဆို။ မမ သတိရတော့ ဒေါ်မြမြချင်း အခန်းမှာ။ မမ သတိမရခင် သူတို့ ဘာတွေ လုပ်ကြလဲ'

'ဘာ...မမ သတိမရခင် ဆိုတော့...မမ ဟေမန်က ဘယ်တုန်းက မေ့သွားလို့လဲ'

'ဟင်...'

နှင်းဟေမန်ဦးက သူ့မောင်လေးကို လန့်ဖျပ်စွာ ကြည့်လိုက်သည်။

ကြုံလိုဖျော့တော့စွာ အိပ်ရာထဲ၌ အိပ်ရာထဲ၌ လဲနေရာမှ သူက အားတက်သရော ကြုံး၍ ထထိုင်လိုက်သည်။ နှင်းဟေမန်ဦး သိချင်သည်ထက် သူက ပို၍ သိချင်ပုံ မျက်နှာထားနှင့်

ကြောင်ကြောင်စီစီ ကြည့်နေ၍...

'မမ ညက လှေကားပေါ်က လိမ့်ကျတယ်လေ... မဟုတ်ဘူးလား'

'ဟင်...မူးပြီး လိမ့်ကျတာလား...ဟုတ်လား မမ။ ညက ကျွန်တော် ဘာမှ မသိဘူး။ အိပ်လို့ကောင်းလိုက်တာမှ အသေအတိုင်းပဲ။ အိပ်ဆေးတွေများ သောက်ထားသလား မှတ်ရတယ်။ မနက်ကျတော့ တစ်ကိုယ်လုံးကို လေးလို့'

နှင်းဟေမန်ဦး မတွေးမိသေးသော အတွေးသစ်တစ်ရပ် ခေါင်းထဲသို့ ဝင်လာခဲ့ပါပြီ။

'ညက ငါနဲ့အတူ လာအိပ်တဲ့ ကောင်မလေး နှစ်ယောက်ဟာလည်း ငါ လှုပ်နှိုးတာတောင် မရဘူး။ အသေအတိုင်းပဲ အိပ်နေလိုက်ကြတာ'

'ဒါ...ဒါဆိုရင်...'

'မောင်လေး ပြောသလို သူတို့ကို ငါနဲ့အတူ အဖော်ရအောင် ဆိုပြီး အိပ်ခိုင်းပေမယ့် အိပ်ဆေးတွေများ တိုက်ထားကြသလားမှ မသိတာ'

'ဒါကြောင့်သာ တဟီးဟီး တဟားဟား အော်နေတဲ့ ခြောက်လှန့်တဲ့ အသံတွေကို သူတို့ မကြားကြတာ နေမှာပေါ့'

'မမဟေမန်'

'ဟင်...'

'ဘာတွေ တွေးနေလဲ'

'မမ တွေးတာတွေတော့ မသိချင်ပါနဲ့တော့။ မမ မေးတာ





တွေသာ မောင်လေး ဖြေစမ်းပါ'

'ကျွန်တော် အရင် တစ်ခုမေးပါရစေ။ မမဟေမန် ဘယ်တော့ ပြန်မလဲဟင်'

'မပြောတတ်အောင်ပါဘဲ။ လာတုန်းကတော့ ချက်ချင်း ပြန်မလို့ပဲ။ ခုတော့ ဒီမှာ ကြာလိမ့်ဦးမယ် ထင်တယ်။ ပြဿနာ အရပ်ရပ်ကို ရှင်းရှင်းလင်းလင်း သိသွားချင်တယ်'

'ဘာပဲဖြစ်ဖြစ် မောင်လေး တစ်ခု တောင်းပန်ပါရစေ မမဟေမန်'

'ဘာလဲ မောင်လေး'

'မမ ဟေမန် ပြန်ရင် ကျွန်တော် လိုက်ခဲ့ပါရစေ။ ကျွန်တော့်ကို ခေါ်သွားပေးပါနော်'

'ဟင်...ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ မမေးနဲ့ဗျာ။ ကျွန်တော် ပန်ခလုံမှာ မနေချင်တော့လို့...'

မင်းအုပ်စိုးသို့ ကြည့်ပြီး သနားသွားမိသည်။

ဟေမန့်အတွက် လွမ်းမော တသစွာ ကျန်ရစ်ရှာကြမည့်သူများသည် နှင်းဟေမန်ဦးနှင့်အတူ ပါရှိလာမည့် တစ်ဦးတည်းသော အဖေတူ အမေကွဲ မောင်လေး မင်းအုပ်စိုးကို ကြည့်ရှု ကျေနပ်စွာ လက်ခံတန်ကောင်းပါရဲ့...

'မောင်လေး မေမေ ခွင့်ပြုရင် လိုက်ခဲ့ပါ'

မင်းအုပ်စိုးသည် အေးစက် တုန်ယင်နေသော လက်ဖြင့် သူ့မမကို ဖက်ပြီး ဝမ်းသာကျေးဇူးတင်ကြောင်း ပြသော သူ့

မျက်ဝန်းမှာ မျက်ရည်များနှင့်ပါလား။

မင်းအုပ်စိုးသည် တစ်စုံတစ်ခုကိုဖြစ်စေ၊ အကြောင်းစုံကို ဖြစ်စေ သူ ပြည့်ပြည့်စုံစုံ သိနှင့်နေလေပြီလား။ သူ့မျက်လုံးများက ကြေကွဲနာကျည်းဟန်ဖြင့် မတည်မငြိမ်...

'ကဲပါလေ...မမ မေးချင်တယ် ဆိုတာတွေ မေးပါရစေတော့'

'ပထမဆုံး မေးချင်တာက အခု ဒီအိမ်မှာ ဘယ်သူတွေ ရှိကြလဲ'

'ကျွန်တော်ရယ်...ကိုကိုရယ်...ကိုကို့ အဖေရဲ့ ညီတဲ့ 'ဦးရိုးမှိုင်း' ဆိုတာ ရောက်လာတယ်။ မေမေ့ အရင်ယောက်ျားရဲ့ ညီပေါ့။ ကျွန်တော်တို့နဲ့တော့ ဘာမှ မဟော်ပါဘူး။ အဲဒီ လူကြီးက ခြံလုပ်ငန်းတွေမှာ အဖော်တော့ရပါတယ်။ ဒါပေမယ့် တစ်မျိုးပါပဲ'

'ဘယ်လို တစ်မျိုးတာလဲ'

'ဘယ်လို တစ်မျိုးလည်း ဆိုတော့ နေပုံကြီးကလည်း ကြောက်စရာ၊ တစ်ခါတလေ ညဘက်ကြီး မြင်းတစ်စီးနဲ့ သချိုင်းဘက်ကို ထွက်ထွက်သွားတတ်တယ်'

'ဟင်...'

'ကိုကိုနဲ့ သူ့ဦးရီးတော်နဲ့ကတော့ တတွဲတွဲပဲ။ သိပ်ချစ်ကြတာ။ ပြီးတော့...'

'ပြောလေ...'

မင်းအုပ်စိုး တွေဝေနေပြီးမှ...





'ကျွန်တော် စဉ်းစားလို့ မရတဲ့ အချက်တစ်ခုကလည်း ရှိနေသေးတယ်'

'ဘာကိုလဲ မောင်လေး'

'အဲဒီ ဦးရိုးမှိုင်းနဲ့ မေမေက ရောက်ခါစက မကြည်ကြဘူး။ အခု သိပ်တည့်နေတယ်'

'ဟင်...'

'ဖေဖေ မသေခင်ကတည်းက ခြံထဲက ဦးရိုးမှိုင်းရဲ့ အိမ်လေးမှာ သွားပြီး စကားပြောနေ တိုင်ပင်နေကြတာ၊ တစ်ခါတလေ ညဉ့်နက်သန်းခေါင်မှ ပြန်လာတယ်'

'အို...'

'အဲဒါတွေ မြင်နေ သိနေပေမယ့် ဘယ်သူ့ကို သွားပြောလို့ ဖြစ်မှာပဲ မမဟေမန်ရယ်။ မောင်လေး ရင်ထဲမှာတော့ ရှက်ကြောက်စိတ်တွေနဲ့ ပိတ်ဆို့နေတယ်။ တစ်ခါတလေ ပန်ခုံလုံးကြီးထဲက ထွက်ပြေးမယ်တောင် စိတ်ကူးမိပါတယ်။ ကိုယ့်မှာ ဘာအင်အားမှ မရှိလို့သာ။ ဒါကြောင့် မမဟေမန် ပြန်ရင် လိုက်ခဲ့ပါရစေလို့ တောင်းပန်နေတာပါ'

'လိုက်ခဲ့ပါ...လိုက်ခဲ့ပါ။ မမ ခေါ်သွားမယ်လို့ ကတိပေးပါတယ်။ စိတ်အေးအေးသာ ထားတော့နော်...မောင်လေး'

'ဟုတ်ကဲ့ ကျွန်တော် ဝမ်းသာလိုက်တာဗျာ'

'ကဲ...နောက် ဘယ်သူတွေ ရှိသေးသလဲ ပြောပါဦး'

'ဒေါ်ခမ်းနွဲ့'

'သူကတော့ မမဟေမန် ရှိကတည်းက ရှိတဲ့သူ'

'နောက်...ဒေါ်ခမ်းနွဲ့ရဲ့ ယောက်ျား 'ဦးစံရိပ်'တဲ့၊ သူက အလုပ်အကိုင် ကောင်းတယ်'

'ဘာအလုပ်လို့လဲ'

'ပန်းရန်ဆရာ'

'ဒီမြို့မှာ တိုက်တည်တာလည်း မတွေ့ရပါလား'

'သူ့ ပန်းရန်က တိုက်မတည်ပါဘူး။ ဂူတည်တာ'

'ဟင်...ဂူတည်တယ်'

'ဟုတ်တယ်။ ဒီခြံအလွန် သချိုင်းကုန်းထဲက ဂူတွေဟာ သူ တည်တာချည်းပဲပေါ့'

'မေမေ့ဂူတည်တာ သူ မဟုတ်ပါဘူး'

'ဟုတ်တယ်တဲ့။ မမ ဟေမန် ငယ်လို့ မမှတ်မိလို့ နေမှာ'

'မသိပါဘူး'

'မမဟေမန်ရဲ့ အဘိုးနဲ့ အဘွားရဲ့ ဂူဟောင်းကြီးတွေက တော့ သူ့လက်ရာ ဟုတ်ဟန် မတူပါဘူး'

ပန်ခလုံ တစ်မြို့လုံး အချမ်းသာဆုံးမို့ နှင်းဟေမန်ဦး မိခင်၏ မိဘများ အုတ်ဂူကို အဆင့်အမြင့်များဖြင့် လှပစွာ တည် ဆောက်ခဲ့ကြပါ၏။

ပန်ခလုံခြံ၏ ထောင့်စွန်းမှ ကြည့်လိုက်လျှင် အဘိုးနှင့် အဘွား၏ ဂူနှစ်လုံးကို ယှဉ်တွဲလျက် တွေ့နိုင်ပါသည်။

'ဝိညာဉ်များ ဖမ်းစားဟုတ်တယ်'

ဆို၍ ငယ်ငယ်က အဲဒီဘက်ထောင့်သို့ သွား၍ မကစား ရဲ။ ဤခြံကြီးမှာ ဤဝိညာဉ်များ မြူးထူးပျော်ပါးစွာ စောင့်ကြ





ကျက်ရှိသည်ဟု သိရစဉ်က ကြက်သီးဖြန်းဖြန်း ထခဲ့သည်။

'မမဟေမန် ထွက်သွားပြီးမှ ဒီအိမ်မှာ လူသေပြီးတာ သုံးယောက်ရှိပြီ'

'ဟင်...ဘယ်သူတွေလဲ'

'ခြံစောင့်ကြီး ဦးအိုက်အေး'

'ဟယ်...အဘိုးကြီး သေသွားရှာပြီလား'

'ဟုတ်တယ်။ ခြံထဲမှာ မြွေကိုက်လို့'

'အို...'

'နောက် ဒေါ်ခမ်းနွဲ့ အမေ ဒေါ်ခမ်းလုံ'

'သူကရော ဘာဖြစ်လို့သေတာလဲ'

'မြင်းကြီး ဒီပါက ရင်ဝတည့်တည့် ကန်ထည့်လိုက်တာ။ ကျတော့ မြင်းဇောင်းတိုင်နဲ့ ခေါင်းနဲ့ ရိုက်မိပြီး ဦးဆက် က်တက်ကွဲပြီး သေတာ'

'ဟာ...'

'နောက် ကောင်မလေး တစ်ယောက်။ ခမ်းမိုင်တဲ့...အိမ် ဖ်မလေး။ မမဟေမန် သွားပြီးမှ ခေါ်ထားတာ။ သူကတော့ ဘက် ခြံထဲဆင်းရင်း သူ့ကို ဖြူဖြူကြီးတွေ ဝိုင်းလိုက် တယ်လို့ အသံကုန်အော်ပြီး ပြေးလာထာ ကျွန်တော် ရှိတယ်။ ့ အသံနက်ကြီးကို ခုထိ ကြားနေမိသေးတယ်'

'သူက ခြံထဲ ဘာသွားလုပ်တာလဲ'

'ဦးရှီးမှိုင်းအိမ်က အပြန်တဲ့'

'ဟင်'

'အဲဒီညက သိပ်လန့်အော်ပြီး နောက်နေ့ ဖျားပြီး သေတာပဲ'

'အို...အားလုံး အသေဆိုးနဲ့ချည်းပါပဲလား'

'ဦးစံရိပ်ကလည်းလေ...တစ်ဂူပြီးရင် တစ်ဂူတည်ပြီ'

'ဘယ်လို...'

'တစ်ယောက်ယောက်ဟာ တစ်နေ့နေ့မှာ သေမှာပဲ ဆိုပြီး တစ်ဂူပြီးတာနဲ့ နောက်တစ်ဂူစာ အုတ်မြစ်ချ၊ အင်္ဂတေကိုင်တော့ တာပဲ မမဟောမန်ရေ့'

'အို...မလုပ်ကောင်း လုပ်ကောင်းကွယ်'

'ဖေဖေ မမာကတည်းက ကြိုဆောက်နေလို့ သူနဲ့ ကျွန်တော် ရန်ဖြစ်ရသေးတယ် မမဟောမန်'

'ဒေါ်မြမြချင်းကရော ဒီလိုပဲ ကြည့်နေတာပဲလား'

'ဦးစံရိပ်နဲ့ ဒေါ်ခမ်းနွဲ့ လင်မယားရော၊ ဦးရိုးမှိုင်းရောက မေမေ့ရဲ့ လက်သပ်မွေး လူယုံတွေလေ'

'အင်း...ခက်ပါလား'

'မေမေဟာ ကျွန်တော့်ကို သိပ်ချစ်တာ မမဟောမန် အသိပါ။ ကျွန်တော်ကလည်း မေမေ့ကို အချစ်ဆုံးပါဗျာ။ ဒါပေမယ့် မေမေ ဘာတွေ လုပ်နေမှန်း မသိပါဘူး မမဟောမန်ရယ်။ သူ့ကို အားပေးနေတာက သူ့သားကြီး ကိုကို ကိုနှင်းဝေရယ်လေ'

'မမဟောမန်လည်း ရိပ်မိပါတယ်။ ကဲ...အိမ်သားစာရင်း ပြန်ပြောစမ်းပါဦး'

'နောက်ထပ် ခန့်တဲ့ ခြံစောင့်ကြီး ဦးအဂ္ဂ...'





'အင်း...'

'နောက်...ခြံ အလုပ်သမားတွေကို ကြည့်ရှု ကွပ်ကဲဖို့ ခန့်ထားတဲ့လူ...ကိုညိုမောင်းတဲ့'

'ကိုညိုမောင်း'

'ဟုတ်တယ်။ သူကလည်း ထောင်ထွက် တစ်ယောက်ပဲ။ [illegible]က ကြောက်စရာ'

'နောက်ရော...'

'ကျန်တာတော့ ဒေါ်ခမ်းနွဲ့ လက်အောက်ခံ ခိုင်းတဲ့ [illegible]ကောင်မလေး သုံးယောက်။ နောက် အမောင်လို့ ခေါ်တဲ့ ပအို့ဝ်[illegible]သား တစ်ယောက်။ ဒါပါပဲ။ ခြံအလုပ်သမားတွေ၊ ဧည့်သည်[illegible]တွေကတော့ မကြာခဏ လာကြပါတယ်။ အန်တီ ဒေါ်မြမြဝင်း [illegible]တို့ကတော့ လာလိုက် သွားလိုက်ပါ'

'နေဦး...ဒါဖြင့် ဒီအိမ်ကြီးမှာ ရှိတဲ့ လူတွေ မမဟောမန် [illegible]တွက်လိုက်ဦးမယ်'

'မောင်လေးတို့ သားအမိ သုံးယောက်'

'နောက် ခြံစောင့် ဦးအဂ္ဂ'

'ဟုတ်တယ်'

'နောက် ထောင်ထွက် ကိုညိုမောင်း...သူကရော ဒီခြံမှာ [illegible]သလား'

'နေတယ် မမ ဟောမန်။ ဟိုး မြောက်ဘက်ထောင့်မှာ သူ့[illegible]သူ့ သီးသန့် နေတယ်'

'မိန်းမ မရှိဘူးလား။ ဘယ်အရွယ်လဲ'

'အသက် သုံးဆယ်ကျော်လောက်ပဲ။ ဘယ်က ရောက်လာမှန်းကို မသိဘူး။ သူ့ ဇာတိမြေမှာတော့ မိန်းမ ရှိချင်ရှိမှာပေါ့'

'ဒါပေါ့'

'ကဲ…လူပြန်ရေလေ'

'ဦးအဂ္ဂ၊ ကိုညိုမောင်း၊ ဦးရိုးမှိုင်း၊ ဦးစံရိပ်နဲ့ ဒေါ်ခမ်းနွဲ့လင်မယား'

'ဟုတ်ပါတယ်'

'ပြီးတော့ ကောင်မလေး သုံးယောက်နဲ့ အမောင်'

'ဟုတ်ကဲ့။ နောက် ကျွန်တော်တို့ မိသားစု သုံးယောက်'

'အဲဒီ လူ ဆယ့်နှစ်ယောက်ထဲက တစ်စုံတစ်ယောက်က ဖြစ်စေ၊ ပူးပေါင်းလို့ဖြစ်စေ၊ အမင်္ဂလာ မိစ္ဆာအလုပ်တွေကို ကြံစည် လုပ်ဆောင်နေတာ သေချာပြီ မောင်လေး'

ဆယ်ကျော်သက်ရွယ် မင်းအုပ်စိုးသည် လေးနက်စွာ ပြောကြားနေသော သူ့အစ်မ၏ စကားကို ကြောက်ရွံ့မျက်နှာနှင့်သာ ငေးကြည့်နေရှာသည်။

နှင်းဟောမန်ဦး၏ အတွေးထဲမှာ ရင်ထဲမှာဖြင့် မနှစ်မြို့ခြင်း များစွာဖြင့် ရှုပ်ထွေး နောက်ကျိလျက်…

◆ ◆ ◆





## အခန်း ခုနစ်

ပန်ခလုံဆေးရုံ၏ လူသေအလောင်းများ ထားရှိရာ ရင်ခွဲရုံရှေ့ရှိ အဆောက်အအုံငယ်တွင် စောင့်နေရသည်မှာ ကြာမြင့်လှချေပြီ။

ကိုနှင်းဝေသည် နှင်းဟောမန်ဦးနှင့် အတူ ရှိနေသည်။

စောစောပိုင်းဆီက မင်းအုပ်စိုး လိုက်လာသေးသည်။ အားနည်းလွန်းသဖြင့် လက်များတုန်၍ ချွေးစေးများ ပြန်လာ၍ အိမ်သို့ ပြန်လွှတ်လိုက်ရပါ၏။

'မောင်လေးကိုလည်း ဂရုစိုက်ကြပါဦး။ သိပ်အားနည်းနေသလိုပဲ'

'ဟုတ်တယ်၊ သူ တိုက်ဖွိုက်ရောဂါ ဖြစ်ပြီးစမို့ပါ'

'နေပါဦး။ ဟောမန် မေးပါရစေဦး။ ဖေဖေ့ကိုရော အခုမောင်လေးကိုပါ ဒေါက်တာဝင်းမောင်ဆွေနဲ့ ဘာလို့ မကုကြဘဲ တောနယ် ဆရာဝန်မရှိတဲ့ အရပ်မှာမှ သုံးကြရတဲ့ ဆေးမှုးဦးဝဏ္ဏနဲ့ ဘာလို့ ကုနေကြတာလဲ'

'ဦးဝဏ္ဏနဲ့ မေမေနဲ့က သိပ်ခင်နေလို့ပါ'

'ခင့်ပေမယ့် ဆရာဝန်မှ မဟုတ်ဘဲ။ ဖေဖေဟာ ဘာမဟုတ်တဲ့ ဆေးမှူးတစ်ယောက်ရဲ့ လက်ထဲမှာ အသက်ဆုံးရတယ်။ အခု မောင်လေး မင်းအုပ်စိုးလည်း ဒီလိုပဲ ရေတိမ် အနစ်ခံတော့မှာလား'

'ညီလေး မင်းအုပ်စိုးဟာ မေမေ့သားပါ ဟောမန်ရယ်'

'ကိုယ့်သားတော့ ကိုယ်မသတ်ဘူး ဆိုတာ သိပါတယ် ကိုကို။ ဒါပေမယ့် ဒေါ်မြမြချင်းရဲ့ လုပ်ရ^^ဟာ မမှန်ဘူး'

ကိုနှင်းဝေ သက်ပြင်းသာ ချသည်။ ဘာမှ မပြောပါ...

'အင်းပါလေ...အခုပဲ သိရတော့မှာပါ။ ခွဲစိတ်ခန်းက အဖြေလည်း ထွက်လောက်ပါပြီ။ ရပ်ရွာလူကြီးတွေလည်း စုံနေရောပေါ့'

နှင်းဟောမန်ဦး အားတက်နေသလောက် ကိုနှင်းဝေမှာ ချောက်ချား စိုးထိတ်စိတ်ကို မနည်း ထိန်းထားနေရကြောင်း ပေါ်လွင်လွန်းနေပေသည်။

နှင်းဟောမန်ဦး၏ အနားမှ ထလျှက် အဆောက်အအုံ စွန်းမှာ သွားရပ်နေသည်။ နှင်းဟောမန်ဦးသို့ ကျောခိုင်း၍ ကုန်းမြင့်အောက်ခြေမှ စိမ်းဝေနေသော တောအုပ်များကို သူ ငေးကြည့်နေပေသည်။

ကိုနှင်းဝေနှင့် နှင်းဟောမန်ဦးမှာ ငါးနှစ်သမီးမှ စ၍ အတူတကွ နေလာခဲ့ကြရသည်မှာ ပန်ခလုံမှ နှင်းဟောမန်ဦး ထွက်ခွာသွားသည် အထိပါ။

ကိုနှင်းဝေသည် စာဖတ်နေချိန်၊ အိပ်စက်နေချိန်၊ စားသောက်နေချိန်မှ လွဲ၍ အလုပ်နှင့်လက် မပြတ်အောင် နေတတ်သူ ဖြစ်သည်။

ငယ်ငယ်လေးမှ စ၍ သူ မွေးထားခဲ့သော သူ့မြင်းကြီးဒီပါကို ထာဝရ စီးနေခြင်းကလည်း သူ့ကိုယ်ကာယ ကျန်းမာသန်စွမ်းမှုကို ရရှိစေခဲ့လေသည်လားပင်...

ကိုနှင်းဝေမှာ မြင့်မားလွန်းသော အရပ်နှင့် လိုက်ဖက်အောင် ကိုယ်ကာယ ဖွံ့ထွားသည်။ အဆီများ ပြည့်သော အသားဆိုင်များနှင့် ဖွဲ့စည်းထားခြင်း မဟုတ်။ အဆီမရှိသော ကြွက်သားများဖြင့် ကျစ်လျစ်နေသည်။ ခြေတံက ရှည်သဖြင့် အနောက်တိုင်းသား တစ်ယောက်လို ကြည့်ကောင်းလှသည်။ အေးသော အရပ်မို့ လူတိုင်းလို ဘောင်းဘီဝတ်ကြသည်...။ ဂျာကင်နှင့် ဘောင်းဘီရှည်နှင့် ကိုနှင်းဝေကို ကြည့်ပြီး...

တစ်ချိန်က သူ့ပေါ်တွင် အားကိုးခြင်း များစွာဖြင့် သံယောဇဉ် ကြီးခဲ့ရသလောက် ယခု သူ့ကို စိတ်နာလှသည်။ သည်ကစ်သက် ပြန်လည် မပတ်သက် မဆုံစည်းတော့ပါ။ ပန်ခလုံကို အပြီးတိုင် ကျောခိုင်းလိုက်ပြီဟု စတင်ထွက်ခွာစဉ်က သံဓိဋ္ဌာန်ချခဲ့သော်လည်း ယခု မမျှော်လင့်ချိန်မှာ ရုတ်တရက်ကြီး ရောက်ရှိလာရပြီး ပြဿနာ အရပ်ကို ရင်ဆိုင်နေခဲ့ရလေပြီ။

'ဟဲ့...ဟောမန်'

နောက်ဘက်ဆီမှ ငေါက်ငန်းသော အသံနှင့် ခေါ်လိုက်သဖြင့် အထိတ်တလန့် လှည့်ကြည့်မိသည်။

မြင်ရုံနှင့် အသိက ယှဉ်တွဲပါသော်လည်း ဟုတ်မှ ဟုတ်ရဲ့လား ဟူသော အကြည့်ဖြင့် အံ့သြတကြီး ကြည့်ရင်း...

'ဟင်...ဦးရိုးသူရ'

'အေး'

'ဘယ်...ဘယ်တုန်းက ရောက်လဲ။ နေကောင်းရဲ့လား'

'ဘယ်မှာ နေကောင်းမှာလဲ။ မနေသာလို့ လာခဲ့ရတာပေါ့'

ဦးသူရသည် နှင်းဟေမန်ဦး၏ ဖခင် ဦးအုပ်စိုး၏ ညီတစ်ဝမ်းကွဲ၊ တစ်ဦးတည်းသော အရင်းနှီးဆုံး ဆွေမျိုးပါ။

သူသည် မိုင်းဖြတ်မှာနေပြီး လေဖြတ်ထား၍ ကောင်းစွာ မလျှောက်နိုင်ရှာ။ ယခု တုတ်ကောက်ကို အားပြုလျက် ရင်ခွဲရုံဘက်မှ ထွက်လာပြီး တူမ ဖြစ်သူကို ဒေါသသံဖြင့် ဖြည့်ဆည်းပေါင်းစပ်၍ ပြောကြားနေ၏။

'ကဲ...လာ...ဆရာဝန်ကြီး ရုံးခန်းမှာ ပြဿနာ ရှင်းကြမယ်တဲ့'

'ဖေဖေ...ဖေဖေ ဆိုပြီး အစားထိုးထားတဲ့ လူရဲ့ အလောင်းကို ဦးရိုး ကြည့်ခဲ့ရဲ့လားဟင်'

'အေး...အဲဒါတွေ ပြောရ ဆိုရ ဖြေရှင်းရအောင် ဆေးရုံထဲကို လာခဲ့ပါ ဆိုမှ...'

သူ့ တုတ်ကောက်ကြီးကို တဒေါက်ဒေါက် အသံမြည်အောင် ထောက်ပြီး ရှေ့မှ လျှောက်သွားတော့သည်။

ကိုနှင်းဝေသည် ဦးသူရ၏ လက်တစ်ဖက်ကို ပြေးတွဲလျက် သာသာညင်းညင်း လျှောက်စေရင်း...





'အစားအိမ်ကို ခတ်ခွဲကြည့်တဲ့အဖြေ ရပြီလားဟင် ဦးရိုးသူရ'

'အေး...'

'ဘာ...ဘာတဲ့လဲဟင်'

'အဆိပ်သင့်လို့ ဘာလို့ သေတာ မဟုတ်ပါဘူးတဲ့။ အသည်းရောဂါကြောင့်တဲ့'

'ဟင်း...'

ကိုနှင်းဝေသည် မျက်စိ စုံမှိတ်၍ မျက်နှာကို မော့ပြီး အသက်ပြင်းပြင်း ရှူသွင်းလိုက်ပြီးမှ သူ သက်ပြင်းချနိုင်သည်။

လှိုင်းခတ်နောက်ကျိနေရာမှ ငြိမ်သက်စွာ ကြည်လင်သွားသော ကန်ရေပြင်လို...

ကိုနှင်းဝေ၏ မျက်နှာမှာ စိုးရိမ်ခြင်း လွှမ်းကဲစွာ ဖြစ်နေရာမှ ရုတ်တရက် စိတ်သက်သာစွာ ရသွားသဖြင့် ချက်ချင်းပင် ကြည်ကြည်လင်လင် ဖြစ်သွားခဲ့ပါလေပြီ။

'ဟေမန်'

'ဟင်...'

'ကိုကို တစ်ခု တောင်းပန်ပါရစေ'

'ဘာကိုလဲ'

'ဟိုက လူကြီးစုံရာရှေ့မှာ လက်တွေ့ကျတဲ့ ဖြစ်ရပ်ကိုပဲ တိုင်တန်း ပြောကြားပါလား ဟေမန်ရယ်'

'ကိုကို ဘာကို ဆိုလိုတာလဲ'

'သြော်...မနေ့ညက အော်သံတွေ ကြားတယ်။ အလောင်း

ကြီး ထလာတယ် ဆိုတာတွေ ထည့်မပြောပါနဲ့လားကွယ်၊ နော်...ညီမလေးရယ်'

ကိုနှင်းဝေက တိုးညင်းညင်သာစွာ တောင်းတောင်းပန်ပန် လေသံနှင့် ပြောနေသော်လည်း ဟေမန်၏ မျက်နှာတင်းမာမှုက မပြေလျော့။

ဆေးရုံမှပင် လူမှုရေး ကူညီတတ်သော လူကြီးများ၊ ဆရာဝန်များနှင့် ခွဲစိတ်ခန်းမှူး...

ဦးရီးသူရနှင့် သူနာပြုဆရာမ၊ ပြီးတော့ ဒေါက်တာ ဝင်းမောင်ဆွေတို့သည်...

'ဤအလောင်းရှင်မှာ ဦးအုပ်စိုး အစစ်သာ ဖြစ်ကြောင်း'

'အသည်းရောဂါဖြင့် ရီးရီးတန်းတန်း သေဆုံးခဲ့ခြင်းသာ ဖြစ်ကြောင်း'

များကို အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည်။

လူကြီးများ အားလုံး ပြန်သွားကြချိန်မှာ ကိုနှင်းဝေက...

'ထ...ညီမလေး၊ ပြန်ကြပါစို့ကွယ်'

နှင်းဟေမန်ဦးသည် မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ရှက်ရှုံ့တကြီး ရှိုက်ကြီးတငင် ငိုပါလေသတည်း။

'တိတ်ပါကွယ်...ဒါ ရှက်စရာလည်း မဟုတ်ဘူး။ ဝမ်းနည်းစရာလည်း မဟုတ်ပါဘူး'

နှင်းဟေမန်ဦး ခေါင်းမော့မလာတော့...

'မော့ပါဦးကွယ်...အားလုံး ပြန်ကုန်ကြပြီ...ကိုကိုနဲ့ ညီမလေးပဲ ကျန်တယ်။ ပြန်ကြစို့နော်'

ကိုနှင်းဝေက တွဲယူ ထူမလိုက်သည်။

'အခု ကိစ္စတွေကို အားလုံး မေ့လိုက်၊ အားလုံး မေ့ပစ်လိုက်တော့နော်။ ဒီမှာ ဟေမန်...ညီမလေး'

'အင်...'

'အဲဒါတွေ အားလုံးကို ခဏ မေ့ထားပြီး...ဒီ တောလမ်းလေးက ဖြတ်သန်းသွားရချိန်မှာ ကိုကိုနဲ့ ဟေမန်တို့ရဲ့ ငယ်ဘဝလေးကို ခဏလောက် ပြန်လည် ရှင်သန်ကြည့်လိုက်စမ်းပါသား၊ ကိုကို့ရဲ့ ညီမလေးရယ်နော်...'

'ကိုကိုနဲ့ ဟေမန်တို့ရဲ့ ငယ်ဘဝလေး...'

'ဟုတ်ပါတယ် ဟေမန်'

'ကိုကိုနဲ့ ဟေမန်တို့ရဲ့ ငယ်ဘဝလေး...'

'ကိုကိုနဲ့ ဟေမန်တို့ရဲ့ ငယ်ဘဝလေး...'

◆ ◆ ◆




ကြောင်နှစ်ကောင်စာအုပ်တိုက်

## အခန်း ရှစ်

ကွယ်လွန်လေပြီးကြသော်လည်း အရှိန်အဝါ ကျန်ရစ်ဆဲ သူဌေးကြီး 'ဦးစောမောင်နှင့် ဒေါ်နှင်းအေး'တို့၏ တစ်ဦးတည်းသော သမီး စောနန္ဒာ၏ သဂြိုဟ်ပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

နယ်ဧည့်သည်များ အိမ်မှာ တစ်စုတဝေးကြီးနှင့်...

လူတွေက တရုန်းရုန်း...

ဧည့်သည်ပေါင်း မြောက်မြားစွာ၊ စားသောက်ပွဲကြီးများ ခြိမ့်ခြိမ့်သည်းသည်းနှင့်မို့...

ခုနစ်ရက်ပတ်လုံး နှင်းဟေမန်ဦး...ပျော်...ပျော်မိသေး...

ရက်လည်ပြီး အသီးသီး တစ်သုတ်ပြီးတစ်သုတ် ပြန်သွားကြသူတိုင်းက...

'လိမ်လိမ်မာမာ နေနော် သမီးလေး'





'ဒီကလေးအတွက် ရင်လေးသေးတယ်'

'သေတဲ့လူကတော့ သေပြီ'

'သနားစရာ ကောင်းတာက ဒီကလေးပဲ'

'အင်း...ကိုအုပ်စိုးက နေမယ့်သူ မဟုတ်ဘူး။ မိထွေးနဲ့ နေရရှာတော့မယ်။ သနားပါတယ်'

မိမိကို ကိုင်ကြ၊ ဆွဲကြ၊ နမ်းကြရင်း ပြောပြောသွားသော စကားစုများလေးများကို နားမလည်ပါသော်လည်း အားလုံး ...ားသို့ မှတ်မိနေပါသော...

ငါးနှစ်သမီးလေး နှင်းဟေမန်ဦး...

စောစောပိုင်းဆီက...လူကြီးများနှင့်အတူ ပါရှိလာသော ကလေး အုပ်စုများနှင့် ရောကစားပြီး ပျော်ပါးနေရာမှ သူတို့ ပြန်သွားကြသည့်အခါတွင်...

သူတို့၏ စကား အဓိပ္ပာယ် ကျယ်ဝန်း နက်ရှိုင်းမှုကို နားမလည်သေးသော်လည်း ဝမ်းနည်း အားငယ်မှုက စတင်လာသည်။

ပြီးတော့...

မယ်မယ့်ကို လွမ်းဆွတ်အောက်မေ့ တမ်းတရသော ခံစားမှုက ရင်မှာ ကဲဝှန်လာလေပြီ...

စည်ကား ဆူညံခြင်း ငြိမ်သက်သွားသည်နှင့် အမျှ... မိခင် လွမ်းတမ်းတစိတ်ဖြင့် အားငယ်ရသော ခံစားမှုက ပို၍ပို၍ ပီပြင်လာလေသည်။

ထမင်းစားချိန်မှာ အနားက တယုတယနှင့် ကောင်းနိုး

ရာရာလေးများ ထည့်ကျွေး၊ စောင့်ကျွေးနေတတ်သည့် မယ်မယ့်ကို မမြင်ရတော့...

ဟင်းစုံထည့်ပြီး ရပ်ကြည့်နေသော အစေခံမကြီးကိုသာ မြင်ရသည်။ ဆိတ်ငြိမ် ခြောက်သွေ့လွန်းစွာ စားရသော ထမင်းကို မစားရမီကပင် ရင်မှာ ပြည့်နှင့်နေမယ်ပြီ...

အဆိုးဆုံးက ည...

ထာဝရ ချမ်းအေးနေတတ်သော အရပ်တွင် နှင်းဟောမ်ဦး အတွက် အစဉ် နွေးထွေးနေသော ရပ်ဝန်းလေးတစ်ခု ရှိပါ၏။

မယ်မယ်၏ ရင်ခွင်...

ညအိပ်ရာဝင်လေတိုင်း ပွေ့သိပ်၍ မယ်မယ့်ရင်ခွင်မှာ အိပ်စက်ခွင့်ရခဲ့သည်က ညစဉ်ညတိုင်း နှစ်ခြိုက်စွာ အိပ်ပျော်လေမှ အိပ်ရာပေါ်သို့ ချသိပ်ပေးခဲ့သည်ဟုသာ ပြောသံကြားသည်။ တစ်ကြိမ်တစ်ခါမှ သိခွင့်မရခဲ့။ မယ်မယ့် ရင်ခွင်မှာ နွေးထွေးစွာ ခိုလှုံရင်း လောကကြီး တစ်ခုလုံးနှင့် ကင်းကွာသွားသော ညများချည်းသာ...

ယခုတော့...

ဝွမ်းကပ်ပုံကြားမှာ သိပ်ထားပေးသော်လည်း နှင်းဟောမ်ဦး အိပ်၍မရတော့...

'မယ်မယ်ရေ...သမီးဆီ ပြန်လာခဲ့ပါတော့။ သမီး အောင်ဒမ့်လုပ်ပါပြီ။ မယ်မယ်နဲ့ အိပ်ချင်တယ်'

'မယ်မယ်...ဘာလို့ သေရတာလဲ။ မသေပါနဲ့။ မယ်မယ် မသေပါနဲ့။ သမီး ချမ်းတယ် မယ်မယ်ရယ်'





ပြီးတော့...

'သမီး တစ်ယောက်တည်း အိပ်ရတယ်၊ ကြောက်တယ်... ကြောက်တယ် မယ်မယ်ရဲ့...'

'သမီး...သိပ်ကြောက်တာပဲ'

◆ ◆ ◆

**အခန်း ကိုး**

'နှင့်မယ်မယ်...ဟောဟိုးက ဂူကြီးထဲမှာရှိတယ်'

ဟူသော ဒေါ်ခမ်းနွဲ့ ညွှန်ပြထားခဲ့ဖူးရာ နေရာသို့ နှင်း ဟောမန်ဦး တစ်ယောက်တည်း လျှောက်လာခဲ့သည်။

ငါးနှစ်ရွယ် ကလေးလေးမို့ ဘာမှ မစဉ်းစားတတ်သေး။

မိခင် ရှိနေသည် ဆိုသော နေရာသို့ တမ်းတစိတ်ဖြင့် အားကိုးတကြီး ပြေးလာနေခြင်းသာ ဖြစ်လေသည်။

ဆယ့်လေးဧကမျှ ကျယ်ဝန်းသော ခြံကြီး၏ မြောက်ဘက် ထောင့်တွင် အဆင့်ဆင့် အမြင့်မြင့် ဆောက်ထားသော အုတ်ဂူ အသစ်ကလေး ရှိရာသို့ မောပန်းတကြီး ပြေးလာမိသည်။

**ဒေါ်စောနန္ဒာ**

အသက် ၃၅ နှစ်

ဆိုသော စာတန်းနှင့် သေဆုံးသည့် ရက်စွဲ ဖုဖုထစ်ထစ်





စာလေးများကို ကိုင်ကြည့်သည်။ မဖတ်တတ်...

အုတ်ဂူ့ဖြူဆွတ်ဆွတ် အေးစိမ့်စိမ့်ကို သူ့လက်ကလေး နှင့် တအား ဖက်လိုက်ပြီး...

'မယ်မယ်ရေ...ထပါဦး။ ထလို့ မရတော့ဘူးလားဟင်'

'သမီးလေး...မယ်မယ့်ကို အောက်မေ့လှပြီ မယ်မယ်ရဲ့'

'ထပါဦး...ထပါဦး'

ကလေးငယ်၏ မျက်ဝန်းနုမှ မျက်ရည်ဥလေးများ ဆက် တိုက် ကျဆင်းလာသည်။

လက်ဖျံ လက်ခုံနှင့် ပွတ်သုတ်ရင်းဆက်ငိုသည်။

စကား ဘာမှ မပြောနိုင်တော့...

ရှိုက်သံသာ ဆင့်လာ၏။

ဝမ်းနည်းလွန်းစွာ ငိုကြွေးသော ကလေးတို့သည် 'ရှိုက်'မှု ကို ထိန်းမရ၊ ဆင့်ကဲ ဆင့်ကဲ ငိုရှိုက်နေရှာတတ်သည်။

နှင်းဟောမန်ဦးလေး ငိုရှိုက်နေဆဲ၊ သူ့ခေါင်းပေါ်သို့ ရွက် ခြောက်ကြွေ တစ်ရွက် ကြွေကျလာသည်။

လန့်သွားပါ၏။ ဘာမှန်းမသိ။

လက်ခုံလေးဖြင့် မျက်ရည်ကို သုတ်ရင်း ကျရင်းဖြင့် ရှိုက် သံလေးများ အချက်မှန် လွင့်ပျံ့နေဆဲ...

'အခ...'

ကျောပေါ်သို့ ခရေသီးတစ်ခု ကြွေကျလာသဖြင့် နာကျင် စွာ လန့်ထိတ်ရင်း ဟောမန်လေး၏ အတွေးတွင်းသို့ ဒေါ်ခမ်းနွဲ့ ၏ စကားသံများ ချက်ချင်း ကြားလာရသည်။

'ဟိုးဘက်မှာ ဂူတွေရှိတယ်။ လူသေတွေ မြှုပ်ထားတယ်။ သရဲ ရှိတယ်'

သရဲဆိုတာ သိချင်လို့လား...သရဲဆိုတာ လျှာကြီးက တစ်တောင်လောက် နီရဲလို့။ မျက်လုံးက ပြူးပြူးကြီး၊ ကလေးတွေမြင်ရင် သူ့လျှာကြီး ထုတ်ပြီး လက်နဲ့ လှမ်းပုတ်တယ်။ ပြီးရင်...

'အမယ်လေး...'

ကျောပေါ်ကျသော ခရေသီးကို သရဲကြီး လှမ်းပုတ်လေပြီဆိုသော အသိ ဝင်သွားပြီးသည်နှင့်...

'အား...အမယ်လေး'

အားကုန် ပြေးရှာသည်။

မျက်ရည်များ၊ ချွေးစေးများဖြင့် ကြောက်လန့်တကြားနှင့် အားကုန် ပြေးလာသော နှင်းဟေမန်ဦးမှာ ကမူငယ်လေး တစ်ခုကို ခလုတ်တိုက်လျက် လဲအကျတွင်...

'အို...တော်ပါသေးရဲ့ ကလေးရယ်'

ရင်ခွင်နွေးတစ်ခု...

လဲကျပြီး မြေပြင်သို့ မထိခိုက်မီ ဆီး၍ ဖက်ပွေ့လိုက်လေသူ တစ်ဦး...

အသားလေးများ ဆတ်ဆတ်တုန်လျက်မှ မျက်ရည် စီးသွယ်နေသော မျက်ဝန်းဝိုင်းလေးဖြင့် ချောက်ချား ကြောက်ရွံ့လွန်းစွာ ကြည့်နေပါ၍...

'ညီမလေး...ညီမလေး၊ မကြောက်နဲ့နော်။ ကိုကို ဖမ်းမိလို့ ဘယ်မှလည်း မထိဘူး။ သိလား'





ရင်တွင်းမှ ရှိုက်သံလေး နှစ်ချက် ဆင့်ကဲ ထွက်ရင်းက...

'ကိုကို'

'ကိုကိုက ဘယ်သူလဲဟင်'

'ကိုကိုက ဧည့်သည်ပါ...ညီမလေး။ ပန်ခလုံကို လာလည်တာပါ။ ကဲ...ကဲ...တိတ်ပါကွယ်။ ကိုကို ချီသွားမယ်။ မကြောက်နဲ့နော်...ညီမလေး'

လဲမကျမီက ပွေ့ထားသော ပုံစံအတိုင်းပင်...ရင်ခွင်မှာ မှီခိုနားစေပြီး ပွေ့ချီလာသော...

နှင်းဟေမန်ဦးကို ပွေ့ချီလာခဲ့သော...

ပန်ခလုံ၏ ဧည့်သည်သစ် မောင်နှင်းဝေ...

◆ ◆ ◆

### အခန်း တစ်ဆယ်

'ကိုကို့တို့က ဘယ်တော့ ပြန်မှာလဲဟင်'

'မသိပါဘူး ညီမလေးရာ။ မေမေ ပြန်ရင် လိုက်ရမှာပေ

'ဒီမှာ နေပါလားဟင်'

'ညီမလေးက နေစေချင်လို့လား'

'ဟုတ်ကဲ့'

ငါးနှစ်ရွယ် ဆိုသော်လည်း တချို့ ကလေးများ စကားမ
သေး။ နှင်းဟောမန်ဦးက စကားပီနေလေပြီ။ ဖြူဖြူဖွေးဖွေးနှ
သိပ်ပြီး ချစ်စရာကောင်းသော ကလေး၏ မျက်ဝန်းဝိုင်းလေးမှ
အားငယ် စိုးရွံ့မှုများဖြင့် ဘယ်ရှုထောင့်က ကြည့်ကြည့် သနာ
စရာပါ။

'ညီမလေးက နေစေချင်ပေမယ့် ကိုကိုက ဒီအိမ်မှာ မနေ
ပါရစေနဲ့လို့ ဆုတောင်းနေရဲတယ် ညီမလေး'

'ဟင်...ဘာဖြစ်လို့လဲ'

'ပြောလို့လည်း ညီမလေး နားမလည်နိုင်ပါဘူးလေ'





နားမလည်နိုင်ပါဘူး ဆိုသော စကားကို နားလည်ချင်သော စိတ်ဖြင့်၊ နားမလည်နိုင်စွာ ကြည့်နေရှာသော မျက်နှာလေးကို မောင်နှင်းဝေ သနား၍ မဆုံးနိုင်တော့သော်လည်း...

'ကိုကိုတို့ ဘယ်တော့ ပြန်မလဲလို့ မေမေ့ကို သွားမေးလိုက်ဦးမယ်နော်...'

ရင်နာ ဆွတ်ကျင်ဖွယ်ဟု နားမလည်သေးသော်လည်း ပျော်ရွှင်မှု ပျောက်ကုံးစေသော စကားဟု အားငယ်စွာ နားလည်ရင်း ငေးကြည့်နေမိသည်။

'ကိုကို မပြန်ရပါစေနဲ့'

ဆိုသော နှင်းဟောမန်ဦး၏ ဆုတောင်းကား မပြည့်ဝတော့...

နှင်းမှုန်ဝေသော ဆောင်းဦးနံနက်ခင်းတွင် ကိုကို... ကိုကိုနှင်းဝေ...သူ့မိခင် 'ဒေါ်မြမြချင်း'နှင့် အဖော်တစ်ယောက်တို့မှာ ချစ်ကားတစ်စင်းဖြင့် သူတို့နေထိုင်ရာ မိုင်းဖြတ်သို့ ပြန်သွားခဲ့ကြလေပြီ။

◆

'သမီး...ဘာလို့ ငိုနေတာလဲ'

'အောက်မေ့လို့'

'ဩော်...သမီး မယ်မယ်က ပြန်လာလို့ မရတဲ့ ဟိုးမိုးပေါ်ကို ရောက်သွားပြီလေ။ သမီး လုပ်ချင်တာ ခမ်းနွဲ့ကို ခိုင်း

ပေါ့။ မငိုနဲ့လေ...မယ်မယ့်ကို အောက်မေ့တဲ့စိတ် မထားနဲ့တော့နော်'

'မယ်မယ့်ကိုလည်း အောက်မေ့တာပဲ။ အခု ငိုနေတာကျတော့ မယ်မယ့်ကို အောက်မေ့လို့ မဟုတ်ဘူး'

'ဟင်...ဒါဖြင့် ဘယ်သူ့ကို အောက်မေ့တာလဲ'

'ကိုကို့ကို...'

'ဘယ်သူ...'

'ကိုကို ကိုနှင်းဝေကို'

'ဟင်...'

အံ့သြသော မျက်နှာမှာ ဝင်းကြည် ရွှန်းစိုနေသော မျက်ဝန်းနှင့် ကြည့်လျက် နှင်းဟေမန်ဦးကို ဦးအုပ်စိုးက ပွေ့ချီလိုက်ပြီး...

'သမီးလေးက မောင်နှင်းဝေကို ချစ်တယ်လား။ အတူတူနေချင်တယ်လား။ ကဲ...သူရ။ ငါ မပြောဘူးလား။ ကလေးအတွက် လိုအပ်ပါတယ်လို့'

ဦးအုပ်စိုး၏ ညီတစ်ဝမ်းကွဲ မိုင်းဖြော်မှ ဦးသူရသည် သူ့အစ်ကိုသို့ ရှုးနစ်စွာ ကြည့်ရင်း...

'ကလေးကို အကြောင်းပြစရာ မရှိလည်း မြမြချင်းက ဒီအိမ်ပေါ်က ဆင်းတော့မှာ မဟုတ်ပါဘူး အစ်ကို အုပ်စိုးရာ။ ရှေ့အပတ်ထဲ လာကြမယ် မဟုတ်လား'

'အေး...'

'ကြည့်လုပ်...ကြည့်လုပ်။ မြမြချင်းက နာမည်တစ်လုံးနဲ့





နိုးမပဲ။ ယောကျ်ားသက်စေ့ယူမယ့် မိန်းမလို...'

'သူရ...ဒီကိစ္စမှာ မင်း ဝေဖန်ချက် ငါ ဘာမှ မလိုချင်ဘူး'

'ကောင်းပါပြီ...ကောင်းပါပြီ။ မောင်နှင်းဝေရဲ့ အဖေဟာ လူရိုးလူကောင်းကြီး၊ သူ့ကြောင့် ဟိုက ထောင်ကျသွားရတာ။ အခု မလွတ်သေးဘူး ဆိုတာတော့ အစ်ကို အုပ်စိုး သတိရပါ'

'ငါ မသိဘဲ နေပါ့မလား သူရ။ သူတို့ တရားဝင် ကွာရှင်းပြီးပြီ'

'ဒါဖြင့် အစ်ကိုက တရားဝင် မြမြချင်းကို လက်ထပ်ယူပြီး အိမ်ကြီးမှာ ခေါ်ထားမယ်ပေါ့'

'အေး...'

'ဟင်း...ပန်ခလုံ စံအိမ်ကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်မှာမြင်ယောင်သေးတော့ဗျာ...'

◆ ◆ ◆

## အခန်း တစ်ဆယ့်တစ်

'ဟာ...ကိုကိုက ငိုတယ်'

သူတို့လို ကလေးသည်သာ ငို၏။ ဟိုကို့လို အရွယ်မျိုး လူကြီးများ မငိုကြဟု နှင်းဟောမန်ဦး ထင်မိ၏။

'ငါးနှစ်ရွယ်'က မော့ကြည့်တော့ 'ဆယ့်သုံးနှစ်'ရွယ် ကိုကို ကိုနှင်းဝေသည် ကြီးလှပြီဟု ထင်ရသည်။

မိမိ ရောက်ရှိနေသည့် အရွယ်ထက် ဆယ်နှစ်ခန့် ကြီးသူကို ကြီးလွန်းလှပြီဟု ထင်သည်၊ အိုမင်းချေပြီဟု ယူဆသည်။ ဆယ်ကျော်သက်ရွယ်မှာ အသက် နှစ်ဆယ် ပြည့်သွားသူကို တကယ့် လူကြီးကြီးဟု ထင်မှတ်ကြစမြဲ။ မိမိ အသက်နှစ်ဆယ် ပြည့်ပြန်တော့ အသက် သုံးဆယ်ကို အရွယ်လွန်လေပြီဟု ယူဆသည်။ ကိုယ်တိုင် သုံးဆယ် ပြည့်လာပြန်တော့လည်း ရင့်ရော်လှလေပြီဟု မထင်မှတ်သေး။ မော့ကြည့်လျှင် ပိုမို ကြီးရင့်၍ ငုံ့ကြည့်လျှင် ငယ်သေးတာပဲဟု လူသားတို့၏ အရွယ်ပေါ်တွင် ထင်မြင်တတ်ကြသည့် သဘာဝတရားများပါ။

'ကိုကို ဘာဖြစ်လို့ ငိုတာလဲဟင်'

'စိတ်ညစ်လို့ပေါ့ ညီမလေးရာ'





'ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ'

'စိတ်ညစ်စရာ အကြောင်းရှိလို့ပေါ့'

'ဘာဖြစ်လို့ စိတ်ညစ်စရာ အကြောင်းရှိရတာလဲ'

'ဩော်...အဆင်မပြေလို့ပေါ့'

'ဘာဖြစ်လို့ အဆင်မပြေရတာလဲ ကိုကို'

'ကဲ...တော်ပြီ။ မုန့်လုံး စက္ကူကပ်သလို ပတ်ချာလည်နေပြီ၊ ကိုကိုလည်း မငိုတော့ဘူး။ ညီမလေးလည်း မမေးနဲ့တော့ကွာ'

မိုးမခပင်ကြီးအောက်မှ မောင်နှင်းဝေ၏ မျက်ရည်များ မြေမခရန် သုတ်ပစ်လိုက်ရှာသည်။

'ဖေဖေက ပြောတယ်။ ဒီနှစ် ကျောင်းဖွင့်ရင် ဟောမန် ကျောင်းတက်ရမယ်တဲ့။ ကိုကိုနဲ့ တူတူ သွားရမယ်တဲ့'

'ဩော်...'

ကြေကွဲစိတ်ဖြင့် အဝေးဆုံး နေရာတစ်ခုသို့ မမြင်ရပါဘဲနှင့် လှမ်းမျှော်ကြည့်နေသော မောင်နှင်းဝေထက် အရင် နှင်းဟောမန်ဦးက မြင်နှင့်လိုက်သည်။

'ဟော...ကားပြန်လာပြီ။ ဖေဖေတို့ ပြန်လာပြီ'

နှင်းဟောမန်ဦး မြူးထူးစွာ စောင့်မျှော်နေသော်လည်း မောင်နှင်းဝေက သူ့အကြည့်ကို မြေပြင်သို့ စိုက်ထားလိုက်သည်။

'သားနဲ့သမီးက ဒီမှာ အစ်ကိုကြီးရဲ့'

ဒေါ်မြမြချင်း၏ အသံက သေးသေးစူးစူးလေးနှင့် ဆယ့်

သုံးနှစ် သမီးလေးလို မြူးမြူးကြွကြွ ပြေးလာနှင့်သည်။

ဝတ်ထားလိုက်သည်က အပျံစား။ ဒေါ်ဘောနန္ဒာ၏ လက်ဝတ်လက်စားများနှင့် ဖိတ်ဖိတ်တောက်နေသည်ကို ငေးရုံသာ ငေးကြည့်နေခဲ့မိသည်။ နှင်းဟောမန်ဦး သည်မျှအထိ မသိတတ် မတွေးတတ်သေး။

'သမီး...အဲဒါ သမီးရဲ့ ကိုကိုဖြစ်ပြီ။ အဲဒီ ကိုကိုနဲ့ ကစားနော်'

'ဟုတ်ကဲ့...ဖေဖေ'

နှင်းဟောမန်ဦး သွက်လက်နေသော်လည်း မောင်နှင်းဝေ ခေါင်းမမော့...

'ဒီမှာ...မောင်နှင်းဝေ'

ဖေဖေက ပခုံးကို ကိုင်း၍ ခေါ်တော့မှ မျက်နှာ ဖြည်းဖြည်းချင်း မော့လာသည်။

'ဒါ ရုက်စရာကိစ္စ မဟုတ်ပါဘူးကွ။ မင်းဟာ ငါ့သားဖြစ်ပြီ။ ဟောမန်ဟာ မြသမီး ဖြစ်ပြီ။ မင်းတို့ မောင်နှမ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြကွ ဟုတ်လား'

'ကြားလား သား။ တို့ သားအမိကို ဒီအိမ်ကြီးရဲ့ အရှင်သခင် နေရာမှာ အစ်ကိုကြီးက တင်ပေးလိုက်ပြီ သားရဲ့။ ဒါ ကိုယ့်အိမ်။ အစ်ကိုကြီးဟာ ကိုယ့်အဖေလို့ သဘောထားပြီး ရဲရဲတင်းတင်း ပျော်ပျော်ရွှင်ရွှင် နေနော် သား'

ယင်းစကားများကို ပြောကြားပြီး ကလေးနှစ်ယောက်ကို ကျောခိုင်းလျက် ပန်ခလုံ စံအိမ်ကြီးဆီသို့ သူတို့ ပြန်လျှောက်





သွားကြသည်။

ခါးကိုဖက်၊ လက်ကို တွဲလျက် လျှောက်သွားကြသော ဦးအုပ်စိုးနှင့် ဒေါ်မြမြချင်းသို့ နှင်းဟောမန်ဦးက ကြည့်ကောင်းကောင်းနှင့် လိုက်ကြည့်နေမိသည်။

မောင်နှင်းဝေသည်မူ...

မြေပြင်မှ မြက်ရိုင်းများကို လက်နှင့် ဆွဲယူ ဆွဲနှုတ်လိုက်ပြီးမှ လက်သီးပြင်းပြင်းနှင့် မြေပြင်ကို စုံထိုးလိုက်သည်။

သူ့ရင်မှာ မချိမဆံ့။

မျက်ရည်သီးများ ကြွေလာသည်ကို အံခဲ၍ ထိန်းသော်လည်း မရရှာ။

'ဟင်...ကိုကို...ငိုပြန်ပြီ။ ဘာဖြစ်လို့လဲဟင်'

'သူတို့ လက်ထပ်လိုက်ကြပြီ ဟောမန်ရဲ့။ မေမေက ဖေဖေကို ပစ်ပြီး နောက်ယောကျ်ား ယူလိုက်ပြီ...'

မောင်နှင်းဝေ၏ ကျိတ်ကျိတ်ခဲခဲ ငိုပုံလေးကြောင့် နှင်းဟောမန်ဦး ဝိုင်း၍ မျက်ရည်ဝဲသည်။ သူပြောသော စကားကို ဘာမှ နားမလည်သော်လည်း မိမိ လိုချင်သော ဆန္ဒကိုဖြင့် ဖွင့်ဟမေးမိပါသည်။

'ဒါဆို...ဖေဖေတို့ ပြောသလို ကိုကိုက ဒီမှာ နေရမှာလားဟင်'

မောင်နှင်းဝေ အံခဲရင်း ခေါင်းညိတ်ပြသည်။

'ဟင်...ကိုကိုကလည်း...ဒါများ ငိုစရာလား။ ပျော်စရာကြီးဟာကို'

◆ ◆ ◆

## အခန်း တစ်ဆယ့်နှစ်

မိထွေး ဆိုသည်မှာ မိခင် ဆိုသူနှင့် တစ်ဖက်စွန်းဆီမှာ ရှိနေသော မိန်းမသား နှစ်ဦးပါလားဟု မကြာခင်မှာပင် နှင်းဟောမန်ဦး သိခွင့်ရရှိလာခဲ့ပါပြီ။

လွတ်လပ်ရေး ပျော်ပွဲရွှင်ပွဲများ တစ်မြို့လုံး ခြိမ့်ခြိမ့်သည်းသည်း ကျင်းပနေကြသည်။

မနှစ်က မယ်မယ် ရှိစဉ်က သမီး လက်ကလေးကို တွဲပြီး ခေါ်သွားသည်ကို မှတ်မိနေသည်။ မမြင်ရသော အားကစားပွဲများ၊ ကပြ ဖျော်ဖြေမှုများကို မယ်မယ်ကိုယ်တိုင် ချီ၍ ပင့်မြှောက်ပြသခဲ့သည်ကို ကောင်းစွာ မှတ်မိနေဆဲပါ။

နေ့ခင်းကလည်း ဖေဖေနှင့် ဒေါ်မြမြချင်းတို့ ထွက်သွားကြသည်။ သူတို့ လိုက်မလား ဟူ၍ပင် မမေး။

ယနေ့ညတော့...

ကျောင်း ပဒေသာ ကပွဲရှိသည်။ အနုပညာအသင်းမှ တင်ဆက်မည့် ပြဇာတ်ရှိသည်ဟု ပြောနေသံ ကြားရသည်။ ယခုည ပွဲသွားကြဖို့ ပြောသံဆိုသံများ ကြားနေရ၍ မိမိလည်း လိုက်





ည် အထင်နှင့် အလှဆုံး ခြေမျက်စိဖုံးသည့် ဂါဝန်ရှည်ကို း၀တ်ထားသည်။ သိုးမွေး ခေါင်းစွပ် ဖြူဖြူလေးကိုလည်း ပ်ထားပါ၏။ ဆောင်းကာလမို့ အေးမြခြင်းက ခြုံလွှမ်းလေ သည်။

'ဖေဖေ...သွားတော့မလို့လားဟင်'

'အေး'

'သမီး...ဖိနပ်စီးလိုက်ဦးမယ်နော်'

ဆိုပြီး ခြေအိတ် ဖွေးဖွေးလေးကို အရင် စွပ်နေဆဲ...

'ဘာလဲ...အစ်ကိုကြီးက ဒါလေးကို ခေါ်ဦးမလို့လား...'

'သူ့ဟာသူ လိုက်တာမို'

'လိုက်ရင် သွားကြလေ'

'အို...မြရယ်'

'ဘယ့်နဲ့ မင်းပွဲ စိုးပွဲ သွားမှာ ကလေးက တန်းလန်းနဲ့။ ရှက်တယ် အစ်ကိုကြီးရဲ့။ ကိုယ့်သမီးနဲ့ ကိုယ်သွား။ မြ လိုက်ဘူး'

'အဲ...မြကလည်းကွာ...ကြည့်ပါဦး။ ပြင်ထားတဲ့ အလှ ပျက်ကုန်တော့မှာပဲ။ လာပါ...သွားကြစို့။ သမီး နေခဲ့... က် ဖေဖေ သွားတိုင်း မလိုက်ချင်ရဘူး ကြားလား'

လက်ထဲမှ ကိုင်ထားသော ရှူးဖိနပ်ကလေး လွတ်ကျသွား သည်။

ကလေးငယ်၏ ရင်ထဲမှာလည်း တစ်စုံတစ်ခုသော အရာ ကျသွားသည်သို့ ခံစားလိုက်ရသည်။

နင့်နေသော ရင် အပင့်တွင် ရှိုက်သံ ဆင့်လာသည်။ မျက်ဝန်းနုမှ မျက်ရည်ဥတို့ ကြွေရပြန်လေပြီ။

'အမိမဲ့' ဆိုသော ကလေးငယ် တစ်ဦး၏ ကျိတ်၍ ဝမ်းနည်း ကြေကွဲ ခံစားမှုထက် ကြီးမားသော အားငယ် ဝမ်းနည်းရပုံမျိုး ဤလောကတွင် မရှိပါချေ။

မိခင်၏ မေတ္တာရည်သည် ကလေးငယ်၏အသည်းနှလုံး မျက်လုံး၊ ဦးနှောက်၊ အတွေးအခေါ်၊ လှုပ်ရှားမှု၊ ကိုယ်ခန္ဓာ တစ်ခုလုံး စသည်များ အားလုံးကို ရှင်သန်နေစေရန် အေးမြ ချမ်းငြိမ်းစွာ ထာဝရ သွန်းလောင်းနေစေသော ကျောက်စက်ရေ ရေသို့ပါ။

'ဟာ…ညီမလေး…အို…ငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်'

အဟင့်…အဟင့်…ဆိုသော ရှိုက်သံသည်သာ ဆင့်ထွက်လာသည်။ စကားပြော၍မရ။

မောင်နှင်းဝေသည် နှင်းဟောမန်ဦးကို ပွေ့ချီပြီး လွတ်နေသော ခြေမှ ခြေဖျားလေးများ အေးနေသည်ကို တစ်ချက် ဆုပ်လိုက်ပြီး ခြေအိတ်တစ်ဖက်ကို စွပ်ပေးလိုက်လေသည်။

'ညီမလေး…ဘာလို့ ငိုတယ် ဆိုတာ ကိုကို သိတယ်။ ပွဲမသွားရလို့ မဟုတ်လားဟင်'

ခေါင်းညိတ်ပြရင်း…

'ကိုကို လိုက်ပို့နော်'

မောင်နှင်းဝေက ဘာမှမပြော။ တိုး၍သာ ကလေးကို ဖက်လိုက်သည်။





'ကိုကိုနဲ့ ဟောမန်နဲ့ ပွဲသွားကြည့်ရအောင်။ မုန့်တွေ ဝယ်စားရအောင်နော်။ ဟောမန့်မှာ ပိုက်ဆံ ရှိတယ်'

မောင်နှင်းဝေ ခေါင်းခါပြရင်း…

'ကိုကိုလည်း ညီမလေးလိုပဲ သွားခွင့် မရှိပါဘူးကွယ်'

'ဟင်…ဘာလို့လဲ'

'ကိုကို့ မေမေကလည်း အိမ်မှာပဲနေ၊ ဘယ်မှ မထွက်ရဘူး။ မိုးချုပ်ပြီတဲ့'

မောင်နှင်းဝေ၏ မျက်နှာသည်လည်း နွေနေအောက်မှ နှင်းပွင့်ဖြူလေးလို နွမ်းညှိုးလွန်းလှသည်။

'ကိုကို့ မေမေက ဟောမန့်ကိုလည်း မချစ်ဘူး။ ကိုကို့ကိုလည်း မချစ်ဘူးနော်'

'ကိုကို့ ဖေဖေကို စိတ်နာလို့ ကိုကို့ကိုပါ အချစ်လျော့သွား မသိပါဘူး ဟောမန်ရယ်'

'ခု…ကိုကို့ ဖေဖေရောဟင်'

'ထောင်ထဲမှာ'

'ဟင်…ဘာဖြစ်လို့လဲဟင်'

'မေမေနဲ့ သိပ်ရင်းနှီးတဲ့ လူတစ်ယောက်ကို သတ်မိလို့'

'ဟင်…ဘာဖြစ်လို့ သတ်တာလဲ'

'ပြောပြလို့လည်း ညီမလေး နားမလည်ပါဘူးကွာ… ဒီအကြောင်းတွေ မပြောပါနဲ့တော့'

စကား တစ်လုံး ပြောလေတိုင်း ထပ်ဆင့် မေးခွန်းများ

မေးလေ့ရှိသော ဟေမန်သို့ ဤမျှ နက်ရှိုင်း လေးနက်သော အကြောင်းကိစ္စကြီးကို ရှင်းပြ၍လည်း နားလည်မည် မဟုတ် မောင်နှင်းဝေ ကိုယ်တိုင်ကလည်း ပြန်၍ မပြောချင်သော အကြောင်းအရာပါ။

နှင်းဟေမန်ဦးက ခြေအိတ်ကို ပြန်ချွတ်သည်။ ပြီးတော့ စွတ်စိုလက်စ မျက်ရည်စကို လက်ခုံနှင့် သုတ်ပစ်လိုက်သည် ညိုးညိုးနွမ်းနွမ်းလေး ရှိနေသော ကလေးငယ်၏ မျက်နှာကို မော့ပြီး...

'မငိုနဲ့တော့နော် ညီမလေး။ လာ...အိပ်ရာထဲ သွား အောင်။ ကိုကို ပုံပြောပြမယ်'

'ဟာ...တကယ်ပြောနော်'

ချက်ချင်း ဝင်းပ ကြည်လင်သွားသော မျက်နှာလေးနှင့် သူ ထိုင်နေရာ ခုံပေါ်မှ ခုန်ဆင်းပြီး မောင်နှင်းဝေ၏ လက်ကို မြှောက်လှမ်း ဆုတ်ကိုင်လိုက်သည်။

'လာ...ကိုကို့ အခန်းထဲ သွားမယ်။ ပုံတွေ အများကြီး ပြောပြရမှာနော်'

နှင်းဟေမန်ဦး၏ ငါးနှစ်ရွယ် အရပ်ကလေးသည် မော နှင်းဝေ၏ ခါးသို့ပင် မမီချင်။

အံ့ဩလောက်အောင် တိုက်ဆိုင်တတ်လွန်းသည့် အ တစ်ခု ရှိနေပါ၏။

ဒီဇင်ဘာလ ၃၁ ရက်...

နှစ်တစ်နှစ်၏ နောက်ဆုံးရက်...





ထိုဆောင်းနှင်းဝေသော **ဟေမန်** ရာသီရက်တွင် သူတို့ ဦးလုံး ကို မွေးဖွားခဲ့ကြသည်။

ယခု ဇန်နဝါရီလ...

လွန်ခဲ့သော ဒီဇင်ဘာ ၃၁ ရက်သည် မောင်နှင်းဝေ၏ သက် ဆယ့်သုံးနှစ် တင်းတင်း ပြည့်ခဲ့သလို...

နှင်းဟေမန်ဦး၏ အသက်သည်လည်း ငါးနှစ်တိတိ ပြည့် ၏။

ဆယ့်သုံးနှစ်အရွယ်သည် လူပျိုပေါက်ကလေး ဖြစ်ခါနီး လေးကြီးအရွယ်၊ အရပ်ရှည်၍ ထွားကျိုင်းသော မောင်နှင်း သော အလုံးအရပ် ထွက်လှပြီ။

နှင်းဟေမန်ဦးသည်မူ မြင့်ဖူးသူတိုင်း ပွေ့ယူ နမ်းရှိုက် ရာ ကောင်းလောက်အောင် ပါးဖောင်းဖောင်း ဖြူဖြူဖွေးဖွေး လုံးဝဝလေးနှင့် ချစ်စရာ ကောင်းလွန်းလှသော တကယ့် လေးလေး။

အရွယ်ချင်းက ကွာချင်းတိုင်း ကွာဟလွန်းလှသော...ဘဝ ခဲ့မှသည်...

◆

'ကိုကို စာကူးပေးနော်'

'အင်းပါ...အားလုံး ကိုကို ကူးပေးမှာပေါ့။ ညီမလေး နေ

ကောင်းအောင်သာ နေ'

အိပ်ရာတွင်းမှ ညီမငယ်၏ နဖူးကို စမ်းရင်း မောင်နှင်းဝေ
ပြောလိုက်သည်။ ကိုယ်ပူတော့ ကျသွားပြီ။ ကလေးက မလန်း
သေး။ နွမ်းနေဆဲပါ။

တစ်တန်းကျောင်းသူကြီး ဖြစ်ပြီမို့ စာကို သူ စိတ်စောနေ
ပုံ ရှိသည်။

မောင်နှင်းဝေမှာ မိုင်းဖြတ်မှ ပန်ခလုံသို့ ပြောင်းလာရပြီး
သည်တွင် ကျောင်းဆက်နေဖို့လည်း မစီစဉ်ဖြစ်ပါ၍ မနှစ်က
အတန်းကိုပင် သူ ဆက်၍ နေရရှာသည်။ ရှစ်တန်းပါ။

'အဖေပါနှင့် အမေပါ'

ဆိုသော တစ်ဖက်စီမှ ကလေးချင်းတို့မှာ တစ်ယောက်
နှင့် တစ်ဦး သင့်မြတ် ချစ်ခင်မှု ရှိခဲ့လှသည်။

သူ့သားသမီး၊ ကိုယ့်သားသမီးဘက်သို့ ဖေးမသည်မှာ
ကြီးပေါင်း အိမ်ထောင်သည်ချင်းလည်း ပြဿနာများစွာ ဖြစ်
လေ့ ရှိတတ်ကြသည်။ ကလေးချင်းမှာလည်း မေတ္တာတရား
အခွင့်အရေး၊ ပိုင်ဆိုင်မှု စသည်တို့နှင့် ရှုပ်ထွေးနေတတ်ကြသည်
ချည်း။

မိသားစု တစ်စုတွင် ဖခင်ရော မိခင်ပါ သားသမီးပေါ်တွင်
စိတ်ဝင်စားမှု ကြီးစွာဖြင့် အစစ အရိပ်ကြည့်နေတတ်သော မြတ်
နိုးမှုကို မိဘနှစ်ပါးလုံးထံမှ စုံစုံညီညီ မရရှိတတ်ကြ...

ယင်း မိဘစားမျိုးထဲတွင် မောင်နှင်းဝေအတွက် မော
နှင်းဝေ၏ ဖခင်က တစ်ဦးတည်းသော သားလေးအတွက် လိုက်





လိုက်လှဲလှဲ မြတ်နိုးလွန်းစွာ ချစ်သည်သို့ပင်...

နှင်းဟောမန်ဦး၏ မိခင်သည် မိခင်သည်လည်း သူ၏
တစ်ယောက်တည်းသော သမီးလေးအတွက် ယုယ မြတ်နိုး
လွန်းစွာ လွှန်လွန်ကဲကဲ ချစ်ရှာပါ၏။

ယခု ကျန်ရစ်ကြသော ဦးအုပ်စိုးနှင့် ဒေါ်မြမြချင်းတို့
သည် သားသမီးအပေါ်တွင် ပေါ့ပေါ့တန်တန် စိတ် ထားနိုင်သော
မိဘနှစ်ဦး...။

သူတို့ချင်းဖြင့် ဆယ်ကျော်သက် စုံတွဲလေးများလို...
တွဲတွဲနှင့် တစ်နေ့တစ်နေ့ လမ်းရှာ၍ ထွက်နေတတ်ကြ
သဖြင့်...

ကျန်ရစ်ရှာသော ကလေးနှစ်ယောက်တို့သည် ငတ်မွတ်
နေသော မေတ္တာတရားကို တစ်ဦးက ပေး၊ တစ်ယောက်က ယူ၊
တစ်ယောက်က ပေး၊ တစ်ဦးက ယူနှင့် သူတို့ချင်းလည်း ထာဝရ
တွဲပါဘဲ တတွဲတွဲနှင့် သံယောဇဉ် တရားများ ကြာလေ ခိုင်မာ
ကြီးမားလေ...

ခေါင်းအုံးအောက်ကို လက်လျှိုသွင်းပြီး ဆွဲထုတ်လိုက်
သော ချောကလက်ပြား ပါရှိသည့် ငွေစက္ကူကတ်လေး...

'ရော့...ကိုကို စား'

'အို...ညီမလေး စားပါ'

'မတည့်ဘူးတဲ့'

'နေကောင်းတော့ စားပေါ့'

'ရှိတယ်...ဖေဖေတပည့် လာပို့သွားတာ။ ဒေါ်ခမ်းနွဲ့က

သိမ်းထားတာ။ အဲဒါ ဟေမန် သွားခိုးယူလာတာ။ ကိုကို စားဖို့

'ညီမလေးရယ်...'

ချောကလက်ထုပ်လေးကို လှမ်းယူရင်း မျက်ရည်များ ဝဲလာမိသည်။ မိမိတို့ သားအမိကို သည်အိမ်မှ အစေအပါးများက အစ မကြည်ကြ။ ဒေါ်ခမ်းနွဲ့သည် ဒေါ်မြမြချင်းကို ကြောက်သော်လည်း လစ်...လစ်သလို ယခုလို ခိုးသိမ်းထားသည့် ကို များကို မောင်နှင်းဝေ သိပါသည်။ သူများ အိမ်တွင်လည်း လာနေရ၊ မိခင်ကလည်း ဂရုမစိုက်၍ မောင်နှင်းဝေမှာ စား သောက်ရသည်က အစ မျက်နှာငယ်လှသည်။

မောင်နှင်းဝေ အတွက် တစ်ဦးတည်းသော အားကိုးရာ တွယ်တာရာသည် ညီမလေး နှင်းဟေမန်ဦးသာပါ။

'ဘာလုပ်မလို့လဲ ညီမလေး'

ချောကလက်ကို ခွာစားရင်း မေးမိသည်။ နှင်းဟေမန်ဦး မှာ စောင်ကိုခွာ၍ အိပ်ရာမှ ထနေသောကြောင့်...

'အိပ်ရာထဲမှာ မနေချင်ဘူး။ အပြင်ထွက်ချင်တယ် ကိုကို'

'လာ...လာ...လမ်းမလျှောက်နဲ့ ညီမလေး...ကိုကို ချီသွား မယ်'

ကမ်းလင့်သော လက်နှစ်ဖက်ကို လျှိုလျက် မ၍ချီပြီး နောက်ဘက်ဆောင်မှ အလယ်ခန်းမသို့ ဖြတ်သွားသည်။ ... သာဆောင်မှာ ခေတ္တချီ၍ ပြင်ပကိုပြပြီး...

'ညီမလေး အေးမယ်။ အထဲမှာပဲ နေရအောင်ပါနော်'

'ကိုကို'





'ဟင်'

'ဟိုး...သစ်ပင်ကြီးမှာ ဒန်းလုပ်လို့ ရလားဟင်'

'ဒန်း...ဟုတ်လား'

'အင်း...ပုခက်လို စီးရတာလေ။ ဟေမန့် သူငယ်ချင်း ...ဝတ်ရည်တို့ ခြံထဲမှာ ရှိတယ်။ သိပ်စီးလို့ကောင်းတာ'

'ဩော်...ကိုကို သိပြီ...ကိုကို လုပ်ပေးမယ်။ ညီမလေး ...နေကောင်းတော့ စီးရအောင် လုပ်ပေးမယ်နော်'

နှင်းဟေမန်ဦး လက်ညှိုး ထိုးပြသော မိုးမခပင်ကြီးကို ...မောင်နှင်းဝေ လှမ်းကြည့်မိသည်။ ဤအပင်ကြီးအောက်မှာ ...မမေတို့ လက်ထပ်သည့် နေ့က မျက်ရည်ကျခဲ့ရဖူးသည်။ ...သည့်နောက်ပိုင်းတွင်တော့ ညီမလေးနှင့် မကြာခဏ ကစားကြ ...မှာ...အေးရိပ်သာကြီး...

နှင်းဟေမန်ဦးကို ချီလျက်ပင် အိမ်တွင်းသို့ ပြန်ဝင်လာပြီး ...ဘုလားထိုင်ခုံတွင် ဝင်ထိုင်သည်။ ညီမလေးကို ပေါင်ပေါ်မှ ...ချ...။

'အရင်တုန်းက ဟေမန် နေမကောင်းရင် မယ်မယ်က ...လို့ပဲ အမြဲ ချီထားတယ်'

'ဟုတ်လား'

'ကိုကိုကရော ဟေမန့်ကို ချစ်လို့ ချီထားတာလား...ဟုတ် ...လားဟင်'

'ဒါပေါ့ ညီမလေးရယ်...ချစ်လို့ပေါ့...သိပ်ချစ်လို့ပေါ့။ ...ကို့အတွက် ချစ်စရာ အကောင်းဆုံးဟာ ဖေဖေက လွဲရင်

ညီမလေး ဟေမန်ပါပဲ'

'ကိုကို့ ဖေဖေက ဘယ်မှာလဲဟင်'

'ထောင်ထဲမှာ...'

'ထောင်ဆိုတာ ဘာလဲဟင်'

'လူဆိုးတွေကို ဖမ်းပြီး အုတ်တွေနဲ့ ကာ၊ အင်္ဂစောင့်တွေနဲ့ ထားရတဲ့ အဆောက်အအုံကို ခေါ်တာ'

'ဒါဖြင့် ကိုကို့ဖေဖေက လူဆိုးကြီးပေါ့နော်'

'မဟုတ်ပါဘူး...မဟုတ်ပါဘူး ဟေမန်ရယ်'

'ဟင်...ဒါဖြင့် ဘာဖြစ်လို့ ဖမ်းတာလဲ'

'မမေးပါနဲ့ ဟေမန်ရယ်...ကိုကိုကလည်း ဒီအကြောင်းပဲ ခဏခဏ ပြောမိတာ။ ဖေဖေ့ကို လွမ်းလို့ပါ'

'ဟေမန်လည်း မယ်မယ့်ကို သိပ်အောက်မေ့တာပဲ။ ကိုကို့ ဖေဖေက မယ်မယ့်လို အုတ်တွေနဲ့ ကာထားတာလား။ ဘယ်တော့မှ ထွက်လို့ မရတော့ဘူးပေါ့နော်'

'မဟုတ်ဘူး ညီမလေး...ထွက်လာမှာပါ။ နောင် နှစ်နှစ်ကြာရင် ထွက်လာတော့မှာ...'

'ဟုတ်လား...ကိုကို့ဆီကို ပြန်လာနိုင်တော့မှာပေါ့နော်'

အမေးနှင့် အဖြေ၏ စကားသံက ဆက်ဆင့်မလာ။ ခဏတာ ဝေးကွာပြီးမှ...

'ကိုကို့ဆီကို ဖေဖေက ဘယ်လိုလုပ်ပြီး လာလို့ရမှာလဲကွယ်။ ကိုကိုပဲ ဖေဖေနဲ့ သွားနေမယ်'

'ဟင်...ကိုကို သွားနေမယ်'





'ဟုတ်တယ်...ဖေဖေ လွတ်လာရင် ကိုကို မိုင်းဖြတ်ကိုပြန်တော့မယ်'

'ဟင်...ဒီမှာ မနေတော့ဘူး ဟုတ်လား'

'ကိုကို ဒီအိမ်ကြီးမှာ မနေချင်ဘူး ညီမလေး'

'ကိုကို ပြန်သွားရင် ဟေမန်က ကိုကိုရေ...ကိုကိုရေလို့ ခေါ်ပြီး ငိုနေမှာ...'

'ဟင်...'

'ရွှေကျီး...ရင်လေ၊ ဘယ်ညောင်သည်မှ မလာပါနဲ့။ ကိုကိုရေ...ပြန်လာပါတော့လို့ ပြောနေမှာ'

မောင်နှင်းဝေသည် သူ့ရင်တွင်း ခံစားမှုများကို နီးစပ်ခန်ကန်စွာ တင်ပြတတ်ရှာသော ညီမလေး ဟေမန်၏ အမှန်စကားများကြောင့် သူ့ရင်မှာ နင့်သွားအောင် ဖက်ထားလိုက်မိသည်။

မျက်ဝန်းမှာ မျက်ရည်တို့ ဝေသီလျက်...

သြော်...သေးမျှင်သော သံယောဇဉ်ကြိုးလေးသည် ဆွဲငင်အား ကြီးမားလှချေသည်တကား...။

◆ ◆ ◆

## အခန်း တစ်ဆယ့်သုံး

ဦးရီးမှိုင်း လာခေါ်သည့် နေ့က မောင်နှင်းဝေ၏ အားတက် စိတ်တို့သည် မိုးတိမ်ညွန့်ထက် လွင့်မြင့်နေသေးသည်။

ဝမ်းနည်းရခြင်း များစွာ ကြားမှ ရရှိလာခဲ့သော ဝမ်းသာစရာသည် ထိုက်တန်သည်ထက် လွန်ကဲစွာ တန်ဖိုးရှိတတ်ပါလား။

'ဖေဖေ ထောင်က လွတ်လာပြီ'

'သားသားကို ခေါ်ခိုင်းလိုက်တယ် ဟုတ်လား'

ဆိုသော ကြည်နူးမှု သံစဉ်လှိုင်းတို့သည် ဟေမန် ရင်တွင်းသို့ ဝင်ရောက်လာသည့်အခါ ဆန့်ကျင်ဘက် ခံစားရပါလေပြီ...။

မောင်နှင်းဝေက မသိတော့။ သူ့ကိုလည်း သတိမထားမိ။ ဘာကိုမှလည်း မြင်ဟန် မရှိတော့။ ပထမဆုံး သူ့စာအုပ်များကို သိမ်းကျုံးထုပ်ပိုးသည်။ ပြီးတော့မှ အဝတ်အစားများကို အလုံးလိုက် အထွေးလိုက် သေတ္တာတွင်းသို့ သွပ်သိပ် ထည့်ပါ၏။





စာအုပ်ထည့်သည့် ခြင်းတစ်လုံးနှင့် သေတ္တာကြီး တစ်ခုကို တက်ကြွစိတ်ကြောင့် နိုင်နိုင်နင်းနင်း သယ်ပိုးရင်း သူ့ အခန်းတွင်းမှ ထွက်လာသည်။

ဒေါ်မြမြချင်းသို့ ထိုင်ကန်တော့သည်...။ သူ့မိခင်သည် တစ်ချက် မျက်နှာမပျက်၊ လက်ကိုင် သားရေအိတ်အတွင်းမှ ငွေတန်တစ်ချပ်ကို ထုတ်ပြီး မောင်နှင်းဝေသို့ ပေးလိုက်သည်။

'မင်းအဖေကို ပြောလိုက်ပါ။ ပြဿနာလုပ်ရင် ထပ်ရှုပ်ထွေးနိုင်လိမ့်မယ်။ ကိုယ့်ဟာကို ငြိမ်ငြိမ်နေပါ။ ဒီကိုလည်း လာပတ်သက်နဲ့လို့ ကြားလား...သား'

'ဟုတ်ကဲ့'

'ကဲ...ကိုအောင်မှိုင်း၊ ဖအေနဲ့ ဒီလောက် နေချင်တဲ့ကောင်ကို ဂရုစိုက်သာ ခေါ်သွားပေတော့'

'သြော်...မြမြရယ်။ ကလေးဆိုတာ ဘယ်မှာ ပထွေးနဲ့ နေချင်ပါ့မလဲ။ ပြီးတော့ မောင်နှင်းဝေတို့ သားအဖချင်းကလည်း သိပ်ချစ်ကြတာလေ'

'လာလေ ဦးရီးမှိုင်း...သွားစို့'

ဒေါ်သင္ဘေ့ ဝေလာပြီ ဖြစ်သော ဒေါ်မြမြချင်း၏ မျက်နှာကို တွေ့လိုက်ရ၍ သည်နေရာမှ အမြန်ဆုံး သွားလိုစိတ်ဖြင့် ဦးရီးမှိုင်း၏ လက်ကို ဆွဲခေါ်ထွက်လာခဲ့သည်။

ပန်းခလုံ စံအိမ်ကြီး၏ ပြင်ပသို့ ရောက်သည်နှင့် စိတ်ထက် ပေါ့ပါးသွားရှာသည်။ ခြံဝင်းထိပ်တွင် ဦးရီးမှိုင်း၏ မြင်းလှည်းသားက အဆင်သင့်...။

မောင်နှင်းဝေမှာ ပြုံးပြုံးရွှင်ရွှင် မြူးမြူးကြွကြွဖြင့် ခြံလယ် မြေနီလမ်းမှ ဖြတ်လျှောက်လာခဲ့သည်။ ဘေးဘီသို့ မကြည့်မိ။ ကြည့်ဖို့လည်း သတိမရပါချေ။

'ဟဲ့...ဟိုမှာ ကလေးက ငိုနေပါလား နှင်းဝေ'

ဦးရိုးမှိုင်းက မိုးမခပင်အောက်မှာ အားနွဲ့စွာ ထိုင်လျက် မျက်ရည်သွယ်စီး ရှိုက်ငိုနေသော နှင်းဟေမန်ဦးသို့ လက်ညှိုး ညွှန်ပြနေသည်။

'ဟင်...ညီမ...ညီမလေး'

သည်တော့မှ လက်မှ စာအုပ်ခြင်းကို ချခဲ့ပြီး ပြေးလာမိ သည်။

'ညီမလေးက ဒီမှာကို။ ကိုကို မေ့သွားမိတယ်ကွာ။ မငိုနဲ့ လေ...'

'ကိုကို...'

'ညီမလေး...'

'ကိုကို့ ဖေဖေဆီ ပြန်တော့မှာဆို'

'ဟုတ်တယ်...ဟေမန်'

'ဟေမန်လည်း လိုက်မယ်'

'ဟင်...'

'ဟေမန်လည်း လိုက်မယ်။ ကိုကိုနဲ့ လိုက်ခဲ့မယ်'

ဟေမန်က မောင်နှင်းဝေ့ကို လှမ်းဖက်ထားရင်း ပြောငို ငိုနေသည်။

'ဦးရိုးမှိုင်း...ကျွန်တော့်ညီမလေးကိုလည်း ခေါ်ခဲ့မယ်





နော်...'

'ဟ...ဘယ်ဖြစ်မှာတုံး'

'ဖြစ်ပါတယ်ဗျ။ အဖေက ကျွန်တော့် သဘောပါ'

'ဟကောင်...နှင်းဝေ။ မင်းအဖေကို ပြောနေတာ မဟုတ် ဘူး။ ဒီအိမ်က ဒီကလေးကို တို့နောက်မှာ ဘယ်ထည့်ပါ့မလဲကွ'

'ဟုတ်သားပဲ' ဆိုသော အသိသည် မောင်နှင်းဝေ၏ အား မာန်များကို လျှော့စေသည်။ ဖက်ထားသော လက်သည် ပြေ သွားရပါ၏။ အကြည့်က ရှူးစိုက် ငြိမ်သက်သွားသည်။

ဟေမန်၏ ရှိုက်သံသည် သူ့နှလုံးသားကို သံယောဇဉ် ကြိုးများ အထပ်ထပ် ချည်နှောင်နေသည်သို့ ရှိပါ၏။

'ကိုကိုနဲ့ လိုက်ခဲ့မယ်'

'ကိုကိုနဲ့ လိုက်ခဲ့မယ်'

ဟေမန်က သူ့ရှိသမျှ အားအင်လေးနှင့် မောင်နှင်းဝေကို အား ဖက်ရင်း ဆက်ငိုနေသည်

'ဟေမန့်ကို မထားခဲ့ပါနဲ့'

'ဟေမန့်ကို မထားခဲ့ပါနဲ့'

စောစောဆီက ပျော်ရွှင် တက်ကြွမှုများသည် ဟေမန်၏ မျက်ရည်စများနှင့်အတူ လွင့်ကြွေရပါလေပြီ။

'ဒါ...ဘာဖြစ်နေတာလဲ'

ဦးအုပ်စိုး၏ အသံ ထန်ထန်မာမာကို ရုတ်တရက် ကြား လိုက်ကြရသည်။

'ဟေမန်...အရိုက်ခံချင်သလား။ မောင်နှင်းဝေ သွားပါ

စေ…လွှတ်လိုက်'

ယှက်၍ ဖက်ထားသော လက်ကလေး ဖယ်လိုက်ရသည်။ ကြောက်ရွံ့ နာကျည်းစိတ်ဖြင့် ဖခင်သို့ ကြည့်နေဆဲ…

'မောင်နှင်းဝေတို့ သွားကြတော့လေ…'

ကိုကိုသည်လည်း ဖေဖေသို့ နာကျည်း ကြောက်ရွံ့စွာ ကြည့်ရင်း…ဟေမန်နှ ထံပါးမှ စတင် လှမ်းခွာသည်။

'တစ်လှမ်း…နှစ်လှမ်း…သုံးလှမ်း'

ကိုကို၏ ခြေလှမ်းတို့သည် ဟေမန်၏ လွမ်းဆွတ် ကြေ ကွဲစေမှုများကို ခင်းကျင်းသွားသည်သို့ တဖြည်းဖြည်း များပြာ လာခဲ့သည်။

ထွက်ခွာသူကလည်း နောက်သို့ လှည့်ကြည့် လှည့်ကြည် နှင့်ပါ…

ဟေမန်လည်း ငိုလို့။

ကိုကို ကိုနှင်းဝေလည်း ငိုလို့ပါလား။

ဟေမန်သည် စွတ်ပင် ပြေးလိုက်သွားတော့မည်ဟု ရုတ် တရက် ကြံစည်ရင်း ပြေးလိုက်သည်။

'ဟဲ့…ဟဲ့…ကြည့်စမ်း'

သန်မာဖျတ်လတ်ဆဲ…ဦးအုပ်စိုးက အမိအရ လိုက်ဖမ် တော့သည်။

'ကိုကို…ကိုကိုရေ…'

ဖခင် လက်တွင်းမှ ရုန်းကန်ရင်း အော်ငိုနေသော သမီ ငယ်သို့…





'ဖျန်း…ဖျန်း…'

ဟူသော အသံများ ဆင့်ထွက်လာအောင် တင်ပါးသို့ ပြင်းပြင်း နှစ်ချက်ဆင့် ရိုက်ပြီး…

'ဝင်စမ်း…အိမ်ထဲကို…'

'မောင်နှင်းဝေလည်း သွား'

သားအဖ နှစ်ယောက်၏ ရှန်းရင်းဆန်ခတ် မြင်ကွင်း ကြောင့် ပြန်ပြေးလာသော မောင်နှင်းဝေသို့လည်း အမိန့်ပေး သည်။

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ငိုရှိုက်ရင်း အိမ်တွင်းသို့ ဝင် သွားရရှာသော ညီမလေးကို ငေးကြည့်ရင်း…မျက်ရည်များ စီး နေသော မောင်နှင်းဝေသို့ ဦးရီးမှိုင်းက…

'လာပါ သားရယ်…သူတို့ သားအဖချင်းပဲဟာ… တော် ကြာ ပြီးသွားမှာပါ'

မောင်နှင်းဝေကို သယ်ဆောင်သည့် မြင်းရထားသည် မန်၏ မြင်ကွင်းရှေ့မှပင် ထွက်ခွာ ပျောက်ဆုံးသွားခဲ့ပါပြီ။

ခြောက်နှစ်သမီးလေး ဟေမန်သည် ထိုနေ့က ကိုကိုနှင့် လိုက်ရသော ရင့်မှ နာကျင် ခံစားမှုများကို ယနေ့ထိ သတိရ ဆဲ…အလုံးစုံ မှတ်မိနေဆဲပါ။

ထိုနေ့ကလည်း ဖေဖေ့ကို စိတ်နာ၍ မဆုံးနိုင်ခဲ့…

◆ ◆ ◆

## အခန်း တစ်ဆယ့်

ဖခင်ကြီး 'ဦးစံဝေ'သည် ထောင်မကျခင်က၏ ထက်
စာမျှလောက်သာ ရှိတော့သည်။ ပိန်လှီ ညိုခြောက်သွားရုံ
ဖျတ်လတ် တက်ကြွမှုများပါ ဆုံးရှုံးခဲ့လေပြီ။

'ဟာ…အဖေကလည်း ဘာလို့များ မြေတွေ ပေါက်
တာလဲဗျာ။ သား ကျောင်းက ပြန်လာရင် 'ပေါက်ပါ့မယ်
ပြောထားရဲ့သားနဲ့'

'ကျောင်းက ပြန်လာတာ မောမောပန်းပန်းနဲ့ ကွယ်
သွား…သွား…ငါ့သား ထမင်းသွားစားချေပါ'

မောင်နှင်းဝေမှ လှုပ်ရှားမှုထက် လွန်ကျူးစွာ မော
ဟိုက်နေရှာသော ဖခင်ကြီးကို စိုက်ကြည့်ပြီး လွယ်အိတ်ကို
လိုက်သည်။ ဘာစကားမှ မပြောတော့ပါဘဲနှင့် ဖခင်၏ လ
တွင်းမှ ပေါက်တူးကို ဆွဲယူလိုက်သည်။ ဖခင်ထက် သုံးဆ
ဖျတ်လတ် လျင်မြန်စွာ မြေများကို ပေါက်ယက် တူးဆွလို





။ ဦးစံဝေမှာ သား၏ ဖွံ့ထွားလာသော ကြွက်သားများ၊
အမောင်းများကို အားရစွာ ကြည့်နေမိပါသော်လည်း မခိုင်း
ပါ။ အလုပ်ကြမ်းကို သူသာ လုပ်ချင်ပါသည်။ စိတ်က ရှိ
သော်လည်း ခွန်အားက မလိုက်နိုင်တော့…။ ရောဂါက ဖိစီး
ပြီ…

မျက်စိထဲတွင် စည်ကားသော ကုန်စုံဆိုင်လေးကို မြင်လာ
သည်။ တစ်ဖက်နိုင်ငံမှ ပစ္စည်းစုံ၊ ပြည်မမှ မြန်မာ့ ကုန်စည်
ဖြင့် ဝင်ငွေကောင်းလှသော ဆိုင်လေးနှင့်…ချစ်ဇနီးနှင့် တစ်ဦး
သည်းသော သားလေးနှင့် ဘဝက စိုစိုပြည်ပြည်။

ယခုတော့…

ဦးစံဝေ မျက်နှာမှာ အတိတ်ဆိုး၏ ဂယက်ကြောင့် နာ
ကျည်း ဆို့နင့်စွာ အကျည်းတန်ရပါပြီ။

ငြိမ်းအေး သာယာသော မိမိ၏ ဘဝလေးကို ပျက်အောင်
ဖျက်ဆီးခဲ့ကြသော ဘဝဖျက်သူ နှစ်ယောက်ကိုလည်း ရုတ်ချည်း
ပြန်မြင်လာခဲ့သည်။

'ထွန်းတင်'နှင့်…

'မြမြချင်း'

အချစ်ဆုံး ဇနီးနှင့် အားကိုးဆုံးသော တပည့်…

မတည်ငြိမ်သော မိန်းမတို့ ဖြစ်လေ့ရှိသော အစဉ်လာ
အတိုင်း ကုန်ရောင်းကုန်ဝယ် ခရီးထွက်ရလေသည့် အခါ…အတူ
ရစ်ခဲ့ကြသော ထွန်းတင်နှင့် မြမြချင်းတို့၏ သတင်းကို
ပြန်မရောက်မီကပင် ကြားနှင့်သည်နှင့်…

မမျှော်လင့်သော အချိန်တွင် ပြန်လည် ရောက်ရှိလာခဲ့သော ဦးစံဝေမည်သော ချစ်တတ်လွန်းသည့် လူရိုးလူအေးကြီးမှာ... သူ့ဇနီးနှင့် တပည့်တို့ ချစ်နယ်ကျွံနေကြသော မြင်ကွင်းနှင့် သူ့အသည်းနှလုံး၏ ခံစားမှုနှင့်က မ နိ်မျှ...

ဒေါသရှိသလောက် ခွန်အားကို အသုံးချမိသည်။ သူ့လက်မှ သစ်မာလုံးသည် တစ်ချက်တည်းနှင့် ထွန်းတင်၏ ဦးဆက်ကို ကွဲစေခဲ့သည်။ နေရာတွင်ပင် ပွဲချင်းပြီးပါ၏။

လူမှုရေး ရှုထောင့်မှ လည်းကောင်း၊ ဒေါသအလျောက်ဟူသော သက်သေများနှင့် ဥပဒေ၏ သက်ညှာမှုကြောင့်...

'ထောင်ဒဏ်ငါးနှစ်'

သာ အပြစ်ရခဲ့သည်။ သည်အတွင်း မြမြချင်းက ကွဲကွာခွင့် တောင်း၍ စိတ်နာနာနှင့် အချုပ်တွင်းမှပင် ကွာရှင်းပေးလိုက်ရသည်။

ယခုတော့ သူက ပန်ခလုံ စံအိမ်ကြီး၏ အရှင်သခင်မအဖြစ်နှင့် ကျော့လို့မော့လို့။

ဦးစံဝေသည်သာ ဘဝပျက်ခဲ့ရသည့် အဖြစ်ပါလား။

ထောင်ကျပြီး ရဲဘက်စခန်း၌ အလုပ်ကြမ်း တာဝန် ထမ်းဆောင်ခဲ့ရသည်။ ရောဂါကလည်း ဖိစီး၍ ဦးစံဝေမှာ လျှော့ရက်များစွာ ရရှိပါသော်လည်း သူ့အပြန်လမ်းမှာ ဆုံးရှုံးခြင်းများစွာကိုသယ်ပိုးလျက်သာ...။

ဆိုင်နှင့် အိမ်လေးကိုလည်း မြမြချင်းက ရောင်းပစ်လိုက်ပြီ။ လူငှားနှင့် ထားခဲ့သော ယာခင်းလေး တစ်ခင်းနှင့် တဲငယ်





တစ်လုံး ရှိရာသို့သာ ဦးစံဝေ ပြန်လာရပြီး ချစ်လှစွာသော သားလေး မောင်နှင်းဝေကို ပြန်ခေါ်ကာ မိုင်းဖြတ်မှာပင် ကျောင်းပြန်ထားခဲ့ရသော သားအဖ နှစ်ယောက်၏ လှုပ်ရှားမှုမြင် ကွင်းပါ။

မောင်နှင်းဝေ မြေပေါက်သည်ကို မကြည့်ရက်၍ အတင်းဆွဲလုပြီး ပေါက်တူးကို သိမ်းလိုက်တော့သည်။ သူ ချက်ထားသော ထမင်းနှင့် အာလူးဟင်းကို စားပွဲဝိုင်းငယ်မှာ ထိုင်ပြီး သားအဖ နှစ်ယောက် စားသောက်ကြသည်။

မောင်နှင်းဝေအတွက်မူ ပန်ခလုံ စံအိမ်ထက်ဆီမှ ကျွန်းသား စားပွဲရှည်ကြီးပေါ်တွင် စုံလင်လှသော ဟင်းခွက်များနှင့် စားရသည်ထက် ပိုမို၍ လွတ်လပ်သည်။ ပိုမို၍ မြိန်ရှက်သည်။

'ဟော...ဦးရိုးမှိုင်း'

'အေး...ရော့...ဟိုတစ်နေ့က မြို့ကို တင်ပို့လိုက်တဲ့ အာလူး လှည်းတစ်စီးတိုက်ဖိုး ငွေ...'

အာလူးဈေး ကျနေ၍ ငွေက တစ်ရာပင် မပြည့်။ အာလူးတစ်ခင်းအတွက် ထွန်ယက်စိုက်ပျိုးရသည့် အင်အားနှင့် မမျှတသော ငွေပါ...။ စိတ်ရှိသလောက် မစွမ်းဆောင်နိုင်တော့သော ဦးစံဝေ၏ အားနည်းချက်များ။

'မင်းလည်း ဆရာလေး ဘာလေး ပြဦးလေ စံဝေ'

'ဟုတ်တယ် ဦးရိုးမှိုင်း။ အဖေ့ ကြည့်ရတာ သိပ်မောနေသလိုပဲ။ ကျွန်တော် ကျောင်းထွက်ပြီး ယာခင်းထဲပဲ ဆင်းတော့မယ်'

'အို…မဟုတ်တာ သားရယ်…။ ငါ့သားဟာ ဒီလို အလုပ်ကြမ်းသမား မဖြစ်စေရဘူး။ အဖေ ငွေရှာမှာပေါ့။ ရအောင်ရှာပြီး ငါ့သားကို ကျောင်းထားမှာပေါ့။ ဒီမှာ ကိုမှိုင်း'

'ဟေ…'

'သားကို…သားကို ဝိုင်းစောင့်ရှောက်ပေးပါဗျာ။ တကယ်လို့…တကယ်လို့ ကျွန်တော် သေသွားခဲ့ရင်တောင်…'

'မင်းဟာကလည်း မဟုတ်သေးပါဘူး စံဝေရာ…။ မင်းလည်း ဘာမှ မဖြစ်နိုင်ပါဘူး။ နှင်းဝေအတွက်တော့ စိတ်ချပါ။ ဒီကောင် သိပ်လိမ္မာတာပဲ'

ဦးစံဝေသို့ အားပေးသော်လည်း ဦးအောင်မှိုင်းသည် သူ့ညီအတွက် သိပ်တော့ အားမရလှ။ ထမင်းကို စိတ်မပါပါလျက်နှင့် ဖြည်းဖြည်းချင်း ဆက်စားနေသည်။ ဦးရီးမှိုင်းက သူ့ လွယ်အိတ်တွင်းသို့ လက်လျှို နှိုက်လိုက်ပြီးနောက်…

'ရော့…နှင်းဝေ။ မင်းအတွက်တဲ့။ ကလေးမလေးက ပေးလိုက်တာ'

'ဟာ…'

ချောကလက်ပြားလေး တစ်ကတ်…

'မြမြချင်းနဲ့ကလည်း ငွေကြေးကအစ မကင်းသေးတော့ သွားနေရတယ်။ ငါ မိုင်းဖြတ်က လာတာ မင်းရဲ့ ဦးရီး ဆိုတာ သိတော့ ဟေမန်က အဲဒါလေး ထုတ်ပေးပြီး ကိုကို့ကို သိပ် အောက်မေ့တာပဲလို့ ပြောပေးပါတဲ့။ ကလေး ဖျားနေတယ်'

'အို…'





ညီမလေး၏ အလွမ်း လက်ဆောင်နှင့် တမ်းတသံသည် မောင်နှင်းဝေ၏ ရင်ကို နှင့်နှင့်နဲနဲ လှုပ်ခါစေပါ၏။

'ဦးရီးမှိုင်း ပန်ခလုံကို ဘယ်တော့ သွားဦးမှာလဲဟင်'

'နောက်ကားတစ်ပတ်ပေါ့'

'ဒါဆို ကျွန်တော်လည်း လိုက်ခဲ့မယ်။ အဖေ…ကျွန်တော် ဟေမန့်ဆီ ခဏ ပြန်ချင်တယ်။ နောက် ဦးရီးမှိုင်းနဲ့ ပြန်လာခဲ့မယ်နော်'

'ဟေမန် ဆိုတာ ဘယ်သူလဲ'

'သူနဲ့ "ဖအေပါ မအေပါ ကလေးကွာ။ ဦးအုပ်စိုးရဲ့ သမီးလေး'

'ဟင်…'

'ကလေးက သူ့ကို သိပ်ချစ်နေတယ်။ ငါ သွားခေါ်တဲ့နေ့က ငိုကျန်ရစ်တာများ သနားစရာ'

သူ့ကိုယ်စား ဦးရီးမှိုင်း ဖြေနေစဉ် မောင်နှင်းဝေ၏ အသည်းနှလုံးပေါ်သို့ နှင်းဟေမန်ဦး၏ မျက်ရည်စက်များ ကျရောက်လာသည်သို့ ပူလောင် ပြင်းပျစွာ ခံစားရပါ၏။

နောက်…ငါးရက် ခြားသော ကားတစ်ပတ်တွင် မောင်နှင်းဝေသည် ပန်ခလုံ၏ ဧည့်သည်တော် အဖြစ်နှင့် သွားခါနီးနှုတ်ဆက်သည်။

'အဖေ…ကျွန်တော် ကြာလှ တစ်ပတ်ပါ။ ပြန်လာခဲ့မယ်နော်'

ဟူ၍ အဖေ့လက်ကိုကိုင်ပြီး နှစ်သိမ့်သည်။ မိခင်ထံ ပြန်

ခြင်း မဟုတ်ပါ။ ဖခင်နှင့်အတူ ဆင်းရဲခံ၍ နေရသည်ကို ပျော်ပါသည်။ ညီမလေးနှင့် တွေ့ဆုံရန် ခေတ္တ သွားခြင်းသာ ဖြစ်ပါကြောင်း ဖျောင်းဖျရသည်။

ဦးစံဝေသည် သူ့ရင်နှစ်သည်းချာလေးနှင့် ခွဲခါနီး မျက်ရည် ဝဲရှာသည်။

မောင်နှင်းဝေကဖြင့် ပြုံးရွှင် ပေါ့ပါးစွာ နှုတ်ဆက်ရင်း ထွက်ခွာခဲ့သည်။

'သားလေး...အကြာကြီး မနေနဲ့နော်'

'စိတ်ချ အဖေ။ ဦးရီးမှိုင်းနဲ့အတူ ပြန်လာခဲ့ပါ့မယ်'

ဦးစံဝေက ယဲ့ယဲ့မျှ ပြုံးပြီး သားကို လက်ပြသည်။

ဤမြင်ကွင်းသည် နောက်ဆုံးမြင်ကွင်း ဖြစ်ရပါကြောင်း မသိရှာလေသော မောင်နှင်းဝေမှာ...

◆ ◆ ◆





**အခန်း တစ်ဆယ့်ငါး**

ညီမလေး ဟေမန်အတွက် မောင်နှင်းဝေ တည်ဆောက်ပေးထားသော မိုးမခပင်ကြီး၏ရှေ့ ထင်းရှူးပင်ဒေသာ နှစ်ပင်ကြားမှ သစ်သားခုံနှင့် ဒန်းပေါ်တွင် နှင်းဟေမန်ဦးက မြူးထူးပျော်ရွှင်စွာ ရှိနေပါ၏။

'ကိုကိုရေ...အမြင့်ကြီး လွှဲပေးပါ'

'မြဲမြဲကိုင်ထားနော်...လွှဲပြီ'

မောင်နှင်းဝေက ရှေ့တည့်တည့်မှ ဒန်းကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး တွန်း၍ ပြေးလိုက်သည်။ လက်တစ်ထောင်စာအရောက် မြင့်ပြီးသည်နှင့် ဖျပ်ဆို လွှတ်ပြီး ဘေးသို့ ငုံ့ရှောင်ပေးလိုက်၏။ ဒန်းသည် မြင့်ရာမှ နိမ့်ရာသို့ လေထဲမှာ လွင့်မျော လျှောဆင်းလာပြီး ပစောက်ပုံ အမြင့်သို့ ပြန်တက်သွားပြီးမှ ပြန်ကျသည်။

'အဟား...ဟား...ကိုကိုရဲ့'

'ညီမလေး ကြောက်လို့လား'

'မကြောက်ဘူး...ရင်ထဲမှာ တစ်မျိုးကြီးပဲ'

'ထပ်လွဲပေး...အမြင့်ကြီးလွဲပါ ကိုကိုရ'

လေထဲတွင် လွင့်တက်လိုက်၊ နိမ့်ကျလိုက် ဖြစ်နေသော ခံစားမှုများတွင် ပျော်ရွှင် မြူးတူးနေရှာသည်။ သူ့ဂါဝန်လေး လွင့်နေသလို သူ့နှလုံးသားလေး လွန့်နေအောင်... အေးလိုက် နွေးလိုက်ဖြင့် လှပ်လှပ်ခါ ခံစားရခြင်း၌ အပျော်ကြီး ပျော်နေရှာသော ညီမလေး နှင်းဟောမန်ဦး၏ ပျော်ရွှင်ဂျက်များက မကြာရှည်လိုက်ရပါ။

သုံးရက်မြောက်သောနေ့တွင်...

သတင်းဆိုး တစ်ရပ်သည် မောင်နှင်းဝေကို ပြန်လည် သယ်ဆောင်ဖို့ ရောက်ရှိလာခဲ့ပြန်သည်။

'ဦးစံဝေ မြေပေါက်ရင်း လဲကျသွားလို့ ဆေးရုံကို အချိန်မီ ပို့ကြသော်လည်း ဆေးရုံအထိ အသက်ပါရှိမလာတော့ပါ'တဲ့။

အချစ်ဆုံး ညီမလေးကိုပင် ဂရုတစိုက် နှုတ်မဆက်နိုင်တော့။ လာခေါ်သူ နောက်သို့ အပြေးအလွှား လိုက်သွားရရှာတော့သည်။

ထိုနေ့ ညပိုင်းက...ဦးအုပ်စိုးထံသို့ ဒေါ်မြမြချင်းက တင်ပြလာသည်။

'ဘာပဲဖြစ်ဖြစ် သားမျက်နှာက ရှိသေးတယ် မဟုတ်လား။ သူ့ကိုတော့ သွားပြီး သင်္ဂြိုဟ်ပေးမှ ကောင်းမယ် ထင်တယ် အစ်ကိုကြီးရယ်'

'မြ သဘောပါ။ မြ သဘောပါ'





"**မြမြဝင်း**'တို့နဲ့လည်း မတွေ့ရတာ ကြာပြီ။ မိုင်းဖြတ် မရောက်တာလည်း ကြာပြီလေ...။ အဲဒါ မြပဲ သွားရမှာလား။ အစ်ကိုကြီး လိုက်ပို့မှာလားဟင်'

'မြ လိုက်စေချင်ရင် လိုက်ခဲ့မှာပေါ့'

မြကတော့ လိုက်စေချင်တာပေါ့။ အစ်ကိုကြီးကို မပြောရဲလို့သာ။ မြဟာ မိုင်းဖြတ်မှာ အမည်း စွန်းထင်းခဲ့ရတဲ့ မိန်းမ မဟုတ်လား အစ်ကိုကြီးရယ်... မြ တစ်ယောက်တည်း ဆိုရင် ပြောချင်ဆိုချင်ကြမယ့် သူတွေ ပြည့်လို့ အစ်ကိုကြီး ပါလာရင် ဘယ်သူမှ ပြောရဲကြမှာ မဟုတ်ဘူးလေ။ အစ်ကိုကြီးဟာ မြ အတွက်...တံတိုင်းပါ။ မီခိုရာ အေးရိပ်သာပါ'

သူမသို့ သစ္စာကြီးစွာ ချစ်ခဲ့ရှာသော ခင်ပွန်းဟောင်း၏ အသုဘ ကိစ္စအတွက် လင်းလက်သော မျက်ဝန်း၊ အပြုံးဆမ်းသော နှုတ်ခမ်းများနှင့် ညှိနိုင်၊ ချွဲနိုင်သော ဒေါ်မြမြချင်းပါတည်း။

'ဖေဖေ...သမီးလည်း လိုက်ခဲ့မယ်နော်'

လူကြီးတို့၏ လျှို့ဝှက်ဖုံးကွယ်ခြင်းများ၊ ဟန်ဆောင်မှုများကို နားမလည်သေးသော နှင်းဟောမန်ဦးက ဖေဖေ သွားဖြစ်ပါစေ၊ သူ လိုက်ခွင့်ရပါစေ ဟူသော ဆန္ဒများဖြင့် ဝင်ပြောမိသည်။

'ဒါ ကလေးလိုက်ရတဲ့ နေရာမှ မဟုတ်ဘဲ'

'အို...အစ်ကိုကြီးကလည်း...လိုက်ပါစေ။ ဖအေရော မအေရော သွားတော့ သူလည်း လိုက်ချင်မှာပေါ့။ သမီးလေး လိုက်ခဲ့နော်'

မိထွေးတို့၏ အပြုံးဖြင့် ကြင်နာဟန် ပြပြီး သူ့ကိစ္စနှင့်သူ ခေါ်လိုသည့် အကြောင်းကို ဦးအုပ်စိုး လုံးဝ မရိပ်မိခဲ့...

သည်သို့ဖြင့် ဦးစံဝေ၏ အလောင်း မြေမကျမီ တစ်နေ့ အကြို မိုင်းဖြတ်မြို့သို့ နှင်းဟေမန်ဦးတို့ သုံးယောက် ရောက်ခဲ့ကြပါ၏။

ဒေါ်မြမြချင်း၏ အစ်မအရင်း 'ဒေါ်မြမြဝင်း'၏ အိမ်တွင် ပင် တည်းခိုခဲ့ကြသည်။ သူ့တွင် အမြွှာသားနှစ်ယောက် ရှိသည်။

**'ရန်နောင်စိုး'**နှင့် **'ရန်အောင်စိုး'** ဟူ၍ ပါ၏။

မြမြချင်းမှာ အစ်မဖြစ်သူ အမြွှာပူးမွေး၍ မနိုင်မနင်း ဖြစ်နေသည်ကို ကူညီခဲ့ရသည်။ အငယ်လေး 'ရန်အောင်စိုး'သည် ဒေါ်မြမြချင်း၏ ရင်ခွင်မှာ မွေးခဲ့၍ သူ၏ အချစ်တော် တူလေး ဖြစ်သည်။

ဤ အမြွှာညီအစ်ကိုတို့သည် နှင်းဟေမန်ဦး လျှောက်လှမ်းရမည့် ဘဝ ခရီးလမ်းတွင် အရေးပါ အရာရောက်စွာ ပါဝင်လာမည့်သူ ဖြစ်ကြောင်း နှင်းဟေမန်ဦး မသိနိုင်ခဲ့ရပါ။

တစ်ဦးတည်းသော အသုဘရှင် ဦးရှိးမှိုင်းနှင့်လည်း ဒေါ်မြမြချင်းက ပြေလည်စွာ ပေါင်း၍ အသုဘကို လုပ်သေသပ်စွာ မြေကျစေနိုင်ခဲ့ပါ၏။

လူသားတို့သည် အခက်သားပါလား...

အရိုန်ဝါမဲ့သူ၏ ကောင်းမြတ်သော သတင်းသည် ကျော်စောခြင်း မရှိနိုင်သလို...ကဲ့ရဲ့ဖွယ် ဖြစ်ရပ်သည် ပေါ်ထင်တတ်ကြမြဲ။





ဂုဏ်သိန် အရှိန်ဝါ ကြီးသူတို့၏ ကောင်းသတင်းသည် ပေါ်ထင်သည်ထက် ပေါ်ထင်စေပြီး အပြစ်အနာအဆာတို့သည် ရှိရင်းစွဲထက် သေးမှိန်စေခဲ့သည်။ လူတို့၏ မနောနှင့် အပြောက ထပ်တူညီခဲလှပါ၏။

ဒေါ်မြမြချင်း၏ အတိတ်ဆိုးများ၊ သူ့ကြောင့် နှလုံးရောဂါဖြင့် ရင်ကွဲသေရရှာသော ခင်ပွန်းဟောင်း အကြောင်းများကို သူတို့၏ ရင်မှာသာ တိမ်မြှုပ်ထားကြသည်။

နှုတ်ဖျားမှ သူဌေးကတော် ပန်ခလုံ စံအိမ်ရှင်မကြီးမှ တစ်စုံတစ်ခု အကူအညီ ရလိုရငြားဖြင့် ကောင်းမြတ် နားဝင်စေသော စကားတို့သာ ထွက်ပေါ်လာကြပါသော်လည်း...

မဖုံးအုပ်နိုင်သော သူတို့၏ မျက်ဝန်းများကမူ ရင်တွင်းမှ အနှစ်မြို့နိုင်သော ခံယူချက်များဖြင့် ပြည့်လျှံနေကြဆဲပါ...

'သူ့ယောက်ျား သူဌေးကြီးလည်း ပါလာတယ်။ လင်ပါ သမီးလေးကိုလည်း ချစ်ရှာသား။ ပေါင်ပေါ်ကကို မချဘူး'

ခင်ပွန်း၏ အရှိန်ဟပ်စေရန်နှင့် သဘောထား မြင့်မြတ်သူ ဖြစ်စေရန် ဦးအုပ်စိုးတို့ သားအဖကို တမင် ခေါ်လာခဲ့ကြောင်း ရိပ်သတ်တို့ မသိရှာလေခြင်း...

ဦးစံဝေ၏ အလောင်းထည့် ခေါင်းကို ကြိုးကြီးများဖြင့် နှေပတ်ကြီး မြေတွင်းထဲသို့ ချနေဆဲ အချိန်တွင်...

'အဖေရယ်...'

ဟူသော ကိုကို့ထံမှ နှလုံးပွင့်ကွဲသံ ခပ်တိုးတိုးလေးကို ကြားလိုက်ရသည်။ ကိုကိုသည် မြေစိုင်ခဲများကို သူ့ လက် နှစ်

ဖက်မှာ ဆုပ်ညှစ်ပြီး အံကို ကြိတ်ခဲ့ထားသည်။ ခံစားမှုကို ပိတ်မြို့ထားပါသော်လည်း ပရိဒေဝရင်မှ စီးဆင်းလာသော မျက်ရည်ပူတို့သည် တစ်ပေါက်ပြီး တစ်ပေါက် အဆက်မပြတ်...

ဒေါ်မြမြချင်းက သူ့ကို ရင်ခွင်ပိုက်ပြီး ပတ်ဝန်းကျင် အကာအကွယ် ယူထားရာမှ သူ လျှောထွက်ပြီး မောင်နှင်းဝေ ရှိရာသို့ ပြေးလာခဲ့သည်။ ဒူးထောက်ထိုင်နေသော မောင်နှင်းဝေနှင့် နှင်းဟောမန်ဦး၏ အရပ်က ညီမျှနေသည်။

မောင်နှင်းဝေ၏ ပခုံးတစ်ဖက်မှာ လက်တင်လျက် တစ်ဖက်က သူ့ဂါဝန်စလေးကို မပြီး မျက်ရည်သုတ်ပေးမိသည်။

'ညီမလေးရယ်...ကိုကို့အဖေ သေပြီ'

'ကိုကို့ကို သိပ်ချစ်တဲ့အဖေ သေပြီ ညီမလေးရဲ့'

ပိတ်ဆီး ထားရာမှ ပြိုကျလာသော အရှိန်သည် ကြီးလေစွ...။

မောင်နှင်းဝေက နှင်းဟောမန်ဦးအို့ အားကိုးရာ ဓာစ်ခုပမာဖြင့် သိမ်းကျုံး ဖက်လိုက်ပြီး ဖွင့်ဖိုပစ်လိုက်သည်။

မောင်နှင်းဝေ၏ မျက်ရည်ပူတို့က သူ့မျက်နှာသို့ ကူးစက် စီးဆင်းသည်။ ကိုကို၏ နှလုံးသား ရှိုက်သံကို ထိကပ်သော ရင်မှ သိမှတ်ခံစားရ၍...

'ကိုကို ငိုရင် ညီမလေးလည်း ငိုမှာပဲ ကိုကိုရဲ့'

ဟူ၍ နှစ်သိမ့်သူပါ အငို ကူမိပါလေပြီတည်း...

◆





'မလိုက်ဘူး မေမေ။ အဖေ အသည်းနှလုံး ကြွေသွားခဲ့တဲ့ ယောဒီ မြေမှာပဲ ကျွန်တော် နေခဲ့ပါရစေ'

'မဟုတ်တာ သားရယ်'

'ဟုတ်ပါတယ် မေမေ။ ပထွေးငွေနဲ့ ကျွန်တော် ကျောင်း မတက်ချင်တော့ဘူး။ အဖေ့အမွေ ဖြစ်တဲ့ ဒီမြေမှာပဲ ကျွန်တော့်ဘာသာ လုပ်စားပါရစေ။ ကျွန်တော် ဟိုခြံကြီးကို ပြန်မလိုက်ပါရစေနဲ့။ ဒီမြေမှာပဲ နေခဲ့ပါရစေ...မေမေရယ်'

အစမ်းလေ့ကျင့်ပွဲတစ်ခုကို မြင်ဖူးထားပြီးသည်သို့ပင် မောင်နှင်းဝေ၏ စကားလုံးများ၊ ငိုဟန်များသည် သူမ အကြိုအတွေးအတိုင်းပါပဲလား...

'မောင်နှင်းဝေဟာ သိပ်ပြီး စိတ်ကြီးတဲ့၊ ခွဲကြီးတဲ့ ကလေး အစ်ကိုကြီး။ ဘယ်နည်းနဲ့မှ သူ ပန်ခလုံကို ပြန်လိုက်မှာ မဟုတ်ဘူး။ သားကို ဒီမှာ မထားခဲ့ပါရစေနဲ့ အစ်ကိုကြီးရယ်။ ဟောမန်လေး ခေါ်မှ သူ ပြန်လိုက်မှာပါ။ သမီးလေးကို ခေါ်ခိုင်းပေးပါနော်...'

ချစ်ဇနီး၏ စကားလုံးနှင့် မျက်ရည်ဥတို့ကို ကြည့်ပြီး ဦးဆုပ်စိုးက...

'သမီး ဟောမန်၊ သမီး ကိုကိုကို သွားခေါ်။ ပန်ခလုံကို မလိုက်ရင် သမီးလည်း မပြန်ဘူးလို့ ပြောနော်။ လိုက်ခဲ့ပါလို့ ခေါ်နော်...ကြားလား။ ဟောမန် ပြောရင် မောင်နှင်းဝေက ရမှာပါ ရယ်။ ကဲ...သွားသွား...သမီး ကိုကို့ကို သွားခေါ်ခဲ့ပါ'

ဖခင်နှင့် မိထွေးတို့၏ ခိုင်းစေချက်ကြောင့် မဟုတ်ပါ။

သူကိုယ်တိုင်ပင် သူတို့ပြောခိုင်းသလို ပြောချင်လွန်းသော စကားများပါ။

ကိုကို့ကို ရအောင် ခေါ်မည်။

ကိုကို မလိုက်လျှင် သူပါ နေခဲ့ပါမည်။

ဟူသော အရွယ်နှင့် မလိုက်အောင် ခိုင်မာ ပြတ်သားသော ဆုံးဖြတ်ချက်များဖြင့် မောင်နှင်းဝေကို ပန်ခံလုံသို့ ပြန်လိုက်ခဲ့ပါရန် ခေါ်သည်။

မောင်နှင်းဝေ အပြင်းအထန် ငြင်းရှာပါ၏။

ဟေမန်ပါ နေခဲ့တော့မည် ဆိုသော စကားကို ဆက်လက်ကြားလာရသော့အခါ ဆုံးဖြတ်ပြီးသားမောင်နှင်းဝေ၏ စိတ်ကို စတင် တွေဝေစေခဲ့ပါပြီ။

နောက်ဆုံးတွင်...

'ကိုကို ပန်ခလုံကို မပြန်တော့ဘူးလို့ ဆုံးဖြတ်ထားတာပါ။ ညီမလေး ငိုတာ မကြည့်ရက်လို့...ညီမလေး ဒီမှာ နေခဲ့မယ်ဆိုတာ မဖြစ်နိုင်လို့၊ အို...ညီမလေး ကိုကို့ကို တမ်းတပြီး ငိုနေမှာကို မကြည့်ရက်နိုင်လို့ ကိုကို့ရဲ့ ဆုံးဖြတ်ချက်ကို ပြင်ပြီး မနေချင်တဲ့ ပန်ခလုံကို ကိုကို ပြန်လိုက်ခဲ့ပါတော့မယ်ကွယ်'

နှင်းဟေမန်ဦးမည်သော မောင်နှင်းဝေ၏ သံယောဇဉ်ကြိုးရှင်၊ ကလေးလေးသည်...

မောင်နှင်းဝေ၏ ဘဝ၊ နှလုံးသားနှင့် ဆုံးဖြတ်ချက်များအားလုံးကို လွှမ်းမိုး ပိုင်စိုးနိုင်သူပါတကား...။ ။

◆ ◆ ◆





## အခန်း တစ်ဆယ့်ခြောက်

'လူဆိုတာ မျှော်လင့်ချက် တစ်စုံတစ်ခုနဲ့ အသက်ရှင်ကြတယ် ဆိုတာ သိပ်မှန်တာပဲ'

'အောင်မယ်...ကြီးကြီးကျယ်ကျယ်။ နင့် ဘယ်သူ ပြောသလဲ ဟေမန်'

'ကိုကို ပြောတာပေါ့'

'ပြောပါဦး။ ဘာကို မှန်တာလဲ'

'ဒေါ်ခမ်းနွဲ့ ကြည့်လေ'

'အင်း...'

'သူ တစ်နေ့ ယောကျ်ားရဦးမှာပါ ဆိုတဲ့ မျှော်လင့်ချက်နဲ့ အသက်ရှင်နေတဲ့ အပျိုကြီး ဦးရီးသူရရဲ့'

အပြုံးအရယ် နည်းသော ဦးသူရပင်လျှင် နှင်းဟေမန်ဦး၏ စကားကို နှစ်ခြိုက်ခြင်းဖြင့် ရယ်မောသည်။

'အပျိုကြီးဆိုတာ ဒီလိုပဲပေါ့။ ဘာဖြစ်ဖြစ် ဟေမန် မေမေ

လက်ထက်ကတည်းက အခုချိန်ထိ ဒီအိမ်ရဲ့ တာဝန်ကို ကျေကျေပွန်ပွန် လုပ်ကိုင်ပေးနေတာပဲ ကျေးဇူးတင်ရဦးမယ်'

'ဟုတ်ကဲ့'

'အစ်ကိုတော့ နှင်းဝေ တစ်ယောက် အဆစ်ပါလာတာ သိပ်ဟန်ကျနေပြီ'

'ဟုတ်တယ်...ဖေဖေက ကိုကို့ကို သိပ်ခိုင်းတာပဲ... သနားပါတယ်'

'နှင့်အပူ မဟုတ်ပါဘူး။ သူ့အမေ ရှိပါတယ်။ မြမြချင်းက အလည်ပါ။ သူ့သားအတွက် အကျိုးမရှိဘဲ မခိုင်းပါဘူး'

ဦးရီးသူရသည် စကားပြော ပြတ်သည်။ ဦးအုပ်စိုးလို မချမ်းသာသော်လည်း သူ့ဘဝကို ဖြောင့်မတ် တည်ကြည်စွာ အသက်မွေးသူဟု ဂုဏ်ယူသည်။

ညီအစ်ကိုတစ်ဝမ်းကွဲဆိုသော်လည်း သူ့မှာရော ဦးအုပ်စိုးမှာပါ အရင်းအချာ မရှိ၍ ညီအစ်ကို အရင်းသို့ သံယောဇဉ်ရှိကြသည်။

'မြမြချင်းက ထင်သလောက်တော့ မဆိုးပါဘူး။ စီးပွားရေးလည်း ရှိတ်ဝင်စားသားပဲ'

'အမယ်လေး...သိပ်လှချင်တာပဲ။ သူ့ကို လှတယ် ပြောမှ ကြိုက်တာ။ ဟောမန်ကတော့ ခပ်တည်တည်ပဲ နေပစ်လိုက်တယ်'

'ဟုတ်တယ်။ သူဟာ လောကကို ကြုံသလို ရင်ဆိုင်တဲ့ မိန်းမမျိုးပဲ။ အလှအပ မက်တာဖိ။ ကြုံရာမှာ သဘောယာရင် ပျော်ပစ်လိုက်မယ့် အစားမျိုး။ ကိုစံဝေက သားအတွက်၊ မယားအတွက်





ကြုံပြီး စီးပွားရှာနေတဲ့ လူစားမျိုးလေ။ တို့အစ်ကို ဦးအုပ်စိုးကတော့ မိန်းမ ကျအောင် ပြောတတ်၊ ပြတတ်တော့ အချော့ကြိုက်၊ အနုကြိုက်၊ အလှကြိုက်တဲ့ မြမြချင်းလည်း နည်းနည်းတော့ ငြိမ်သွားမှာပေါ့'

'ကလေးလည်း ရလာပြီလေ...မောင်လေးက ချူချာတော့ သူလည်း အရင်လို သိပ်ပြီး လမ်းမထွက်တော့ပါဘူး'

'ငါတူမ နေရထိုင်ရတာရော အဆင်ပြေရဲ့ မဟုတ်လား...'

'ပြေတယ်လို့တော့ မဟုတ်လှပါဘူး။ ဒါပေမယ့် အိမ်ကြီးက ကျယ်တော့ သူ သီးသန့် ကိုယ် သီးသန့် နေလို့ရတာပေါ့'

'အင်း...စာသာ ကြိုးစားလေ... ဆယ်တန်း အောင်ပြီးရင်တော့ နှင့်အန်တီ ခေမာတို့ဆီ သွားနေပြီး တက္ကသိုလ် တက်လို့ပြီပေါ့'

'ဟာ...ဆယ်တန်း အောင်ဖို့က အဝေးကြီး လိုသေးတာ ဦးရီးရဲ့'

'အချိန် ဆိုတာ ဘာကြာတာလိုက်လို့ ဟောမန်ရယ်။ နင်ခုပဲ ခြောက်တန်း ဖြေရတော့မှာ မဟုတ်လား'

ဟောမန်တို့ အရွယ်မှာဖြင့် တစ်နှစ်ဆိုသည်မှာ ရှည်ဝေးလွန်းသော ကာလဟု ယူဆမိပါ၏။

အသက်ကြီးလာလေ တစ်နှစ်ခရီး ဆိုသည်မှာ တိုတောင်းလွန်းသော အချိန်ခါ ဖြစ်လေ ဆိုသည်ကို မယုံမှတ်တတ်သေး။

'ကဲ...ဦးရီး ပြန်မယ်...အစ်ကို အုပ်စိုးနဲ့က လုပ်ငန်းကိစ္စ

ပြီးပါပြီ။ ငါ့တူမကို တွေ့ချင်လို့ တမင် ကျောင်းဆင်းအောင် စောင့်နေတာ။ ပြန်မယ်နော် ဟောမန်'

'မိုင်းဖြတ်ကို ပြန်မှာလား'

'ဒါပေါ့'

'ကိုကိုနဲ့ တွေ့ပြီးပြီလား'

'ဟင့်အင်း...သူ အစ်ကိုအုပ်စိုး ခိုင်းတဲ့ ကိစ္စတွေ သွားနေတယ်လို့ ပြောတယ်။ ဘာဖြစ်လို့လဲ'

'မဖြစ်ပါဘူး...မိုင်းဖြတ်ကို သူ ဘာများ မှာဦးမလဲလို့'

'သူ့ဦးရီးမှိုင်းဆီလား'

'ဟုတ်ကဲ့'

'သူတို့ ယာခင်းလေးမှာ ရှိတယ်လေ။ မုဆိုးဖိုကြီးမို့ ယာလုပ်ငန်းပဲ လုပ်နေတယ် ဒီမှာ ဟောမန်။ ဒါ...နှင်းဝေ ကိစ္စပဲ။ သူ့အလုပ် သူ လုပ်လိမ့်မယ်။ ကလေး ကလေးဘာသာ နေ။ နေရာတိုင်း ဝင်မပါနဲ့။ ကြားလား။ ဒါပဲ။ ကဲ...ဦးရီး သွားမယ်'

'ဟုတ်ကဲ့...ဦးရီးသူရ'

နှင်းဟောမန်ဦး ဘာမှ မပြောဝံ့၍သာ ငြိမ်နေရသည်။

'ဒါ...နှင်းဝေကိစ္စ'

ဆိုသော စကားကို မကျေနပ်ပါ...။ ကိုကိုနှင်းဝေ၏ ကိစ္စသည် ဟောမန့်ကိစ္စ၊ ဟောမန်၏ ပြဿနာသည် ကိုကို၏ ပြဿနာ။ သူတို့ နှစ်ယောက်သည် သီးခြား ခွဲထွက်၍ မရသော ဘဝနှစ်ခု။ ရောကျစ်ထားသော အကြီးမားဆုံး သံယောဇဉ်ကြိုး နှစ်မျှင်ဟု ကိုကို ပြောပြထားသည်များကို အခြေခံ၍ မှတ်ယူ





ထားမိသည်။

ကိုကိုက ပြောဖူးပါ၏။

အရှေ့နှင့် အနောက် အရပ်ဆီမှ အကြင်နာစမ်းနှင့်... စေတနာ စမ်းချောင်းနှစ်ခု စီးဆင်းရာမှ သံယောဇဉ် အငူစွန်းတွင် ဆုံဆုံပြီး မေတ္တာမြစ် ဖြစ်သွားသည်။ မေတ္တာမြစ်တွင်းမှ ရေကို ပြန်လည် ဆယ်ယူ၍ အကြင်နာ စမ်းရေလား၊ စေတနာ စမ်းရေလား ဟူ၍ ပြန်လည် ခွဲထုတ်၍ မရတော့သလို...

အချစ်ပုံပြင်လေးများကို ပြောပြတိုင်း တင်စားတတ်သည်။ ကိုကိုနှင့် ဟောမန်လည်း သည်သို့ ဖြစ်ချင်ပါသည်။

မြင်းခွာသံ ကြားရပြီ။

မျှော်လင့်နေဆဲ...ကိုကိုသည် 'သူ့အချစ်တော် မြင်းကြီး ဒီပါ'ကို လှုပ ခံ့ညားစွာ စီးလျက် ဟောမန့်နားသို့ ရောက်ရှိလာသည်။ ပစ္စည်းများကို ချသည်။ မြင်းကုန်းနှီးကို ဖြုတ်၏။ မြင်းဇောင်းသို့ သွင်းပြီးမှ ဟောမန့်နားသို့ ကပ်လာ၍ ကောက်ချီ ထိုက်သည်။

ဟောမန်သည် ကျောင်းစိမ်း စကတ်ကလေးနှင့် ကိုကို့ ရင်ခွင်သို့ လွင့်တက်သွားပါ၏။

'ကိုကို့ကို မျှော်နေတာ'

'သိပါ့ဗျာ။ ဒါကြောင့် ကျောင်းဆင်းချိန် မီအောင် ပြန်လာတာပေါ့။ ဒါတောင် နည်းနည်း နောက်ကျသွားတယ်။ ညီမလေး ထမင်းစားပြီးပြီလား'

'ကိုကို မလာဘဲ စားဖူးလို့လား'

'အဲဒါတွေ သိလို့ ဘာအလုပ်လုပ်လုပ် စိတ်မဖြောင့်ဘူး။ နောက် ကိုကို့ကို မစောင့်နဲ့လေ။ ဆာရင် စားနှင့်ပေါ့'

'ကိုကိုက ဒီလို ခွဲခြားကြေးလား'

'အား...မဟုတ်ရပါဘူးဗျာ'

'ခုပဲ ဒီအကြောင်း တွေးနေတာ'

'အောင်မယ်လေး...ဘာတွေများ တွေးနေလဲ အဒေါ်ကြီးရဲ့။ လုပ်ပါဦး'

'ကိုကိုနော်...အကောင်း ပြောနေတာ'

'ကဲ...ကဲ...ပြောပါဦး'

'ဦးရီးသူရက ပြောသွားတယ်လေ။ နှင်းဝေ ကိစ္စ၊ နှင်နဲ့ မဆိုင်ဘူးတဲ့။ အဲလို မဟုတ်ဘူးနော်...ကိုကို။ ဟေမန်နဲ့ ကိုကိုဟာ ကိုကို ပြောတဲ့ ပုံပြင်တွေထဲက စမ်းချောင်းလေး နှစ်ခုလို ပေါင်းစပ်ပြီး ပြန်ခွဲထုတ်လို့ မရသလို မဟုတ်လားဟင်'

ကိုနှင်းဝေ ငြိမ်သွားသည်။ နီးကပ်နေသော ဟေမန်၏ မျက်နှာကို သေသေချာချာ ကြည့်ပြီး အနီးမှ ခုံတန်းလျားပေါ်တွင် ဖြည်းဖြည်းညင်ညင် ထိုင်လိုက်ပြီးမှ ပေါင်ပေါ်က ဟေမန်ကို သူ့ဘေးသို့ ချလိုက်သည်။

'ကိုကိုနဲ့ ညီမလေးက မောင်နှမလေ...။ စောစောက စိတ်ထဲမှာ မနိုင်းရဘူး'

'ဘာဖြစ်လို့လဲ'

'သြော်...အဲဒါတွေက ချစ်သူတွေအတွက် တင်စားတာ'

'ကိုကိုကလည်း ဟေမန့်ကို ချစ်တယ်ဆို...။ ဟေမန်က





လည်း ကိုကို့ကို သိပ်ချစ်တာ'

'အေးပါ...ဒါပေမယ့် မတူဘူး'

'ဘယ်လို မတူတာလဲ'

'မမေးနဲ့ ဟေမန်၊ ဟေမန်လည်း နားလည်မှာ မဟုတ်ဘူး။ နားလည်အောင်လည်း ကိုကို မပြောချင်ဘူး။ ကဲ...ဒန်းစီးမလား။ ကိုကို လွှဲပေးမယ်'

'မစီးချင်ပါဘူး။ သူများ ခြောက်ထောက်နဲ့ ထောက်လို့ မိနေပါပြီ'

'ဒါ စိတ်ဆိုးတဲ့ မျက်နှာလေးပေါ့လေ။ ကဲ...ဒီမှာ ထိုင်ပြီး စိတ်ကောက်နေဦး ဟုတ်လား။ ဆယ့်ငါးမိနစ် ကြာရင် ကိုကို ပြန်လာခေါ်မယ်။ ထမင်း တူတူစားမယ်။ ကိုကို အခု ရေချိုး လိုက်ဦးမယ်နော်'

စူထားသော နှုတ်ခမ်းစုစုလေးကို မနာအောင် လိမ်ဆွဲရင်း ပြုံးပြုံးရွှင်ရွှင် ထွက်သွားသော ကိုကို ကိုနှင်းဝေရယ်...

ရေနစ်သူအတွက် မြက်တစ်ပင်သည် အားကိုးရာတစ်ခု ဆိုသော ဥပမာနှင့် ဆင်သော်လည်း နည်းနေ နိမ့်နေပါသေးသည်။

နွေလယ် ကန္တာရမှ လမ်းပျောက်နေသူအတွက် တွေ့ရှိလာသော သစ်ရိပ်လေးတစ်ခုကို မြတ်နိုးအားကိုးစွာဖြင့် ဖက်တွယ် ခိုနားနေသည့် အဖြစ်မျိုးပါ။

နှင်းဟေမန်ဦးသည် မေတ္တာဆိုသော အရိပ်ကင်းမဲ့သည့်

ဥပေက္ခာ ကန္တာရ အပူတောမှာ အထီးကျန် လျှောက်လှမ်းခဲ့ရသော ကလေးငယ် တစ်ဦးအတွက်...

ကိုကို ကိုနှင်းဝေသည် ချွေးသိပ် အပန်းဖြေဖို့ အငြိမ်းချမ်းဆုံး အေးရိပ်သာလေး အဖြစ်နှင့် တည်ရှိနေပါ၍ အားကိုးခြင်းကြီးစွာဖြင့် တွယ်ကပ် ခိုနားနေမိရှာသည်။

အမိမဲ့သော ကလေး တစ်ယောက်မို့ မေတ္တာမဲ့သော ဥပေက္ခာ အပူတောလယ်မှာ ပြေးလွှားနေရရှာသည်ကို ဖခင်ဖြစ်သူက မမြင်ပါ။ ကိုကိုက မြင်၍၊ သိ၍၊ စာနာ၍ ဖမ်းယူခိုနားစေရှာသည်။

'လာ...ဟောမန်၊ ထမင်းစားကြစို့'

လက်တွဲ၍ ထမင်းစားခန်းသို့ ဝင်သွားချိန်တွင် ဒေါ်ခမ်းနွဲ့မှာ ထမင်းဝိုင်းကို ကြီးကြပ် ပြင်ဆင်နေသည်။ သည်အိမ်၏ စည်းကမ်းက ဦးအုပ်စိုးနှင့် ဒေါ်မြမြချင်း ထမင်းစားပြီးမှ ကျန်လူများ အလျဉ်းသင့်သလို စားခွင့်ရှိသည်။ ဒေါ်မြမြချင်း ထုတ်ပြန်ထားသော ဥပဒေကို သူ့သားဖြစ်သူပင် ကျော်လွှားနိုင်ခွင့် မရှိ...

ဦးအုပ်စိုးသည်မူ ငါ့သမီးလေး အဆင်ပြေရဲ့လား–ဘာများ လိုအပ်တာ ရှိသေးလဲတု ငုံ့စောင်း၍မျှ ကြည့်ဖော်မရ ထမင်းဟင်း အဆင်သင့်၊ ကျောင်းကိစ္စ ကုန်ကျပစေ၊ လခ တစ်လ တစ်ရာ၊ အဝတ် လိုသမျှ ဝယ်စေ၊ ဤ လိုက်လျောမှုများသည် ဖခင်တစ်ယောက်အတွက် ပြီးပြည့်စုံ လုံလောက်နေပြီဟု ထ… နေသော ဦးအုပ်စိုး...။





နှင်းဟောမန်ဦးလို ကလေးနေရာမှမူ...

ပစ္စည်းဥစ္စာနှင့် မုန့်ဖိုးငွေထက် တပ်မက် မြတ်နိုးစရာအရာသည် 'မေတ္တာတရား' ဆိုသည်ကို မသိလေခြင်း...

မေတ္တာ ငတ်မွတ်နေသော ကလေးတစ်ယောက်အတွက် ပြည့်ဝ လုံလောက်စွာ ပေးစွမ်းသော ကိုနှင်းဝေ၏ အလိုလိုက်မှုမေတ္တာများကို ရှိုက်မက်စွာ ခံယူမိသည်။

'ဟင်...ဒါတွေ မစားချင်တော့ဘူး။ ဟိုဟာပေး'

ဟင်းပန်းကန်ထဲမှ အရိုးထွင်ပေးပြီးသား ငါးအသား စုပုံကို လက်ညှိုးထိုးပြီး ကိုနှင်းဝေ ပန်းကန်ထဲမှ ပဲပုပ်နှင့် ခရမ်းချဉ်သီးဟင်းကို ဆက်လက် လက်ညှိုးညွှန်သည်။

'ဒါက စပ်တယ်လေ...ငါးနဲ့ ထမင်း နယ်စား။ ကိုကို နယ်ပေးရမလား'

'စပ်ပစေ၊ စားမှာပဲ'

ပဲပုပ်ဟင်း ပေးလိုက်ရသည်။ ငရုတ်သီးစိမ်းကို ထောင်းပြီး ခရမ်းချဉ်သီး ထည့်ချက်ထားသဖြင့် နှင်းဟောမန်ဦး ရှူးရှူးရှဲရှဲနှင့် စပ်သွားလေပြီ။ ရေတစ်ခွက် ပြေးခပ်ပေးပြီး...

'တကယ် ကဲတယ်။ မပေးရင်လည်း စိတ်ကောက်ဦးမယ်။ ရော့...ပါးစပ်ဟ။ ဒါလေး စားလိုက်စမ်း'

ကြက်ဥကြော်၏ အလယ် ဗဟိုကို ဖောက်၍ အနှစ်ကို လက်ညှိုးနှင့် ကော်ယူပြီး ပါးစပ်တွင်းသို့ ခွံ့ပေးလိုက်သည်။

မျက်ရည်များ ဝိုင်းလာသော်လည်း သူ့အပြစ်နှင့် သူမို့ မျက်ဝန်းများက ကြည်လဲ့ ပြုံးရယ်လျက်ပါ။

ကိုနှင်းဝေမှာ ကလေးတစ်ယောက်လို ဘယ်သောအခါမှ လွတ်လွတ်လပ်လပ် မရှိခဲ့ရ။ အပြင်သွားလေတိုင်း ကလေးများ ငါ့ကို မျှော်နေမလား၊ ထမင်းစား စောင့်နေမလားနှင့် တထင့်ထင့်...

ညီမလေး ဟေမန် အနေနှင့် သူ့အပေါ်တွင် သူစိမ်းပြင်ပြင် စိတ်ထားလျှင်လည်း အကောင်းသား။ ယခုတော့...ကလေးကိုယ်တိုင်က သူ့ကို တွယ်တာလွန်းမှန်း သိလေ...သူ့သံယောဇဉ်က ပိုမိုကြီးမားရလေ ဖြစ်နေသည်။

'ကိုကို အဲဒီစာအုပ် ဖတ်ပြီးရင် ပြန်ပြောပြနော်'

'ဒါက ဝတ္ထုမှ မဟုတ်တာ။ ဘယ်ပြန်ပြောလို့ ရမှာလဲ'

'ဒါဖြင့် ဘာလဲ'

'နတ်သျှင်နောင်ရဲ့ ရတုတွေ'

'ရတုဆိုတာ ဘာလဲ'

'ကဗျာပဲ ဆိုပါတော့ကွာ'

'ဇာတ်လမ်း မရှိဘူးလား'

'ဘယ်ရှိမလဲ။ ခံစားမှုတွေပေါ့'

'ဟာ...ဒါဆို မဖတ်နဲ့။ ဟေမန့်ကို ပြန်ပြောလို့ရတဲ့ ဥစ္စာမှ ဖတ်'

'နေစမ်းပါ ဟေမန်ရယ်။ တကယ့်ကို ရသမြောက်တဲ့ ဂန္ထဝင် စာပေတွေမို့ပါ။ ပြန်ပြောပြရတဲ့ ဝတ္ထုတွေ ဖတ်ပြီးတော့လည်း ပြောပြပြီးပြီလေ။ ဟေမန်လည်း စာတတ်နေပြီပဲ။ ဖတ်ကြည့်ပေါ့'





'ဟာ...ဝတ္ထုကြီး တစ်ပုဒ်လုံး ကုန်အောင် ဖတ်ရမှာ ပျင်းစရာကြီး...။ ကိုကို ပြောပြတာပဲ နားထောင်ချင်တယ်... ဒီမှာ ကိုကို...'

'အင်း...'

'ကိုကို ပြောပြသမျှ အားလုံးထဲမှာလေ...ရိုမီယိုနဲ့ ဂျူးလီယက်ရယ်...ရှင်မွေ့နွံနဲ့ မင်းနန္ဒာရယ်ကို အကြိုက်ဆုံးပဲ...။ ဟေမန့် စိတ်ထဲမှာ စွဲနေတယ် ကိုကိုရဲ့။ သူတို့ ဘာလို့ သတ်သေကြတာလဲဟင်...'

'ချစ်လွန်းလို့ပေါ့'

'ချစ်တယ်ဆိုတာ သေရဲတယ်လား'

'ဒါပေါ့...တကယ်ချစ်လာရင် အရာရာကို စွန့်လွှတ်ရဲလာတယ်။ အသက်ကိုတောင် စွန့်လွှတ်ရဲတာပေါ့'

'သိပ်သနားစရာ ကောင်းတာပဲနော်။ အဲဒီ ဇာတ်လမ်းလေးတွေ တွေးမိရင် ဟေမန် ည အိပ်လို့ မပျော်ဘူး။ သိပ်သနားတာပဲ'

'ဒါက ဝတ္ထုနဲ့ ဒဏ္ဍာရီဆန်ဆန် ဖြစ်ရပ်တွေပါ ဟေမန်။ တကယ်မှ မဟုတ်တာ'

'အပြင်မှာရော...သိပ်ချစ်လို့ သတ်သေသွားကြသူတွေ ရှိသလားဟင်'

'ရှိတာပေါ့...အချစ်အတွက် အသက်စွန့်သွားကြတဲ့ချစ်သူတွေ အများကြီးပဲ...'

'သနားပါတယ်နော် ကိုကိုရယ်...ဟေမန်သာ ဆိုရင်

လည်း ဂျူးလိယက်လိုပဲ ကိုယ့်အတွက်ကြောင့် သေသွားရတဲ့ ရိုမီယိုလို လိုက်သေမှာပဲ'

'ဟေမန်...ဘာတွေပြောနေတာလဲ။ ထမင်းစားပြီး သွားအိပ်တော့လေ'

'ကိုကို...ဟေမန့်နားမှာ စာလာဖတ်နော်'

ဝင်နေကျ၊ သိပ်နေကျ၊ ပုံပြောပြနေကျ အိပ်ရာထက်ပေါ်သို့ ရောက်လာကြသည်။

မျက်စိလေးမှိတ်ပြီး အိပ်မပျော်သေးသော ဟေမန်သည်လည်းကောင်း...

ရတုပေါင်းချုပ် စာအုပ်ကို ကိုင်၍ ဖတ်နေသော ကိုနှင်းဝေသည် လည်းကောင်း...

အာရုံများက ပစ္စုပ္ပန်မှာ မရှိကြ။ ပျံ့လွင့်သော အတွေးများထဲတွင် အသက်စွန့်လှူရဲကြသော ဂန္ဓဝင် အချစ်သူရဲကောင်းများ အကြောင်းကိုသာ ပြန်လည်၍ တွေးတောနေမိကြလျက်...

◆ ◆ ◆





**အခန်း တစ်ဆယ့်ခုနစ်**

နွေရွက်ကျင်တို့ အလွင့်လွင့်ကြွေလေပြီ။

ပင်အိုသည် နုဝေသော ရွက်သစ်တို့ဖြင့် တင့်တယ်လှပပြန်၏။

ရွက်နုမှသည်...ရွက်စိမ်းရင့် ခန္ဓာပေါ်သို့ နှင်းပွင့်နှင်းစက်ကြွေသက် ခိုနားပြီး...

ထိုရွက်စိမ်းရင့်မှသည် ဇရာရုပ်သွင်သို့ ကူးပြောင်းကာ ရွက်ကျင်ကြွေကျသော နွေလရာသီ နိဂုံးမှာ...

နိုးထလာသော မုတ်သုန် မိုးစက်တို့ နှုတ်ဆက်အပြီး ...

ဟေမန်နှင်းအေး၊ ဂိမ္မာန် နွေနေတို့ တစ်ပတ်ပြီး တစ်ပတ် ...ည်ခဲ့သည်မှာ...

လေးကြိမ်၊ လေးခါ၊ လေးရာသီ ရှိခဲ့ပါပြီ...။

◆

ဆယ်နှစ်ရွယ်လောက် ရောက်လာပြီဖြစ်သော၊ မင်းအုပ်စိုး သည် ကြီးလာလေ ဆိုးလာလေပါ။

ငယ်စဉ်က ချူချာ၍ အလိုလိုက်ထားခဲ့ရာမှ ကြီးလေ- ထိန်းမရ သိမ်းမရလေ ဖြစ်လာခဲ့သည်။

ဒေါ်မြမြချင်းသည်လည်း ဆိုးလွန်းသော သားငယ်သို့ ငွေပေး၍ အဆိုးကိုဖြေလေ...အဆိုးက ရင့်သန် ကြီးထွားလာ လေမို့ သားနှင့် လက်ပွန်းတတီးကို မနေဖြစ်တော့။ မနေချင် တော့...။

သူ ဦးတည်ရာသည် စီးပွားရေး တစ်ခုတည်းသို့ သာ-

သူ့စီးပွားရေး လုပ်ရှားမှုတွင် ပါဝင် လက်တွဲ ကူညီလာ သူက သူ၏ အစ်မအရင်း 'ဒေါ်မြမြဝင်း'။

တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများ သယ်ယူ၍ ပြန်လည် ဖြန့်ဖြူးသော လုပ်ငန်းပါ။

ဤကိစ္စအတွက် ဒေါ်မြမြဝင်းမှာ မိုင်းဖြတ်နှင့် ပန်ခလုံသို့ ကူးချည် သန်းချည်။

ဒေါ်မြမြဝင်းနှင့်အတူ သူ၏ သားနှစ်ယောက်က ပါရှိလာ





တတ်သည်။ အကြီး 'ရန်နောင်စိုး'က မိုင်းဖြတ်သို့ မကြာခဏ ပြန်လိုက်သော်လည်း ဒေါ်မြမြချင်း၏ အချစ်တော် တူလေး 'ရန်အောင်စိုး'က ပန်ခလုံ ခရီးတွင် အနေ ကြာတတ်လာ သည်။ ရန်အောင်စိုးက...

'ဟောမန်...မင်းအုပ်စိုးနဲ့ ကိုနှင်းဝေကို ဘယ်သူ့ ပိုချစ် လဲ...'

'ကိုကို့ ပိုချစ်တာပေါ့'

'ဟိုဏာ မောင်နှမ အရင်းမှ မဟုတ်တာ။ ဒါက ကိုယ့်မောင် အရင်းပဲ'

'သူကမှ ဟောမန့်ကို မချစ်တာ'

'ဒါဖြင့် ဟောမန့်ကို ချစ်တဲ့သူ ဆိုရင် ပြန်ချစ်မှာပေါ့။ ဟုတ်လား...ဟုတ်လား'

'ဘာတွေ လာမေးနေတာလဲ မသိဘူး'

'အိမ်ရှင်ကြီးကလည်း...မဲ့နကြီးလိုက်တာဗျာ။ တို့က ညီသည်ပါ'

နှင်းဟောမန်ဦး၏ မျက်စောင်းလေးက ရန်အောင်စိုး၏ ...မှာ ပြုတ်ကျကျန်ရစ်သည်။ ခြေသံပြင်းပြင်းနှင့် နှင်းတက် ...သော နှင်းဟောမန်ဦးသို့ ရန်အောင်စိုး မော့ကြည့်နေဆဲ ...တ်မှ ကိုနှင်းဝေ ရောက်လာသည်။

'ဘာဖြစ်တာလဲ...ရန်အောင်'

'ကျွန်တော် စလို့ အစ်ကို့ညီမ စိတ်ဆိုးသွားတယ်လေ...'

'သူ မကြိုက်တာ မပြောနဲ့ပေါ့ကွ။ ဒါ သူ့အိမ်ပဲ'

'အန်တီလေးကလည်း ဒီအိမ်ရဲ့ အရှင်သခင်မပဲ။ အစ်ကို ကလည်း အန်တီလေးရဲ့သား။ ကျွန်တော့်အစ်ကို တဝမ်းကွဲပါ လေ'

'မင်းစကားတွေနဲ့ စောစောက ကိစ္စနဲ့ ဘာဆိုင်လို့လဲ'

'ဩော်...အစ်ကိုက နှင်းဟောမန်ဦးကို အရေးပေးလွန်းလို့ ပါ။ အစ်ကိုတို့လည်း ဆိုင်တာပဲဟာ'

'တို့က ဘာဆိုင်မှာလဲ။ သူ့အိမ် တက်နေရတာပဲ။ ထ ပါ...ထားလိုက်စမ်းပါ။ ဟောမန့်ကို မင်း ဘာတွေ ပြောလိုက်လဲ'

ပိန်ပိန်ညှဲ့ညှဲ့နှင့် ညီငယ်သို့ ထွားကျိုင်းမြင့်မားသော အရ ကြီးနှင့် အပေါ်စီးမှ ကြည့်ရင်း ကိုနှင်းဝေက မေးလိုက်သည်။

'မင်းအုပ်စိုးနဲ့ အစ်ကို့ကို ဘယ်သူ့ ပိုချစ်လဲလို့ မေးတော့ ကိုကို့ကို ပိုချစ်တာပေါ့တဲ့'

'အင်း...'

ကြည်နူးမှု လေပြည်သည် နှလုံးသားကို ဖြတ်တိုက် သော်လည်း ကိုနှင်းဝေက တည်တည်ငြိမ်ငြိမ်နှင့် ဆက်၍ နာ ထောင်နေရသည်။

'ဒီတော့ ကျွန်တော်က မင်းအုပ်စိုးက မောင်နှမပဲ။ အစ် နဲ့က ဘာမှ မတော်ဘူးလို့လည်း ပြောရော...မင်းအုပ်စိုးက သူ့ကို မချစ်တာတဲ့။ ဒါနဲ့ ကျွန်တော်က ဟောမန့်ကို ချစ်တဲ့ ဆိုရင် ပြန်ချစ်မှာပဲလားလို့...ယိလိုက်လို့ ဒေါကန်သွားတာ

'မင်း...ဒီစကားမျိုး နောက် ဘယ်တော့မှ ဟောမန့် မပြောနဲ့'





'အစ်ကိုကလည်းဗျာ...ဒေါ်ချည်းပဲ'

'ဟောမန်က ငယ်ငယ်လေး ရှိသေးတာ။ ဒီစကားမျိုး မင်း ပြောပါနဲ့'

'ဆယ့်ခြောက်နှစ်ကျော် ဆိုတာ ရည်းစားထားလို့ ကောင်း တဲ့ အရွယ်ပါ အစ်ကိုရ'

'စပ်ဖြဲဖြဲ လုပ်မနေနဲ့။ ရည်းစား ထားချင် မင်းဟာမင်း အခြားမှာထား။ ဟောမန့်ကိုတော့ ဘယ်တော့မှ မရဘူး... နား လည်လား'

'ဟုတ်ကဲ့...နားလည်သွားပါပြီ'

ဒေါသနှင့် ထန်ထန်မာန်မာန် ကြည့်လိုက်သော်လည်း ရန်အောင်စိုး၏ မျက်နှာက လျှောင်ပြုံးထက်ဝက်နှင့်မို့...

'မင်းက ဘာကို နားလည်တာလဲ'

'ကျွန်တော် နောက်ကျသွားပြီ ဆိုတာကိုပါ'

'ဘာ...'

'ဩော်...အစ်ကိုက အပိုင်ကြံထားပြီးပြီ ဆိုတာကို...'

'ဟင်...မင်း...'

ရန်အောင်စိုး၏ စကားမဆုံးမီ သူ့ရင်ဘတ်ဆီမှ အင်္ကျီစ များကို အားနှင့်ဆုပ်၍ ဆွဲယူလိုက်သဖြင့် ရန်အောင်စိုး ယက် ယက်ကန်နှင့် ပါလာသည်။

'ငါ့မှာ ဒီလို ယုတ်မာတဲ့စိတ် မရှိဘူး။ သူ့အိမ်ပေါ်မှာ လာတဲ့ ကျေးဇူးကို ထောက်ပြီး သူ့ကို ဘယ်တော့မှ ငါ မကြံ ငါ့ညီမ အရင်းလေးလို ဟောမန့်ကို ငါ ချစ်တာ။ ဒီစကား

မျိုး မင်းပါးစပ်က ထပ်ပြောရင် ငါ အသေ လုပ်မိလိမ့်မယ် ကြားလား'

'ဟုတ်...ဟုတ်ကဲ့ ကြားပါတယ် အစ်ကို'

ရန်အောင်စိုးကို ဆောင့်တွန်း စ်ခဲ့ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ ရင်မှာ ခံစားမှုသစ်ကြောင့် တဒိတ်ဒိတ် တိုးခုန်နေပါ၏။

အပေါ်ထပ်၏ လသာဆောင်ထိပ်မှာ ရပ်လျက် ခြံတွင်းသို့ ငေးကြည့်နေမိဆဲ...ကိုနှင်းဝေ၏ လက်မောင်း ပြည့်ပြည့်ကြီးကို နူအိ နွေးထွေးသော လက်ကလေး အစုံက ဖက်တွယ်လာသည်။

'ဟေမန် အားလုံး ကြားပါတယ် ကိုကိုရယ်။ ကိုယ့်ညီဘက်က မနေဘဲ ဟေမန့်ဘက်မှာရှိတဲ့ ကိုကို့ကို ဟေမန် ပိုပြီး လေးစားတယ်...ပိုပြီး ချစ်တယ်ရှင်...'

ရင်မှာ ပူနွေးစွာ လှုပ်ရှားလာသည်။ ဟေမန့် ရင်ခွင်၌ သူ့လက် ရှိနေသည်။ သူ့ပခုံးစွန်းပေါ်မှာ ဟေမန့်ပါးလေး အပ်ထားသည်။

သဘာဝက ပေးအပ်သော အချစ်၏ လှုပ်ရှားမှုများသည် ဟေမန့် နှလုံးအိမ်မှာ ရောက်ရှိလာခဲ့ပြီ။

ကိုကို ကိုနှင်းဝေသို့ အားကိုးစိတ်... တွယ်တာစိတ်တို့နှင့် အတူ...ဆိုးနွဲ့ အနိုင်ယူလိုသော၊ အလိုလိုက်ခံနေသည်ကို ရှိုက်မက် မြတ်နိုးနေမိသော စိတ်တို့သည် အစ်ကိုလို ချစ်ပါသည် ဆိုသော နှင်းဟေမန်ဦး၏ ရင်မှာ ရောထွေးရှင်သန်နေပါသည်





ကိုနှင်းဝေသည်လည်း...

ငယ်စဉ်က ခန်းလွှဲပေးခဲ့ရသည်။ ချီ၍ ကျောင်းပို့ခဲ့ရသည်။ ရင်မှာပွေ့၍ အိပ်ပျော်သည်အထိ ပုံပြင်များ ပြောသိပ်ခဲ့ရသည်။ ဟေမန်သည် သူနှင့် အနီးကပ်ဆုံး၊ အထိတွေ့ဆုံး တစ်ဦးတည်းသော လူသားပါ...

ဤမျှ အနီးကပ် နေခဲ့ရပါလျက် ဆယ်တန်း ကျောင်းသူဘဝဖြင့် လုံးလုံးလျားလျား အပျိုစင်လေး ဖြစ်လာသော ဟေမန်နှင့် နီးနီးစပ်စပ် ခုလို ထိတွေ့လာရလေတိုင်း ရင်မှာ မုန်တိုင်းဝင်သည်သို့ ခံစားမှုသစ်များ ဖြစ်ထွန်းလာရသည်ကို ရင်၌သာ ပျောက်ဆုံးစေအောင် ကွယ်ဝှက်နေခဲ့ပါသည်။

စောစောဆီက ပြောခဲ့သလို သူ့အိမ်မှာ နေလို့ သူ့ကို ကြံစည်လိုပါ။ ညီမ အရင်းလေးလို ချစ်ပါသည် ဆိုသော စကားအတိုင်း နေမယ်...နေမယ် ဆိုသော ဦးနှောက် အသိဉာဏ်ကြောင်းသို့ နှလုံးသား ခံစားမှုကို အဝင်မခံရဲပါ။

'ကိုကို...'

'ဗျာ...'

'ရန်အောင်စိုးလိုပဲ ဟေမန့်ကို ကျောင်းမှာ လိုက်နေတဲ့ သူတွေ အများကြီးပဲ'

'အင်း...'

'ဟေမန် ဒါတွေကို စိတ်မဝင်စားပါဘူး။ ဘယ်သူ့ကိုမှလည်း အရေးမလုပ်ခဲ့ပါဘူး'

'ဒါပေါ့...ဒီနှစ် ဆယ်တန်း ဆိုတော့ သိပ်အရေးကြီးနေ

ပြီလေ...'

'ဒါကြောင့် မဟုတ်ဘူး ကိုကို'

'ဟင်...'

'ဟေမန့်ရဲ့ တစ်ဘဝစာလုံးအတွက် ချစ်ရမယ့် ကိုကို ရှိ နေပြီလေ။ ကိုကိုလည်း ဟေမန့်ကို ဟေမန့်လိုပဲ ချစ်ပါနော်... ကိုကို ဒီအိမ်မှာ မရှိတော့ရင် ဟေမန် သေမှာပဲ'

'ဟေမန်ရယ်...'

'ကိုကို့ကိုလေ ဟေမန် ဖေဖေ့ထက် အားကိုးတယ်။ ချစ် တယ်။ ဟေမန့် ဘဝရဲ့ တစ်ယောက်တည်းသော အားကိုး ချစ်ခင်ရာ အစ်ကိုကြီးဟာ ကိုကိုပါပဲကွယ်'

ဟေမန်သည်လည်း...

အားကိုးစိတ်...တွယ်တာစိတ်နှင့်အတူ ချစ်ခြင်းမေတ္တာတို့ သူ့ရင်မှာ သရုပ်ခွဲ၍ မရအောင် ယှက်သွယ် ရောထွေးနေလေပြီ။

တစ်ယောက်နှင့် တစ်ယောက် အကြီးမားဆုံးသော သံယောဇဉ် တရားများဖြင့် မျက်စိအောက်မှ အပျောက်မခံနိုင် လောက်အောင် တွယ်တာနေကြချိန်ပါ။

'ကိုကို...'

ကြားပါလျက် မထူးမိ။ အနားမှ ရှိမှန်း သိပါလျက် သတိ လစ်နေသူ တစ်ယောက်လို ငြိမ်နေမိပါ၍...

'ကိုကို'

'ကိုကို့...'

'ဗျာ...'





'မြင်းသွားစီးရအောင်'

ကိုနှင်းဝေ ဘာပြောရမှန်း မသိ။

အောက်ထပ်တွင် အိမ်နှင့်လူ ပြည့်မတတ်။ ဒေါ်မြမြဝင်း တို့ မိသားစုကလည်း အစုံအလင်။ ကုန်ရောင်းကုန်ဝယ်နှင့် လူမှု ရေး အသိမိတ်ဆွေများလည်း ရှိနေကြချိန်...

စောစောလေးကပင် ရန်အောင်စိုးနှင့်လည်း ပြဿနာ တက်ခဲ့သေးသည်။

ဤအချိန်မျိုးတွင် အားလုံးရှေ့မှ မြင်းကြီး ဒီပါပေါ်၌ နှစ် ယောက် တွဲလျက် နီးကပ်စွာ စီးပြီး ထွက်သွားရမည်ကို မရဲ့မရဲ ဖြစ်နေသည်။

'ကိုကို ဘာငြိမ်နေတာလဲ။ တော်ကြာ ညနေစောင်းတော့ မှာ သွားရအောင်ပါ'

'ဟေမန် စာကျက်စရာတွေ ရှိသေးတယ် မဟုတ်လား။ ဖြစ် တစ်နှစ်တည်းအောင်မှ ဖြစ်မှာလေ'

'စောစောကပဲ ကျူရှင်က ပြန်လာတယ်လေ။ည ခုနစ် နာရီဟာ စာကျက်ချိန်။ ခုလို ညနေဟာ ကျန်းမာရေးအတွက် အားကစား တစ်ခုခု လုပ်ချင်လုပ်ပါ။ ဒါမှမဟုတ် ခြံထဲမှာ လမ်းလျှောက်ချင်နေ။ ကိုယ်ပိုင် အားလပ်ချိန်ပါဆို...'

သူ့လက်မောင်း လွတ်ကျသွားသလို ရုတ်တရက် လွတ်ချ လိုက်ပြီး တစ်ဖက်ထောင့်တွင် သွား၍ ကျောခိုင်းရပ်နေသည်။

သည်လိုမျိုးက ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျ။ သွားချော့

လိုက်လျှင်လည်း အလွယ်တကူ ပြီးပြေနေကျပါ။

ဟေမန်သည် လိမ္မာပြီးသား။ ကိုနှင်းဝေက ကြိုတင် ပုံစံချထားသည့်အတိုင်း သူ နေသည်။ ကြို၍ ဆုံးမထားလျှင် ရသည်။ ရုတ်တရက် ပြော၍တော့ မရ။ ယခုလို သူ့စည်းကမ်းမှ ကျော်လွန် တားမြစ်လာလျှင်တော့ စိတ်ဆိုးတတ်မြဲ။

ကိုနှင်းဝေသည်လည်း မသွားချင်ပဲ ရှိပါ့မလား။ နှစ်ယောက်လုံး အတွက် မသင့်လျော်၍သာ ငြိမ်နေရခြင်းပါ။

'ဟေမန်'

လှည့်မကြည့်...

'ဟေမန်...ကိုကို ခေါ်နေတယ်လေ'

ပြန်မထူး...ကျောခိုင်းလျက်ပင် အိမ်တွင်းသို့ ဝင်သွားသည်။ ခါတိုင်းလို ဆောင့်ဆောင့်အောင့်အောင့်နှင့် ဆတ်ဆတ်လတ်လတ် ဝင်သွားခြင်းမျိုး မဟုတ်။ နှေးကွေး လေးလံသောခြေလှမ်းများဖြင့် ဝင်သွား၍ ကိုနှင်းဝေ နောက်မှလိုက်ပြီး ဟေမန့် လက်မောင်းကို ဆွဲလှည့်လိုက်တော့...

'အို...ဟေမန်'

'နေပါစေ...မသွားတော့ပါဘူး။ ကိုကို့ အမျိုးတွေ ရှိနေတယ် မဟုတ်လား...နေပါ'

ခါတိုင်းကဲ့သို့ စကားသံ့ မြန်၍ မာမနေ။ နှုတ်ခမ်းက စူနေရမည့်အစား မဲ့မဲ့လေး ကွေးညွတ်နေသည်။ မျက်ဝန်းမှာတော့ မျက်ရည်တွေဝေလို့...





အားလုံးဘက်က ရပ်တည်ပြီး အားလုံး၏ သံသယ မျက်...များကို ဦးစားမပေးနိုင်တော့။ ကြည့်ကြပါစေ၊ ပြောကြပါစေ၊ ...င်ကြပါစေ...

အတွယ်တာရဆုံး ညီမလေး၏ မျက်ဝန်းမှာ မျက်ရည်များ...ွန်းထင်းစေရက်တော့ပါ။

'ကိုကို့ အမျိုးတွေ လာနေလို့ မဟုတ်ပါဘူးကွယ်...ဲ...အဝတ်သွားလဲနော်'

'ကိုကို သွားချင်ရဲ့လား'

'သွားချင်တာပေါ့...မြင်းစီးပြီး **'လင်းလွန်းလွင်ပြင်'**မှာ...းနေရတာကို ကိုကိုက သိပ်ကြည်နူးတာ'

'အဲဒီနေရာလေးကို ဟေမန်လည်း သိပ်ပျော်တာပဲ'

ဟေမန့်မျက်နှာလေး ပြုံးလာသည်။ တောက်ရွှန်းလာသော မျက်ဝန်းက မခန်းသေးသော မျက်ရည်ကြောင့် ပိုမိုတောက်ပ လင်းလက်လာပါတော့သည်။

◆ ◆ ◆

## အခန်း တစ်ဆယ့်ရှစ်

မကြာမီမှာပင် မြင်းစီးဝတ်စုံ အပြည့်ဖြင့် ပြန်ထွက်လာတော့သည်...။ လုံးဝန်း ဖွံ့ ကားသော တင်သားနှင့် ပေါင်တံပြည့်ပြည့်က ဂျင်းဘောင်းဘီနှင့် အံဝင်ခွင်ကျ...။ ဖရီးဆိုက်စ်ဘလောက်စ် သည် ရင်သားမို့မို့၊ ဝမ်းပြင်ပြားပြား၊ ခါးသိမ်သိမ်တို့ကို အရှိအတိုင်း ပေါ်လွင်စေသည်။ ဂျာကင် ထပ်ဝတ်ပြီးကျောလယ် ဆံပင်ကို သည်တိုင်း ဖြန့်ချထားသည်။

ဟပ်ဖ်ရှူးကို စီးပြီး ဇာစ်ကို ဆွဲပိတ်နေသည်ကို ကြည့်ရင်းငယ်ငယ်က ကျောင်းသွားခါနီး ဖိနပ်ကလေး အမြဲ စီးပေးရသည်ကို မြင်ယောင်လာသည်။ ငယ်ငယ်က ကလေးတစ်ယောက်လိုဖြူဖြူဖွေးဖွေး ပါးဖောင်းဖောင်းလေးနှင့် သိပ် ချစ်စရာကောင်းသည်။

အပျိုလေး ဖြစ်လာပြန်တော့လည်း ကြည့်မဝလောက်အောင် လှလွန်းလာသည့် ညီမလေး ဟေမန်။





'လာ...ကိုကို သွားကြစို့'

ထင်သည့်အတိုင်းပါပင်။ အောက်ထပ်မှ ဖြတ်အလာတွင် အားလုံးက ဝိုင်း၍ ကြည့်နေကြတော့သည်။

တကယ် ရင်ဆိုင်ရတော့လည်း ကိုနှင်းဝေက ထူပူ ရှိန်းဖြသော ရှက်ရွံ့ခြင်းကို ခံစားရသည်။ ဟေမန်ကတော့ သူ့အတွက် အားလုံး သူစိမ်းချည်းပဲမို့ ငဲ့စောင်း၍မျှပင် မကြည့်ပါဘဲခပ်မတ်မတ်၊ ခပ်တည်တည်နှင့် လျှောက်လှမ်းသွားပုံမှာ လှပကျော့ရှင်းလွန်းလှချေသည်။

'ဒီပါ'သည် သခင်ကို သိလွန်းသော တိရစ္ဆာန်ကြီးပါ။ သူ့ အသိဆုံးက ကိုနှင်းဝေ၊ ဒုတိယ ဟေမန်၊ ဤနှစ်ဦးမှလွဲလျှင်ဘယ်သူ့မှ သူ မကြည်။ ခပ်ပေပေ၊ ခပ်ကတ်ကတ် နေတတ်သော မြင်းလိမ္မာကြီး။

ဇောင်းမှ မြင်းကို ဆွဲထုတ်လာပြီး ဟေမန်က မြင်းပေါ်သို့ အက်အခဲမရှိ တက်လိုက်သည်။ ကိုနှင်းဝေက မြင်းစီး သင်ပေးခဲ့သား၊ ဒီပါနှင့်က အထာကျပြီးသား။ ဟေမန် တစ်ယောက်မြင်းစီး ကျွမ်းကျင်နေလေပြီ...

ထိုင်သင့်သည့် နေရာမှာ ထိုင်ထားပါ၍ ကိုနှင်းဝေ လှမ်းတက်လာသည့်အခါ ဒီပါ၏ ကျောပေါ်မှာ နှစ်ယောက်သားသားကျစွာ နီးနီးကပ်ကပ် ထိထိတွေ့တွေ့...

နောက်ဘက်ဆီမှ ကြည့်နေမည့် မျက်ဝန်း များစွာကိုကျောခိုင်း၍ ပန်ခြံမှ ထွက်လာပြီးသည်နှင့် နှစ်ယောက်လုံး၏မျက်နှာ ပျော်ရွှင် ကြည်နူးခြင်း များစွာနှင့်ပါ။

'ကိုကို'

ခေါင်းလေး နောက်သို့လန်ပြီး ခေါ်လိုက်သဖြင့် အနီးကပ်ဆီက ကိုနှင်းဝေ၏ ပါးနှင့် ထိပွတ်လိုက်၊ ဝေးကွာလိုက်...

'မြင်းစီးရတာ သိပ်ပျော်စရာ ကောင်းတာပဲနော်...ကိုကို...'

'ကိုကိုလည်း ပျော်တာပဲ'

'ဒါပေမယ့် **'စန္ဒကူးကွေ့'** ကျရင် ဟေမန် သိပ်ကြောက်တာပဲ။ ချောက်က နက်နက်၊ လမ်းက ကျဉ်းကျဉ်းနဲ့'

'ဒါနဲ့ ကိုကိုရှိနေရင် ဘာမှ မကြောက်ဘူးဆို'

'ခုလို ကိုကို့ရင်ခွင်မှာ ကပ်စီးရရင် ဘယ်ကြောက်ပါ့မလဲ ကိုကိုရဲ့။ မြင်းစီးတတ်စက တစ်ယောက်တည်း အဲဒီနေရာကို ဖြတ်ရရင် အသည်းကို အေးအေးသွားတာပေါ့'

'အခုရော'

'ခုလည်း ကြောက်သေးတာပဲ။ ချောက်ကြီးလည်း နက်လိုက်တာ။ တစ်ဖက်မှာ ကျောက်သား ကမ်းပါးယံ၊ ပြီးတော့ ကွေ့ရတဲ့ တောင်စောင်းလမ်းက သိပ်ကို ကျဉ်းတာပဲနော်... ကိုကို'

'ဟုတ်တယ် ဟေမန်။ ဒါပေမယ့် ဒီပါက သိပ်စိတ်ချရပါတယ်'

'ဟုတ်တယ်နော်...ဒီပါက တကယ် လိမ္မာတဲ့ မြင်းကြီး။ ပြန်မပြောတတ်တာ တစ်ခုပဲ ရှိတယ်။ ကိုကို ပြောရင် အားလုံး နားလည်သလိုပဲ'

'ဒါကြောင့် ဒီပါဟာ ကိုကို့ရဲ့ အချစ်တော်ကြီး ဖြစ်နေ





ရတာပေါ့'

'ဟေမန်နဲ့ ဒီပါကို ဘယ်သူ့ ပိုချစ်လဲ'

'တူပါ့မလား ဟေမန်ရယ်။ ဟိုက တိရစ္ဆာန်ပဲဟာ'

နှင်းဟေမန်ဦးက ခေါင်းလေးကို စောင်းပြီး ချမ်းမြေ့စွာ ရယ်မောသည်။ လွင်ပြင်ပြန့်မှ မြင်းဇက်ကြိုးကို ကိုကိုက စိတ်တိုင်းကျ ဆွဲလိုက်သဖြင့် ဒီပါက ခြေလှမ်း မလှမ်းတော့၊ စုံပြေးသော့သည်။ ဟေမန်က လွင့်လူနေသော ဆံပင်များကို သိမ်းပြီး သာဘက် ပခုံးပေါ်မှာ ကျော်၍ ချထားလိုက်၏။ မြင်းရှိန်မြန်၍ စကားပြောလို့ မရတော့။ လူသည် ဆတ်ဆတ်ခုန်နေ၍ အသံများပါ တုန်နေလေပြီ။

အရှိန်နှင့် ဖြတ်တိုးဝင်လာသဖြင့် လေတိုက်နှုန်းက ပြင်းသည်။ မောမြေ၏ လေထုတိုင်း သိပ်သည်း အေးမြလှပါသော်လည်း နှင်းဟေမန်ဦးသည်မူ နွေးထွေး လုံခြုံသော ရင်ခွင်တွင်းမှာ အလုံးလျားလျား ခိုလှုံခွင့်ရပါ၍ အအေးဓာတ်သည် ဟေမန့်ကိုယ်ကို မရစ်ပတ် မလွှမ်းခြုံနိုင်ရှာပါ။

'စန္ဒကူးကွေ့ ရောက်ခါနီးပြီ'

တောင်စွယ်တစ်ခုပေါ်သို့ တက်ခဲ့ကြရသည်။ တောင်ပေါ်မြို့မှ နဂိုကပင် လွင့်မြင့်ပြီးသား။

**'စန္ဒကူးတောင်'**

ဟု အမည်ပေးထားသော တောင်ကုန်းတစ်ခုလုံး စန္ဒကူးပင်များဖြင့် စည်ဝေနေသော တောင်ကုန်းအေားမှ လမ်းသွယ်ကိုလည်း ဤတောင်ကို အစွဲပြု၍...

'စန္ဒကူးကွေ့'

ဟု ခေါ်ကြခြင်းပါ။

ဟောမန် ကြောက်မည် ဆိုလည်း ကြောက်သင့်သည်။ လမ်းက ကမ်းပါးယံမှ မြေလမ်း၊ တစ်ဖက်မှ မြေများ မကြာခဏ ပြိုကျနေကျ။ အောက်တွင် နက်လိုက်သည့် ချောက်က အဆုံးအထိ မမြင်ရ။ နက်လွန်းစွာ မိုက်နေသည်။

ဇက်ကြိုး လျှော့ထားခြင်း ခံရသော ဒီပါသည် တောင်စောင်း လမ်းကို ဖြည်းညင်းစွာ တစ်လှမ်းချင်း လျှောက်သည်။ သည်နေရာ ရောက်လျှင် အရှိန်လျှော့ရမည်ကို သူ သိပြီးသား။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိသည့် သူလို ခပ်မှန်မှန် ခပ်တည်တည်ပင် ရဲရဲဝံ့ဝံ့ လျှောက်လှမ်းပါ၏။

'ကိုကို ပြောရဲတယ် ဟောမန်...။ ဒီပါကြောင့် ဒီနေရာမှာ ဘယ်တော့မှ လိမ့်မကျနိုင်ဘူး'

'ဟုတ်တယ်နော်။ သူဟာ သိပ် သတိရှိသလိုပဲ'

နှင်းဟောမန်ဦးက ဖြည်းညင်းစွာ သွားနေသော ဒီပါ၏ လည်ကုပ်ပိုင်းကို ချစ်စနိုးနှင့် သပ်ပေးနေမိသည်။

ကျဉ်းမြောင်းလွန်းသော စန္ဒကူးကွေ့မှ ဝေ့ဝိုက် ကွေ့ဆင်းပြီးသည်နှင့် လွင်ပြင်ပြန့်ကို မြင်ရလေပြီ။

အဲဆင်းလမ်းသည် တောင်ထိပ်မှာလို မကျဉ်းမြောင်းတော့။ ပြန့်ကျယ်လာ၍ ဒီပါက အရှိန်နှင့် ပြေးဆင်းသည်။ ဒီပါ ကိုယ်တိုင် အောက်သို့ စိုက်ဆင်းနေရသဖြင့် ကိုနှင်းဝေ၏ ရင်ခွင်သည် နှင်းဟောမန်ဦး၏ ကျောပြင်ပေါ်မှ ဖိဖိကပ်ကပ်။





ရှေ့သို့ စိုက်မကျသွားအောင် ဟောမန် ထိန်းနေရ၍ ကိုနှင်းဝေ၏ လက်တစ်ဖက်က ဟောမန့် ခါးလေးကို သိမ်းပိုက်ဖွဖွ ဖက်ထားရသည်။

'အမယ်လေး...ဒီပါရယ်...အသည်းကို အေးသွားတာပဲ'

ရယ်သံ လွင့်လွင့်လေးနှင့် ပြောရင်း တောင်စောင်းဆီမှ ဓောက်ထိုး ဆင်းလာပြီး လွင်ပြင်စပ်သို့ နင်းလိုက်ချိန်တွင် ဟောမန်က...

'အဲလို စီးရတာ သိပ်ပျော်တာပဲ ကိုကိုရယ်...။ ဟိုးငယ်ငယ်တုန်းက ကိုကို ဒန်းလွှဲပေးရင် စီးရတုန်းက အတိုင်းပဲ ကိုကိုရဲ့'

ကိုနှင်းဝေ ဘာမှ မပြောတော့။ ဟောမန့် ပခုံးလေးကို တင်းတင်းကျစ်ကျစ် ညှစ်ပစ်လိုက်မိသည်။ ရင်တွင်းမှ ကြည်နူးမှုဆဝေနာ၏ တစ်စိတ်တစ်ပိုင်းမျှသော လှစ်ဟချက်ကလေးပါ။

'ဟာ...ဟာ...ကိုကို'

ခါတိုင်းဆိုလျှင် 'လင်းလွန်းလွင်ပြင်' ပြန့် ရောက်သည်နှင့် ဒီပါကို ရပ်ခိုင်းမြဲ။ ကိုနှင်းဝေ ဆင်းနေခဲ့ပြီး ဟောမန်က မြင်းကို ဆက်စီးမြဲ...

ယခုတော့...လင်းလွန်းလွင်ပြင်ပြန့်ကို ပတ်ပြီး သူပါ ဒီပါ့ကို တအား ဒုန်းစိုင်း၍ ပြေးစေလေသော ကိုနှင်းဝေ...

ကဆုန်ပေါက်၍ ကွေ့ဝိုက် ပြေးနေသော ဒီပါပေါ်တွင် ကိုနှင်းဝေသည် ဟောမန့်ကို တအား သိမ်းကျုံး၍ ဖက်ထားသည်။

ပြန့်ပြူးညီညာနေသော မြေနီပေါ်မှ မြက်ခင်း အစိမ်း

ရောင်လွှင်ပြင်ပေါ်မှ မြင်းတစ်စီးနှင့် လွင့်နေအောင် ပြေးနေကြသည့် အကြီးမားဆုံး သံယောဇဉ် အချစ်သမား နှစ်ဦးအတွက် လွတ်လပ် ပျော်ရွှင်စရာ အကောင်းဆုံး နေရာလေးပါ။ သုံးပတ်မျှ ပတ်ပြီး ဒီပါကို အရှိန်သပ်၍ ရပ်လိုက်သည်။

'ကိုကို ဆင်းတော့မယ်။ နောက်နားတိုးပြီး ခါတိုင်းလို စီးတော့...ကိုကို စောင့်ကြည့်နေမယ်နော်'

နှင်းဟေမန်ဦးသည် ကိုနှင်းဝေ၏ ပခုံးပေါ်သို့ ခေါင်းကို လှန်ချ၍ မှေးမှိတ်လိုက်ပြီး...

'မောသွားပြီ ကိုကိုရယ်။ ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ— မြင်းမစီးချင်တော့ဘူး'

'ဒါဖြင့် ဆင်းကြမယ်လေ'

ကိုနှင်းဝေက အရင်ဆင်းနှင့်ပြီး ဟေမန်သို့ လက်ကမ်းသည်။

ဟေမန်က ခြေတစ်ဖက်ကို လွှဲယူလိုက်ပြီး မြင်းပေါ်မှ ဆင်းတော့မည်ဟု ဆိုင်မိချိန်မှာ ကိုနှင်းဝေက သေးကျင်သော ဟေမန်၏ ခါးလေးကို မယူ ဆွဲချလိုက်၏။

ဒီပါသည် တခြားသော မြင်းသတ္တဝါများလို ချည်နှောင်ထားစရာ မလို...ကွင်းပြင်ပြန့်တွင် ဟိုသည် သူလျှောက်သွားရင်း စောင့်နေမည်။ သူ့သခင် မပြန်သမျှ ဆွဲယူ မောင်းနှင်သွားမည့်သူ ရှိလျှင်ပင် ကန်ထုတ်မည့် မြင်း၊ ကန်ထုတ်ခဲ့ဖူးသည့် မြင်းလိမ္မာကြီးပါ။

'ဒီနေရာလေးကို ကိုကိုနဲ့ လာရတိုင်း ဟေမန် သိပ်ပျော်





တာပဲ ကိုကိုရယ်'

'ကိုကိုက နှစ်ဆခင်ဗျ'

ကိုနှင်းဝေက အပြုံးသစ်များဖြင့် ပြောရင်း မြက်ခင်းပြင်ပေါ်သို့ ပက်လက်လှန် လှဲချလိုက်သည်။

လွင်ပြင်ဘေးတွင် 'လင်းလွန်းပင်'များ၊ ဟိုတစ်ပြန့် သည်တစ်ပြန့် ပေါက်နေပါ၍ 'လင်းလွန်းလွင်ပြင်'ဟု လူတို့ ကင်ပွန်းတပ်ထားခြင်းပါ။

ကိုနှင်းဝေ၏ စိတ်လည်းတွင် ငြိမ်သက်စွာ စိမ်းလဲ့နေသော သစ်ပင်များ။ သူ့မျက်နှာမူရာ အရပ်တွင် အဆုံးအစ မရှိသော အနန္တ စကြဝဠာ၏ ကောင်းကင်ပြာ...

သူ့ဘေးမှာတော့...

ရင်ထဲမှ နှလုံးသားလေး ထုတ်ယူချထားသည်သို့ ရှိနေသော ညီမလေး ဟေမန်...

'ကိုကို...'

'ဗျာ...'

'ဒီနေရာလေးဟာ သိပ်ကို လွတ်လပ်လို့ ပျော်ရွှင်စရာကောင်းတယ်နော်'

'သိပ်ဟုတ်တာပေါ့ဗျာ'

'ဒါကြောင့် ဒီနေရာကို ခဏခဏလာရအောင်လို့ ဟေမန်က ကိုကို့ကို အမြဲ ပူဆာရတာပေါ့'

'အင်း...'

'အိမ်မှာ နေရတာ စိတ်ညစ်စရာကြီးနော် ကိုကို။ လူတွေ

က ရှုပ်၊ ဘာတွေ လုပ်နေကြမှန်းလည်း မသိပါဘူး။ ကိုကိုကရော သူတို့နဲ့ နေရတာ ပျော်လို့လားဟင်'

'ကိုကို အေးအေးဆေးဆေး နေတတ်တာ ဟေမန် အသိပါကွယ်...ဘယ်ပျော်ပါ့မလဲ'

'ဒါနဲ့များ ဒီညနေ လာရအောင်ပါ- ဆိုတော့ဖြင့်'

'ဩော်...မသင့်လျော်ဘူးလားလို့ပါကွယ်'

'ဘာကို မသင့်လျော်တာလဲဟင်'

ဩော်...အပြောရခက်ပါဘိ ဟေမန်ရယ်...ဟုသာ ရင်တွင်းမှ ညည်းညူမိသည်။ ကလေးဘဝဆီကလိုပင် အပြစ်ကင်းသော မျက်နှာလေးနှင့် မေးနေရှာသည်။ အဖြေက မရ...

'ဟေမန် သိပါတယ်...။ ဟေမန် အသက်ကြီးလာလို့ မဟုတ်လားဟင်'

'အို...ဟေမန်က ဘယ်မှာများ အသက်ကြီးသေးလို့လဲ'

'မဟုတ်ပါဘူး။ အရွယ်ရောက်လာတာကို ပြောတာပါ။ ဟေမန် အရွယ်ရောက်လာတာနဲ့ ဘာဆိုင်လဲနော်။ ငယ်ငယ်တည်းက တူတူ နေကြတာပဲ ဟာကို...'

ကိုနှင်းဝေ၏ လက်မောင်းပေါ်သို့ ခေါင်းတင်လိုက်ပြီး ရင်ဘတ်ပေါ်သို့ လက်တင်ရင်း...ငယ်ဘဝလေးက အတိုင်းပင် နီးကပ်ထိတွေ့စွာ သူ့ဘေးမှာ လျှောင်းစက်လာသည်။

'ဟေမန်ရယ်'

ကောင်းကင်ပြင်သို့ ကြည့်ရင်းက ခေါ်မိသည်။

မြင်းပေါ်မှာ ရှိကြစဉ်ကတည်းက လှုပ်ရှားနေသော စိမ်း





တို့ မငြိမ်သက်မီ နောက်ထပ် လှုပ်ရှားရပြန်သည်။

ဟေမန်သို့ စိတ်ရှိတိုင်း ပွေ့ပိုက်၍ ရင်ခွင်တွင်းမှာ နှစ်အားလိုက်ချင်သည်။ ပြီးတော့ ပါးမို့မို့၊ နှုတ်ခမ်းပြည့်ပြည့်၊ သည့်တိုင်ရှင်းရှင်းလေးများပေါ်သို့ အနမ်းများစွာ ဆင့်ပစ်ချင်သည်။ အသက်မရှူတမ်း နမ်းပစ်လိုက်ချင်သည်။ စိတ်ထဲမှ...

'သိပ်ချစ်ရတဲ့ ဟေမန်ရယ်...'

'ကိုကို့ရင်မှာ စိတ်ရှိင်း ဝင်ပြီကွယ်။ ဒါပေမယ့်...ဒါပေမယ့် အချစ်ရယ်...'

သူ၏ အရိုင်းဆန္ဒများကို ဆင်ခြင်တုံတရားနှင့် ထိန်းသိမ်းမှုများက ချေဖျက် ချိုးနှိမ်နိုင်ခဲ့ပါ၏။

'ကိုကို'

လှည့်ကြည့်လိုက်တော့ ဘေးတိုက် မျက်နှာလေးက အသက်ရှူငွေ့ မခံဆုံးမီ နေရာလေးမှာ...

ဟေမန်၏ မျက်ဝန်းလေးများက ခါတိုင်းထက် ပို၍ တောက်ပနေသည်။

မျှော်လင့်ခြင်း၊ တောင်းခံခြင်း၊ ပေးဆက်လိုခြင်း စသော ခံစားချက်များက လွင့်ပျံ့လျက်...

'ကိုကို...ဟေမန့်ကို ဘာလို့ စကားမပြောတာလဲဟင်'

'ကိုကို့ မျက်ဝန်းက တစ်ဆင့် ဟေမန့်ကို စကားတွေ များကြီး ပြောနေပါတယ် ဟေမန်ရယ်'

ကိုနှင်းဝေ၏ ရင်ခွင်စွန်းမှာ ခေါင်းလေး ကပ်လာသည်။

မျက်ဝန်းချင်း မဆုံရဲပါဘဲလျက်...

'အဲဒီစကားတွေ ဟေမန် ကြားချင်လိုက်တာ'

အသံလေးက တိုးတိမ် တုန်ခါနေသည်။

'ကိုကိုရယ်...ဟိုတုန်းက အားကိုးပြီး ချစ်တယ်။ ခုတော့ မြတ်နိုးပြီး ချစ်တယ်။ ရင်မှာ မသန့်စင်တော့ဘူး ကိုကိုရေ ကိုကို တောင်းခံလာပါစေ၊ ပေးဖို့ အသင့်ပါ ဆိုတာ ကိုကိုများ မသိလေရော့သလားရှင်'

အရှက်မဲ့ စကားလုံးများသည် ရင်တွင်းမှာ သောသော နေပါ၏။

'ဟေမန်နှလေး...ကိုကို့ကို သိပ်ချစ်တာပဲ။ ကိုကိုနဲ့ ခုလို အမြဲ နေခွင့်ရချင်ပါတယ်။ ဟေမန့်ရဲ့ နှလုံးအိမ်နဲ့ အပြည့် အချစ်တွေ ရှိနေပါတယ် ဆိုတာ ကိုကို သိအောင် ဟေမန် ဘာ လို ပြရမှာလဲဟင်'

'သိပ်ချစ်တယ်...ကိုကိုရယ်'

'သိပ်ချစ်တာပဲလို့လည်း ကြားချင်လှပါပြီ'

နှလုံးသားသစ် နှစ်ခုပေါ်မှာ ချစ်ပွင့်ဦးတို့ ဖူးဝေနေ သော်လည်း...

ကိုနှင်းဝေသည် သူ့ရင်လှုပ်ရှားမှုများကို ပင်ပန်းကြီး ပိတ်ဆို့ ဆီးကာထားရှာသည်။

အချစ်ဖြင့် လှိုင်းထန် လှုပ်ရှားနေသော ရင်ကို ဟေ မမြင်ရ...





လှုပ်ရှားမှုမဲ့စွာဖြင့် အေးစက် တည်ငြိမ်နေသော ကိုနှင်း ဝေ၏ ရုပ်သဏ္ဌာန်ကိုသာ မြင်ခွင့်ရသည်။

ဟေမန်သည်မူ မထိန်းတတ် မသိမ်းတတ်သေးသည့် အရွယ်မို့...သူ၏ ရင်လှုပ်ရှားမှုကို ထိထိတွေ့တွေ့ ပြသနေရှာ သည်။

မြင်းပေါ်မှာ တင်းကျပ်စွာ ဖက်တွယ်မှုများ၊ မြက်ခင်း ပြင်ပေါ်မှာ နီးကပ်စွာ လဲလျောင်းနေခြင်းများကြောင့် ဟေမန် ၏ ရင်မှာ သာယာမှု ရောထွေးစွာ လှိုက်ခုန် တုန်ယင်နေပေ သည်။

ဟေမန်က ကိုကို့ရင်သို့ လက်နှင့်ထောက်ပြီး ထထိုင် သည်။ ပျံ့လွင့် ဝေ့ဝဲနေသော ဆံပင်များကြားမှ လှလိုက်သည့် မျက်နှာလေး...

ကိုနှင်းဝေသည် ဟေမန်၏ လက်ဖြူဖြူနုနုလေးကို ကွဲ ကြေတတ်သော အရာလိုဖြည်းညင်းညင်သာစွာ ဆွဲယူလိုက် သည်။ ပက်လက်လှန်ထားသော သူ့မျက်နှာအနီးသို့ ရောက် သော လက်ခုံအိအိလေးကို နမ်းရှိုက်မည် ကြံရွယ်ပြီးကာမှ...

မနမ်းဖြစ်တော့...မနမ်းရက်တော့။

သူ့ရင်မှာ ဖိကပ်စေ၍ ပွေ့ပိုက်ထားလိုက်သည်။ အချစ် ၏ လက်ကလေးနှင့် ထိတွေ့အောင် တိုးခုန်နေသော သူ့ နှလုံးသားဆီမှ အချစ်၏ တေးသံများ၊ မေတ္တာ စကားလုံးလေး များကို သွေးကြောမှတစ်ဆင့် အချစ်ဆုံး၏ နှလုံးသားမှာ သိကြား နားလည်နိုင်ပါစေသား။

'ကိုကို...ဟေမန့်ကို ဘာလို့ စကား မပြောတော့တာလဲ ဟင်...'

'ကိုကို့ရင်ထဲမှာ စကားတွေ အများကြီး ပြောနေပါတယ် လို့ပဲ ထပ်ပြောပါရစေတော့ ဟေမန်'

'ဟေမန်...ဘာမှမ မကြားရတာ။ ဘယ်လိုလုပ်ပြီး နား လည်ရမှာလဲလို့'

ငယ်ရွယ်သော အတွေးနုရှင်အတွက် အဖြေရ ခက်လှ လား...

ကိုနှင်းဝေ အနေဖြင့် ဟေမန်သို့ ချစ်မြတ်နိုးနေမိရုံမှ လွဲ ဖွင့်ဟ ပြောကြားသင့်သော အချိန်အခါမျိုး မဟုတ်သေးကြောင်း လည်း မှန်ကန်စွာ သိရှိပါ၏။

မေတ္တာ စေတ်မွတ်စွာဖြင့် ဘဝကန္တာရ ခရီးကြမ်း လျှောက်လှမ်းလာခဲ့ရသော ကိုနှင်းဝေသည် ဟေမန်၏ မျက်ဝန်း မှ တစ်ဆင့် ဖွင့်ခင်းနေသော အချစ်မြို့တော် အဝင်လမ်းသို့ လှ လှမ်းဝင် ခိုနားပစ်လိုက်ချင်သည်။

သူ့လက်ပေါ်မှာ ကြီးလာသော ဆယ်ကျော်သက်မလေး ၏ လှုပ်ရှားမှု ချစ်ဝေဒနာကို သူ့ရင်တွင်း ခံစားမှုနှင့်ထပ် ကိုနှင်းဝေ သိနားလည်ပါသော်လည်း ဟေမန်သည်မူ... ကိုနှင်း ဝေ၏ မြုံနေသော နှလုံးသား ဝေဒနာကို သိနားလည်စွာ အကဲမခတ်တတ်ရှာပါ။

သူ မျှော်လင့်နေသည့် 'ဟေမန့်ကို သိပ်ချစ်တာပဲ' သော စကားများ မကြားရသမျှ သူ့ကိုကိုသည် သူ့ကို မချစ်သေး ဟုသာ ဟေမန် နားလည်မိသည်။

ကိုကိုသည် သူ့ကို မချစ်သည့်တိုင် သူ ချစ်နေသည်ကိုဖြင့် သိစေချင်မိသည်။

'ကိုကို'

'ဗျာ...'

'ကိုကို့လိုပဲ ဟေမန့်ရင်ထဲမှာ စကားတွေ ပြောနေမယ် ဆိုရင်ရော ကိုကို နားလည်မှာလား'

'နားလည်တာပေါ့ ကလေးရယ်'

'ဒါနဲ့ ကိုကိုကပဲ ဟေမန် ကလေး မဟုတ်တော့ဘူး။ အသွားအလာ အနေအထိုင် ဆင်ခြင်ရတော့မယ်ဆို'

'အဲဒါက သူများအတွက်။ ကိုကို့အတွက် ဟေမန်ဟာ ဘဝရဲ့ အပြစ်မဲ့တဲ့ ကလေးငယ်လေးပါပဲကွယ်'

'ကိုကို'

'ဟင်'

'ကိုကို့ရင်ထဲမှာ ဘာတွေရှိနေလဲလို့ ဟေမန် မသိစွမ်း ပါဘူး။ မတွေးတတ်ပါဘူးရှင်။ ဟေမန့်ရင်ထဲမှာ ရှိနေတာ တွေတော့ ကိုကို သိတယ်လားဟင်...။ ပြောစမ်းပါ။ ဘာတွေ လဲ...'

ကိုနှင်းဝေသည် ဟေမန့်ကို မကြည့်တော့။ ဟေမန့် လက်ကလေးကို ဆွဲပြီး သူ့ပါးမှာ အပ်လျက် မိုးကောင်းကင် ကို ကြာမြင့်စွာ မော့ကြည့်နေမိ၏...

'ပြောလေ...ကိုကိုရယ်'




ကြောင်နှစ်ကောင်စာအုပ်တိုက်

သက်ပြင်းတစ်ရှိုက် အပြီးမှာမှ...

'ဟေမန် ကိုကို့ကို အရင်ကထက် ပိုပြီး ချစ်တတ်လာတယ်လို့ ကိုကို နားလည်စွာ ခံယူထားပါတယ် ညီမလေးရယ်'

'ကြည့်ကွယ်...ဟေမန့် ရင်ထဲမှာ ဘာတွေရှိတယ် ဆိုတာ သိနိုင်လွန်းတဲ့ ကိုကိုရယ်'

နှင်းဟေမန်ဦးက ရင်ဘတ်ပေါ်သို့ မျက်နှာအပ်ပြီး မှီကပ်လဲ့ချပစ်လိုက်သည်။

ဆံနွယ်ထွေးများ ဝေနေသော ဟေမန်၏ ကျောပြင်လေးကို တယုတယ သပ်ပေးရင်း...

'ညီမလေးအတွက် ကိုကို့ဘဝထက် ပိုပြီး ရည်မှန်းချက်ကြီးမိတယ်ကွယ်...။ ဒီနှစ် ဆယ်တန်းကို အမှတ်အများဆုံးနဲ့ အောင်အောင် ကြိုးစားနော်။ ဆရာဝန်မကြီး ဖြစ်စေချင်လိုက်တာဗျာ'

'ကိုကို့ကျတော့ ဘာလို့ မဖြေလဲ'

'ကိုကို့ ဘဝအခြေအနေကို ဟေမန် အသိဆုံးပါလေ။ စာကျက်ချိန် မရှိအောင် အလုပ်တွေက သိပ်များတယ် မဟုတ်လား။ ပြီးတော့လည်း...'

ကိုနှင်းဝေက စကားကို ရပ်ထားလိုက်ပြီး ဟေမန့်ကို ငေး စေသည်။ မျက်ဝန်းချင်း ဆုံမိချိန်တွင်မှ...

'ကိုကို ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ဖို့ ထွက် သွားရင် ညီမလေး တစ်ယောက်တည်း ကျန်ခဲ့မှာကို သနားလို့'

'ကိုကိုရယ်...ဒါဖြင့် ဟေမန့်အတွက် ကိုကို့ ပညာရေး





ဆုံးခံလိုက်ရတာလား'

'ဒီအကြောင်း တစ်ခုတည်းတော့ မဟုတ်ပါဘူး။ နောက် ခိုင်မာတဲ့ အကြောင်းတစ်ခုလည်း ရှိပါသေးတယ် ညီမလေး'

'ဘာလဲဟင်...ဟေမန့်ကို ပြောပြပါ'

'ပထွေးရဲ့ ပိုက်ဆံနဲ့ ကိုကို ကျောင်းမနေချင်ဘူး'

'အို...ကိုကိုရယ်။ ဟိုတုန်းကတော့ ဟေမန်က သိပ်ငယ် သေးတယ်လေ။ ခုတော့ ဟေမန်လည်း လူကြီး ဖြစ်လာပါပြီ။ ကိုကို စာမေးပွဲ ပြန်ဖြေလေ။ ဒါဆို နှစ်ယောက် မခွဲရတော့ဘူး။ တက္ကသိုလ် တူတူ သွားရအောင်ပါနော် ကိုကို။ ဟေမန် ပိုင် ...င်တဲ့ ငွေတွေ အများကြီးရှိတာ ကိုကို အသိပါ'

ကိုနှင်းဝေက ဖြည်းညင်းစွာ ခေါင်းခါသည်။

'ကျောင်းစာနဲ့ ဝေးကွာသွားတာ ကြာပြီလေ။ ဘယ်ပြန် ...က်မိပါတော့မလဲ။ ပြီးတော့ ဟေမန်တို့ရဲ့ စီးပွားရေးဖြစ်တဲ့ ...ပင်န်း များစွာဟာလည်း ကိုကိုပဲ ဦးစီးနေရတာ၊ လုပ်ပေးနေ ...ာ ဟေမန့် အမြင်ပါ'

'အို...အဲဒါတွေ ထားရစ်ခဲ့ ကိုကိုရာ'

'ဟေမန့် စေတနာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်... ...န့် ငွေကို မသုံးရက်ပါဘူး။ ဘယ်တော့မှလည်း မသုံးပါဘူး ...လေး...။ ကိုယ်ပိုင် လုပ်အားခ ရတဲ့ ငွေက လွဲပြီး ကိုကို ...ချင်ဘူး။ အထူးသဖြင့် ဟေမန်တို့ သားအဖရဲ့ ငွေကို ကိုကို ...ချင်ဘူးကွယ်'

'ကိုကိုကလည်း...ဘာဖြစ်လို့လဲ'

'ဩော်...မေမေ့ လက်ထက်ကလည်း ငွေမက်လို့ ဦး အုပ်စိုးကို ယူခဲ့တယ်လို့ အပြောခံခဲ့ရပြီးပြီ။ အဆစ်ပါလာတဲ့ မယားပါသား ကိုကိုဟာ ပိုပြီး ဆင်ဆင်ခြင်ခြင် နေရမှာပေါ့'

'မပူပါနဲ့ ကိုကိုရာ။ ဟောမန့်မှာ ငွေတွေရော မယ်မယ့်ရဲ့ လက်ဝတ်ရတနာတွေရော အများကြီး ပိုင်ဆိုင်တာပဲ။ မယ်မယ် မသေခင်တည်းက ဘဏ်မှာ ဟောမန့်အတွက် ထားပေးခဲ့တာ လေ။ ပြီးတော့ ပန်ခလုံ ခြံကြီးဟာလည်း မယ်မယ် ရှိကတည်းက ပန်ခလုံ့ နာမည်နဲ့ ပြောင်းထားပေးခဲ့ပြီးသားလေ...'

'အဲဒါတွေကြောင့်...အဲဒါတွေကြောင့် ခက်ရတာပေါ့ ကွယ်'

'ဘာ...ကိုကို...ကိုကို ပြောတာ ဟောမန် နားမလည်ဘူး–'

'နားမလည်ချင်ပါနဲ့တော့ ဟောမန်ရယ်'

'ဟင့်အင်း...နားလည်ချင်တယ်။ ပြောပြရမယ်'

ကိုနှင်းဝေက ခေါင်းအောက်သို့ လက်ဝါးနှစ်ဖက် ယှက်သွင်းရာမှ ဆတ်ခနဲ ထလိုက်သည်။ မြင်းစီးသမား ဖြစ်၍ 'စတာမီနာ'က ကောင်းပြီးသားမို့ အမောခံနိုင်ပြီး ထာဝရ တက်ကြွဖျတ်လတ်နေတတ်သော ခြံသမားကြီးလည်း ဖြစ်ပါ၏။

အကယ်၍ နှင်းဟောမန်ဦးသည်သာ သာမန် ပစ္စည်းမဲ့ မိန်းကလေး တစ်ဦး ဖြစ်ခဲ့လျှင်...ယခုလို အဖေပါ အမေပါ အဖြစ်နှင့် မပတ်သက်ခဲ့ပါလျှင်...

'ကိုကို ဟောမန့်ကို သိပ်ချစ်တာပဲကွယ်'

ဟု မြတ်မြတ်နိုးနိုး ဖက်တွယ် ပွေ့ပိုက်ရင်း ပြောဖြစ်ပါ





သိမ့်မည်။

ယခုတော့...

'ဩော်...ဒီလိုပါ။ ကိုကိုက ဟောမန့် ဖိနပ်ပြတ်တာလေးက အစ ချုပ်ပေးနေမိတယ်။ အဲဒါကို သူဌေးမလေးမို့ မျက်နှာရအောင် လုပ်ပေးနေတာလို့ ထင်ကြမှာ စိုးရိမ်နေမိတယ်။ ကိုကိုဟာ ဟောမန့်ဆီက ဘာမှ မမျှော်လင့်ဘူး ဆိုတာ အားလုံးသိပါစေ... ဟောမန်လည်း သိပါစေကွယ်'

ကိုနှင်းဝေ၏ လှိုက်လှဲသော စကားလုံးများကို စူးရှသော အကြည့်ဖြင့် နှင်းဟောမန်ဦးက နာယူသည်။ မကျေလည်သော အကြည့်...မကျေနပ်သော မျက်နှာနှင့်...

'ကိုကိုက သိပ်စိမ်းတာပဲ။ ကိုကို့ စကားတွေက သိပ်ပြီး ခြားတာပဲ'

'မဟုတ်ရပါဘူး ဟောမန်ရယ်။ ကိုကို့ ကိုယ်စား ခံစား ကြည့်စေချင်တယ်ကွယ်'

'ကိုကို တစ်မျိုး ဖြစ်သွားပါတယ်'

'မဖြစ်ရပါဘူးဗျာ...ဘာဖြစ်လို့လဲ'

'ဟောမန့်ကို ငယ်ငယ်တုန်းကလောက် မချစ်တော့ပါဘူး'

ကိုနှင်းဝေသည် မချင့်မရဲ မချိတင်ကဲနှင့် ဟောမန်သို့ ကြည့်လိုက်သည်။

ဘာမှ မပြောဖြစ်နိုင်။ ရင်တွင်းမှမူ...

'ဟောမန်ရယ်...မိုးလောက်ကြီး ကျယ်ပြန့်ပါတယ်...။ တောင်ကော်ဆောင်လို ခိုင်မာပါတယ်။ သမုဒ္ဒရာလို နက်ရှိုင်းပါတယ်

လို့ အချစ်ကို ခိုင်းနှိုင်းဖွဲ့နွဲ့လေ့ ရှိကြပါတယ်...'

'ကိုကို့ အချစ်ကတော့ နှိုင်းတုစရာ အရာဝတ္ထု ဒီကမ္ဘာပေါ်မှာ မရှိပါဘူး အချစ်ရယ်'

'ဘာဖြစ်လို့လဲ ဆိုတော့ ခိုင်းနှိုင်းစံတုစရာ ဒြပ်ဝတ္ထုတွေထက် ပိုပြီး ကြီးမြင့်လို့...၊ စံထားစရာ မရှိလောက်အောင်ကို အမြင့်မားဆုံး အချစ်တွေနဲ့ ဟေမန့်ကို ချစ်ရလွန်းပါတယ် ဆိုတာ ဟေမန်ရယ်...မသိလေရောသလားကွယ်'

'အို...အချစ်ဆုံးလေး သိလို့လည်း မဖြစ်ပါဘူးလေ'

'ဟေမန်ရယ်...'

'ကိုကို့အချစ်ဟာ ကိုကို့နှလုံးအိမ်နဲ့ မဆန့်အောင် ပွင့်ကွဲသွားရင်လည်း ပွင့်ကွဲပါစေ။ ရင်ထဲမှာပဲ ထာဝရ သိမ်းဆည်းခံစားထားရမယ့် အချစ်မျိုးပါကွယ်'

'ကိုကို ဘာတွေ တွေးနေတာလဲဟင်'

'ဩော်...ဘာမှ မဟုတ်ပါဘူး ညီမလေး။ ဆယ်တန်းအောင်ပြီးသွားရင် ကိုကို လွမ်းကျန်ရစ်ရမှာပဲလို့ တွေးနေမိတာပါ'

အတွေးနှင့် အပြောသည် သီးခြားစီ ဖြစ်ပါသော်လည်း မှသား မဟုတ်ပါ။ သစ္စာ မည်ပါလေမည်။

'ကိုကိုက လွမ်းရုံ၊ ဒီက ငိုမှာ သိလား။ ကျောင်းပြေးပြီး ခဏခဏ ကိုကို့ဆီ ပြန်လာခဲ့မှာနော်...'

'ဟေမန်ရယ်'

'တကယ်ပြောတာ ကိုကိုရဲ့။ ဟေမန်လည်း ကိုကို့ကိုမှ





ခွဲနိုင်ပါ့မလား မသိဘူး။ စာမေးပွဲ မအောင်ပါစေနဲ့တောင်...'

'ဟဲ့...ကြည့်စမ်း။ ဘာတွေ ပြောနေတာလဲ'

'လွမ်းလို့၊ မခွဲရက်လို့...ကိုကိုကရော...'

'အသည်းကြွေမတတ်'

'ကိုကိုရယ်...တကယ်လား'

နှင်းဟေမန်ဦးက လှမ်းဖက်လိုက်သည်။ ပခုံးထက်ပေါ်မှာ သူ့ပါးလေး အပ်ထားရှာပါ၏။

အချိန် သည့်ထက်ကြာလေ...ရင်တွင်း ဆန္ဒတွေ ပိုမို ဆါက်ကွဲလေ ဖြစ်ကြရတော့မည်။

'ဟေမန်...ညီမလေး...အေးလာပြီကွယ်...ပြန်ကြစို့နော်'

'ကိုကို ပြန်ခိုင်းလို့သာ ပြန်ရမှာ...။ ဟေမန်တော့လေ စန္ဒကူးတောင်'ကို တက်၊ 'စန္ဒကူးကွေ့'ကို အသည်းတလှပ်လှပ်နဲ့ ဖြတ်ပြီး ဟောဒီ 'လင်းလွန်းလွင်ပြင်'မှာ ကိုကိုနဲ့ နှစ်ယောက်တည်း နေရတာလောက် ပျော်ရွှင် ချမ်းမြေ့စရာ ကောင်းတဲ့အရာ ရှိတော့ဘူးလို့ ထင်မိတယ်'

ကြည့်လေရာတိုင်း လှပလွန်းစွာဖြင့် ဆွတ်ပျံ့ကြည်နူးဖွယ် အာရုံမြေ မြင်ကွင်းများကို နှစ်ယောက်သား ကြည့်ရှုရင်း တူညီသော ရင်ခုန်နှုန်းမြန်ဖြင့် လက်တွဲ၍ လျှောက်လာကြသည်။

သခင်တို့ ပြန်ကြတော့မည်ဟု သိရှိသွားရှာသော မြင်းကြီး ဒီပါသည်ဲ သူ့နား သွားစရာ မလို။ သူတို့နားသို့ သူက လျှောက်လာနေသည်။

မပွင့်...မဟ...မဖွင့်...မလှစ်...ရသော ရင်တွင်းမှ အချစ်

ဝေဒနာ ကိုယ်စီဖြင့်...

ရင်၌ ဦးဆုံးပွင့်ကြသော သည်းဦးပန်း အချစ်ဆုံး... အချစ်ဦး နှစ်ယောက်တို့သည် ဒီပါ့ပေါ်မှာ ထိတွေ့ ဖက်ပိုက်ရင်း စန္ဒကူးကွေ့ကို အသည်းတလှပ်လှပ်နှင့် ပြန်လည် ကျော်ဖြတ်ခဲ့ကြပါ၏။

◆ ◆ ◆





## အခန်း တစ်ဆယ့်ကိုး

'ထိုင်ပါဦး...သားကြီး။ မေမေ သားကြီးနဲ့ အေးအေးဆေးဆေး ဆွေးနွေးစရာ ရှိလို့'

ခြံထဲမှ ပြန်လာသော ကိုနှင်းဝေသို့ ဒေါ်မြမြချင်းက နူးညံ့သင်သာစွာ ခေါ်၍ နှစ်ယောက်ထိုင် ဆိုဖာ၏ တစ်ဖက်စွန်းသို့ တိုးပေးလိုက်၍ နားလည်စွာဖြင့် မိခင်၏ ဘေးမှာ ဝင်ထိုင်လိုက်သည်။

'အခုဆို သားရဲ့ အဖေကလည်း...အဲလေ...'

စကားကို ရပ်ပစ်လိုက်သည်။ ပထွေးဖြစ်သူကို 'ဦးလေး' ဟုသာ ခေါ်သည်။ ဖခင် နေရာမှာ ဘယ်သောအခါမှ အစားမထိုးနိုင်ပါ။ သူ့ဘဝအတွက် အဖေ ဆိုသည်မှာ ဦးစံဝေ... တစ်ယောက်တည်းသာ ရှိစေရပါမည်ဟု ပြောခဲ့ပြီးသား။

ဒေါ်မြမြချင်းသည်သာ 'အစ်ကိုကြီးရဲ့သားက' 'သားရဲ့အဖေက' ဟု ပြောမိ ဆိုမိတတ်သည်။

ယခု အရေးတကြီး ပြောစရာ ရှိလေမှ နီဒါန်းက စပြီး

မှားမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲချင်မတတ် ဒေါသ ဖြစ်သွားရပါ၏။

'အဲလေ...အခုဆို အစ်ကိုကြီးဟာ ကျန်းမာရေး နည်းနည်း ချွတ်ယွင်းလာတဲ့အပြင် အသက်ကလည်း ကြီးလာတော့ စီးပွား ရေးမှာ လာဘ်မမြင်သလိုလို ဖြစ်နေပြီ...သား...'

သူ့မိခင် ဘာပြောမည် ဆိုသည်ကိုသာ စောင့်စားနေမိ သည်...။ နဂိုက စကားနည်း၍ ငြိမ်းအေးစွာ နေတတ်သော ကိုနှင်းဝေသည် မိခင်တို့၏ အုပ်စုထဲတွင် ဘယ်သောအခါမှ ပါဝင်လေ့ မရှိခဲ့။

'ဒါကြောင့်...မေမေဟာ မမ မြမြဝင်းနဲ့ အလုပ် တွဲလုပ် လာခဲ့ကြတာ အတော်ပဲ အောင်မြင်လာပါပြီ။ သူ့ယောက်ျား ကလည်း မေမေတို့ အလုပ်ထဲမှာ စိတ်ပါဝင်စားတယ်။ အမှန်က တော့ သားကို မေမေက ဦးဆောင်စေချင်တာ'

'ကျွန်တော်နဲ့ မဖြစ်ပါဘူး မေမေ။ အရောင်းအဝယ်လည်း မလုပ်တတ်ဘူး။ အထူးသဖြင့် ခုလို တစ်ဖက်နိုင်ငံနဲ့ ပစ္စည်းတွေ ဟိုပို့...သည်သယ်ရတဲ့ မှောင်ခိုကုန်သည် အလုပ်မျိုးကို သား မလုပ်ချင်ဆုံးပဲ။ ဥပဒေနဲ့ မလွတ်ကင်းတော့ လှည့်ပတ်ရတာတွေ တောင်းပန်ရတာတွေ မလုပ်ချင်ဘူး။ ကိုယ့်ဘက်က အမြဲ မှန် ကန်အောင် နေချင်တယ်။ သစ္စာကို တန်ဖိုးအထားဆုံး လူတစ် ယောက် ဖြစ်အောင် ကြိုးစားချင်တယ်...မေမေ'

မိခင် ခိုင်းစေတော့မည် အထင်နှင့် ကာကာဆီးဆီး အများ ကြီး ပြောမိပါသော်လည်း ဒေါ်မြမြချင်းက ကိုနှင်းဝေ၏ ပခုံးကို





ကိုင်ပြီး ရယ်မောလျက်...

'သားနဲ့ ဒီအလုပ်တွေနဲ့ မဖြစ်ဘူး ဆိုတာ မေမေ သိပြီး သားပါ သားကြီး။ မေမေ ပြောချင်တာက တခြားပါ'

'ဘာများလဲ မေမေ'

'မေမေတို့ရဲ့ ရောင်းဝယ်မှု လုပ်ငန်းမှာ အဓိက အခက် အခဲက ကားပဲ...သား။ သူများကား ဆိုတော့ လိုသလို သုံးဖို့ သိပ်ခက်ခဲနေပါတယ်။ အဲဒီအတွက် သား ကူညီပေးဖို့ ပြောချင် လို့ပါ'

'ကျွန်တော့်မှာ ကားမမောင်းတတ်တာ'

သည်တစ်ခါတော့ အသံထွက်အောင် ဒေါ်မြမြချင်းက ရယ်လိုက်ပြီး...

'ကားမောင်းမယ့်လူတွေ ပြည့်လို့ပါ သားရယ်'

'ဒါဖြင့် ကျွန်တော်က ဘာလုပ်ရမှာလဲ'

'မေမေတို့ ကားဝယ်နိုင်ဖို့ ကူညီပေးပါ'

'ဗျာ...ဘယ်လို...'

'မေမေတို့မှာ ရှိတဲ့ ငွေထဲကို နောက်ထပ် ရှစ်သောင်း သောက် ဖြည့်လိုက်ရင် အဝေးပြေး ကုန်တင်ကားကြီး တစ်စီး ဝယ်နိုင်ပါပြီ...သား'

'ငွေရှစ်သောင်း'

မေမေ၏ စကားစုံကို ကြားရပါသော်လည်း အဖြူရောင် စွတ်လပ်တစ်ခုကို မြင်နေရသည်သို့ပင်။ အဖြေ ဗလာနှင့် ဘာ တွေ ပြောနေမှန်းကို မသိမိ။

'ဟင်း...ဟင်း...ဟင်း...ဒါကြောင့် ငါ့သားကြီးကို လူရိုးလူအေးကြီးလို့ လူတိုင်းက ပြောနေကြတာပေါ့။ ငွေရှစ်သောင်း သား ဘယ်လိုလုပ် ရှာတတ်မှာလဲ။ မေမေ မသိဘဲ နေပါ့မလား သားရယ်'

'ဒါနဲ့များ...'

'ဒါနဲ့ မများနဲ့လေ။ မရှာတတ်ပေမယ့် သား ကူညီလို့ရတဲ့ကိစ္စပါ သား။ အလွယ်လေးပါ'

'ဗျာ...'

'နှင်းဟောမန်ဦးဆီက သား ချေးပေးပါ'

'ဟာ...'

ထိတ်လန့်တကြား ကြည့်လာသော သားသို့ ရယ်ရွှင်ဖွယ် တစ်ခုကဲ့သို့ ဒေါ်မြမြချင်းက ရယ်ရင်းမောရင်းမှ...

'နှင်းဟောမန်ဦးမှာ ငွေတွေ အများကြီး ရှိတာရော သား သိရဲ့လား'

'သိပါတယ်'

'အဲဒီထဲက ငွေရှစ်သောင်း ချေးပါ။ တစ်နှစ်အတွင်း ကျေအောင် ပြန်ဆပ်မှာပါ။ သား ပြောရင် ဟိုက လုံးဝ ငြင်းမှာ မဟုတ်ဘူး ဆိုတာ မေမေ သိပါတယ်...သားရယ်...'

'မဟုတ်သေးပါဘူး မေမေရယ်။ မေမေ ဘာတွေ ပြောနေတာလဲ။ အဲဒါက ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ။ ဟောမန့် ဖေဖေဟာ မေမေ့ ယောက်ျားပါ။ သူ့အဖေနဲ့ သူ့သမီး ပြောကြ တောင်းကြ၊ ချေးငှားကြပေါ့'





'အဲဒီလို ဖြစ်စတမ်း ဆိုရင် မေမေ သားကြီးကို ဘယ်ပြောနေပါတော့မလဲ'

'သူ့အဖေတောင် မဖြစ်ရင် သားက ဘာဆိုင်လဲ။ ဘယ်ဖြစ်ပါ့မလဲ'

'သိပ်ဖြစ်တာပေါ့ သားရယ်။ ဟောမန်ဟာ သူ့အဖေကို အကျည်းနေတယ်လေ...။ သားအတွက် ဆိုရင်တော့ ဟောမန် လုပ်ပေးနိုင်တဲ့ အရာဆိုတာ မရှိပါဘူး သား။ မေမေတို့လည်း သိရာက ကြီးလာတာ မသိဘဲ နေပါ့မလား'

'မေမေ'

'သား'

'သားဟာ တစ်သက်လုံး မေမေ ထားသလို နေပြီး ခိုင်းသလို လုပ်ခဲ့တာ မေမေ အသိပါ'

'ဟုတ်ပါတယ်။ အခုဟာ ခိုင်းတာ မဟုတ်ပါဘူး။ သားကို တောင်းပန်နေတာပါ'

'ငွေရှစ်သောင်း ဟောမန့်ဆီက ချေးပေးဖို့ မဟုတ်လား'

'ဒါပါ'

'ဒါဆိုလည်း သားက ပြန်ပြီး တောင်းပန်ပါတယ်။ ဒီကိစ္စနဲ့ ဟောမန့်ကို ဘယ်တော့မှ မပြောလိုပါဘူး။ ဟောမန် ပေးတာ ဘာမှ မလိုချင်ဘူး။ အို...နောက်ဆုံး ပြောလိုက်မယ်။ ဟောမန့်ဆီက သား ဘာဆို ဘာမှ မလိုချင်ဘူး မေမေ'

ဒေါ်မြမြချင်းက အေးစက်စွာ ပြုံးပြီး ခေါင်းတညိတ်ညိတ်နေသည်။ ယင်းကိစ္စကို ထပ်မံ တောင်းပန်၍ ဘယ်နည်းနှင့်မှ

ရတော့မည် မဟုတ်ကြောင်း နားလည်လေပြီ။ သူ မွေးထားသော
သူ့သားရဲ့ စိတ်ကို သူ သိပြီးသားပါ။

'သား'

'ဟုတ်ကဲ့...မေမေ'

ဒေါ်မြမြချင်းသည် ကိုနှင်းဝေသို့ လေးနက်စွာ ကြည့်ပြီး—

'ဟေမန့်ဆီက ဘာဆို ဘာမှမလိုချင်ဘူး ဆိုတာ တကယ်
လား သားကြီး'

'တကယ်ပါ မေမေ။ ဒါ...ကျွန်တော့်ရဲ့ သစ္စာစကားပါ'

'သားရင်ထဲမှာ တစ်ခုတော့ တောင့်တ မျှော်လင့်နေလိ
မယ် ဆိုတာတော့ မေမေ သိတယ်'

'ဗျာ...ဘာလဲ မေမေ'

'ဟေမန့်ရဲ့ မေတ္တာတရားကိုပါ'

'ဟေမန့်ရဲ့ မေတ္တာ...ဟုတ်လား...ဟေမန်က သားကို ချ
နေပြီးသားပဲ'

'သားကရော...'

'သားကလည်း သူ့ကို ညီမလေး အရင်းလို ချစ်တာ မေ
လည်း သိတယ်။ အားလုံးလည်း သိပါတယ်'

'သူများကိုညာတာက ရရှိနိုင်သေးတယ်။ ကိုယ့်ကိုယ်ကို
ညာရင် ဆိုးရွားတတ်တယ်နော်...သား'

အဘိဓမ္မာသစ် တစ်ရပ်ကို ကြားလိုက်ရသည်မို့ မိခင်
ရူးစမ်းစွာ ကြည့်မိသည်။

'သူများကို ညာတာက ရရှိနိုင်သေးတယ်။ ကိုယ့်ကို





ယ် ညာတာက ဆိုးရွားတတ်တယ် သား'

ဆိုသော ပဲ့တင်သံကို ဒုတိယအကြိမ် ထပ်မံ ကြားလိုက်မိ
ည်။ ဒေါ်မြမြချင်း၏ သိပ်သည်းသော အပြုံးတွင် အဓိပ္ပာယ်
များစွာ ရှိနေသည်သို့ပါ။

'သားကတော့ တွေးခေါ်နိုင်တဲ့ အရွယ် ရောက်ပြီလေ။
ကောင်မလေးက ငယ်သေးတော့ သားကို သိပ်စွဲလမ်းနေပုံ
ယ်'

'သူ ငယ်ငယ်လေးကတည်းက သားကိုချစ်တာ မေမေတို့
ပဲ'

'တစ်ဆက်တည်း သားကို လေးလေးနက်နက် မေမေ
နွေးစရာ ရှိတယ် သား။ သားကြီးနဲ့ မေမေကလည်း တစ်
တည်း နေပေမယ့် တစ်နာရီ ကြာအောင် တွေ့ကြတာမှ
တ်တာ'

ဒေါ်မြမြချင်း၏ ပထမပိုင်း နှစ်များဆီက ဦးအုပ်စိုးနှင့်
ပိုင်းကျတော့ သား လူမမာ မင်းအုပ်စိုးနှင့် အချိန်ကုန်ပြီး
တော့ စီးပွားရေး လုံးပမ်းနေလေပြီ။

ကိုနှင်းဝေမှာလည်း ဤ သုံးကာလလုံး ဟေမန်၏ အနား
သားအမိချင်း ကြာရှည်စွာ မဆုံဖြစ်ကြသည်က မဆန်းပါ။

'အခု အစ်ကိုကြီး ဦးအုပ်စိုး ရှိတုန်းတော့ မေမေတို့ စည်း
သုံးလုံး နေလို့ရမယ်။ ဒါပေမယ့်...အစ်ကိုကြီး မျက်စိ မှိတ်
တာနဲ့ တို့သားအမိတစ်တွေ ဟေမန် မကျေနပ်ရင် ဒီအိမ်
ခါ ဆင်းပြေးရမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတာ သား သိပါ

တယ်နော်...

'သိပါတယ်။ ဝန်ခလုံဟာ ဟေမန်ပိုင်တဲ့ ခြံကြီးမို့ပါ…

'ဟုတ်တယ် သား။ ဒီတော့ အားလုံး စည်းစည်းလုံးလုံး… ဖြစ်သွားစေနိုင်မယ့် လမ်းကို သားဆက်လျှောက်ပေးပါလို့ မေမေ… ပြောပါရစေ'

'မေမေ ပြောတာ ကျွန်တော် နားလည်ပါပြီ။ ဒါပေမယ့်… ဒီကိစ္စဟာလည်း ဘယ်တော့မှ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး… ပြောပါရစေ မေမေ'

'သား ဟေမန့်ကို ပြန်မချစ်နိုင်လို့လား'

'ချစ်ပါတယ်။ သိပ်ကိုချစ်ပါတယ်'

'ဟင်...ဒါဖြင့် ဘာအတွက်လဲ'

'အဲဒီ အတွက်ပါပဲ'

'ဘာလဲ...အဲဒီအတွက်ဆိုတာ'

'ပန်ခလုံကြီးကို ပိုင်ဆိုင်လို့၊ ပြီးတော့ သိပ်ချမ်းသာ… ပြီးတော့ ကျွန်တော် ဟေမန့်ကို သိပ်ချစ်လို့'

'အို...သားရယ်။ ဖြစ်မှဖြစ်ရလေ။ မင်းဟာ အရူး… တွေးနေပါလား'

'မဟုတ်ဘူး မေမေ။ ကျွန်တော့်ခံယူချက်နဲ့ ကျွန်တော်… ဟေမန့်ဆီက ကျွန်တော် ဘာမှ မယူချင်ဘူး။ ကျွန်တော်… နိုင်သမျှ အားလုံး ပေးဆပ်ချင်တယ်'

'ခက်...ခက်ရချည်ရဲ့ နှင်းဝေရယ်။ မင်းမှာ ဘာများ… စရာ ရှိလို့လဲ'





'ကျွန်တော့်ရင်ထဲက မေတ္တာ အားလုံးပေါ့'

'တယ်လည်း စိတ်ကူးယဉ်ချင်တဲ့သားပဲ။ ဟေမန် မင်းကို …နေတာလည်း မင်း သီလျက်နဲ့မျှားကွယ်'

'အဲဒါပဲ လိုချင်ပါတယ်။ ဟေမန့် မေတ္တာ အားလုံးကို …ည်း ရယူချင်ပါတယ်။ ဒါပေမယ့်...မေမေ...'

'အင်း...'

'ဟေမန်ရယ်၊ ဟေမန့် ပစ္စည်းတွေရယ်ကို ကျွန်တော် …င်ဆိုင်ချင်ဘူး။ မရယူရက်ဘူး'

မေတ္တာတရားကို ရူးမိုက်စွာ ရှေ့တန်းတင်နေသော သူ့ …သို့ ဒေါ်မြမြချင်းက စိတ်ပျက်လက်ပျက် ကြည့်လိုက်ပြီး...

'ဒါဖြင့် မင်း ဟေမန်ကို စွန့်လွှတ်နိုင်သလား'

'သူ ကောင်းစားမယ်။ သူ စိတ်ချမ်းသာမယ် ဆိုရင် စွန့် …တ်နိုင်ရုံ မကဘူး။ သူ လိုအပ်မယ် ဆိုရင် ကျွန်တော့် အသည်း …ုံးကို ထုတ်ပေးနိုင်တယ် မေမေ။ ဟေမန်ဟာ ကျွန်တော်နဲ့ …ာ မထိုက်တန်ပါဘူးဗျာ'

သူရဲကောင်းစင်စစ် မဟုတ်။ မိုက်လည်းမိုက်၊ ရူးလည်းရူး၊ …ည်းရဲသော အတွေးခေါ်မဲ့ လူသား တစ်ယောက် အဖြစ်နှင့် …ဖြစ်သူကို စက်ဆုပ်စွာ ကြည့်လိုက်သည်။

ဤအမြင်မျိုးနှင့် ကြည့်နေပြီ ဖြစ်ကြောင်း ကောင်းစွာ …သော ကိုနှင်းဝေက ရှေ့သို့သာ ငြိမ်သက်စွာ ကြည့်ရင်း သူ့ …င်း၏ အကြည့်ဒဏ်ကို ဘေးတိုက် ခံယူနေရသည်။

ခဏမျှ ကြာသည်အထိ ဘာစကားမှ ထပ်မပြောတော့။

ပြီးတော့ သူ့သားနားမှ ဆတ်ခနဲ ထ၍ ထွက်သွားတော့သည် သားအမိချင်းမို့ နှုတ်ဆက်နေစရာ မလိုသော်လည်း မကျေနပ် လွန်းသော ခွဲခွာခြင်း ဖြစ်ကြောင်း ကိုနှင်းဝေ သိပါသည်။

'သြော်...ဟေမန်ရယ်...'

'ဟေမန်ဟာ ဘာလို့များ သူဌေးမလေး ဖြစ်နေရတာလဲ'

'ဘာလို့ အသက်ချင်း သိပ်ကွာနေရတာလဲ'

'ဘာလို့ သိပ်လှနေရတာလဲဟင်'

'ပြီးတော့...'

'ကိုကို့ရဲ့ ဘဝနဲ့ အခြေအနေဟာ ဘာလို့များ ဒီလော တောင် နိမ့်ကျနေရတာလဲ'

'ကံကြမ္မာက ဘာကြောင့်များ ဒီလောက် အနိမ့်အမြင့် ခြားနားအောင် ဖန်တီးထားရတာလဲ...ကိုကို့ရဲ့ အချစ်ဆုံး လေးရေ...'

'အချစ်ရဲ့ မျက်ဝန်းလေးတွေကတစ်ဆင့် ကိုကို့ရဲ့ မေတ္တာ ကို တမ်းတစွာ ငံ့လင့်နေတယ် ဆိုတာ ကိုကို မသိလို့ မဟုတ် ပါကွယ်'

'ဒါပေမယ့်...'

'သိပ်လှ၊ သိပ်ငယ်ပြီး၊ သိပ်ပြည့်စုံနေတဲ့ ဟေမန့်ကို ကို မပိုင်ဆိုင်ရက်ပါဘူး အချစ်ဦးရယ်...'

◆ ◆ ◆





## အခန်း နှစ်ဆယ်

'သမီး...ဟေမန်'

'ဖေဖေ'

'နှင်...နှင်းဝေနဲ့ ကြိုက်နေသလား'

'အို...'

ပြေပြစ် ခြင်းသော စကားကို ထာဝရ မဆိုတတ်သော ဦးအုပ်စိုးသည် မပြောအပ်သော စကားကို သမီးငယ်သို့ တည့် တိုးကြီးပင် ပြောချလိုက်တော့သည်။

ဟေမန်မှာ...ရှက်ရွံ့ ခံပြင်းစိတ်များကြောင့် ရင်ဒိတ်ဒိတ် ခုန်လာသည်။ ချစ်လှစွာသော မယ်မယ့်ကိုလည်း ချက်ချင်းပင် တမ်းတလာမိပါ၏။ ဤနေရာမျိုးတွင် မယ်မယ်သည် သူ့ရှေ့မှ အားမားမတ်မတ် ရပ်လျက် ပြဿနာ အရပ်ရပ်ကို သူ့ကိုယ်စား ဖြေရှင်းပေးပါလိမ့်မည်။

ယခုတော့...

'ဒါ ရှက်စရာ ကြောက်စရာ ကိစ္စမှ မဟုတ်ဘဲ။ အမှန်

အတိုင်း ပြောလေ...သဘောမတူလို့ မေးနေတာမှ မဟုတ်တာ'

အရက်ကလည်း ခပ်ထွေထွေနှင့်မို့ ဦးအုပ်စိုးက ပို၍ အာသွက်နေသည်။

ကိုကို့ကို နိမ့်နိမ့်ချချ ပြောမည်၊ ကင်းကင်းရှင်းရှင်း နေရန် ဟိန်းဟောက် ညွှန်ကြားမှုပေးလိမ့်မည်ဟု ထင်ထားရာမှ...

'သဘောမတူလို့ မေးနေတာမှ မဟုတ်တာ'

ဆိုသော စကားကြောင့် အားတက်ခဲ့ရပါပြီ...

ကိုကိုသည်သာ...သူ့ထံမှ မေတ္တာ တောင်းခံလာပါလျှင် ပေးဆက်ရန် အသင့်၊ နောက်ဆုံး နှစ်ယောက် နှစ်ဘဝမှ... နှစ်ယောက် တစ်ဘဝအဖြစ် ကိုကို လိုလားသည် ဆိုပါလျှင်လည်း ကိုကို့သဘောအတိုင်း လိုက်လျောရန် အသင့်ပါ...

ခက်သည်က ယခုအချိန်အထိ ကိုကို့ထံမှ ဘာစကား တစ်ခွန်းမှမကြားခဲ့ရ။

'ပြောလေ...ဟောမန်'

ဖခင်ကြီးက သဘောမတူစရာ မရှိပါ ဆိုသည့်တိုင် ကိုယ့်ဘက်မှ အပိုင် ဖြေနိုင်စရာ အကြောင်း မရှိခဲ့သေးပါ။ သိပ်ခက်တဲ့ ကိုကိုရယ်...။

'ဟောမန်တို့ချင်း မောင်နှမလိုပဲ နေကြတာပါ'

'အေးလေ...ဒါဖြင့်လည်း ပြီးရော...တပူးတွဲတွဲ လုပ်နေကြလွန်းလို့ နင်တို့များ ကြိုက်နေကြသလားလို့။ မဟုတ်လည်း ပြီးရောပေါ့...သွားတော့'

သားအဖချင်းကလည်း ဘယ်သောအခါမှ ရင်းရင်းနှီးနှီး





ရှိခဲ့ကြ။ သမီးဟုပင် ခေါ်ခဲ့သည်။ တစ်အိမ်တည်း နေပြီး ဥဆက္ကာ ပြုထားလေသော ဦးအုပ်စိုးသို့လည်း ဟောမန်က သိပ်ချစ်ပါ။ မိထွေးနှင့်လည်း မရောဝင်ချင်ပါ၍ ဖခင်နှင့်ပါ ကင်းကင်း ကွာကွာ ဖြစ်ခဲ့ရသည်။

ယခု စူးစမ်းမှုသည်လည်း ဒေါ်မြမြချင်းက တစ်ဖက်လှည့်နှင့် မေးခိုင်း၍သာ မေးရခြင်းပါ။ သူ့အနေနှင့် ယင်းကိစ္စကို အလေးအနက် မထားလှ။

ဦးအုပ်စိုးသည် ကြာလေ အရက်သောက်ရှိန် တိုးလာလေပါ။ ယခု ဆိုလျှင် အရက်သည် သူ့ဘဝနှင့် ခွဲ၍ မရတော့။ အရက်မရှိလျှင် မနေနိုင်သော အဖြစ်သို့ ရောက်ခဲ့ချေပြီ။

သူသည် အရက်၏ ကျေးကျွန်...အရက်သည် သူ၏ အရှင်သခင်...

ဦးအုပ်စိုးရှိရာ အခန်းမှ ထွက်လာပြီး ခြံတွင်းသို့ ဆင်းခဲ့သည်။ မိုးမခပင်သို့ မျက်နှာမူထားရာ ဒန်းပေါ်တွင် အထီးကျန်စွာ ထိုင်နေမိသည်။ ငယ်စဉ်ကလို မလွှဲဖြစ်တော့...

ထင်းရှူးပင် နှစ်ပင်ကို အသေအချာ သပ်လျှိုပြီး သံကြိုးများနှင့် ဆင်ထား၍ ဒန်းသည် ခိုင်ခံ့မြဲပါ။

'ကိုကိုလည်း ခြံထဲက ပြန်မလာရရှာသေးဘူး။ ဖေဖေဟာ ကိုကို့ကို အလုပ်သမား တစ်ယောက်လို၊ ကျေးကျွန်လို သိပ်ခိုင်းတာပဲ'

'မေမေ ပေးထားခဲ့တဲ့ ငွေတွေ အများကြီး ငါ့မှာ ရှိတယ်။ ကိုကို့ကို ယူသုံးခိုင်းမယ်။ တခြား စီးပွားရေး တစ်ခုခု လုပ်လို့

ပြောမယ်။ သူတို့ မကျေနပ်လည်း နေခဲ့ကြ။ ငါနဲ့ ကိုကိုနဲ့ တခြားမှာ အိမ်ဝယ်ပြီး နေမယ်'

'ကိုကိုတောင် ငါ့အတွက်…ဆယ်တန်း မဖြေတာ။ ပထွေးငွေ မသုံးချင်တာက တစ်ကြောင်း၊ ငါ ကလေးဘဝက သူ့ကို လွမ်းနေမှာပဲ ဆိုပြီး မထားခဲ့ရက်လို့ သူ့ပညာရေးကို ဖြတ်ပစ်ခဲ့သေးတာ'

'ငါလည်း ဒီနှစ် ဆယ်တန်းအောင်ရင် ကောလိပ် မတက်တော့ဘူး။ ကိုကိုနဲ့ပဲ နေတော့မယ်'

'ကိုကို…ဟောမန် ချစ်ရတဲ့ ကိုကိုရယ်…နှစ်ယောက်အတွက် တစ်ဘဝ ဆောက်တည်ရအောင်။ ကိုကို ဘာလို့ မစဉ်းစားသေးတာလဲ။ ဟောမန့်ကို ဘာလို့ မပြောသေးတာလဲဟင်'

'ကိုကိုရေ…ညီမလေး ရင်ထဲမှာ ဘာတွေ မျှော်လင့်နေတယ်ဆိုတာ သိပေးပါတော့လားရှင်…'

◆ ◆ ◆





## အခန်း နှစ်ဆယ့်တစ်

စက်မှုတက္ကသိုလ်၏ သတ္တုတွင်း အင်ဂျင်နီယာ နောက်ဆုံးနှစ် ကျောင်းသား 'ရန်အောင်စိုး' စာမေးပွဲ ဖြေပြီး၍ ပန်ခလုံသို့ ရောက်လာသည်။

သူ့မိခင်သည် မိုင်းဖြတ်နှင့် ပန်ခလုံသို့ ကူးချည်သန်းချည် လုပ်နေချိန်မို့ သူ မိုင်းဖြတ်သို့ မသွားတော့။ သူ့ချစ်အန်တီ ဒေါ်မြမြချင်း ရှိရာ ပန်ခလုံ၌ပင် သူ့အိမ်ရာလို လာနေတော့သည်။

အမြွှာညီအစ်ကိုမှ အကြီးဖြစ်သူ 'ရန်နောင်စိုး'သည် ဆယ်တန်းကို အကြိမ်ကြိမ် ဖြေသော်လည်း မအောင်မြင်ခဲ့။ ယခုတော့ ကုန်သည်ယောင်ယောင်၊ ပွဲစားလိုလိုဖြင့် မိခင်၏ ငွေကို ထိုင်ဖြုန်းနေသော သား တစ်ယောက်ပါ။ သူတို့ဖခင် ရှိစဉ်ကပင် အထိန်းကွပ် မဲ့ခဲ့ရာမှ စီးပွားရေးဘက်သို့သာ လုံးပမ်းနေသော မိခင်၏ အုပ်ချုပ်ခြင်း ကင်းလွတ်မှုအောက်တွင် ရန်နောင်စိုးမှာ ဆိုးချင်တိုင်း ဆိုးနေတော့သည်။

ရန်နောင်စိုး နောက်သို့ လိုက်ပြီး လူကြီးလုပ်သမျှ လိုက်

ပုပ်နေတတ်သော ကလေးက 'မင်းအုပ်စိုး'ပါ။

ရန်အောင်စိုးက အင်ဂျင်နီယာဘွဲ့ ရခါနီးဆဲဆဲမို့ နည်းည်းတည်ငြိမ်လာသော်လည်း သူ့ကိုယ်သူတော့ ဘဝင်မြင့်၏။

ဒေါ်မြမြချင်းသည် အပြင်မှ ပြန်လာသော အနောက်တိုင်းတတ်စုံနှင့် ကြည့်၍ကောင်းလာသော ရန်အောင်စိုးသို့ လိုက်ကြည့်ရင်း စဉ်းစားချင့်ချိန်ဖွယ် အတွေးသစ် တစ်ရပ် ခေါင်းထွင်းသို့ ဝင်လာသည်။

'တူလေး...လာဦး။ အန်တီ ပြောစရာ ရှိတယ်'

ရန်အောင်စိုးသည် ဒေါ်မြမြချင်း၏ အနားတွင် နီးနီးကပ်ကပ်ဖြင့် ရောရောဝင်ဝင် ထိုင်ချလိုက်သည်။

'သားမှာ ရည်းစား ရှိသလား'

'ရှိတာပေါ့...ဘယ်နေပါ့မလဲ'

'အကောင်းမေးတာ...ပြောင်ချော်ချော် လုပ်မနေစမ်းနဲ့...'

'တကယ်ပြောတာ။ ရာဇူးက ကောင်မလေး ခြောက်ပုံ ပြရလား။ ရီဂျင်နယ်လ်ကလည်း တစ်ယောက်။ အမ်မ်စီကတော့ ပိုက်တာ မကြည်ဘူး...။ ဘိုင်အို ယူထားတဲ့ ရီဂျင်နယ်လ်က ကောင်မလေး 'ဆရာဝန်မလေး ဖြစ်အောင် ကြိုးစားခိုင်းထားရတယ်'

'ကောင်းတယ်။ ယောက်ျားလေး ရည်းစားများများ ထားင် မခံစားရတော့ဘူး။ ဒီမှာ အန်တီမြ မိန်းမလှလှလေး ပေးစားင် ယူမလား...။ ဟိုကောင်မလေးတွေကို မေ့လိုက်နိုင်မလား...ပသား'





ရန်အောင်စိုးသည် ပေါ့ပေါ့ပါးပါး ရယ်သွမ်းသွေးလျက်ဖြင့်...

'အားလုံးကို မေ့ပစ်လိုက်မယ်လေ။ အန်တီမြ ပေးစားမှာ ဟေမန် ဖြစ်ခဲ့ရင်ပေါ့...'

ဒေါ်မြမြချင်းက ရန်အောင်စိုး၏ ပခုံးကို တအားပုတ်ရင်း လှမ်းဖက်လိုက်ပြီး အသံထွက်အောင် ရယ်မောသည်။

'တကယ်မိတဲ့ အပြောပဲ။ အဟုတ်ကို ဟေမန်နဲ့ ပေးစားမလို့'

'လုပ်မနေစမ်းပါနဲ့ အန်တီမြရာ။ အဖေ့ကို ကိုနှင်းဝေကြီး ရူးသွားပါဦးမယ်'

'အန်တီမြတို့လည်း ဒီလို ထင်ခဲ့တာပဲ။ ဒါပေမယ့် မဟုတ်ဘူးတဲ့ သားရဲ့...'

'ဘာ မဟုတ်တာလဲ'

'သူ ဘယ်လိုနည်းနဲ့မှ ဟေမန့်ကို လက်မထပ်လိုပါဘူးတဲ့။ ညီမ အရင်းလိုပဲ ချစ်တာ ဆိုပါလား'

'အလကား ဟိုးရိုးလုပ်နေတာပါ အန်တီမြရာ။ ဟေမန့်ကို နည်းနည်းလေး ယိတာ၊ ကြည့်တာတောင် ခံနိုင်တာ မဟုတ်ဘူး။ သူ့ရင်ထဲ ထည့်ထားချင်လောက်အောင် ချစ်တာပါ။ သူ့အသည်းနှလုံးကို သူ ညာနေတာပဲ ဖြစ်ရမယ်။ သူစိမ်းပြင်ပြင် နှစ်ယောက် ဒီလောက် တွဲနေကြ...ဒီလောက် သံယောဇဉ် ဖြစ်နေကြတာ ဘယ်မှာ ရိုးသားနိုင်ကြပါ့မလဲ'

'သူ့ဟာသူ စိတ်ထဲက ရိုးချင်ရိုး၊ ဆန်းချင်ဆန်း...

ဟောမန့်ကို ဘယ်နည်းနဲ့မှ မယူပါဘူးလို့ အပြတ် ပြောပြီးပါပြီဆို...'

'ဘာဖြစ်လို့တဲ့လဲ'

'ချမ်းသာလို့တဲ့'

'အမယ်လေးဟဲ့'

ရန်အောင်စိုး လောင်ပုံ အမူအရာကြောင့် ဒေါ်မြမြချင်းပါ ရယ်ရသည်။

'အဲဒါကြောင့် ဟောမန့်ကို ယူမလားလို့ သားကို မေးမလို့...'

'အစ်ကို ကိုနှင်းဝေကြီး ကြွနေပါဦးမယ် အန်တီမြရာ'

'မကြွပါဘူး...သူ မယူနိုင်ပါဘူးလို့ အပြတ်ပြောထားပြီပဲ'

'အန်တီမြတို့ ပြောလိုက်ရင်တော့ အပိုင်ချည်းပဲ။ ကိုယ့်အစ်ကိုဘက်က ရတယ်ပဲ ထားပါ။ ဟောမန်က သားကို လက်ခံမှာလား'

'လက်ခံခဲ့ရင်ရောကွာ'

'ယူမယ်ဗျာ'

အပေးအယူက လွယ်ကူစွာတည့်သွားကြလေပြီ။

ဒေါ်မြမြချင်းမှာ ကျဉ်းမြောင်းသော မျက်ဝန်းကို ကျဉ်းချလိုက်ရင်း စဉ်းစားသည်။ ယင်း၏ စီမံကိန်း ဖြစ်မြောက် အကောင်အထည် ပေါ်စေမည့် နည်းလမ်း အသွယ်သွယ်ကိုပါ။

ဟောမန်သည် ဤအိမ်မှ လွတ်ထွက် ကင်းကွာရခါနီးလေ





ပြီ။ စာကြိုးစားသော ဟောမန် ဆယ်တန်းအောင်လျှင် သူ့မိခင်၏ ညီမရင်းရှိရာ မြို့ကြီးမှာ သွားရောက်၍ ပညာ ဆက်လက်သင်ယူပါလိမ့်မည်။

ဘွဲ့ရရှိပြီးသည့် အခါတွင်လည်း သူ မပျော်ပိုက်သော ပန်ခလုံသို့ ပြန်လာလိမ့်မည် မထင်။

အဝေးရောက် နှင်းဟောမန်ဦးသည် သူ၏ ပိုင်ဆိုင်မှုများကို အဝေးမှ လှမ်း၍ တောင်းဆိုပေလိမ့်မည်။ တောင်ကြီးမြို့ရှိ သူ့အန်တီခေမာသည်လည်း နူးညံ့သော အစားထဲက မဟုတ်။ သူကိုယ်တိုင် ဘွဲ့ရ ပညာတတ် တစ်ယောက် ဖြစ်သည့်အပြင် ဒုတိယ ဗိုလ်မှူးကြီး၏ ဇနီးတစ်ယောက်...

သူ့တူမဘက်က တရားသဖြင့် ထိုက်ထိုက်တန်တန် ယူဆေးနိုင်မည့်သူပါ။

အရက်မှ အရက် ဖြစ်နေသော ဦးအုပ်စိုးသည်လည်း အားကိုးဖွယ် မမြင်တော့။

သည့်အတွက်...

ဤအိမ်မှ ဟောမန် လွတ်ထွက်သွားနိုင်မည့် လမ်းပေါက်များ ထိပ်က ပိတ်ဆို့လျက်...

ဤ ပန်ခလုံ သံသရာ၌သာ ထာဝရ နေထိုင်ကျင်လည်နေစေရန် ဒေါ်မြမြချင်း၏ အရည်အချင်းများ အားလုံး အသုံးပြုလျက်...

ကြိုးစားရပါမည်...အစွမ်းကုန် ကြိုးစားရပါလေမည်။

◆ ◆ ◆

**အခန်း နှစ်ဆယ့်နှစ်**

ဝန်းကျင်တစ်ခုလုံး မြူနှင်းပွင့်တို့ သိပ်သည်းစွာ ပိတ်ဆီးရစ်ဆိုင်းနေသော ဆောင်းလယ် တစ်နံနက်ခင်း။

ထိုနေ့သည် ဒီဇင်ဘာလ သုံးဆယ့်တစ်ရက်နေ့...

'နှင်းယောမန်ဦး၏ **ဆယ့်ခုနစ်နှစ်**မြောက် မွေးနေ့ ဖြစ်သလို...'

'**နှစ်ဆယ့်ငါးနှစ်မြောက်**' ကိုနှင်းဝေ၏ မွေးနေ့လည်း ဖြစ်ပေသည်။

စန္ဒကူးတောင်သည် နှင်းစက်ရည်တို့ ဖျန်းပက် သွန်းလောင်းထားသည်သို့ နေရာတိုင်းမှာ စိမ်းမြ စိုထိုင်းနေပေသည်။

နေခြည်သည် မြူနှင်းလွှင်ပြင်ကို မထွင်းဖောက်နိုင်ရှာ။ အလင်းအား ယဲ့ယဲ့မို့ သဲ့သဲ့လေးမျှဖြင့် မနွေးလာသေး။

တောင်ထိပ် ထက်မှ ပြန့်ပြေသွားသော မြေပေါ်သို့





ချောက်မီ လမ်း တစ်လျှောက်လုံးနှင့် တောင်ထိပ်များ ပေါ်မှာ စန္ဒကူးပင်တို့ ချည်းသာ အကိုင်းချင်း ဆက်ယှက်နေပါ၏။

ရက္ခဗေဒ ရှုထောင့်မှ မြင်ရသော စန္ဒကူးသည် အမြဲ စိမ်းလန်းသော ပင်လတ်တစ်မျိုး ဖြစ်ပြီး လုံးပတ် ၃ ပေ၊ အမြင့် ပေ ၃၀ အထိ ရှိပြီး...သက်တမ်း နှစ်ပေါင်း ၄၀ ခန့် ကြာမှ အနှစ်ကောင်းကောင်း ရရှိနိုင်ပါမည်။ မြေသြဇာ ညံ့ပြီး ကျောက်တုံးပါသော မြေမျိုးတွင် အနှစ်ကောင်းသော စန္ဒကူးပင်များကို တွေ့ရတတ်ပါ၏။

လုံ့သွားပုံသဏ္ဌာန် 'ရွက်ဆိုင်' အမျိုးအစား ဖြစ်ပြီး အကိုင်းအခက်တို့သည် သေးသွယ်၍ တွဲကျလျက်ရှိနေတတ်သည်။

အဖြူရောင် အကာသည် အနံ့မဲ့သော်လည်း ဝါညိုရောင်ရှိသော စန္ဒကူး အနှစ်သည် မွှေးရနံ့ ပြင်းပျလှပေသည်။

စန္ဒကူးပင်၏ မူရင်းဒေသမှာမလေးရှားကျွန်းဆွယ် ဖြစ်ပါသည်။ ဂျာဗားကျွန်း အရှေ့ပိုင်း၊ တီမာကျွန်း၊ အိန္ဒိယပြည်တောင်အပြားနှင့် ဘင်္ဂလားနယ် အနောက်ပိုင်း တစ်လျှောက်တွင် ပေါက်ရောက်တတ်ပါ၏။

စန္ဒကူးသည် သူနှင့် အတူ ပေါက်သော အပင်များ၏ အမြစ်များမှ ရေနှင့် အာဟာရကို နုတ်ယူပြီး ကြီးထွားတတ်သည့် 'ကပ်ပါးပင်' မျိုးပါ။

စန္ဒကူးသီးသည် အနက်ရောင် မြင်ရသော်လည်း အမှန်မှာ ခရမ်းရောင် ဖြစ်ပါ၏။ ပွင့်ရွက် လေးရွက်နှင့် ဝတ်ဆံဖို လေးခုပါ၍ မတ်လမှ ဇူလိုင်လ အတွင်းသာ ပွင့်တတ်ပါ၍...

ဟေမန် ရောက်လာချိန်မှာ စန္ဒကူးပွင့် မရှိသော်လည်း ရွက်ချွန်ရွက်ဖြာလေးများသည် စိမ်းစို လန်းလတ်ခြင်းများဖြ ဟေမန့်ကို ကြိုဆိုနေကြသည်သို့ပါ။

စန္ဒကူးတောင်ထွတ်၏ ကျောက်သားဆိုင်များ အားလုံး လို စိမ်းစိုနေပါ၍ ဒီပါသည် သတိဝီရိယ ကြီးလွန်းစွာဖြင့် ဖြည်း ဖြည်းချင်း နင်းတက်လာသည်။ လူသားတို့၏ ခြေနှင့်ဆိုလျှ ချော်နိုင်...လဲနိုင်ပါ၏။

ဒီပါသည်မှ အတိမ်းအစောင်းလေးမှ မရှိစေရအောင် သခင်မကို ဂရုတစိုက် သယ်ယူလာရှာသည်။

တောင်ထွတ်ထိပ်တွင် ခပ်ပြေပြေ ကျောက်သားကမူလေ ရှိပါ၏။

ဒီပါ ခြေစုံရပ်လေမှ...

နင်းဟေမန်ဦးသည် မြင်းထက်မှ ဆင်းသက်ရင်း...

ကိုကို...

စန္ဒကူးတောင်ထိပ်ကို ဒီပါနဲ့ သွားနှင့်ပြီ...

ကိုကို လိုက်ခဲ့နော်...

ဒီနေ့ သိပ်အရေးကြီးတာ ပြောစရာ ရှိလို့...

ကိုကို့ရဲ့ ချစ်ဟေမန်

ယခုလောက်ဆို ကိုကိုသည် ခြံမှ ပြန်ရောက်လောက်ပြ ခြံသို့ ကိုကို သွားအိပ်ရသည်။ ညတိုင်း နံနက် ခုနစ်နာရီလော





ဆို ပြန်ရောက်တတ်၏။ နံနက် ငါးနာရီဆို ကိုကို အိပ်ရာမှ သနေကျ...

သိုးမွေး ခေါင်းစွပ်နီနီလေးကို နားရွက်ထိပ် ရောက်အောင် ဆွဲချလိုက်ရသည်။ အနွေးထည် သုံးထပ်နှင့် ခွေးပွဘောင်းဘီရှည်၊ ခြေအိတ်တို့သည် ဆောင်းနှင်းဒဏ်ကို ကာကွယ်နိုင်ပါလား။

တုန်ခိုက်စွာဖြင့် စွယ်တာ လက်ရှည်ကို မပြီး နာရီကို ကြည့်လိုက်သည်။ ခုနစ်နာရီ မိနစ်လေးဆယ်။

'ကိုကို ရောက်သင့်ပြီ'

တောင်ခြေလမ်းသို့ မှန်းမျှော်ကြည့်သည်။ မြင်းခွာသံ ကိုပင် မကြားရသေး။

တောင်ခြေလမ်း စန္ဒကူးကွေ့၏ အောက်ဘက် 'ချောက်' ရှာ အရပ်သည် အမည်းကွက်ကြီး တစ်ခုကဲ့သို့သာ မြင်ရသည်။ ကျက်စောက်လွန်း၍ မိုက်မှောင်နေသော စန္ဒကူးကွေ့အောက်မှ န္ဒကူးချောက်...

တစ်ယောက်တည်း မလာဖူးသော်လည်း ဖေဖေနှင့်မို့ ာက်လာစဉ်က ရင်မှာ ကြောက်စိတ် မဝင်မိသေး။

ဤနေရာလေးသည် ဟေမန့်အတွက် နေရာဟောင်း သားပါ။

ကိုကိုနှင့် နှစ်ယောက်တည်း မကြာခဏ လာနေကျ... ခုမှ တစ်ယောက်တည်း ခရီး၏ ပထမဆုံး အကြိမ်ပါ။

'ကိုကိုများ ဆူနေလေမလား'

'အို...ဒီနေ့ တို့မွေးနေ့ဆိုတာ သူလည်း သိမှာပါ'

'ပြီးတော့ ဘာဆုစရာရှိလဲ။ သူပဲ အမိန့်ထုတ်ပြန်ထားတာ။ ဟိုးအရင်...လင်းလွန်းလွင်ပြင်ကို သွားပြီးတည်းက ဒီပါကိုနှစ်ယောက် အတူ မစီးရတော့ဘူး ဆို၍တော့'

'လာမှာပါ...ကိုကို မကြာခင် ရောက်လာတော့မှာပါ'

ဆိုသော အပိုင်တွေးများဖြင့် ဒီပါ၏ သေး ကမူတွင်ထိုင်စောင့်ရန် ဘောင်းဘီကို ဒူးအထက်မှ နှစ်ဖက် မတင်၍ထိုင်ရန် ဟန်ပြင်စဉ်...

ကျောက်တုံး သို့မဟုတ် လေးလံသော အရာတစ်ခုတောင်ခြေအထိ...အထိထိ အခိုက်ခိုက်ဖြင့် လိမ့်ကျသွားသံကိုကြားလိုက်ရ၍ ဖျတ်ခနဲ ပြန်မတ်ပြီး အသံကြားရာသို့လိုက်ကြည့်မိသည်။

ကျောက်တုံးညိုတစ်ခု လိမ့်ဆင်းသွားသည်ကို ဖျတ်မြင်လိုက်ရသည်။ တစ်ဆက်တည်းမှာပင်...

စွယ်တာနက်၊ ဘောင်းဘီနက်၊ ခေါင်းစွပ်နက်နှင့်လူတစ်ယောက်၏ သဏ္ဌာန် ဝိုးတဝါးကို စန္ဒကူးပင်များ ကြားမှာရိပ်ခနဲ ဖျတ်ခနဲ တွေ့လိုက်ရ၏။

သူသည်လည်း လိမ့်ကျသော ကျောက်တုံးနှယ် တောင်ခြေအရောက် ပြန်ဆင်းပြေးနေလေသည်။

စက္ကန့်ပိုင်း အတွင်း၌မူင် ဟေမန်၏ မျက်စိအောက်မှပျောက်သွားတော့သည်။

'အို...သူ...သူ ဘယ်သူလဲ'





'ပြီးတော့...မြို့ဘက် တောင်တက်လမ်းက မလာဘဲ ခက်ခဲတဲ့ တောလမ်းဘက်က သူ ဘာလို့ တက်လာရတာပါလိမ့်'

ရှုံ့ကြောက်ဖွယ်'သံသယစိတ်တို့ ကြီးစိုးလာမိသည်နှင့် ဟေမန်သည် 'ဒီပါ'၏ ကိုယ်လုံးကို အားကိုးတကြီး ကိုင်တွယ်မိသည်။ မြင်းလိမ္မာကြီးသည်လည်း ဟေမန်ကြည့်ရာ အရပ်သို့ သူလည်း အသံကြားသဖြင့် လှမ်းမျှော်ကြည့်ပြီး တစ်ချက်ဟီလိုက်သည့် အသံသည် ဟိန်း၍ထွက်လာတော့သည်။

ဆိတ်ငြိမ်နေသော စန္ဒကူးတောင်ထိပ်ဆီမှ ဒီပါ၏ ဟီသံသည် စန္ဒကူးတောအနှံ့ ပျံ့ပါသတည်း...

'ဟေမန်...ဟေမန်...'

ပဲ့တင်သံ ဆက်နေသော ကိုကို ကိုနှင်းဝေ၏ ကြုံးအော်ခေါ်သံကို ကြားရပါပြီ။ ဝေးလံပါဦးမည်။

'ဟေမန်ရေ...ညီမလေး...'

'ဘာဖြစ်နေကြလဲ'

စိုးရိမ်တကြီး မေးသံက နီးလာပါပြီ။ ဒုန်းစိုင်းမရသော နေရာမို့ မြင်းခွာသံကို မကြားသာနိုင်။

ဒီပါ၏ ဟီသံသည် အန္တရာယ်တစ်ခုခုကို ကြုံတွေ့ရသည့် ဒေါ အော်မြည်သံမျိုး ဖြစ်ကြောင်း ကိုနှင်းဝေ စိတ်ပူစွာ နားလည်သွားပြီ ဖြစ်ကြောင်း ဟေမန် သိလိုက်ပြီဖြစ်၍...

'ကိုကို...ကိုကိုရေ...'

'ညီမလေး...ဟေမန်'

'ဟေမန်တို့ တောင်ထိပ်မှာ။ ဘာမှ မဖြစ်ပါဘူး ကိုကို'

အသံထွက် ကျယ်စေရန် လက်ဝါးနှစ်ဖက်ကို နှုတ်ခမ်း ဘေးမှာ ကာလျက် ဟေမန် ကြုံးအော်လိုက်ရပါ၏။

ချော်နေသော တောင်တက်လမ်းကို ကျင်လည်လျင်မြန် စွာ မြင်းတစ်စီးဖြင့် ကိုနှင်းဝေ တက်လာတော့သည်။

စိုးရိမ်ပူပန်လွန်းသော မျက်နှာနှင့် မြင်းပေါ်မှ ခုန်ဆင်း လိုက်ပြီး ဟေမန်၏ ပခုံးစွန်းနှစ်ဖက်ကို ခပ်ဖိဖိလေး ကိုင် လှုပ်လျက်…

'ဘာဖြစ်လို့ တစ်ယောက်တည်း အစောကြီး လာရတာ လဲဟင်…ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲ ညီမလေး'

စိုးရိမ်ပူပန်ခြင်း အဟုန်သည် စကားလုံးများကိုဆက်တိုက် တွန်းထုတ်နေပါ၏။

'အမယ်လေး…ကိုကို မေးပုံကြီးကလည်း…'

'ဖြေစမ်းပါ'

'ဒီနေရာမှာ တွေ့ချင်စရာ ကိစ္စ ရှိလို့ပေါ့ ကိုကိုရဲ့။ တမင် ကြိုပြီး လာစောင့်နေတာ'

'ဘာကိစ္စလဲ'

'သိရမှာပေါ့။ ထိုင်ပါဦး ကိုကိုကလည်း…'

ကိုနှင်းဝေသည် သူ့မြင်းကို စန္ဒကူးပင် တစ်ပင်မှာ ချီလိုက် သည်။ ဒီပါလို လွှတ်ထား၍ မရ။ မြင်းကြိုးချည်ပြီး ဒီပါ့ကျော က် သပ်၍…

'ဒီပါက ဘာလို့ ဟီရတာလဲ'

'ဩော်…ဟုတ်တယ် ကိုကို။ ဟို နောက်ဘက်လမ်း





ကျောက်တုံးတစ်ခု လိမ့်ကျသွားသံကြားလို့ ဟေမန် ကြည့်လိုက် တော့ တစ်ကိုယ်လုံး အနက် ဝတ်ထားတဲ့ လူတစ်ယောက် ပြေးဆင်းသွားတယ်။ သူ့လက်ထဲမှာ တုတ်လိုလို အရာဝတ္ထု တစ်ခုလည်း ကိုင်လို့။ တောပစ်ထွက်လာတဲ့ လူလားမသိဘူး'

'ဒါ ဘေးမဲ့တောပဲ။ ပြီးတော့ ဒီဘက်လမ်းက လူမှ မတက် ကြတာ။ သူတက်လို့ ကျောက်တုံး ပြုံကျတာနဲ့ ထွက်ပြေးသွား တာ ဖြစ်ရမယ်။ ဒါ ရိုးသားတဲ့ တိုက်ဆိုင်မှု မဖြစ်နိုင်ဘူး ဟေမန်'

'ကိုကိုက ဘယ်လို ထင်လဲဟင်'

'ဒီနေရာကို ဟေမန် လာမယ် ဆိုတာ အိမ်က ဘယ်သူ သိသလဲ'

'ဟင့်အင်း…ဘယ်သူမှ မသိဘူး။ ဟေမန့်ဘာသာ ထွက် လာတာ'

'ဒါဆို စဉ်းစားစရာပဲ ဟေမန်'

'ကိုကိုကလည်း…ဘာဖြစ်ဖြစ် စွတ်တွေးပစ်တာပဲ။ သူ့ဟာ သူ ဘာဖြစ်ဖြစ်၊ ဟေမန့်နားကို ကိုကို ရောက်လာပြီ။ ဘာမှ ကြောက်စရာ မရှိတော့ဘူး။ ဒီမှာ ကိုကို'

အန္တရာယ် ဆိုသည်ကိုလည်း နားမလည်သေးပါလား… သော ကြောင့်ကြစိတ်နှင့် တစ်ယောက်တည်း ထွက်လာခဲ့ သည့်အတွက် မကျေနပ်မိသော စိတ်တို့သည်…

နှင်းပွင့်လေးလို အေးဆေး လန်းဆန်းစွာ ပြုံးရွှင်နေသော ဟေမန်၏ မျက်နှာလေးကြောင့် ကိုနှင်းဝေမှာ အားလုံး ပြီးပြေ ကျေနပ်ရပါလေပြီ။

'ကိုကို'

'ဗျာ...'

'ဟေမန့်ကို စိတ်ဆိုးလား'

'မဆိုးရက်ပါဘူး ကလေးရယ်'

'ဒါနဲ့များ စောစောက မျက်နှာကြီးက ပုပ်လို့'

'ဟုတ်တယ်...ဆူမလို့။ ဒါပေမယ့်... မဆူရက်တော့ပါဘူးကွယ်။ နေပါဦး...ဘာကိစ္စ ရှိလို့များ ဒီလို အရေးတကြီး စောစောစီးစီး ကိုကို မပါဘဲ တစ်ယောက်တည်း ထွက်လာနှင့်တာလဲဟင်...ဟေမန်'

'ကိုကိုက ဟေမန်နဲ့ ပတ်သက်ရင် နည်းနည်းမှ အလေးအနက် မထားဘူး'

'ဟောဗျား...ဒီထက်များ အလေးအနက် ထားရရင်လည်း ကဲ...ပြောစမ်းပါဦး။ ကိုကို မေးတာတွေ'

'ဒီနေ့ ဘာနေ့လဲ'

သည်တော့မှ ကိုနှင်းဝေမှာ ပဟေဠိ၏ အဖြေကို တိတိကျကျ သိရှိသွားခဲ့ရပါပြီ။

သောကပြေ အပြုံးများကို လိုက်လှဲစွာ ပြုံးရင်း ဟေမန်နှင့်အတူ ကမူစွန်းပေါ်တွင် ယှဉ်ထိုင်သည်။

'မသိဘဲ နေပါ့မလား ညီမလေးရယ်။ ညနေမှာ မြ... တောင် ထိပ်က 'ဆုတောင်းပြည့်စေတီ'ကို သွားကြဖို့...ကိုကို... ထဲက ဂန္ဓမာပန်းတွေ တစ်ပွေ့ကြီး ခူးလာခဲ့ပါပြီဗျာ'

'ဘာသွားလုပ်မှာလဲ'





'ကိုကိုတို့ အချစ်ဆုံးနှစ်ယောက်ရဲ့ မွေးနေ့လေဗျာ'

ဟေမန်သည် ကိုနှင်းဝေ၏ ရင်ခွင်မှာ ခေါင်းမှေးဝင်ပြီး တအား သိုင်းဖက်လာသည်။

အသိတရားတစ်ရပ်သည် ထိတွေ့မှုနှင့်အတူ ကိုနှင်းဝေ၏ ရင်မှာ လှုပ်ခတ်စွာ ခံစားလာရလေပြီ။

သွေးခုန်နှုန်းမြန်စွာ ပူလောင်စေသော အချစ်... ရင်အေးမြိမ်းစေသော မေတ္တာတရားတို့ ရင်မှာ ခိုဝင် ပေါင်းယှက်လာသည်။

ဘာပဲဖြစ်ဖြစ် ရင်မှာ ဖြစ်ချင်ရာ ဖြစ်ပါစေ၊ ဟေမန်သို့မှု မသန့်စင်သော ထိတွေ့မှု၊ ပိုင်ဆိုင် ရယူလိုသော ချစ်ခြင်းမေတ္တာမျိုး လုံးဝ မထားရှိတော့ပါ။ ခိုဝင်လာသော ခေါင်းလေးကို ပွတ်ပြီး ပခုံးစွန်းကို ဖက်ထားလိုက်လေသည်။

ငယ်ဘဝ စိတ်မျိုးသို့ ကူးပြောင်းနိုင်အောင် ကြိုးစားရဲ့သည်မှာ ရင်ပန်းရပါလားကွယ်။

'ညနေကျရင် ဆုတောင်းပြည့် စေတီကို မသွားဖြစ်ခင် ကိုကို ပြောသလို ဟေမန်ကလည်း ပြန်ပြောမှာ။ ဟေမန်တို့ 'အချစ်ဆုံးနှစ်ယောက်အတွက်' ဟေမန် ဘာ စီစဉ်လာလဲ သိသွားဟင်'

'ဒီမှာ ကြည့်စမ်း...ကိုကို'

နှင်းဟေမန်ဦးသည် သူ့စွယ်တာတွင်းသို့ လက်လျှိုနှိုက်ပြီး ရင်ခွင်တွင်းမှ စက္ကူကတ်ထူ ဘူးငယ်လေးတစ်ခု ထုတ်ယူလာသည်။

'နောင်နှစ်ခါ မွေးနေ့ဆိုရင် ကိုကိုနဲ့ ဟေမန်နဲ့ ဆုံချင်မှ ဆုံရတော့မှာ'

'ဘာဖြစ်လို့ မဆုံရမှာလဲ ဟေမန်ရယ်'

'ဟေမန် တက္ကသိုလ် ဆက်တက်ရမှာဆို...'

'ဟုတ်သားပဲနော်'

'ဒါကြောင့် ကိုကို့ကို လက်ဆောင် ပေးခဲ့မလို့'

'ဘာလက်ဆောင်လဲ'

'ပေးမှာပေါ့။ ကိုကို မျက်စိမှိတ်ထား'

'မကြည့်ရင် ပြီးရော မဟုတ်လား။ ကိုကို မျက်နှာလွှဲထားမယ်။ မျက်စိတော့ မမှိတ်ချင်ဘူးကွာ'

'ကိုကို့သဘော၊ ကိုကို့သဘော... မကြည့်ရဘူးနော်... သူများက ကြည့်ဆိုမှ ကြည့်...'

'ဟုတ်ကဲ့ပါခင်ဗျာ...'

ဟေမန့်ကို မမြင်ရဘဲ ရယ်သံလွင်လွင်ကိုသာ ကြားနေရပါ၏။

ကိုနှင်းဝေ၏ လက်ဝဲလက်ကို ဆွဲယူ၍ လက်သူကြွယ်မှာ မာမာ အရာဝတ္ထုလေး တစ်ခုနှင့် ထိလျှိုရသည်။ လက်စွပ် တစ်ကွင်း ဖြစ်ကြောင်း ကိုနှင်းဝေ သိလိုက်ရလေပြီ...

'ကဲ...ကြည့်တော့...'

လက်ကို မျက်နှာရှေ့သို့ယူ၍ အနီးကပ် ကြည့်လိုက်မိသည်နှင့် ကိုနှင်းဝေ မျက်လုံးပြူးရပါပြီ။

'အို...ဟေမန်ရယ်'





'ကိုကို ကြိုက်ရဲ့လားဟင်'

'ဟာ...ဒီလောက် အဖိုးတန်တာကြီးကို ကိုကို မယူပါရစေနဲ့...'

'ကိုကိုနော်...တကယ် မယူဘူးလား'

'မယူရက်တာ...မယူပါရစေနဲ့ကွာ'

'ဒါပဲနော်...ဟေမန် စိတ်ဆိုးအောင် လုပ်ရင် နှစ်ကွင်းလုံး မြွေကူးချောက်ထဲ လွှင့်ပစ်လိုက်မှာ'

ဟေမန့်ကို ကြောက်ရသည်။ တစ္ဆတ်ထိုး လုပ်တတ်သည့် အကျင့် ရှိကြောင်း ကိုနှင်းဝေ သိပြီးသား။ တကယ်မလုပ်ဟု မပြောနိုင်။ ပိုင်ဆိုင်သူမို့ လုပ်ရဲပေမည်။

'ဒီမှာ ကြည့်စမ်း ကိုကို...ဆင်တူဝတ်ဖို့'

သူ့ စက္ကူဘူးလေးတွင်းမှ နောက်ထပ် လက်စွပ်တကွင်း။

'ညီမလေးပဲ ဝတ်ပါကွယ်။ အလုပ်ကြမ်း လုပ်နေရတဲ့ ကိုကိုနဲ့ ဒီလို အဖိုးထိုက် အဖိုးတန်ကြီးနဲ့ မတန်လို့ပါ'

'ကိုကိုနော်...'

မျက်နှာ တကယ်ပျက်လာပြီ ဖြစ်၍ အပြုံးနှင့် အမြန် ချော့ဖျက်ပေးရသည်။ မတော် နှစ်ကွင်းလုံး တကယ် လွှင့်ပစ်လိုက်မှဖြင့် အခက်...။

ဖောက်ထွင်း မြင်ရအောင် ကြည်လဲ့နေသော နီလာပြာ... ဘာကွက်၏ ဘေးပတ်လည်တွင် ဖြူဖွေးနေသော အရည်သန့် အလုံးကြီး စိန်များ ဝန်းရံလျက်...

'ဒီနီလာဟာ ဟေမန် ငယ်ငယ်လေးက ဟေမန်ရဲ့ အဘွား

က ဟေမန် နားကွင်းရင် ဝတ်ဖို့ နီလာ နားပန်လေး လုပ်ပေး ထားတာ။ စိန်ထက် အဖိုးတန်သေးတယ်တဲ့ ကိုကိုရဲ့။ ပြီးတော့ ဟေမန် အမြဲဝတ်နေကျ လေးတန်းသွားခုံး စိန်လက်စွပ်ကို ဖျက် ပြီး ထက်ဝက်စီ ဝိုင်းရဲလိုက်တာ...'

'ဟေမန်ရယ်...'

'ဟေမန့်မှာ နားပေါက်မှ မရှိတာ။ ပြီးတော့ လက်စွပ် ဆင်တူ ဝတ်ရအောင်၊ ဒီနေ့ အမီရအောင် မနည်း လုပ်ထားရတာ သိလား'

လွန်ခဲ့သော ဆယ်ရက်လောက်ဆီမှ သူ့သူငယ်ချင်း ရွှေ ပန်းထိမ်ဆရာ၏ သမီး ပါလာပြီး ဧည့်ခန်းကွင်း တသီကြီးထဲမှ သူ့လက်သူကြွယ်နှင့် တော်ရာကို တိုင်းသွားသည်ကို အမှတ်ရ လာသည်။ ဟေမန့်ကို မေးတော့ 'ဘာမှမဟုတ်ဘူး' ဆို၍ပြီး စလွယ် နေခဲ့မိသည်။

ယခုတော့ ကြည့်ဦးကွယ်...။

နားမလည်သော်လည်း ဤနီလာနှင့် ဟေမန်၏ စိန်လက် စွပ် ကြီးပုံ၊ သန့်ပုံ၊ ကောင်းပုံနှင့် တန်ဖိုးတို့ကို ကိုနှင်းဝေ ကြား ဖူးခဲ့သည်။

ယခု သူ့အတွက် လက်စွပ်သည် ငါးသောင်း ဝန်းကျင်ခန့် တန်လေမည်ဟု သူ ခန့်မှန်း၍ ရနိုင်ပါသည်။

'ကိုကို မကြိုက်ဘူးလားဟင်။ ဟေမန်က ကိုယ့် အမိပွာယ် နဲ့ ကိုယ် လုပ်ထားတယ်'

'ဘာအဓိပ္ပာယ်မို့လဲကွယ်'





'အပြာရောင်က သစ္စာရှိခြင်း...အဖြူရောင်က အေးမြ န့်စင်ခြင်းတဲ့ ကိုကိုရဲ့'

'အင်း...'

'ပြီးတော့ ဆင်တူ ဝတ်ထားတော့ ဘယ့်လောက်ဝေးဝေး တူရှိနေသလို သတိရအောင်ပါ။ ပြောသာ ပြောတာပါ။ ကိုကို့ ဟေမန် ခွဲမှ ခွဲနိုင်ပါ့မလား မသိပါဘူး။ ခွဲရရင်လည်း သေ အောင် လွမ်းမှာပဲ'

ဟေမန်၏ လုပ်ဆောင်ချက်နှင့် သူ၏ စကားစုလေးများ တို့သည် အသည်းကြားသို့ ဖွင့်ခွဲ ဝင်ရောက်လာခဲ့ပါပြီ။ ခံစားမှု န် ရင်ကြောင့် ကိုနှင်းဝေ၏ မျက်ဝန်းဝယ် မျက်ရည်တို့ စွန်း င်း စို့ဝဲလာသည်။

'ကိုကို...ဘာငြိမ်နေတာလဲ။ မကြိုက်လို့လားဟင်'

ရှားပါးသော ယောကျာ်းမျက်ရည်ကို ဟေမန် မမြင်ရမီ မ်းခတ်နိုင်ခဲ့ပါပြီ။ ဟေမန်နှင့် ပတ်သက်၍ ပထမဆုံး အကြိမ် ဖြစ် မျက်ရည်ဝဲလောက်အောင် ကြည်နူး လှိုက်ခုန်စွာ ခံစားရ သာ နေ့ပါ။

'မကြိုက်လို့ မဟုတ်ပါဘူးကွယ်။ အဖိုးတန်လွန်းလို့ တို မယူရက်ဘူး'

'ကိုကိုနော်...ဟေမန့်စိတ်ကို သိတယ် မဟုတ်လား'

ဆိုးနွဲ့ အနိုင်ယူနေကျ အပြင် စိတ်ဆိုးလာလျှင် စိတ်ကြီး တ်လွန်းသော ဟေမန်သို့ မပြိုင်ရဲပါ...။ အလျှော့ပေးနေရမြဲ ...။

ပြီးတော့ ယခု ကိစ္စသည် သူ့ခမျာ တပင်တပန်း ကြိုးစား ဆောင်ရွက်ထားရရှာကြောင်း သိသာလှပါ၏။ အဖိုးတန်လွန်း၍ မယူရက်၊ မယူချင်သည်မှ လွဲ၍...အချစ်ဆုံးလေး၏ အငြိုအငြင်ကို မခံယူချင်ပါ။

‘သိပါတယ်ဗျာ...သိပါတယ်။ ဟေမန် ခုလို ဂရုတစိုက် ပေးတာ ကိုကို သိပ်ဝမ်းသာရပါတယ် ဟေမန်ရယ်။ ဒါပေမယ့်...’

‘ဒါပေမယ့်တွေ ဘာတွေ ဆက်မနေနဲ့။ မရှည်နဲ့။ ကြိုက်တယ် ဆိုရင် တော်ပြီ။ ဝမ်းသာတယ် ဆိုရင် ကျေနပ်ပြီ။ ရော့—ဒီဟာ သူ့များကို ဝတ်ပေး’

ဖြူနု သေးသွယ်လွန်းသော လက်ကလေးအတွက် လက်စွပ်ကွင်း သေးသေးလေးကို တယုတယ စွပ်ဝတ်ပေးလိုက်ရလေ၏။ ဟေမန်သည် ကလေးတစ်ယောက်လို အပြစ် ကင်းစင်စွာ ပြုံးလျက် နေရှာသော်လည်း လက်စွပ် ဝတ်ပေးလိုက်ရသော ကိုနှင်းဝေ၏ လက်တို့ ဆတ်ဆတ် တုန်လာသည်။ ရင်မှာ မတွေးအပ်သော အရာတို့ကို မျှော်လင့်စွာ တမ်းတရင်း လက်စွပ်ကို လက်ထပ်လက်စွပ် ဝတ်ပေးရသည်သို့ ရင်မှာ ယိမ်းယိုင် လှုပ်ရှားလျက်...

‘ကိုကို...အမြဲ ဝတ်ထားနော်။ ဟေမန်လည်း ဝတ်ထားမယ်...သိလား’

ကိုနှင်းဝေက ခေါင်းညိတ်ရင်း အားငယ်စိတ်ကြောင့် နွမ်းညှိုးသော မျက်နှာနှင့်...

‘ကိုကိုလည်း ဒီနေ့အတွက် အမှတ်တရ ထားရှိဆဲပါ—





ဟေမန်။ နှစ်တိုင်းထက် ပိုပြီး ထူးထူးခြားခြားလေး ပေးမယ် ဆိုပြီး ကိုကို့ လုပ်အားခ ငွေလေးနဲ့ ဝယ်ထားတာ။ ညနေ ဘုရားမသွားခင် ပေးမလို့’

‘ဘာလဲဟင်...ကိုကို’

‘မပြောရက်အောင်ပါပဲ ဟေမန်လေးရယ်၊ ဟေမန် ပေးတဲ့ လက်ဆောင်နဲ့က မိုးနဲ့မြေလို ကွာခြားချင်တိုင်း ကွာခြားနေလို့ပါ’

‘ဘာလဲဆိုတာ ပြောစမ်းပါ’

‘ဆွယ်တာပြာလေးတစ်ထည်...’

‘ဟာ...တကယ်။ ညနေကျ ဟေမန် ဝတ်မယ်နော်’

‘ပေးရမှာအားငယ်မိတယ် ဟေမန်ရယ်။ တန်ဖိုးချင်းက...’

‘တော်တော့ ကိုကို...။ ငွေကြေးနဲ့ မတွက်ချက်ပါနဲ့...။ စေတနာနဲ့သာ နှိုင်းယှဉ်စမ်းပါ။ ဟေမန့်ကို ဟေမန်လိုပဲ ကိုကို စေတနာရှိတယ် ဆိုတာ ယုံပြီးသားပါ...ကိုကိုရယ်’

‘တကယ်လားကွယ်။ ကိုကို ဝမ်းသာလိုက်တာ။ ငွေမရှိတဲ့ ကိုကိုဟာ ဟေမန့်လို တန်ဖိုးရှိတာ မပေးနိုင်ပေမယ့် ဒီနေ့ ကိုကို ကြိုတင် စီစဉ်ထားတာလေးတွေ ဟေမန် သိပါစေ’

‘ဘာတွေလဲဟင်’

‘ဟေမန် ကြိုက်တဲ့ ဂန္ဓမာပန်းကို မျိုးစပ်နည်း၊ ဆေးထိုးနည်းတွေနဲ့ အပြာရောင်လေးတွေ ဒီနေ့ အမီပွင့်အောင် ကိုကို့ခြံထဲမှာ ပျိုးထားတာ ကြာလှပြီ။ ပွင့်နေတာလည်း ကြာပါပြီ။ ဒီနေ့မနက်မှ ခူးလာတော့လည်း နှင်းဆမ်းထားလို့၊ လန်းလို့၊

လတ်လို့၊ လှလို့ပဲကွယ်'

'ဟေမန် ကြည့်ချင်လှပြီ'

'ကိုကို့ အခန်းထဲမှာ ဒီတိုင်း ထားခဲ့ရတယ်။ အပြန်ကျရင် ခြံထဲ တစ်ခေါက် ပြန်ပြီး ကျောက်နှင်းဆီ ဖြူဖြူပွင့်လေးတွေ ခူးဦးမယ်'

'ဟေမန် ပန်ဖို့လား'

'မဟုတ်ဘူး။ ပန်းအပြာနဲ့ ပန်းအဖြူ ပူးတွဲပြီး ဘုရားမှာ သွားကပ်ရအောင်လေ။ ဟေမန့်လို နီလာပြာရယ်... စိန်ဖြူဖြူ ရယ် မပေးနိုင်တဲ့ ဥယျာဉ်မှူး ကိုကိုဟာ... ပန်းပြာပြာနဲ့ ပန်းဖြူ ဖြူလေးတွေပဲ ဟေမန့်အတွက် ပေးပါရစေတော့ကွယ်...နော်'

'ပစ္စည်း တန်ဖိုးက အဓိကမှ မဟုတ်တာ။ ဟေမန့်အတွက် ကိုကို ခုလို အရေးတယူ ရှိတာကို ဟေမန် ပျော်လိုက်တာ။ ဝမ်းသာလိုက်တာ။ အို...ကိုကို့ကို ကျေးဇူးတင်လိုက်တာ'

သူ့ အမူအရာလေးအတိုင်း ကိုနှင်းဝေ၏ လက်မောင်းကို သူ့ရင်ခွင်မှာ ဖက်ပွေ့ပြီး ပခုံးပေါ်တွင် ခေါင်းလေးကို မှေးတင် မှီကပ်ထားရှာသည်။

'ကိုကိုရေ...ညနေကျလို့ မြစိမ်းတောင် သွားရင်လေ ဆု တောင်းပြည့် စေတီမှာ ဆုတောင်းရအောင်နော်...ကိုကို ပြောတဲ့ ဟေမန်တို့ အချစ်ဆုံးနှစ်ယောက် ဘယ်တော့မှ မခွဲရပါစေနဲ့ လို့နော်...ကိုကို'

ခက်ခဲ ပင်ပန်းလွန်းသော သက်ပြင်းမောကို တိတ်တခိုး ရှိုက်ရသည်။





မှတ်သိပ်နေသူ၏ ရှေ့မှောက်မှာ ရသာစုံ စားဖွယ်တို့ရှိ နေပါလျက်...

ပူလောင်ပြင်းပျသော ကန္တာရ အလယ်တွင် စိမ့်စမ်းရေ ကြည်ကို တွေ့ရပါလျက်...

မစားရက်နိုင်၊ မသောက်ရက်နိုင် ဘဝဖြင့် ပင်ပန်းလှချေ သည်တကား...။

ဟေမန် ဖြန့်ခင်းပေးထားသော မေတ္တာလမ်း နုနုညက် ညက်လေးပေါ်တွင် သူ၏ ကြမ်းတမ်းခက်ထရော်လွန်းသော ခြေ လှမ်းများဖြင့် မနှင်းရက် မလျှောက်ရက်သည်မှာ...

စေတနာလေလား။

သတ္တိမရှိခြင်းလေလား။

ကိုနှင်းဝေ၏ ရင်မှာ လောင်မြိုက်မတတ် အပူရှိန်တို့ ဝင်လာသည်။

အချစ်ဆုံးထံမှ အမြင့်မြတ်ဆုံးသော မေတ္တာတရားကို ဆိုင်ပါဟု ပေးအပ်နေမှန်း သိပါလျက်နှင့် မသိဟန်... နား သည်ဟန်မျိုးဖြင့် စကားထပ်မများဖြစ်အောင် ပိတ်ဆီးထားရ သည်မှာ မိမိ၏ နှလုံးသားကို လှုပ်ရှားခွင့်မရအောင် ကြမ်းတမ်း ဆုပ်ကိုင် ဖမ်းချုပ်ထားခြင်း ခံရသည်သို့ ရင်မှာ တင်းကျပ် ကျင်လှပါဘိကွယ်...

'ကိုကို ဘာလို့ ငြိမ်နေတာလဲဟင်'

'ဪ...ကိုကို့ရဲ့ ညီမလေးပေါ်မှာ လူသားချင်း ထား

ရှိအပ်တဲ့ စေတနာတွေထက် လွန်လွန်ကဲကဲ ဖြစ်ထွန်းနေမိ ကိုကို့ရဲ့ အတုမဲ့ စေတနာတရား အကြောင်းတွေကို တွေးနေ လို့ပါ…'

'ဟေမန် သိပါတယ် ကိုကိုရဲ့'

'ဘာသိတာလဲ ဟေမန်ရယ်'ဟုသာ မေးလိုက်ချင်စမ်း ဘိတော့သည်။ ဟေမန်သည်မူ…သူ စိုက်ပျိုးထားခဲ့သော ပ များကို သူ့ရင်မှ ပွင့်စေသော ပန်းများအဖြစ်နှင့် တန်ဖိုးထား လက်ခံပါမည်။ ဤစေတနာသည် လုံလောက်ပါလေပြီ။ ကို သည် သူ့စေတနာတရားများကို ဤသို့ ဖော်ကျူး ဖွင့်လှစ် သည် ဟုသာ သူ သိမြင်ရသည်။

ကိုနှင်းဝေ၏ နက်ရှိုင်းသော နှလုံးသား၏ အတွင်း ဆီမှ စွန့်လွှတ် လမ်းဖယ်ပေးရပါမည် ဆိုသော စေတနာ ဆန္ဒကိုမူ ဟေမန်မှာ မသိရှာပါလေ။

'ကိုကို ပြန်ချင်ပြီလားဟင်'

'ညီမလေး သဘောပါ'

'ကိုကို ဆာနေမှာလားလို့…'

'ဆာတာလောက်များ ထည့် စဉ်းစားပေးမနေစမ်း ညီမလေးရယ်။ နေချင် နေပါဦး'

'နေချင်သေးတယ် ကိုကိုရယ်။ အိမ်မပြန်ချင်ဘူး။ ပန် ဟာ ဟေမန့်အတွက် မိစ္ဆာအိမ်ကြီးလိုပဲ။ နည်းနည်းမှ မနေ ဘူး။ ကိုကို တစ်ယောက် ရှိနေလို့သာ…'

အားတက်လန်းဆန်းနေသော မျက်နှာလေးသို့ ညို





အားငယ်သော အကြည့်ဖြင့် ကြည့်ပြီးလေမှ…

'ကဲပါလေ…ဒီနေ့ ကိုကိုတို့နှစ်ယောက်ရဲ့ မွေးနေ့မှာ ညီမလေး ဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲ၊ ကိုကို ဘာလုပ်ပေး ရမလဲ'

'ဟေမန် အိမ်မပြန်ချင်ဘူး'

'ဟင်…'

'လင်းလွန်းလွင်ပြင် သွားရအောင်လား ကိုကို'

'သွားလေ…ဟိုမှာ ကြာကြာ နေချင်သလား'

'ဘာဖြစ်လို့လဲ ကိုကို၊ အချိန်မရလို့လား'

'မဟုတ်ပါဘူး။ ကြာကြာနေမှာ ဆိုရင် စန္ဒကူးတွေ့က ဖြတ်ဘဲ 'မိုင်းရယ်' လမ်းခွဲဘက်က လှည့်သွားပြီး စားစရာ ဝယ်သွားမယ်။ လင်းလွန်းလွင်ပြင်ကျမှ မနက်စာ စားကြမယ် လေ…'

'ဟာ…သိပ်ကောင်းတဲ့ အစီအစဉ်ပဲ။ ထမင်းထုပ်နဲ့ စား စရာတွေ ပိုဝယ်ခဲ့ပေးနော် ကိုကို။ ဟိုရောက်ရင် မြင်းအကြာကြီး စီးမှာ။ ဗိုက် တအားဆာမှာပဲ…'

မြူးမြူးကြွကြွလေး ထရင်း ပြောသည်။ ခုချက်ချင်း သူ ရန် ဟန်ပြင်လေပြီ။

'ကိုကို…'

'ဗျာ…'

'ဗျာလို့ မထူးပါနဲ့ ကိုကိုရဲ့။ ဟေမန် ငရဲကြီးလိမ့်မယ်'

'ခုမှ ငရဲ ကြောက်နေ။ ငယ်ငယ်တုန်းက လူကြီးတွေနဲ့

နေရတဲ့ ကိုကိုက 'နှင်းရေ'လို့ ခေါ်တိုင်း 'ဗျာ'လို့ ထူးတာ
သူ 'ကိုကို'ခေါ်ရင်လည်း 'ဗျာ' ထူးရမယ်တဲ့လေ။ အဲဒယ်ဆိုတာ
မပြောကောင်းဘူး ပြောတော့ 'ထူးရမယ်...ထူးရမယ်' ဆိုပြီး
တော်မူတယ်လေ။ အဲဒီကတည်းက ဒီဘောင် နှုတ်ကျိုးနေပြီ

'ဟီး...ဟီး...ငယ်ငယ်က အကြောင်းတွေ ပြန်ပြော
မျက်နှာပူလိုက်တာ။ ဟေမန်...ကိုကို့ပေါ် သိပ်ဆိုးခဲ့တယ်နော်

ဟေမန်က သူ့မျက်နှာကို လက်ဝါးနှင့် ပိတ်ကာထားသော
လည်း လက်ချောင်းလေးများ ချဲထား၍ မျက်လုံးရောအပြုံး
တမင် မြင်သာအောင် နောက်ပြောင်နေကြောင်း သိသော ကိုနှင်း
ဝေက သူ့လက်ကို ဆွဲယူလိုက်ပြီး...

'ကဲ...သွားကြစို့။ မြင်းစီးမှာ ဆိုရင် နေမပူခင် လွင်ပြင်
အရောက်သွားရအောင်'

ကိုနှင်းဝေက သူ့ မြင်းသစ်၏ ကြိုးကို ဖြုတ်သည်
ဟေမန်က ဒီပါကို ဆွဲရင်း...

'ကိုကိုနဲ့ ဘာလို့ မြင်းတူတူ မစီးရတော့တာလဲဟင်'

ကိုနှင်းဝေ မဖြေ။

စန္ဒကူးကွေ့ အဆင်းမှာ ကိုကို ဖက်ပိုက်ထားသော်လည်း
အသည်း တထိတ်ထိတ်၊ ရင်တလှပ်လှပ်နှင့် ဓောက်ထိုးလို ဆင်း
သည့် ခံစားမှုများကို ဟေမန် ခံစားချင်ပါသော်လည်း...

'ဟေမန် အရင်လို ကလေး မဟုတ်တော့ဘူး။ မြင်းတစ်
စီးပဲ စီးရမယ်'

မကျေနပ်သော်လည်း ဤ တစ်ချက်လွှတ် အမိန့်တော





ဖြင့် စောဒက မတက်သင့်ကြောင်း သိနားလည်စွာ ငြိမ်နေရ
သည်။

ဒီပါသည် ကိုကို မွေးစဉ်က ငယ်ငယ်လေးပါ။ တစ်လ
ကျော် တစ်လ မတူအောင် ထွားကျိုင်း မြင့်မားလာသည့် မြင်း
ဖြီး၊ ကိုကိုကိုယ်တိုင် အာဟာရပြည့်စွာ ကျွေးမွေး၊ နိုပ်ပေးသည်
က အစ ချစ်ခင်စွာ ပြုစု၍ တိရစ္ဆာန်သည်ပင်လျှင် မေတ္တာကို
ပြန်တတ်သည့် သဘောရှိပါလား။

'သွားပါ ဒီပါရာ။ မင်း သခင်မကို ကောင်းကောင်း ခေါ်
သွားနော်'

ရောင်ပြန်ဟပ်လောက်အောင် ပြောင်လက်နေသော အုန်း
ရောင် မြင်းညိုကြီး၏ ကျောကိုသပ်ပြီး ပြောလိုက်သည်။ ဒီပါ
သည် ကိုနှင်းဝေ နားသို့ တိုးကပ်လာ၍ပါ။ တစ်ကိုယ်လုံး အညို
ရောင်နှင့် လက်လက်ပြောင်နေသော်လည်း ဦးခေါင်းထိပ်မှ နှာ
ခေါင်းဖျား အထိ အဖြူစင်းနှင့် မျက်နှာကပါ လှသော ကိုကို့
ချစ်တော် ဒီပါသည် အချစ်ဆုံး နှစ်ယောက်၏ ချစ်ခရီးအတွက်
ရှမိဖြည့်ဘက် 'ယာဉ်'တစ်ခုပါ။

ဟေမန်တို့ကို ရှေ့က သွားစေသည်။ ဒီပါသည် တောင်
ဆင်း လမ်းကို ခိုင်ခိုင်မြဲမြဲ ခြေလှမ်းများဖြင့် ဖျင်ကျင်လည်လည်
ဆင်းနိုင်ခဲ့သည်။

မြေပြင်လမ်း ရောက်လေမှ ကိုကိုနှင့် အနီးကပ် ယှဉ်
လျက် မြင်းကိုယ်စီဖြင့် ဖြည်းဖြည်းသာသာ သွားကြရင်း...

ကြည်နူး ချမ်းမြေ့ဖွယ် စကားများ...

ရင်ခုန် လှုပ်ရှားဖွယ် မျက်ဝန်းများနှင့်...

လတ်ဆတ် လွင်ကြည်လွန်းသော အပြုံးများကို တုံ့လှယ်ယှက်တင်လျက်...

အချစ်ဆုံး နှစ်ယောက်၏ တိုက်ဆိုင်တတ်လွန်းသော နေ့ နေ့ တစ်နေ့တာအတွက် ပျော်ရွှင်ဖွယ်ရာများနှင့်သာ အချိန်ကုန်လွန်စေမည်။

လင်းလွန်းလွင်ပြင်မှာ မြင်းကို ဒုန်းစိုင်းစီးပစ်လိုက်မည်။

ပြီးတော့ ထမင်းထုပ်ထဲက ထမင်းများကို နှစ်ယောက် အတူ စားကြမည်။ တစ်သက်တာနီးပါး ဆုံစည်းနေကြရသော်လည်း စကားများက ဘယ်သောအခါမျှ ပြော၍ ကုန်နိုင်သည် မရှိခဲ့ကြ။

စိမ်းစိုသော နီလာလက်စွပ် ကိုယ်စီနှင့် လွတ်လပ်သော ငြိမ်းအေး သာယာလှသော တောတောင်တွင်းမှာ မြင်းနှစ်ကောင် ကို ယှဉ်တွဲ စီးလာခွင့်ရသော ဟေမန်၏ ရင်မှာ...

'အချစ်ဆုံး နှစ်ယောက်အတွက်...'

'အလှပဆုံး နေ့လေးတစ်နေ့...'

အဖြစ် သတ်မှတ်လျက် ဟေမန်သည် မြူးပျော် ကြည်စွာ ပြုံးနေရှာပါသော်လည်း...

ကိုနှင်းဝေမှာဖြင့်...

◆ ◆ ◆





## အခန်း နှစ်ဆယ့်သုံး

'မင်း လုပ်လိုက်ရင် အောင်မြင်တယ် ဆိုတာ ဘာမှ မရှိဖူး ဘူး'

'အောင်မယ်...တောင်ပေါ်က လိမ့်ကျပြီး သေတော့မလို့။ နည်း ပြေးလာရတာတော့ ထည့်မပြောဘူး'

ဒေါ်မြမြချင်း၊ ဒေါ်မြမြဝင်းနှင့် ယခုတလော တွဲနေသော အောင်ခိုကုန်ကူးသမား ဦးယုစိန်တို့က ရန်နောင်စိုးကို စိတ် ပျက်စွာ ကြည့်နေကြသည်။

'စန္ဒကူးတောင်ထိပ်ကို ဒီပါနှင့် သွားနှင့်ပြီ။ ဒီနေ့ သိပ် အရေးကြီးတာ ပြောစရာရှိလို့'

ဆိုသော ဟေမန် ရေးခဲ့သည့် ကိုနှင်းဝေ၏ အခန်းတွင်းမှ စာကို ခိုးဖတ်ကြပြီး၊ သားကြီး ရန်နောင်စိုးကို စန္ဒကူးတောင်

သို့ လိုက်လံ ထောက်လှမ်းခိုင်းခဲ့သည်။ အနောက်ဘက် လမ်းမ တက်ပြီး သူတို့ကို မြင်သာသည့် နေရာမှ ပုန်းကွယ်လျှိုးလျှက် ဘာတွေ အရေးတကြီး ပြောကြ ဆိုကြ လုပ်ကိုင်ကြသည်ကို စနည်းနာခဲ့ပါ။ ချောင်းမြောင်းလေ့လာ မှတ်သားခဲ့ပါဟု အသေ အချာ မှာလိုက်ခါမှ အလွဲလွဲ အချော်ချော် ဖြစ်ရလေပြီ။

'မင်းကို ဟောမန် မမြင်တာ သေချာရဲ့လား'

'သေချာတာပေါ့။ ကျောက်တုံးကြီး ဆွဲမိလို့ ပြုကျသွား တည်းက ဘေးရှောင်ပေးပြီး ဒီကကောင် အပြတ် ပြေးခဲ့ရတာ အလစ်မြန်လို့ မသိတာပေါ့'

'ဘယ်ပြောနိုင်မှာလဲ။ ခုထက်ထိ ပြန်မလာကြသေးဘူး မနက်စာ ထမင်းတောင် ပြန်မစားကြဘူး'

'နေပါဦး။ ဒီကောင်က အချောင်းအမြောင်း ဝါသနာပါ လို့သာ ခိုင်းတာကို လုပ်တာ'

ဦးယုစိန် ပြုံးပါ၏။

'သူတို့ဟာသူတို့ ဘယ်သွားသွား မေမေတို့ အပူလား ဗျာ...သူတို့ချင်းက သမီးရည်းစားတွေပဲ'

'ဟဲ့...ဘယ်က ဟုတ်ရမှာလဲ'

'ဒီလောက်ပဲ ထူရသလား' ဆိုသော အကြည့်နှင့် မိခင်သို့ ရန်နောင်စိုး ကြည့်သည်။ ဘာမှတော့မပြော၊ သည့်လောက် တွဲနေသည့် သူစိမ်း လူငယ်နှစ်ဦး မချစ်ကြဘူး ဆိုလျှင် သူတို့ပဲ ရူးလို့လား၊ ပြောတဲ့လူပဲ ရူးလို့လား၊ တစ်ခုခုတော့ သေချာလေ မည်။





'ဟိုက်...ပြောရင်းဆိုရင်း ပြန်လာကြပြီ'

အပြင်သို့ မျက်နှာမူထားသော ဒေါ်မြမြဝင်းက လန့်ဖျပ် စွာ ပြောသည်။

'ရန်နောင်စိုး ကြွေမပျက်စေနဲ့နော်။ မနက်က လိုက် ချောင်းတာ မင်းမှန်း သိသွားရင် ပြဿနာပဲ'

'ဒီလောက် မနပ်ရင် ရန်နောင်စိုး မလုပ်ဘူး'

အပြောကတော့ တစ်ချက်မျှ မလျှော့...သူ့ညီနှင့် တခြား စီ...ဟိုက ကြီးလာလေ...ကြိုးစားလာလေ။ သူက ကြာလေ... သုံးမရလေ။ ဟောမန် ထွက်သွားပြီး ရတ်တရက် ခိုင်းစရာ လူ မရှိ၍ သူ့ကို ခိုင်းပြန်တော့လည်း အားလုံး အလွဲလွဲ အချော် ချော်ပါ။

'ဘယ်က ပြန်လာကြတာလဲကွယ့် ကိုနှင်းဝေ'

'သြော်...ကျွန်တော်တို့ ခြံထဲကပါ။ ပန်းသွားခူးခဲ့ကြတာ။ ဘယ်တုန်းက ရောက်နေလဲ ဦးလေး ကိုယုစိန်'

'မြမြဝင်းနဲ့ တူတူလာကြတာလေ...ဒီမှာ ကန်စောင့်ပြီး သုံးရက်လောက်နေရင် ပြန်ဆင်းမလို့။ မင်း အိမ်မှာ သုံးရက် လောက်တော့ နေမှာနော'

'ကျွန်တော့်အိမ် မဟုတ်ပါဘူး ဦးလေးရာ'

ဘယ်သူ့မှ နှုတ်မဆက်ဘဲ အပေါ်တက်သွားသော ဟော မန်၏ နောက်မှ ကိုနှင်းဝေ လိုက်တက်သွားတော့သည်။

ခဏ အကြာတွင် အနောက်ဘက် လှေကားမှ ဆင်းလာ သော ကိုနှင်းဝေကို မြင်ကြရ၏။ သူ့အခန်းသို့ ဝင်ပြီး ချက်ချင်း

ထွက်လာသည်။ အကျီကျွတ်နှင့်။ လက်ထဲမှာ ဖြူဖြူပြာပြာ ပန်းတစ်ပွေ့နှင့်။ ပြီးတော့…ပန်းကို ရေဆေး၍ သူ ရေချိုးသည်။

နာရီဝက်မျှလောက်သော အချိန်အတွင်းမှာ အဖြူခံတွင် အပြာရောင်ချည် ချိပ်လုံချည်နှင့် အပြာလွင်လွင် ခေါင်းစွပ် ဆွယ်တာ လှလှလေးကို ဝတ်လျက်…မျက်နှာကို အလှဆုံး ဆင်၍ ဆင်းလာသော ဟေမန်နှင့် ကိုနှင်းဝေတို့ ပြန်ဆုံကြသည်။

ဧည့်ခန်းသို့ ဒေါ်မြမြချင်းနှင့် မင်းအုပ်စိုးလည်း ဝင်လာချိန်…

ကိုနှင်းဝေ လက်မှ လှပစွာ စုစည်းထားသော ပန်းစည်းကို ဟေမန်တို့ လှမ်းယူချိန်မှာ…ဆင်တူ ဝတ်ထားသော စိန်လက်စွပ်ကို မျက်စိကူးသော ဒေါ်မြမြချင်း ထိတ်လန့်စွာ မြင်တွေ့သွားရလေပြီ။

ကိုနှင်းဝေ ကမ်းပေးသော အပြာတစ်ပွင့်၊ အဖြူတစ်ပွင့် ပန်းတို့ကို မပန်ဆင်၊ ရင်ခွင်ထက်ဆီမှ ဆွယ်တာ အပြာပေါ်တွင် ထိုးစိုက်ပြီး အိမ်မှ ထွက်ခွာသွားကြခါနီးတွင် ဒေါ်မြမြချင်းက မင်းအုပ်စိုးသို့ တီးတိုး ပြောလိုက်သည်ကို ဟေမန် မြင်လိုက်ရသည်။

အိမ်ပေါ်မှ ဆင်းခါနီးတွင် မင်းအုပ်စိုးက…

'မမဟေမန်တို့ ဘယ်သွားကြမလို့လဲ'

'ဘယ်သွားသွား…နင့်အလုပ် မဟုတ်ဘူး'

အားလုံးကို တမင် ရည်ညွှန်းပြီး ပြောပစ်လိုက်သည်။

တစ်ဖက်မှ ပန်းစည်းကို ပွေ့လျက်၊ တစ်ဖက်မှ ကိုနှင်းဝေ၏ လက်မောင်းကို ပွေ့ဖက်လျက်…ပန်ခလုံ၏ ပြင်ပသို့ ခြေလျင် လမ်းလျှောက် ထွက်သွားကြသည်။

နှစ်ယောက်လုံး၏ သစ်လွင်သော အဝတ်အစားများနှင့် တက်ကြွသော အမူအရာများ၊ လက်စွပ် ဆင်တူများကို တအံ့တသြ ကြည့်ရင်း ကျန်ကြသည်။ အဓိပ္ပာယ် နားမလည်နိုင်ကြ။

ဦးအုပ်စိုးသည် လည်းကောင်း…

ဒေါ်မြမြချင်းသည် လည်းကောင်း…

ယနေ့ ဒီဇင်ဘာလ ၃၁ ရက်နေ့သည် သူတို့၏ သမီးနှင့်သားတို့၏ မွေးနေ့မှန်း လုံးဝ အမှတ်မရကြပါချေ။

'အင်း…နှင်းဝေကြောင့် ခက်တယ်'

'ဘာဖြစ်လို့လဲ'

'သြော်…ဦးယုစိန် တူက ဟီးရိုး လုပ်နေတယ်လေ… ခေါင်းတုံးတုံးပြီး ဘုန်းကြီးဝတ်ပေးဖို့ပဲ ကောင်းပြီ။ ကောင်မလေးကို အပိုင်ကြံပါဆိုတာ ပြောမရဘူး'

'အင်း…နှင်းဝေက တစ်မျိုးတစားပဲ၊ ခက်သားလား'

ဦးယုစိန်ကညည်းညူသည်။ ဒေါ်မြမြဝင်းဘက်သို့ လှည့်ပြီး…

'ဒါကြောင့်…ဒီဘက်က အစီအစဉ်ကို အမြန်ဆုံး စီစဉ်ရအောင်ပေါ့ မမရဲ့'

'နင့်ဟာက ဖြစ်ဦးမှကို'

'မဖြစ်ဖြစ်အောင် လုပ်ရမှာပဲ။ မြမြချင်းတို့ လုပ်လို့ မဖြစ်မြောက်တာများ ဘာရှိဖူးလို့လဲ'

မာန်ဝင့်စွာ ယုံကြည်မှု အပြည့်နှင့် ပြောလိုက်သော ဒေါ်မြမြချင်းကို ရင်းနှီးပြီးသား ဦးယုစိန်က ကြည့်ပြီး…

'ဘာတွေ လုပ်ကြမှာလဲ'

'ဟေမန့်ကို အငယ်ကောင် ရန်အောင်စိုးနဲ့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်မလို့'

◆ ◆ ◆





**အခန်း နှစ်ဆယ့်လေး**

'မမ ဟေမန်'

'ဘာလဲ…မောင်လေး'

'ကိုကို နှင်းဝေကြီးကို လက်စွပ်ဝယ်ပေးတယ်ဆို'

'ဘယ်သူက ပြောလဲ'

'မင်းမင်း တွေ့တာပေါ့'

'အဲဒါ ဘာဖြစ်လဲ'

'မင်းမင်းကိုလည်း တစ်ကွင်း လုပ်ပေးလေ'

'အဲဒါကို မင်းမင်းက ပြောတာလား။ သူတို့တွေက ပြောခိုင်းတာလား'

'မင်းမင်း လိုချင်လို့ပေါ့'

'မင်းမင်း အရွယ်က စိန်လက်စွပ် ဝတ်ရမယ့် အရွယ်မှ မရောက်သေးတာ'

'ကိုကို နှင်းဝေကြီးကို ဘာလို့ ဝယ်ပေးရတာလဲဗျ'

'ချစ်လို့ပေါ့တဲ့'

'မင်းမင်းကျတော့ မချစ်လို့လား'

'ချစ်ပါတယ်၊ ဒီမောင်လေး တစ်ယောက်တည်း ရှိတာ'

'ကိုကို နှင်းဝေကြီးနဲ့ ဘယ်သူ့ ပိုချစ်လဲ'

'ကိုကို့ ပိုချစ်တာပေါ့'

'ဟာ...မမဟောမန်ကလည်း...ပြောပုံက တကယ် ပြတ်တယ်။ ဟိုက ဘာမှလည်း မတော်ဘဲနဲ့'

'ဒါတွေ နင်ပြောစရာ မလိုဘူး မင်းမင်း။ ကိုကိုက မဟောမန်ကို မင်းမင်းတို့ ချစ်တယ် ဆိုတာထက် ပိုချစ်တာကို'

'ဖေဖေ့ကိုရော...'

'ဖေဖေကလည်း မမဟောမန်ကို ဘယ်မှာချစ်လို့လဲ။ တစ်ခါတလေ တစ်နေ့လုံးနေလို့မှ စကားတစ်လုံး မပြောဖြစ်ကြဘူး။ ပြီးတော့ သူ ငွေချေးခိုင်းတာ မပေးလို့...စိတ်ဆိုးနေလား မသိပါဘူး။ ခုတလော နေပုံက ခပ်တည်တည်ကြီးနဲ့။ ဟောဒီ အိမ်ကြီးမှာ နေကို မနေချင်ဘူး။ စိတ်ညစ်တယ်...တကယ်ပါဝဲ'

သူ့ တောင်းဆိုချက်ကို မဆက်ရသေးမီ ဟောမန်၏ညည်းညူသံကြောင့် မင်းမင်းလည်း ငြိမ်တွေသွားပါ၏။

ဒေါ်မြမြချင်းတို့က ကိုနှင်းဝေနှင့် ယှဉ်ပြီး စိန်လက်စွပ်တစ်ကွင်း မရစေကာမူ ဘာပဲရရ အမြတ်ချည်းပဲ ဟူသော သဘောနှင့် သွားတောင်းချေ...ဟူ၍ မင်းမင်းကို သင်လွှတ်လိုက်ကြောင်း နှင်းဟောမန်ဦးလည်း သိပါသည်။

'ရော့...မုန့်ဖိုး'

'ဟာ...တစ်ဆယ်တည်း။ မလိုချင်ပါဘူး'





'မင်းမင်းနော်...အရွယ်နဲ့ မလိုက်အောင် ငွေသိပ်သုံးတတ်နေတာပဲ'

'မင်းမင်းတို့က တစ်ဆယ် ဆိုတာ ငွေလို့တောင် ထင်တာမဟုတ်ဘူး'

'အောင်မယ်...ကြည့်စမ်း။ နင့်အရွယ်လေးနဲ့'

'မင်းမင်းလည်း မငယ်တော့ပါဘူးဗျ။ အစ်ကို... ကိုရန်နောင်စိုးနဲ့ တွဲလို့ ရနေပါပြီ'

'အဲဒီ ရန်နောင်စိုး ဆိုတာကို ကြည့်ပေါင်းနော်။ သူက ကောင်းတာ မဟုတ်ဘူး။ သူ့အမေရဲ့ ငွေတောင် လစ်ရင် ခိုးသုံးတာ'

'ဒါတွေ မင်းမင်း မသိဘူးဗျာ။ ကဲပါ...ငွေတစ်ရာလောက် ပေးစမ်းပါ'

'အောင်မယ်...မပေးနိုင်ပါဘူး။ ရော့...အစိတ်တန်နဲ့ လဲယူ။ ဒါပဲ...သွားတော့'

'သူဌေးတွေများ ကပ်စေးကိုနဲ့တယ်'

'ငါလည်း ကျောင်းသူပဲ။ ဘယ်မှာလဲ သူဌေး'

'မင်းမင်း သိပါတယ်ဗျာ၊ မမဟောမန်ရဲ့ ငွေတွေ ဘဏ်မှာ အများကြီး ရှိတယ်တဲ့။ ဒါပေမယ့် ဒီမြို့မှာ ဂုဏ်သရေ အရှိဆုံး ရှေ့နေကြီး **'ဦးသာမိုး'**ကို အသိသက်သေပြုပြီးမှ ထုတ်လို့ရအောင် မမ ဟောမန်ရဲ့ မေမေက အပ်ခဲ့တာတဲ့'

နှင်းဟောမန်ဦး၏ ကြွယ်ဝမှုကို စိတ်ဝင်စားလွန်းကြသော ဒေါ်မြမြချင်းတို့ထံမှ ရရှိမည့် သတင်းစကားမို့ ဟောမန့်အတွက်

မဆန်းပြားတော့။

မင်းမင်းသည် အစိတ်တန်ကို ကိုင်ပြီး မကျေမနပ်နှင့် ထွက်သွားတော့သည်။ ကလေးဘဝက စ၍ ကွပ်ကဲမှု နည်းလျှင် လူပျိုလေးလည်းဖြစ်ရော…ပျက်ရောဟု ကိုကို့စကားအတိုင်း မင်းမင်း ပျက်စီးပေလိမ့်မည်လား…။’

ပေါင်းသင်းနေသော သူ ၏ အစ်ကို တစ်ဝမ်းကွဲကလည်း စာရိတ္တမကောင်း။ ရန်နောင်စိုးနှင့် ရန်အောင်စိုးတို့သည် မင်းအုပ်စိုးနှင့်သာ သက်ဆိုင်သည်။ သူနှင့် သွေးတစ်စက်မှ မစပ်ပါ၍ ဘာမှ ဝင်မပြောသာ၊ ပြောလည်း မပြောချင်။

ကိုကို ကိုနှင်းဝေ ကိုယ်တိုင်လည်း မင်းအုပ်စိုး ကဲနေပုံကို မကြိုက်လှသော်လည်း၊ တစ်ဖက်က ပထွေးရှိသည်။ မိခင်က လည်း ရှိနေ၍ သူတို့ နှစ်ဦး၏ သားအရင်းမို့ ကိုကိုသည်လည်း အရာရာ၌ မသိချင်ယောင် ဆောင်နေရရှာသည်။

ခြံစောင့်ကြီး ဦးအဂ္ဂနှင့် စကားရပ်ပြောနေသော ဒေါ် ခမ်းနွဲ့သည် မင်းအုပ်စိုးလည်း ထွက်သွားရော၊ သူ နှင်းဟေမန် ဦး၏ အနီးသို့ ရောက်လာတော့သည်။

‘ဟိုနေ့က ဝတ်သွားတဲ့ ဖောင်းဖောင်းကြွကြွ ဆွယ်တာ အပြာရောင်လေးနဲ့ ဟေမန်နဲ့ သိပ်လိုက်တာပဲနော်’

‘ဟေမန် စားချင်တဲ့ဟင်း ပြောလေ’

‘ကောလိပ်က စက်ပညာ အောင်လာတဲ့ ရန်အောင်စိုး ပိုချောလာတယ်နော်’

စသော မရေမရာ စကားများဖြင့် အနားမှာ တဝဲ

…နေသည်ကို နှင်းဟေမန်ဦး ဂရုတစိုက် စကား မပြန်ကြား …။ အင်း…ဟုတ်လား စသည်သောက်သာ ဖြေကြားပြီး…

အိမ်ပေါ်သို့ တမျှော်မျှော် ကြည့်မိသည်။ ကိုကိုများ …င်းလာလျှင်…စိန်ပန်းပြာ ရပ်ကွက်ဘက်သို့ လမ်းလျှောက် …က်ရအောင်။ သို့မဟုတ်…စစ်တပ်ကုန်း ရှိရာအထိ စက်ဘီး …အောင်ဟု ကိုကို့ကို ပူဆာလို၍ပါ…

ညနေပိုင်း အားလပ်ချိန်လေးမှ လွဲလျှင်…

‘ဟေမန်၊ စာကျက်တော့လေ’

ဆိုသော စကားသံက ကိုကို့ စာအုပ်နှင့် ကင်းလွန်နေလေ …င်း အပြောခံရမြဲ။

‘အောင်ရင် ကိုကိုနဲ့ ခွဲရမှာ’

ဟု ဆိုမိလေတိုင်း ‘အောင်ဖို့ ကြိုးစားစမ်းပါ။ နောက်မှ …ခဲဉ်းစားကြမယ်။ တစ်နှစ်တည်း မအောင်ရင်တော့ ကိုကို …ဆိုးမှာပဲ’

ဆိုသော စကားများဖြင့် ဟေမန့်ကို ဘယ်လို ဆယ်တန်း …ောင်စေချင်မှန်း မသိသော ကိုကို…

ပညာရေးလောကတွင် ဆယ်တန်း တစ်နှစ်ကို ကျော်ဖြတ် …လျှင် ကိုယ့်အောင်မှတ်နှင့် ထိုက်တန်သော ဒီဂရီ တစ်ခုခု … မခဲယဉ်းတော့ကြောင်း ကိုကို သိသည်။

ဆယ်တန်းသည် ကြိုးစားသူတိုင်းအတွက် အောင်မြင်ရန် …ဉ်းပါသော်လည်း၊ ပညာကို စိတ်ဝင်မျှ စားခြင်း မရှိသော …မျှော်မှန်းချက် လုံးဝ မရှိသော သူနှင့်၊ မှတ်ဉာဏ် နုံ့နည်းလှ

သူများ အတွက်သာ အောင်ရန် ခက်ခဲပါလိမ့်မည်။

ကိုကိုသည် ကြိုးစားသူ ဖြစ်ပါလျက် ပညာရေး ခရီးလမ်း ပျောက်ခဲ့ရရှာသူပါ။ ပထွေးငွေနှင့်လည်း မနေချင်။ မိခင်က လည်း စိတ်မဝင်စား၍ သူ့မှာ ခြသမားကြီး ဖြစ်နေရ၍ သူ့ အချစ်ဆုံးကို ပညာ ကြိုးစားစေချင်ရှာသည်။

ဒေါ်ခမ်းနွဲ့၏ မရေမရာ စကားများဖြင့် အချိန်ကုန် ခဲ့ လို၊ နားမထောင်ချင်၍ ခြံတွင်း၌ လမ်းလျှောက်လျက် ကိုကို့ က ငြိမ်းမျှော်ရင်း ဟောမန် တစ်ယောက်တည်း သူတို့ နှစ်ဘဝ၏ အကြောင်းများကို တွေးတောနေမိစဉ်...

ပန်ခလုံ အိမ်ကြီး၏ အပေါ်ထပ် အမြင့်ဆောင်ရှိ ဦးအုပ်စိုး ၏ ကိုယ်ပိုင် အခန်းတွင်းမှာ...

◆ ◆ ◆





## အခန်း နှစ်ဆယ့်ငါး

ဦးအုပ်စိုးက စီးကရက်ကို မီးညှိလိုက်သည်။ သူ့လက်များ ဆတ်ဆတ် တုန်နေပါ၏။ အရက် မသောက်ရသေးကြောင်း သနေသော လက္ခဏာပါ။

'ဦးအုပ်စိုးက စကားပြောစရာ ရှိလို့ ခဏလာပါ ခေါ်နေ သည်'

ဆိုကတည်းက စိတ်ထင့်ပြီးသား။ ဟောမန်နှင့် ပတ်သက်၍ ခုံတစ်ရာ ပြောဆိုစရာ ရှိနေပြီဖြစ်ကြောင်း နားလည်ရသည်။

သူနှင့် ဦးအုပ်စိုးသည် ဆွေးဆွေးနွေးနွေး ပြောစရာ စကား ခြံလုပ်ငန်းကို သူ ဦးစီးကွပ်ကဲရသည်။ အဓိက ထွက်ရှိသည့် မှော်သီးရာသီတွင် ခူးဆွတ် အပ်နှံပြီး သူတို့၏ ကုန်သည် တို့၏ ပွဲစားများနှင့် ရောင်းချခဲ့ကြသည်။ လိမ္မော်ရာသီ ပြီး မှ ရသမျှ ငွေထဲက ဆယ်ရာခိုင် နှုန်း ဥယျာဉ်မှူးသို့ ပေး သော ငွေသည်သာ ကိုနှင်းဝေ၏ တစ်နှစ်တာအတွင်း တစ်ကြိမ် ရရှိသော ဝင်ငွေပါ။

ငွေကြေးက ပြဿနာမရှိ။ နေထိုင်မှုက ကင်းကင်းရှင်းရှင်းမို့ ဟေမန့်အတွက်သာ ဆွေးနွေး ပြောစရာ ရှိသည်ဟု ထင်ခဲ့သည့် အတိုင်းပင်...

'ဟေမန်ဟာ ကလေး မဟုတ်တော့ဘူး။ မင်းတို့ နေထိုင်တာ ရင်းနှီးလွန်းအားကြီးတယ်'

လက်နှစ်ဖက်ကို ယှက်လျက် ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ကိုနှင်းဝေ ခေါင်းငုံ့ထားသည်။ ရင်ခုန်နှုန်း မြန်လာ၍ တစ်ကိုယ်လုံး ရှိန်းမြ ပူလောင်လာရသည်။

ဖြစ်နိုင်ပါလျှင် ဦးအုပ်စိုး၏ အနားမှ အလျင်နှုန်း မြန်စွာဖြင့် အဝေးဆုံး နေရာသို့ ထွက်ပြေးချင်မိသည်။ ဤကိစ္စမျိုးဖြင့် ဦးအုပ်စိုးကို ရင်ဆိုင်ရဲသော သတ္တိမရှိ။

'မြနဲ့ မင်းနဲ့ ဆွေးနွေးပြီးပြီဆို...'

'ခင်ဗျာ...'

'ဟေမန်နဲ့ ပတ်သက်လို့ မင်းတို့ သားအမိချင်း ဆွေးနွေးပြီးပြီဆို...'

'ဟုတ်ပါတယ်'

ခြောက်ကပ် အက်ကွဲသော အသံကိုပင် အားယူ၍ ပြောရပါ၏။

ဦးအုပ်စိုးသည် အကျင့်စာရိတ္တ ယိုယွင်းရာတွင် မကသော စကားပြောလည်း ပြေပြေပြစ်ပြစ် မရှိလှ။

'မင်းကများ ငါ့သမီးကို ဘာကိစ္စ ငြင်းရတာလဲ'

ပူသော ရင်သည် ဆူဝေလာရသည်။ ဘာစကားနှင့် ဘယ်





သို့ တုံ့ပြန်ရမှန်းကို မသိ။

'မင်းနဲ့သာ အဆင်ပြေရင် အားလုံး ဥမကွဲ သိုက်မပျက်ဆိုသလို ဖြစ်သွားမှာ...'

ကိုနှင်းဝေသည် ဦးအုပ်စိုးသို့ စက်ဆုပ်စွာ ကြည့်မိသည်။

ဖခင်စိတ် မဲ့လွန်းသောသူ အဖြစ်နှင့် မြင်ရ၏။ သူသည်သာ...ကိုနှင်းဝေသည်သာ ဦးအုပ်စိုး နေရာမှ ဆိုပါလျှင် သည့်လောက် ပြည့်ပြည့်စုံစုံ လှလွန်းသော သမီးလေး၊ ကြွယ်ဝချမ်းသာလွန်းသော သမီးလေးကို ပဲထွေးရိပ်မှာ မှီ၍ ခြံအလုပ်သမား၊ ပညာတတ် မဟုတ်၊ အသက်က ကြီးသည့် နှင်းဝေလိုကောင်မျိုးကို မပေးစားနိုင်ပါ။

'သူက ဖခင်ထက် သာမိုးဆိုတဲ့ ရှေ့နေကို ပိုပြီး အားကိုးတယ်လေ။ ဟိုက ဩဇာအတိုင်း နေတယ်။ ဖအေ ဘာပြောလို့မှ မရဘူး'

ဦးသာမိုးသည် ဟေမန့် မိခင် လက်ထက် ကတည်းက ယုံကြည်စွာ အပ်နှံခဲ့သော သိက္ခာရှိရှိ၊ မှုမှုတတ ရှေ့နေကြီးပါ။ ဟေမန့်ကို ကျောင်းစရိတ်၊ အပိုသုံး စရိတ်နှင့် သင့်တင့်သော အကျိုးဝတ်လက်စားမှုလောက်သာ ရှိထားစေသည်...။ ဘာဏ်မှ ငွေကို ဦးသာမိုး မသိဘဲ ထုတ်၍မရ...။ ထုတ်လေတိုင်းလည်း အကြောင်းပြရသည်။

ပထမပိုင်းတွင် ဦးအုပ်စိုးကို သူဌေးကြီး အဖြစ်နှင့် အထင်အကြီး လိုက်ယူခဲ့သော်လည်း တကယ့် သူဌေး အစစ်မှာ ဟေမန် ဖြစ်ကြောင်း သိလာရသည်နှင့် ဟေမန့်ကို အလွတ်မခံနိုင်

ကြပါ ဆိုလာပြန်သည်။ မိမိ၏ မိခင်က အစ စိတ်ပျက်ဖွယ် တည်း...။

လက်တုန်ခြေတုန်နှင့်မို့ စကားပြော၍ အဆင်မပြေ သော ဦးအုပ်စိုးက မယားပါသား ရှေ့မှာတင် အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။ ခဏအတွင်းမှာပင် သူ ပုံမှန် ဖြစ်လာ ပေတော့မည်။

'မောင်နှင်းဝေ'

'ပြောပါခင်ဗျ'

'မင်းနဲ့ ဟေမန် ရိုးရိုးခင်တာလား။ သမီးရည်းစားလို နေကြတာလား'

ဘယ့်လောက်များ မပြေပြစ်လိုက်သည့် မေးခွန်းတစ် ပါလဲ။

ကိုနှင်းဝေသည် ဦးအုပ်စိုးသို့ ရဲရင့်စွာ ကြည့်လိုက်ပြီး

'ဟေမန့်ကို ကျွန်တော့် ညီမ အရင်းလေးလိုပဲ ချစ်တ

'အင်း...'

'ဟေမန့်ထက် ပိုချစ်စရာ ဒီလောကမှ ကျွန်တော့်အတွ မရှိဘူး။ ဟေမန့်အတွက် ဆိုရင် ကျွန်တော် မလုပ်ရဲတာ ဘာ မရှိဘူး'

'တယ်ကောင်းတဲ့ အဖြေပါလားကွဟေ'

ကိုနှင်းဝေ သူ့ကို စိုက်ကြည့်နေရာမှ လှည့်ပစ်လို သည်။ နောက်ထပ် ဘာမှ မပြောချင်တော့။

'ဒီမှာ မောင်နှင်းဝေ'





'ပြောပါ'

'ဘာပဲဖြစ်ဖြစ် ဟေမန်ဟာ ဦးရဲ့ သမီးပဲ'

အရက်ရှိန်ကြွလာလို့လေလား၊ ပြောစကားက အဓိပ္ပာယ် ရှိ။

'မင်း မရှင်းဘူး ထင်တယ်။ ဆိုလိုတာက ငါ့အိမ်မှာ နေပြီး ါ အုပ်ချုပ်နေတဲ့ အချိန်မှာ ဟေမန်ဟာ ငါ့ရဲ့ သဘောအတိုင်းပဲ ဖြစ်စေရမယ်'

'ဦးလေး ဆိုလိုတာ ကျွန်တော် နားမလည်ဘူး'

'ဟေမန် ဒီအိမ်က ကင်းလွတ်သွားလို့ ဘယ်နည်းနဲ့မှ ဖြစ်ဘူး။ သူ့အဖေါ် အရင်းတွေကလည်း ဟေမန် ဆယ်တန်း အောင်ပြီးရင် သူတို့ဆီကို ရောက်လာမှာပဲလို့ မျှော်လင့် စောင့် နေကြတယ်လေ။ ဟေမန်က သူ့ငွေမလေးကိုကွ။ ဟိုလူက ချင်။ ဒီလူက မွေးစားချင်ပေါ့'

စိတ်ပျက်ဖွယ် စကားများကို သည်းခံ၍ နားထောင်နေ သည်။

'ကဲကွာ...ရှည်ပါတယ်။ ငါ ရှင်းရှင်းပဲ မေးမယ်။ မင်း ဟေမန့်ကို ယူမလား'

'ဗျာ...'

ယခုလို စိတ်ညစ်ရပုံမျိုး တစ်သက်မှာ တစ်ခါမှ မကြုံဆုံ သေး။

'ဟေမန့်ကို ကျွန်တော့် အသက်ထက်၊ ကျွန်တော့်ဘဝ ထက် ပိုပြီး ချစ်မြတ်နိုးပါတယ် ဦးလေး။ ဒါပေမယ့် ဟေမန်ဟာ

ကျွန်တော့်လို ကောင်နဲ့ မထိုက်တန်လို့ ကျွန်တော် မပိုင်ဆိုင် ရက်ဘူး'

'အရှုးပဲ...'

ဟူသော အမြင်ဖြင့် အရက်ရှိန်ဟပ်နေသော နီကြင်ကြင် မျက်ဝန်းစင်းစင်းနှင့် ကြည့်ရင်း...

'ဒါဆို ငါပုံစံချမယ်။ ဟေမန့်ကိစ္စမှာ မင်း...ဘာမှ ဝင် မပါနဲ့တော့ ဟုတ်လား'

'ဦးလေးက ဟေမန့်ကို ဘာလုပ်မှာလဲ။ သူ့အတွ ဘယ်လို စီစဉ်မှာလဲ'

စိုးရိမ်စိတ် လွန်ကဲသော အမေးများ ထပ်ဆင့်မိသည်။

'မင်းနဲ့က မတရား တွဲလွန်းလို့ လက်ထပ်မလား တယ်။ ငါ့ဝတ္တရားကုန်ပြီ။ မင်း...မယူဘူး ဆိုတော့ ထိုက်တန် နဲ့ ငါ ပေးစားမလို့...'

'ဘ...ဘယ်...ဘယ်သူနဲ့လဲ'

'ရန်အောင်စိုးနဲ့'

'ဟာ...'

'သူက အင်ဂျင်နီယာလေကွာ။ မင်းရဲ့ အဘိဓမ္မာအတိုင်း ဆိုရင် မင်းထက် အသက်ငယ်တဲ့...ပညာတတ်တဲ့ ရန်အောင်စိုး သဘောတူသင့်တာပေါ့။ တခြားလူလည်း မဟုတ်ဘူး။ မြရဲ့ မင်းရဲ့ ညီပဲ'

သိမ်မွေ့သော ရင်တွင်းသို့ ကြမ်းတမ်းသော ခံစားမှု လာသည့်အခါ မခံမရပ်နိုင်လောက်အောင် လှုပ်ရှားရလေ





'ဒီတော့ အခု ပြောတဲ့ အကြောင်းရင်းက မင်း ဟေမန့်ကို ယူချင်ယူ၊ မယူရင် ရန်အောင်စိုးနဲ့ ပေးစားမယ်။ ဒါကို မင်း အနှောင့်အယှက် မပေးပါနဲ့။ တချို့ ရှိတယ်မဟုတ်လား။ ကိုယ်လည်း မစားရက်...သူများ စားတာကိုလည်း မနာလို...'

'ဦးလေး စကားတွေ ကျွန်တော် သည်းခံပြီး နားမထောင်နိုင်တော့ဘူး'

ကိုနှင်းဝေ နေရာမှ ထသည်။ ထွက်သွားရန် ဟန်ပြင်ဆဲ...

'ဒီကိစ္စမှာတော့ မင်း...မနှောင့်ယှက်ပါနဲ့'

'ကျွန်တော်က ဘာနှောင့်ယှက်ဖို့လိုလဲ။ ဒါပေမယ့် ဟေမန့် ဆန္ဒ မပါဘဲနဲ့ကတော့ အတင်း မစီစဉ်ကြပါနဲ့လို့ ကျွန်တော် သတိပေးပါရစေ'

'ဒါက တို့သားအဖချင်း အပိုင်းပါ။ နေစမ်းပါဦး။ ငါ... တစ်ခု ပြောစရာ ကျန်ပါသေးတယ်'

ကိုနှင်းဝေ ရောက်နေရာမှ ခြေစုံရပ်ပစ်လိုက်သည်။ သူ့ကို ပြန်လှည့်မကြည့်ဖြစ်တော့...။

'တကယ်လို့ ငါ့သမီးက အတင်းငြင်းလို့ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ခုကြောင့် ရန်အောင်စိုးနဲ့ မယူဖြစ်လို့ ဖြစ်ဖြစ်၊ ဖြစ်ခဲ့ရင် ဟေမန့်ကို ကျောင်းထုတ်မယ်'

'ဘာ...'

'သူ ဆယ်တန်း မအောင်စေရဘူး။ သူ့အဒေါ်တွေ နေတဲ့ မြို့ကို မသွားစေရဘူး။ ငါ့သမီးဟာ ပန်းခြံလုံနဲ့ ကင်းကွာ မသွားစေရဘူးကွာ...ဒါပဲ'

ဆွဲထိုးပစ်လိုက်ချင်လောက်အောင် စူးဝါးသော အကြည့်ဖြင့် ကြည့်မိသည်။

'ဒါက တို့သားအဖ နှစ်ယောက်ရဲ့ ပြဿနာပဲ မောင်နှင်းဝေ။ မင်းကို ဦးလေး ပြောချင်တာက... ငါ့သမီးနဲ့ အမြင် မတော်လောက်အောင် နီးနီးကပ်ကပ် မနေပါနဲ့။ နှစ်ယောက်တည်းလည်း ဘယ်မှ မသွားရဘူး။ ပန်ခလုံကနေ မင်း ခေါ်ခေါ်ပြီး အပြင်ကို ထုတ်မသွားပါနဲ့'

ရှေ့သို့ တစ်လှမ်းတိုးမိပြီးမှ ဒေါသကို ပြန်ထိန်းနိုင်သည်။ ကိုနှင်းဝေ၏ ဆန္ဒနှင့်အညီ လုပ်မိရင် သေလောက်ပြီ။

'ဒါဟာ ဖခင်တစ်ယောက် အနေနဲ့ တားမြစ်သင့်လို့ တားမြစ်ရတဲ့ စကားပဲ'

'ဖခင် တစ်ယောက် အနေနဲ့ မင်းတို့ နေပုံထိုင်ပုံ ဒီထက်ပြောသင့်သေးတယ်...နားလည်လား'

'နားလည်တယ်ဗျ'

'အေး...နားလည်ရင် ပြီးရော။ ငါ့သမီးကိစ္စ ငါ စီစဉ်မယ်။ မင်းသာ ငါ့သမီးနား မကပ်ပါနဲ့။ ထိထိတွေ့တွေ့ မနေပါနဲ့။ ဒါ...နောက်ဆုံး သတိပေးတာပဲ။ သွားနိုင်ပြီ...မောင်နှင်းဝေ'

အခန်း၏ အမြင့်ဆင့်မှ အပြင်းဆုံး ခြေလှမ်းနှင့် နင်း၍ ဆင်းသက်လာခဲ့သည်။ ဒေါသ ဝေသော ခံစားမှုများက ရင်မှ ပေါက်ကွဲပွင့်ထွက်တော့မတတ်...။

◆ ◆ ◆





## အခန်း နှစ်ဆယ့်ခြောက်

ညီမလေး...
လိမ္မော်ကိစ္စတွေ အရေးကြီးနေလို့ ခြံထဲမှာ နေရတာပါ။
ကိစ္စရှိရင် ဦးရိုးမှိုင်း ချက်ချင်း ပြောခိုင်းလိုက်ပါ။
စာကျက်နော်...စာမေးပွဲ နီးနေပြီ...

ကိုကို

ရရှိသော စာလေးကို ထပ်ခါတလဲ ဖတ်မိသော်လည်း ရင်ထဲမှာ မကျေနပ်မိ။

အချစ်ဆုံး နှစ်ယောက်လို့ တင်စားလေ့ရှိတဲ့ စကားလုံးများ...လွမ်းနေပါတယ် ဆိုတဲ့ စာကြောင်းများ...ပြန်လာတော့မှာ ဆိုသော အရေးအသားများ မပါရှိ။

အများကြီး မျှော်လင့်ရလွန်းသူထံမှ အနည်းငယ်လေး တုံ့ပြန်မှု ရရှိလာသည့်အခါမျိုးတွင် နာကျည်းချင်သလိုလို ဖြစ်လာသော်လည်း မနာကျည်းရက်ပြန်တော့၊ ဝမ်းနည်းမှုများသည်

သာ ရင်မှာ လျှံကျရပါပြီ။

'ဦးရီးမှိုင်း…အရင်နှစ်တွေတုန်းက ဒီလို လိမ္မော်ရာသီမှာ ကိုကို ခြံထဲမှာ မနေရပါဘူး။ ဒီနှစ်မှ ဘာဖြစ်လို့ သွားနေရတာလဲဟင်'

'သြော်…အလုပ်သမားတွေ စိတ်မချလို့ နေမှာပေါ့ကွယ်။ သူက အလုပ်ကို တအား ကြိုးစားတယ် မဟုတ်လား…'

'ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဟောမန့်ကို ဒီလို တစ်ခါမှ ပစ်မထားဖူးပါဘူး'

'ဟောမန် ဘာမှာလိုက်မလဲ မေးခဲ့ပါတဲ့… စာရေးပေးရင်လည်း ယူခဲ့ပါတဲ့…'

'ဦးရီးမှိုင်း'

'အေး…'

'ဘာမှ မမှာချင်ဘူး။ ဟောမန် လိုက်ခဲ့ချင်တယ်… ကိုကို့ဆီကို'

'ဟာ…မလုပ်နဲ့။ ဆရာက တစ်အိမ်လုံးကို မှာထားတယ်။ သူ မသိဘဲ ဟောမန် ဘယ်မှ မသွားစေနဲ့တဲ့'

'ကိုကို မရှိလို့ ဖြစ်မှာပါ။ ကိုကို ရှိရင် ဟောမန် အမြဲ လျှောက်လည်ရတာ'

ဘာမှ မသိသော ဦးရီးမှိုင်းသည်လည်း ဟောမန်၏ အမိန့်ကို စောင့်စားသလို ငြိမ်သက်စွာ ရပ်နေသည်။

'ကိုကို့ကို ပြောလိုက်ပါ'

'အေး…ဘာပြောရမလဲ'





'မြန်မြန်ပြန်လာပါ…ကိုကို့ကို သိပ်လွမ်းတာပဲ…လို့'

'အေး…အေး…ပြောလိုက်မယ်'

ရိုးသားသော အဘိုးကြီးသည် ဟောမန့်ရှေ့မှ ခါးကိုင်းကိုင်းနှင့် ထွက်သွားသည်။ ဟောမန်၏ အမှာစကားသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက အခြေအနေအတိုင်းလိုပင် မှတ်ယူကာ သူ သယ်ယူသွားပေးရှာမည်။

ဟောမန်၏ ရင်တွင်း၌မူ နှလုံးသား၏ အဖူးဘဝမှ ထားခဲ့ရသော သံယောဇဉ် အငုံတို့သည် ယခုလို အရွယ်ရောက်လာပြီး နှလုံးသား ပွင့်သစ်တွင် အချစ်တို့ဖြင့် ရစ်ပတ်လာချိန်၌ သမုဒယ သံယောဇဉ်များ ရင့်မာစွာ ရှင်သန်ရစ်နွှောင်လာပြီဆိုသည့် အကြောင်းများနှင့်…

ဟောမန်၌ ပေးဆက်ရဲသော၊ ရယူလိုသော အချစ်များဖြင့် ပြောင်းလွဲနေပြီ ဖြစ်ကြောင်းကိုမူ ဦးရီးမှိုင်းမှာ သိစွမ်းနိုင်ရှာမည် မဟုတ်ပါ။

ဟောမန်သည် ကိုနှင်းဝေသို့ လွမ်းလေတိုင်း…ကိုနှင်းဝေ ပေးသော မွေးနေ့လက်ဆောင် ပြာလွင်လွင် အရောင် ဆွယ်တာလေးကို ထာဝရ ဝတ်လျက်…ကိုနှင်းဝေ ခိုင်းစေသည့်အတိုင်း စာကိုသာ ကြိုးစား၍ ကျက်နေရှာသည်။

'ကိုကို ကိုနှင်းဝေ တစ်ယောက် သူ့နားတွင် မရှိခြင်းသည် တစ်လောကလုံး ပျောက်ဆုံးသွားသလိုပင် သူ့အတွက် အထီးကျန်လွန်းလှပါလား…။

◆ ◆ ◆

## အခန်း နှစ်ဆယ့်ခုနစ်

'ဟင်...မေမေနဲ့ အန်တီမြပါလား'

'အေးလေ...သားပြန်မလာလို့ ခြံထဲအထိ လိုက်လာရတာပေါ့'

ဒေါ်မြမြချင်းက လိမ္မော်ပင်များကြားမှ ကိုနှင်းဝေ၏ ပခုံးကို မမီမကမ်း လှမ်းကိုင်ရင်း ပြောသည်။ ဒေါ်မြမြဝင်းသည် ဝင်းမှည့် ဝါရွှေနေသော လိမ္မော်သီးများကို ငေးမျှော်ကြည့်နေပါ၏။

'ကဲ...တစ်နေရာမှာ ထိုင်စကားပြောရအောင်လား...သား'

'မေမေတို့မှာ ကိစ္စ ရှိလို့လား'

'အေး...'

ခြံတွင်းမှ ကိုနှင်းဝေ၏ သပ်ရပ်သော တဲငယ်လေးအတွင်း၌ ထိုင်မိကြသည်။

'ဒီခြံထဲမှာဆို သီပ်ချမ်းမှာပဲနော်...မောင်နှင်းဝေ'

'ဟုတ်ကဲ့...အန်တီမြ'





'မေမွေ့သား ဒီမှာ ဘာလို့ ဒုက္ခခံနေတယ် ဆိုတာ မေမေ သိပါတယ် သား။ ဟိုတလောက အစ်ကိုကြီးနဲ့ မပြေလည်လို့ ဟုတ်လား။ ဟေမန့်ကိစ္စ ဆွေးနွေးရင်းလေ'

'အဲဒါတွေ ကျွန်တော့်ကို ထပ်မပြောပါနဲ့လား...မေမေ။ ဒီမှာပဲ အေးအေး နေပါရစေ'

'နေလို့ မဖြစ်သေးဘူး...သား။ ဟေမန့်ကိစ္စက သား လာဖြေရှင်းမှ ဖြစ်မှာမို့ မေမေတို့ သားကို လာခေါ်ကြတာ'

'ဟင်...ဟေမန့်ကိစ္စ၊ ဟေမန် ဘာဖြစ်လို့လဲ မေမေ...။ ဟေမန် ခုဘယ်မှာလဲ'

'အိမ်မှာပါပဲ...သားရဲ့။ ဘာမှလည်း မဖြစ်ပါဘူး။ ဒီလို... သား...'

ဒေါ်မြမြချင်းက ရေနွေးတစ်ခွက်ကို မော့သောက်လိုက်ပြီးမှ အချမ်းပြေစေရန် လက်နှစ်ဖက်ကို ပွတ်လျက်...

'ဟေမန့်ကို မင်းညီနဲ့ နေရာချပေးဖို့ စီစဉ်ကြတယ်လေ'

'ဟုတ်တယ်...သား၊ ရန်အောင်စိုးကတော့ ဟေမန့်ကို ကြိုက်လိုက်တာမှ အသေအလဲပဲ'

ဒေါ်မြမြဝင်းက ဝင်၍ ထောက်ပေးသည်။

'ဒီတော့...မေမေက အစ်ကိုကြီးနဲ့ တိုင်ပင်ပြီး သူ့သမီးကို [illegible] နားချတော့ ဟေမန်က ဘာပြောတယ် မှတ်သလဲ'

မိခင်သို့ အထိတ်တလန့် ကြည့်မိသည်။

'ကိုကို ကိုနှင်းဝေနဲ့ တွေ့ချင်တယ်တဲ့။ ကိုကို ဆုံးဖြတ်တာကို သူ နာခံမယ်တဲ့ သားရဲ့'

'ဩော်...ဟောမန်ရယ်...'

'သူ ဘယ်သူ့စကားမှ နားထောင်မှာ မဟုတ်ဘူး...သား။ သား ပြောမှ ရမှာ'

'ဘာကို ပြောရမှာလဲ...မေမေ။ ရန်အောင်စိုးနဲ့ ယူပါလို့...ကျွန်တော်က လိုက်ပြောပေးရမှာလား။ ဟုတ်လား'

'တစ်ခြံလုံး ကြားသာမဟောတ် အသံလှိုင်းက ဟိန်းထွက်လာသည်။

'ဩော်...သားရယ်။ မင်းမှ သူ့ကို မယူလိုပါဘူးဆို။ ဒါကြောင့် မေမေတို့က စီစဉ်ရတာပါ'

'ဟောမန်က အရုပ်မှ မဟုတ်ဘဲ မေမေရဲ့။ သူ့အသည်းနှလုံးနဲ့၊ သူ့ဦးနှောက်နဲ့သူ ဆုံးဖြတ်ပါစေ။ အတင်း မစီစဉ်ကြစမ်းပါနဲ့ဗျာ'

'သူက ငြင်းလည်းမငြင်းဘူး။ လက်လည်းမခံဘူး။ သားကို ခေါ်ပေးပါ။ သားနဲ့ တွေ့ချင်တယ်ပဲ ပြောနေလို့ လာခေါ်တာပါ'

လေကြမ်းမိသော ပင်လယ်ပြင်လို နှလုံးသားက လှုပ်ရှားလွန်းနေပါသော်လည်း ကိုနှင်းဝေက ငြိမ်ငြိမ်တွေတွေကြီး ငေးနေ၏။

'လာလေ...သားရယ်။ သွားစို့။ နေတောင် မဝင်သေးဘူး။ မင်းခြံကလည်း ချမ်းလိုက်တာ'

'ဒီမှာ...မေမေ'

'ဘာလဲ...သားကြီး'





'ရန်အောင်စိုးကို လက်ထပ်လိုက်ပါ ဟောမန်ရယ်...လို့တော့ ကျွန်တော် ဘယ်နည်းနဲ့မှ မပြောနိုင်ဘူး...မေမေ။ သူ့ဘာသာသူ ဆုံးဖြတ်ပါစေ...'

'အေးပါ...ခုဟာက သားကို ပြောပေးဖို့ လာခေါ်တာမှ မဟုတ်ဘဲ။ ဟောမန်က တွေ့ချင်တယ် ဆိုလို့ မေမေတို့က လိုက်ခေါ်ရတာပါ'

ခဏ အကြာတွင် ခြံတွင်းမှ ထွက်ဖြစ်ခဲ့ကြသည်။ ဒေါ်မြမြချင်းတို့သည် ကားဆီသို့...

ကိုနှင်းဝေသည် 'ဒီပါ'ဆီသို့ သွားနေကြဆဲ ခြံထဲတွင် ဒေါ်မြမြချင်းက...

'တစ်ခုတော့ ရှိပါတယ် သားရယ်။ သားအနေနဲ့ ဘယ်လိုခံယူချက်ကြောင့်ပဲဖြစ်ဖြစ် ဟောမန့်ကို စွန့်လွှတ်ပေးလိုက်ပြီမဟုတ်လား'

'ဟောမန်က ငယ်တယ်။ လှတယ်။ ကြွယ်ဝတယ်။ တစ်ချိန်မှာ သူ့ကို လက်ထပ်မယ့်သူ တစ်ယောက်ယောက်ဟာ ဖြစ်ထွန်းပေါ်ပေါက်လာမှာပဲ။ အဲဒီ...တစ်ယောက်ယောက်ဟာ မေမေတို့၊ သားတို့နဲ့ လုံးဝ အပ်စပ်လို့ မရတဲ့သူနဲ့ ဆိုရင် အားလုံးဟာ အကွဲတပြားစီ ဖြစ်ကုန်လိမ့်မယ်။ သား ကိုယ်တိုင် ဟောမန်နဲ့ အဖေကြီး နေရာကို ရောက်သွားရပါလိမ့်မယ်'

'ဒီတော့ သား သူ့ကို စွန့်လွှတ်ပေးပြီး ဖြစ်တဲ့အတူတူတော့ ကိုယ့်ညီလေးနဲ့ပဲ သဘောတူပေးလိုက်ပါလား သားရယ်'

'မေမေ ပြောတာဟာ သားတို့ လူငယ်တွေရဲ့ နှလုံးသား

ကို နာကျင်စေဖို့ စကားမျိုး မဟုတ်ရပါဘူး...။ နှစ်ဖက်လုံး မျှ
သင့်မြတ်မယ့် အိမ်ထောင်ရေး ဖြစ်လာနိုင်လို့ပါ'

'အဲဒီစကားတွေ ပြောရတာဟာလည်း သားကိုယ်တိုင်က
ဟောမန့်ကို ဘယ်လိုနည်းနဲ့မှ မယူနိုင်ပါဘူးလို့ ဆုံးဖြတ်
ပြီးတဲ့နောက်မှ စီစဉ်ရတဲ့ ကိစ္စတွေ ဆိုတာကို သားရယ်... နား
လည်ပေးပါ။ သဘောပေါက်စွာ ကူညီပေးပါနော်...'

'အားလုံးအတွက် ကောင်းဖို့ပါ'

'အားလုံးအတွက် ကောင်းဖို့ပါ သား'

◆ ◆ ◆





## အခန်း နှစ်ဆယ့်ရှစ်

ဒေါ်မြမြချင်းတို့ တစ်အုပ်စုလုံး အပေါ်ထပ်သို့ သိပ်ပြီး
တက်လေ့ မရှိကြ။ ကျယ်ဝန်းသော အိမ်ကြီး အောက်ထပ်တွင်
ခန်း အသီးသီး၌သာ နေကြသည်။

ဟောမန်၏ မိခင် ရှိစဉ်ကမူ ဘိုးဘွားလက်ထက်က အိပ်
ဆောင် ဖြစ်ခဲ့သော အပေါ်ထပ်၏ အဆင့်မြင့် အခန်းတွင်
ဖေနှင့် မယ်မယ်တို့ အိပ်ကြသည်။ သမီးလေး ဟောမန်ကို
မ၏ နောက်ဘက် ထောင့်ချိုးထိပ်မှ အခန်းတွင် အထိန်း
နှင့်ထားရှိသည်။ မကြာခဏ မယ်မယ်နှင့်လည်း အတူ အိပ်
ရဖူးပါ၏။

ယခုတော့ အိပ်တော်ဆောင်သည် ဦးအုပ်စိုး၏ အရက်
ဆောင် ဖြစ်နေလေပြီ။

အားလုံးနှင့် မရောနှောချင်သော နှင်းဟောမန်ဦးသည် သူ
သီးသန့် အပေါ်ထပ်အခန်းတွင်း၌ပင် အားလုံးနှင့် ကင်းကင်း
ကွာ နေပါ၏။

ထိုနေ့က ထုံးစံအတိုင်း အပေါ်ထပ်တွင် ဦးအုပ်စိုး ရှိ
သည်။

နှင်းဟေမန်ဦးသည် သူ့ အခန်းမှ ပြင်ပ ဧည့်ဆောင်
ထွက်သည့် စင်္ကြံလမ်းမကျယ်တွင် လမ်းလျှောက်ရင်း စာကျ
နေပါ၏။

အရက်များမူးလျက် သူ့အခန်းတွင်းမှာသာ အိပ်နေလေ့
သော ဦးအုပ်စိုးကို ထိုင်လျက်သား တွေ့ရသည်။ လှေကား
ထိပ်တည့်တည့်တွင် ထိုအိပ်ဆောင် အခန်းရှိပါ၏။

လှေကားမှ တက်လာသော ကိုနှင်းဝေသည် ဟေမန် ရှိ
သို့ မသွားဖြစ်နိုင်မီမှာ ဦးအုပ်စိုးနှင့် မျက်နှာချင်းဆိုင် တွေ့လို
ရ၍ စိတ်ပျက်သွားမိသည်။

'အချစ်ဆုံးလေးနဲ့ မတွေ့ရတာ ငါးရက်ရှိပြီ'

ဤအသိဖြင့် ထုံးစံအတိုင်း ဟေမန့် အခန်းသို့တိုင် သွ
ရောက်ရန် တက်လာခိုက်တွင် ဦးအုပ်စိုးနှင့် ရင်ဆိုင်လိုက်ရပ
လှေကားထိပ်တွင် ခြေလှမ်းတန့်သွားရတော့သည်။

'ဟယ်...ကိုကို'

သူ မမြင်မီ ဟေမန်က အရင်မြင်နှင့်သည်။

စာအုပ်ကလေး ကိုင်၍ တအားပြေးလာပြီး လှမ်းဖက်လို
သည်။

ဟေမန်၏ ကျောဘက်မှာ ဦးအုပ်စိုး...

ကိုနှင်းဝေ၏ မျက်နှာစာမှာ ဦးအုပ်စိုး...

ကိုနှင်းဝေသည် အဘိုးကြီး ရှေ့တွင် ပြန်မဖက်ရဲတော့





ဆန္ဒကဖြင့် ရင်ခွင်တွင်းသို့ တောက်လျှောက် ထွင်း
ာက် ဝင်သွားနိုင်လောက်အောင် စိတ်ရှိသူမှု တအား ဖက်ပစ်
ိုက်ချင်သည်။

ဦးအုပ်စိုးသည် ရူးရူးရဲရဲ ကြည့်ရင်း မတ်တတ်ရပ်လိုက်
၍...

ကိုနှင်းဝေသည် သူ့ရင်ခွင်ကို သိုင်းဖက်ထားသော ဟေ
န်၏ လက်နှစ်ဖက်ကို ခပ်ဖွဖွလေး ဆွဲ၍ ဖယ်ပစ်လိုက်ရသည်။

ရှက်ရွံ့စိတ်နှင့် နှာကျည်းရိပ်ဖေး လွှမ်းသော ဟေမန်၏
က်နှာကို ကိုနှင်းဝေ ပထမဦးဆုံး မြင်ဖူးသည်။

'ကိုကိုတို့ အောက်မှာပဲ သွား စကားပြောရအောင်လား
ာမန်...'

'အို...အောက်မှာ လူတွေ အများကြီး။ ဟေမန့် အခန်း
ဲမှာပဲ...'

'လာပါကွယ်...'

ရှေ့ဆောင် ဆင်းသွားသော ကိုနှင်းဝေ၏ နောက်မှ လိုက်
ပါသော ဟေမန်သည် သူ့ နောက်ကျောဆီမှ သူ့ဖခင်၏
ါသ မျက်နှာကို မမြင်သာနိုင်။ ဖခင် ရှိနေသည်ဟုပင် သတိရ
န် မတူ။ မြင်လိုက်ရသော ကိုနှင်းဝေသည်သာ ဟေမန့်ကို
ရှင်လို မနေရဲတော့ပါဘဲနှင့် ခပ်ခွာခွာ ဆင်းလာရသည်ကို
ာမန့် ရင်ထဲတွင် သံသယများ စတင် ခိုဝင်ရပါလေပြီ။

အောက်ရောက်ပြန်တော့လည်း အရင်လို နှစ်ယောက်ထိုင်
တမင် မထိုင်။ တစ်ယောက်ထိုင် ကုလားထိုင်စုံမှာသာ ကို

နှင်းဝေ ဝင်ထိုင်လိုက်သဖြင့် ဟေမန်သည် ချက်ချင်း သူစိ
ဆန်သွားသော သူ့ ကိုကိုသို့ တအံ့တသြ ကြည့်ရင်း...သူ့ ဘေး
ကုလားထိုင်တွင် ဝင်ထိုင်ရှာသည်။

'အကြာကြီး ဘာသွားလုပ်နေတာလဲ ကိုကိုရယ်...ဟေမ
သိပ်လိုက်လာချင်တာပဲ။ ကိုကိုက မလာနဲ့လို့ မှာလို့ မလာ
တာပါ'

ကိုနှင်းဝေ၏ ပြောင်းလဲလာသော အမူရာကြောင့် အ
လို ရဲရဲဝံ့ဝံ့ ဆူဆူညံညံ အသံလေးနှင့် မပြောရဲတော့၍လေလာ
ဟေမန်၏ အသံလေး တိုးနေသည်။

'ဒီပါပါ မရှိတော့ ဟေမန်လေ...မနေ့ညနေကပဲ မျ
ရည် ကျမိသေးတယ်။ ကိုကိုရော ဟေမန့်ကို မလွမ်းဘူးလာ
ဟင်...ကိုကို'

ရင်မှာ ဆို့ကျင် ကြေကွဲလာသည်။ ဝဲလာသော မျက်ရ
ကို ဟေမန်လေး မမြင်စေရအောင် အံခဲ၍ သိမ်းသွင်းရသည်
ရင်ပန်းလွန်းလှပါဘိ။

'ကိုကို'

ကုလားထိုင်၏ လက်တန်းပေါ်တွင် ကိုနှင်းဝေ တင်ထ
သော လက်ခုံကို ဟေမန် လက်နှင့်အုပ်ကိုင်၍ ကိုနှင်းဝေ
မျက်နှာသို့ မျက်တောင်မခတ်ဘဲ ကြည့်ရင်း...

'ကိုကို့ မျက်နှာ ညှိုးလိုက်တာ...ဘာဖြစ်လို့လဲဟင်။ ဒီ
လူတွေနဲ့ မနေချင်လို့ ခြံထဲမှာ သွားနေတာလား'

'မဟုတ်ပါဘူး'





'ကိုကို တစ်ခုခုတော့ ခံစားနေရပါတယ်။ ဟေမန်နဲ့ ကိုကို
ဘာ ဒီကမ္ဘာပေါ်မှာ အရင်းနှီးဆုံး လူသားနှစ်ဦးပါ ကိုကိုရယ်။
ကိုကို ဘာဖြစ်နေလဲ ဆိုတာ ဟေမန် သိပါရစေ...'

လက်ခုံလေး သုံးဆင့်ဖြစ်သွားအောင် ကိုနှင်းဝေက ဟေ
န့် လက်ကလေးပေါ်သို့ ထပ်ကိုင်၍...

'ကိုကို ဘာမှ မဖြစ်ပါဘူး ညီမလေးရယ်'

လှေကားတစ်ဆစ်ချိုးမှ ဦးအုပ်စိုး ရပ်ကြည့်နေသည်ကို
င်ရပြန်သဖြင့် ကိုနှင်းဝေမှာ သူ့လက်များကို ရုတ်သိမ်းလိုက်ရ
န်သည်။

ဦးအုပ်စိုး၏ တားမြစ်ချက်ကို ဟေမန် မသိရှာ။ ခါတိုင်း
ည်း သည်လို နေနေကျမို့ ဦးအုပ်စိုး ဆင်းလာ၍ လက်ရုတ်
ိုက်သည်ဟု ဟေမန် မထင်တော့။ သူ့ကို...မထိမတွေ့စေချင်
လှမ်းဝေးကွာလိုပြီ ဖြစ်ကြောင်း ဟေမန်မှာ အံ့သြလွန်းစွာဖြင့်
းလည်စပြုလာပါပြီ။

'ဟေမန်...'

'ကိုကို...'

'ဟေမန့်ကို မေးစရာ...ဆွေးနွေးစရာ ရှိလို့ ကိုကို လာခဲ့
တာပါ'

'ဘာများလဲ ကိုကိုရယ်'

နှလုံးသားထဲမှ ဖွင့်ထုတ်ယူရသလို နာကျင် ပင်ပန်းလွန်း
သော ခံစားမှု စကားလုံးများကို စတင် ပြောကြားရပါပြီ။

'ရန်အောင်စိုး ရှိနေတယ် မဟုတ်လား'

'ရှိတယ်။ ဟောမန့်ကို အတင်းကြီး လိုက်လိုက် စကား ပြောနေလို့။ တမင် အပေါ်မှာပဲ နေနေတာ'

'ဟောမန် သူ့ကို မုန်းသလား'

'မမုန်းပါဘူး။ ဘာဖြစ်လို့လဲ'

'သူက အင်ဂျင်နီယာဘွဲ့ ရသွားပြီလေ'

'ဟုတ်တယ်။ သူ့အစ်ကိုထက် သူက စာတော်တယ်နော်။ ငယ်တုန်းကတော့ မုန်းတယ်။ လိုက်လိုက်စလို့…ခုတော့လည်း ဘာဝသီဘာသာ နေလိုက်ရုံပါပဲ။ မမုန်းပါဘူး'

'ဟောမန်…'

'ရှင်…ကိုကို'

'အဲဒီ…ကိုကို့ညီနဲ့ ဟောမန်နဲ့ကို အားလုံးက သဘောတူ နေကြတယ်တဲ့'

'သြော်…ဒါကြောင့် ဒေါ်မြမြဝင်းနဲ့ ကိုကို့ မေမေက ဟောမန်နဲ့ နီးစပ်အောင် အမြဲ အကြံအဖန် လုပ်နေကြတာကိုး'

'ဘယ်လို…'

'သြော်…ဟောမန် ထမင်းစားရင် ဝင်စားခိုင်းတယ်။ စာပြ ပေးခိုင်းတယ်။ အဲဒါမျိုးတွေပါ'

ကိုနှင်းဝေ ငြိမ်တွေသွားသည်။ ဟောမန့်အတွက် စတော်ကြောင်းသော်မှ သူ မရှင်းပြတတ်နိုင်ပါလား။

'နေပါဦး။ အားလုံးက သဘောတူတယ် ဆိုတဲ့ အထဲမှာ ဖေဖေရော ပါသလားဟင်'

'ထိပ်ဆုံးကပေါ့'





'ထင်သားပဲ…ဖေဖေက ဟောမန် အန်တီခေမာတို့နဲ့ သွားနေမှာ သိပ်စိုးရိမ်နေတာ။ ခုလိုဆိုတော့ သူ့မိန်းမ ဆွေမျိုး စက်ဝိုင်းထဲက ဟောမန် မထွက်နိုင်တော့အောင် လုပ်နေတာ ကိုကိုရဲ့'

'ဟောမန်'

'ကိုကို'

'ကိုကို မေးပါရစေ…ဟောမန် ရန်အောင်စိုးကို မချစ်နိုင် ဘူးလား'

'မိုးကောင်းကင်ကြီး ပြိုလာပြီ' ဆိုသော သတင်းစကားကို ကြားရသူလို…မယုံနိုင်သော အံ့သြခြင်းဖြင့် ဟောမန်သည် ကိုနှင်းဝေသို့ မျက်လုံးအဝိုင်းသားနှင့် ကြည့်လာသည်။

'သူ့ကို ချစ်နိုင်မယ် ဆိုရင်တော့ ဟောမန်နဲ့ ထိုက်တန် မယ်လို့ ကိုကို ထင်ပါတယ်'

'ဘာ…ဘာပြောတယ် ကိုကို'

'သြော်…ဟောမန် စိတ်ချမ်းသာမယ် ဆိုရင်တော့ ရန် အောင်စိုးကို လက်ထပ်သင့်ပါတယ်'

ဟောမန်သည် မိမိ၏ အသက်ကို သတ်တော့မည် လူ သတ်သမား တစ်ယောက်၏ ရှေ့မှောက် ရောက်နေရသည်သို့ ဟောမန်၏ မျက်နှာတစ်ခုလုံး ဖြူရော်သွားသည်။ အံ့သြ ထိတ် လန့်လွန်း၍ ဘာစကားမှ ရုတ်တရက် မပြောနိုင်ရှာ။

တဖြည်းဖြည်း လက်ကလေး မြှင့်တက်လာပြီး နှုတ်ခမ်း ကို အုပ်လိုက်သည်။ လက်ဝဲလက်မို့ ဆင်တူ လက်စွပ်လေးက

အထင်းသား။

ကိုနှင်းဝေ၏ လက်တွင်မှ ဟေမန် ပေးသော လက်စွပ် ဝတ်မထားပါလား။

ဟေမန်၏ မျက်ဝန်းမှာမျက်ရည်များ ချက်ချင်း လျှံပြည့်လာသည်။ နောက်သို့ ကိုယ်ကို လန်သွားအောင် ဆုတ်လိုက်ပြီး လက်က ဖယ်ကျသွားတော့ နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်နေသည်ကို မြင်သာလာရတော့သည်။

'ဒါ...ဒါ...ဖြင့် ကိုကို့ညီနဲ့ သဘောတူကြတဲ့ အထဲမှာ ကိုကိုလည်း ပါတယ်ပေါ့နော်'

'သဘောတူပါတယ် ဟေမန်။ ဟေမန် သူ့ကို ချစ်နိုင်မယ် ဆိုရင်ပေါ့'

မျက်စိ စုံမှိတ်၍...နှားနှစ်ဖက်ကို လက်ဝါးနှင့် ပိတ်ပြီး ငုံ့ချလိုက်တော့ မျက်ရည်စက်တို့ ကြွေသက်လာသည်။

ပြန်မော့လာသော အခါတွင်ဖြင့် အောက်နှုတ်ခမ်းကို ပြတ်မတတ် ဖိကိုက်ထားလိုက်ပြီးမှ ဟေမန်က...

'သဘောတူပါတယ်တဲ့...လား'

'ဟေမန်...သူ့ကို ချစ်နိုင်မယ် ဆိုရင်ပေါ့...တဲ့လား'

'ဟင်...ဟင်...ဟုတ်လား...ကိုကို'

ကိုနှင်းဝေ၏ ပခုံးစွန်း နှစ်ဖက်သို့ သူ့လက်ကလေး အားရှိသလောက်နှင့် ဆုပ်ကိုင် ဖျစ်ညှစ်၍ ဆွဲခါရင်း မျက်နှာချင်း အနီးကပ် ရင်ဆိုင်သည်။

'သြော်...ကိုကိုဆိုတဲ့ မိဟေမန်ရဲ့ အားကိုးဆုံး...မြတ်နိုး





ဆုံး...အချစ်ရဆုံးသူရယ်။ ဒီပါးစပ်က ဒီလို ပြောထွက်ရက်တယ် တဲ့လား'

'ရှင်တို့ မိသားစုကြီး ဒီအိမ်မှာနေဖို့၊ ပစ္စည်းတွေရဖို့... ဟေမန့်ဘဝကို စတေးပေးရမယ့် နေရာမှာ ကိုကိုကပါ သဘော တူတယ်တဲ့လားရှင်'

'ဒီက ရင်ထဲမှာ...မိဟေမန်ရဲ့ အသည်းနှလုံးထဲမှာ... အချစ်ဆုံးဟာ ဘယ်သူ ဆိုတာလည်း သိရက်နဲ့များ ကိုကိုရယ်'

ဟေမန့် နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်နေသည်။ မျက်ရည်တို့က ပေါက်ပေါက်ကျကြွေသည်။

'သြော်...ဒီကိစ္စကြောင့် အဝေးဆုံး နေရာမှာ သွားနေပေး တာကို...။ ဖက်မိတဲ့ လက်ကို ဖြုတ်ချ ဖယ်ပစ်တာကို'

'ကိုကို့ ရင်ထဲမှာ ဒီလောက် ရက်စက်စွာ စွန့်လွှတ်နိုင်တဲ့ စိတ်ထားမျိုး ရှိလိမ့်မယ်လို့ ဟေမန် နည်းနည်းလေးမှ မထင် ခဲ့မိပါဘူး'

ကြည့်ပါဦး...

လုပ်ရက်လိုက်တာ...

ပြောရက်လိုက်တာ...

ကိုင်ထားသော ပခုံးစွန်း နှစ်ဖက်ကို ဆောင့်တွန်းပစ်လိုက် ပြီး...

ဟေမန်သည် လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်လျက် သည်းသည်းထန်ထန် ငိုကြွေးတော့သည်။

'ဟေမန်ရယ်...ကိုကို ဘာပြောရမှန်းတောင် မသိတော့

ပါဘူး'

'ဘာပြောဖို့များ လိုသေးတော့လို့လဲ သူရဲကောင်းကြီးရဲ့'

'ဟေမန် သိပါပြီ...နားလည်ပါပြီ'

'ချစ်လိုက်ရတာ...မျှော်လိုက်ရတာ'

'လွမ်းလိုက်ရတာတွေလေ...'

'အဲဒါတွေ သိရက်နဲ့ ရက်စက်လွန်းတဲ့သူရေ...'

'ဒီရင်ထဲက အမွန်မြတ်ဆုံး ချစ်တတ်တဲ့ နှလုံးသားကို ရောင်းစားလောက်အောင် ယုတ်မာ ရက်စက်တဲ့သူ...'

'မထင်ဘူး'

'ကိုကို...ဟေမန့်ပေါ် ဒီလောက် ရက်စက်မယ် မထင်ဘူး...'

'ဩော်...နောက်ဆုံးကျတော့လည်း သူ့အမေ၊ မိသားစု ဆန္ဒကိုပဲ သူ လိုက်သွားတာပါပဲလား'

'ဟေမန်ရယ်...ဒါတော့ မဟုတ်ပါဘူးကွယ်'

'တော်ပါပြီရှင်...တော်ပါပြီ'

'ကိုယ့်ပေါ်မှာ ဒီလောက် ချစ်ခင် အားကိုးနေမိတဲ့ နှလုံးသား အသစ်ကလေးကို အရက်စက်ဆုံး စကားနဲ့ ခွဲချေ ဖျက်ဆီးရက်တဲ့ ကိုကိုရယ်'

'ဟေမန် အံ့သြလို့ မဆုံးနိုင်အောင်...'

'နာကျည်းတယ်...'

'မုန်းတယ်...'

'အို...ကိုကို့ကို ဟေမန် သိပ်စိတ်နာတယ်'





ဝန်းကျင်အနံ့ ဟေမန်၏ နှလုံးကြေကွဲသံတို့ ပဲ့တင်ထပ်သည်။

အချစ်ဆုံး နှစ်ယောက်တို့၏ ဝန်းကျင်မှာ မျက်ရည်စက်များစွာ စီးသွယ် ကျန်ရစ်ပါ၏။

ဟေမန်သည်မူ အဟုန်ပြင်းသော ခြေလှမ်းများဖြင့် လှေကားပေါ်သို့ ပြန်လည် ပြေးတက်သွားလေပြီ။

ဟေမန့် ရင်မှာ ကြေကွဲစွာ ပြောကြားသွားသော စကားသံများသည် ကိုနှင်းဝေ၏ အချစ်တတ်ဆုံး ရင်ပြင်ကို ထိုးဖောက်၍ နှလုံးသားကို တစ်စစီ ဖြိုခွဲ ပျက်ကြေစေခဲ့ပါပြီ။

ဟေမန် ရင်နာရသည်ထက် အဆ များစွာ နာကျင်ခြင်းဝေဒနာဖြင့် ကျန်ရစ်ရသူက ကိုနှင်းဝေပါ။

ဟေမန် ခြွေခဲ့သော မျက်ရည်စက်တို့ထက် ဆယ်ဆမက ကိုနှင်းဝေ၏ မျက်ရည်တို့ ကြွေပါသတည်း။

◆ ◆ ◆

## အခန်း နှစ်ဆယ့်ကိုး

ဟေမန် မရှိတော့...။

အားလုံး ယောက်ယက်ခတ်ကုန်ကြပြီ။

ဟေမန် ပျောက်ဆုံးကြောင်း နောက်တစ်နေ့ နေ့လယ်တွင်မှ သိကြရသည်။

ဟေမန် နီးလိမ့်နီးနှင့် စောင့်စားနေရင်း နံနက်ဦး စားချိန်လွန်မြောက်ပြီး ဆယ်နာရီလောက် အရောက်တွင်မှ ဒေါ်ခမ်းနွဲ့သည် တံခါးကို ပုတ်နှိုး ခေါ်သည်။ မရ၍ တစ်အိမ်လုံး သတင်းပို့သဖြင့် အားလုံး ဝိုင်းနှိုးသော်လည်း ဘာသံမျှ မကြားရသဖြင့်—

'နှင်းဝေကို သွားခေါ်ခဲ့ကြစမ်း'

ခြံမှာနေသော ကိုနှင်းဝေထံသို့ ပြေးလေပြီလား...

အတွင်းမှာများ တစ်စုံတစ်ခု ဖြစ်နေသလား...

အဆိပ်သောက်၍များ သေဆုံးသွားလား...

ဆိုသော ပူပန်စိတ်များဖြင့် အားလုံး ရှန်းစု ရှန်းစု ဖြစ်





နေချိန်တွင် ခြံမှ အပြင်းမောင်းလာသော ကားနှင့်အတူ ကိုနှင်းဝေရောက်လာပါပြီ။

ဘယ်သူမှ ခေါ်မရ ဆို၍ ကိုနှင်းဝေ အိမ်ပေါ်ထပ်သို့ တက်တော့ဘဲ ခြံတွင်းမှ လှည့်ပတ်လျက် ဟေမန်၏ အခန်းရှိရာ နောက်ဘက်ထောင့်သို့ ပြေးသွားသည်။

သန်မာ ထွားကျိုင်းပြီး ဖျတ်လတ် သွက်လက်သော ကိုနှင်းဝေသည် မြင့်မားသော ပန်ခလုံ အိမ်ကြီး၏ အထက်ထပ်သို့ တုတ်ကပ် တွယ်တက်သွားသည်။ သူ့အန္တရာယ်ကို သတိမရနိုင်။ ပူပန်လွန်းသော ဇောစိတ်သည်သာ ကြီးစိုးလျက်...

ဟေမန်၏ အခန်းပြတင်းရှိရာ သံတိုင်များနှင့် သူ ရပ်နေရာ အောက်ခံ အုတ်ခုံသည် မမှီတမီ။

'ဟေမန်...ညီမလေး...ကိုကို ရောက်နေပြီ...။ တံခါးဖွင့်စမ်းပါ'

ကြားသာသည့် နေရာမှ အော်သော်လည်း မရသဖြင့် ခြိမ် ပူပန်းလွန်းစိတ်ဖြင့် လှမ်းခုန်လိုက်သည်။

'အား...အမယ်လေး'

'သေပါပြီ'

အောက်ဘက်ဆီမှ ငယ်သံပါအောင် အော်သံများကို ကြားလိုက်ရချိန်တွင် ကိုနှင်းဝေမှ သံတိုင်နှစ်ခုကို မိမိရရ ဆုပ်ကိုင်နိုင်သော်လည်း ခြေကုတ်က မရ။ တစ်ကိုယ်လုံးကို လက်အားနှင့် ထိန်းထားရသည်။

ကိုနှင်းဝေသည် အချစ်ဆုံးအတွက် ဟူသော ပူပန်ဇော

စိတ်ကြောင့် သူ့ တောင့်တင်းမှု ခန္ဓာကို ယုံကြည်မှုအပြည့်ဖြင့် အားယူ ကြိုးစားသည်။

လက်ကို တစ်ဖက်ချင်း မြှင့်ပြီး သံတိုင်ကို ဆုပ်ကိုင် တွယ်တက်ချိန်မှာ တစ်ကိုယ်လုံး၏ အားကို လက်နှင့် ထိန်းထားရသည်။

နောက်ဆုံးတော့ ပြတင်းတံခါးရှေ့မှ ထုထဲ ခိုင်ခံ့သော အုတ်ခုံဘောင်ပေါ်သို့ မိမိရရ တက်နိုင်ခဲ့ပြီ။

'အို...ဟေမန် မရှိပါလား'

တစ်ခန်းလုံး မြင်သာသည့် နေရာမှ ကြည့်ပြီးချိန်တွင် အပူရှိသည် သက်သာသယောင်ယောင်၊ ပို၍ ဟာသွားသလိုလို။ မတွေ့ရခြင်းအတွက် အသက်ရှင်လျက် ရှိနေမည်ဟု ယုံကြည်စွာဖြင့် တက်လာရာ လမ်းမှ ခက်ခဲစွာ ပြန်ဆင်းလျက်...

'သူ ထွက်သွားတာ ဘယ်သူမှ မမြင်လိုက်ကြဘူးလား။ ဘယ်သူမှ မသိလိုက်ကြဘူးလားဟင်...'

'မသိလို့ပေါ့ကွယ်'

ဒေါ်မြမြချင်းက ကိုနှင်းဝေ၏ ဒေါသစကားကို ဒေါသဖြင့် ပြန်လည် တိုက်ခိုက်သည်။

ကိုနှင်းဝေသည် သူ မည်သို့ လှုပ်ရှားနေသည် ဆိုသည်ကိုပင် သတိမရနိုင်။ မနေ့ညက ပန်ခုံလုံမှာ ထားရစ်ခဲ့သော ဒီပါ ရှိရာ မြင်းဇောင်းသို့ တအားပြေးခဲ့၏။ ပြီးတော့ ဖရိုဖရဲ တက်ရင်း မြင်းကို တအား ဒုန်းနှင်စီး ထွက်သွားတော့သည်။

အားလုံးသည် အံ့အားသင့်လျက် ကျန်ရစ်ကြလေပြီ။





ဟေမန် ဘယ်မှာ ရှိသည်ကို ကိုနှင်းဝေ သိလိမ့်မည်။ အပြန်မှာ ဟေမန် ပါလာပေလိမ့်မည်ဟု မျှော်လင့်စွာ ယုံကြည်လျက် အိမ်ပေါ်သို့ အေးဆေးစွာ ပြန်တက်သွားကြသည်။

ကိုနှင်းဝေနှင့် ဒီပါတို့သည် စန္ဒကူးကွေ့ကို ဖြတ်ကျော်လျက် လင်းလွန်းလွင်ပြင်ကို ရောက်ခဲ့သည်။ လွင်ပြင်ပြန့် အနီးမှ သစ်ပင်ကြီးများ ကြားပါမကျန် ရှာဖွေရင်း...

'ဟေမန်...ညီမလေး...'

'ဟေမန်ရေ...'

'ကိုကို စိတ်ပူလှပြီ...ဟေမန်...'

'ဟေမန်လေးရယ်...'

ပထမ ကျယ်လောင်သော အသံနှင့် တောလုံးနှံ့မျှ ကြားသာအောင် အော်ရင်းမှ အသံက တဖြည်းဖြည်း တိမ်ဝင်သွားသည်။ အားလျော့တော့မလို ဖြစ်ပြီးမှ...

'စန္ဒကူးတောင်ထိပ်...'

'ဟုတ်ပြီ...သူ သိပ်နှစ်သက်တဲ့ နေရာလေးတစ်ခု။ အဲဒီမှာ ရှိမှာမယ်။ အဲဒီမှာ ရောက်နေတာ သေချာတယ်'

ကိုနှင်းဝေသည် ဒီပါပေါ်သို့ တစ်ချက်တည်း လွှားခနဲ တက်လျက် အပြန်လမ်းကို ဒုန်းစိုင်းစေပြန်သည်။

ခက်ခဲသော တောင်တက်လမ်းကိုပင် ခပ်ကြမ်းကြမ်း စီးတက်ခဲ့သည်။ ဒီပါကလည်း တောင်လမ်း ကျွမ်းပြီးသား...

စန္ဒကူးတောင်ထိပ်တွင်လည်း...

ဟေမန် မရှိပါလား...

ရှာစရာ နေရာက မကျယ်ပြန့်။ တောင်ထိပ်ထက်ဆီ
တစ်ခါက ဆုံခဲ့ကြသော နေရာလေးတွင် ကိုနှင်းဝေ အားလျှော့
စွာ ထိုင်လိုက်ရပါပြီ။

မွေးနေ့လက်ဆောင် လက်စွပ်ကလေး ဝတ်ပေးနေပုံ၊ သူ
ရင်ခွင်တွင်းသို့ တိုးတိုးခွေ့ခွေ့လေး ဝင်လာသည့် ပုံရိပ်များသည်
ရှင်သန် လှုပ်ရှားလာခဲ့ပါပြီ။ ပေါက်တူးကိုင်သော လက်မို့
လက်စွပ်ကို ခဏ ချွတ်ထားမိသည်ကိုလည်း ဟောမန် မြင်တွေ့
သွားပေလိမ့်မည်။

ဟောမန့်အသံ…ဟောမန့်ဟာန်နှင့် အချစ်ဆုံး၏ ကိုယ်သင်း
ရနံ့လေးများကိုပါ ပြန်လည် ထိတွေ့ရသလို ဖြစ်ရာက ရုတ်တ
ရက် နှုတ်ယူခြင်း ခံလိုက်ရသလို ခံစားရပြန်သည်။

'ဒီပါရယ်…မင်း သခင်မရော…'

'မင်းရဲ့ သခင်မလေးကို ရှာမပေးနိုင်တော့ဘူးလား ဒီပါ
ရေ…'

မကြေပါဘဲ ဝဲလာဆဲ မျက်ရည်များနှင့် စန္ဒကူးတောင်ထိပ်
ထက်မှ ဆင်းသက်ခဲ့ကြရပါပြီ။

အားအင်အားလုံး ဆုံးရှုံးသွားရသည့်နှယ်…၊ အပြန်လမ်း
သည် ရှည်ဝေးလွန်းလှပါချေ၏။

◆





'အစ်ကို နှင်းဝေကြီး 'ခင်ဖေယျာ'နဲ့ 'ယဥ်သူနွဲ့'တို့ဆီ
လိုက်မေးနေတယ် ကြားလို့ ချယ်ရီ ပြေးလိုက်လာတာ'

ဟောမန်၏ ငယ်သူငယ်ချင်း တစ်တန်းတည်း ကျောင်းသူ
ချယ်ရီမင်းဟာန်'က ပြေးလိုက်ခေါ်သည်။

'ဟုတ်တယ်…ဟုတ်တယ်ကွယ်။ ဟောမန့်ကို လိုက်ရှာ
နေတာ'

'ချယ်ရီနဲ့ တွေ့လိုက်တယ်'

'ဟင်…ဘယ်…ဘယ်မှာလဲ'

'ချယ်ရီတို့ ဦးလေးကားနဲ့ လိုက်သွားတာ။ မနက် ရှစ်
နာရီလောက်ကမှ ကား ထွက်ဖြစ်တယ်။ သူ ရောက်လာတော့
အစောကြီး'

'ဟုတ်လား…ကား…ကားနဲ့ ဘယ်လိုက်သွားတာလဲဟင်…
ချယ်ရီ'

'တောင်ကြီးကိုပေါ့'

'အို…'

'သူ့နောက်ကို လိုက်လာရင် ကားပေါ်က ခုန်ချ သေပစ်
လိုက်မယ်လို့ ပြောလိုက်ပါတဲ့'

'ဟာ…'

'သူလည်း ဘယ်တော့မှ ပန်ခလုံကို ပြန်မလာတော့ဘူး။ အပြီး ထွက်သွားတာလို့၊ သူတို့တွေနဲ့ ကြုံရင် ပြောပေးပါ။ သွားတော့ မပြောနေနဲ့တဲ့'

'အိုကွယ်...'

'သူ ပန်ခလုံကို သိပ်စိတ်နာသွားပုံရတယ်။ ဘာဖြစ်လို့လဲဟင်...အစ်ကိုနှင်းဝေ'

မဖြေနိုင်တော့ပါ။ ရင်ပွင့်ကွဲမတတ်။

'အပြီးထွက်သွားတယ်လို့သာ ပြောတာ။ သူ့လက်ထဲမှာ သန်းဒါးဘတ်ဒ် အိတ်လုံး ငယ်ငယ်လေး တစ်ခုပဲ လွယ်လို့။ ဟောမန်က ဖွဲ့ကြီးတယ်။ စိတ်ကြီးတယ် မဟုတ်လား'

'အေးကွယ်...ကျေးဇူးတင်ပါတယ်။ တခြားရော ဘာပြောသွားသေးလဲ'

'ဘာမှ မပြောပါဘူး။ ဘာမေးလို့မှလည်း မရဘူး။ သိပ်ငိုထားသလိုပဲ။ မျက်လုံးတွေ အစ်လို့'

ရင်နှင့်တနင့် နာကျင်စွာ ကြားနာရ၏။

'ချယ်ရီ့ရှေ့မှာရော ငိုသေးလားကွယ်'

'မငိုတော့ဘူး။ အံ့ခဲထားတယ်။ သူဟာ တစ်စုံတစ်ခုကို သိပ်ပြီး နာကျည်းလာသလိုပဲ အစ်ကိုနှင်းဝေ...။ သူ့ အဘိုးကြီးနဲ့ ဘာဖြစ်သွားလို့ဟင်'

'မသိပါဘူး ညီမလေးရယ်...အစ်ကို သွားတော့မယ်နော်— ကျေးဇူးတင်ပါတယ်'

ဟုတ်ကဲ့...အစ်ကိုနှင်းဝေကြီး'





ဟောမန်၏ သူငယ်ချင်းများ အားလုံးသည် သူတို့ အလိုကျ အမြဲ ကူညီပေးတတ်သော ကိုနှင်းဝေကို အားလုံးက တရင်းတနှီး 'အစ်ကိုနှင်းဝေကြီး' ဟု ခေါ်လေ့ရှိကြသည်။

ဒီပါသည်ပင် ခြေလှမ်းနှေးနေသည်သို့ပါ။ ပန်ခလုံ အိမ်သားများ အားလုံးသည် ကိုနှင်းဝေ၏ အိမ်အပြန် နွမ်းမျက်နှာကို ကြည့်ပြီး ဟောမန် ဆုံးရှုံးလေပြီဟု သိလိုက်ကြရ၏။

အမေးစုံကို အတိုချုံးဖြေလိုက်ပြီး အပေါ်ထပ်မှ ဟောမန်၏ အခန်းတံခါးကို ကိုနှင်းဝေကိုယ်တိုင် ချိုးဖျက် ဖွင့်ဝင်သည်။

ဦးအုပ်စိုးလည်း ဘာမှ ဝင်မပြောတော့။ သူက ဟောမန့်ကို ဒေါသ သည်းထန်စွာ ဖြစ်နေတော့သည်။

ကိုနှင်းဝေသည် သော့ကို ချိုးဖျက်ပြီး ဟောမန်၏ အခန်းတံခါးကို ဖြည်းညင်းစွာ ဖွင့်၍ ဝင်လိုက်သည်။

အရာ ခပ်သိမ်းသော ပစ္စည်းတို့သည် သူနှင့် တရင်းတနှီး ရှိပြီးသားချည်းပါ။

ပုံပြောသိပ်ခဲ့ရသော အိပ်ရာ၊ စာသင်ပေးခဲ့ရသော စားပွဲ၊ အစားအစာကို အတူတကွ စားသောက်လေ့ရှိကြသော စားပွဲဝိုင်းငယ်...။

စသော...သက်မဲ့ ပစ္စည်းများသည် ကိုနှင်းဝေနှင့် မခြားသည်သို့ ရှိပါ၏။

ငြိမ်သက်လွန်းစွာ ဝင်လာသော ခြေလှမ်းကို ရူးရှူး နာကျင်စေသော ထိတွေ့မှု တစ်ခုကြောင့် အောက်သို့ ငုံ့ကြည့်လိုက်သည့်အခါ...

'သြော်...ကွယ်...'

မှန်ဘောင်သွင်းထားသော ကိုနှင်းဝေ၏ ရုပ်ပုံလွှာသည် ကြမ်းပြင်မှာ ကျလျက်...မှန်တို့က အစိတ်စိတ်အမြွှာမြွှာ ကွဲ လျက် လွင့်ပြန့်ကျဲနေကြသည်။

ကိုယ့်ကိုယ်စား ရုပ်လွှာကိုပင် မကောက်ချင်တော့။ သေ မန်နှင့် ထပ်တူပင် မိမိကိုယ်ကို နာကျည်းနေမိပါပြီ။

ဟေမန် တစ်ညတာလုံး ငိုရှိုက်ခဲ့ရာမည်ဖြစ်သော အိပ်ရာ ပေါ်သို့ ဖြည်းဖြည်းညင်းညင်း ထိုင်မိသည်။

'ဟင်...'

အိပ်ရာပေါ်တွင် တလုံးတထွေး ပုံနေသော သူ ပေးခဲ့သည် ဆွယ်တာပြာပြာလွင်လွင်...

အချစ်ဆုံးလေး၏ ကိုယ်သင်း ရနံ့လေး ကျန်ရစ်နိုးဖြင့် ပွေ့ပိုက်ရန် ဆွယ်တာကို ဆွဲယူမိသည်နှင့်...

'အို...'

ခေါင်းစွပ် ဆွယ်တာကို လည်ပင်း အကွပ် နေရာမှစ၍ ခါးရှည်နေရာ အဆုံး ရှေ့ပိုင်း၏ အလယ်တည့်တည့်မှ ကတ ကြေးနှင့် ထိုးညှပ် ဖွင့်ခွဲချထားပါလား။

'ကိုကို့ကို စိတ်နာလို့ လုပ်သွားတာလား'

'ညီမလေးရဲ့ ရင်ကွဲရပါပြီ ဆိုတဲ့ အဓိပ္ပာယ်များလား ကွယ်...'

'အချစ်ရယ်...ကိုကိုလည်းလေ...'





ဆွယ်တာပြာလေးကို လုံးထွေး ရစ်ပွေ့လိုက်ပြီး ခေါင်း ...တ်စိုက်ချလျက်...

ကိုနှင်းဝေသည် တစ်သက်တာအတွင်း အနာကျင်ဆုံး သော ကြေကွဲမှုဖြင့်...

အချစ်ဆုံး၏ အခန်းလေး အတွင်းမှာ နင့်နဲ့ လှိုက်လှဲစွာ ...ကြာကြီး ငိုနေမိတော့သည်။

◆ ◆ ◆

**အခန်း သုံးဆယ်**

မော်ရှမ်းမြေ၏ မြင့်မားသော တောင်ပေါ်မြို့လေး ပ
ခလုံသည်...

ထာဝရလို နွေကာလ ပျောက်ဆုံးနေတတ်သည်။ မြူ
ငွေ့ ရာသီနှင့်၊ သိပ်သည်းသော နှင်းပွင့်နှင်းခဲများ ပိတ်ဆီးသေ
ရာသီ၊ မိုးပွင့်ကြွေသော ရာသီတို့ကိုသာ ထိတွေ့ ခံစားကြ
သည်။

ယခုလည်း...

'ဟေမန်ရာသီ ရောက်ပြန်ပြီ'

'နှင်းဝေသည့် ဝန်းကျင်က မှိုင်းပျလျက်...'

သည်သို့ဖြင့် ဆောင်းလ ဟေမန်ရာသီတို့ ပတ်လ
လှည့်ခဲ့သည်မှာ...

ငါးကြိမ်၊ ငါးခါ...

ငါးနှစ်တာမျှ ရှိခဲ့ပါလေပြီ။





ကိုနှင်းဝေသည်မူ...

ဟေမန်ပေါ်သို့ ထားရှိခဲ့သည့် အတုမဲ့ မေတ္တာနှင့်
စေတနာ တရားတို့သည်သာ သူ၏ အားကိုးရာ အဖြစ်နှင့် ဤ
ဇာတ်အစ၏ နိဒါန်းမှလို...

ပန်ခလုံသို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်လာမှာပါ
ဟု ကိုနှင်းဝေ မျှော်လင့်တွေးထင်ထားသည့် အတိုင်းပင်...

ယခုအခါတွင် နှင်းဟေမန်ဦးသည် ပန်ခလုံသို့ ပြန်လည်
၍ ရောက်ရှိနေပါပြီ။

သို့သော်လည်း...

သို့ပါသော်လည်း...

သူမှလွဲ၍...ကိုနှင်းဝေမှ လွဲ၍...

ပန်ခလုံမိသားစုများ၊ မှီခိုသူများတို့သည်လည်းကောင်း...

ဟေမန်ကိုယ်တိုင်သည်လည်းကောင်း...

အစစ အရာရာ၌ အားလုံးသော ပြောင်းလဲခြင်းများဖြင့်
ပြောင်းလဲ၍ နေကြပါပြီ။

◆ ◆ ◆

### အခန်း သုံးဆယ့်တစ်

'ပထမတော့ ဝတ္ထုရေးကျေ လာပြီး ချက်ချင်းပြန်သွားဖို့ပဲ ချယ်ရီရေ။ ခုတော့ ဟေမန် စိတ်ပြောင်းသွားပြီ'

'ဟေမန်ရယ်...ဘာပဲဖြစ်ဖြစ် စဉ်းစဉ်းစားစား လုပ်ပါ။ တစ်ခါလည်း အရှက်ကွဲပြီးပြီ'

'အဲဒီ အရှက်ကွဲရတာကြောင့် ဒီမှာ ဆက်နေမယ်လို့ ဆုံးဖြတ်လိုက်တာပေါ့ သူငယ်ချင်း...'

'ဟေမန့်ကို လိုက်ပို့ခိုင်းတဲ့ ဦးလေးဝမ်းကွဲ ဦးတင်အေးကိုတောင် တမင် ပြန်လွှတ်လိုက်ပြီလေ။ ဒီက ကိစ္စတွေ ပြီးမှပဲ ပြန်လာခဲ့တော့မယ်။ စိတ်မပူဖို့ အန်တီခမောတို့ဆီ ဟေမန် စာပေးလိုက်ပြီ။ ဒီက ကိစ္စတွေ အပြီးအပြတ် ရှင်းပြီးမှပဲ ဟေမန် ပြန်မယ် ချယ်ရီ'

'ဘာတွေ ရှင်းဦးမှာလဲ။ ဦးလေး ဦးအုပ်စိုး ကိစ္စလည်း...'

'အဲဒီကိစ္စ အရှက်ကွဲရလို့ ပြီးပြတ်အောင် လုပ်မယ်လို့ ပြောတာပေါ့'





'ဟေမန့် ဖေဖေရဲ့ အလောင်း မဟုတ်ဘူးလို့ ဟေမန် ထင်နေသေးလို့လားဟင်'

'မထင်တော့ဘူးလေ...သူတို့ဘက်က မှန်သွားလို့ ဟေမန် အရှက်ကွဲရပြီလို့ ပြောတာပေါ့ ချယ်ရီ။ ဒါပေမယ့်...သူတို့ဟာ ဟေမန် မသိစေချင်တဲ့ အချက် တစ်ခုကို လျှို့လျှို့ဝှက်ဝှက် လုပ်နေကြတာ သေချာပါတယ်။ ပြီးတော့ ဟေမန့်ကိုလည်း တစ်နည်းနည်းနဲ့ အန္တရာယ် ပြုဖို့ ကြံစည်နေကြတာ အသေအချာပဲ'

'အဲဒါတွေ သိရက်နဲ့ ဘာဖြစ်လို့များ ဒီ ဖန်ခလုံ အုပ်စုထဲမှာ ဟေမန် နေချင့်ရတာလဲ'

'သူတို့နဲ့ ရောပြီးနေမှ အဖြေက ရမှာပေါ့ ချယ်ရီရဲ့'

'ဟာကွာ...'

'ဖေဖေဟာ သေတာ ကြာပြီ။ ဒီလောက်ကြာတဲ့အလောင်းကြီးက ငုတ်တုပ်သထိုင်တယ် ဆိုတာ ဖြစ်နိုင်ပါ့မလား စဉ်းစား ကြည့်ပေါ့'

'ဟေမန် မြန်မြန်ပြေးအောင် ချောက်လှန့်တာပဲ ဖြစ်ရမယ်'

'ဒါလည်း အကြောင်းအချက် တစ်ခု ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒီထက် နက်ရှိုင်းတဲ့ အကြောင်းအရာတွေ သူတို့ဆီမှာ ရှိလိမ့်ဦးမယ်။ ချယ်ရီ တစ်ခု စဉ်းစား...'

'အင်း...'

'ပြန်စေချင်ရုံလောက်နဲ့တော့ ဒီလောက် မလုပ်ပါဘူး။

ဘာဖြစ်လို့လဲ ဆိုတော့ ဟေမန်က ပြန်မယ့်လူပဲ။ သူတို့ ဆွဲထားတောင် မနေဘူး ဆိုတာ သူတို့ သိပါတယ်'

'ဒါလည်း ဟုတ်တာပဲ'

'ဒါကြောင့် ပြောတာပေါ့။ ဒီအချက် တစ်ခုတည်းနဲ့တော့ မဟုတ်နိုင်ဘူး။ ပြီးတော့လည်း ဟေမန် သေနတ်နဲ့ ပစ်လိုက်တာ တစ်ခုံတစ်ယောက်ကို ထိမှန်သွားတာလည်း တကယ်ပဲ။ သွေးစက်တွေ တွေ့ရတယ်လေ'

'ဒဏ်ရာရတဲ့လူ မတွေ့ရဘူးလား'

'တွေ့တယ်...ဦးရီးမှိုင်းပဲ'

'ဦးရီးမှိုင်း ဆိုတာ ခြံထဲမှာ နေတဲ့ အဘိုးကြီးလား။ ချယ်ရီလည်း ဟေမန် မရှိတည်းက ပန်ခလုံနဲ့ အဆက်အသွယ် ပြတ်သလို ဖြစ်နေပါပြီ'

'ဦးရီးမှိုင်း ဆိုတာ ကိုနှင်းဝေရဲ့ ဦးရီးလေ ချယ်ရီ။ ဒီအဘိုးကြီး ကြည့်ရတာလည်း တစ်မျိုး မသင်္ကာစရာပါပဲ။ ပန်ခလုံမှာ ရောက်နေတဲ့ လူသစ်တွေ အားလုံးဟာ အမင်္ဂလာ မျက်နှာတွေနဲ့ချည်းပဲ။ အို...အိမ်သားတွေကလည်း မကောင်းပါဘူးလေ'

'ပန်ခလုံကို ဒီမြို့သူ မြို့သားတွေကတောင် ခပ်ကင်းကင်းနေကြတာ'

'ဒါကြောင့် အားလုံးကို အိမ်က မောင်းထုတ်ပစ်မလို့။ ပန်ခလုံမှာ တစ်ယောက်မှမကျန်အောင် အပြတ်ရှင်းပြီးမှ ပန်ခလုံခြံက ဟေမန် ပြန်မယ် သူငယ်ချင်း'





'ဒါဖြင့် ပန်ခလုံမှာ ဟေမန် ပြန်နေမှာလားဟင်'

'ပန်ခလုံနဲ့ ကင်းကွာပြီးတဲ့နောက် ဟေမန် ဖြတ်သန်းခဲ့ရတဲ့ ငါးနှစ် ကာလအတွင်းမှာ ဟေမန့် ဘဝရဲ့ အပြောင်းအလဲများစွာကို သူငယ်ချင်းကို ပြောပြပြီးပြီပဲကွယ်။ ကိုယ့်ဘဝဟာ ပန်ခလုံမှာ ပြန်နေလို့ ဘယ်ဖြစ်တော့မလဲ'

'ဒါနဲ့ ဘာလုပ်ဖို့ ပန်ခလုံကို ပြန်ရချင်တာလဲ'

'ပထမအချက်က သူတို့ကို မုန်းလို့'

'ဒုတိယ အချက်က ဖယ်မယ် မြတ်နိုးခဲ့တဲ့ သူ့ ဘိုးဘွားလက်ထက်က ခြံကြီးကို တကယ်တမ်း အသုံးချလို့ ရမယ့် လူမှုရေး ကိစ္စတစ်ခုခုအတွက် လှူဒါန်းမလို့။ ဥပမာ တိုးချဲ့ ဆေးရုံ၊ ကျောင်း၊ ပရဟိတဂေဟာ... စသည်တို့ပေါ့ကွာ...။ ဒါတွေက နောက်ပိုင်းမှ စဉ်းစားရမယ့် ပြဿနာပါ'

'အဲဒီလို ရရှိဖို့အတွက် ဟေမန် အများကြီး တိုက်ယူရသိမ့်ဦးမယ် ထင်တယ် သူငယ်ချင်းရဲ။ ဒီလိုပဲ ရှိပါစေတော့လားကွယ်။ ဟေမန့်အတွက် အန္တရာယ်တွေ ကျရောက်လာမှာ စိုးရိမ်လွန်းလို့ပါ'

'အရင်တုန်းက ဟေမန် မဟုတ်တော့ဘူး ချယ်ရီရေ... လောကကြီးကို ရင်ဆိုင်ရဲတဲ့ ဟေမန် ဖြစ်လာပါပြီ။ ဒါလည်း အမြဲ ရှိနေပြီလေ'

သူ့ လိုက်ကုပ် အင်္ကျီလေးကို လှစ်ပြလိုက်တော့ ဘောင်းဘီထိပ် ခါးကြားတွင်းမှ သေနတ်ကို မြင်သာလာရ၏။

'ဟေမန်ရယ်...ပန်ခလုံက ဟေမန်နဲ့များ တခြားစီပဲ။

လွန်ခဲ့တဲ့ ငါးနှစ်က ဟေမန်နဲ့ များ တစ်ယောက်စီလိုပါပဲလား ကွယ်'

'ဪ...ဒီလို ဘဝ ပြောင်းသွားစေရအောင်၊ ပန်ခလုံက လွင့်ပြေးစေရအောင်...လုပ်တဲ့သူက လုပ်ခဲ့ပြီလေ ချယ်ရီရယ်'

'မဟုတ်သေးပါဘူး ဟေမန်ရယ်'

'ဟုတ်ပါတယ် ချယ်ရီ...ရင်မှာ ဦးဆုံး ပွင့်ခဲ့တဲ့ ပန်းလေး တစ်ပွင့်ဟာ ခြံမခတ်ပါဘဲ၊ အတားအဆီး မရှိပါဘဲ သူ့ကို ဆွတ်စေချင်မှန်းလည်း သိပါလျက်နဲ့ သူများလက်နဲ့ ရူးခြွေ ခိုင်းစေခဲ့တာ ချယ်ရီလည်း အသိလေကွယ်'

'ဟေမန်ရဲ့ တစ်ဖက်သတ် အသိအမြင်နဲ့ ပြောချင်ရာတွေကို ပြောမနေစမ်းပါနဲ့ ဟေမန်။ အစ်ကိုနှင်းဝေကြီးဟာ...'

'တော်ပြီ ချယ်ရီ...ကိုကိုနဲ့ ပတ်သက်လို့ ဘာမှ မသိချင်တော့ဘူး။ သိခွင့် မကြုံရအောင်လည်း ပိတ်ဆို့ထားရတော့မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဟေမန့်အတွက် ဘဝသစ်ကလေး တစ်ခု တည်ဆောက်ပြီးပြီ ဆိုတာ ချယ်ရီ အသိပါလေ'

'တည်ဆောက်ဖို့အတွက် ပန္နက်ပါ ဟေမန်။ မတည်ဆောက်ရသေးပါဘူး။ သူငယ်ချင်းတို့ ဘဝ အိမ်သစ်မှာ နေခွင့် မရကြသေးပါဘူးကွာ'

'ဘာပဲဖြစ်ဖြစ်၊ အဲဒီကိစ္စဟာ ဟေမန်ကိုယ်တိုင် ဆုံးဖြတ်ခဲ့တဲ့ ကိစ္စပါပဲ ချယ်ရီရယ်'

ချယ်ရီမင်းဟန်သည် အချစ်ဆုံး ငယ်သူငယ်ချင်းသို့ ငေးငေးမောမော ကြည့်မိသည်။





ဆံပင်က အရင်လို အရှည် ဆန့်ဖြန့်မထားပါ။ ကွေ့ကွေ့ ဝေဝေလေး ပုံချပြီး ကောက်ထားသည်။ မျက်ခုံးမွေး အားလုံး ပြောင်အောင်ရိတ်ပြီး...ညိုမှောင်မှောင် တစ်ကြောင်းဆွဲ ခုံးခုံးလေး၏ အောက်မှာ အိုင်းရှဲဒိုးနှင့် လိုင်နာနှင့်မို့ လှသော မျက်ဝန်းက ပို၍ ရွှန်းရွှန်းတောက်နေသည်။ အရင်လို အားငယ်ခြင်းဖြင့် အကြင်နာ မျက်ဝန်းဝိုင်းလေးမျိုး မဟုတ်တော့။ ရင်ဆိုင်ရဲသော၊ ဆုံးဖြတ်ရဲသော သတ္တိခဲ မျက်ဝန်းပိုင်ရှင်မလေး။

ဆယ့်ခုနစ်နှစ်အရွယ် သည်က ထွက်ခွာသွားစဉ်ကထက် ဟေမန်၏ အရပ်သည် မြင့်မားလာသည်။ ကိုယ်ခန္ဓာ ဖွံ့ထွားမှုကို အားကစား လေ့ကျင့်ခန်းဖြင့်...တင်းစေ ပြည့်စေ...ခါးကိုဖြင့် ကျစ်လျစ်စေခဲ့သည်။

လှပလွန်းသော မျက်နှာလေးနှင့် တပ်မက် ရှုမောဖွယ် ကိုယ်ခန္ဓာရှင် အလှသခင်မလေးသည် ယခုအခါတွင်...သိပ္ပံဘွဲ့လည်း ရရှိပြီးလေပြီ။ ဂုဏ်ထူးတန်း တက်ရောက်ခွင့် ရရှိသည့် အထိမ်းအမှတ်ဖြင့် ဟေမန်၏ နောက်ဆုံးနှစ် အောင်စာရင်း ထွက်သည့်အချိန်က ဘေးမှ ကြယ်တစ်ပွင့်နှင့်မို့ စာမေးပွဲ ဆက်ဖြေခွင့် ရရှိမည်။ သိပ္ပံ ဂုဏ်ထူးဘွဲ့ပြီးတော့ မဟာသိပ္ပံ ဘွဲ့ရှင်လည်း ဖြစ်နိုင်ရန် အလားအလာ များစွာနှင့် ဟေမန်...

ပြီးတော့...သူ ရည်ရွယ် မျှော်မှန်းထားသည့် ဘဝသစ်ကလည်း လှပလိုက်သည့် ဖြစ်ခြင်း...

ဟေမန်၏ ဘဝ...ပြီးပြည့်စုံခြင်း အတိရှိသလောက်...

တစ်ဖက်က...မေတ္တာသည်သာ ကိုယ်စားပြုရာ အဖြစ်

နှင့် အသက်ရှင်လျက် ရှိနေရှာသော အစ်ကိုနှင်းဝေ၏ ဘဝတို့ ခြားနားခြင်းများကို ချယ်ရီမင်းဟန်သည် ရင်နင့်စွာ တွေးနေမိဆဲ...

'ကဲ...ချယ်ရီ...ဟောမန် ပြန်လိုက်ဦးမယ်'

'ဟောမန်...'

ချယ်ရီမင်းဟန်က ထိုင်ရာမှ ထလိုက်သော နှင်းဟောမန်ဦး၏ လက်ကို ဆွဲလျက်...

'ပန်ခလုံမှာ မနေပါနဲ့လား သူငယ်ချင်းရယ်။ မင်း လုပ်ချင်တာ လုပ်ပါ။ နေတာတော့ ချယ်ရီ့အိမ်မှာပဲ နေပါ။ ဟိုအိမ်ကြီးမှာ ချယ်ရီ စိတ်မချဘူး'

'ကျေးဇူးတင်ပါတယ် ချယ်ရီ။ ဒါပေမယ့် စောစောက ...လိုပဲ၊ သူတို့နဲ့ အနီးကပ် နေမှသာ...ဟောမန်ရဲ့ လုပ်ဆော...အောင်မြင်မှာပါ။ မပူပါနဲ့၊ ပိုင်ပါတယ်။ ရှိတဲ့လူအားလုံးဟာ တခြားက ရောက်လာတဲ့သူတွေချည်းပါ ချယ်ရီ။ ဟောမန် တစ်ယောက်တည်းသာ ပန်ခလုံ စံအိမ်ကြီးမှာ မွေးဖွားကြီး...ခဲ့တဲ့ တစ်ယောက်တည်းသော ပိုင်ဆိုင်သူပါ'

ချယ်ရီမင်းဟန်သည် ဆွဲယူထားသော ဟောမန်၏ လက်ကို လွှတ်လိုက်ပြီး ခြံဝအထိ လိုက်ပို့ရင်းက...

'ရန်အောင်စိုး ပန်ခလုံမှ မနေတော့တာ ဟောမန် သိတယ်နော်။ သူ နမ္မတူ ဘော်တွင်းကို ပြောင်းသွားရပြီလေ'

'သိတယ် ချယ်ရီ။ ဟောမန် ထွက်သွားပြီးနောက် ခြောက်လလောက် အကြာမှာပဲ...ကျိုင်းတုံက လုပ်ငန်းရှင် သူဌေးသမီး





တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်လို့ သတင်းစာမှာတွေ့ရတယ်။ ဒီလိုပေါ့။ အိမ်ထောင်ရေးကို စီးပွားရေးကွက်နဲ့ တွက်တတ်တဲ့ သူတွေအတွက်တော့ ဒီလိုပဲ ဖြစ်ရမှာပေါ့'

'ရန်နောင်စိုး တစ်ယောက်တော့ အရင် အတိုင်းပါပဲ။ လေလွင့်ရင်း ပန်ခလုံကို ရောက်လာလိုက်၊ တခြား လွင့်သွားလိုက်နဲ့ပဲ...'

'ဟုတ်တယ်။ ဟောမန့် မောင်လေး မင်းအုပ်စိုးလည်း သူနဲ့ ပေါင်းမှ စာမေးပွဲတွေ ကျ၊ ကျောင်းတွေ ပြေးနဲ့တဲ့လေ... ...လေးက ငယ်ငယ်တည်းက ချူချာတယ်။ ခုလည်း အိပ်ရာ ...ဆဲမှာ'

'ဟုတ်တယ်။ ချယ်ရီတို့နဲ့လည်း သိပ်မတွေ့မိဘူး။ ဒီမှာ ...ဟောမန်'

'အင်း'

'ချယ်ရီ မေးတယ်။ စိတ်မဆိုးနဲ့နော်'

'ပြောစမ်းပါ'

'အစ်ကိုနှင်းဝေကြီးနဲ့ ပတ်သက်လို့ ဟောမန် ဘာခံစား ...လဲဟင်...'

'အမယ်ရလေး...မပြောနဲ့တော့...။ ဟိုတုန်းကတော့ သေ ...တတ်ပေါ့။ ဒါပေမယ့် သူက စွန့်ပစ်နိုင်သူပဲလေ။ ဟောမန် ...ည်း ကိုယ့်စိတ်ကို ကိုယ်ဖြေပြီး...ကိုယ့်အသည်းနှလုံးကို မနည်း ...ငြ်ကျက် သန်မာအောင် လုပ်ယူရတာရှင့်'

'ဟောမန်ရယ်...'

'ခုတော့လည်း သံယောဇဉ်ကြွင်းလေးများနဲ့ ကိုကို့ကို ပြေပြေလည်လည် ဆက်ဆံပါတယ်'

'ဆက်ဆံစမ်းပါ ဟေမန်ရယ်။ အစ်ကိုနှင်းဝေဟာ ကမ္ဘာ ပေါ်မှာ သနားစရာ အကောင်းဆုံး လူသားတစ်ယောက်ပါ'

'အောင်မယ်လေး...သွပ်...သွပ်...သွပ်...ဒါဖြင့်လည်း ဆက်ပြီး သနားလိုက်စမ်းပါလား ယောက်မရယ်'

စုတ်သပ်လျက် လှောင်ပြောင်စကားကို ရယ်ရယ်မော မော ပြောပြီး သူ့ကို ပေးစားရင်း ဟေမနီ နှုတ်ဆက်သည်။

'ဟင်...မြင်းနဲ့ လာတယ်လား'

'ဟုတ်တယ်...ဒီပါဟာ ဟေမန့်ရဲ့ အကောင်းဆုံးနဲ့ စိတ် အချရဆုံး အဖော်ပဲလေ ချယ်ရီရေ။ ကဲ...သွားပြီ သူငယ်ချင်း'

မြင်းပေါ်သို့ လွှားခနဲ တက်ပြီး ဒီပါကို ကဆုန်ပေါက် ပြေးစေသော ဟေမန်၏ တက်ကြွလှပလွန်းသော ပုံသဏ္ဌာန် လေး ဝေး၍...ဝေး၍ ပျောက်ကွယ်သွားသည်အထိ ချယ်ရီမင်းဟာ သည် ပူပန် စိုးရိမ်စိတ်များဖြင့် ငြိမ်သက်စွာ ငေးမျှော်ရင်း ကျန် ရစ်ရှာသည်။

◆ ◆ ◆





## အခန်း သုံးဆယ့်နှစ်

'ဦးအဂ္ဂ...လာစမ်းပါဦး။ ဒီအိမ်လေးထဲက ကိုညိုမောင်း တဲ့လူ ဘယ်သွားလဲ'

ဦးအဂ္ဂသည် ဟေမန်သို့ ဘာမှ မဖြေကြားပါဘဲနှင့် သူ့ ဆောင်းဘီ၏ ထိပ်စမှာ လိမ်ထားသော သောတစ်ချောင်းကို တ်ပေးလျက်...

'သူ ပြောင်းသွားပြီ'

'ဘာ...'

'မနေ့က သခင်မ အပြင်သွားတုန်း...'

'အို...ကျွန်မကို သခင်မလို့ မခေါ်စမ်းပါနဲ့'

'သိဘူးလေ...ဒေါ်မြတို့က သခင်မ ကြွလာပြီ...လို့ ပြော သံ ကြားလို့ပါ'

ရိုးသားလွန်းသော ဦးအဂ္ဂသည် ဒေါ်မြမြချင်းတို့၏ ပြော သော စကားကို အဟုတ် မှတ်ထင်၍ လိုက်ပြောနေခြင်းပါ။

'ကဲ...ပြောပါဦး'

'မနေ့က...အဲ...မိန်းကလေး အပြင်သွားတုန်း သူ့ပစ္စည်း

တွေ အကုန်သယ်ပြီး ဦးယုစိန် ကားနဲ့ ပါသွားတာပဲ။ သူ အ
ပြောင်းသွားပြီလို့ပဲ ကျုပ်ကို နှုတ်ဆက်သွားတယ်'

'သြော်...'

ဦးယုစိန်သည် ဒေါ်မြမြချင်း၏ အစ်မ ဒေါ်မြမြဝင်း
လက်ထပ်လိုက်သော ခင်ပွန်းပါ။ ရန်နောင်စိုးနှင့် ရန်အောင်
တို့၏ ဖခင်တော့ မဟုတ်။

'သူက သူယူသွားတဲ့ သူ့ပစ္စည်းတွေ ပြပြီး သူ့အိမ်
ရဲ့ သော့ကို ဒေါ်မြလက် အပ်တော့ ဒေါ်မြက အိမ်ရဲ့ သခင်
ရောက်နေပြီလေ။ ငါ့ကို မပေးနဲ့။ ဦးအဂ္ဂကိုသာ ပေးလိုက်
ပြောလို့ ယူထားရတာပါ။ အိမ်ကို လိုက်ဖွင့်ပြရမလား'

'အင်း...ခဏ ကြည့်ရအောင်'

အေးသော ဒေသမို့ ကျောက်တုံးများ ဆင့်ပြီး အင်္ဂတေ
မံ၍ ဆောက်ထားသော မြေစိုက် အိမ်ငယ်လေးပါ။ အတွင်း
ဝင်ကြည့်မိကြသည်။

မီးဖိုနှင့် အိုးခွက်သုံးလေးလုံး၊ ထင်းရှူးသေတ္တာဟော
တစ်လုံး၊ စားပွဲခုံဟောင်း တစ်ခုနှင့် မြက်ဦးထုပ်တစ်လုံး။
အိမ်မှာ စွပ်ထားသော ဓားတစ်ချောင်းနှင့် တခြား တိုလီမို
အနည်းငယ်...။

ဘာ မသင်္ကာစရာမှ မတွေ့။

'သူက ဘယ်သူနဲ့ သိလို့ ဒီမှာ လာနေတာလဲ ဦးအ

'အဲဒီ ဦးယုစိန်ပဲ ခေါ်လာပေးတာ'

'သူ ဒီခြံမှာ ဘာတွေ လုပ်လဲ'





'ခြံမှ ဘာမှ မလုပ်ဘူး။ နေ့ခင်းဆို ထမင်းချက်စားပြီး
အားအိပ်တာပဲ'

'ညကျတော့ရော...'

'ညကျရင် သူမရှိတော့ဘူး။ နေဝင်တာနဲ့ သူ ထွက်သွားပြီ'

'ဘယ်သွားတာလဲ'

'အိမ်ပေါ်က လူတွေ ခိုင်းတဲ့နေရာလား၊ သူ့အလုပ် သူ
သွားတာလား ကျုပ် မသိ'

'ဟင်...မေးမကြည့်ဘူးလား'

'ဘာမှ မမေးရဘူး။ ဘာမှ မစပ်စုရဘူးလို့ ကျုပ်ကို လခ
ခြီထုတ်ပေးတဲ့ မမြက မှာထားပါတယ်'

'လခ ဘယ်လောက်ရလဲ'

'ငါးဆယ်'

'နည်းလှချည်လား'

'ထမင်း အဝကျွေးတယ်။ ဆေးလိပ်ပေးတယ်။ ဘာလို
ဘာမလဲ'

'ဦးရိုးမှိုင်းကရော ဘယ်မှာ နေလဲ'၊

'ဟိုးဘက်ထောင့်မှာ။ သူ့အိမ်လေးကတော့ သပ်သပ်ရပ်
ရပဲ'

'သွားကြည့်ရအောင်'

'မလုပ်နဲ့...သူရှိတယ်'

'ကြောက်လို့လား'

'ကြောက်တာပေါ့။ သူက ဘယ်သူ့မှ စကားပြောတာ

မဟုတ်ဘူး။ မျက်နှာထား တည်တည်ကြီးနဲ့။ သူ့တူ ကိုနှင်း
နဲ့တော့ သိပ်ချစ်ကြတယ်'

'ဒေါ်မြမြချင်းလည်း သူနဲ့ တည့်တယ်ဆို။ ညဘက်
ဘက်တွေရော သူ့အိမ်သွားတာ တွေ့လား'

'ဟင့်အင်း...မတွေ့ပါဘူး'

မောင်လေး မင်းအုပ်စိုး ကိုယ်တိုင်က သူ့မိခင်သို့ သိ
ချမည် မထင်။ ဦးအဂ္ဂ မသိအောင်သာ ဦးရိုးမှိုင်းနှင့် ဒေါ်မြ
ချင်းတို့ချင်း ဆက်သွယ်ကြလိမ့်မည် ထင်သည်။

'တစ်ခါ နှစ်ခါတော့ ငါတွေ့ဖူးတယ်'

ဦးအဂ္ဂက စကားပြော သွက်လာသဖြင့် သူ သုံးနေ
'ငါ'ဟု ပြောလိုက်သည်ကို သူ့ကိုယ်သူပင် သိပုံမရ။

'ညဘက် မြင်းစီးပြီး ဟိုး...မြောက်ဘက် ထွက်ထွက်သွား
တယ်'

'မြောက်ဘက်ဆိုတာ သုသာန်ရှိတဲ့ ဘက်လား'

'အေးပေါ့'

'ဘာသွားလုပ်တာလဲ'

'ငါ ဘယ်သိမှာလဲ'

'အင်းပေါ့လေ...လာပါ။ သူ့အိမ်ဘက် သွားကြည့်
အောင်'

'ဟင့်အင်း...ငါ့ကို ဒေါ်မြ ဆူလိမ့်မယ်...မသွားရဲဘူး'

'ကဲ...ဒါဖြင့်လည်း ခြံထောင့်စွန်ကနေ သုသာန်ကို
ကြည့်ရအောင်'





'ငါ မလိုက်လိုပါ မိန်းကလေး'

'အို...ဦးအဂ္ဂက ခြံစောင့်ပဲ။ ခြံကို ကြည့်ချင်ရင် လိုက်ပြ
မှာပေါ့။ ပြီးတော့ ဟောမန်က ဒီခြံရဲ့ ပိုင်ရှင်ပဲလေ...'

ဦးအဂ္ဂသည် မငြင်းရဲတော့သလို ခေါင်းညိတ်ပြသည်။

နှင်းဟောမန်ဦးသည် ပန်ခလုံ စံအိမ်၏ ပြတင်းများဆီမှ
သူ့ကို လှမ်းကြည့်နေကြသည့် မျက်နှာများကို ပြန်မကြည့်။ ဘယ်
သူဖြစ်ဖြစ် ကြည့်ကြစမ်းပါစေ...ဂရုမစိုက်ပါ။

ဦးအဂ္ဂနှင့်အတူ သင်္ချိုင်းဂူများ ထားရာသို့ ရောက်ခဲ့သည်။

ဖခင် ဦးအုပ်စိုး၏ ဂူသည် အသစ်စက်စက်ကလေးပါ။
ဤသင်္ချိုင်းမြေကိုပင် ဘိုးဘွား လက်ထက်ကတည်းက အပိုင်
ယ်ထားခဲ့ကြသည်။

မယ်မယ်၏ ဂူဘေးမှာ ယှဉ်ထားသည်ကိုပင် စိတ်ထဲ၌
နှစ်ခြိုက်ချင်သလိုလို။ မယ်မယ်၏ ဝိညာဉ်သည် ပန်ခလုံ၌
လှုံ့ဆဲ ရှိနေခဲ့ပါလျှင်လည်း နှစ်သက်နိုင်လိမ့်မည် မထင်။ မယ်
ယ် သေဆုံးပြီး လပိုင်းအတွင်း အသစ် တစ်ယောက်နှင့် ပျော်
ွှနိုင်သော လင်ယောက်ျားကို ဘဝခြားက စိတ်နာနေပါလိမ့်
သည်သာ။

'ဒီခြံမှာ ခြံစောင့် ဦးအိုက်အေးက ပိုးထိလို့ ဆုံးတယ်ဆို။
ဒီမှာ မြွေဆိုး မရှိပါဘူး ဦးအဂ္ဂ'

'ဒါတွေ ငါ မသိပါ'

'ပြီးတော့ ဒေါ်ခမ်းလုံလည်းမြင်းကန်လို့ သေတယ်တဲ့။
ဘက် ခမ်းမိုင်ဆိုတဲ့ အိမ်ဖော်လေးက ခြံထဲမှာ ညဘက်ကြီး

ဖြူဖြူကောင်တွေ ဝိုင်းလိုက်လို့ လန့်ဖျားပြီး သေသွားတယ်ဆို...

'ဟုတ်မှာပေါ့'

'သူတို့က အလုပ်သမားတွေပဲ။ ဂူလုပ်ပေးပါ့မလား'

'နောက်ဘက်မှာ ဂူသစ်လည်း မတွေ့ဘူး'

'ဟိုမှာတော့ တစ်ခု...'

ဦးအဂ္ဂ ညွှန်ပြလေမှ ပျဉ်းမနှင့် မိုးမခပင်ကြီးများ အုပ်ဆိုင်းနေသည့် ကြားတွင် တည်ဆောက်နေဆဲ ဂူသစ်ကလေး တစ်လုံး...။

နှင်းဟောမန်ဦး၏ ခြေလှမ်းတို့ သွက်လာသည်။ အနားသို့ အမြန် ချဉ်းကပ်သွားသည့်တိုင် အုပ်များ ဆင့်လိုက်—အင်္ဂတေတင်လိုက် လုပ်နေသော 'ဦးစံရိပ်'သည် သူတို့ကို မြင်းမရသေး။

'ဒါ...ဘာလုပ်နေတာလဲ'

သည်တော့မှ သူ မော်ကြည့်သည်။ နှင်းဟောမန်ဦးသည် ဤစံအိမ်၏ အရှင်သခင်မ ဖြစ်ကြောင်းတော့ သူ သိသည်။ သို့ပါသော်လည်း သူ့မျက်နှာသည် အသိရခက်အောင်၊ အခါခတ်၍ မရနိုင်လောက်အောင် ခံစားမှု မဲ့နေသည့် မျက်နှာမျိုးဖြင့် မျက်နှာသေနှင့်ပင်...

'ဂူတစ်လုံး ဆောက်နေတာပါ'

'ဘာလုပ်ဖို့လဲ'

'ဂူပဲ...လူသေရင် ထည့်ဖို့ပေါ့'





'ဘယ်မှာ မသာရှိလို့လဲ'

ရဲရင့်သော ဟောမန်က ဒေါသနှင့် မေးလိုက်၏။

'မသိဘူးလေ...ခိုင်းလို့ လုပ်ရတာပဲ'

'ဦးစံရိပ်ကို ဘယ်သူက လုပ်ခိုင်းသလဲ'

သူ ခပ်ဆိုင်းဆိုင်း လုပ်နေသည်။

'ပြောလေ...ဘယ်သူက ခိုင်းတာလဲ'

မပြတ်မသားနှင့် တွေဝေတတ်သော ယောကျာ်းစားမျိုး။ စဉ်းစားဉာဏ် နုံ့နည်းစွာဖြင့် ဘာပြောရမည်ကို သူ မစဉ်းစားတတ်အောင် ကြောင်စီစီ ဖြစ်နေသဖြင့်...

နှင်းဟောမန်ဦးက သူ့ခြံဘက်သို့ လက်ညှိုးလေး ဆတ်ဆတ်ထိုး၍...

'ဒါ ကျွန်မခြံ၊ ကျွန်မမြေ...ဦးစံရိပ်ကို ကျွန်မ မကျေနပ်ရင် ချက်ချင်း မောင်းထုတ်နိုင်တယ်'

ကြောက်မှန်းသိလို့ တမင် လှန့်ပေးလိုက်ခြင်းပါ။ ဦးစံရိပ်သည် ကိုင်ထားဆဲ အုတ်ခဲကို လွှတ်ချလိုက်ပြီး...

'ပြောပါ့မယ်...ဟို...ဟို...'

သူ ပိုင်နိုင်စွာ ဆုံးဖြတ်ပြီးသလို ဆိုပြီးမှ...သူ့မျက်နှာသည် တစ်နေရာသို့ စူးစိုက်စွာ ကြည့်ပြီး မျက်လုံး အပြူးသားနှင့် စကားသံပါ ရပ်တန့်သွားတော့သည်။

သူကြည့်ရာ ဟောမန်၏ ကျောဘက်ဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည့်အခါ...

'ဟင်...ဒေါ်ခမ်းနွဲ့'

'ကိုစံရိပ်ဟာ ဦးနှောက်မကောင်းပါဘူး ဟေမန်ရယ်။ သူ ပြောချင်တာ လျှောက်ပြောနေမှာပါ။ ဘာမှ မယုံပါနဲ့နော်'

စကားစုံကို မကြားရသဖြင့် မလုံမလဲနှင့် ဒေါ်ခမ်းနွဲ့က လိုက်လံ ဖုံးအုပ် ဖာထေးသည်။

'ဒီမှာ...ဒေါ်ခမ်းနွဲ့'

ဟေမန်က ဒေါ်သနှင့် ခေါ်လိုက်ပြီးမှ...

'ဒေါ်ခမ်းနွဲ့ဟာ မယ်မယ့် လက်ထက်တည်းက အလုပ်သမားပါ။ မယ်မယ်ရဲ့ ကျေးဇူးတရားကို မထောက်ဘဲ ဘာဖြစ်လို့ ဟေမန် လုပ်သမျှ နောက်က လိုက်လံ ပိတ်ဆီးနေရတာလဲဟင်'

'မ...မ...ဟုတ်ပါဘူး...သူဟာ ဘာမှ မည်မည်ရရ မလုပ်တတ် မကိုင်တတ်ဘဲ...ဒီအိမ်ကြီးမှာ နေစားရတာကို အားနာလို့ ဆိုပြီး...'

'ဂူဆောက်တယ်ပေါ့ ဟုတ်လား။ ဒီလောက်ပဲ လုပ်စရာ ရှားသလားဟင်။ အလုပ်မရှိလို့ ထမင်းစားကောင်းအောင် လုပ်ပေးရပါတယ် ဆိုတဲ့ အလုပ်ကလည်း ဂူတည်သတဲ့။ မြန်မာပြည်မှာ အဆန်းဆုံး လုပ်ငန်းပဲ'

'စိတ်မဆိုးပါနဲ့ ဟေမန်ရယ်'

ခြံစောင့်ကြီး ဦးအဂ္ဂ၏မျက်နှာ သွေးဆုတ်သလို ဖြူသွားပြန်သဖြင့် သူကြည့်ရာ အရပ်သို့ လိုက်ကြည့်လိုက်တော့...

'ဒေါ်မြမြချင်း'

သူလည်း မျက်စိပျက် မျက်နှာပျက်နှင့် ရှေ့သို့ တိုးလာနေသည်။

'ဒေါ်ခမ်းနွဲ့...ရှင်တို့တွေ ဒီလောက် ဦးနှောက်ဉာဏ် မတုံးကြပါဘူးရှင်။ ကဲပါ...ရှင်းရှင်း ပြောကြစမ်းပါ။ ဒီဂူဟာ ကျွန်မအတွက် ဆောက်နေကြတာ မဟုတ်လားဟင်'

'အို...မ...မဟုတ်ပါဘူးကွယ်'

ဒေါ်ခမ်းနွဲ့က ငြင်းသည်။ ဒေါ်မြမြချင်းက ညှိုးပျက်သော မျက်နှာနှင့်သာ တုန်တုန်ယင်ယင် ကြည့်နေပါ၏။

'ဒီမှာ...ဘယ်သူ့မှ မကြောက်လို့ ပန်ခလုံကို တစ်ယောက်တည်း ပြန်လာတာ။ သတ္တိရှိရင် စမ်းကြည့်ကြလေ။ ဒီဂူထဲမှ ဟေမန်ပဲ နေရမလား၊ ဘယ်သူ နေရမလဲ ဆိုတာ...'

ဟေမန်၏ အသံသည်သာ...သချိုင်းကုန်းငယ်လေး အနှံ့ လွှမ်းမိုးနေသည်။ ဘယ်သူမှ ဘာတစ်လုံးမှ ပြန်မပြောဝံ့ကြသည့် အချိန်တွင်...

'မမ...မမဟေမန်...အို...ဘာဖြစ်နေကြတာလဲဗျ...'

ပြေးလာသူက မောင်လေး မင်းအုပ်စိုး...

အေးစက်သော လက်ဖြင့် သူသည် နှင်းဟေမန်ဦး၏ လက်ကို ဖက်တွဲ ဆွဲကိုင်ပြီး...

'မေမေတို့ကလည်းဗျာ...မမဟေမန် လာတုန်း ပြုံသနာ ချည်းပဲ။ ကဲ...အားလုံးပြန်ကြ။ မမဟေမန် ဘာဖြစ်လို့လဲဟင်'

ဒေါ်မြမြချင်းသည် သူ့ သားငယ်ကို ကြောက်မက်ဖွယ် အကြည့်ဖြင့် စိုက်ကြည့်ပြီး လှည့်ထွက်သွားတော့သည်။ သူ့ နောက်မှ...ဦးအဂ္ဂနှင့် ဦးစံရိပ်၊ ဒေါ်ခမ်းနွဲ့တို့ လင်မယား။

'ဦးအဂ္ဂကို ကျွန်မ ဘာပြောထားလဲ။ ဒီမိသားစုတွေ ကြားမှာ ဘာမှ ဝင်ပါစရာ မလိုဘူး။ ဒီခြံက ပြန်နိုင်ပြီ'

'ကျုပ်ကို သူ...သူ...က...'

'ဦးအဂ္ဂကို အလုပ်ခန့်တာ မြ။ သုံးလခ ယူပြီး အခုပဲ ဒီခြံက ထွက်သွားတော့။ ဒါပဲ'

ဟောမန်သည် ဦးအဂ္ဂဘက်မှ ဝင်ရပ်ပြီး ဒေါ်မြမြချင်းသို့ ပက်ပက်စက်စက် ပြောပစ်လိုက်မည်ဟု ရည်ရွယ်စိတ်ဖြင့် ခြေလှမ်းပြင်ကြောင်း သိလေသော မင်းအုပ်စိုးက...

'နေစမ်းပါစေတော့ မမဟောမန်ရယ်...သူ့အလုပ်သမားသူ ဖြုတ်တာ ဝင်မပါပါနဲ့တော့'

'ဘယ်ဟုတ်မလဲ...။ အဘိုးကြီးခမျာ ဘယ်လောက်များ သနားစရာ ကောင်းသလဲ'

ဒေါ်မြမြချင်း၊ ဒေါ်ခမ်းနွဲ့နှင့် ဦးအဂ္ဂတို့ ထွက်သွားကြလေပြီ။

'သနားရင် နောက်တော့ သူနေခဲ့တဲ့ နေရာ မင်းမင်း လိုက်ပို့ပါ့မယ်ဗျာ...မေမေနဲ့ ပြဿနာ မတက်ကြစမ်းပါနဲ့...ရှိခိုးပါရဲ့'

မောင်လေးသို့ သနားစိတ်ဖြင့်သာ ဒေါသရှိန်ကို သပ်လိုက်ရသည်။

'မမ ဟောမန် ဘယ်တော့ပြန်မှာလဲ'

'မပြန်သေးဘူး။ ဘာလုပ်မလို့လဲ'

'ရောက်ကာစတည်းက မင်းမင်း ပြောထားတယ်လေ။ ပြန်ရင် မင်းမင်းကိုပါ ခေါ်သွားပါလို့'





'အေးပါ...ဒီက ပြဿနာတွေ ရှင်းဦးမယ်'

'ရှင်းစရာရှိတာ မြန်မြန် ရှင်းစမ်းပါ။ ဒီအိမ်က ဝေးရာကို မင်းမင်း ပြေးချင်လှပြီ'

'ဒေါ်မြမြချင်းဟာ မင်းမင်းရဲ့ အမေအရင်းပါနော်...'

'သိတယ်...သိလေ...သူတို့နားမှာ မနေချင်လေ ဖြစ်နေရတာပေါ့။ မိခင်ဆိုတော့ သူ့အပြစ် မြင်မိ ပြောမိရင် ကိုယ့်အပြစ်ချည်းပဲ မဟုတ်လား'

'ဒီလိုသိရင် ငရဲမကြီးပါဘူး။ ဒီမှာ မောင်လေး'

'ဟုတ်ကဲ့...'

'အဲဒီ ဂူတွေဟာ ဘယ်သူ့အမိန့်နဲ့ တည်နေတာလဲဟင်'

မင်းအုပ်စိုး ငြိမ်သွားသည်။ မတည်ငြိမ်သော မျက်ဝန်းများဖြင့် နှင်းဟောမန်ဦးသို့ ကြည့်လိုက်ပြီး သက်ပြင်းချလျက်...

'မေမေပဲပေါ့...မမဟောမန်ရယ်'

'ဟင်...သူဟာ ဘာကြောင့် ဒီလို လုပ်ရတာလဲ။ မမဟောမန်ကို သတ်ပြီး ဒီဂူမှာ မြှုပ်ဖို့ ရည်ရွယ်လို့လားဟင်'

'မ...မသိပါဘူးဗျာ။ ဒီအထိတော့ ဟုတ်မယ် မထင်ပါဘူး။ ဒီမှာ မမဟောမန်'

'ပြော...မောင်လေး'

'ဒီ ပန်ခလုံခြံကြီးက မင်းမင်းတို့ မောင်နှမ အမြန်ဆုံး ပြန်ကြပါစို့လား မမဟောမန်ရယ်'

◆ ◆ ◆

## အခန်း သုံးဆယ့်သုံး

ရှေ့နေကြီး 'ဦးသာမိုး' အမှုးပြုလျက် ရပ်ကွက်လူကြီးနှစ်ဦး၊ ရဲအရာရှိ တစ်ဦး၊ 'ဒေါက်တာရွှေဝင်းမောင်ဆွေ'နှင့် ကျောင်းဆရာမကြီး ဒေါ်ခင်ခင်တို့ စုံစုံညီညီ။

အားလုံးသည် နှင်းဟေမန်ဦး၏ ဖိတ်ကြားချက် အရ တရားဥပဒေဘောင်အတွင်းမှ မဟုတ်ဘဲ လူမှုရေးကူညီမှု အနေဖြင့် အကြံပေး ဆွေးနွေး ဆုံးဖြတ်ပေးကြဖို့ ကြွရောက်ပါရန် ပန်ကြားချက်အရ ရောက်လာကြခြင်း ဖြစ်ပေသည်။

'ကဲ...ဒေါ်မြမြချင်း။ ဟေမန်က သူ့အိမ်ကို သူ ပြန်လိုချင်ပါတယ်။ ဒေါ်မြမြချင်းတို့လည်း မနစ်နာရအောင် အားလုံး ညှိညှိနှိုင်းနှိုင်း လုပ်ဖို့ ကျွန်တော်တို့ ရောက်လာရခြင်းပါ။'

ဦးသာမိုးက စကားစပြောသည်။

'အစ်ကိုကြီး သေတာနဲ့ ဒီအိမ်ပေါ်က ဆင်းရမယ် ဆိုတာ





နားလည်ပြီးသားပါ။ ဒါပေမယ့်...လောလောဆယ် ကျွန်မမှာ နေစရာမှ မရှိသေးဘဲ။ ချက်ချင်းကြီးတော့ မဆင်းပေးနိုင်သေးဘူးလို့ပဲ ပြောပါရစေ'

'ဒါဖြင့် အချိန်ကာလက ဘယ်လောက် ယူမှာလဲ'

'နေစရာ ရှာရဦးမယ်လေ။ ဘယ်မှာ အချိန်ကန့်သတ်လို့ ဖြစ်ပါ့မလဲ'

'ဒေါ်မြမြချင်းရဲ့ အစ်မ ဒေါ်မြမြဝင်းတို့က ကြီးပွားနေကြပြီ။ သူဌေး ဖြစ်နေကြပြီပဲဗျာ။ 'အလယ်ကုန်းရပ်'မှာ တိုက်ဆောင် ဝယ်လိုက်ပြီလေ'

ရဲအရာရှိ 'ဦးမြင့်လွင်'၏ စကားကြောင့် ဒေါ်မြမြချင်း မျက်နှာပျက်သွားသည်။ ဦးမြင့်လွင်သို့ ဖျတ်ခနဲ ကြည့်လိုက်ပြီး မျက်နှာလွှဲ၍...

'ညီအစ်မ ဆိုပေမယ့် သူတို့လည်း သူတို့ မိသားစုနဲ့ သူတို့...'

'ဒါပေမယ့်...စီးပွားရေးကတော့ မခွဲကြဘူး မဟုတ်လားဗျ'

'ရှင်...'

ရပ်ကွက်လူကြီး 'ဦးလှရှိန်'၏ စကားကြောင့် လန့်သွားသလို ရှိပြီးမှ...

'အစ်ကိုကြီး စီးပွားမရှာတာလည်း ကြာပြီလေ။ မသေခင်ကတည်းက အရက်ပဲ ဖိသောက်နေတာ ဦးလှရှိန်တို့ အသိပဲ။ ဒါကြောင့် ဒီ အိမ်ထောင်စုကြီး စားသုံး လည်ပတ်ဖို့အတွက် ကျွန်မရဲ့ လက်ဝတ်လက်စားတွေ ထုခွဲပြီး ကျွန်မ အစ်မနဲ့

အဝေးပြေးကား အစုစပ် လုပ်ကြတာပါ။ ဒီ စီးပွားရေး တစ်ခု တည်းပါရှင်...'

'ကဲပါလေ...အလုပ်သဘောပဲ ပြောကြစို့လား ဒေါ်မြမြ ချင်း...'

ရှေ့နေဦးသာမိုး၏ စကားကို အားလုံး နားစွင့်နေကြ သည်။

'ဒီအိမ်ပေါ်က ဆင်းပေးတဲ့အတွက် မနစ်နာစေရအောင် ဟောမန်ကလည်း ငွေပေးပါ့မယ်တဲ့။ အဲဒါပဲ နှစ်ဦးနှစ်ဖက် ညှိကြ ရအောင်လား'

'ဩော်...ဒီလိုလား...။ ဒီအိမ်ဟာ ကျွန်မ မပိုင်ဆိုင်ဘူး ဆိုပေမယ့် ကျွန်မ နေနေတဲ့အိမ်...။ ကျွန်မရဲ့ အိမ်ထောင်ရေး ဇယားက...'

'ဟုတ်ပါပြီလေ။ ဒါတွေ ဘာလုပ်ပြောနေမလဲ။ ငွေကိုသာ ညှိကြပါ'

'ကောင်းပြီ။ ကျွန်မအတွက် ငွေနှစ်သိန်း ပေးရင် ဒီအိမ် ပေါ်က ဆင်းပေးမယ်'

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ သည်။ ခြံသည် ကျယ်ဝန်းလွန်းသည် မှန်သော်လည်း ဤမြို့မှာ ပြည်မမြို့ကြီးများလို ဈေးမရှိ၊ ဤခြံ၏ တန်ဖိုးသည် အလွန်ဆုံး ရှိလှမှ သုံးသိန်းလောက်ပါ။ ထက်ဝက်မက လိုချင်သော ဒေါ် မြမြချင်း၏ လောဘမျက်နှာကိုသာ ဝိုင်းကြည့်နေကြသည်။

ရှေ့နေ ဦးသာမိုးက...





'နည်းနည်းတော့ များတယ် ထင်တယ်။ ကဲ...ဟောမန်က ရော ဘယ်လို သဘောရသလဲ'

'ဟောမန် သိပ်ပြီး အခြေအတင် ပြောမနေချင်ဘူး အန် ကယ်လ်...။ တစ်သိန်း အတိ ပေးမယ်'

'တစ်သိန်း'

ဒေါက်တာဝင်းမောင်ဆွေက ရှင်းအောင် လက်ညှိုး တစ် ချောင်း ထောင်၍ မေးလိုက်သည်။ ဟောမန်က ခေါင်းညိတ်ပြ ၏။

ဟောမန့်အတွက် ငွေသားငါးသိန်းတိတိ ဟောမန်ဘဏ် စာရင်း ရှိနေကြောင်း ဦးသာမိုးသာ သိလေသည်။

'ကဲ...ဟောမန် ပေးတာလည်း မရိုင်းပါဘူး။ မနည်းပါဘူး။ ဒေါ်မြမြချင်း ဘယ်လို သဘောရသလဲ'

'ကျွန်မ စဉ်းစားဦးမယ်'

'ဟောမန် အချိန်ကြာကြာ မစောင့်နိုင်ဘူး အန်ကယ်လ်။ ရက်တရက်ကြီး ထွက်လာရတာ။ ဒီကိစ္စတွေ ရှင်းပြီးရင် ဟောမန် ပြန်ချင်ပြီ'

ဆရာမကြီး ဒေါ်ခင်ခင်က...

'ဟောမန်က ဘယ်တော့လောက် ပြန်ချင်တာလဲ'

'ဒီနေ့ ကိစ္စပြီးရင် နက်ဖြန် ပြန်ချင်တာပဲ အန်တီခင်'

'ဒါတော့...ဒါပေါ့။ ဒါပေမယ့် ရုတ်တရက် ဘယ်သွား မလဲ။ အိမ်ရှာရဦးမှာ မဟုတ်လား'

'အိမ်ရှာရတာက နောက်။ ဒီငွေကိစ္စကိုပဲ မြ အရင် စဉ်းစား

ပါရစေဦး မမခင်'

'ဟုတ်တယ်...ဒါတော့ အချိန်ပေးသင့်ပါတယ် ဟောမန်

'ဘယ်နှရက် အချိန်ပေးရမှာလဲ'

'ကဲ...မြ ပြောလေ'

ဒေါ်မြမြချင်းသည် မျက်ရည်များ ဝဲလာသည်။ အံ
ခဲလျက်...

'ဆယ်ရက် အချိန်ပေးပါ'

'တစ်ပတ်ပဲတော်ပြီ'

ဟောမန် ဝင်ပြောလိုက်သော စကားကို ဦးလှရှိန်နှင့် ဒေါ်
တာ ဝင်းမောင်ဆွေက ဝင်၍ ကန့်ကွက်ပေးကြသည်။ နှစ်ဖ
မျှတစေလိုသော သဘောပါ။

နောက်ဆုံးတွင် ဟောမန် ပေးသော ငွေတစ်သိန်းကို ယူ
ပန်ခလုံမှ ဆင်းမည် မဆင်းမည် ဆိုသော ဒေါ်မြမြချင်း
အဖြေကို ဆယ်ရက်တိတိ စောင့်ဆိုင်းရန် ဟောမန် သဘော
လိုက်ရတော့သည်။

တစ်နာရီမျှ မနေလိုသော ပန်ခလုံတွင် ဟောမန်သည်
အနည်းဆုံး ဆယ်ရက် ထပ်ပြီး နေရပါလေဦးမည်။

◆ ◆ ◆





## အခန်း သုံးဆယ့်လေး

ဒေါ်မြမြချင်းသည် မိခင် ဖြစ်စေကာမူ သူ့ဘက်မှ မှား
နေပြီဟု မောင်လေး မင်းအုပ်စိုးက သိသည်။ နှင်းဟောမန်ဦး
ဘက်မှ ရပ်တည်ပေးရှာသည်။ သို့ပါသော်လည်း မိခင်၏ ဆန္ဒ
ကိုဖြင့် သူ မကျော်လွန်နိုင်ရှာ။ အသက်ငယ်၍ စိတ်ဓာတ် အား
ပျော့ရုံမက ကိုယ်ခန္ဓာကပါ သေးကွေး ကြုံလှီလှသည်။ ကို
နှင်းဝေနှင့်ဖြင့် တခြားစီ...

ဟောမန် အပြန်တွင် သူ လိုက်ခဲ့ပါရစေဟု တတွတ်တွတ်
ပြောရင်း ဟောမန်၏ အနားမှာသာ ကပ်နေရှာသည်။

ထိုညကလည်း...

ဟောမန့် အခန်းတွင်းရှိ ဟောမန်၏ ခုတင်သေး ကြမ်းပြင်
တွင် သူ လာအိပ်ပေးသည်။

ဤ တစ်အိမ်လုံးတွင် ဟောမန့်အတွက် တစ်ဦးတည်းသော

ဆွေမျိုး၊ အရင်းနှီးဆုံး မောင်လေးပါ...။ မင်းအုပ်စိုးသည်သာ အဖေတူ အမေကွဲ မောင်နှမမို့ နှင်းဟောမန်ဦး စိတ်ချယုံကြည်သည်။

မင်းအုပ်စိုးသည် သူ့လိုက်လိုသည့် အကြောင်းများကိုသာ တတွတ်တွတ် ပြောကြားပြီးနောက် ငွမ်းကပ်ကို ခေါင်းမြီးခြုံပြီး မလှုပ်မယှက်နှင့် ငြိမ်ငြိမ်သက်သက်ကြီး အိပ်ပျော်သွားတော့သည်။

ဒေါ်ခမ်းနွဲ့ လာပို့ထားသော ကော်ဖီနှင့် ကိတ်မုန့် စားရန် အိပ်ရာပေါ်မှ ထလိုက်သည်။ စာပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ရင်း မင်းအုပ်စိုး ချက်ချင်းကြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်ကို ကြည့်ပြီး နှုတ်ခမ်းဝတွင် တေ့ထားသော ကော်ဖီပန်းကန်မှ ကော်ဖီကို မသောက်ဖြစ်မိ...

ပန်းခလုံမှ ငါးနှစ်ကြာ ကွဲကွာပြီး ပြန်ရောက်လာသည့် ပထမဦးဆုံးညက အဖြစ်အပျက်ကို ပြန်လည် သတိရမိလာသည်။

ချောက်ချားဖွယ် အော်သံများ၊ ထလာသော အလောင်းကောင်ကြီး၊ ပြီးတော့ သေနတ် ပစ်မိသည်အထိ၊ နောက် လှေကားထက်မှ လိမ့်ကျ မေ့မြောသွားပုံများ၊ ဖြစ်ပျက်ပြီးနောက် ယင်း အကြောင်းရာများကို မောင်လေး မင်းအုပ်စိုးနှင့် ပြန်လည် ဆွေးနွေးမိသည့် နေ့က...

'ညက ကျွန်တော် ဘာမှ မသိဘူး။ အိပ်လို့





ကောင်းလိုက်တာမှ အသေအတိုင်းပဲ။ အိပ်ဆေးတွေများ သောက်ထားသလားမှတ်ရတယ်။ မနက်ကျတော့ တစ်ကိုယ်လုံးကို လေးလို့'

မင်းအုပ်စိုး ပြောပြီးသည်နှင့်...

'ညက ငါနဲ့အတူ လာအိပ်တဲ့ ကောင်မလေး နှစ်ယောက်ဟာလည်း ငါ လှုပ်နှိုးတာတောင် မရဘူး။ အသေအတိုင်းပဲ။ အိပ်နေလိုက်ကြတာ'

ပထမ ညဦးဆီက အဖြစ်အပျက်များကို လျှပ်တစ်ပြက် တွေးမိသည်နှင့် ကော်ဖီပန်းကန်ကို ပြန်ချပြီး မင်းအုပ်စိုး၏ မျက်နှာကို လှန်ကြည့်မိသည်။

တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လျက်ရှိနေသည်။

'ငါ့ကို စိတ်မချဘူး ဆိုတဲ့ ငါ့အတွက် လာအိပ်ပေးတဲ့ မောင်လေးတော့ အိပ်ဆေး မိသွားပြီ ထင်တယ်'

'ဘာပဲဖြစ်ဖြစ်...ဒီညတော့ ငါ သတိ ဝီရိယနဲ့ နေမှ ဖြစ်တော့မယ်...။ မောင်လေးကလည်း အားမကိုးလောက်ဘူး...။ ငါချယ်ရီ့စကား နားထောင်ပြီး သူတို့အိမ်မှာ သွားနေမိရင် အကောင်းသား'

ချောက်ချားစိတ်တို့ ဝင်လာခဲ့လေပြီ။ ဟောမန်သည် သေတ်ကို မြဲမြဲစွာ ဆုပ်ကိုင်ပြီး အိပ်ရာပေါ်သို့ ပက်လက် လှဲပြီး

ဂွမ်းကပ်ကို ဆွဲခြုံလိုက်ပြီးမှ သတိရလျက် မီးကြိုးကို ပိတ်၍ အိပ်ခန်းမီးလေး ဝိုးတဝါးကို ဖွင့်ထားရသည်။

ပန်ခလုံ၏ ဆောင်းလယ်ရာသီသည် ဖာရင်းဟိုက် ငါးဆယ်ဝန်းကျင် ဒီဂရီမျှလောက်သာ ရှိပါ၍ အေးမြ ချမ်းစိမ့် လွန်းလှသည်။

တဖြည်းဖြည်း ညဉ့်နက်လာပြီ။

ငိုက်မျဉ်းစိတ်ကို မနည်း ထိန်းထားရဆဲ...အခန်း၏ ပြင်ပ သော့အိမ် နေရာမှ အသံလေး တချပ်ချပ် ကြားလိုက်ရ၏။

နောက် လူတစ်ယောက်၏ ခြေသံ တိုးတိုးတိတ်တိတ် လေး။

ပြီးတော့...ခုံ၊ ကုလားထိုင် စသည့် လေးလံသော အရာ တစ်ခုခုကို ရွှေ့သံ သဲ့သဲ့မျှ ကြားရပါ၍...

'ဘယ်သူလဲ'

'အပြင်က ဘယ်သူလဲ'

အသံများ အားလုံး တိတ်သွားသည်။

'မေးနေတာ မကြားဘူးလား၊ ဘယ်သူလဲလို့'

တင်းမာသော အသံဖြင့် ဟိန်းဟောက်လိုက်သော်လည်း ဘာသံမှ မကြားရ။ ဘာမှ ပြန်မပြော။

ဂွမ်းကပ်စောင်ကို လှပ်ခွာ၍ အိပ်ရာမှထသည်။ ခြေဖျား ရှရှလေး နင်းလျက် အခန်းတံခါးနား ကပ်သွားပြီး နားစိုက် နား ထောင်နေသည်။

လက်မှာမူ သေနတ်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လျက်...





ပထမ တံခါးကို ဖွင့်မည် ကြံရွယ်သေးသည်။ အန္တရာယ် တို့သည် ပန်ခလုံ စံအိမ်တွင်းဝယ် ဝိုင်းဝိုင်းလည်၍ နေနိုင်သည်။ ခလုတ်ခြံဆုံးက ဤအခန်းလေးသာ...

ခြေဖွနင်းလျက်ပင် တောမန် ပြန်လာသည်။ မင်းအုပ်စိုး သည် အိပ်မောကျလျက်ပင်။ ပေါ်နေသော လက်ကလေး အချမ်း သိုးစေရန် စောင်အုပ်ပေးပြီး စောစောက ပုံစံအတိုင်း အိပ်ရာ ဆီသို့ ပြန်လှဲမိသည်။

ငိုက်မျဉ်းစိတ်များက သတိကို ကျော်လွှန်မတတ်...

ချောက်ချားစိတ်တို့သည်လည်း တစ်စစ လျော့နည်းလာ သည်။ အချိန်သည် ညဉ့်တစ်နာရီနှင့် နှစ်နာရီကြား ရှိလေပြီမို့ နွေးထွေးသော အိပ်ရာထက်မှ ငြိမ်သက်စွာ လဲလျောင်းနေရသော တောမန်သည်...

အိပ်ချင်စိတ်ကို ထိန်းမရှတော့...

နိုးကြားစေသော အာရုံကြောများကို အားတင်း လှစ်ဖွင့် ထားပါသော်လည်း အိပ်ချင်လွန်းမှုများက အာရုံကြောများ အား လုံး ငြိမ်သက်သွားအောင် လွှမ်းမိုးသွားခဲ့ချေပါပြီ။

◆

လေးလံသော ဖိစီးမှုနှင့်၊ မွန်းကျပ်သော ခံစားမှုတို့ကြောင့် ရုတ်တရက် လန့်ဖျပ်စွာ နိုးလာသည်။

မိမိ၏ ကိုယ်ပေါ်တွင် လေးလံသော အရာဝတ္ထု၊ ပြီးတော့ နှာခေါင်းနှင့် ပါးစပ်တစ်ဝိုက်တွင် တင်းကျပ်ကျပ် ဆို့ပိတ်မှုများ ကြောင့်...

အလူးလူး အလွန့်လွန့်ဖြင့် မျက်လုံး ဖွင့်ကြည့်လိုက် တော့...

မည်းမည်း အကောင်ကြီး တစ်ကောင်သည် နှင်းဟေ ဦး၏ မျက်နှာပေါ်မှာ အုပ်မိုးလျက်...သူ့လက်များက နှာခေါင်း ရော ပါးစပ်ပါ တအားဖိအုပ်ထားသည်။ စက္ကန့်ပိုင်း အတွင်း လေရှူပေါက်များ ပိတ်လျက်...အသက်ဓိဝိန် ချုပ်ငြိမ်းရပေတော့ မည် ဟူသော အသိကြောင့်...

'အင့်...အင်း...အ...'

ကြိုးအော်လိုက်သော်လည်း အသံလှိုင်းများ မထွက်သာ အင်အားရှိသမျှ တွန့်လိမ် ရုန်းကန်ပါသော်လည်း လွန့်နိုင်ရုံသာ မလွတ်သာ။

ဘေးသို့ အားကိုးတကြီး ကြည့်လိုက်တော့ မောင်လေး မင်းအုပ်စိုးသည် ဂွမ်းကပ်ပုံအောက်မှာ ပုံ့ပုံ့ကြီး အိပ်လျက်...

'လူသတ်သမားက နှစ်ယောက်တောင်ပါလား'

ခေါင်းပိုင်းမှ အသက်ရှူရပ်ရန် ပိတ်ဆီးထားသူက တစ် ယောက်၊ တစ်ကိုယ်လုံး မလှုပ်ယှက်နိုင်အောင် ဖိထားသူက တစ် ယောက်...





'အသက်ဘေး...'

ဆိုသော ကြောက်လန့်မှု အသိဖြင့် အားအင် အကုန် အသုံးချမှ ဖြစ်တော့မည်။ အသက်ရှူလည်း ပို၍ပို၍ မွန်းကျပ် လာလေပြီ။

ဟေမန်သည် မိန်းမသား ဖြစ်သော်လည်း မြင်းစီးသမား ကောင်း တစ်ယောက်မို့ ဖျတ်လတ် တောင့်တင်းပြီးသား...

တစ်ချက် ငြိမ်လိုက်ပြီး အားကုန် တစ်ဖက်သို့ စောင့်လှဲ ပစ်လိုက်သည်။

'ဝုန်း...'

ဆိုသော အသံနှင့်အတူ သူ့ကိုယ်ပေါ်မှ လူသတ်သမား ကြမ်းပြင်ပေါ်သို့ မချိမဆံ့ ကျသွားသည်။

နှာခေါင်းနှင့် ပါးစပ်တို့ကို ပိတ်ထားသော လူ၏ လက် တို့လည်း ရုတ်တရက် လွတ်ထွက်သွားချိန်မှာ...

'ဒေါက်...'

ဆိုသော အသံကြောင့် ရုတ်တရက် အသိဉာဏ်ဝင်လာပြီး သေနတ် ကျသွားရာ နေရာသို့ လွှားခနဲ ခုန်ဆင်းပြီး သေနတ်ကို ကောက်ယူအံ့ ဆဲဆဲတွင်...

'အား...'

လက်ခုံကို တစ်ယောက်က တက်နင်းသည်။ တစ်ယောက် က နောက်မှ ဝင်ပွေ့ ဖက်ချုပ်လိုက်၍...

'ဖယ်...လွှတ်...လွှတ်...'

'မောင်လေး...'

'မင်းမင်း...'

'အား...အမယ်လေး...'

အသံကုန် အော်ဟစ်ချိန်လေး စက္ကန့်မျှ ရလိုက်ပြီးချိန်တွင် လူဆိုးတို့ ပြန်လည် ဖမ်းမိသွားကြပြန်သည်။

သေနတ်ကို ကန်ထုတ်လိုက်ပြီး ခြေစုံ ခုန်တော့သည်။

လက်ကိုချုပ်၊ ပါးစပ်ကို ပိတ်ထားသဖြင့် ရုန်းကန် ခုန်ပေါက်နေသော ဟေမန်နှင့် လူသတ်သမား နှစ်ယောက်တို့ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ရုန်းရင်းဆန်ခတ် ဖြစ်နေချိန်တွင်...

'ဟိတ်...'

တံခါး ရုတ်တရက် ပွင့်လာပြီး လူတစ်ယောက် ပြေးဝင်လာသည်။ ဝတ်ရုံနက်နှင့် လူသတ်သမား နှစ်ယောက်သို့ တစ်ချက်ပြီး တစ်ချက် အားကုန် ထိုးနက်နေသော လူတစ်ယောက်...

တိုက်ပွဲက မကြာလိုက်...

တစ်ယောက် လဲသည်နှင့် တစ်ယောက်က တဟုန်ထိုး ထွက်ပေးတော့သည်။

ဟေမန်က ကြမ်းပြင်မှ သူ့သေနတ်ကို ကောက်ယူပြီး လဲကျနေသော လူသတ်သမားကို ပစ်ရန် မောင်းတင်လိုက်သံကြောင့်...

ထွက်ပြေးသွားသော လူဆိုးနောက်သို့ လိုက်အံ့ဆဲဆဲ ကယ်တင်ရှင်သည် အခန်းတွင်းသို့ ပြန်ခုန်ဝင်လာပြီး...

'မပစ်နဲ့'

'ဟေမန် မပစ်နဲ့'





ကြုံးအော်ရင်း ဟေမန့်လက်ကို အပေါ်သို့ ပုတ်ထုတ်မတင်လိုက်သော်လည်း...

'ဒိုင်း...'

'ဒိုင်း...'

ဆိုသော သေနတ်သံ နှစ်ချက်က ဆင့်ထွက်သွားတော့သည်။ လူဆိုးကိုတော့ မထိ။

ဟေမန်နှင့် ကယ်တင်ရှင်တို့ သေနတ် လုနေကြဆဲ လူသတ်သမားသည် ထိုင်ရာမှ ငုံ့လျက် လှစ်ခနဲ ထွက်ပြေးသွားသဖြင့်...

'ဟိတ်...မပြေးနဲ့'

ကယ်တင်ရှင်က နောက်မှ ပြေးလိုက်ပြီး အင်္ကျီအနက်၏ လည်ကုတ်စကို မိမိရရကြီး ဆုပ်ကိုင် ဆွဲခေါ်လာသည်။

သေနတ်သံနှင့် ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကြောင့် အိမ်သားများ ပြေးတက်လာကြသည်။ မီးများလည်း အားလုံး လင်းလေပြီ။

'ဟေမန်...ဒါ ဘယ်သူလဲ ကြည့်လိုက်စမ်း'

'ဟိုက်...အမယ်လေး'

နှင်းဟေမန်ဦးသည် မျက်လုံးအပြူးသားနှင့် ပါးစပ်ကို လက်ဝါးနှင့် ပိတ်ကာ၍ အလန့်ဆုံးသော အကြည့်ဖြင့် ကြည့်လိုက်ပြီးမှ...

အခန်းတွင်းမှ ပုံ့ပုံ့ကြီး ဖြစ်နေသော ဝမ်းကပ်စကို ဆွဲ

လှန်လိုက်သည့်အခါ...

'ဟင်...'

ခြေတင်အုံးနှင့် စောင်ပုံများကို လူသဏ္ဍာန် ရှည်မျောမျော လုပ်ပြီး ဖုံးအုပ်ထားခြင်းသာ...

မိထားသော 'လူသတ်သမား'သည် ဟေမန် အားကိုး ယုံကြည်ခဲ့သည့်...

'မောင်လေး မင်းအုပ်စိုး'

ဖမ်းချုပ် ဆုပ်ကိုင်ထားသူက...

ဟေမန်နှင့် သွေးတစ်စက်မှ မစပ်သော ဟေမန် နာကျည်း လွန်းခဲ့ရသူ...

'ကိုကို...ကိုနှင်းဝေ'

◆

အပေါ်ထပ် ဧည့်ခန်းတွင် အိမ်သားစုံ ရှိနေကြသည်။

ဒေါ်မြမြချင်းသည် ဆို့နစ် လှိုက်လှဲသော ခံစားမှုဖြင့် တသိမ့်သိမ့် ရှိုက်ငိုနေ၏။

ဦးရိုးမှိုင်း...ဦးစံရိပ်နှင့် ဒေါ်ခမ်းနွဲ့၊ ပအို့ဝ်လေး အမောင်ခေါ် ခွန်ရဲမောင်နှင့် အိမ်ဖော် မိန်းကလေး သုံးယောက်တို့ အားလုံး...။





ဦးညိုမောင်းနှင့် ဦးအဂ္ဂသည် ထိုနေ့ နေ့လယ်ဆီမှပင် ဤအိမ်ကြီးမှ အသီးသီး ထွက်ခွာသွားကြလေပြီ။

ဧည့်ခန်းဘေးမှ တိုင်တစ်ခုတွင် မင်းအုပ်စိုးကို လက်ပြန်ကြိုး ချည်နှောင်ထားခဲ့သူ ကိုနှင်းဝေက အနီးမှ မတ်တတ်ရပ်လျက်...

ကိုနှင်းဝေသည် ခေါင်းငိုက်စိုက် ချထားသော 'အမေတူ အဖေကွဲ' ညီငယ်သို့ ကြည့်လိုက်...၊ ငိုရှိုက်နေသော မိခင်သို့ ကြည့်လိုက်နှင့် သူ့မျက်နှာ၏ ခံစားမှုက ပြင်းပြလွန်းနေကြောင်း နှင်းဟေမန်ဦး မြင်သာနေရသည်။

'အမောင်နဲ့ ကောင်မလေးတွေ အောက်သွားနေကြစမ်း။ မင်းတို့နဲ့ ဘာမှ မဆိုင်ဘူး။ စကားလည်း မများကြနဲ့။ ကြားလား...သွားကြတော့'

ကိုနှင်းဝေ၏ အမိန့်ကို နာခံစွာ လေးယောက်လုံး ဆင်းသွားကြပြီးမှ ကိုနှင်းဝေက ကုလားထိုင်တွင် ဝင်ထိုင်သည်။

စိတ်မသက်သာလွန်းစွာ သက်ပြင်းချလျက်...

'ကဲ...မေမေ ငိုမနေပါနဲ့တော့။ ဒီလောက် အလိုမလိုက်ဖို့ ကျွန်တော့် စကားမှ မအောင်မြင်ခဲ့ဘဲကိုး...'

'ပြောပါတော့ သားကြီးရယ်'

'အကျင့်စာရိတ္တ ပျက်စီးနေတဲ့ မင်းမင်းအတွက် အဓိက လိုအပ်တာ ငွေပဲ။ အဲဒီငွေကို လိုသလောက် မေမေ့ဆီက သူ ရနေခဲ့တယ်လေ။ မင်းမင်း ငွေတောင်းသမျှ ပေးနေနိုင်တာကိုပဲ အမေက ကျေနပ် ဂုဏ်ယူနေတာ။ ငါ ရာတဲ့ ငွေနဲ့ ငါ့သား

သုံးချင်သလောက် သုံးပါစေ ဆိုပြီး မိခင်ရဲ့ စေတနာကို ပြနေတယ်။ ဒါပေမယ့် ငါ့သားလေး ဒီငွေတွေ ဘယ်လို သုံးနေသလဲလို့ မေမေ တစ်ခါမှ မစစ်ဆေးဘူး။ မင်းမင်းအတွက် အချိန်လည်း မပေးနိုင်ခဲ့ဘူး။ ကျွန်တော် တားတာလည်း မရခဲ့ဘူး။ သားချင်းအတူတူ ကျွန်တော်က ဘာမှ မရလို့ ဝင်ပြောနေတာလို့ အထင်မခံနိုင်လို့ ကျွန်တော် ဘာမှ မပြောတော့ဘဲ ဒီအတိုင်း ကြည့်နေခဲ့ရတာ'

'ဟုတ်ပါတယ်…ဟုတ်ပါတယ် သားကြီးရယ်။ အားလုံး မေမေ့ အမှားတွေပါကွယ်'

'သားသမီး ဆိုတာ မိဘကို အမြဲ လေးစားနေရမယ်။ မိဘ စကားကို နာခံနေရမယ်။ မိဘ ဘက်ကလည်း ကိုယ့်သားသမီး ဘာလိုအပ်သလဲ ကြည့်ပြီး တတ်နိုင်သမျှ လောက်ပံ့ဖြည့်ဆည်းပေးသင့်တယ်။ မတတ်နိုင်တဲ့ အတိုင်းအတာဆိုရင် သားသမီး နားလည်အောင် ကိုယ့်မိဘအပေါ် ငဲ့ညှာတတ်အောင် ပြောဆို သွန်သင် ဆုံးမရမယ်လေ'

မိခင်၏ အမှားကို ထောက်ပြနေသော်လည်း ကိုနှင်းဝေ၏ လေသံက ညင်သာ သိမ်မွေ့လှသည်။

'ခုတော့ ငွေက ကြိုက်သလောက် သုံးခွင့်ရ၊ အပေါင်းအသင်းက မှား၊ ပညာကမတတ်၊ အသက်ကငယ်၊ လွယ်လွယ်ရနေတဲ့ မူးယစ်ဆေးဝါးတွေကို သုံးစွဲမိရာကနေပြီး အသိဉာဏ်တွေပါ ချွတ်ယွင်းလာတယ်။ အမှန်အမှား ဆိုတာ ခွဲခြားနိုင်တဲ့ ဆင်ခြင်တုံ တရားတွေ လုံးဝ မရှိတော့ဘဲ 'ဟောမန် သေရင် ငါ





ပဲ ဒီအမွေ ရမှာ'ဆိုတဲ့ လောဘစိတ် တစ်ခုတည်းကြောင့် ခုလို ဖြစ်သွားတော့တာပဲ'

ကိုနှင်းဝေက သူ့စကား အဆုံးသတ်၍ မိခင်၏ ပခုံးကို ဖက်ကာ နှစ်သိမ့်ပေးလိုက်ပြီးမှ ဟောမန့်ဘက်သို့ လှည့်ကြည့်လျက်…

'ကဲ…ဟောမန်'

'ပြောပါ ကိုကို'

'လူသတ်သမားကိုတော့ မိထားပြီ'

'အို…'

'အဲဒီ လူသတ်သမား မင်းအုပ်စိုးဟာ ကိုကို့ရဲ့ အမေတူ အဖေကွဲ ညီလေးအရင်း ဖြစ်သလို…ဟောမန်ရဲ့ အဖေတူ အမေကွဲ မောင်လေးအရင်းလည်း ဖြစ်ပါတယ်။ အဲ့ဒါကြောင့် သူ့အတွက် ဟောမန် ဘယ်လို ဆုံးဖြတ်ချင်သလဲ'

ဦးရှီးမှိုင်းသည်လည်းကောင်း၊ ဦးစံရိပ်နှင့် ဒေါ်ခမ်းနွဲ့တို့လင်မယားသည် လည်းကောင်း၊ နှင်းဟောမန်ဦးသို့ ကြည့်နေကြသည်။

ဒေါ်မြမြချင်းကမူ အားငယ်သော မျက်ဝန်း၊ တောင်းပန်သော အကြည့်ဖြင့် နှင်းဟောမန်ဦး၏ အဖြေကို စောင့်နေရှာသည်။

အသက်နှင့် ရင်း၍ ရန်းကန်ခဲ့ရသော လန့်ကြောက်မှုနှင့် အမျှော်လင့်သော အဖြစ်များကြောင့် ဟောမန်သည်လည်း တုန်တုန်ယင်ယင်ဖြင့်…

'ဟေ...ဟေမန့် အသက်ကို ဝင်ကယ်ပေးတာ ကိုကိုပါ။ ကိုကို ကြိုက်သလိုသာ ဆုံးဖြတ်ပေးပါ'

ကိုနှင်းဝေသည် သူ့ဆံပင်များ ကြားသို့ လက်ချောင်းများ ထိုးသွင်းပြီး ခေါင်းငုံ့ချလိုက်သည်။

'ညဦးပိုင်းက အပြင်က အသံကြားလို့ ဘယ်သူလဲလို့ ဟေမန် အော်မေးလိုက်တယ်လေ။ အဲဒါ ကိုကိုလားဟင်...'

'ဟုတ်ပါတယ် ဟေမန်။ မင်းမင်းက ဟေမန့်ကို သူ စောင့်ရှိပ်မယ်လို့ ပြောတည်းက ဒီလို ဖြစ်လိမ့်မယ်လို့ ကြိုတင် စိတ်ပူတာနဲ့ ဟေမန့် အခန်းဝမှာ ပက်လက်ကုလားထိုင် တစ်လုံးနဲ့ တစ်ညလုံး မအိပ်ဘဲ ကိုကို ထိုင်စောင့်နေခဲ့တာ'

နှင်းဟေမန်ဦးသည် တိုင်ကပ်နာရီကို မော့ကြည့်မိသည်။ နံနက် သုံးနာရီ။

'ဩော်...ကိုကိုရယ်'

'ကျုပ်ကိုလည်း ဂူတစ်လုံး သွားတည်ချေ။ မမဟေမန်ကို ချောက်ရမယ်။ ဘယ်သူမေးလို့မှ ကျွန်တော် ခိုင်းတာလို့ မပြောရဘူးလို့ မင်းမင်းက မှာလို့...'

'အို...ကိုစံရိပ်။ ရှင့်ကို ဘယ်သူက ရိုက်စစ်နေလို့လဲ'

ဒေါ်ခမ်းနွဲ့က သူ့ခင်ပွန်းကို ဟိန်းဟောက်တော့မှ ငြိမ်သွားသည်။

'ဩော်...ဒါဖြင့် ငါ ရောက်ခါစ ကတည်းက ဒီအိမ်မှာ လူတွေ အသေဆိုးနဲ့ သေကြတယ်။ ဦးစံရိပ်က ဂူတွေ တစ်ဂူပြီး တစ်ဂူ ဆောက်နေတယ် ဆိုတဲ့ စကားတွေဟာ နင် ငါ့ကို ချောက်





လှန့်ခဲ့တာပေါ့လေ...ဟင်...ဟုတ်လား မင်းမင်း'

မင်းအုပ်စိုးသည် တိုင်မှာ လက်ပြန်ကြိုး ချည်ထားလျက်က ခေါင်းငုံ့နေသည်...။ သူ့ ခြေနှစ်ချောင်းကို ပွတ်နေ၏။ ခံစားမှုသာ ပြနေသည်။ မျက်နှာက တစ်ချက်မပျက်၊ မျက်ရည် တစ်စက် မထွက်။

'သူ့...သူ့...ဒီလို စိတ်မမှန် ဖြစ်နေတာ ဘယ်လောက် ကြာပြီလဲဟင်...'

'နှစ်နှစ်လောက်ရှိနေပြီ။ ဆေးက ပြတ်လိုက်၊ ပြန်သောက်လိုက်နဲ့။ ခုတော့ ဖြတ်မရအောင် ဖြစ်သွားပြီလေ'

'ဒါများ ဒီလိုပဲ ကြည့်နေကြသလား'

'ခက်တာက ဒီမှာ ဆေးဖြတ်ဖို့ စိတ်ရောဂါကုဆေးရုံက လည်း မရှိ၊ သူ့ကို ရန်ကုန် သွားပို့ဖို့ကလည်း မလွယ်လို့ပါ။ သူကလည်း ကောင်းလိုက် မကောင်းလိုက်နဲ့မို့ သူ့အဖြစ်ကို ကြည့်ရက်လို့ သနားပြီး ငွေတွေ ကျိတ်ပေးနေမိရာက ခုလို မူးယစ်ဆေး မသုံးစွဲရရင် မနေနိုင်တဲ့ အခြေအနေအထိ ရောက် ခဲ့ရတာပါ။ သားကြီး ပြောသလိုပဲ ဟေမန် ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့ကွယ်။ ဆုံးဖြတ်ပါတော့...'

ဒေါ်မြမြချင်းသည် ငယ်မာန်များ အားလုံး ကျဆုံး ပြေ လျော့လျက် စကားများကိုပင် အားယူပြောပြီး ထပ်မံ ရှိုက်ငို နေရှာတော့သည်။

'နေစမ်းပါဦး...ထွက်ပြေးသွားတာ တစ်ယောက် ရှိသေး တယ် မဟုတ်လား'

ဦးရိုးမှိုင်း သတိပေးလေမှ...

'ဟာ...ဟုတ်သားပဲ။ ဒီကိစ္စဟာ မင်းမင်း တစ်ယောက်တည်းရဲ့ အကြံအစည်မှ မဟုတ်ဘဲ။ နောက်တစ်ယောက် ရှိသေးတာပဲ။ အဲဒါ...အဲဒါ ဘယ်သူလဲဟင်...ကိုကို'

'ကိုကို မသိပါဘူး ညီမလေး'

နှင်းဟေမန်ဦးက ထိုင်ရာမှ ထပြီး မင်းအုပ်စိုး၏ ငုံ့နေသော မျက်နှာကို ဆံပင်မှ ဆွဲကိုင်မော့ယူလိုက်ပြီး...

'နင်နဲ့အတူ ငါ့ကို သတ်ဖို့ ကြံကြတာ ဘယ်သူလဲ'

'မသိဘူး'

'ဟင်...ပြောစမ်း...နောက်တစ်ယောက်ကို ပြောစမ်း'

'မသိဘူး...မပြောဘူး'

'လူသတ်မှုနဲ့ နင် ရဲစခန်းကို ရောက်တော့မှာ။ ဟိုရောက်ရင် နင့်ကို ရိုက်စစ်ခိုင်းမယ်။ ခုတည်းက ပြောစမ်း မင်းမင်း'

'မပြောဘူး...လုပ်ချင်တာလုပ်'

တွေ့စက ပျော့နွဲ့ဟန် ဆောင်နေသလောက်၊ ကြောက်စရာ မျက်ဝန်းနီဖြင့် ကြည့်ရင်း တင်းမာနေသော မင်းအုပ်စိုးသို့ နှင်းဟေမန်ဦးက ဆွဲထားဆဲ ဆံပင်များကို ဆောင့်တွန်းပစ်လိုက်ပြီး နေရာမှာ ပြန်ထိုင်သည်။

'သူနဲ့ ပူးပေါင်းကြံတာ ဘယ်သူလဲလို့ ဟေမန် သိချင်တယ်'

'စာရိတ္တ ပျက်နေကြတဲ့ သူ့အပေါင်းအသင်းထဲက တစ်ယောက်ယောက် ဖြစ်မှာပဲပေါ့'





ဒေါ်မြမြချင်းက ဝင်ပြောပါ၏။

'အဲဒီကောင်ကို ကိုကိုက မိအောင် ဘာလို့ မဖမ်းလိုက်လဲ'

'သူ့ကို မိအောင် ဖမ်းဖြစ်ခဲ့ရင် ဟေမန်ဟာ ကိုယ့်မောင်လေးကို ကိုယ် သတ်ပြီးသား ဖြစ်နေရောပေါ့ကွယ်'

'အင်း...ဟုတ်သားပဲနော်...ဟေမန့်လက်ကို အမြန်တွန်းလိုက်လို့၊ မဟုတ်ရင် သူ သေပြီ'

'မဖြစ်သင့်တာတွေ မဖြစ်သွားတာပဲ တော်သေးတာပေါ့ ညီမလေး'

'ကိုကိုဟာ ဟေမန်နဲ့ မင်းမင်းရဲ့ အသက်ကို ကယ်ရုံ မဟုတ်ဘူး၊ ဟေမန်ဟာ ကိုယ့်မောင်ကို သတ်တဲ့ လူသတ်သမားလေး ဖြစ်မသွားအောင် ကယ်တင်သူလည်း ဖြစ်ပါတယ်'

ဟေမန်သည်သာ ကိုနှင်းဝေသို့ ကြည့်ရင်း ရင်မှ လှိုက်လှဲသော စကားများကို ပြောမိသည်။ ကိုနှင်းဝေကတော့ ခေါင်းငုံ့လျက်...

'ကဲ...ကိုကို။ မင်းအုပ်စိုးကို ဘာလုပ်ကြမလဲ'

'ဟေမန် ကြိုက်သလို ဆုံးဖြတ်ပါလို့ ပြောပြီးပါပြီ'

'ရဲကိုပဲ တိုင်ပြီး အပ်လိုက်ချင်တယ်'

'ဟေမန့် သဘောပါကွယ်'

ဒေါ်မြမြချင်း၏ ရှိုက်သံက လျှံလာသည်။ ကိုနှင်းဝေသည် [illegible]ွာသော ခံစားမှု မျက်နှာနှင့် သူ့မိခင်သို့ ကြည့်နေကြောင်း[illegible]နေရပါ၍...

'ဟေမန်ကနေပြီး ကိုကို့ သဘောအတိုင်းပဲ ဆုံးဖြတ်ပါ

လို့ ပြန်ပြီး လွှဲပေးခဲ့ရင်ရော…ကိုကို ဘာလုပ်မလဲဟင်…'

'ဟောမန် ပြောသလို…သူ့ကို ရဲလက်ပဲ အပ်သင့်ပါတယ် ဒါပေမယ့်…ကိုကို မေမေ့ကို သနားတယ်ကွယ်'

ခင်ပွန်း ဆုံးပြီးစ ရက်ပိုင်းမျှသာ ရှိသေးသော ကာလတွင် အိမ်ပေါ်က ဆင်းပေးရမည့် ပြဿနာ ပေါ်လာသည်။ ယခု အချစ်ဆုံး သားလေးကို အချုပ်ခန်းတွင်းသို့ ပို့ရမည့် ပြဿနာ ထပ်ဆင့်လာသော သူ့မိခင်သို့ ကိုကို မသနားဘဲ ရှိပါ့မလား

'ကိုကို'

'ပြောပါ…ဟောမန်'

'မင်းမင်းကို ဒီအတိုင်းပဲ ရှိပါစေတော့'

'ဟင်…'

'ဒါပေမယ့်…သူ့ကို တစ်ယောက်ယောက်ကတော့ ... ပြီး ထိန်းပေးနေမှ နောက်ထပ် မဖြစ်သင့်တာတွေ ထပ်ပြီး ... မလာမှာ…'

'ဟောမန် သူ့ကို ခွင့်လွှတ်လိုက်ပြီလားဟင်'

'အဲဒါက ဒုတိယ အချက်ပါ ကိုကို'

'ဘယ်လို…'

'အန်တီမြကို သနားနေတဲ့ ကိုကို့ကို ဟောမန် ငဲ့ညှာ သ... မိတာက ပထမ အချက်ပါ'

ကိုနှင်းဝေသည် ခေါင်းငိုက်စိုက် ချထားရာမှ ဟောမန်... ဆတ်ခနဲ မော့ကြည့်သည်။

'ကိုကို့ကို ဟောမန် ငဲ့ညှာသနားမိတာက ပထမ





အချက်တဲ့လား…အချစ်ဆုံးရယ်။ ကိုကို့ကို ငဲ့ညှာ သနားတယ်တဲ့လား…သနားတယ်ပဲလားကွယ်'

ရင်ထဲမှ စကားလုံးများသည် ကိုနှင်းဝေ၏ မျက်နှာပြင်ကို ကြည်လင်စေခဲ့ပြီ။

ဒေါ်မြမြချင်းသည်လည်း ရွှင်ရွှင်လွှင်လွှင် ပြုံးလျက် ဟောမန်၏ လက်ကို ပြေးကိုင်ပြီး…

'ကျေးဇူးတင်လိုက်တာ ဟောမန်ရယ်။ ကျေးဇူးတင်လိုက်တာ။ စိတ်ချပါ။ ဟောမန် ပန်ခလုံမှာ ရှိနေသမျှ သူ့ကို ဒီအိမ်မှာ ရှိစေရပါဘူး။ ဟောမန် ဘာ အန္တရာယ်မှ မရှိနိုင်တော့ပါဘူးကွယ်။ သားကြီးကလည်း ဟောမန့်အတွက် အမြဲတမ်း စိုးရိမ်စွာ အရိပ်ကြည့်လျက်ပါ…ဟောမန်ရယ်…'

'ဟောမန် သိပါပြီရှင်'

'သားဆိုး သားမိုက်ကို ခုလိုပဲ ဒီတစ်ညလုံး ကြိုးနဲ့ချည် ထားပါ့မယ်။ မနက် လင်းတာနဲ့ မမ မြမြဝင်းတို့ တိုက်ကို ပို့ လိုက်ပါ့မယ်။ ပန်ခလုံကို လုံးဝ ပြန်မလာစေရပါဘူး… စိတ်ချ ပါကွယ်'

'ကျေးဇူးတင်ပါတယ် အန်တီမြ…။ ဒါပေမယ့် မင်းမင်း အားဖြတ်ဖို့ ကုသဖို့တော့ လိုလိမ့်မယ်နော်'

ကိုနှင်းဝေသည် နေရာမှ ထလျက်…

'ကဲ…အားလုံး ပြန်အိပ်ကြတော့။ ဟောမန်လည်း သိပ် ပင်ပန်းသွားတယ်။ အခန်းမှာ ပြန်အိပ်တော့နော်။ ဟောမန့် အခန်း

ရှေ့မှာ စောစောကလို ကိုကို စောင့်ပေးနေရင်း ဒီကောင့်ကိုပါ ကိုကို ကြည့်နေပေးပါ့မယ်'

လေးလံလွန်းသော ရင်များဖြင့် လူစုခွဲလိုက်ကြသည်။

နှင်းဟေမန်ဦးသည် စကားလုံးပေါင်း များစွာ ပြောကြား နေသော အကြည့်များဖြင့် ကိုနှင်းဝေသို့ ကြည့်ပြီးမှ နှုတ်ဆက်၍ အခန်းတွင်းသို့ ဝင်ခဲ့တော့သည်။

အိပ်ရာပေါ်တွင် ပြန်၍ လဲလျောင်းရင်း ရောက်စက တင်း မာစွာ ဆက်ဆံမိခဲ့သော မိမိ၏ မာန်မာနများအတွက် ကိုကို့ကို ဘယ်လို တောင်းပန်ရပါ့မလဲဟု တွေးတောရင်းက...

လူသတ်သမား နှစ်ယောက်...တစ်ယောက်က ဘယ်သူ လဲ။ ဒီအိမ်သားတွေထဲက ဖြစ်နိုင်တယ်။ မင်းအုပ်စိုးမှာ အပေါင်း အသင်း မရှိတာ ငါ မျက်မြင်ပဲ။ အိပ်ရာထဲမှာပဲ ခွေနေတာ ဆေး သောက်ပြီး သူ အကြံယူနေတာကိုး...ငါသေမှ ဒီအမွေတွေ သူ ရမှာဆိုတာ သူ သိနေပါလိမ့်မယ်။

သူ့အစ်ကိုဝမ်းကွဲ ရန်နောင်စိုးလည်း ကျောင်းမတက်ဘဲ စာရိတ္တ ပျက်နေတယ်လို့ ချယ်ရီတို့ဆီက ကြားခဲ့ရတယ်။ ငါ့ကို သတ်ဖို့ ကြံတာ ရန်နောင်စိုး ဖြစ်ဖို့ များတယ်။ ဒါပေမယ့် နေ့ခင်းက အလုပ်ထွက်သွားတဲ့ ဦးအဂ္ဂလား၊ မင်းအုပ်စိုးနဲ့ သိပ်ရင်းနှီးနေတဲ့ ဦးစံရိပ်လား။ အိမ်က အပြီးထွက်သွားပြီ ဆိုတဲ့ ဟန်ပြလုပ်ပြီး တစ်ခါ လာပူးပေါင်း ကြံစည်သူဟာ ကိုညိုမောင်း





ဆိုတဲ့ ထောင်ထွက်လား။

'ဦးရိုးမှိုင်းနဲ့ ဒေါ်ခမ်းနွဲ့တို့တော့ ဖြစ်နိုင်မယ် မထင်ပါ ဘူးလေ'

'ဩော်...တွေးစရာ ဒေါ်မြမြချင်း ကိုယ်တိုင် ကျန်သေး တာပဲ'

'အမယ်လေး...တွေးစရာ လူသတ်သမားတွေက များလှ ချည်လား'

ကိုကိုက လွဲရင် အားလုံးဟာ မသင်္ကာစရာတွေချည်းပါ သားကွယ်။

ကြံစည်သူမှာ အတွင်းလူများထဲက တစ်ယောက်ယောက် ဟု နှင်းဟေမန်ဦး ယုံကြည်ခဲ့ရသည့် အကြောင်းရင်းမှာ နောက် ဘက် အခန်းများဆီသို့ သွားလို့ရသော အခန်းတံခါးကို ပိတ်ကာ ထားသည့် ဗီရိုမှာ နေရာရွှေ့နေပြီး တံခါးလည်း ပွင့်လျက်သား တွေ့လိုက်ရသောကြောင့်ပါတည်း။

'ငါ့ကိုသတ်ဖို့ မောင်လေးနဲ့ ပူးပေါင်းကြံစည်သူဟာ အပြင်လူ မဖြစ်နိုင်ဘူး။ သူနဲ့ ရင်းနှီးပြီးသား၊ စည်းလုံးပြီးသား အိမ်သားများထဲကပဲ ဖြစ်ရမယ်'

'ဟုတ်တယ်...အဲဒီလူတွေထဲက တစ်ယောက်ယောက်ပဲ ဖြစ်မှာ သေချာတယ်'

**'ကိုညိုမောင်း၊ ဦးအဂ္ဂ၊ ရန်နောင်စိုး၊ ဦးစံရိပ်နဲ့ ဒေါ်ခမ်းနွဲ့၊** ပြီးတော့ **ဒေါ်မြမြချင်း** ကိုယ်တိုင်...'

◆ ◆ ◆

**အခန်း သုံးဆယ့်ငါး**

'သိပါတယ်။ မေမေ့ကို အန်တီ ဒေါ်မြမြဝင်းတို့ တိုက်မှာ သွားနေခိုင်းတာ မဟုတ်ပါဘူး။ တစ်နည်းနည်း စီစဉ်မှာပါ။ ကျွန် တော့် တစ်သက်လုံးမှာ မေမေ့ရဲ့ လူမှုရေး၊ စီးပွားရေး ပြဿနာ တွေမှာ ဘယ်တုန်းကမှ ဝင်ပြီး မပါဖူးပါဘူး မေမေရယ်...။ ဒါ တစ်ခုတော့ သွား တောင်းပန်ပါတယ်'

'မေမေ့ ဘက်ကလည်း ပြန်စဉ်းစားကြည့်ပါဦး သား အစ်ကိုကြီးကို အထင်ကြီးခဲ့သလောက် မေမေ့အတွက် ဘယ်မှာ အကျိုးခံစားခွင့် ရခဲ့လို့လဲ။ ဒါတွေ ထားပါတော့လေ။ ပထ ပိုင်းမှာ သူ ရှာဖွေခဲ့ပါသေးတယ်။ နောက်ပိုင်းနှစ်တွေမှ အရက် အရက် ဖြစ်နေလို့ မေမေဖဲ မမမြမြဝင်းတို့နဲ့ စပ်တူ စီးပွားရေး လုပ်နေခဲ့တာ သား အသိပါ'

'ဟုတ်ပါတယ်'

'ရှိတဲ့ လက်ဝတ်လက်စားတွေလည်း ဆေးစွဲနေတဲ့ မောင် မင်းက သူဆေးသောက်ဖို့ ခိုးလို့ ကုန်တာတွေရယ်ကြောင့်





မေ့မှာ လက်သာကိုယ်ကျတ် ဖြစ်နေရချိန်မှာ အခုလို ထပ်ပြီး သားက ဒီအိမ်ပေါ်က ဆင်းခိုင်းပြန်တော့...'

'မေမေရယ်...မေမေ သားပေါ်မှာ ခွင့်လွှတ်စွာ နားလည် လာအောင် ဘယ်လို စကားမျိုးနဲ့ ပြောရမလဲ မသိတော့ပါဘူး ဗျာ...'

ကိုနှင်းဝေ၏ အသံများ တုန်ခါ လှိုက်လှဲနေသည်။ ခေတ္တ မျှ ငြိမ်ကျသွားပြီးနောက်မှ...

'သား...ဟေမန့်ပေါ်မှာ ချစ်တဲ့ အချစ်ကတော့ ဘာနဲ့မှ နှိုင်းမရလောက်အောင် လွန်ကဲလွန်းပါတယ် သားရယ်'

နှင်းဟေမန်ဦးသည် ရှေ့နေ ဦးသဉ္ဇမိုး အိမ်မှ အပြန် အောက်ထပ် ဧည့်ခန်းအဝင်တွင် သားအမိနှစ်ယောက် ပြောနေ ကြသော စကားသံများကို ကြားနေရသည်။ မိမိ၏ အမည် ပါ လာသဖြင့် ပိုမို၍ အာရုံစူးစိုက် နားစွင့်မိသည်။ ဒေါ်မြမြချင်း၏ အိပ်ခန်းတွင်းမှ ပြောနေခြင်း ဖြစ်၍ တစ်ဦးနှင့်တစ်ဦး မမြင်သာ နိုင်ပါ။

'ဟုတ်ပါတယ် မေမေ။ ကျွန်တော် ချစ်တဲ့ အချစ်ဟာ ဘယ်လူသားမှ ဟေမန့်ပေါ်မှာ ထားရှိနိုင်မှာ မဟုတ်တဲ့ အချစ် မျိုးနဲ့ ချစ်တာ ကျွန်တော် ဝန်ခံပါတယ်။ ဟေမန့်အတွက်ဆိုရင် ကျွန်တော့်ရဲ့ အသည်းနှလုံးကအစ စွန့်ထုတ် ပေးလှူနိုင်ပါ တယ်။ ဟေမန့်အတွက် ကျွန်တော် သေမတတ် ခံစားရပြီး အသည်းနှလုံးတွေ ကွဲကြေတဲ့ထိအောင် ခံစားခဲ့ရတယ် ဆိုတာ လည်း မေမေ အသိပါ။ ဒါက ကျွန်တော့်ရဲ့ တစ်ကိုယ်ရည်

ဟောမန်နဲ့ ပတ်သက်လို့ ခံစားရတဲ့ အပိုင်းပါ။ အခု ပြောနေတာကတော့...'

ကိုနှင်းဝေ၏စကားလုံးများသည် လက်ဖြောင့်သော လေးပစ်သမား၏ မြားတံလို သူ့အသည်းနှလုံး ပစ်မှတ်ဗဟိုမှာ စူးနစ်စိုက်ဝင်လာသည်။

'လူမှုရေး အပိုင်းများအရ မှုမှုတတ ဖြစ်သင့်တဲ့ ကိစ္စမို့ပါ မေမေ...။ ဒီအိမ်ဟာ ဦးအုပ်စိုးနဲ့ ဒေါ်စောနန္ဒာတို့ နှစ်ဦးပိုင်ဆိုင်ခဲ့တာ ဆိုရင် မေမေ ပြောတာ မှန်ပါတယ်။ အခုဟာက ဒေါ်စောနန္ဒာရဲ့ ဘိုးဘွားမိဘ လက်ထက်တည်းက တည်ဆောက်သားခဲ့တဲ့ အိမ်ဂေဟာကြီးပါ...။ ဦးအုပ်စိုးရဲ့ ငွေ တစ်ပြားမှမပါပါဘူး။ ပြီးတော့ ဒေါ်စောနန္ဒာ ကိုယ်တိုင်က ဒီလို ဒီလိုဖြစ်မှာတွေ မြင်လို့ သူ သက်ရှိထင်ရှား ရှိစဉ်တည်းက တရားဝင်သူ့ရဲ့ တစ်ဦးတည်းသော သမီးလေး နာမည်နဲ့ လွှဲပေးခဲ့တာ အားလုံးအသိပါ။ မေမေလည်း သိပါတယ်။ ဒါကြောင့် သားကို ဒီတစ်ကြိမ် တစ်ခါတော့ ငဲ့ပါ မေမေရယ်။ သား စကားကိုမေမေ လိုက်လျောပေးပါလို့ အထပ်ထပ် တောင်းပန်ပါတယ်။ ဟောမန်ရဲ့ ငွေတစ်ပြားမှ မယူဘဲ ကျွန်တော်တို့ သားအမိတွေ ဒီအိမ်ပေါ်က ဆင်းပေးလိုက်ကြရအောင်ပါနော် မေမေ'

နှင်းဟောမန်ဦးသည် လွှတ်ကျူမတတ် ဖြစ်သွားသော သူ့သက်ကိုင်အိတ်လေးကို ပြန်လည်၍ တင်းတင်းကျပ်ကျပ်ကြီးဆုပ်ထားလိုက်မိသည်။





ကိုကို၏ ဆို့နစ် ကြေကွဲသောအသံဖြင့် သူ့မိခင်ကို ရှိုရှိုကျိုးကျိုး တောင်းပန်နေသော စကားသံကိုလည်း မကြားရက်နိုင်တော့ပါ။

ကြီးမားသော အာဃာတများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားခဲ့သော ကိစ္စများ၊ လူကြီးစုံရာရှေ့မှာ ညှိနှိုင်းထားခဲ့သော ပြဿနာများကို အနိုင် မရစေအောင် လုပ်မည်။ ကိုယ်ပိုင်အိမ်ကြီးကို ကိုယ့်လက်ဝယ်သို့ မရရသည့်နည်းနှင့်အပြီးပိုင် ပြန်ယူပြီး အားလုံး ဆင်းပြေးစေရမည် ဟူသော...

မလိုတမာ စိတ်များ၊ အာဃာတနှင့် ဒေါသတရားများက သူတစ်ပါး အခြေပျက်စေအောင် ဖြစ်ပေါ်နေသော မစ္ဆေရိယစိတ်များတို့သည် လှိုင်းကြမ်းသည့် ကမ်းပါးမြေလို တစ်ထစ်ပြီးတစ်ထစ်၊ တစ်ရစ်ပြီး တစ်ရစ် ဟောမန်၏ ရင်မှ ပြိုကျ ပျက်စီးခဲ့ရပါလေပြီ။

ဟောမန်သို့ မမြင်မတွေ့ကြပါဘဲနှင့် ဒေါ်ခမ်းနွဲ့သို့ နှုတ်ဆက်ပြီး သားအမိ နှစ်ယောက် အပြင်ထွက်သွားကြ၏။

မျက်ရည်စနှင့် မိခင်၏ ပခုံးကို တယုတယ ဖေးမ တွဲခေါ်သွားသော ကိုကိုကိုနှင်းဝေတို့ သားအမိကို နောက်ခိုင်းအနေအထားနှင့် မြင်ရသည်။ သူ့မိခင်သည် သူ့ပခုံးသို့ပင် အားရပ်မမှီ။ ကိုကို ကိုနှင်းဝေသည် ထွားကျိုင်းမြင့်မား၍ လှပသော ကိုယ်ခန္ဓာနှင့် သန်မာကျစ်လျစ်သော ခြေတံရှည်များက သူ့ရုပ်သွင်ကို ပိုမို ခံ့ညားစေလှသည်။

'သူတို့ ဘယ်သွားကြမှာတဲ့လဲ ဒေါ်ခမ်းနွဲ့'

'မြို့ထဲကို အိမ်ခန်း သွားရှာမှာတဲ့'

'ဘာလုပ်ဖို့လဲ'

'မြမြ နေဖို့ပေါ့။ တို့တွေလည်း ရှာပြန်ကြမယ်လေ'

ဒေါ်ခမ်းနွဲ့သည်လည်း အားလျော့ ကြေကွဲစွာ ပြောဖြီး မီးဖိုဘွင်းသို့ ဝင်[illegible] ဟန်ပြင်သဖြင့် ဒေါ်ခမ်းနွဲ့ လက်ကို ဆွဲလျက်...

'ဟောမန် မေးစရာရှိလို့'

'ဒီအိမ်က ဟောမန် ထွက်သွားတဲ့နေ့က ကိုကို ဏိုနှင်းဝေ ဟောမန့်ကို လိုက်ရှာသေးလားဟင်'

'ရှာတာပေါ့...ရှာတာမှ အရူးကြီး အတိုင်းပဲ။ တိုက်ဘေးက တွယ်တက်ပြီး ဟောမန့်အခန်းကို တက်ကြည့်တာများ အသည်းယားစရာ။ သူ့အသက်ဘေးကိုတောင် သူ မမြင်နိုင်ရှာတော့ဘူး။ ပြီးတော့မှ ဒီပါကို စီးပြီး လင်းလွန်းလွင်ပြင်နဲ့ စန္ဒကူးတောင်ကို အရင်ဖြေးသတဲ့။ နောက်မှ ချယ်ရီနဲ့ တွေ့ပြီး ဟောမန့်သူ့အဒေါ်ဆီ အပြီးထွက်သွားပြီ။ ဘယ်တော့မှ ပြန်မလာဘူးဆိုတာလည်း သိရော...'

'ဟင်...သူ ဘာဖြစ်လဲ'

'ဟောဒီ အခန်းထဲမှာ သူ့ကြောင့်ပါဆိုပြီး ရှိုက်ရှိုက်ငိုလိုက်တာများ မမြင်ရက်စရာ။ တို့များတောင် မျက်ရည် ကျခဲ့ရပါတယ်ကွယ်'

ဆို့ကျင်လာသော ရင်ကို လက်နှင့်ဖိပြီး မျက်စိမှိတ်[illegible]





လိုက်မိသည်။

'သူ တောင်ကြီးကို လိုက်သေးတယ်လေ...။ သုံးခေါက်တောင်မှ။ ဟောမန်က လုံးဝ အတွေ့မခံဘူးဆို...'

'ဟုတ်တယ်...ဒေါ်ခမ်းနွဲ့ရေ'

'နောက်ဆုံးခေါက်တော့ သူ အားလျော့သွားတယ် ထင်ပါရဲ့။ တောင်ကြီးကို လုံးဝ မသွားတော့ဘဲ ဟောမန့်ကိုပဲ တသသလွမ်းနေရှာတာ ရင်နာစရာပါ။ သိပ် သနားစရာ ကောင်းပါတယ်ကွယ်'

'ဩော်...ကိုကိုရယ်'

'ပြီးတော့ ဟောမန်တို့ရဲ့ မွေးနေ့တိုင်း သူ အမှတ်တရလေးတွေ အမြဲလုပ်တယ်။ ဒီပါနဲ့ ထွက်သွားတယ်။ မြစိမ်းတောင်က ဆုတောင်းပြည့် စေတီမှာ ဂန္ဓမာပန်း ဖြာဖြာဖွေးဖွေးလေးတွေ သွားလှူတယ်။ ဟောမန် ရှိတုန်းက လုပ်တဲ့အတိုင်းပါပဲ'

မျက်ရည်ကြောင့် အမြင်တို့ ဝေဝါးရလေပြီ။

'ပြီးတော့ ဟောမန်တို့ နှစ်ယောက်ရဲ့ မွေးနေ့ ဖြစ်တဲ့ ဒီဇင်ဘာလ သုံးဆယ့်တစ်ရက်တိုင်းမှာ ဟောမန့်အတွက် မွေးနေ့လက်ဆောင် ထုပ်လေးတွေ ထုပ်ထားတာ လေးထုပ်တောင်'

'ဟင်...တကယ်လား'

'သူ့အခန်းထဲ သွားကြည့်ပါလား။ ဗီရိုထဲမှာ ရှိမှာပါ။ ဒီနှစ်တော့ သူကိုယ်တိုင် ပေးခွင့်ရလိမ့်မယ် ထင်ပါရဲ့နော်။ ဒီဇင်ဘာလ ကုန်ခါတောင် နီးနေပြီ'

'ကိုကို့ အခန်းတံခါး ပိတ်ထားလား'

'မပိတ်ဘူး ထင်ပါတယ်။ ဒီတိုင်း ထွက်သွားကြတာပဲ။ ဝင်ကြည့်လေ'

'ကောင်းပြီ...ဒေါ်ခမ်းနွဲ့ သွားတော့'

မီးဖိုခန်းသို့အဝင် လမ်း၏ လက်ဝဲဘက်လမ်းကို ချိုးကွေ့လိုက်၏။ လှေကား ငါးထစ်မျှ ဆင်းရပြီးမှ မြေကြီးတွင်း၌ ထက်ဝက် ဝင်နေသော ကိုကို ကိုနှင်းဝေ၏ သီးသန့်ခန်းတွင်းသို့ ဝင်ရောက်ခဲ့တော့သည်။

ပန်ခလုံသည် ကြီးမား ကျယ်ဝန်းလှသော်လည်း ကိုနှင်းဝေနှင့် နှင်းဟောမန်ဦးတို့ ငယ်စဉ်ဘဝက နေစရာ နေရာ နှစ်ခုတည်းသာ ရှိခဲ့ပါ၏။

ဟောမန်၏ အပေါ်ထပ်မှ အခန်းနှင့်...

ကိုနှင်းဝေ၏ အောက်ထပ်မှ အခန်း ၄

သည်အခန်း၊ သည်ကုလားထိုင်၊ သည်အိပ်ရာပေါ်တွင် ကိုကိုနှင့်အတူ စားကြသောက်ကြ၊ စာသင်ကြ၊ ကစားကြ၊ စိတ်ကောက်ကြ၊ ချော့မော့ကြ...

ပြီးတော့ ရှင်မွေ့နွန်းနဲ့ မင်းနန္ဒာ၊ ရိုမီယိုနဲ့ ဂျူးလီးယက်စသော အချစ်ပုံပြင်များကို ထပ်ခါတလဲလဲ ကိုကို့ကို ပြောပြခိုင်းခဲ့သည့် နေရာ။ အချစ်အတွက် အသက်စွန့်ရဲကြသော သစ္စာရှိချစ်သူများ အကြောင်းကို ကိုတို့ ရင်ခွင်မှာ အချစ်ပုံပြင်များအဖြစ် ကြားနာခဲ့ရပါသော ကိုကို၏ အိပ်ရာလေး...

'ကိုကိုရေ...'





အိပ်ရာပေါ်တွင် ထိုင်ရင်း ဘယ်သောအခါမှ လက်လှမ်းမမီနိုင်လောက်အောင် ဝေးကွာသော အရပ်ဆီမှ ရှိနေသူ တစ်ယောက်လို တမ်းတမ်းတတ ခေါ်မိသည်။

ကိုကို့အခန်းသည် ဘာတစ်ခုမှ မပြောင်းလွဲ။

လွန်ခဲ့သော ငါးနှစ်၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်ဆီမှ ပစ္စည်းများ အတိုင်း ဗီရို စားပွဲ စသည်တို့မှာ အားလုံး ဟောင်းဟောင်းနွမ်းနွမ်းများချည်းသာ...။

စားပွဲပေါ်မှာတော့ စာအုပ် အနည်းငယ်သာ ရှိသည်။ ဗီရိုကို ဖွင့်ကြည့်မိသည်။

အကျႌ ဘောင်းဘီလည်း များများစားစား မရှိရှာ။ အနွေးထည် သုံးစုံမျှနှင့် ဘောင်းဘီ အနည်းငယ်။ ခြေတံရှည်၍ မြင်းစီးလေ့ရှိသော ကိုကိုသည် ပုဆိုး ဝတ်ခဲလှသည်။ ရှိလည်း မရှိ။ ဘောင်းဘီလည်း လေးထည်မျှသာ ထပ်ထားသည်။

'သြော်...အားလုံးအတွက် အလုပ်တွေ လုပ်ပေးဖို့၊ အနစ်နာ ခံဖို့များ မွေးဖွားလာလေသလား ကိုကိုရယ်...။ အရာရာမှာ ရှောင့်ရဲလွန်းတယ်။ ဘယ်သူနဲ့မှ မယှဉ်ဘဲ အမြဲ ခြေတစ်လှမ်း နောက်ဆုတ်ပေးနေတဲ့ ကိုကိုရေ...'

နှင်းဟောမန်ဦး၏ အကြည့်က ဗီရို၏ အပေါ်ထပ်သို့ ရောက်သွားသည်။ ဗီရို၏ နောက်ဘက်တွင် စာအုပ်များနှင့် ကွယ်ဘာထားသော စက္ကူဘူးများကို ရှာဖွေတွေ့ရှိပါပြီ။

စက္ကူဘူး မာမာလေးပေါ်မှာ အဖြူအပြာ ဖဲကြိုးလေးများနှင့် ချည်နှောင်ထားသော ဘူးလေးဘူး...

အချစ်ရဆုံး ညီမလေး၏
၁၈ နှစ်မြောက် မွေးနေ့မင်္ဂလာလက်ဆောင်...
၁၉၇၇ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့

အချစ်ဆုံးသို့ အလွမ်းဆုံးသူ၏ မွေးနေ့
လက်ဆောင်...
၁၉၇၈ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့

အချစ်ဆုံးအတွက်...
ပျော်ရွှင် ချမ်းမြေ့ခြင်းများကိုသာ ထာဝရ ပိုင်ဆိုင်
နိုင်ပါစေဆိုသော ဆုမွန်များဖြင့်...
၁၉၇၉ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ည ၁၂ နာရီ

အတွင်း၌ ဆွယ်တာ၊ စားပွဲတင်နာရီငယ်း တစ်လုံး၊ သက္ကလပ်ဖုံးနှင့် ဒိုင်ယာရီ စာအုပ်တစ်အုပ်၊ ပြီးတော့ ပတ်ကား ဘောလ်ပဲန် တစ်ချောင်း စသော ပစ္စည်းလေးမျိုးနှင့် အတူ နွမ်းညှိုးနေပြီ ဖြစ်သော ဂန္ဓမာပြာပြာနှင့် နှင်းဆီဖြူဖြူ ပွင့်ကြေ များ...





နောက်ထပ် တွေ့ရသော ဒိုင်ယာရီ စာအုပ်ကို လှန်ကြည့်သည်။ ကွက်လပ်များစွာ...
တစ်ရွက်တလေသာ ခြားလျက်...ခြားလျက်...

အချစ်ဆုံးနှင့် လက်ထပ်ဖို့ မေမေတို့ တိုက်တွန်းသောနေ့။ ဦးလေးကပါ ကြည်ဖြူပါသတဲ့...
ငါ ငြင်း၍ အားလုံး မကျေနပ်ကြ။

ဦးလေး ဦးအုပ်စိုးက ငါနဲ့ အချစ်ဆုံးတို့ နီးနီးကပ်ကပ် မနေရဘူးလို့ သတိပေးသောနေ့...
ငါ မျက်ရည်ကျရသော ည...

အချစ်ဆုံး၏ ဘဝလေးကို မခြွေရက်၊ မကြွေစေချင်...
ငါနှင့် အချစ်ဆုံးနှင့် မတန်ပါ။

မေမေတို့ ဆန္ဒကို ဘယ်နည်းနှင့်မျှ မလိုက်လျောနိုင်။
ငါလို သုည ဘဝထဲကို အဝင်မခံရက်နိုင်ပါ။

အချစ်ရဆုံး ညီမလေးရယ်။ ကိုကိုနဲ့ ဝေးလှချည်လားကွယ်...

ရင်ထဲမှ အသည်းနှလုံးလေး ပျောက်ဆုံးရသော နေ့။

ဦးလေး ဦးအုပ်စိုး အပါအဝင် အားလုံး၏ ဆန္ဒအရ ဟောမန် ချစ်ရင် ရန်အောင်စိုးနဲ့ သဘောတူပါတယ်လို့ ပြောလိုက်မိတာကို အချစ် အထင်လွဲသွားပြီကွယ်။
ကိုကို့ အသည်းရယ်...
'ဟောမန် ချစ်နိုင်ရင်'... ဆိုတဲ့ စကားကို ထည့်ပြောခဲ့ပါတယ်နော်...။
အချစ်ဆုံးရဲ့ ရင်မှာ ဘယ်လို ခံစားသွားရရှာတယ်ဆိုတာ ကိုကို သိပေမယ့်...

ကိုကို့ မှာ ဘယ်ထိအောင် ခံစားရပါတယ် ဆိုတာတွေ ညီမလေး မသိပါစေနဲ့။
ကိုကိုလေ...အဲဒီညက ညီမလေး ကိုယ်စားလို့ သဘောထားပြီး အချစ် ဖွင့်ခွဲခဲ့တယ့် ဆွယ်တာပြာလေးကို ကိုကို့ ရင်မှာ ပိုက်ထားတယ်။
ပြီးတော့...ကိုကို တစ်ညလုံး ငိုတယ် အချစ်ရယ်...

တောင်ကြီးကို လိုက်သွားပြီး အချစ်နေတဲ့ အိမ်ကို





မြင်ခဲ့ရတဲ့နေ့...
'ကိုနှင်းဝေကို မတွေ့လိုပါ' ဆိုတဲ့ ပြန်ကြားချက်ကြောင့် အားလျော့စွာ ပြန်ခဲ့ရသော ရေခြားမြေမှ လေးလံလွန်းသော ခြေလှမ်းများ...

မတွေ့ရ မမြင်ရပေမယ့်...အချစ်ဆုံးရဲ့ ဘဝထာဝရ ချမ်းမြေ့ လှပလျက်သာ ရှိနေပါစေသားကွယ်။

'ဒီနေ့ အချစ်ဆုံးလေးရဲ့ ၁၈ နှစ်မြောက် မွေးနေ့'
အနုးညှံဆုံး ဆွယ်တာ ဖြူလွလွလေးနဲ့...
အချစ် နှစ်သက်ခဲ့တဲ့ ပန်းပွင့်ပြာပြာ ဖြူဖြူလေးတွေနဲ့ အတူ ကိုကို တောင်ကြီးမြို့ကို တစ်ခေါက်ရောက်လာခဲ့ပြန်တယ်။
အချစ်ဆုံး မရှိပါ။ ဒေါက်တာကြည်ညိုထွန်းတို့မိသားစုနဲ့ ပင်းတယသို့ သွားလည်ပါသည်ဟု သိရှိခဲ့ရသော နေ့...
ဩော်...အချစ်ဆုံးရဲ့ မွေးနေ့မင်္ဂလာ ရက်မြတ်မှာ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းကို ပိုင်ဆိုင်နိုင်ပါစေသားကွယ်။

ညီမလေးရေ...

ဒီနေ့ လင်းလွန်းလွင်ပြင် ရောက်တယ်။
မြူးမြူးကြွကြွလေး မြင်းစီးနေတဲ့ အချစ်ဆုံးကို ကိုကို တစ်ချိန်လုံး မြင်နေခဲ့ရတယ်။
ဒါနဲ့ စန္ဒကူးတောင်ပေါ် တက်ခဲ့တယ်။
ကိုကိုရဲ့ နှစ်ဆယ့်ငါးနှစ်မြောက် မွေးနေ့က အချစ်ရဲ့ လက်ဆောင်၊ အချစ်ရဲ့ စေတနာ၊ အချစ်ရဲ့ ထိတွေ့မှု၊ အို...အချစ်ရဲ့ အချစ်တွေကို ရယူခဲ့ရတဲ့ နေရာဟောင်းလေးမှာ...
ကိုကိုလေ...မျက်ရည်တွေ များစွာ ကြွေခဲ့ရတယ်။
ဒီနေ့ နေ့လယ်ကပေါ့။
ဒီည အိပ်မရဘူး။ စာရေးနေမိတယ်။

အချစ်ကိုလေ...အချစ်ကြီး ချစ်ခဲ့မိလို့ အဝေးကြီး ဝေးခဲ့ကြရတဲ့ အဖြစ်ပါ ဆိုတာ အချစ် မသိပါစေနဲ့၊ နားမလည်ပါစေနဲ့
တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပန်ခလုံကို ညီမလေး ပြန်လာဦးမှာပါနော်။
ပြန်လာမှာပါ...
ပြန်လာမှာပါ...

အချစ်ဆုံး ညီမလေးရေ...ကိုကိုလေ ညီမလေး အတွက် ဘယ်ထိအောင် ခံစား...





စာအုပ်ကို ပိတ်ပြီး ရင်မှာ ပိုက်ထားလိုက်မိသည်။

'ကိုကိုရယ်...ဟေမန် ဆက်ဖတ်နိုင်တဲ့ အင်အား မရှိတော့ပါဘူး...မရှိတော့ပါဘူး အချစ်ဦးရေ...'

မျက်ရည်တို့က အလိမ့်လိမ့်ကျ၍ အလွင့်လွင့် ပျံ့ကြွေသည်။

'ဟေမန်...ကိုကို့ကို သိပ်ချစ်တယ်'
'ကိုကိုလည်း သိပါတယ်လေ...။ သိရက်နဲ့ ပြောထွက်လေခြင်း ဆိုတဲ့ နာကျည်းစိတ်နဲ့...'
'ဟေမန် တဖွတ်ထိုး ဆုံးဖြတ်လိုက်မိတာပါ။ ဒီတုန်းကလည်း ဟေမန်ဟာ ဆယ့်ခုနစ်နှစ် သမီးလေးပါ ကိုကိုရယ်။ ကိုကို့ကို ချစ်တာ တစ်ခုကလွဲပြီး ဘာကိုမှ မစဉ်းစားတတ်ခဲ့ပါဘူးရှင်'
'သိပ်ချစ်လွန်းလို့ သိပ်နာကျည်းသွားခဲ့ရတာပါ။ ဝေးလွင့်ခဲ့ရတာပါ'
'ဝေးလွင့်လက်စနဲ့ ဝေးနေကြရင်လည်း အကောင်းသား ကိုကိုရေ...'
'ခုလို ပြန်လည် ဆုံစည်းပြီး ကိုကို့ ခံစားမှုတွေ မြင်ရ၊ သိရ၊ ပြီးတော့...ဟေမန့်အတွက် အသက်စွန့် ကယ်ခဲ့ရတာတွေကို ထိတွေ့ခံယူရတော့...' ဟေမန်လေ...
'ရင်တွေ ပွင့်ကွဲမတတ် ကိုကို့ကို သနားလွန်းလှပါ

ပြီ ကိုကိုရယ်...'

'ကိုကိုဟာ...ဟေမန်.ပေါ်မှ နိုင်းစရာ-မရှိတဲ့ အတု မဲ့ မေတ္တာနဲ့၊ စေတနာနဲ့၊ ကရုဏာတွေနဲ့၊ အချစ်ကြီး ချစ်နေဆဲ...ချစ်နေမြဲပါလား။ ဟေမန့်ကို ထာဝရ လွမ်းဆွတ်တသစိတ်နဲ့ တမ်းတနေရှာဆဲပါလား;လို့...

ခုလို ဟေမန် ပြန်ပြီး သိခွင့်ရတဲ့အချိန်မှာ...

ကိုကိုရေ...

အရာခပ်သိမ်းဟာ ပြန်လည် အစားထိုးလို့ မရနိုင်တော့အောင် ပြီးဆုံးသွားခဲ့ပါပြီကွယ်။

အားလုံး ပြောင်းလဲခဲ့ပြီးပါပြီ။

ကိုကိုဆိုတဲ့ အချစ်ဦးရယ်...

ဘယ်လိုမှ ငယ်ဘဝကို ပြန်မရနိုင်အောင် ဟေမန့်အဖြစ်က ပြောင်းလဲသွားခဲ့ပြီကွယ်။

ဟေမန့် ဘဝဟာလေ...

ပန်ခလုံကို ပြန်မလာခင်ကတည်းက ပြောင်းလဲခြင်း များစွာနဲ့ ပြီးဆုံးသွားခဲ့ရပါပြီ ကိုကိုရေ၊

ဟေမန်လေ...

◆ ◆ ◆





## အခန်း သုံးဆယ့်ခြောက်

'ကလေး စိတ်အားငယ်သွားမှာစိုးလို့ ပြောမနေပါနဲ့ ဆိုပေမယ့် ဆူတာတော့ ဆူရမှာပဲ ကိုလတ်။ ကိုလတ် တူမ လုပ်ပုံကိုလည်း ကြည့်လေ...မမနန္ဒာများ ရှိရင် မေ့လဲပြီးတောင် သေသွားမယ်။ ဘယ့်နဲ့ရှင်...အပျိုအရွယ် နုနုထွတ်ထွတ်လေး တစ်ယောက်တည်း ဒီလောက် ဝေးလံ ကြမ်းတမ်းတဲ့ ခရီးရှည်ကြီးကို အဖော်မပါဘဲ လာရတယ်လို့။ ဘုရားမလို့ ဘေးမသီ ရန်မခရောက်လာပေလို့ပေါ့။ တစ်စုံတစ်ခုများ ဖြစ်ခဲ့ရင် အန်တီခေမာတော့ ရင်ကွဲပါပြီကွယ်။ မိုက်လိုက်တာ တူမလေး ဟေမန့်ရယ်'

စည်တီးသော လက်ကဲ့သို့ သူ့ရင်ကို ပုတ်လျက် စိုးရိမ်ပူပန်လွန်းစွာ အန်တီခေမာ ဆီးဆူသည်။ တောတွင်း တောလယ်များ၌ ညများစွာ အိပ်စက်ခဲ့ရသည့် ခရီးအတွက် သောကစိတ်ဖြင့် ဆူပူသော်လည်း ဒေါသမပါ၊ သနား ကရုဏာ မျက်နှာသည်တို့ ဝဲလျက်ပါ။

အန်တီခေမာ၏ ခင်ပွန်း 'အငြိမ်းစား ဒုတိယ ဗိုလ်မှူးကြီး အောင်လတ်'ကလည်း ဝင်ရောက်နှစ်သိမ့်ရှာသည်။

ဦးအောင်လတ်သည် အန်တီခေမာထက် အသက် ဆယ် နှစ်တိတိ ကြီးသူပါ။ တပ်မတော်၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး ယခု အချိန်တွင် ကျောက်ကပ် ရောဂါကြောင့် ဆေးကုသရင်း လုံးဝ အနားယူနေချိန် ဖြစ်ပါ၏။

သားသမီးလည်း မရှိကြ။ တစ်ယောက်သာ မွေးဖွားခြ ကလေးက အသက်မရှင်။ ရောဂါလည်း ရှိနေ၍ သားအိမ်ခြ ပစ်ပြီးမှ နောက်ထပ် ကလေး တစ်ယောက်မျှ မရကြတော့ပေ

အသက်အရွယ် ကြီးပြီး အနားယူချိန်၊ တာဝန်များ ကင်း လွတ်ကြချိန်တွင် ခြောက်သွေ့ ငြိမ်အေးလွန်းနေသော ဒေါ်ခေ ခေမာတို့၏ အိမ်ထောင်တွင်းသို့...

'အန်တီတို့နဲ့ပဲ နေတော့မလို့...ဟေမန် ပန်ခလုံက အငြိ ထွက်ပြေးလာတာ'

ဟူသော စကားလေးသည် သူတို့ နှစ်ဦးအတွက် အိမ် ဆည်းလည်းသံသာ ဖြစ်လာရသည်။

ရောက်သည့်နေ့က အန်တီခေမာ တစ်ယောက် သူ့အဝ် ကိုလည်း တမ်းတရင်း...တူမကိုလည်း အပြစ်တင်ရင်းဖြင့် မျက် ရည် ကျပြီးသည့် နောက်ပိုင်းတွင် အဆင်ပြေပြေ ပျော်ရွှ ရွှင်ရွှင် စည်စည်ကားကားလေး ဖြစ်သွားခဲ့ရလေပြီ။

'အခုပဲ ဇန်နဝါရီလဆန်းနေပြီ။ ကျောင်းထွက်လက်မှ မပါ၊ ဘာနုတ်တစ်တွေမှ ပါမလာတော့ ဒီနှစ် ဖြေမနေနဲ့တော့ ခဏ အနားယူလိုက်။ သင်္ကြန်ပြီးတာနဲ့ ကျူရှင်တွေ စတက်ရ မယ်။ လာမည့်နှစ် ဆယ်တန်းကို အမှတ်များများနဲ့ တစ်ခါတည်း အောင်နိုင်အောင် လုပ်ရမယ်'





အားလုံး အန်တီခေမာ၏ အစီအစဉ်ဖြင့်ပင် နှင်းဟေမန် ဦးသည် ဝင့်ဝင့်ထည်ထည် တင့်တင့်တယ်တယ် နေခဲ့ရပါပြီ။ ကျောင်းနှင့် ကျူရှင် တက်လျှင်လည်း အန်တီတို့ပိုင် ဆီဒင်ကား နီလေးနှင့်သာ သွားရပါ၏။

နှင်းဟေမန်ဦး 'တောင်ကြီးမြို့'၏ ဝန်ကြီးလမ်း ခြံကျယ် ကြီးသို့ ရောက်ရှိပြီးနောက် ငါးရက်မြောက်နေ့တွင်...

ကိုနှင်းဝေ လိုက်ရှာပါသည်။

ထိုနေ့က အန်ကယ်လ်လတ် ဆေးစစ်ရန်အတွက် အန်တီ ခေမာပါ စဝ်စံထွန်း ဆေးရုံကြီးသို့ သွားနေကြချိန်ပါ။

ခြံစောင့်က...

'ပန်ခလုံမှ နှင်းဝေ လိုက်လာပါတယ်'လို့ ပြောပေးပါ ဆိုသော စကားဆုံးသည်နှင့်...

'အို...မတွေ့ချင်ဘူး...မတွေ့ချင်ဘူး။ ဘယ်တော့မှ လာ မတွေ့ပါနဲ့လို့ သွားပြောပေးပါ'

ကိုနှင်းဝေ ဘယ်သို့ ရှိရှာမည်ဟု မတွေးမိ၊ နာကျည်း စိတ်ဖြင့် ဒေါသစကားများသာ ပြန်ကြားခိုင်းခဲ့မိသည်။

ဟေမန် ရောက်ပြီးနောက် တစ်နှစ်မြောက်ခါနီး အချိန် ကာလတွင်လည်း ကိုနှင်းဝေ တစ်ယောက် အထုပ်ကလေး ပိုက်

လျက် တစ်ခေါက် ရောက်လာခဲ့ပြန်ရှာသည်။

ထိုနေ့သည် ဒီဇင်ဘာလ သုံးဆယ့်တစ်ရက်၊ နှစ်တစ်နှစ်၏ နောက်ဆုံးနေ့။ ပြီးတော့...

'အချစ်ဆုံးနှစ်ယောက်'ဟု တင်စားခဲ့ကြသော သူတို့ နှစ်ယောက်လုံး၏ တစ်နေ့တည်းသော မွေးနေ့...

ထိုနေ့က ဟေမန် မရှိ။

ဟေမန်၏ မွေးနေ့ကို ပျော်ရွှင်ချမ်းမြေ့စွာ ကုန်လွန်စေရန် အတွက် ဟေမန့်ကို 'ပင်းတယလိုဏ်ဂူ'သို့ လိုက်ပို့ရင်း ပျော်ပွဲစားခရီး ထွက်နေကြသော အချိန်ပါ။

'ပန်ခလုံက နှင်းဝေ လိုက်လာတယ်လို့ ပြောပေးပါတဲ့ ခင်ဗျာ။ တမင် ဒီနေ့ရောက်အောင် အဝေးကြီးက လိုက်လာခဲ့ရတာပါလို့ ပြောသွားရှာတယ်ကွယ့်'

ရင်မှာတော့ လှိုက်ခနဲ ခံစားသွားရသား။

ဒါပေမယ့်...

အို...သူ စွန့်ပစ်လို့ ငါ ဝေးလွင့်လာရတာပဲ။

'ငါ...သူ့ကို ချစ်မှန်း သိရက်နဲ့ သူက ရပ်ရှင်ထဲကလို သူ့ရဲကောင်းကြီး လုပ်ပြီး သူ့ညီ အင်ဂျင်နီယာနဲ့ ယူပါလို့ ပြောခဲ့တဲ့လူ...မုန်းတယ်။ တစ်သက်လုံး အတွေ့မခံဘူး မှတ်ပါ'

နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းမှ အမြစ်တွယ်ခိုင်မာနေသော ချစ်ခြင်းမေတ္တာရှာရှားပေါ်သို့...

နာကျည်းစိတ်က မြူဆိုင်လို...တိမ်လွှာနှယ် အပေါ်ယံမှ သာ အုပ်မိုး လွှမ်းဖိထားလိုက်သည် ဆိုသော အဖြစ်ကို ကာယ





ကံရှင် ဟေမန်ကိုယ်တိုင် မသိရှိခဲ့။

ဒီကြားထဲ ဦးအုပ်စိုးထံမှ ရောက်ရှိလာသော သတင်းစကား တစ်ရပ်သည်လည်း...

'သူ့အဒေါ် အားကိုးနဲ့ ထွက်သွားတဲ့ သမီးမိုက်ရဲ့ မျက်နှာကို မကြည့်ချင်ပါ'တဲ့။

ဖခင်က သူ့ကို မကြည့်ချင်...

အချစ်ရန်းက သူ့ကို သူ့ညီ သူ့ချွေးမ ရရှိဖို့ တိုက်တွန်းရက်ခဲ့သည်။ လက်လွှဲပေးပစ်ခဲ့ရက်သည်။

ဤ ဇာတိမြေသို့ ဘယ်သောအခါမှ မပြန်တော့ပါဟု... အားလုံးကို မေ့ပစ်လိုက်တော့မည်ဟု စိတ်ဆုံးဖြတ်ကာ အန်တီခေမာတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့အောင် ကြိုးစား၍ နေပစ်လိုက်ပြီး စာကိုသာ ကျုံး၍ ကြိုးပမ်းလိုက်သဖြင့်...

နှင်းဟေမန်ဦး ဆယ်တန်းကို ဂုဏ်ထူး တစ်ခုနှင့် အောင်မြင်ပြီး ဓာတုဗေဒ အဓိက ဘာသာရပ်ဖြင့် ဒုတိယ စာသင်နှစ်ပြီးဆုံးချိန်တွင်...

◆ ◆ ◆

## အခန်း သုံးဆယ့်ခုနစ်

'ဟေမန်...'

'ဟော...ကိုကြည်ညိုထွန်း'...ဘယ်တုန်းက ရောက်လဲ'

'အခုပဲ...ဒီနေ့ လေယာဉ် နောက်ကျတယ်လေ။ ပစ္စည်းတွေ ထားခဲ့ပြီး ဟေမန့်ဆီ ပြေးလာတာ။ ရော့...ဟေမန့်ဖို့'

'အို...ဘာတွေလဲ။ ဟေမန် လက်ဆောင်တွေ မယူချင်ပါဘူး'

'ဟေမန်ရယ်...ဘာတွေများလဲလို့လည်း ဖွင့်ကြည့်ပါဦး။ အဖိုးတန်တာ ဘာတစ်ခုမှ မပါဘူး။ ဟေမန် ကြိုက်တတ်တဲ့ အစားအစာတွေချည်းပဲခင်ဗျ'

ပုလဲမှ ကိတ်မုန့်များ၊ လက်ဖက်နှင့် အကြော်စုံ၊ ကရဝိက်မှ အာလူးကြော်နှင့် ငါးမုန့်ကြော်များမို့ ပစ္စည်းထုပ်က ဖောင်းနေခြင်းသာပါ။

'ဟာ...ကျေးဇူးပဲ'





တကယ် ကျေးဇူးတင်သွားသည်။ နှင်းဟေမန်ဦး အဖို့ အဖိုးတန် ပစ္စည်းများ လက်ဆောင်ပေးခြင်းကို မကြိုက်ပါ။ စေတနာဟု မထင်။ တစ်စုံတစ်ခုနှင့် လဲလှယ်လိုသည့် သဘောဟု ယူဆမိခဲ့သည်။ ယခုလို သူ အလွန်ကြိုက်တတ်သော အရိုးတောင်း လက်ဖက် ချဉ်စပ်မှအစ၊ ငါးမုန့်ကြော်နှင့် ထားဝယ် ငါးမုန့် အစိမ်းထုပ်၊ ကြော်စားရန်များ ပါရှိလာသဖြင့် စေတနာသန့်သန့်နှင့် တကူးတက သယ်ယူလာသောကြောင့် ငါးမုန့်ကြော်ထုပ်ကို ချက်ချင်း ဖောက်၍ စားဖြစ်သည်။

'ထင်သား...ဒီရောက်နေမယ် ဆိုတာ...။ ခရီးက အပြန် ရေမိုးလေးများ ချိုးပါဦးတော့လား သားရယ်'

'ရန်ကုန်က ရေချိုးပြီးမှ လေဆိပ်ဆင်းခဲ့တာ မေမေရဲ့၊ ရန်ကုန် မြို့လယ်ခေါင်က မေမေ့ညီမ တိုက်ခန်းမှာ ဆောင်းပျောက်နေတာ'

'ဘာ...'

'ရန်ကုန် တိုက်ခန်းကျဉ်းလေးတွေမှာ ဆောင်းရာသီ ပျောက်ဆုံးနေတယ်။ အမြဲ ပူလောင်ကျပ်သိပ်နေတာ။ တောင်ကြီးကတော့ ခုလိုအချိန်လည်း ချမ်းတာပဲ။ ရေချိုးတာက အရေးမကြီးပါဘူး။ ဟေမန်နဲ့ တွေ့ဖို့က အရေးကြီးလို့ပါ'

'ဟုတ်ပ...ဟုတ်ပ။ ကဲ...စကားပြောကြ။ မေမေ...ခမော့ဆီ သွားလိုက်ဦးမယ်'

ဧည့်ခန်းမှပြတ်ပြီး ထမင်းစားခန်း၌ ရှိနေသော ဒေါ်စောခမာထံသို့ 'ဒေါ်မြတ်မြတ်ထွေး' ဝင်သွားသည်။

'လာ...မမြတ်။ ကြည်ညိုထွန်း ဟောမန်နဲ့ စကားပြောနေကြတာနဲ့ ဒီမှာ ထိုင်ပြီး ရေနွေးသောက်နေတာ'

'ဟုတ်ပ...ညီမရယ်။ ပစ္စည်းတွေချပြီး ဒီဘက်ခြံ တစ်ခါတ်ည်း တန်းပြေးလာတာပဲ။ သားကတော့ သူ့ညီမ ဟောမန်ကို တကယ် သံယောဇဉ်ရှိနေတာ'

'ဝမ်းသာပါတယ်...မမြတ်ရယ်။ ခြံချင်းကလည်း ကပ်၊ ကလေးချင်းရော...လူကြီးချင်းပါ သွေးသားရင်းလို နေကြရတာ စိတ်ချမ်းသာစရာပေါ့'

မိန်းကလေးရှင်မို့ စကားလှအောင် ပြောရပါသော်လည်း ဒေါ်စောခေမာ၏ စိတ်မှာရော၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်ကတော် ဒေါ်မြတ်မြတ်ထွေး၏ စိတ်မှာပါ...

နှင်းဟောမန်ဦးနှင့် ကြည်ညိုထွန်းသို့ နှစ်ဖက်လုံး ကြည်ဖြူကျေနပ်ကြပြီးသားပါ။

'လာမယ်ဆိုရင် ဖုန်းဆက်ပါ ပြောလျက်နဲ့ ချက်ချင်းကြီး ပေါက်ချလာတယ်လေ။ သားကို မြင်လိုက်ရရုံ ရှိသေး... ပျောက်သွားတာနဲ့ လိုက်လာတာ။ သူ့အဖေတောင် မသိသေးဘူး'

'ဟုတ်မှာပေါ့။ တစ်ဦးတည်းသော သားလေး မဟုတ်သား။ ကွဲနေတာလည်း ကြာပြီလေ'

'ဒီတစ်ခါတော့ အပြီးပြန်လာပါပြီ။ ဆ–မ နံပါတ်လည်း ရခဲ့ပြီ။ ဘွဲ့လည်း ရခဲ့ပြီ၊ အလုပ်သင် ဆရာဝန်လည်း တစ်နှစ် ရန်ကုန်ဆေးရုံကြီးမှာ ဆင်းပြီးပြီ ဆိုတော့ ကိုယ့်မြို့ ကိုယ့်အိမ်ကို အပြီးပြန်လာတာပါ။ အစိုးရ အလုပ် မခန့်ခင် ကိုယ်ပိုင်





ဆေးခန်းဖြစ်ဖြစ်...သမဝါယမမှာ ဖြစ်ဖြစ် လုပ်ဖို့ စိတ်ကူးထားတယ်လို့ သားက ကြိုပြီး စာရေးထားတယ်လေ'

'ကောင်းပါတယ် မမြတ်။ ဆရာဝန်တစ်ယောက် ဖြစ်ဖို့ စာသင်ရတာ တခြား ကျောင်းသားတွေရဲ့ ဆယ်ဆမက ပင်ပန်းခဲ့ရတာ။ ဆရာဝန် ဖြစ်ပြီးတော့လည်း အလုပ်ပါ ရှိနေအောင် စီစဉ်တာ ကောင်းပါတယ်။ ကဲ...လက်ဖက် စားဦး။ ဒီမှာ ရေနွေးကြမ်း မမြတ်'

'တောင်ကြီးမြို့ကလည်း ခက်သားနော်'

'ဘာဖြစ်လို့လဲ'

'ဩော်...လေယာဉ်နဲ့လာလှည်း ဟဲဟိုးက ကားငှားပြီးမှ ဒီမြို့ကို လာလို့ရတယ်။ ရထားနဲ့လာလည်း ရွှေညောင်က ကားငှားပြီးမှ ဒီမြို့ကို လာလို့ရတယ်။ ကားနဲ့ဆို...မြို့တွင်းကို တိုက်ရိုက်တော့ ရောက်ပါရဲ့။ ငါးပိ ငါးချဉ်သိပ်သလို ကားကကျပ်လှတယ်'

'ဟုတ်တယ်။ ခေမာတော့ အကြောင်းမရှိဘဲ ခရီးမထွက်ချင်ဘူး။ ဘာယာဉ်ရထားစီးစီး မူးပြီးအန်တတ်တော့ မသွားဘဲ နေလို့ရသမျှ မသွားဘူး'

'မမြတ်တို့လည်း နောက်ဆို အိမ်မြဲရတော့မှာပါ။ သားက ကျောင်းပြီးသွားပြီလေ။ အရင် သူ ဆေးကျောင်း တက်နေတုန်းကသာ ရန်ကုန်ကို ခဏခဏ ဆင်းရတာ'

'ဟုတ်တာပေါ့'

ဒေါ်မြတ်မြတ်ထွေးသည် ရေနွေးကြမ်းနှင့် လက်ဖက်ကို

သောက်ရင်း စားရင်းမှ...

'ခေမာရေ...ခြံချင်းကပ်ပြီး နေလာခဲ့ကြတာလည်း နှစ်ပေါင်း များစွာ ကြာခဲ့ပြီ။ တခြား လူတွေလည်း မဟုတ်ဘူး။ တစ်ယောက်သဘော တစ်ယောက်လည်း သိကြပြီးသားတွေပါ။ မမြတ့် သွယ်ဝိုက် ပြောမနေချင်တော့ဘူးကွယ်...။ တစ်ဦးတည်းသော သားလေးမို့ မသင့်မလျော်တာတွေ ဖြစ်မှာလည်း စိုးရိမ်မိတယ်။ ဒါကြောင့် သား သိပ်ခင်တွယ်နေတဲ့ ဟေမန်နဲ့ပဲ ပေးစားပါရစေလို့ မမြတ် ချက်ချင်းကြီးပဲ တောင်းဆိုပါရစေတော့...'

ဒေါ်ခေမာသည် ခေါင်းလေးငုံ့ပြီး သိပ်သည်းစွာ ပြုံးလိုက်သည်။ သူတို့လောက် ပိစ္စည်း မရှိသော်လည်း ရိုးသားသော မိဘ နှစ်ပါး၏ တစ်ဦးတည်းသော သား ဆရာဝန်မို့ တူမလေး အတွက် ကြည်နူးနှစ်သိမ့်စွာ လက်ခံလိုလှပါသည်။

'ကလေးတွေ အခြေအနေ ကြည့်ကြပါဦးစို့လား မမြတ်ရယ်...'

'သူတို့ချင်း ကြည်ဖြူ ကျေနပ်ကြမယ် ဆိုရင် ခေမာက လက်ခံနိုင်မှာလား'

'တူမလေးက ကြည်ညိုထွန်းကို လက်ခံမယ် ဆိုရင် ခေမာ့ အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး မမြတ်။ သူ မကျေနပ်ရင်တော့ ခေမာ့ အတင်း မတိုက်တွန်းပါရစေနဲ့လား'

'ကောင်းပါပြီရှင်။ ဟိုမှာလည်း ကြည့်လိုက်ပါဦး။ သမီးနဲ့ သား စကားပြောနေလိုက်ကြတာ'





ငါးမုန့်ထုပ်ကို နှစ်ယောက်အတူ နှိုက်ကြရင်း ပြုံးရွှင်သော မျက်နှာ၊ ရယ်မောသော အသံများဖြင့် စကားပြောနေကြသော...

ဒေါက်တာကြည်ညိုထွန်းနှင့် နှင်းဟေမန်ဦး...

◆ ◆ ◆

## အခန်း သုံးဆယ့်ရှစ်

ရီဂျင်နယ်(ဒေသကောလိပ်) ဖတ်စ်ယီးယားနဲ့ စယ်ကန်ဒ် ယီးယားတုန်းကပဲ သူငယ်ချင်းတွေ မြှောက်ပေးလို့ ကောင်မလေး နှစ်ယောက် လိုက်ဖူးတယ်။ တစ်ယောက်နဲ့မှ မကြာခင် အမ်မိစီ ဝင်သွားတော့ ဘာပြောကောင်းမလဲ။ ဆပ်ပလီ မထိ ရအောင် ကျက်လိုက်ရတဲ့ စာတွေ။ ပြီးတော့ လူနာတွေ၊ လူသေတွေနဲ့ လုံးနေခဲ့ရတာပါ ဟောမန်ရယ်...။ ကိုယ့်တစ်သက်မှာ တစ်ခါမှ ရည်းစား မရှိဖူးသေးပါဘူး ဆိုတာတော့ တကယ့်ကို ယုံပါ'

'အဲဒီ စကားမျိုး ဟောမန်ရဲ့ ရှေ့မှာ ကိုးဆယ့်ကိုးယောက် ပြောခဲ့ပြီးပြီ မဟုတ်လား...'

'ဟာ...ဟောမန်ရာ'

ကြည်ညိုထွန်း တကယ် မျက်နှာပျက်သွားသည်။ စိတ်ထိခိုက်သွားပုံလည်း ရပါ၏။ ဂရုစိုက် တွက်ချက်ပြီး အဖြေမှန်နှင့် တိုက်ပြီးပါလျက်နှင့် အမှန် မရ၊ အမှား ခြစ်ခံရသော ကလေးငယ် တစ်ယောက်လို ဝမ်းနည်းစိတ်၊ ခံပြင်းစိတ်များလည်း တစ်ချိန်တည်း ဖြစ်ထွန်းသွားသည်။





'ဟောမန်'

'ဟုတ်လို့ ငြိမ်သွားတာ မဟုတ်လားဟင်'

'ဒီမှာ ဟောမန်...။ ဆေးတက္ကသိုလ်(၁)ကြီး တစ်ခုလုံးမှာ စုံစမ်းကြည့်စမ်းပါ။ ကြည်ညိုထွန်း ဆိုတဲ့ ကောင်နဲ့ ချစ်ဖူးတဲ့၊ တွဲဖူးတဲ့ မိန်းကလေး တစ်ယောက် ရှိတယ်လို့ ဟောမန့်ဘက်က သက်သေပြနိုင်ရင်...'

'ကိုယ့်ရဲ့ ဆေးပညာဘွဲ့ကို စွန့်လွှတ်ပေးမယ်။ ဆရာဝန် အဖြစ်နဲ့ တစ်သက်လုံး ဆေးကုမစားဘူး ဟောမန်'

'လွန်တာပေါ့ရှင်'

'ဟောမန့်ဘက်က ပြနိုင်ရင် ပြောတာပါ။ ဒီထိအောင် လောင်းရဲတယ်လို့ တင်ပြတာပါ ဟောမန်'

နှင်းဟောမန်ဦး ကျိတ်ပြုံးပြုံးမိသည်။ တောင်ကြီး ဒေသကောလိပ်မှ သူ့အချစ်ဆုံး သူငယ်ချင်း၏ အစ်မသည် ကိုကြည်ညိုထွန်းနှင့် တစ်တန်းတည်း၊ သိပြီးသား၊ ကြားပြီးသား၊ စုံစမ်းပြီးသားပါ။

သူများတွေ ကျမလား၊ ဆပ်ပလီ ဘယ်နှခုလဲဟု ရင်မနေရချိန်မှာ ကြည်ညိုထွန်းက ဂုဏ်ထူးရပါ့မလား၊ ဆရာတွေ ဂုဏ်ထူးပေးဖို့ ခေါ်တွေ့စစ်မေးတဲ့အထဲမှာ ပါပါ့မလားဟု စိတ်ပူနေရသူမျိုးပါ။ စာထဲ၌သာ လုံးဝ နစ်မြုပ်ပြီး ချစ်သူမရှိ၊ စုံတွဲမပါသော ဆေးကျောင်းသားကြီး အဖြစ်နှင့် ဟောမန် သိပြီးသား... ကြားပြီးသား။ တမင် စကားနာ ထိုးသော သဘောမျိုး ပြောလိုက်ခြင်းသာပါ။

'ကိုယ် ဘယ်တော့မှ ကိုယ့်ပညာကို မစွန့်လွှတ်ရပါဘူး။ ဒါကြောင့် လောင်းရဲတာပါ။ ကိုယ့်စကားတွေဟာ အမှန်မို့ပါ ဟေမန်ရယ်'

တစ်ခါတစ်ရံတွင် အမှန်မှန်း သိပါလျက် ဒီဘက်က ဒီလို ထင်စရာ ဖြစ်လာပါသည်ဟု တင်ပြလျှင် တစ်ဖက်မှ အရေးတယူ ဖြေရှင်းခြင်းများ၊ စိတ်မကောင်းစွာ တောင်းပန်ခြင်းများကို နှစ်သိမ့်ကြည်နူးစွာ ခံယူချင်တတ်ကြသော မိန်းမသားတို့၏ သဘာဝအတိုင်း ဟေမန်သည်လည်း...

'ပထမဆုံး အခုနေနဲ့ ကိုယ့်စကားကို ဟေမန် ယုံစေချင်တယ်။ ကိုယ် ဘယ်လို ဖြေရှင်းပြရမလဲဟင်...'

ကြည်ညိုထွန်းသည် တည်ငြိမ်သော မျက်နှာ၊ ညှိုးမှိန်သော အကြည့်၊ တောင်းပန်သော နှုတ်ခမ်းများဖြင့် နှင်းဟေမန်ဦးသို့ စောင့်စောင့်စားစား ကြည့်နေရှာသည်။

နုပျိုသော နှလုံးသား သစ်ကိုင်းသည် မေတ္တာရည်ကို မွတ်သိပ်သည်။ ကိုယ့်ရင်မှ အချစ်ပွင့်ကို ကိုယ့်ရင်မှာသာ မညှိုးစေလိုပါ။ ရွှးစေ...ဆွတ်စေ...မြတ်နိုးပါစေ။

ဟေမန်သည်လည်း ချစ်တတ်သော၊ အချစ်ငတ်သော အသည်းနုသော မိန်းမလှလေး တစ်ယောက်ပဲ မဟုတ်ပါလား။

'ဖြေရှင်း မနေပါနဲ့တော့လေ'

'ဟင်...ဘာဖြစ်လို့'

'ဟေမန် ယုံကြည်လို့'

'ဟာ...ဟာဗျာ'





'ဒါပေမယ့်...ရှင်ရယ်'

'ဘာ မကျေနပ်သေးလို့လဲကွယ်'

'ကိုကြည်ညိုထွန်းက ဟေမန့်ကို အချစ်ဦးလို့ ပြောခဲ့တယ်နော်'

'ဟုတ်တယ်လေ...တကယ်လည်း ဟုတ်ပါတယ်'

'ဟေမန့်ဘက်ကကျတော့ ကိုကြည်ညိုထွန်းလို မဟုတ်ဘူး ဆိုရင်ရော'

ရောဂါ ရှာဖွေ စူးစမ်းသည်ထက် ထက်မြက်သော မျက်ဝန်းများဖြင့် ကြည်ညိုထွန်းက ဟေမန့်ထံမှာ အဖြေရှာသည်။

'ဟေမန့်မှာ အချစ်ဦး ရှိခဲ့တယ်လား။ အခုရော ရှိနေဆဲလားဟင်'

ပူပန်မှု လွှမ်းသော ပုစ္ဆာများ...

နှင်းဟေမန်ဦး၏ စိတ်အလျဉ်သည် မြစိမ်းတောင် ဆုတောင်းပြည့် စေတီ၊ 'လင်းလွန်းလွင်ပြင်' နှင့် 'စန္ဒကူးတောင်' စသော ဒေသများဆီသို့ ပျံ့လွင့်သွားရင်းမှ...

'ရှိနေတယ်လို့ ပြောရမလား၊ မရှိတော့ဘူးလို့ ပြောရမလားတောင် မသိတော့ပါဘူးလေ'

'ကိုယ် နားလည်အောင် ရှင်းပြပါလား ဟေမန်ရယ်'

တန်ဖိုးဖြတ်မရသော အမြတ်ရတနာတစ်ခုကို စွန့်လွှတ်ရမှာ စိုးရိမ်စွာဖြင့် ပင်ပန်းကြီးစွာ စောင့်ကြည့်နေရသည်သို့ ရှိပါ၏။

'ပြောပါဦး...ဟေမန်ရယ်။ ဟေမန့်လို ချစ်သူမျိုးကို

ဟေမန့် ချစ်သူဟာ ဘာကြောင့်များ...’

‘အို...မဟုတ်သေးဘူး ကိုကြည်ညိုထွန်း၊ သူဟာ ဟေမန့်ကို မချစ်ပါဘူး။ သူ...တကယ် မချစ်ခဲ့ပါဘူး’

‘ဟင်...’

‘ဟုတ်တယ်...သူ တကယ်မချစ်လို့သာ သူ့ညီနဲ့ယူပါ။ သူ သဘောတူပါတယ်လို့ ပြောနိုင်တာပေါ့နော်... ကိုကြည်ညိုထွန်း’

ဘာမှ နားမလည်၍ ဘာမှ မဖြေ။ ဟေမန်သို့သာ ကြည့်နေရာမှ...

သူ့ကို မေ့လျော့နေသည်သို့ ငေးနေသော ဟေမန်သို့...

‘ဟေမန်တို့ ချစ်ခဲ့ကြတာ ဘယ်လောက် ကြာလဲဟင်’

‘ချစ်ခဲ့ကြတာလို့ ပြောလို့ မရပါဘူးလေ။ ဟေမန်ကသာ သူ့ကို ချစ်တာ။ သူက ဟေမန့်ကိုမှ မချစ်ဘဲ’

‘ဟင်...ဟေမန်တို့ နှစ်ယောက်ဟာ သမီးရည်းစားမဟုတ်ကြဘူးလား’

‘သူက ဟေမန့်ကို မချစ်ပါဘူး ဆိုမှ’

‘ဟင်...ဟေမန်က စချစ်တာ’

‘ဟုတ်တယ်...ဟေမန် ငါးနှစ်သမီးလေးတည်းက စပြီး သူ့ကို ချစ်ခဲ့ရတာ’

‘ဟေမန်ရယ်’

မရေရာလွန်းသော စကားများကြောင့် ဒေါက်တာကြည်ညိုထွန်း ပေါ့ပါးစွာ ရယ်သည်။





‘ဟေမန် အမှန်အတိုင်း ဝန်ခံမယ်နော်’

‘ပြောပါ ဟေမန်...ပြောပါ’

‘ငယ်ငယ်တုန်းက အစ်ကိုကြီးတစ်ယောက်လို ချစ်တယ်။ ကြီးလာတော့ အစ်ကိုကြီး တစ်ယောက်လို အချစ်နဲ့လည်း ချစ်တယ်။ ချစ်သူ တစ်ယောက် အဖြစ်နဲ့ကလည်း ချစ်ခဲ့မိပါတယ်’

‘သူ...သူကရောဟင်...’

‘ဟေမန့်ကို လုံးဝ မချစ်ဘဲ သူ့ညီနဲ့ယူပါ ဆိုလို့ စိတ်ဆိုးပြီး ထွက်လာခဲ့တာ။ သူ့ညီနဲ့ ဟေမန်နဲ့ ယူရင် သူတို့ မိသားစု န်ခလုံ စံအိမ်ကြီးလည်း ပိုင်မယ်။ ဟေမန့် အမွေတွေလည်း ရမယ် ဆိုပြီး ဟေမန့်ကို တခြားလူနဲ့ ယူမှာ သိပ်စိုးရိမ်ကြတယ်လေ။ ဒါကြောင့် သူ့ကို သိပ်ချစ်တဲ့ ဟေမန့်ကို ပြောပေးခိုင်းကြတာ။ သူ့စကားကို ဟေမန် အမြဲ နားထောင်နေကျဟုတ်လား’

‘သူဆိုတာ...’

‘ဟေမန် သိပ်ချစ်ခဲ့တဲ့ လူပေါ့။ ကိုကို...ကိုနှင်းဝေ’

‘ကိုနှင်းဝေတဲ့လား’

‘သူက ဟေမန့်ထက် အသက်အများကြီး ကြီးပါတယ်’

‘ဩော်...’

‘သူတို့ အမွေတွေ အပိုင်စီးချင်လို့ ဟေမန့်ကို ဟေမန့်တွေးရဲ့ တူနဲ့ယူဆို့ ဝိုင်းစီစဉ်ကြတဲ့ အထဲမှာ အဲဒီ ကိုကိုကပါ ပြီး နားချလို့ ဟေမန် စိတ်ဆိုး၊ စိတ်နာပြီး ထွက်ပြေးလာတာ’

'ဟင်...သူ...အဲဒီ ကိုနှင်းဝေက ဟေမန့်ကို မရိုးသားစိတ်နဲ့ ချစ်တယ်လို့ရော ပြောဖူးလို့လား'

'ဝေးသေးတယ်။ မပြောလို့ စိတ်ဆိုးတာပေါ့'

ဒေါက်တာကြည်ညိုထွန်း ရယ်ပါ၏။

'ဟေမန်ကရော သူ့ကို သိပ်ချစ်တာပဲလား'

'ဟိုတုန်းကတော့ သိပ်ချစ်ပါတယ်။ ခုတော့ စိတ်နာလို့မုန်းလို့၊ သူ နှစ်ခေါက် လိုက်လာတာ တစ်ခါမှ အတွေ့မခံလိုက်ဘူး။ ပန်ခလုံကိုလည်း ဘယ်တော့မှ မပြန်တော့ဘူး'

ဒေါက်တာကြည်ညိုထွန်းသည် ဟေမန်၏ လက်ကလေးကို တယုတယ ဆွဲယူဆုပ်ကိုင်ထားလျက်...

'ကိုယ့်မှာဖြင့် ရင်ထဲမှာ ဖြောင်းဆန်သွားတာပဲ။ ဟေမန့်အချစ်ပုံပြင်ကလည်း ရယ်စရာကြီးပါလားကွယ်'

'ပုံပြင် မဟုတ်ပါဘူး ကိုကြည်ညိုထွန်း။ ဟေမန် ဘာမှမထိန်မချန်ဘဲ အမှန်အတိုင်း အားလုံး တင်ပြတာပါ'

'ကိုယ်ဒီ ယုံတယ်။ နားလည်ပါတယ်ကွယ်'

'ဒါကြောင့် ကိုကြည်ညိုထွန်းလို သန့်စင် ရှင်းလင်းတဲ့အသည်းနှလုံးတော့ မဟုတ်ပါဘူးလို့ ပြောချင်တာပါပဲ'

'ဩော်...ဟေမန်လေးရယ်...နီးစပ်ရာကို အားကိုးစိတ်နဲ့ တွယ်တာလွန်းတာကို အချစ်ဆိုတဲ့ အရာနဲ့ ရောထွေးသွားတဲ့ ခံစားမှုလေးသာ ဖြစ်မှာပါ'

'ဒါဟာ သေးမှုန်လွန်းတဲ့ အရာလေးပါ။ မကြာခင် လွင့်ပြယ်၊ ပျောက်ကွယ်သွားမယ့် ခံစားမှု အသေးအမွှားလေး တစ်ခု





သာ ဖြစ်ပါတယ် ဆိုတာ ကိုယ် နားလည်ပါပြီ ဟေမန်ရယ်...'

'ဒါကို ခွင့်လွှတ်နိုင်တယ်လား'

'ဟား...ဒါ ခွင့်လွှတ်ရမယ့် အဆင့်ထိ ရောက်တဲ့ ကိစ္စမှ မဟုတ်ဘဲ ဟေမန်ရဲ့။ ခံစားမှုငယ်လေး တစ်ခုကို ရိုးသားစွာ တင်ပြလို့ ကြားနာရရုံလေးပါ။ ကိုယ့်ရင်မှာ ဒါနဲ့ ပတ်သက်လို့ ခွင့်လွှတ်စရာလို့ မမြင်တဲ့အပြင် ရယ်စရာ ပုံပြင်လေး တစ်ခုကို ကြားရသလိုပါပဲဗျာ'

'ကျေးဇူးတင်ပါတယ်'

'အို...ကျေးဇူးတင်တယ်တဲ့လား။ ဒါဆို ကျေးဇူးကြေးဆပ်လေ'

'ဘာလဲ'

'ကိုယ့်မှာ ချစ်သူ မရှိတာ ယုံပြီဆို...'

'အင်း...ဒါနဲ့ ဘာဆိုင်လဲ'

'ဆိုင်တာပေါ့။ ဘယ်ချစ်သူမှ မရှိဖူးတဲ့ ကိုယ်ဟာ ဟေမန့်ကို ပွဲဦးထွက် အချစ်နဲ့ နှစ်နှစ်ကာကာ ချစ်ပါတယ် ဆိုတာဒဲ ဟေမန်ရယ်...လက်ခံပါ။ ပြီးတော့ တုံ့ပြန်ပါတော့လို့ လှိုက်လှဲစွာ တောင်းဆိုပါရစေလားဗျာ...'

ဟေမန်၏ လက်နှစ်ဖက်ကို ဆုပ်ကိုင် ဆွဲယူပြီး အနီးကပ် အကြည့်နှင့် ကြည့်နေသည်။

ဟေမန်၏ ရင်မှာ လှိုက်ခုန် တုန်ယင်လာပါသော်လည်း ကြည်ကြည်နူးနူး ချမ်းချမ်းမြေ့မြေ့...

◆ ◆ ◆

### အခန်း သုံးဆယ့်ကိုး

‘လိမ္မော်သီး စားရမယ်နော်’

‘စားမှာပေါ့’

လိမ္မော်မြွာလေး တစ်စိတ်ကို ရှေ့မှာ ထောင်ပြ၍မှ သူ့ ...ပါးစပ်တွင် တစ်ခြမ်း ကိုက်ထားပြီး...

‘အင့်လေ...’

‘အိုး...မစားချင်ပါဘူး’

‘မယူရင် စောစောကထက် ဆိုးသွားမှာနော်’

‘အိုး...သိပ်ဆိုးတဲ့မောင်’

မနေသာ၍ သူ့နှုတ်ခမ်းထက်မှ ထက်ဝက်ထွက်နေသော လိမ္မော်မြွာလေးကို ကိုက်ယူလိုက်ရသည်။ လိမ္မော်ရည် လူးသော ...နှုတ်ခမ်းလေးများဆီမှ ပွင့်ဝေလာသော အနမ်းပန်းများ...

‘ဟေမန် မောင့်အချစ်ရယ်...သိပ်ချစ်တယ်ကွယ်’

ရင်ခွင်ရောက် မျက်နှာလေးကို စုံမက် မြတ်နိုးလွန်းသော





အကြည့်ဖြင့် ကြည့်နေရှာသော ဒေါက်တာကြည်ညိုထွန်း...

‘ဟေမန်ကရော...မောင့်ကို ချစ်ရဲ့လားကွယ်...ဟင်’

‘ချစ်တာပဲပေါ့’

‘ဘယ့်လောက်’

‘မောင့်လောက်ပေါ့’

‘မမီနိုင်ပါဘူး’

‘တစ်လက်မခွဲလောက် လိုနေလို့လား’

‘အီဖယ်လ်မျှော်စင်လောက်’

‘တော်သေးတာပေါ့။ ကောင်းကင် မထိလို့’

‘ဟေမန်’

‘အင်...’

‘ဟေမန့်ကိုလေ...မောင် ဘယ်လိုချစ်မှန်း မသိဘူးကွယ်။ ဒီလောက် နီးနီးလေး နေရတာတောင် လွမ်းနေမိသလိုပဲ သိလား’

‘နည်းနည်း လိုသေးတယ်။ ဒီထက်ကလေး ပိုလိုက်ပါဦး’

‘မောင် အပိုပြောတာ မဟုတ်ဘူး ဟေမန်။ တကယ်ပါ တကယ်ပြောတာပါ။ ဟေမန်ရော...မောင့်ကို မလွမ်းဘူးလား ဟင်...’

‘ဒါတော့ မောင်က ပိုတာကွယ်။ ခြံချင်းကလည်း ကပ်ရက်၊ လူကြီးတွေကလည်း ခွင့်ပြုထားတော့ အချိန်မရွေး ခုလို နေလို့ ရရဲ့သားနဲ့များ’

‘ချစ်ခွင့် ရပေမယ့် ပိုင်ဆိုင်ခွင့်မှ မရသေးဘဲ အချစ်ရယ်’

‘တတိယနှစ် ပြီးသွားပြီလေကွယ်...။ ဖိုင်နယ်လ် ပြီးရင်

လက်ထပ်ပေးမယ်လို့ ပြောထားသားနဲ့များ'

'တစ်နှစ်ကြီးများတောင် စောင့်ရဦးမှာ'

'ဘာများ ကြာမှာလိုက်လို့။ ခုပဲ ဟေမန်တို့ ချစ်ခဲ့ကြတာ အချစ် နှစ်ပတ်လည်ပြီပဲကွယ်။ နောက်တစ်နှစ် စောင့်ပြီးရင် မောင် ပြောသလို ပိုင်ဆိုင်ခွင့် ရတော့မှာပေါ့'

'ဟေမန့်ရော...အဲဒီအချိန် မရောက်ချင်ဘူးလားဟင်'

'ရောက်ချင်တာပေါ့...။ ဒါကြောင့် စာကြိုးစားနေတာ။ ဟေမန်လည်း မောင့်ကို မောင့်လိုပဲ ချစ်တာပဲဟာ။ အတူ မနေချင်ဘဲ ရှိပါ့မလား'

'ဒါဆို စာမေးပွဲ ဖြေပြီးတာနဲ့ လက်ထပ်ကြမယ်နော်။ အဲဒီလောက်ဆိုရင် မောင်လည်း အလုပ်ဝင်ဖြစ်လောက်ပါပြီ။ ခုလည်း သမ ဆေးကုခန်းက ရတဲ့ ဝင်ငွေနဲ့ မိန်းမကို ထမင်းဝအောင်၊ ထဘီလှအောင် ဆင်နိုင်တဲ့အဆင့် ရှိပါပြီဗျ'

နှင်းဟေမန်ဦး ကြည်ကြည်နူးနူး ရယ်ရင်း ချစ်သူ ရင်ခွင်မှာ ခေါင်းနှင့် ခွေ့တိုက်မိသည်။

'ဟေမန်...မောင့်အချစ်'

'ဟင်'

'တစ်ခု ပြောရဦးမယ်'

'ပြော'

'ဖိုင်နယ် အောင်လို့ ကွာလီဖိုင်းတို့၊ အော်နပ်စ်တို့ ရတယ်ဆိုရင်လည်း ကျောင်းဆက်တက်မယ် မလုပ်ရဘူးနော်...ဒါပဲ'

'မောင်ကလည်းကွယ်...လက်ထပ်ပြီးမှ ဆက်တက်မယ်





ဆိုရင်ရော...'

'အင်း...ဒါတော့ ရတယ်။ လက်ထပ်ပြီးရင်တော့ ဂုဏ်ထူးတန်း၊ မဟာသိပ္ပံဝင်ခွင့် စတဲ့အတန်းတွေ မကလို့ ဘာဝတီသာ တက်တက် ရတယ်'

'တကယ်နော်။ ဘာဝတီသာများ တက်ခွင့်ရရင် မောင့်ဆီ ဘယ်ပြန်ဆင်းလာလိမ့်မလဲ။ သိကြားမင်းကြီး ဦးမာဃနဲ့ နေပစ်လိုက်မှာပေါ့'

'ဒီတော့လည်း ဆိုလုတို့၊ ဆိုလက်တို့ ဆိုတဲ့ ဒုံးပြန်ကြီး ခွစီးပြီး လိုက်လာမှာပေါ့'

မောင့်ကို ဖက်တွယ်ရင်း ရယ်မောမိသည်။

'သိကြားမင်းကြီးရယ်...ခင်ဗျားမှာ မယားတွေ များရှိပါတယ်ဗျာ။ ကျွန်တော့်မှာ ရှားရှားပါးပါး ဒါရလေး တစ်ယောက်ပဲ ချမ်းသာတာပါ ဆိုပြီး ပြန်ခေါ်ခဲ့မှာပေါ့။ မပေးရင် ဘာဝတီသာ ရပ်ကွက်ကောင်စီမှာ မယားခိုးမှုနဲ့ တရားစွဲမယ်'

'ဒီလောက်ပေါ်တဲ့ ဆရာဝန်များ ကုမယ့် လူနာတွေက ရှိသေးတယ်နော်'

'သြော်...ကိုယ့်လူနာတွေ ရှေ့ကျတော့ စတယ်နဲ့ပေါ့။ ဒါမျိုး...ဒါမျိုး'

မျက်နှာတည်ကြီးနှင့် လိမ္မော်သီး တစ်ခြမ်းကို ဟေမန့်ရင်ခွင်မှာ နားကျပ်ပုံစံနှင့် ထောက်ပြီး...

'အစ်မကြီး နှလုံးမကောင်းတော့ဘူး။ အထဲက ချစ်တယ်... ချစ်တယ်နဲ့ မြည်နေတယ်။ အမြန်ဆုံး ယောကျ်ားယူလိုက်ပါ။

ကြန့်ကြာရင် စိုးရိမ်ရတယ်'

လိမ္မော်ခွံနှင့် မျက်နှာကို ညှစ်ပက်လိုက်ပြီး ဟေမန် ထွက်ပြေးလာသည်။ မျက်စိထဲ နည်းနည်း ဝင်သွား၍ အုပ်ပွတ်ပြီး ဟေမန့်နောက်က ဒေါက်တာကြည်ညိုထွန်း စာအား ပြေးလိုက်လာသည်။

ခြံထဲတွင် ပတ်ပြေးရင်း ဟေမန် အိမ်နောက်ဖေးပေါက် ရောက်ခါနီးတွင် မိမိရရကြီး ဖက်ချုပ် ဆုပ်ဖမ်းမိတော့သည်။

အန်တီခေမာနှင့် ထမင်းချက် ဒေါ်လုတို့သည် ကြိတ်၍ ရယ်မောလျှက် မမြင်ဟန်ဆောင်ပြီး အိမ်ရှေ့ဘက် ထွက်ခဲ့ကြရသည်။

ချစ်သူနှစ်ဦးသည်မှ...

'လိမ္မော်ခွံ ညှစ်တဲ့အပြစ်ရယ်၊ ထွက်ပြေးတဲ့ အပြစ်ရယ် အတွက် ဒဏ်ခတ်ရမယ်'

'မကြောက်သေးဘူး'

'တကယ်လား'

'အား...သေပါပြီ'

အားကုန် ဖက်ညှစ်လိုက်သဖြင့် နှင်းဟေမန်ဦး ပန်းပေးရပါပြီ။

သူ့အပြစ်ဒဏ်အတိုင်း လိမ္မော်သီး တစ်လုံးလုံးမှ အစိတ်များကို တစ်ခြမ်းစီ ကိုက်စားရမည်။ ပေသော နှုတ်ခမ်းကို လက်နှင့် သုတ်ခွင့်မရှိ။ စုပ်ယူခွင့်သာရှိသည်။

မိနေသော သားကောင်မလေး ဟေမန်သည် ချစ်ရလွန်း





ပါသော မောင်၏ အပြစ်ဒဏ်နှင့် စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ဝန်ခံ ကတိပြုလေမှ...

ရင်ခွင် အချုပ်ထောင်မှ အာမခံနှင့် လွတ်မြောက်သည်။

လိမ္မော်မြွှာ အပြစ်ဒဏ်ကိုမူ တစ်လုံးလုံး ကုန်သည်အထိ လိုက်နာစွာ ခံယူရပါလေသတည်း။

◆ ◆ ◆

**အခန်း လေးဆယ်**

ဒုတိယမြောက် အချစ်နှစ်ပတ်လည်သော ရာသီ ရောက်ခဲ့ပါပြီ။

တောင်ကြီးမြို့ ဝန်ကြီးလမ်းနေ
အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးမျိုးထွန်းနှင့်
ဒေါ်မြတ်မြတ်ထွေးတို့၏ တစ်ဦးတည်းသော သား
**ဒေါက်တာကြည်ညိုထွန်း** M.B.,B.S.(Rgn.)
နှင့်
ပန်ခလုံမြို့နေ ဦးအုပ်စိုး ဒေါ်စောနန္ဒာတို့၏ သမီး
(အငြိမ်းစား) ဒုတိယ ဗိုလ်မှူးကြီး အောင်လတ်နှင့်
ဒေါ်စောခမောတို့၏ တူမ
**နှင်းဟောမန်ဦး** B.Sc.(Chem:)
တို့သည် နှစ်ဖက်သော လူကြီးမိဘများနှင့်
ဂုဏ်သရေရှိ လူကြီးများ ရှေ့မှောက်တွင်
ဒီဇင်ဘာလဆန်း(၃)ရက်နေ့က စေ့စပ်ကြောင်းလမ်း
ပြီးစီးပါကြောင်း။





'တစ်လကျော်ကြီးများတောင် လိုသေးတယ်ကွာ'

'ဘာလဲ'

သတင်းစာ တစ်စောင်၏ တစ်ဖက်စွန်းစီကို နှစ်ယောက်၏ ဘယ်လက်နှင့် ယာလက်တို့ဖြင့် ကိုင်လျက် ပါးချင်းအပ်၍ ဖတ်နေရာမှ...

'လက်ထပ်ဖို့လေ...ရက်ကောင်းရက်သာကလည်း ဇန်နဝါရီလ ခုနစ်ရက်နေ့မှ စေ့မတဲ့လေ'

'မောင်ဟာလေ ပိုကို ပိုတယ်။ ခုလည်း လူကြီးတွေမှာ ဟောမန်တို့ မင်္ဂလာ အခမ်းအနားအတွက် မနားမနေ ကြိုးပမ်းဝယ်ခြမ်းနေကြရတာပဲ'

'အင်းလေ...ဟိုမှာ မွေ့ရာကြီးတွေ ခေါက်ထားရတာ အားနာစရာ'

'သွား...'

'သြော်...တောင်ကြီး ဆောင်းက မတရား အေးတယ် မဟုတ်လား။ သူတို့လည်း ချမ်းရာမယ်လို့ သနားမိလို့ ပြောတာပါ။ ကိုယ်လိုရှာ ဆွဲမတွေးနဲ့လေ။ ကလေးမရဲ့...'

'မောင်နော်...'

သတင်းစာကို ခေါက်ပြီး လှမ်းရိုက်ပစ်လိုက်သည်။ မောင့်အပြုံးသည် လက်လို၊ မောင့်ရယ်သံသည် လွင့်လို့ပါ...

'မောင်...'

'ချစ်...'

'ချစ်သူတိုင်းအတွက် စကားပုံ ရှိတယ်နော်'

'ဘာတဲ့လဲ'

'အချစ်စစ် အချစ်မှန်တို့ မည်သည် ဖြောင့်ဖြူးခြင်းမရှိတဲ့'

'ပြောပါဦး'

'ဟေမန်တို့ ချစ်သူနှစ်ဦး အတွက်ကတော့ ဖြောင့်ဖြူး လို့ပါလားကွယ်။ နှစ်ယောက်လုံးလည်း အသည်းနှစ်အောင် ချစ်ကြတယ်။ လူကြီးတွေကလည်း ကြည်ဖြူ ကျေနပ်တယ်။ ဘွဲ့တွေလည်း ရပြီးရော ခမ်းခမ်းနားနား မင်္ဂလာပွဲ ကျင်းပတော့မယ်လေ။ အားလုံး အဆင်ပြေတယ်နော်...မောင်။ အဲဒါဆိုရင် အချစ်စစ် အချစ်မှန် မဟုတ်လို့များလား မောင်ရယ်'

'ဟေမန်'

'ဟင်'

'အဲဒါ အင်္ဂလိပ် စာစုလေး တစ်ခုပါ။ စကားပုံရယ်လည်း မဟုတ်ပါဘူး။ သစ္စာမရှိတဲ့ အချစ်တွေမှာလည်း မဖြောင့်ဖြူးတာရှိသလို၊ သစ္စာရှိတဲ့ ချစ်သူတွေလည်း ဖြောင့်ဖြူးစွာ ပေါင်းသင်းရတာတွေ ပြည့်လို့ပါကွယ်။ မောင့် မေမေနဲ့ ဖေဖေရယ်...ချစ်ရဲ့ အန်တီနဲ့ အန်ကယ်လ်ကို ကြည့်လေ။ သူတို့ချင်းလည်းချစ် ပညာတွေလည်း ပြည့်စုံမှ လူကြီးတွေက ပေးစားကြတော့ တစ်သက်လုံး သစ္စာရှိစွာနဲ့ ငြိမ်းအေးချမ်းသာစွာ နေကြရတာ ဟေမန့် အမြင်ပါလေ။ ဟေမန် ပြောတဲ့ စကားဟာ အချစ်နုသစားတွေရဲ့ စိတ်ကူးယဉ်မှု သက်သက်သာ ဖြစ်ပါတယ်'

'ဟုတ်မှာပါနော်'

'ဟုတ်ရမှာပေါ့ ဟေမန်ရယ်။ မောင်တို့ အချစ်ဟာ သား





မြေး၊ မြစ်အထိ တည်မြဲစွာ ကျက်သရေ မင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံမှာပါ...'

'မကြာခင်မှာပဲ မောင့်ရဲ့ အမျှော်လင့်ဆုံး၊ အတောင့်တဆုံး ဆန္ဒ ပြည့်ဝရတော့မယ်'

'တစ်လကျော် အတွင်းမှာ မောင် အမြတ်နိုးဆုံး ဟေမန့်ကို မောင် ပိုင်ဆိုင်ရတော့မယ်လေ'

'မောင် ပျော်တယ် အချစ်ရယ်'

'မောင် သိပ်ပျော်တယ်ကွယ်...'

◆ ◆ ◆

## ဒုခန်း လေးဆယ့်တစ်

ထင်းရှူး နှစ်ပင်ကြား မိုးမခပင်၏ ရှေ့မှ ဒန်းပေါ်တွင် ဟောမန်သည် ညှိုးလျလွန်းစွာ ထိုင်နေမိသည်။

ပန်းခလုံသည် တိတ်ဆိတ်ငြိမ်သက်လျက်…

မနက်ကပင် ဦးစံရိပ်နှင့် ဒေါ်ခမ်းနွဲ့တို့ ဤစံအိမ်ကြီးကို အပြီးတိုင် စွန့်ခွာ နှုတ်ဆက်လျက် ထွက်သွားခဲ့ကြပြီ။ ဦးစံရိပ်၏ ရွာမှာ တောင်ယာ လုပ်ငန်း လုပ်ကိုင်ကြမည်ဟု ပြောဆိုလျက် မျက်ရည်စက်လက်နှင့် နှုတ်ဆက်သွားကြပါ၏။

အိမ်ဖော် ညီမ နှစ်ယောက်ကိုလည်း သူတို့၏ မိဘများကို ခေါ်ယူ အပ်နှံ၍ ပြန်လွှတ်လိုက်ပြီ။

အားလုံးသည် ကိုနှင်းဝေ၏ အစီအစဉ်များချည်းသာပါ။

သူ့မိခင်အတွက် အဲနန်း မည်သော အိမ်ဖော် မိန်းကလေး တစ်ယောက် ကျန်ရှိမည်…။ မိဘမဲ့ ပအိုဝ်လေး ခွန်ရဲမောင်က





အမည်ပေးထားသော အမောင်နှင့် ဦးရိုးမှိုင်းတို့ကို ကိုနှင်းဝေ၏ ခြံမှာ ထားရှိမည်။

မြို့လယ် တိုက်ခန်းတစ်ခုတွင် မိခင် ဒေါ်မြမြချင်းနှင့် အိမ်ဖော်မလေး နေစေမည်။ ကိုနှင်းဝေက ည ပြန်အိပ်မည်။ အားလုံး၏ စားဝတ်နေရေးအတွက် ကိုနှင်းဝေ တစ်ဦးတည်း ရှာကြမည်။

'ဟောမန့်ဆီက ကိုကို တောင်းဆိုချင်တာ တစ်ခုပဲ ရှိပါတယ်။ အခု လုပ်နေတဲ့ ခြံကို သီးစားချတဲ့ သဘောနဲ့ ကိုကိုပဲ ဆက်လုပ်ပါရစေ ဟောမန်။ ထွက်သမျှ သီးနှံက ရရှိသမျှ ငွေကို စားရင်းနဲ့ အပ်ပြီး အဲဒီထဲက လုပ်အားခ ပေးမလား။ ဒါမှမဟုတ် တစ်နှစ်ကို ဘယ်လောက် ပေးရမယ် ဆိုပြီး သတ်မှတ်မလား။ ညီမလေး သဘောပါ။ ကိုကိုဟာ ဒီတစ်ခုပဲ လုပ်ကိုင် စားတတ်လို့ပါ။ ပြီးတော့ ခြံအလုပ်သမားတွေရဲ့ စားဝတ်နေရေး အတွက်ကလည်း အဓိကမို့ပါ။ ဒါကြောင့် ခြံမှာ ကိုကို့ကို လုပ်ကိုင်ခွင့်ပေးပါ ဆိုတာလေး တစ်ခုပဲ ဟောမန့်ကို ကိုကို တောင်းပန်ပါရစေကွယ်'

မနေ့ညဆီက အားလုံးရှေ့မှ တောင်းပန်ခဲ့သော ကိုကို့စကားများကို ပြန်၍ ကြားလာသည်။

ဟောမန် ဘာအဖြေမှ မပေးခဲ့ပါ။

ငယ်စဉ်က တက်ကြွစွာ ထောင်လွှားခဲ့သလောက် သား

ငယ် အတွက် သောကဓောဖြင့် အရာအားလုံးကျဆုံးခြင်းများဖြင့် တငိုငို ဖြစ်နေရှာသော ဒေါ်မြမြချင်း၏ ရုပ်သွင်...

ပြီးတော့...ပြီးတော့...ကိုကို ကိုနှင်းဝေ၏ ဟန်ဆောင်ခြင်းများ ဖုံးအုပ်ထားသော ခံစားမှု မျက်နှာ...

သြော်...ငါ့မှာ လက်ဝတ်ရတနာတွေ၊ ငွေတွေ ပိုင်ဆိုင်နေခဲ့ပြီ။ ပြီးတော့...

မကြာခင်မှာ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပြီးတဲ့ ငါဟာလည်း ဆရာဝန်ကတော် တစ်ယောက် ဖြစ်ရမှာပါ။

ငါ့ဘဝဟာ ပြည့်စုံခြင်းများစွာနဲ့ ကြွယ်ဝနေသလောက်...

ကိုကိုရဲ့ ဘဝကတော့ အစစ အရာရာ ဆုံးရှုံးခြင်းများနဲ့ ချို့တဲ့ရှာပါလားကွယ်။

'ငါ ပန်ခလုံ ရတော့ရော နေနိုင်မှာလား'

တစ်နေရာရာကို စေတနာ ထက်သန်တာ မဟုတ်ဘဲနဲ့ သူတို့ကို မနေစေလိုတဲ့ စိတ်နဲ့ ငါ ပေးပစ်မယ်လို့ စိတ်ကူးပြီး ဆင်းခိုင်းခဲ့မိတာ...

ကိုကိုဟာ ငါ့ဆန္ဒအတိုင်း အားလုံး ဖြစ်စေရအောင် စီစဉ်နေရှာတယ်...

ကိုကို့ပေါ်မှာ ငါ သိပ်ရက်စက်တယ်...

ငါ့အတွက် ကိုကိုဟာ အရာရာတိုင်းမှာ အနစ်နာခံရှာ





လွန်းတယ်ကွယ်...

နေပါစေတော့...ငါ မယူတော့ဘူး။

ကိုကိုတို့ သားမိတွေကို ပန်ခလုံ စံအိမ်ကြီးကို အပြီးပေးလိုက်ပါတော့မယ်။

တစ်သက်လုံး ဘယ်တော့မှ ပြန်မယူပါဘူး ဆိုတဲ့ ကတိနဲ့ ပန်ခလုံကို ကိုကို့ကိုပဲ လွှဲပေးလိုက်တော့မယ်။

ပြီးတော့ ပညာ မပြည့်စုံရှာတဲ့ ကိုကိုဟာ သူ့ခွန်အားတွေ အားကိုးနဲ့ ခြံစိုက်စားနေရရှာတဲ့ သူ့လုပ်ငန်းကိုလည်း လွတ်လပ် ပိုင်ဆိုင်စွာ လုပ်ကိုင်ပါစေတော့...

ပန်ခလုံ စံအိမ်ရယ်၊ ကိုကို လုပ်နေတဲ့ ခြံရယ်ကို ကိုကို့ ကိုပဲ ငါ အပြီးအပိုင် ပေးခဲ့ပါတော့မယ်။

ကိုကိုရေ...

ဟောမန် ပေးမယ့် သိန်းဂဏန်းချီတဲ့ ပစ္စည်းတွေဟာ ကိုကို ဟောမန့်ပေါ်မှာ ထားခဲ့တဲ့ အတုမရှိ မေတ္တာ၊ စေတနာ၊ စွန့် လွှတ်ရဲမှုတွေနဲ့ စာလိုက်ရင် မြူတစ်မှုန်စာလောက်ပဲ ရှိပါလိမ့် မယ် ကိုကိုရယ်...။

ကိုကို့ကိုလေ...ဟောမန် သိပ်ချစ်တယ်...

သိပ်သနားတယ်...

ဒါပေမယ့်...ဒါပေမယ့်ကွယ်...

အတွေးတို့ မဆက်နိုင်။ ဖြိုင်ကျလာသော မျက်ရည်များ

ကို သုတ်ရင်း သဲဒန်းကြိုးကို ဆုပ်ကိုင် အားပြု မှီခိုထား၍...

တစ်ခြံလုံးမှ စိမ်းမြ ဆိုင်းအုပ်နေသော သစ်ပင်တို့သည် ပင်စည်ချင်း ပူးကုန်ကြသည်။ သစ်ရွက်ချင်း ထပ်လျက် မကွဲမပြား ဝေဝေဝါးဝါး...

မျက်ရည်များကြားမှ ရွေ့လျားနေသော သဏ္ဌာန်တစ်ခုသည် မြင်ကွင်းတွင်းသို့ ရောက်ရှိလာခဲ့သည်။

'မောင်'

လွင့်ပျံ့သော စိတ်တို့သည် လွမ်းနေရှာမည့် မောင့်ထံသို့ ရောက်ရှိသွားမိသဖြင့် မောင့်ပုံရိပ် ထင်ခဲ့လေပြီ။

မောင်သည် ဆီဆိုင်မြို့မှာ လက်ထောက်ဆရာဝန် အဖြစ် အလုပ်ခန့်စာ ရရှိပြီး အလုပ် ဝင်ခါစမို့ ဟေမန့်ဖေဖေ ဆုံးကြောင်း ကြေးနန်း ရစဉ်က မလိုက်ခဲ့နိုင်ရှာ။

ဟေမန်တို့နှင့် ဆွေနီးမျိုးစပ် တော်သော မိုင်းဖြတ်မှ ကိုတင်အေးနှင့် ထည့် လွှတ်လိုက်ရသည်ကို မောင် စိတ်မချနိုင် လွန်းစွာ တတွတ်တွတ် မှာရင်း ကျန်ခဲ့ရှာသည်။ အန်တီခေမာသည်လည်း ဒေါ်မြမြချင်းနှင့် မတည့်ကြသည်ထက် သူ့ခင်ပွန်း အိပ်ရာထဲ လဲနေ၍ လိုက်လို့မရ။

ဟေမန် ပြန်ဖြစ်ခါနီးတွင်မှ ကိုတင်အေးကို မှာလိုက်မည် ဆို၍ မိုင်းဖြတ်မှ သူ့ဆွေမျိုးများထံတွင် သွားနေခဲ့ပေသည်။

ဟေမန်မှာ ပန်ခလုံမှ ခွဲခွာထွက်လာပြီးသည်၏ နောက် ပိုင်း အကြောင်းများကို ပြန်တွေးရင်းက မျက်ရည်များ သုတ်





လိုက်သော်လည်း...

**'မောင်...'**

ဟုတ်ပါရဲ့။ မောင့်ပုံသဏ္ဌာန်က ပျောက်ကွယ်မသွား။ ထင်ရှားစွာ နီးကပ်လာသည်။

အိတ်တစ်လုံးကို ဆွဲလျက် ဟေမန့်ဘက်သို့ လှည့်မကြည့်ပါဘဲ စံအိမ်ဆီသို့ ရှုးရှူးစိုက်စိုက် ကြည့်ရင်း သွားနေသော...

'မောင်...'

'ဟုတ်တယ်...ငါ့စိတ်က မြင်တာ မဟုတ်ဘူး'

'တကယ်...တကယ် မောင်ပါ'

'အို...မောင် လိုက်လာတယ်။ ဟေမန့်ဆီ လိုက်လာတယ်'

နှင်းဟေမန်ဦးမှာ ဒန်းပေါ်မှ ခုန်ဆင်း၍ ပြေးရင်း...

'မောင်...မောင်ရေ...ဟေမန်က ဒီမှာ'

အသံကြားရာဘက်သို့ လှည့်ကြည့်လာ၍...

'မောင်...'

'ဟေမန်'

ဒေါက်တာကြည်ညိုထွန်းသည် လက်ဆွဲအိတ်ကို မြေမှာချပြီး ဟေမန့်ထံ ပြေးလာရှာသည်။

အနီးကပ်မိသည်နှင့် ခေတ္တ ရပ်လိုက်၏။ ဟေမန်သို့ ခံစားမှု မျက်နှာနှင့် ကြည့်လိုက်ပြီးမှ ရုတ်တရက် လှမ်းဖက် လိုက်ပြီး...

'ဟေမန် မောင့်အချစ်ရယ်'

'အို...မောင်လိုက်လာတယ်။ ဘာလို့ လိုက်လာတာလဲ ဟင်...'

'စိတ်ပူလွန်းလို့ပေါ့...အောက်မေ့လွန်းလို့ပေါ့...၊ ချစ်လွန်းလို့ပေါ့ဗျာ...'

ဖက်လာသော မောင့်ကို ပြန်ပြီး တင်းတင်းကျပ်ကျပ်ကြီး ဖက်ပစ်လိုက်သည်။

'အန်တီခေမာတို့ကလည်း သိပ်စိတ်ပူနေတယ်။ ချက်ချင်း ပြန်ခေါ်လာခဲ့တော့တဲ့'

'ဟေမန်လည်း ပြန်တော့မလို့ပါ'

'ဘာဖြစ်လို့ ကြာနေတာလဲဟင်'

'ပန်ခလုံကို ပြန်ရဖို့ တိုက်နေရလို့ပါ'

'ဒီရဲတိုက်လို အိမ်အိုကြီးလား။ မောင်တို့မှ မနေနိုင်ကြတာ။ ဘာလို့ မက်မောနေမှာလဲ ဟေမန်ရယ်...'

ဪ...မိန်းမဘက်က အမွေ ပစ္စည်းကို ရယူလိုစိတ် လောဘ မရှိသော ယောကျ်ားမြတ်ပါလား...

'ဟေမန်လည်း ဆုံးဖြတ်ပြီးပါပြီ။ ကိုကို့ကိုပဲ ပေးခဲ့တော့မလို့'

'ကိုကို ဆိုတာ ဟေမန် ပြောခဲ့ဖူးတဲ့ ကိုနှင်းဝေ ဆိုတာလားဟင်'

'ဟုတ်ပါတယ် မောင်'

'ဟေမန့် မောင်လေး မင်းအုပ်စိုးကို ဘာလို့ မပေးဘဲ...'

'လာပါ...မောင်။ အိမ်ထဲမှာ သွားနားကြရအောင်ပါ...။





ပန်ခလုံနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ မောင့်ကို ပြောပြစရာ အများကြီးပါပဲလေ'

မောင့်အိတ်ကို ဟေမန် ဆွဲတော့ မောင်က လုယူပြီး နှစ်ယောက်သား လက်တွဲလျက် ပန်ခလုံသို့ ဝင်ခဲ့ကြသည်။

'အိမ်ကြီးက အကြီးကြီးပါလား ဟေမန်။ တော်ရုံတန်ရုံ လူဆို ချောက်ချားစရာကြီးနော်'

'ဟေမန်တောင် သွေးပျက်မတတ် ဖြစ်ခဲ့ရသေးတယ်။ မောင့်ကို အားလုံး ပြောပြမှာပေါ့။ ဒါနဲ့...မောင်က ဘာနဲ့လာပြီး ဘယ်တော့ ပြန်မှာလဲဟင်'

'ခရီးသည်ကားနဲ့ ဆို ကြန့်ကြာလွန်းလို့ ဌာနဆိုင်ရာ ကားနဲ့ လာခဲ့တာ...။ ဒီမှာ...ဟေမန်။ ဘယ်တော့ ပြန်မှာလဲလို့ ဘာလို့ မေးရတာလဲ။ ဟေမန့်ကို လာခေါ်တဲ့ မောင်ဟာ ဟေမန်နဲ့ အတူ အမြန်ဆုံး ပြန်ကြမှာပေါ့'

'ဒီက ကိစ္စတွေ ဟေမန် အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်... မောင်။ ခြံနဲ့ ပန်ခလုံကို နာမည်လွှဲပေးပြီးရင် ပြီးပါပြီ။ အားလုံး ပြီးပါပြီ'

'လာမယ့် စနေနေ့ဟာ ဟေမန်ရဲ့ နှစ်ဆယ့်နှစ်နှစ်မြောက် မွေးနေ့ လေ...။ အဲဒီရက်အမီ မောင်တို့ ပြန်ကြရအောင်ပါနော် ဟေမန်'

'ဟေမန့်မွေးနေ့'

ဒီဇင်ဘာလ သုံးဆယ့်တစ်ရက်။

ကိုကို ကိုနှင်းဝေ၏ မွေးနေ့...

ခရစ်သက္ကရာဇ် ခုနှစ်တစ်နှစ်၏ နောက်ဆုံးနေ့...

ပန်ခလုံမှ လွှင့်ခွာကာနီး လွန်ခဲ့သည့် ငါးနှစ် ခရီးက မွေးနေ့လေးကို ချက်ချင်း သတိရလာမိသည်။

'စန္ဒကူးတောင်'

'စိန်နှင့်နီလာလက်စွပ်'

'အဖြူနှင့်အပြာ ဂန္ဓမာပန်းပွင့်များ'

'ဆုတောင်းပြည့်စေတီတော်'နှင့်...

'ချစ်ခရီးယာဉ်ကြီး ဒီပါ' စသည်များ...

'အို...မောင် ရောက်လာပြီ။ မောင် လာခေါ်နေပြီ'

'ဟေမန်ရယ်...မောင် ရောက်လာတာကို ဘာလို့များ မျက်စိစုံမှိတ် ခေါင်းခါပြီး ပြောနေရတာလဲ'

အတွေးကို လွင့်စဉ်သွားစေအောင် ခေါင်းခါယမ်းပစ်သည့် အဖြစ်ကို မောင် မသိစေလိုတော့ပါ။

ရက်ပိုင်းအတွင်းမှာ တစ်ဦးဘဝထဲသို့ တစ်ယောက် ဝင်ပြီး ထာဝရ အတူနေကြရတော့မည့် ဇနီးမောင်နှံများ အဖြစ်သို့ ရောက်အောင် တင့်တင့်တယ်တယ် မင်္ဂလာဆောင်ပွဲ ကျင်းပရန်ပင် အားလုံး စီစဉ်ပြီးနေလေပြီ။

'ဧည့်သည် ရောက်နေတယ်လား...ညီမလေး'

'ဟော...ကိုကို'

မြင့်မားသော အရပ်နှင့် ခံ့ညားသော အသွင်သဏ္ဌာန်၊





အသားညိုညို ထောင်ထောင်မောင်းမောင်း ယောကျ်ား ပီသလွန်းသော ကိုနှင်းဝေသို့ ဒေါက်တာကြည်ညိုထွန်း လှမ်းကြည့်လိုက်မိဆဲ...

'ဟုတ်တယ်...ကိုကို။ ဟေမန့်ဆီ လိုက်လာခေါ်တာ။ ဟေမန်တို့နဲ့ ခြံချင်းကပ်လျက်က ဒေါက်တာကြည်ညိုထွန်းတဲ့'

'တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ'

'သူက ဟေမန်ရဲ့ ကိုကို ကိုနှင်းဝေပါ'

'ဟုတ်ကဲ့...ဟေမန် ပြောပြလို့ ကိုနှင်းဝေကို ကျွန်တော် သိနှင့်နေပါတယ်'

သူတို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။ ကိုနှင်းဝေက လှိုက်လှဲလွန်းသော အပြုံးနှင့် ကြိုဆိုသော်လည်း ဒေါက်တာကြည်ညိုထွန်း၏ ရင်မှာ စိုးထင့်စိတ်များ ဝင်လာမိသည်။

'သူက ဟေမန်ရဲ့ ကိုကို ကိုနှင်းဝေပါတဲ့'

တကယ်ဆိုရင်...

'ဒါ ဟေမန်ရဲ့ မောင်...'လို့ မိတ်ဆက်မပေးသင့်ပါလား'

ဟေမန်သည် သူ့ဘက်မှာ ရှိနေပြီး ကျန်လူများကို အခြံအရံ အဖြစ်နှင့် မြင်သင့်သည်ဟု ဒေါက်တာကြည်ညိုထွန်း ထင်နေမိဆဲ...

'ကျွန်တော့် ညီမလေးကတော့ ဆိုးတယ်ဗျာ။ ဒါပေမယ့်... သူ့ ပင်ကို စိတ်ရင်းလေးက အဖြူရောင်သက်သက်ပါ။ ကျွန်တော့် ညီမလေးမှာ အမှားအယွင်း ရှိရင်လည်း ခွင့်လွှတ် ပေါင်းသင်းပါလို့ အစ်ကို တစ်ယောက် အနေနဲ့ တောင်းပန်ပါတယ်

ဒေါက်တာ'

'ဟင်...ကိုကို...'

'ဟေမန် ဒီရောက်လာပြီးမှ ဟေမန်တို့ စေ့စပ်တဲ့ သတင်းစာကို ကိုကို ဖတ်ရတာပါ ဟေမန်'

'ဒါဆို ဘာလို့ မပြောတာလဲ'

'အဲလေ...ဒီမှာကလည်း ပြဿနာတွေက ရှုပ်ထွေးနေတယ် မဟုတ်လား'

ရင်မှ မီးလျှံ၏ အရောင်ကို မမြင်စေရအောင် အပြုံးများဖြင့် ဖုံးကာ ပိတ်ဆီးနေတဲ့ ကိုကိုရယ်လေ...

'ဒေါက်တာ...'

'ဟုတ်ကဲ့...ကိုနှင်းဝေ'

'သက်တောင့်သက်သာ နေပါနော်။ နက်ဖြန်ကျရင်လည်း ကျွန်တော် ခြံကို လိုက်လည်ပါဦး။ မြို့သားတစ်ယောက် အနေနဲ့တော့ အမြင်ဆန်းပြီး စိတ်ရွှင်လန်းစေမယ် ထင်ပါရဲ့'

'ဟုတ်ကဲ့...ကျွန်တော်လည်း လေ့လာချင်ပါတယ်။ ဘာတွေ စိုက်ထားလဲ'

'ခုလို ဆောင်းမှာတော့ လိမ္မော်ရာသီမို့ တစ်ခြံလုံးသို့ လိမ္မော်တွေ ဝင်းဝါနေပါတယ်'

'နက်ဖြန် သွားကြတာပေါ့'

'ညီမလေးရဲ့ မင်္ဂလာသတင်းကို ကြည်နူးစွာ ကြားသိရပြီးတည်းက ဒေါက်တာ့ကို တွေ့မြင်ချင်နေတာပါ။ ဒေါက်တာတို့ မင်္ဂလာပွဲ သိုက်မြိုက် စည်ကားပါစေ၊ ရာသက်ပန် ပျော်ရွှင်





ချမ်းမြေ့ကြပါစေ ဆိုတဲ့ မေတ္တာတွေနဲ့အတူ ကျွန်တော့် လက်ဆောင် တစ်ခုခု ပို့ဖို့လည်း စီစဉ်ပြီးသားပါ။ မင်္ဂလာပွဲက ဇန်နဝါရီ ခုနစ်ရက်နေ့နော်...နီးတောင် နီးနေပြီပဲ။ ကဲ...ညီမလေး...ဒေါက်တာ နားဖို့...ရေချိုးဖို့...ထမင်းစားဖို့တွေ စီစဉ်လိုက်ဦးလေ...'

ဒေါက်တာကြည်ညိုထွန်းသည် ကိုနှင်းဝေသို့ လေးစားစွာ ကြည့်မိသည်။

'မိဘ ကိုယ်စား အုပ်ထိန်းလာရသော အစ်ကိုကြီး အရင်းတစ်ယောက်နှင့် မခြားနားသော မေတ္တာတရားများဖြင့် ဟေမန့်ပေါ် ညီမလေးလို ချစ်ရှာပါလား'

ဟု ဒေါက်တာကြည်ညိုထွန်း ခံယူမိသည်။

ကိုကို၏ တိတ်တခိုး ရင်မှ ခံစားချက်များကို မှတ်တမ်းတင်ထားသည့် စာတမ်းကို ဖတ်ကြားထားခဲ့ရသော ဟေမန်သည်မူ...

'သြော်...ကိုကိုရယ်။ ဟေမန်တို့ရဲ့ မင်္ဂလာသတင်းကို သိနှင့်နေလျက်နှင့် ဘာမှ မဆိုင်သလို ဘေးဖယ်ပေးပြီး နေနိုင်ရက်တယ်နော်'

'အေးလေ...ငါ့ကို သူနဲ့ မထိုက်တန်ဘူးလို့ ခံယူထားတဲ့သူပဲ။ ဆရာဝန်တစ်ယောက်နဲ့ ရတာ သူ ဝမ်းသာမှာပါ။ မောင့်ကိုလည်း သူ ကျေနပ် သဘောကျသွားပုံရပါတယ်...'

'ဟေမန်တို့ရဲ့ မင်္ဂလာပွဲကို လက်ဆောင်ပို့ဦးမတဲ့'

'ဘာလက်ဆောင်များ ပေးမှာတဲ့လဲ ကိုကိုရယ်...'

◆ ◆ ◆

## အခန်း လေးဆယ့်နှစ်

'ကျောင်းစာနဲ့ပဲ တစ်ချိန်လုံး အချိန်ကုန်ခဲ့ရတော့ ပြင်ပဗဟုသုတတွေ မလေ့လာနိုင်အားခဲ့ဘူး ကိုနှင်းဝေ။ လိမ္မော်ပင် မြင်ဖူးပြီး လိမ္မော်သီး စားဖူးတာက လွဲလို့ ခုလို တပင်တပန်းကြီး စိုက်ပျိုးရတဲ့ အကြောင်းကို တစ်ခါမှ သတိမထားမိခဲ့ဘူး'

'ဟုတ်ကဲ့...ဒေါက်တာ...ဒီလိုပါ'

'ဟာ...ကျွန်တော့်ကို ဒေါက်တာလို့ မခေါ်ပါနဲ့လားဗျာ။ ရင်းနှီးနေကြမှပဲ'

'အဟဲ...ဟုတ်ပါရဲ့လေ...ရင်းနှီးရုံမကပါဘူး။ ကိုယ့် ညီမလေးရဲ့ ချစ်သူမို့ ကျွန်တော့် ညီလေး တစ်ယောက်လို ချစ်ခင်လေးစားစိတ် ထားမိပါပြီ'

'ချစ်ခင်ရုံ တော်ပြီဗျာ။ လေးစားစရာ မလိုပါဘူး'





'ကျွန်တော့် ညီမလေးကိုလည်း ကျွန်တော် တလေးတစား ချစ်တာပါ'

ဒေါက်တာကြည်ညိုထွန်း ခေါင်းညိတ်သည်။

စု၍ ကား၍ ရသော လှေကားနှစ်သွယ်ကို ဆန့်ခင်းပြီး လှေကားပေါ်တက်လျက် လိမ္မော်သီးများကို လက်နှင့် ဆွတ်ခူးနေကြသော ခြံလုပ်သား အမျိုးသမီးများ...

နှစ်လက်မခန့် သစ်သားပြားတွင် 'ကြီးစဉ်ငယ်လိုက်' အပေါက်ဖောက်ထားသော အပေါက်ပေါင်း လေးပေါက် ပါရှိသည့် သစ်သားပြားကို ကိုင်လျက် လိမ္မော်သီးများ တင်ကြည့်၊ သွင်းကြည့်ပြီး 'ခေါင်သီး'၊ 'လုံးကြီး'၊ 'လုံးလတ်'၊ 'လုံးချော' စသော အကြီးအသေး လေးမျိုးလေးစားကို ထိုင်ရွေးနေကြသော မိန်းကလေးများကို ကြည့်ပြီး တစ်ကေတွင် အပင် နှစ်ရာခန့်ဝင်အောင် ၁၆ ပေစီ ခြားပြီး စိုက်ထားသော လိမ္မော်ပင် ကြားလမ်းလေးအတိုင်း လျှောက်လာခဲ့ကြသည်။

ဒေါက်တာကြည်ညိုထွန်းထက် ခြေတံရှည်၍ အရပ်များစွာ မြင့်သော ကိုနှင်းဝေက လိမ္မော်ပင် ကိုင်းတစ်ခုကို ခုန်၍ ဆွဲလိုက်ပြီး အရွက်နှင့် အသီးတွဲလျက်...နှစ်လုံး ခူးလိုက်ပြီး...

'ဟေမန်ဖို့လေ...'

ဒေါက်တာကြည်ညိုထွန်းက ဟေမန်နှင့် ပတ်သက်၍ ပြောတော့မည် လုပ်ပြီးမှ...

'ဒီလိမ္မော်ပင်တွေဟာ တစ်နှစ်သီးပြီးရင် ပြီးရောလား'

'ငါးနှစ်သားကနေ ဆယ့်ငါးနှစ်သားအထိ ဆယ်နှစ်လုံး

လုံး သီးပါတယ်။ အဲဒီဘက်ကတော့ ပင်အိုတွေ၊ အသီးကျဲသွားပြီလေ'

'ဪ...'

'ကျွန်တော်က **'အဖူးကူးနည်း'**နဲ့ စိုက်ပျိုးပြီး သုံးပေအနက်တူး၊ မြေကို နှပ်ပြီးမှ စနစ်တကျ စိုက်ပျိုးထားလို့ အပင်တွေ အောင်ပြီး အသီးတွေ ထွားနေတာပါ။ ငယ်ငယ်ကတော့ သိပ် ဂရုစိုက်ရပါတယ်။ အပင်ငယ်ကြားမှ မြေဆွ ပေါင်းသင်ပြီး နှင်းအစိုဓာတ် စိမ့်ဝင်အောင် ပြုစုရပါတယ်'

'ဟုတ်ကဲ့'

'လေးနှစ်သွား အရွယ်မှာ ပန်းဖြူဖြူလေးတွေ စပွင့်ပြီး အသီးသီးတော့မယ့် နိမိတ်ပြ လက္ခဏာပေါ့။ ကျွန်တော်တို့ ဒေသအခေါ် တော့ 'ပန်းပြုတယ်'လို့ ခေါ်ပါတယ်။ အောက်တိုဘာလောက်ကစပြီး မှည့်ပြီ၊ ခူးလို့ရပြီ။ မှည့်ပြီ ဆိုပေမယ့် အပြင်အခွံကတော့ စိမ်းညို့နေတာပါ။ အထဲမှာသာ ဝါဝင်းနေပါတယ်။ ဒီက အစိမ်းရောင် ခူးပြီး ပို့မှ မြေပြန့်ရောက်တဲ့အခါ ဝင်းဝါသွားမှာပါ။ ခုလို ဒီဇင်ဘာမှာဆို တအားလှိုင်တဲ့ လိမ္မော်ရာသီပါ'

'ဟုတ်ကဲ့ခင်ဗျာ'

'ပုလဲ ဓာတ်မြေသြဇာတွေ ကျွေးပြီး အရေးကြီးတဲ့အမိကရန်သူ 'အူလျှောက်ပိုး' ရန်ကို ကာကွယ်ရပါတယ်။ ကိုင်းကို ဖြတ်ပစ်၊ ကြိုတင်ပြီး အင်ဒရင်းလို ပိုးသတ်ဆေးတွေ ဖျန်းပေးရပါသေးတယ်။ တစ်လ တစ်ကြိမ်လည်း ရေသွင်းပေးရပါ





သေးတယ်'

'ဟုတ်ကဲ့...ကိုနှင်းဝေ ပြောတဲ့ စောစောက 'အဖူးကူးနည်း' ဆိုတာ ဘာလဲ'

'ဪ...'ရှောက်ရိုင်းပင်'ရဲ့ ပင်စည်ကိုဖြတ်၊ အင်္ဂလိပ်စာလုံး T ပုံသဏ္ဌာန် ခွဲပြီး လိမ္မော်ဖူးလေးကို ခူးပြီး အရိုးကရှောက်ရိုင်းပင်ကြားမှ သွင်းပြီး အဝတ်နဲ့ ပတ်ထား၊ ပျိုးထားပြီးမှ စိုက်ပျိုးတဲ့နည်းကို ခေါ်တာပါ။ ဒါကြောင့် အသီးတွေထွားလုံးတွေ လှပါတယ်။ ပိုးကျတဲ့ အဖိုင်း ဖြူဖြူတွေကိုတော့ ပိုးကုန်တဲ့ နေရာအထိ ဖြတ်ထုတ်ရပါတယ်'

'တော်တော်တော့ လက်ဝင်ပင်ပန်းတဲ့ လုပ်ငန်းပဲနော်'

'လုပ်နေကျတော့လည်း ရိုးသွားပါပြီလေ'

'ဘာလုပ်ငန်းပဲဖြစ်ဖြစ်...ကျွမ်းကျင်လာရင်လေ ပင်ပန်းမှုလျော့နည်းလာလေပဲ ဖြစ်မှာပါ'

'ဟုတ်ကဲ့...ဒေါက်တာကြည်ညိုထွန်း။ ခုလို အပင်တွေကြီးလာတော့ ၁၆ ပေ၊ ၁၈ ပေ ခြားထားတဲ့ အောက်ခြေ မြေနေရာတွေမှာ သီးညှပ်အဖြစ် 'မြေပဲ'ကို စိုက်ပျိုးဖို့လည်း ရည်ရွယ်ထားပါတယ်။ ခြံကိစ္စကို ဟောမန့်ကိုလည်း တင်ပြထားပါတယ်။ သူ ကျေနပ်ရင် တိုးချဲ့ပြီး လုပ်ကိုင်ဖို့ အစီအစဉ် ရှိပါတယ်။ ငွေကိုလည်း မှန်မှန် ပို့ပေးပါ့မယ်လို့ ညီမလေးရဲ့ ချစ်သူကိုပါ ကျွန်တော် ကတိပေးပါတယ်'

'ခြံကိစ္စ...ဟောမန်က ကိုနှင်းဝေကို သီးသန့် ပြောပြပါလိမ့်မယ်'

'ဘာပြောမှာလဲ'လို့ မေးလိုလှသော်လည်း မမေးသင့်၍ မမေးဖြစ်တော့ပါဘဲနှင့် ခြံကျယ်ကြီး အတွင်းမှ ကိုနှင်းဝေ၏ ကမ္ဘာငယ်လေးဖြစ်သော ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်ကလေး ရှိရာသို့ ပြန်လာခဲ့ကြသည်။ ဤခြံကြီးကို ကိုနှင်းဝေသို့ အပြီး အပိုင် လွှဲပေးတော့မည့် အကြောင်း ဒေါက်တာကြည်ညိုထွန်း သိသလို ကိုနှင်းဝေ မသိရှာသေး။

'အတော် မောခဲ့ကြလား။ ထမင်း အဆင်သင့်ပဲ။ ကိုကို့ဖို့ ဝက်အူချောင်းလည်း အဲ့နန်းကို ကြော်ခိုင်းထားတယ်'

'ရှော့...ဟောမန့်ဖို့ ကိုကို ရူးလာတာ'

'ဟာ...အကြီးကြီးပဲ။ လုလိုက်တာနော်။ ကျေးဇူးပဲ... ကိုကိုရာ။ ကဲ...စားကြစို့။ ဆာလှပြီ'

'ကိုကို အလုပ်သမားတွေနဲ့ စကား ပြောစရာ ရှိသေးလို့ သွားလိုက်ဦးမယ်။ ညီမလေးတို့ စားနှင့်။ ကိုကြည်ညိုထွန်း... အဝစားနော်။ ဖြစ်သလို စီစဉ်ရတာမို့ အားတော့နာစရာပဲ'

'ရပါတယ်'

'ကိုကိုက တစ်ခါတည်းစားလေ'

'ညီမလေးတို့ စားနှင့်ကြပါ။ ပြီးမှ ကိုကို စားမယ်။ သွားလိုက်ဦးမယ်'

ဟောမန် မကျေနပ်သော်လည်း မောင် မကျေနပ်မှာ စိုးရိမ်ပါ၍ ကိုကို့ကို ထပ်၍ မခေါ်ဖြစ်တော့။

ထမင်းဝိုင်းတွင် ပန်ခလုံအကြောင်းက နည်းနည်း...

ကိုကိုသည် သူ့အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင်





တစ်ယောက် ဖြစ်ကြောင်းနှင့် မင်းအုပ်စိုးတို့ သတ်ရန် ကြံရွယ်သော ညက ကိုကိုသာ မကယ်လျှင် နုလောက်ရှိ ဦးစံရိပ်၏ အုတ်ဂူသစ်တွင် ထာဝရ အိပ်စက်နေရပြီ ဖြစ်ကြောင်းများနှင့်...

လွတ်သွားတဲ့ လူဆိုးကို ယခုအထိ မသိရသေးကြောင်း...

သူ့အသက်ကို ကယ်ရုံမက သူ့မောင်သို့ သတ်အံ့ဆဲဆဲ ကျည်ဆံကို ကိုကို အမြန်ဆုံး တွန်းပစ်၍သာ သူ လူသတ်သမား မဖြစ်ရကြောင်းများကို ရွှန်းရွှန်းဝေအောင် ဟောမန် ပြောနေ ရှာသည်။

ကိုနှင်းဝေနှင့် ဟောမန်တို့သည် တော်ရုံတန်ရုံ သုံးယောဇဉ် မျိုး မဟုတ်ကြ။ ကြီးမားလွန်းစွာ အကြင်နာ ရှိကြသော လူသား နှစ်ဦး အဖြစ်နှင့် ဒေါက်တာကြည်ညိုထွန်း သိမှတ်ရပါပြီ။

'မောင်...စားကောင်းရဲ့လားဟင်။ ရှော့လေ...ဒီ ဝက်အူချောင်းကြော်တွေ စားပါဦး'

ဒေါက်တာကြည်ညိုထွန်းသို့သာ ထည့်ပေးသည်။ ကိုကို့ဖို့ မကျန်မှာစိုး၍ ဟောမန် မစား...

ထမင်းဝိုင်း အပြီးတွင် ကိုကို ရူးလာပေးသော လိမ္မော်သီး လတ်လတ်ကြီးများကို ဟောမန် ခွဲသည်။ လိမ္မော်ခွံမှ ရွှန်းစိုသော အရည်တို့ လက်တစ်ပြင်လုံး စိုရွှဲကုန်သည်။ အမြှာပေါ်မှ အမြှေး မျှင်များကို ဖယ်သင်ပြီး လိမ္မော်စိတ်လေးများကို ပန်းကန်တွင် ထည့်၍...

'စားလေ...မောင်'

'ဒီလို ကျွေးကြေးလား'

'ဟင်…'

ပထမ ဘာပြောမှန်းမသိ၊ နောက်မှ ပြုံးစိစိနှင့် မောင့်မျက်နှာထားကြောင့်…

'သိပ်ဆိုးတဲ့ မောင်'

လိမ္မော်မြွှာလေးကို သူ့နှုတ်ခမ်းမှာ တင်ပေးလိုက်ရသည်။ တစ်ဖက်စွန်းမှ ထွက်နေသော လိမ္မော်မြွှာကို ဟောမန် ကိုက်ယူလိုက်ရပါ၏။

မောင်သည် သူ၏ ချစ်မြတ်နိုးလှသော အချစ်ဦးလေး ဟောမန်သို့ ပွေ့ဖက်လျက် လိမ္မော်များ တစ်စိတ်စီမှ တစ်ခြမ်းပြီး တစ်ခြမ်း ကိုက်ယူ စားသောက်နေကြဆဲ…

ကိုနှင်းဝေ ပြန်လာသည်။

ဟောမန်တို့က မမြင်။

တမင် ရှောင်ပေးခြင်းပါ။ ချစ်သူချင်း ထမင်းလက်ဆုံစားကြပါစေ၊ သူ ရှုပ်မနေအောင် ဖယ်ပေး၍၊ ပြီးလောက်ပြီထင်မှ ပြန်အလာတွင်…

လိမ္မော်မြွှာလေးများကို တစ်ခြမ်းစီ ကိုက်ယူ စုပ်စားနေကြသော ချစ်သူနှစ်ဦးကို ကျောခိုင်းလျက် အိမ်ပြင်သို့ ပြန်ထွက်ခဲ့ရသည်။

ဒေါက်တာ တစ်ယောက်နှင့် ချစ်နေကြသည်။ ယူဖြစ်မည်ဟု သိရစဉ်က ကျေနပ်စိတ်နှင့် ကြည်ဖြူ ဝမ်းသာမိပါလျက်…

ယခု သူ၏ အချစ်ဆုံးသည် သူတစ်ပါး၏ ရင်ခွင်မှာပါ





လား ဟူသော အသိနှင့်၊ အမြင်နှင့် တကယ်တမ်း ရင်ဆိုင် တွေ့လိုက်ရတော့ ရင်မှာ တနင့်နင့် တလှိုက်လှိုက်…

နှုတ်ခမ်းက တင်းတင်းစေ့ထားပါလျက် မျက်ရည်တို့က မျက်ဝန်းမှာ ဝိုင်းပြည့်လာသည်။

'သြော်…ငါ့ဘဝရယ်။ အချစ်ဆုံးလေးနဲ့ ဝေးလံလွန်းလှအောင် နံ့ချာလှချည်လားကွယ်'

ငါသည်သာ ဆရာဝန်တစ်ယောက် သို့မဟုတ် အချစ်ဆုံးနဲ့ ထိုက်တန်သူတစ်ယောက် ဖြစ်ခဲ့ရင် အချစ်ဆုံးကို ခုလို စွန့်လွှတ်ရမှာ မဟုတ်ပါဘူး။

သူလည်း ငါ့ကို သိပ်ချစ်ရှာပါတယ်။ မထိုက်တန်လွန်းလို့ ငါ စွန့်လွှတ် ရှောင်ဖယ်ပေးလိုက်ရတာပါ။

ခုတော့ သူ့ချစ်သူ ရင်ခွင်မှာ ပျော်မွေ့နေရှာခဲ့ပြီ။

ငါ မြင်ချင်တာ ဒါပဲ မဟုတ်လား။ အချစ်ဆုံးရဲ့ ဘဝလှပဖို့ ညီမလေးရဲ့ ရင် ကြည်နူးချမ်းမြေ့ဖို့၊ သူ့ဘဝလေး အေးငြိမ်းသာယာဖို့…

ခု သူ့မှာ အားလုံး ပြီးပြည့်စုံနေပါပြီလေ။

'နှင်းဝေရယ်…မင်းရဲ့ အချစ်ဆုံးလေးအတွက် ဝမ်းသာပေးလိုက်လေ'

'ဟုတ်တယ်။ ငါ ဝမ်းသာရမယ်။ ကြည်ဖြူရမယ်။ ကျေနပ်ရမယ်၊ အားလုံးအတွက် အပြုံးများစွာနဲ့ ကြည်ဖြူ ကြိုဆိုပါတယ် ညီမလေးရယ်…'

'ဒါပေမယ့်…ကိုကို့ ရင်ထဲမှာ၊ ကိုကို့ နှလုံးသားထဲမှာ

တော့ ငိုနေပါရစေ အချစ်ရေ…'

'ဟော…ကိုနှင်းဝေ။ လာလေဗျာ…ထမင်း ပြင်ထားတယ်'

'သြော်…ဟုတ်…ကဲ့'

အပြုံးနှင့် ဝင်လာရသည်။ မျက်ဝန်းမှ စိုစွတ်ဆဲ မျက်ရည်ကြည်များကို ချစ်သူနှစ်ဦး မမြင်ပါစေရန် မျက်လွှာချလျက် ခေါင်းငုံ့ပြီး ထမင်းစားရပါ၏။ ရင်မှာ ပြည့်နှင့်နေပြီးသားမို့ စားမရနိုင်အောင် ရှိနေရဆဲ…

'သန်ဘက်ခါ ကျွန်တော်တို့ ပြန်ကြတော့မယ်နော်… ကိုနှင်းဝေ။ မင်္ဂလာရက်ကလည်း နီးနေပြီ'

'ကောင်းပါပြီ ကိုကြည်ညိုထွန်း'

'ကိုကို'

'ဟောမန်'

'ဟောမန်တို့ မွေးနေ့ထိ နေချင်ပါသေးတယ်။ ဒါပေမယ့်…မောင်က ခွင့်မရဘူး။ ဒါကြောင့် ဟောမန်လည်း ပြန်ရတော့မယ်'

'ပြန်ပါ ဟောမန်။ ပြန်ပါ'

'မွေးနေ့ရက်ထိ မနေနိုင်ပေမယ့် ကိုကို့ကို ကြိုတင်ပြီး မွေးနေ့လက်ဆောင် ပေးခဲ့ပါရစေ။ ကိုကို လက်ခံနော်'

'ဘာများလဲ ဟောမန်ရယ်'

'မောင့်ကိုလည်း ပြောပြီးပါပြီ။ ဘာပဲဖြစ်ဖြစ် ကိုကိုလက်ခံရမှာနော်'





'ကိုကို ကြိုသိပါရစေလား။ ကိုကိုနဲ့ ထိုက်တန်တာလောက်ကိုပဲ ကိုကို လက်ခံပါရစေကွယ်'

သူတို့နှစ်ဦးသို့ မကြည့်ပါဘဲ မစားချင်သော ထမင်းကို နှစ်ပြီး စားနေရဆဲ ဒေါက်တာကြည်ညိုထွန်းက…

'လက်ဆောင် ဆိုတာ မငြင်းကောင်းပါဘူး ကိုနှင်းဝေ။ ဟောမန့် ဆန္ဒအတိုင်း ပြန်ခါနီးမှာ ပေးခဲ့ပါစေဗျာ။ ကျွန်တော်ကြားက ဝင်တောင်းပန်တာပါ'

'ကောင်းပါပြီ ကိုကြည်ညိုထွန်း။ ညီမလေးနဲ့ ကိုကြည်ညိုထွန်းနဲ့ ကျေနပ်ကြမယ်၊ စိတ်ချမ်းသာကြမယ် ဆိုရင် ဘာအစီအစဉ်ပဲဖြစ်ဖြစ် ကျွန်တော် လက်ခံပါ့မယ်'

'ကိုကိုရယ်…ဟောမန် ဝမ်းသာလိုက်တာ'

ရင်လှိုင်းခတ်စေသော စောင်းညင်းသံသာလေး။

ပန်ခလုံ စံအိမ်ကြီးနှင့် ဧက တစ်ရာနီးပါး ကျယ်ဝန်းသော လိမ္မော်ခြံမြေကြီးကို အပြီးအပိုင် ကိုနှင်းဝေသို့ ပေးအပ်ခဲ့မည့် အကြောင်းကို ဒေါက်တာကြည်ညိုထွန်း တစ်ယောက် ကြည်ဖြူဝမ်းသာစွာ သိရှိနေပါသော်လည်း…

ကိုနှင်းဝေမှာ မသိရှာသေး။

◆ ◆ ◆

## အခန်း လေးဆယ့်သုံး

ဒေါ်မြမြချင်း ငိုနေသည်။

သူ့တူ ရန်အောင်စိုးသည် ချော့မော့ နှစ်သိမ့်လျက် သူ့သားလေး မင်းအုပ်စိုး၏ သတင်းကို လာပို့နေသည်။ ဒေါ်မြမြဝင်းတို့ပိုင် အိမ်တွင်းမှ ဘယ်မှ မထွက်စေပါ။ စိတ်ချပါဟု လာရောက်သတင်းပို့ရင်း ဟောမန်တို့၏ သတင်းကိုလည်း မေးမြန်းသည်။

'သူတို့ နက်ဖြန် ပြန်ကြမလို။ ကားက မထွက်ဖြစ်ဘူးတဲ့။ တစ်ရက် နှစ်ရက် နေရဦးမယ် ထင်တယ်။ သူတို့ ပြန်မှပဲ သားလေး ဒီအိမ်ကို လာလို့ကောင်းမှာ...ဟောမန်နဲ့ မျက်နှာချင်းဆိုင်လို့ ဘယ်ဖြစ်မှာလဲကွယ်'

'ဟုတ်ပါရဲ့...ဒီကောင်ကိုကလည်း မိုက်ပါတယ်။ ဟောမန်





သေရင် အမွေအားလုံး သူပဲ ရခွင့်ရထိုက် ရှိတယ်ဆိုတာ တစ်ခုပဲ သူ သိတယ်လေ...'

'အင်း...ငွေလိုချင်တာ တစ်ခုကလွဲလို့ သူ့မှာ ဆင်ခြင်စဉ်းစားနိုင်တဲ့ ဉာဏ် မရှိတော့ဘူးလေ...ကြည့်ပြောပါဦး သားရယ်'

'ပြောတယ်...စိတ်ချ အန်တီ။ ခုဆို ကျွန်တော်နဲ့ သူနဲ့ပဲ ညီအစ်ကို နှစ်ယောက်တည်း ရှိကြတာ။ အရင်းလိုပဲပေါ့။ အတူလည်း နေကြရတာ။ နေစမ်းပါဦး အန်တီတို့ မြို့ထဲက ဘဏ်ဘေးနားက တိုက်ခန်းကို ပြောင်းမလို့ဆို...'

'အေး...'

'အိမ်ပေါ်က ဆင်းပေးရမယ် ဆိုတာတော့ လွန်တာပေါ့။ ဒါ ဟိုကောင် မသိသေးဘူး'

'မင်းတို့ အစ်ကိုကြီးရဲ့ အစီအစဉ်လေ။ ဟိုကောင်မလေးက ဒီလောက်ကြီး မဟုတ်ပါဘူး။ နောက်ပိုင်း လျှော့သွားတယ်...သူကသာ သည်းနေတာ'

'အစ်ကိုနှင်းဝေကြီးကတော့ တကယ်ပါပဲ။ ဟောမန်က သူ့ပေါ် ကျနေမှန်း သိလျက်နဲ့ သူက ဟီးရိုးကြီး လုပ်နေတာ။ တကယ်ဆို သူ ယူလိုက်ရင် အားလုံး အဆင်ပြေနေပြီ'

'တော်ပါတော့ သားရယ်။ ဒီအကြောင်းတွေ။ ခုတော့ အန်တီလည်း စိတ်ဓာတ်တွေ တကယ်ကျပါပြီ။ မြို့ထဲပဲ ပြောင်းနေရတော့မှာပေါ့'

'အင်းလေ...လက်မလွှတ်သင့်ဘဲ လက်လွှတ် အရှုံးပေး

လိုက်ရတဲ့ အခွင့်အရေးပဲ။ မေမေ မရှိဘူး...ခရီးသွားနေလို့။ ပြန်လာလို့ တစ်ပြားမှ မရဘဲ အိမ်ပေါ်က ဆင်းပေးလိုက်ရပြီ ဆိုရင် ဆွေ့ဆွေ့ခုန်နေမှာ'

'ဘယ်တတ်နိုင်တော့မလဲကွယ်...ကိုယ့်သားကြီး ကိုယ်တိုင်ကမှ ဒီဘက်က မရှိဘဲ။ ဟောမန့်ဘက်က လုံးလုံးလျားလျား လိုက်ပေးနေတော့လည်း ဆင်းပေးလိုက်ရုံပေါ့။ ရှက်တာ တစ်ခုပါပဲ'

'အစ်ကိုနှင်းဝေကြီးက တစ်မျိုးပါပဲလေ။ ဟောမန်က ခုထိ သူ့ကို စိတ်ကုန်ပုံ မရသေးဘူး'

'အို...မဟုတ်တာ။ သူနဲ့ လက်ထပ်တော့မယ့် ဆရာဝန်တောင် လိုက်လာပြီလေ...'

'သိတယ်...ဒါပေမယ့် ကျွန်တော် ပြောရပါတယ်။ အန်တီ့သားကြီးကသာ ဟောမန့်ကို လက်ထပ်ပါရစေလို့ ပြောကြည့်...ဟိုဆရာဝန်ကို ကန်ထုတ်မှာသေချာတယ်။ ဟောမန်က အစ်ကို့ကို တကယ် ချစ်တာဗျ'

'တော်တော့ ရန်အောင်စိုးရေ။ ဒီကိစ္စက ဟိုဆရာဝန်သေမှပဲ ဖြစ်ကောင်းဖြစ်မှာ။ ဟိုကလည်း ဟောမန့်ကို အတော် ချစ်ပုံရတယ်'

'ဟောမန်က သိပ်လှတာကိုဗျ'

'အင်း'

'သူတို့သုံးယောက် ဘယ်သွားကြလဲ'

'မင်းအစ်ကိုကြီး ရှိတယ်လ။ ဟောမန်တို့ အပြန်အစွဲက်





ဘာတွေ လုပ်ပေးနေလဲ မသိပ့ါဘူး။ ဟို...နှစ်ယောက်ကတော့ အပြင်သွားကြတယ်။ ဟောမန်က ချယ်ရီတို့အိမ် သွားမယ်ဆိုလို့ လိုက်ပို့တာ...ဟောဟိုမှာ...ဒေါက်တာကြည်ညိုထွန်း ပြန်လာပြီ'

'နှမည်က ထိုင်ကန်တော့ချင်စရာပဲနော်။ ရုပ်ကလည်း ဖြောင့်တယ်။ ဒါကြောင့်သာ သူ့ဒွေးမလေး ရတာ နေမှာပေါ့ နော်... ဟောမန်လည်း မပါပါလား'

'ချယ်ရီတို့အိမ်မှာ နေခဲ့တယ်နဲ့ တူတယ်'

'ဒါဖြင့် ကျွန်တော် ပြန်မယ် အန်တီ။ နှုတ်ဆက်နေရဦးမယ်'

'အေး...အေး...ဩော်...ရန်အောင်စိုး'

'ဟုတ်ကဲ့...အန်တီ'

'သားဆီကို ကိုညိုမြောင်း လာသေးလား'

'မတွေ့မိဘူး'

'ဦးအဂ္ဂနဲ့ ဦးစံရိပ်ရော...'

'သူတို့လည်း မလာကြဘူး ထင်တယ်။ ကျွန်တော်တော့ မတွေ့ဘူး။ ဒေါ်ခမ်းနွဲ့တော့ လာတယ်။ သူ့အခန်းထဲမှာပဲ စကားပြောပြီး ပြန်သွားတယ်'

'ဘာတွေ ပြောလဲ'

'ကျွန်တော် မကြားဘူး။ အခန်းထဲမှာပဲ သူတို့ချင်း ပြောနေကြတာ။ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး'

'ဒါဖြင့် ကျွန်တော် ပြန်မယ်နော်...'

'အေး...အေး...ဒီက ကိစ္စလေးတွေ ရှင်းပြီးမှပဲ အန်တီ သားဆီကို လာခဲ့မယ်လို့ ပြောလိုက်ပါ ရန်အောင်စိုး'

◆

ရန်အောင်စိုး ထွက်ခွာသွားပြီး မကြာမီမှာပင် ကိုနှင်းဝေသည် မြို့ထဲက လိမ္မော် ပွဲရုံသို့ ကိစ္စရှိ၍ ခဏသွားဦးမည်ဟု ဒေါက်တာကြည်ညိုထွန်းသို့ နှုတ်ဆက်သည်။ ပြီးတော့... ကြွခိုင်တောင့်တင်းသော ခြေထောက်များဖြင့် ပန်ခလုံမှ ထွက်ခွာသွားတော့သည်။

ဒေါက်တာကြည်ညိုထွန်းမှာ ဟေမန်သို့ မျှော်နေသည်။

ဘယ်သောအခါတွင် ပြန်လည်၍ တွေ့ဆုံကြမည်ဟု မခန့်မှန်းနိုင်သော အချိန် အတိုင်းအတာကြောင့် ဟေမန်သည် သူ၏ ငယ်သူငယ်ချင်းများကို ချယ်ရီနှင့်အတူ လိုက်လံ နှုတ်ဆက်ပါရစေဟု ပြောသဖြင့်သာ ပြန်လာခဲ့ရ၏။

'ဒေါက်တာကြည်ညိုထွန်း ဆိုတာ ခင်ဗျားလား'

ဆယ့်သုံးလေးနှစ်ရွယ် ကျောင်းလေး တစ်ယောက်က ခြံတွင်း၌ ငေးမျှော်နေသော ကြည်ညိုထွန်းကို လာမေးသည်။

'အေး...ဘာကိစ္စလဲ'





'မမဟေမန်က ခေါ်ခိုင်းလိုက်လို့ဗျ'

'ဟင်...ဟုတ်လား။ ဟေမန်က ဘယ်မှာလဲ'

'သူ့သူငယ်ချင်းအိမ်မှာ။ ကြာမှာမို့ အစ်ကို လိုက်ခဲ့ပါတဲ့'

'အေး...အေး'

ဒေါက်တာကြည်ညိုထွန်းက အိမ်တွင်းဝင်ပြီး ဂျာကင် အင်္ကျီကို ထပ်ဝတ်လိုက်သည်။ နှုတ်ဆက်ရန် တစ်ယောက်တည်း ရှိနေသော ဒေါ်မြမြချင်းက ဆိုဖာပေါ်တွင် မှိန်းနေ၍ နှုတ်မဆက်တော့ပါဘဲ ထွက်လာပြီး...

'ဟေမန့် သူငယ်ချင်း အိမ်ကို မင်းသိလား...ချာတိတ်'

'သိတယ်ဗျ'

'လာ...ဒါဖြင့် သွားကြရအောင်'

'နည်းနည်းတော့ ဝေးတယ်ဗျ'

'ဘယ်လောက်ဝေးဝေးကွာ...မင်း လိုက်ပြမှာ မဟုတ်လား'

'ကျွန်တော်နဲ့အတူ ခေါ်လာပါလို့ မှာလိုက်တာဗျ'

ဗျ ချင်း ထပ်နေသော ချာတိတ်၏ စိုးထိတ်ထိတ် မျက်နှာလေးကို ကြည့်ပြီး ဒေါက်တာကြည်ညိုထွန်းက ပြုံးလျက် သူ့ပခုံးပေါ် လက်တင်ပြီး...

'လာ...ချာတိတ်။ သွားကြစို့'

◆ ◆ ◆

### အခန်း လေးဆယ့်လေး

'ဟင်...ဟေမန်က ဘယ်က ပြန်လာတာလဲ'

'ချယ်ရီတို့ အိမ်ကပေါ့'

'ကိုကြည်ညိုထွန်းရော'

'သူ့ကို အိမ်ပြန်ခိုင်းလိုက်တယ်လေ။ ဟေမန်က ကြာဦးမှာမို့။ အခု မောင်မရောက်သေးဘူးလား ကိုကို'

နှင်းဟေမန်ဦးက ငြိမ်းအေးနေသလောက် ကိုနှင်းဝေ လှုပ်ရှားသွားသည်။

'ဒါနဲ့...အဲနန်းက ပြောတော့ ကောင်လေးတစ်ယောက်က လာခေါ်သွားတာ တွေ့လိုက်တယ်တဲ့။ ဟေမန်က ခေါ်ခိုင်းလိုက်လို့ဆို...'

'ဟင့်အင်း...ဟေမန် မခေါ်ခိုင်းပါဘူး'

'ဟိုက်...ဒါဖြင့်...'

'ဘာဖြစ်လို့လဲဟင် ကိုကို...ဟင်'

'ဘာမှမဖြစ်ပါဘူး...ဟေမန်။ ဟေမန် အိမ်ကပဲ စောင့်နေ





နော်။ ကိုကို...ကိုကြည်ညိုထွန်းဆီ လိုက်သွားလိုက်ဦးမယ်'

'အို...သူက ဘယ်မှာမို့လဲ'

'ကိုကို ထင်တဲ့ နေရာမှာများ သူ ရောက်သွားပြီလားလို့'

'ဘယ်...ဘယ်မှာလဲ ကိုကို'

'မမေးနဲ့ ဟေမန်...စိတ်လည်း ပူမနေနဲ့။ ကိုကို သူ့ကို ခေါ်ပြီး အမြန်ဆုံး ပြန်လာခဲ့မယ်'

ဒီပါကို အမြန်ဆုံး ဆွဲထုတ်လာပြီး ပြေးခုန်တက်လျက် ဒုန်းစိုင်း၍ ထွက်သွားသော ကိုနှင်းဝေကို ဟေမန်မှာ နားမလည်နိုင်စွာ ကြည့်ရင်း ကျန်ရစ်ခဲ့ရသည်။

ကိုနှင်းဝေသည် စန္ဒကူးတောင်နှင့် ဆန့်ကျင်ဘက် အရှေ့အရပ်ရှိ နမ့်ပန်ရွာငယ်နှင့် ထင်းရှူးတောတန်းကို ဖြတ်သန်းပြီး ဒီပါကို ကဆုန်ပေါက်၍ ပြေးစေသည်။ ဒီနေ့မှ ဒီပါသည် သွက်လက် တက်ကြွလွန်းစွာ ပြေးနေပါ၏။ ဂျာကင်အညို၊ ဂျင်းအပြာရောင်၊ မြင်းစီးဖိနပ်နှင့် ခံ့ညားလှပစွာ ထင်းရှူး တောတန်းကြားမှ ဖြတ်သန်းသွားနေသော မြင်းစီးသမားကြီး ကိုနှင်းဝေကို မြင်လိုက်ရသူတိုင်းက ကြည့်ကောင်းကောင်းမို့ လှည့်ရပ်၍ မကြည့်ဘဲ မနေနိုင်ကြ။

'ဒီကောင်တော့ကို မနက်က 'နမ့်ပန်လွင်ပြင်'ဘက် မိုင်းဖြတ် သွား ကားလမ်းဘေးမှာ တွေ့လိုက်ရတည်းက ငါ မသင်္ကာဘူး...'

'သူတို့ဟာ ဟေမန့်ကို တစ်စုံတစ်ယောက်နဲ့ လက်ထပ်

သွားရင် အားလုံး ဆုံးရှုံးမယ် ဆိုတဲ့ အသိ တစ်ခုတည်း ရှိကြတယ်'

'ဟေမန့်ကို ပန်ခလုံက ပြန်လည် ထွက်ခွာသွားမှာကို မကြည့်နိုင်ကြဘူး'

'ငါကလွဲလို့ ဟေမန် တစ်စုံတစ်ယောက်နဲ့ လက်ထပ်သွားရင် ဆိုတဲ့ အတွေးတွေ သူတို့စိတ်မှာ ဝင်နေတယ်'

'ပညာကမရှိ၊ အသိက မကြွယ်၊ ဆေးကစွဲနေ၍ ပုံမမှန်တဲ့ ဦးနှောက်က အမှန်တရားကို မမြင်နိုင်နဲ့တော့...'

'အို...ကိုကြည်ညိုထွန်းကို လာခေါ်သွားတာ သူတို့ အုပ်စုရဲ့ အကြံဉာဏ် မဖြစ်ပါစေနဲ့'

'ဖြစ်ခဲ့ရင်လည်း ငါ အချိန်မီ ရောက်ပါစေ'

'ကိုကြည်ညိုထွန်း ဘာမှ မဖြစ်ပါစေနဲ့'

'သူ့ပေါ်မှာ ဘာအန္တရာယ်မှ မကျရောက်ပါစေနဲ့'

စိုးရိမ်ပူပန်ခြင်း များစွာဖြင့် အားကုန်ပြေးစေခဲ့သော ဒီပါသည် ထင်းရှူးတောတန်းထိပ်မှာ ရပ်တန့်သွားသည်။

**'ဝီ...ဝီ...ဝီ'**

ဆိုသော ကားကြီးတစ်စင်း၏ မောင်းနေသံ ကျယ်ကျယ်လောင်လောင်ကြောင့်...

ကိုနှင်းဝေတို့ ရောက်နေရာ အရပ်သည် ကုန်းမြင့်မြင့်ကလေး၊ အောက်ခြေမှာ လွင်ပြင်ပြန့်၊ လွင်ပြင်ပြန့် အထက်မှာ မြင့်မားလှသော မိုင်းဖြတ်သွား တောင်တက်ကားလမ်း...





ကားလမ်း ဆိုသော်လည်း တစ်နေ့လုံး နေမှ ကားနှစ်စီးလောက်သာ ဖြတ်သန်း၍ လမ်းရှင်းနေသည်။ တခြား ပတ်လည်က လူသူမဲ့သော တောအုပ်များ ဝိုင်းရံနေသည့် နေရာ...

'ဟာ...ဟို...ဟိုမှာ...'

ကိုနှင်းဝေသည် ဝေးလံလွန်းသော နေရာမှ မြင်ကွင်းကြောင့် ရင်ထိတ်လွန်းစွာ ပျာယာခတ်သွားရပြီ။

ဒီပါ၏ ဇက်ကို တအားဆွဲပြီး တောင်ကုန်းငယ် ပေါ်မှ လွှားခနဲ ခုန်ချလိုက်သည့် မြင်ကွင်းမှာ အသည်းထိတ်လွန်းစရာပါ။

ဒီပါသည်သာ တောင့်တင်းသန်မာ ထွားကျိုင်းလွန်းသော မြင်းကြီး မဟုတ်ခဲ့ပါလျှင် ကိုနှင်းဝေသည်သာ ကြံ့ခိုင်လွန်းသူတစ်ယောက် မဟုတ်ခဲ့ပါလျှင် တွေးရဲစရာမရှိ။ အလဲလဲ အပြိုပြိုနှင့် ပြန်ထနိုင်စရာ အကြောင်းကို မရှိတော့...။

ယခုတော့ စောစောဆီက အတိုင်းပင် အားသွန်၍ ပြေးခဲ့လေပြီ။

'ဟေး...ဟေး...'

အသံကုန်ဟစ်ရင်း မြင်ကွင်းဆီသို့ အားသွန်ပြေးသည်။

ဂျီအမ်မ်စီ ကုန်တင်ကားကြီးတစ်စင်း၊ ကားပေါ်တွင် လူနှစ်ယောက်...

ကားကြီးက ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ ကွေ့ဝိုက်မောင်းနှင်လိုက်နှင့် သဲကောင်ကို အမိအရ လိုက်၍ တိုက်

သတ်နေသည်။

ကားရှေ့မှ ရှောင်ရင်း လှည့်ကြည့်ရင်းနှင့် ကြောက်လန့်တကြား အားကုန် ပြေးနေရသူက...

'ဒေါက်တာကြည်ညိုထွန်း...'

ကိုနှင်းဝေနှင့် ဒီပါတို့ လျင်မြန်စွာ အနားရောက်လာခဲ့ချိန်တွင်...

ဒေါက်တာကြည်ညိုထွန်းသည် အားတက်လွန်းသော မျက်ဝန်းများဖြင့် ပြေးလာပြီး ကိုနှင်းဝေနှင့် လက်ချင်း ချိတ်ဆက်မိခါနီးတွင်...

**'ဝီး...ဝှီး...'**

ဆိုသော ကားသံကြီးက အနီးကပ်ဆုံး ရောက်လာပြန်၍ လူချင်း ပြန်ခွဲပေးလိုက်ရပြန်သည်။ မြင်းစီးထားသော ကိုနှင်းဝေနှင့် လမ်းလျှောက်ပြေးနေသော ဒေါက်တာကြည်ညိုထွန်း၏ ကြားမှ ကားက ပြန်ထွက်သွားပြန်သည်။

မြင်းပေါ်သို့ ဒေါက်တာကြည်ညိုထွန်းကို ဆွဲတင်ရန် ပြန်ကြိုးစားနေဆဲ ကားကြီးသည် နောက်ပြန်ဆုတ်လာပြန်သည်။

လမ်းရှဲ၍ လူခွဲပေးလိုက်ရပြန်ပြီ။

ဒီပါသည် မကြုံဖူးသော အနီးကပ် ကားသံကြီးကြောင့် လန့်ဖျပ်ပြီး ထွက်ပြေးရန် ခြေလှမ်း၏။ ကိုနှင်းဝေက ဇက်ကြိုးဆွဲတော့ ဆွဲရာသို့ မလိုက်။ ပဒပ်ရပ်၍ ရုန်းတော့သည်။

ဒီပါကို အားကိုး၍ မရတော့။

ကိုနှင်းဝေက မြင်းပေါ်မှ ခုန်ဆင်းပြီး...





'ဟောကောင်တွေ...ရပ်...'

**'ရပ်...'**

အသံ၏ အင်အားရှိသမျှ ကြုံးအော်ရင်း ကိုနှင်းဝေ ပြေးသည်။

ဒီပါသည်လည်း ကျယ်လောင်စွာ အော်မြည် ဟီလျက် ကွင်းပြင်မှာ ပတ်ပြေးနေ၏။

ကားကြီးသံ...

ကိုနှင်းဝေ အော်သံနှင့်...

ကျယ်လောင်သော မြင်းဟီသံတို့ ကားလမ်းပေါ်မှာ ကြားသာလောက်အောင် ဆူညံနေချိန်တွင်...

ဂျီအမ်မ်စီ ကားကြီးသည် ရှေ့မှပြေးနေသော ဒေါက်တာကြည်ညိုထွန်း နောက်သို့ တည့်တည့်လိုက်နိုင်ခဲ့ပြီ။

ကြောက်အား လန့်အားနှင့်မို့ ကွေ့ဝိုက်၍ မပြေးမိသလား။

နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် အသက်ဘေးမှ လွတ်အောင် ကြောက်လန့်တကြီး ပြေးနေသော ဒေါက်တာကြည်ညိုထွန်းမှာ သူ့ရှေ့တွင် တောင်စောင်းခံနေပြီ။

သူ ပိတ်မိကာ ကျပ်ညပ်စွာ ကားနှင့် တိုက်ကြိတ် သတ်ခံရတော့မည့် အချိန်တွင်...

ကိုနှင်းဝေ ပြေး၍ မမီတော့။

သန်မာလွန်းသော အင်အားများဖြင့်၊ စိုးရိမ်စိတ် ဇောများဖြင့် အဝေးကြီးရောက်အောင်...

လွှားခနဲ ခုန်ဝင်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဒေါက်တာ ကြည်ညိုထွန်းသို့ တအား ဆောင့်တွန်းလိုက်သဖြင့် ဒေါက်တာကြည်ညိုထွန်းမှာ ဝေးလွင့်ရာသို့ လွင့်စဉ်ကျသွားချိန်တွင်...

**'အ...အ...အား...အား...'**

ဆိုသော ကိုနှင်းဝေ၏ မချိမဆံ့ အော်သံသည် ကားကြီး၏ ဆူညံသံ အောက်မှာ နစ်မြုပ် ပျောက်ကွယ်သွားတော့သည်။

အောက်ဘက်ဆီမှ အသံများကြောင့် ရဲကားတစ်စင်းက ဖြတ်လာရင်း ရပ်ဆိုင်းကြည့်မိသည်နှင့် မမြင်ရဲစရာ မြင်ကွင်း တစ်ခုကြောင့်...

**'ဒိုင်း'**

ဆိုသော သေနတ် တစ်ချက်ပစ်ဖောက်ပြီး ရဲများ ပြေးဆင်းလာကြသည်။

လဲနေရာမှ ဒေါက်တာကြည်ညိုထွန်း လှမ်းကြည့်လိုက်တော့...

တောင်စောင်းထိပ်နှင့် တိုက်ပြီး ရပ်နေသော ဂျီအမ်မ်စီ ကားကြီး...

ကားပေါ်မှ ဆင်းပြေးသွားကြသော လူနှစ်ယောက်...

နောက်...

ကိုနှင်းဝေသည် ကားအောက်မှာ မှောက်လျက်သား...

သွေးများက ချင်းချင်းနီစွာ စီးသွယ်အိုင်ထွန်းလျက်...

◆ ◆ ◆





## အခန်း လေးဆယ့်ငါး

ဆေးရုံ၏ ခွဲစိတ်ခန်းရှေ့ ကြမ်းပြင်တွင် လိမ့်လူးစွာ ငိုနေရှာသော နှင်းဟေမန်ဦးသို့ ဒေါက်တာ ဝင်းမောင်ဆွေက မထူသည်။

'အမယ်လေး...ဆရာရယ်...ကိုကို့ကို ကယ်ပေးပါ။ ကိုကို့ကို မကယ်နိုင်ကြတော့ဘူးလားရှင်'

ဟေမန်၏ ငိုပုံက ရင်နှစ်ခြမ်း ကွဲသွားတော့မတတ် ဆို့နစ် ကြေကွဲ လှိုက်လှဲလွန်းလှသည်။

'ဒီလောက် ငိုမနေနဲ့ ဟေမန်။ တခြား လူနာတွေလည်း ရှိတယ်...ဒီမှာ ထစမ်း'

ထူမ၍ ခုံတန်းလျားပေါ် တင်လျက်...

'အခု ဒုတိယ သွေးပုလင်းသွင်းနေပြီ။ ဒေါက်တာ ကြည်ညိုထွန်း ကိုယ်တိုင် အထူး ဂရုစိုက်နေရှာပါတယ်။ ဆရာဝန်ကြီးတွေ အနားမှာ အားလုံး ဝိုင်းနေကြပါတယ် ဟေမန်'

'ဟေမန့်ကို မညာကြပါနဲ့။ ကိုကို အသက်မရှိတော့ပါဘူး…ဟေမန် သိပါတယ်'

'ဖော်…မဟုတ်သေးပါဘူး'

ဒေါက်တာဝင်းမောင်ဆွေက နှင်းဟေမန်ဦး၏ ပခုံးကိုကိုင်လှုပ်ပြီး…

'ကိုနှင်းဇေ မသေဘူး ဟေမန်။ မသေနိုင်တော့ဘူး'

'အို…အို…ဟုတ်လို့လား ဆရာရယ်'

'ဆရာ ညာပါ့မလား ဟေမန်'

'ဒါဖြင့် ဟေမန် ဝင်ကြည့်ပါရစေ'

'ခဏနေဦး…ဆရာဝန်တွေ အားလုံး စမ်းသပ်စစ်ဆေးတိုင်ပင်နေကြတယ် ဟေမန်'

'ဟင့်အင်း…ဆရာ ဘာပြောပြော ဟေမန် မယုံဘူး။ ဟေမန့် မျက်စိနဲ့ ကိုကို့ကို မြင်ရမှ…'

'ကဲ…စတာပ်ဖ်ရေ…သူ့ကို ခဏလေး ထိန်းထားလိုက်စမ်းပါဦး။ အထဲဝင်ပြီး ဆွေးနွေးလိုက်ဦးမယ် ဟေမန်ရယ်။ 'သူ့ကြောင့်' ဆိုတဲ့ စိတ်နဲ့ ဒေါက်တာကြည်ညိုထွန်း သိပ် စိတ်မကောင်း ဖြစ်ပြီး အနားက အသေးစိတ် ဂရုစိုက်နေရှာပါတယ်ကွယ်'

ဒေါက်တာဝင်းမောင်ဆွေသည်လည်း ခွဲစိတ်ခန်းတွင်းမှ အစိမ်းရောင် အဝတ်အစားကြီးနှင့် ပြေးပြေးလွှားလွှား ပြန်လည်ဝင်သွားရရှာပါ၏။

အပြာဝတ် သူနာပြု ဆရာမသည် ဟေမန်သို့ ဆေးတစ်





လုံး တိုက်ပါ၏။ ဗေလီယံလို၊ ရလီဗင်လို စိတ်ငြိမ်ဆေးများလားမသိ။ ဆေးတော့ တိုက်သမျှ သောက်သည်။ အစားအစာနှင့်သောက်စရာတော့ ဘာမှ ကျွေး၍မရ။ နှင်းဟေမန်ဦး၏ မျက်ရည်တို့သည် ပန်ခလုံမြို့ကို ဖြတ်စီးနေသော ပန်ခလုံ စမ်းချောင်းရေ အလျဉ်နှင့် ယှဉ်ပြိုင်ဝံ့အောင် အဆက်မပြတ် စီးသွယ်လျက်ပါ…။ သူနာပြု ဆရာမကိုပင် အားကိုးတကြီး ဖက်တွယ်လျက်…

'ကိုကို့ကို ကြည့်ပါရစေ…'

'ကိုကို့ကို ကြည့်ပါရစေ…'

ဟု တတွတ်တွတ် တောင်းပန်နေသော အသံလေးသည် သဲ့သာ ရှိုက်သံနှင့်အတူ အဆက်မပြတ် ပွင့်ထွက်နေတော့သည်။

တစ်နာရီမျှလောက် အကြာတွင် ဒေါက်တာ ဝင်းမောင်ဆွေ ထွက်လာသည်။

'လာ…ကြည့်တော့'

ပြောလိုက်သံသည် မိုးကြိုးပစ်ခွင်းသံ တစ်ခုလို အထိတ်တလန့် ဖြစ်ရသည်။

ဒေါက်တာဝင်းမောင်ဆွေကိုယ်တိုင် ဟေမန်သို့ ဖေးမတွဲခေါ်ခဲ့၏။

တုန်ယင်လွန်းသော ခြေလှမ်း၊ ဝေဝါးလွန်းသော အမြင်များဖြင့် ဆေးရုံခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာသော ဟေမန်သည် မြင်လိုက်ရသော မြင်ကွင်းကြောင့်…

'အို…'

ဝမ်းသာ အားတက်မှုသည် ရင်ဝသို့ ဆောင့်တိုးလာခဲ့ရပါပြီ။

ကိုကိုသည် ခုတင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်ပျော်လျက်... အသက်ကို မှန်မှန်ကြီး ရှူနေသည်။ ပလတ်စတစ် အိတ်ထူပြား အတွင်းမှ သွေးညိုညိုပျစ်ပျစ်တို့သည် ကိုကို့ ကိုယ်ခန္ဓာ အတွင်းသို့ သွေးကြောများမှတစ်ဆင့် တစ်ပေါက်ချင်း ကျဆင်းနေသည်။

ကိုကို့မျက်နှာသည် နဂိုအတိုင်း...

သွေးရောင်လွှမ်းလျက် လန်းလန်းကြည်ကြည်...

'အို...ဝမ်းသာလိုက်တာ...ဟေမန် ဝမ်းသာလိုက်တာ... ကိုကို့အတွက် စိတ်ချရပြီပေါ့နော်'

'စိတ်ချရပါပြီ။ သူ မသေနိုင်တော့ပါဘူး ဟေမန်ရယ်'

ဒေါက်တာကြည်ညိုထွန်းက သူ၏ အေးစက်နေသော လက်နှင့် ဟေမန်သို့ ကိုင်ပြီး ပြောသည်။ မောင့် စကားပြောသံ နှုန်းက နေးကွေးလွန်းလှသည်။

ဝမ်းသာ အားတက်စရာ ကောင်းလွန်းသော စကားကို ဝမ်းသာဟန်နှင့် ဘာကြောင့်များ သူ မပြောနိုင်ရပါလိမ့်။

'ကိုနှင်းဝေဟာ မောင့်ရဲ့ ကျေးဇူးရှင် အစစ်ပါပဲ ဟေမန်ရယ်။ မြင်လေ...မောင်...သူ့ကို သိပ်သနားတယ်။ ရင်ထဲမှာလည်း တကယ် ထိခိုက်ရပါတယ်'

'အို...မောင်ကလည်း ဘာပဲဖြစ်ဖြစ် ကိုကို မသေရင် ဟေမန် ကျေနပ်ပြီ မောင်။ ဟေမန်တို့ မပြန်ကြသေးဘဲ ကိုကို့ကို





အစွမ်းကုန် ပြုစုကြမယ်လေနော်...ကိုကို နေကောင်းမှပဲ မောင်နဲ့ ဟေမန်နဲ့ ပြန်ကြမယ်လေနော်...မောင်'

အားတက်စိတ်နှင့် အားရ ဝမ်းသာလွန်းစွာ ဟေမန်က ပြောနေသလောက် ဒေါက်တာကြည်ညိုထွန်းက ငြိမ်သက်လွန်းနေသည်။

ဤပုံစံအတွက် အားမရနိုင်အောင် ရှိလာရသည်နှင့် သူ့မျက်နှာကို လှမ်းကြည့်မိသည်။ ကိုကို အသက်ရှင်ခြင်းအတွက် ကျေမှ ကျေနပ်ပါ၏လား ဆိုသော သဘောနှင့်...

'ဟင်...မောင်'

နှင်းဟေမန်ဦး ကြီးကျယ်စွာ လန့်ဖျပ်သွားရပါပြီ။

'အို...မောင့်မျက်ဝန်းမှာ မျက်ရည်တွေနဲ့။ မောင် ငိုနေတယ်လားဟင်'

'ဟုတ်တယ်...ဟေမန်ရယ်။ ကိုနှင်းဝေအတွက် မောင်... မောင် သိပ်ခံစားနေရဖါတယ်'

'ဘာ...ဘာ...မောင်။ ဒါနဲ့ ကိုကို မသေနိုင်တော့ဘူးဆို။ ကိုကို့ အခြေအနေက အကောင်းချည်းပဲ မဟုတ်ဘူးလားဟင်'

ဒေါက်တာကြည်ညိုထွန်း ဖြည်းလေးစွာ ခေါင်းခါယမ်းသည်။

'ဟင်...မောင်...ကိုကို...ကိုကို ဘာဖြစ်လို့လဲ'

'ဟေမန်ရယ်...'

'မြန်မြန် ပြောစမ်းပါ မောင်ရယ်'

'ကားကြီးက သူ့ခြေနှစ်ချောင်းလုံးပေါ်ကို တက်ကြိတ်မိ

တာ ဟောမန်ရဲ့'

'ဟာ...'

'ခြေနှစ်ဖက်လုံး ကျိုးကြေသွားပြီ။ နှစ်ဖက်လုံး ဖြတ်ပစ်ဖို့က လွဲပြီး တခြား ရွေးစရာ လမ်းမရှိတော့ဘူးကွယ်'

'အမယ်လေး...'

ဟောမန်သည် ဗေဒတနာရှင်ကြီး ကိုကို၏ ကျက်သရေပေါင်းဆုံရာ မျက်နှာကို ပြန်လှည့်ကြည့်လိုက်မိသည်။

အိပ်ဆေးများကြောင့် ဘာမှမသိ၊ အပြစ်မဲ့စွာ အိပ်ပျော်နေရှာသည်။

'ကိုကိုက ပညာတတ်တာ မဟုတ်ဘူး။ ဒီခြေလက်တွေ အားကိုးနဲ့ ကိုကို့ဘဝ ရုန်းကန် စားသောက်ရမှာ'

'ဒီခြေလက်တွေ အားကိုးနဲ့'

ဟု သူ၏ မြင့်မားသော ခြေတံများ၊ ဖွံ့ထွားသော ကိုယ်ခန္ဓာ၏ အလုပ်လုပ်နိုင်မှု အရည်အချင်းများကို ထာဝရ အားထားရှာသော ကိုကို ကိုနှင်းဇေရေ...

'ခြေနှစ်ဖက်လုံး သုံးမရတော့မယ့် အဖြစ်နဲ့ အမယ်လေး...ကိုကိုရယ်။ ဒီလောကကြီးမှာ ကိုကို ဘယ်လိုလုပ် ရပ်တည်မှာလဲ'

'ဘယ်လိုလုပ်ပြီး နေလို့ ဖြစ်တော့မှာလဲရှင်'

'ဖြစ်ရလေခြင်း ကိုကိုရယ်။ ကိုကိုရဲ့...ကို...ကို...'





'ဟာ...ဟောမန်...ဟောမန်...'

ပြောရင်း ငို၊ ငိုရင်း ပြောရာမှ လေသံတို့ တိုးတိမ်သွားပြီး သူ့ခေါင်းသို့ လက်ဝါးလေးနှင့် အုပ်ကိုင်၍ ယိမ်းယိုင်လဲကျလာသော နှင်းဟောမန်ဦးသို့ ဒေါက်တာကြည်ညိုတွန်းအချိန်မီ ဆီးပွေ့လိုက်နိုင်ပါသော်လည်း...

ဟောမန်သည် လုံးဝ သတိလစ်ကာ မေ့မြော လဲကျသွားခဲ့ပါပြီ။

◆ ◆ ◆

## အခန်း လေးဆယ့်ခြောက်

စာကြိုးစားသော ရန်အောင်စိုးက အင်ဂျင်နီယာ အလုပ်ရ၊ အိမ်ထောင်ကျပြီး တခြားမြို့သို့ ပြောင်းရွှေ့နေခဲ့သည်မှာ ကြာပြီ။

အသက်ချင်း ကွာဟပြီး ရိုးသားလှသော နှင်းဟောမန်ဦးနှင့်လည်း သူတို့ ပေါင်းစပ်၍မဖြစ်။

ငယ်စဉ်ကပင် အလိုလိုက်၍ ငွေပေးလွယ်လွန်းသော မိခင်နှစ်ဦး၏ အချစ်ဆုံး သားနှစ်ယောက်သည် ကြီးလာလေ... ဆိုးလာကြလေ...

အဆိုးကို ပြေစေရန် ငွေပေးလေ... ငွေထပ်တောင်းကြလေနှင့် နောက်ဆုံးတွင် ထိန်းမရ သိမ်းမရတော့ဘဲ အကျင့်စာရိတ္တ မျိုးစုံ ပျက်ပြားသွားကြသည့် ညီအစ်ကိုနှစ်ယောက်မှာ...

'ရန်နောင်စိုးနှင့် မင်းအုပ်စိုး'

အရွယ်ကလည်း ငယ်၊ မူးယစ်ဆေး သုံးစွဲမှုကြောင့် စိတ်





ကလည်း သိပ်မမှန်၍ လုပ်ချင်ရာ အလုပ်များကို ထင်တိုင်းကျဲနေကြသည်။

'ဟောမန် ပန်ခလုံသို့ ပြန်လာမည်'

ဆိုကတည်းက သူတို့နှစ်ယောက် စည်းဝါးရိုက်ပြီးသား။ ကြောက်လန့်ခြင်း ကြီးစွာဖြင့် ပန်ခလုံမှ ဟောမန် ပြန်ပြေးရန် ရည်ရွယ်ချက်ဖြင့် ပထမဆုံး ဟောမန် ပန်ခလုံသို့ ရောက်လာသည့်နေ့က...

နှင်းဟောမန်ဦး၏ အခန်းတွင် စပီကာများ တိတ်တခိုးမမြင်သာအောင် တပ်ဆင်ထားကြသည်။ ကြောက်စရာ အသံကြီးများကို တခြားအခန်းမှ အော်မြည်၍ ဟောမန့်ကို လှန့်နိုးခဲ့ပြီးနောက်...

ဦးအုပ်စိုး၏ အလောင်းကြီး ထထိုင်အောင် မကြံအပ်မကြံစည်ရာ လုပ်ဆောင်သူက ရန်နောင်စိုး၊ အကြံပေး ကူညီသူက မင်းအုပ်စိုးပါ။

ထိုညက ဟောမန် သေနတ် ပစ်လိုက်သဖြင့် ထိမှန်ပြီး သွေးကျန်၍ ဒဏ်ရာရသွားခဲ့သူမှာ 'ရန်နောင်စိုး'ပါတည်း။

သူ့ဟာသူ ဒဏ်ရာရလာသော ဦးရိုးမှိုင်းကို ပတ်တီးအသစ်ပေး၍ စည်းနှောင်စေပြီး သံသယ မြားဦးကို ဦးရိုးမှိုင်းဘက်သို့ မင်းအုပ်စိုး လှည့်ပေးခဲ့သေးသည်။

သေးတံခါးမှ ထွက်ပြေးကြပြီး သူတို့အခန်းမှာ ပြန်ဝင်ပုန်းနေကြသည်...။ ဟောမန့် အခန်းဖော်လေးများကိုလည်း အမှန်ပင် အိပ်ဆေးကျွေးခဲ့ကြပါ၏။

ဤဖြစ်ရပ်ကို ခန့်မှန်းမိသော ကိုနှင်းဝေသည် ဟေမန်သို့ အလောင်းကို မစစ်ဆေးရန် အတန်တန် တောင်းပန်ခဲ့သည်။ စစ်ဆေးရင်းမှ မင်းအုပ်စိုးတို့၏ မဟုတ်မဟတ် လုပ်ရပ်များ ပေါ်လာမှာ စိုးရိမ်မိသည်။ ရန်နောင်စိုး၏ ကြံစည်ကူညီမှုဖြင့် ဦးအုပ်စိုးကိုပင် လုပ်ကြံခဲ့ကြလေသလားဟု ပူပန်စိတ်ဖြင့် ဟေမန့်ကို တားဖြ်မရခဲ့။ တော်သေးသည်။ ပြဿနာက ထင်သလို ဖြစ်မလာခဲ့ပါ။

ဦးရိုးမှိုင်းနှင့် သူ့မိခင် အကျွမ်းဝင်နေသလိုလို၊ ဦးရိုးမှိုင်းက ညဘက်တွင် လူသတ်ကုန်း သုသာန်သို့ မြင်းကြီးစီးပြီး ထွက်ထွက် သွားတတ်ပုံများကို သူနှင့် ဦးအဂ္ဂတို့ကို ပြောစေခဲ့သည်။ ဦးစံရိပ်သည် တစ်ဂူပြီး တစ်ဂူ ဆောက်လျက် သေဆုံးမည့် သူများကို မျှော်လင့်နေသည် ဆိုခြင်းများ၊ ဤအိမ်ကြီး၌ အသေဆိုးနှင့် သေသွားကြသူများ ဆိုသော စိတ်ချောက်ချားဖွယ်သတင်းစကား အားလုံးတို့သည်...

ရန်နောင်စိုးနှင့် မင်းအုပ်စိုးတို့၏ သေးသိမ် ညှို့ဖျင်းပြီး ယုတ်မာရက်စက်သော အတွေးအခေါ်များမှ ပေါက်ဖွားလာသော အကြံဉာဏ်များချည်းသာ ဖြစ်ပေသည် အမှန်တကယ် မဟုတ်ပါ...။

'ဟေမန် မရှိလျှင်...'

ဆိုသော အတွေးကို စတင်တွေးစေသူက ရန်နောင်စိုး။

'သူ့ရဲ့ တစ်ဦးတည်းသော မောင်လေး၊ ငါက အမွေတွေ အားလုံးရမှာ'





ဆိုသော မင်းအုပ်စိုး၏ ထပ်ဆင့်တွေးများဖြင့် ညီအစ်ကို နှစ်ယောက် ပေါင်းပြီး ဟေမန့်ကို လုပ်ကြံရန် ကြံစည် အားထုတ်ကြပြန်သည်။

'မောင်လေး မင်းအုပ်စိုး ဟေမန်နဲ့ အိပ်မယ်'

ဆိုကတည်းက ဟေမန့်အတွက် ပူပန်လွန်းရသော စိတ်ဖြင့် ဟေမန့် အခန်းတံခါးကို ဖွင့်နိုင်သော သော့ကို လက်မှာ ကိုင်လျက် ဟေမန်၏ အခန်းဝမှ တစ်ညလုံး ကိုနှင်းဝေ ငုတ်တုတ်ထိုင်၍ စောင့်ခဲ့သည်။

မျှော်လင့်ထင်မှတ်ခဲ့သည့် အတိုင်းပင် ဟေမန့်ကို ညီအစ်ကို နှစ်ယောက် သတ်ဖို့ ကြိုးစားခဲ့ရာမှ ကိုနှင်းဝေ၏ ကာကွယ်မှုကြောင့် လွတ်မြောက်ခဲ့ရပြီး၊ ထွက်ပြေးသွားသူက ရန်နောင်စိုးပါ။

မကြည့်ရက်သော မိခင်၏ မျက်ရည်နှင့် ကိုယ့်ညီလေး ဆိုသော အကြင်နာစိတ်လေးများ ရှိနေဆဲ ဟေမန်ကလည်း ခွင့်လွှတ်လိုက်သဖြင့် ဒေါ်မြမြဝင်းတို့၏တိုက်တွင် သွား၍ ထားခဲ့မိသည်က မဟာအမှား...

ဟေမန်က ပန်ခလုံကို ပြန်ယူမည်၊ အားလုံးကို ဆင်းခိုင်းသည် ဆိုသော သတင်းစကားကို ခါးသီးစွာ မင်းအုပ်စိုး ကြားသိလာရသဖြင့်...

'ပန်ခလုံကို ရအောင်ယူမယ်'

ဆိုသော လောဘစိတ်နှင့် အတူနေ ရန်နောင်စိုးနှင့် တိုင်

ပင်ကြဲပြန်သည်။

'ဒီတစ်ခါ ဟောမန့်ကို လုပ်ကြံလို့တော့ မဖြစ်တော့ဘူး မင်းမင်း။ ဘယ်လောက် ပိရိပိရိ တို့လက်ချက်ဆိုတာ အစ်ကိုနှင်းဝေကြီးက အရင်သိနိုင့်မှာ...'

'အေး...ဟုတ်တယ်'

'ဒီလိုလုပ်...ဟိုဆရာဝန်ကို သတ်ပစ်မယ်။ ဒါဆို...ပန်ခလုံက ဘယ်နည်းနဲ့မှပြန်မှာ မဟုတ်ဘူး။သူက အစ်ကိုနှင်းဝေကြီးကို သိပ်ချစ်တာ'

'အင်း...'

'သူတို့ နှစ်ယောက်လုံး ခပ်အူအူအဲအတွေပါ။ ဟောမန့် ဒီမှာ ပြန်နေမှ ပစ္စည်းတွေ ဘယ်လိုနည်းနဲ့ ရအောင် လုပ်ကြမယ်ဆိုတာ ထပ်ကြံကြတာပေါ့'

'အစ်ကို ကြည့်စီစဉ်လေ'

'ငါတော့ လက်သည် မပေါ်တဲ့နည်းနဲ့ ဟိုဆရာဝန်ကို သတ်ပစ်ချင်တယ်'

'ဟင်...'

'လူမမိရင်လည်း အလောင်းဖျောက်လိုက်မယ်။ လူမိတော့လည်း ကားတိုက်မှုပဲ။ ၃၀၄ ပေါ့။ လူသတ်မှု မဟုတ်ပါဘူး။ လူသေမှုပဲ'

'ဖြစ်ပါ့မလား'

'တို့မှာ ငွေမရှိရင် မဖြစ်တော့ဘူး။ ဒီလို အမြစ်က စကြံမှ ဟန်မှာပေါ့ မင်းမင်းရဲ့။ အသာနေ...ဟို ဆရာဝန်ကို ငါ တစ်





ဖက်လှည့်နဲ့ ခေါ်ခိုင်းပြီး နမ့်ပုန်လွင်ပြင်မှာ ကားနဲ့တိုက်သတ်မယ်'

လောဘဇောတက်နေသော လူငယ်တို့၏စိတ်သည် လုံးဝ ပုံမမှန်တော့။ သူတို့အတွက် အရေးကြီးဆုံးက ခေါမပြတ်အောင် သုံးစွဲနိုင်ဖို့ ငွေရှိမှ ဖြစ်မည်လေ။

အရာအားလုံး လုပ်ရဲရမှာပေါ့။

ပထွေး ဦးယုစိန်၏ ကားကြီးကို ရန်နောင်စိုးက မောင်းချလာပြီး ငွေဒါးကျုပ်ပေး၍ ကလေးတစ်ယောက်ကို ခေါ်ခိုင်းပြီး အမြန် ပြန်လွှတ်လိုက်သည်။ နမ့်ပုန်လွင်ပြင်သို့ ရောက်လာသော ဒေါက်တာကြည်ညိုထွန်းသို့ ကားနှင့် အသေတိုက်သတ်ရာမှ...

ဩော်...လူသားတိုင်း ထားရှိအပ်သော အကြင်နာတရား၊ လူသားချင်းစာနာစိတ်၊ ထောက်ထားညှာတာစိတ်၊ တန်ဖိုးရှိသော လူသား တစ်ယောက်၏ အသက်ကို မဆုံးရှုံးပါစေနှင့် ဆိုသော စေတနာ စသည်များ အားလုံးကို ချေဖျက်လျက်...

လူသားများ မလုပ်သင့်၊ မလုပ်ထိုက်၊ မလုပ်အပ်သော ရက်စက်မှုကြီးကို အသိဉာဏ်မဲ့စွာ မိုက်မိုက်မဲမဲ ကျူးလွန်ခဲ့ကြသည်။

ကားပေါ်မှ ထွက်ပြေးကြသော ရန်နောင်စိုးနှင့် မင်း

အုပ်စိုးတို့ကို ဆင်းပြေးလာကြသော ရဲများက အလွယ်တကူ ဖမ်းဆီးရမိခဲ့လေပြီ။

သူတို့သည် တရားဥပဒေ၏ အဆုံးအမကို ထိုက်တန်စွာ ခံယူကြရပေလိမ့်မည်သာ။

ဤ ညီအစ်ကိုဝမ်းကွဲ နှစ်ယောက်ကို ဖမ်းဆီးပြီး တစ်ဆက်တည်းမှာပင် သူတင်းကြီးနေသော ဒေါ်မြမြဝင်း၏ အိမ်ကို သက်ဆိုင်ရာက တက်ရောက်ရှာဖွေကြသည်။

ဦးယုစိန်၏ ဇနီး ဒေါ်မြမြဝင်းနှင့် အစုရှယ်ယာဝင် ဒေါ်မြမြချင်းတို့၏ မှောင်ခို ပစ္စည်းမျိုးစုံကို သက်ဆိုင်ရာမှ ဖမ်းမိကြ၍...

ဦးယုစိန်၊ ဒေါ်မြမြဝင်းနှင့် ဒေါ်မြမြချင်းတို့ကိုလည်း တစ်ဆက်တည်း ဖမ်းဆီးလိုက်တော့သည်။

ဤ ဒုစရိုက်သမားများ မိသားစု ငါးယောက်လုံးသည် လွတ်လပ်ခြင်း ဆိုသော အခွင့်အရေး အားလုံး စွန့်လွှတ်ဆုံးရှုံးစေလျက် အုတ်နံရံအတွင်းမှာ ကာလကြာမြင့်စွာ ဥပဒေ၏ အဆုံးအမကို ခံယူကြရပေဦးတော့မည်တကား။

◆ ◆ ◆





အခန်း လေးဆယ့်ခုနစ်

## 'ချစ်ရယ်...နေရစ်မှာလား...လိုက်မှာလားကွယ်'

မြေနီပြန့်လေးပေါ်တွင် ရေးခြစ်ထားသော ဒေါက်တာကြည်ညိုထွန်း၏ ခံစားမှု ရင်မှ လွင့်စဉ်ရာ ပုံရိပ်လွှာ...

နှင်းဟောမန်ဦးသည် သူ့နောက်မှာ ရောက်ရှိနေပြီ ဆိုသည်ကို သူ မသိ။

'မောင်...'

ခေါ်သံကြောင့် မြေပြင်မှ ရုတ်တရက် ထရပ်လိုက်ပြီး ခြေနှင့် မသိမသာ ယက်ထုတ် ဖျက်ပစ်ပါသော်လည်း...

'ချစ်ရယ်...နေရစ်မှာလား...လိုက်မှာလားကွယ်'

ဆိုသော စာတန်းသည် လုံးဝ ပျက်ပျောက်မသွားခဲ့ပါ။

မမြင်ဟန်ဆောင်၍သာ...

'ကိုကို့ကို လာကြည့်ပေးပါဦးမောင်။ ကိုယ်တွေ ပူလာပြန်ပြီ။ အဖျားတွေ တက်လာပြန်ပြီ'

'အင်း...အနာရှိန်ကြောင့် ဖြစ်လိမ့်မယ် ထင်တယ်'

ကိုနှင်းဝေကို ပန်ခလုံသို့ ပြန်ခေါ်လာခဲ့ကြပြီ။

ဒေါက်တာ ကြည်ညိုထွန်း ရှေ့မှ လျှောက်သွားသည်။ ကိုကိုသို့ မောင်သည် နေ့မအိပ် ညမအိပ် အသေးစိတ် ဂရုစိုက်စမ်းသပ်၍ ယုယ ကြင်နာစွာ ပြုစုရှာသည်။

သူ့ကိုယ်စား ခံယူရရှာသော ဒုက္ခတကြီး ကိုကို့အတွက် မောင်သည် အကြင်နာကြီးစွာဖြင့် မျက်ရည်များ ကျသည်အထိ ထိခိုက်ခဲ့ရှာပါသည်။

သို့ပါသော်လည်း...

မောင်သည် ပန်ခလုံတွင် ဆက်လက်၍ နေထိုင်နိုင်ခွင့် မရှိတော့။ ကြေးနန်းဖြင့် လှမ်း၍ တောင်းထားသော ခွင့်ရက်များလည်း ကုန်ဆုံးပေတော့မည်။ နောက်ထပ် နှစ်ရက်ထက် မောင် ပို၍ နေလို့ မဖြစ်ပါ။

'ဟောမန် ပြန်လိုက်မလား'ဟု

သူ တစ်ခွန်းမှ မမေး။

သူ ပြန်ရန်အတွက်သာ ပြင်ဆင်နေရှာသည်။

ကိုနှင်းဝေ၏ ဝေဒနာကို ဒေါက်တာဝင်းမောင်ဆွေတို့နှင့် တိုင်ပင် ဆွေးနွေး၍ အလိုအပ်ဆုံး ဆေးများကို မှာယူပေးခဲ့ရှာပြီးပြီ။





နီးကပ်နေသော မင်္ဂလာရက်အတွက် အချစ်ဆုံးရဆုံး ဇနီးလောင်းလေးကို သူ ဘယ်လိုမှ ထားရက်ခဲ့ချင်မည် မဟုတ်သော်လည်း...

'မခေါ်ရက်ရှာပါ'

ရင်မှာ တင်းကျပ်လွန်းသော ဝေဒနာ ခံစားမှုကြောင့် သူ ချရေးနေသော စာသည်...

'ချစ်ရယ်...နေရစ်မှာလား...လိုက်မှာလားကွယ်'တဲ့။

ဤ မြေနီပြင်ပေါ်မှ စာတန်းသည် သူ့ရင်မှ၊ သူ့နှလုံးသားပေါ်မှ စာတန်းများ ဖြစ်ကြောင်း ဟောမန် နားလည်ရပါသည်။

မြေပြင်ပေါ်မှ ပျက်ထက်ဝက်၊ မပျက်ထက်ဝက် စာတန်းများကို ကျော်ခိုင်းကြလျက် ကိုနှင်းဝေ ရှိရာ အောက်ထပ် သူ၏ မြေနိမ့်ခန်းအတွင်းသို့ ဝင်လာခဲ့ကြသည်။

'တဲ့မ်ပရချာ ယူကြည့်လိုက်ပါ ဟောမန်'

မောင့် ခိုင်းစေချက်ကြောင့် ဟောမန်သည် ပြဒါးတိုင်လေးကို အရက်ပြန် ဆွတ်ထားသော ဂွမ်းစနှင့် ပွတ်သုတ်၍ ခါပြီးမှ ကိုကို၏ လျှာအောက်တွင် ထားပြီး လက်မှ နာရီကို ကြည့်ရင်း လက်တစ်ဖက်မှ ကိုကို၏ နဖူးပြင်ကို အုပ်စမ်းမိသည်။

ချစ်ချစ်တောက် ပူလို့ပါလား။

မောင်သည်လည်း နာရီကြည့်လျက် ကိုကို၏ လက်မှ သွေးခုန်နှုန်းကို စမ်းသည်။ ပြီးတော့ နားကျပ်ကို နားမှာ တပ်.

လျက် ရင်ပြင်တစ်ခုလုံးကို ဂရုတစိုက် နားထောင်စမ်းသပ်ပြီး နားကျပ်ချွတ်လိုက်ချိန်မှာ...

ဟေမန်သည် သူ့လက်မှ ပြဒါးတိုင်လေးကို ကြည့်ပြီး...

'ဟန်ဒရက်အဲန်ဖိုး...တောင်မောင်'

'ရေခဲ အဆင်သင့်လုပ်ထား ဟေမန်။ ရေခဲ တင်ရအောင်။ ဆရာမရေ...အပ်ပြုတ်ပေးပါ။ ဆေးထိုးရမယ်'

အဖျားက တရာ့လေးဒီဂရီ ရှိလာပြီ ဆိုသဖြင့် ပြုစုကုသမှု စတင်ရန် စီစဉ်ရလေပြီ။

နှင်းဟေမန်ဦးက အိမ်ဖော် အဲန်န်းနှင့် ရေခဲသေတ္တာတွင်းမှ ရေခဲများ ပြေးထုတ်သည်။ နေ့ည နှစ်ယောက် ငှားရမ်းထားသော အထူး သူနာပြု ဆရာမက ပလပ်တပ်၍ လျှပ်စစ်မီးဖြင့် ရေနွေးတည်ကာ အပ်ပြုတ်ရန် ပြင်သည်။ ဆေးသေတ္တာကို အသင့် ဖွင့်ပေးထားပါ၏။

ရေခဲ ဓလုံကြီးနှင့် မျက်နှာသုတ်ပဝါငယ်စကို ပခုံးမှာတင်ပြီး ပြေးဝင်လာသော ဟေမန်၏ စိုးရိမ်လွန်းနေသော သောကမျက်နှာလေးကို ကိုနှင်းဝေက လှမ်းကြည့်လိုက်ပြီး...

သူ့ရှေ့သွားနှင့် နှုတ်ခမ်းကို ပြတ်မတတ် ဖိကိုက်သည်။ အံကြိတ်၍ မျက်စိမှိတ်ပြီး...

'ကိုကြည်ညိုထွန်း'

'ဗျာ...ကိုနှင်းဝေ'

'ကျွန်တော် တစ်ခု တောင်းပန်ပါရစေဗျာ'

'ပြောပါ ကိုနှင်းဝေ...ပြောပါ'





'ကျွန်တော့်ကို မကုသကြပါနဲ့တော့'

'ဗျာ...'

'ကျွန်တော့်ကို မကုသကြပါနဲ့တော့။ ကျွန်တော် သေပါရစေ။ ကျွန်တော့်ဘဝအတွက် သေဆုံးခြင်းဟာ အကောင်းဆုံးပါဗျာ။ ဒီလို ဘဝကြီးနဲ့...'

မှိတ်ထားသော မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။

'ကျွန်တော်...ကျွန်တော်...'

'ကိုနှင်းဝေရယ်...'

'ကျွန်တော် အသက်ရှင်နေလို့ ဘာထူးတော့မှာလဲဗျာ'

ကိုယ်ခန္ဓာ တောင့်တင်းသလောက် စိတ်ဓာတ် ခိုင်ကြည်သော ကိုနှင်းဝေသည် အသည်းငယ်သော မိန်းမ တစ်ယောက်ပမာ ရှိုက်ကြီးတငင် ငိုသည်မှာ ကြည့်ရက် မြင်ရက်စရာ မရှိတော့။

သူ့ဘဝအတွက် ကြီးကျယ် မြင့်မြတ်လွန်းသော အဆုံးစွန် စိတ်ပျက်ခြင်းများဖြင့် ဝမ်းနည်း အားငယ်စွာ ငိုနေရှာသော ကိုနှင်းဝေသို့...

'ကိုကိုရယ် မငိုပါနဲ့...ကိုကို မငိုပါနဲ့။ ဟေမန် သေရပါလိမ့်မယ် ရှင်...'

ထာဝရ စွန့်လွှတ်ရသော သက်မဲ့ခန္ဓာ တစ်ခုပေါ်သို့ ကျန်ရစ်သူ၏ ငိုရှိုက်ခြင်းမျိုးလို ဟေမန်က ကိုနှင်းဝေ၏ ရင်ခွင်ပေါ်သို့ မှောက်လဲပြီး ရင်ဖွင့်အော်ငိုရှာတော့သည်။

ဒေါက်တာကြည်ညိုထွန်းသည်...

'အချစ်ဆုံးနှစ်ယောက်'၏ ကြေကွဲလွန်းဖွယ်ရာ မြင်ကွင်းကို မကြည့်ရက်တော့။

သူတို့ကို ကျောခိုင်းလျက် ပြတင်းဝမှာ ရပ်နေသည်။ ဝေးဝေးဆီမှ အုတ်ဂူလေးများကို ဝေဝေဝါးဝါး မြင်ရသည်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်များ ပြည့်လျှမ်းလျက်...

'ဆရာ အဆင်သင့် ဖြစ်ပါပြီ'

အထူး သူနာပြု ဆရာမလေး၏ အသံ ကြားလေမှ ဒေါက်တာ ကြည်ညိုထွန်း လှည့်လာပြီး...

'ခဏ ဖယ်ပါလား ဟေမန်။ ဘာပဲဖြစ်ဖြစ် အဖျားကျသွားအောင်တော့ မောင် ကုသပေးပါရစေဦး'

'ဟုတ်ပါတယ် ကိုကိုရယ်။ သိပ်ဖျားပြီး ရောဂါတွေ ခံစားနေရတာ မြင်ရရင် ဟေမန် ရူးရပါလိမ့်မယ်...'

ကိုနှင်းဝေ၏ လက်ကို ဖက်ငွေ့ပြီး ငိုရှိုက်ရင်း တောင်းပန်နေသော ဟေမန်သို့ ကြည့်၍ ကိုနှင်းဝေ ခေါင်းညိတ်သည်။

သူတို့ နှစ်ဦး ထိတွေ့ရာက ခွဲခွာ ဝေးကွာသွားလေမှ ဒေါက်တာကြည်ညိုထွန်း၏ ကုသမှုကို စတင်နိုင်သည်။

နှင်းဟေမန်ဦးသည် ကိုနှင်းဝေ၏ အခန်းမှ ထွက်ခဲ့ပြီး ဲရှေ့ရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ ပက်လက်လှန် လှဲချလိုက်ပြီး အသည်းကွဲမတတ် ငိုမိသည်။

ပန်းခလုံတွင် တစ်ယောက်မျှ မရှိကြတော့...

သီးစားပင် များစွာနှင့် ခြံကြီးကို ဦးရီးမှိုင်း သွားကြည့်ပေးနေရသည်။ မဦးစီး၍ မဖြစ်။ အလုပ်သမားများ၏ စားဝတ်





မှီခိုရေးက ရှိသေးသည်။ အမောင်သည်လည်း အကူအညီမပေး၍ မဖြစ်။

ဒေါ်မြမြချင်းနှင့် မင်းအုပ်စိုးသည်လည်း အချုပ်ထောင်မှာ ရမန်ယူနေရဆဲ။

ရန်နောင်စိုးသို့လည်း လူသတ်မှုဖြင့် စွဲချက်တင်နိုင်ရန် သက်ဆိုင်ရာမှ စီစဉ်နေကြပြီ။

မောင်ခို ကန်ကူးမှုဖြင့် ဦးယုစိန်နှင့် ဒေါ်မြမြဝင်းသည်လည်း အကျဉ်းစံဘဝဖြင့်...

ကိုကို၏ မိခင်...ကြီးကြီး...ညီငယ် နှစ်ယောက်တို့ အားလုံးသည် ဥပဒေ၏ အဆုံးအမ အောက်မှာ နှစ်များစွာ ခိုလှုံကြရပေဦးမည်။

အထီးကျန် ဘဝဖြင့် ပန်းခလုံတွင် နေရစ်ခဲ့ရရှာမည့် ကိုကိုသည်...

ခြေတံရှည်ကြီးနှင့် တောင့်တင်း မြင့်မား ခံ့ညားလွန်းသော မြင်းစီးသမားကြီး ကိုနှင်းဝေသည်...

ခြေနှစ်ဖက်လုံး ဆုံးရှုံးသော ခြေပြတ် ဘဝကြီးဖြင့် ဘယ်လို လုပ်ပြီး တစ်ယောက်တည်း ရှေ့ခရီးကို ဆက်ရှာပါ့မလဲ။

'ဟေမန်တို့အတွက် အနစ်နာခံနိုင်လှချည်လား... ဘဝဆုံးအောင် စေတနာ ထားနိုင်လှချည်လား ကိုကိုရဲ့'

'ဒီလို ဒုက္ခိတ ဘဝကြီးနဲ့ ထားရစ်ခဲ့ပြီး ဟေမန် ဘယ်လိုလုပ်ပြီး ပြန်ရက်နိုင်ပါ့မလဲ ကိုကိုရယ်'

ဆိုဖာ၏ ကျောမှီဘက်သို့ တစ်ပတ်လှည့်လိုက်ပြီး နှင့်နဲ

ကြေကွဲလွမ်းစွာ ဟေမန် ငိုနေချိန်မှာ...

ကိုနှင်းဝေ၏ အခန်းတွင်း၌...

'ရေခဲ တော်ပြီ ဆရာမ။ အဖျားကျလာပြီ'

အထူး သူနာပြု ဆရာမက ရေခဲဇလုံကိုယူ၍ အပြင်ထွက်သွားချိန်တွင် ဒေါက်တာကြည်ညိုထွန်းမှာ ကိုနှင်းဝေ၏ ခုတင်ပေါ် ကိုနှင်းဝေ၏ ဘေးတွင် နီးကပ်စွာ ထိုင်လျက်...

'ကိုနှင်းဝေကို ကျွန်တော် ပြောစရာရှိပါတယ်'

ကိုနှင်းဝေ ခေါင်းညိတ်ရင်း ငုံမှုကြည့်ရှာသည်။

'ကျွန်တော့် အသက်နဲ့ လဲလှယ်ပြီး ကိုနှင်းဝေ ခုလို ဖြစ်ရတဲ့အတွက် ကျွန်တော့် ရင်ထဲမှာ ပြင်းပြင်းထန်ထန် ခံစားရပါတယ် ဆိုတာ ယုံကြည်ပါ ခင်ဗျ။ ကိုနှင်းဝေနဲ့ ဟေမန်ကို ကြည့်ပြီး ကျွန်တော်ပဲ လဲယူလို့ ရရင် ယူချင်မိပါတယ်'

'မဟုတ်ပါဗျာ။ ဖြစ်ချင်းဖြစ်ရင် ကျွန်တော် ဖြစ်တာ သဘာဝကျပါတယ်။ ကိုကြည်ညိုထွန်းသာ အသက်ဆုံးလို့ပဲ ဖြစ်ဖြစ်... ဘဝဆုံးလို့ပဲဖြစ်ဖြစ် ဖြစ်ခဲ့ရင်...ကျွန်တော့် ညီမလေး သိပ်ခံစားရရှာမှာ။ သူ့ရဲ့ ဖြောင့်ဖြူးတော့မယ့် ဘဝလေးလည်း ပျက်စီးရရှာတော့မယ်လေ။ ကျွန်တော့် ဘဝအတွက် ကျွန်တော် ယူကျုံးမရမိတာက လွဲလို့ ကိုကြည်ညိုထွန်းနဲ့ ကျွန်တော့် ညီမလေးအတွက် ဝမ်းသာမိပါတယ်။ တကယ်ပါ'

'ကိုနှင်းဝေ'

'ဟုတ်ကဲ့'

'တကယ်လို့ ကိုနှင်းဝေ နေရာမှာ ကျွန်တော်သာဆိုရင်





ဟေမန် ဒီလာက် မခံစားရပါဘူး'

'ဗျာ...'

'ငါးရာနှစ်ဆယ့်ရှစ်ဆိုတဲ့ အသန့်စင်ဆုံး ချစ်ခြင်းမေတ္တာ အပြည့်ပါဝင်တဲ့ အချစ်များစွာနဲ့ သူ...ကိုနှင်းဝေကို ချစ်ပါတယ်'

'ကျွန်တော်က သူ့ထက် အဆ ကုဋေကုဋာ မကပါဘူး ကိုကြည်ညိုထွန်းရယ်'

'ကျွန်တော် သိပါတယ်ဗျာ'

'ကျွန်တော့် ညီမလေး စိတ်ချမ်းမြေ့ပါစေ။ သူ့ဘဝလေး သာယာဖြောင့်ဖြူးပါစေလို့ အမြဲ စေတနာ ထားရှိခဲ့တဲ့အတိုင်း ကိုကြည်ညိုထွန်းဆိုတဲ့ ဆရာဝန် တစ်ယောက်ရဲ့ ဇနီးလေး ဖြစ်ရတော့မယ်။ ပြီးတော့...ကျွန်တော် သိတယ်။ ခင်ဗျား ဟေမန့်ကို သိပ်ချစ်တယ်'

'ဟုတ်ပါတယ်...ကိုနှင်းဝေ။ ကျွန်တော် ဟေမန့်ကို သိပ်ချစ်ပါတယ်။ ဟေမန်ဟာ ကျွန်တော့် အချစ်ဦးပါ'

'ကိုကြည်ညိုထွန်း'

'ဟုတ်ကဲ့...ကိုနှင်းဝေ'

'ညီမလေးတို့ မင်္ဂလာနေ့မှာ ကျွန်တော် လက်ဖွဲ့ရဦးမယ်လို့ ပြောခဲ့တယ်နော်'

'ဟုတ်ကဲ့'

'ကျွန်တော့် ခြေနှစ်ဖက်နဲ့ လက်ဖွဲ့လိုက်ရတယ်လို့ပဲ ယူဆပြီး ကျွန်တော် နေရစ်ခဲ့ပါမယ် ကိုကြည်ညိုထွန်းရယ်...'

'ဟေမန်ကလည်း သန်ဘက်ခါ ကျရောက်တော့မယ့် ကို

နှင်းဝေရဲ့ မွေးနေ့အတွက် ဘာလက်ဆောင်ပေးမလဲ...သိလား'

'ဘယ်သိပါ့မလဲဗျာ'

'ခုလို မဖြစ်ခင်တည်းက ဟေမန့် အစီအစဉ်တွေ ကျွန်တော့်ကို ပြောပြီးသားပါ'

ကိုနှင်းဝေ ဘာမှ ဖြတ်မမေး။ ငေး၍သာ ကြည့်နေသည်။

'ဒီ ပန်ခုလုံ စံအိမ်ကြီးရယ်၊ ကိုနှင်းဝေ လုပ်ဆောင် ကြီးကြပ်နေတဲ့ ခြံကြီးရယ်ကို ကိုနှင်းဝေ နာမည်နဲ့ ဟေမန်က အပြီးအပိုင် လွှဲပေးခဲ့မယ်တဲ့။ သူ့ ကိုကိုအတွက် မွေးနေ့လက်ဆောင်ပါတဲ့ခင်ဗျာ'

ညှိုးနွမ်း အားဖျော့လွန်းသော မျက်နှာနှင့် ကိုနှင်းဝေ ခေါင်းခါယမ်းသည်။

'မယူရက်ပါဘူး ကိုကြည်ညိုထွန်းရယ်။ ကျွန်တော် ဟေမန့်ဆီက ဘာဆို ဘာမှ မယူရက်ပါဘူး။ သူ ပေးလာပေမယ့် ကျွန်တော်နဲ့ မထိုက်တန်လို့ ကျွန်တော် ဘာမှ မယူခဲ့ပါဘူးဗျာ'

ဟေမန် ပေးဆက်ခဲ့ဖူးသော မေတ္တာဦးသို့ ရည်ညွှန်းပါသည်။

'ဒါကိုတော့ လက်ခံလိုက်ပါ ကိုနှင်းဝေ'

'ဒီအိမ်ကြီးရယ်...ခြံရယ် စတဲ့ နေထိုင် လုပ်ကိုင်စရာ အိမ်မြေတွေရလို့လည်း ကျွန်တော့်ဘဝက ဘာလုပ်လို့ ရတော့မှာလဲလေ'

'မဟုတ်သေးဘူး...ကိုနှင်းဝေ။ ဟေမန် ပေးတာကို ယူပါ...ယူဖြစ်အောင် ယူပါ။ ပြီးတော့ ကျွန်တော် ပေးမှာကိုလည်း





လက်ခံပါ'

'ဟာဗျာ...ကျွန်တော့် စေတနာကို ငွေနဲ့ မလဲပါနဲ့။ ကိုကြည်ညိုထွန်း ပေးမှာကို လုံးဝ လက်မခံပါရစေနဲ့'

'ကျွန်တော် ပေးမှာ ငွေမဟုတ်ပါဘူး ကိုနှင်းဝေ'

'ငွေမဟုတ်ရင် ဘာလဲ'

'ဟေမန့်ကိုပါ'

'ဗျာ...'

'ဟေမန့်ကို ကိုနှင်းဝေနဲ့ ထားခဲ့ပြီး ကျွန်တော် တစ်ယောက်တည်း အပြီးတိုင် စွန့်ခွာ ထွက်သွားပါတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ ကိုနှင်းဝေ'

'အို...'

'ကျွန်တော် ဟေမန့်ကို သိပ်ချစ်တယ်။ ကျွန်တော်နဲ့ ဘဝလဲလှယ်ပြီး ဘဝဆုံးခံသွားတဲ့ ကိုနှင်းဝေကို ကျွန်တော် ကျေးဇူးဆပ်ပါရစေ။ ဟေမန့်ကို ကျွန်တော် ထားခဲ့ပါတော့မယ်ဗျာ'

'ဟာ...'

'ပြီးတော့ ဟေမန် ကိုယ်တိုင်ကလည်း ကိုနှင်းဝေကို သူ့အသက်ထက်တောင် ပိုချစ်တယ် ဆိုတာ ကျွန်တော် သိခွင့်ရခဲ့လို့ပါ'

'ကိုကြည်ညိုထွန်း'

ကိုနှင်းဝေ အလန့်တကြား ခေါ်ရင်း ဒေါက်တာကြည်ညိုထွန်း၏ လက်ကို ဆွဲဆုပ်ကိုင်ဆွဲ၍-

'ခင်ဗျား ဘာတွေ ပြောနေတာလဲ။ ဘယ်လို ဆုံးဖြတ်နေတာလဲ။ အကောင်းပကတိ ဘဝနဲ့တောင် ဟေမန်ဟာ ကျွန်တော်နဲ့ မထိုက်တန်ခဲ့ပါဘူး။ ခုလို ဒုက္ခိတကြီးရဲ့ ဘေးမှာ ဟေမန့်ကို ထားခဲ့မယ် ဆိုတာ သူ့ဘဝကို သတ်ပစ်ခဲ့တာနဲ့ အတူတူပေါ့ ကိုကြည်ညိုထွန်း။ ခင်ဗျားတို့နှစ်ယောက် ပေးကြမယ့် လက်ဆောင်တွေကို ကျွန်တော် အသက်နဲ့လဲပြီး ငြင်းရပါလိမ့်မယ်'

'မဟုတ်သေးဘူး ကိုနှင်းဝေ'

'ကျွန်တော် ထပ်မကြားပါရစေနဲ့တော့ဗျာ'

'ကဲ...ဒါဖြင့် နောက်ဆုံး အနေနဲ့ တစ်ခုတော့ လိုက်လျောပါ'

'ကျွန်တော်တော့ ဘာမှ မလိုက်လျောချင်ဘူး'

'ကျွန်တော် ပြောတာကို သည်းခံပြီး နားထောင်စမ်းပါ ကိုနှင်းဝေ...'

'ကောင်းပါပြီလေ'

'ကျွန်တော်တို့ ဟေမန့်ဆန္ဒကို ယူကြရအောင်ပါ။ ဟေမန် ပြန်လိုက်မယ် ဆိုရင်လည်း ကျွန်တော် ပြန်ခေါ်သွားမယ်။ ဟေမန်က ကိုနှင်းဝေကို မထားခဲ့ရက်ပါဘူး။ သူ နေခဲ့မယ် ဆိုရင်တော့ ကျွန်တော် တစ်ယောက်တည်းပဲ ပြန်ပါရစေတော့။ နော်...ကိုနှင်းဝေ'

တုန်လှုပ်အက်ကွဲနေသော အသံသည် ဒေါက်တာ ကြည်ညိုထွန်း၏ ပြင်းပြသော ခံစားမှုကို ဖော်ပြနေ၏။





ကိုနှင်းဝေ ဘာမှ ပြန်မပြောဖြစ်မီ ဒေါက်တာကြည်ညိုထွန်းသည် ကိုနှင်းဝေ၏ ခါးပေါ်မှ ငွမ်းစောင်ကို မယူ၍ ဝန်းထိလုံအောင် ယုယ ကြင်နာစွာ ခြုံပေးခဲ့ပြီး အခန်းတွင်းမှ ဖြည်းဖြည်းညင်းညင်း ထွက်ခွာသွားပါတော့သည်။

◆ ◆ ◆

**အခန်း လေးဆယ့်ရှစ်**

'မောင် ဒီလို ဆုံးဖြတ်တာ ဟေမန့်ကို ချစ်လွန်းလို့ပါ။ ဟေမန် ခံစားနေရတာတွေကို မကြည့်ရက်လွန်းလို့ပါ ဆိုတာ ဟေမန်ရယ်...နားလည်ပါကွယ်'

ခုရက်ပိုင်း အတွင်းမှာ ညှိုးချုံးကျသွားသော မျက်နှာနှင့် မျက်ရည်ဝေဝိုင်းနေသော မောင့်မျက်နှာကို ဟေမန် ကြည့်ပြီး...

'မောင်...မောင်ရယ်'

'မငိုပါနဲ့ အချစ်ရယ်'

'မောင့်ကိုလည်း ဟေမန် သိပ်ချစ်ပါတယ်။ ကိုကို့ကို လည်း ရင်ကွဲမတတ် ဟေမန် သနားတယ်'

နှင်းဟေမန်ဦးမှာ ရိုက်သံ ဆင့်ဆင့်များဖြင့်ပင်...

မောင်တစ်ယောက်တည်း ပြန်သွားရပြီး မင်္ဂလာပွဲ ဖျက်သိမ်းရမှာကိုလည်း ဟေမန် ဘယ်နည်းနဲ့မှ လက်မခံချင်ဘူး။





ပြီးတော့...

ကိုကို့ကိုလည်း ဒီလို ဒုက္ခိတ ဘဝကြီးနဲ့ ဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်း ဘယ်နည်းနဲ့မှ မထားခဲ့ရက်ဘူး။

မောင်ရယ်...

မောင်နဲ့လည်း လိုက်ချင်တယ်။

'ကိုကိုနဲ့လည်း နေပေးခဲ့ချင်တယ်'

'ဟေမန် ဘာလုပ်ရမလဲ...ဟေမန် ဘာလုပ်ရမလဲ ရှင်ရယ်'

'ဟေမန် ဒီလောက် ငိုနေတာ မောင်...မကြည့်ရက်ဘူး အချစ်ရယ်'

'ဟေမန် ဘာလုပ်ရမလဲဟင်...မောင်'

'နေခဲ့ပါကွယ်'

ဟေမန် အံကိုခဲ၍ ငြိမ်တွေသွားသည်။

'ဟေမန် မောင့်ကိုချစ်တာ မောင် သိပါတယ်။ ဒါပေမယ့် ဟေမန့် ရင်ထဲမှာ မောင်နဲ့ မတွေ့ခင်တည်းက အမြစ်တွယ်နေတဲ့ သံယောဇဉ် အပင်ဟာ ရှင်သန်ဆဲပါ။ ဟေမန် ကိုနှင်းဝေကို သိပ်ချစ်တယ် ဆိုတာ မောင် ခွင့်လွှတ်စွာ နားလည်ပါတယ် ဟေမန်ရယ်'

'မဟုတ်သေးဘူး မောင်။ အရင်တည်းက ကိုကို့ကို ချစ်တာထက် သနားတာက ပိုခဲ့ပါတယ်။ ခုလို အခြေအနေမျိုး ဒီလို ဘဝမျိုးနဲ့ ဆိုတော့ ဟေမန် သနားရတာတွေ ရင်နဲ့ မဆံ့တော့ပါဘူးရှင်။ အဲဒါတွေကိုပါ တစ်ဆက်တည်း ခွင့်လွှတ်စွာ နားလည်ပေးပါတော့ မောင်ရေ...'

'ကောင်းပါပြီ ဟေမန်…ကောင်းပါပြီ။ ဟေမန်တို့ဟာ ငွေကြေး ကြွယ်ဝသူပါ။ ကိုနှင်းဝေအတွက်လည်း ငွေကြေးနဲ့ ပြည့်စုံစေလို့ ရပါတယ်။ ဥပမာ မြင်းစီးနေတဲ့ ကိုနှင်းဝေအတွက် ကားစီးစေလိုက်ရင် လိုရာခရီး ရောက်နိုင်ပါတယ်လေ'

'ဟုတ်တော့ ဟုတ်ပါတယ်။ မောင့်ဘဝက ဟေမန့်ကို စွန့်လွှတ်လိုက်ရလို့ မပျက်စီး မဆုံးရှုံးပါဘူး။ ကိုကိုသည်သာ ဟေမန် ရှိမနေရင် သေဆုံးခြင်းက ပိုမို မွန်မြတ်မယ့် အဖြစ်မျိုးနဲ့ ဆက်လက်ပြီး အဓိပ္ပာယ်မဲ့စွာ ရှင်သန်နေရရှာမှာပါ'

'ဟုတ်ပါတယ် ဟေမန်'

'ဟေမန့် နေရာမှာ အစား ဝင်လာမယ့် မောင့်အတွက် အချစ်သစ်ဟာ ဟေမန့်ထက် သာတာ ဖြစ်နိုင်မှာပါ။ ဒီအခါမှာ မောင့်ဘဝဟာ…'

'ဟေမန်…'

လန့်ပင် သွားရသည်။ ဒေါက်တာ ကြည်ညိုထွန်း၏ အသံက ကျယ်လောင်လွန်းလှပါလား…

'ဟေမန်ဟာ မောင့်အတွက် အစားထိုးလို့ မရတဲ့ တစ်ယောက်တည်းသော ချစ်သူ ဆိုတာ ဟေမန် တစ်သက်လုံး ယုံကြည်ထားလိုက်စမ်းပါ။ ဒီမှာ ဟေမန်။ မောင့်အတွက် လုံးဝ မဟုတ်ဘူး။ မောင့်ဘဝဟာလည်း ဘယ်သောအခါမှ ပျော်ရွှင် ချမ်းမြေ့နိုင်မှာ မဟုတ်ဘူး ဆိုတာရော ဟေမန် ယုံကြည်ပါ။ ဟေမန့်ကို ထားရစ်ခဲ့ရမှာ မောင့် အသည်းနှလုံးကို ထားရစ်ခဲ့ရမှာနဲ့ မခြားပါဘူး အချစ်ရယ်။ သွားတော့…သွားတော့ကွယ်…





မောင့်နားက သွားပါတော့ ဟေမန်ရယ်။ ကိုနှင်းဝေဆီကို ဟေမန် သွားပါတော့…သွားပါတော့…'

ထိုင်ရာမှ ခေါင်းငုံ့ပြီး သူ့မျက်နှာကို လက်ဝါးနှင့် ပိတ်ဆီးလျက် ငြိမ်သက်နေရှာသော မောင်…

'မောင်ရယ်…မောင် ငိုနေသလားကွယ်'

ရင်မှ ပြောမိသည်။ မောင် မကြည့်လာသည့် အချိန်ကြာလေမှ ဟေမန်သည် ကိုနှင်းဝေ၏ အခန်းသို့ ပြန်လာခဲ့ပါ၏။

ကိုနှင်းဝေ၏ အဖြစ်ကို ရင်နင့်စွာ ကြည့်ပြီးမှ ကိုကို့ နဖူးကို စမ်းမိသည်။ ကိုယ်ပူရှိန်က မကျသေး။

ကိုနှင်းဝေ မျက်လုံးဖွင့်ကြည့်လာသည်။

'ကိုကို သက်သာရဲ့လားဟင်…'

'ဖျားတာတော့ ခံနိုင်ပါတယ်။ ခြေထောက်တွေက သိပ်နာတယ်ကွယ်။ အနာကလည်း မကျက်နိုင်ဘူးနော်'

'ရာသီကလည်း သိပ်အေးတဲ့ ဒီဇင်ဘာလလေ။ သန်ဘက်ခါ ဆိုရင်…ကိုကိုနဲ့ ဟေမန်နဲ့ရဲ့ မွေးနေ့ပဲနော်…'

'အချစ်ဆုံး နှစ်ယောက်ရဲ့ မွေးနေ့'ဟု တစ်ချိန်က ပြောကြားခဲ့ဖူးသည်ကို နှစ်ယောက်လုံး သတိရမိကြပါသော်လည်း ရင်ထဲတွင်သာ သိမ်းဆည်းလျက်…

'ဟေမန်…'

'ကိုကို…'

'ကိုကြည်ညိုထွန်း ဟေမန့်ကို ပြောပြီးပြီလား'

'ပြောပြီးပါပြီ ကိုကို'

တစ်ယောက်နှင့်တစ်ယောက် မကြည့်ကြ...

'ဟောမန်က ဘယ်လို သဘောရလဲ'

'သူ ကြည်ကြည်ဖြူဖြူ ထားခဲ့ရင်တော့ ဟောမန်က နေခဲ့ချင်တာပေါ့။ ခုလို ဘဝကြီးနဲ့ ကိုကို့ကို ထားရစ်ခဲ့ပြီး ဟောမန် ပြန်သွားရရင်တော့ ရင်ကွဲပြီး သေလိမ့်မယ် ကိုကိုရေ'

'သူက ကြည်ကြည်ဖြူဖြူနဲ့ နေခဲ့ပါတဲ့လား'

'အင်း...သူကတော့ ကြည်ဖြူပါတယ်။ ဒါပေမယ့်...'

'ပြောလေ...ဟောမန်'

'ဒါပေမယ့် သူလည်း စိတ် သိပ်ထိခိုက်နေပုံ ရပါတယ်'

'ဟောမန်က ဘယ်လို ဆုံးဖြတ်လဲ'

'ပြောပြီးပြီလေ။ သူ့ကို ဟောမန် ချစ်ပါတယ်။ ဒါပေမယ့် ကိုကို့ကို ပိုသနားတယ်။ ဘယ်လိုနည်းနဲ့မှ ဟောမန် ကိုကို့ကို ခွဲပြီး မသွားရက်နိုင်ဘူး ကိုကို။ ဟောမန် ဒီမှာပဲ နေခဲ့တော့မယ်'

ကိုနှင်းဝေသည် ဟောမန်၏ ပခုံးကို လှမ်းကိုင်၍ ကြေသွားမတတ် ညှစ်လိုက်ပြီး...

'ဒီမှာ ဟောမန်'

'ရှင်...'

'ဟိုး ငယ်ဘဝတုန်းကတောင် ကိုကို့လို သူညကောင်ရဲ့ ဘဝထဲကို ဆွဲမသွင်းရက်ခဲ့လို့ ဟောမန်နဲ့ ဝေးခဲ့ကြရတာ'

'သိပါတယ်...သိပ်သိပါတယ်'

'အေး...အခု ပိုသိစေရမယ်။ ဒီမှာ နေခဲ့ဖို့ ကိုကို လုံးဝ





လက်မခံနိုင်ဘူး ဟောမန်'

'ဘာပြောတာယ် ကိုကို'

'ဟောမန့်ကို ကိုကို လက်မခံနိုင်ဘူးလို့ ပြောနေတာ။ မကြားဘူးလား'

'ဟောမန့်ကို မအော်ပါနဲ့ ကိုကိုရယ်'

'အော်ရမယ် ဟောမန်။ အော်ရမယ်။ ဟောမန် ဒီမှာ ဘယ်နည်းနဲ့မှ မနေခဲ့ရဘူး'

'ကိုကို တစ်ယောက်တည်း ဘယ်လိုလုပ်ပြီး...'

'အို...နေစမ်းပါစေ။ ဒီလို ကောင်မျိုး ဘဝ ဆုံးစေခဲ့ပါစေ။ ဟောမန်သာ ဘာလို့ ကိုကို့ဆီမှာ ဘဝဆုံးခံမှာလဲဟင်။ သွား—လိုက်သွား။ ဒေါက်တာနဲ့ ပြန်လိုက်သွား...'

ကျယ်လောင်သော အသံကြောင့် ဒေါက်တာကြည်ညိုထွန်းလည်း ရောက်ရှိလာခဲ့ပြီ။ သူလည်း အားလုံး ကြားခဲ့ရပြီးပါပြီ။

'မခေါ်ဘူး ကိုနှင်းဝေ။ ကျွန်တော့်အတွက် ဟောမန် မလိုဘူး...'

'ကျုပ်လည်း မလိုချင်ဘူး'

'ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ သူ့ကိုလည်း ပြောပြီးပါပြီ။ ကျွန်တော် တစ်ယောက်တည်း ပြန်မယ်'

'မပြန်ရဘူး။ ခင်ဗျား ဟောမန့်ကို ခေါ်သွားရမယ်'

'တကယ် လိုအပ်တဲ့ ကိုနှင်းဝေဆီမှာပဲ သူ နေခဲ့ပါစေတော့။ ဟောမန် တကယ်ချစ်တာကလည်း ကိုနှင်းဝေကိုပါ'

'အိုး...သူ ချစ်ပေမယ့် ကျွန်တော် မချစ်ဘူး။ သွားကြ... သွားကြ။ မိဟေမန်...အမိုက်မ...လိုက်သွား...'

'အိုး...ကိုနှင်းဝေကလည်းဗျာ...ကျွန်တော်လည်း ဆုံးဖြတ်ပြီးပါပြီ ဆိုမှ။ သူလည်း နေခဲ့ချင်တာပဲ။ နေခဲ့ပါစေလား။ ဟေမန်မောင်နဲ့ မလိုက်ခဲ့နဲ့'

'အိုး...မလိုချင်ဘူး။ ကျုပ် မလိုချင်ဘူး'

'အမယ်လေး...တော်ကြပါတော့...တော်ကြပါတော့'

နှင်းဟေမန်ဦးက သူ့နားကို ပိတ်လျက် မျက်နှာကို မော့ပြီး ကြုံးအော်လိုက်သည်။

'ဒီကတော့ အသည်းနှလုံးကို ထက်ပိုင်းပိုင်းပြီး ဝေပေးလိုက်ချင်ပါရဲ့။ သူတို့ကတော့ ကြည့်ပါဦး။ ပြောရက်လိုက်ကြတာ...'

အတုမဲ့ မေတ္တာရှင် နှစ်ယောက်ဟု စွန့်လွှတ်နိုင်မှုများဟု ဟေမန် နားလည်စွာ ခံယူထားခဲ့ပါသော်လည်း...

သူ့ရှေ့တွင် 'ထားရစ်ခဲ့မည်' ဆိုသူနှင့် 'မလိုချင်ဘူး' ဆိုသူတို့၏ ပဋိပက္ခကြားတွင် ဟေမန်မှာ မေ့မြော ပုံလဲကျသွားတော့မတတ်...

ဟေမန်၏ ကြေကြေကွဲကွဲငိုသံကို သူတို့နှစ်ဦးလုံး မကြားရက်၊ မကြည့်ရက်ကြပါလျက်နှင့် နှစ်ယောက်လုံး ဘာတစ်ခွန်းမှ မပြောမိကြပါသော်လည်း...





ဒေါက်တာ ကြည်ညိုထွန်း၏ မျက်ဝန်းမှာ မျက်ရည်အပြည့်...

ကိုနှင်းဝေကတော့ မျက်ရည်များစွာ စီးသွယ် ကျဆင်းလျက်...

'မောင်ရယ်...ဟေမန် မလိုက်ရဘူးလား...'
'ကိုကိုရေး...ဟေမန် မနေခဲ့ရဘူးလား...'

'ကိုကိုနဲ့လည်း နေခဲ့ချင်တယ်'
'မောင်နဲ့လည်း ပြန်လိုက်သွားချင်တယ်'

'မောင့်ကို သိပ်ချစ်တယ်'
'ကိုကို့ကို သိပ်သနားတယ်'

'နှစ်ယောက်လုံးနဲ့ မခွဲချင်ဘူး'
'မခွဲနိုင်ဘူး'
'ဟေမန် ဘာလုပ်ရမလဲ'
'ဟေမန် ဘာလုပ်ရမလဲ ရှင်ရယ်...'

'ဟေမန့်ကို မအော်ကြပါနဲ့။ သိပ်ချစ်တတ်တဲ့ ဟေမန်ရဲ့နှလုံးသားနဲ့ မတန်တမျှ မခံစားနိုင်လောက်အောင်...'

'ဘာလို့များ ရက်ရက်စက်စက် ပြောနေကြတာလဲ'

'အို…ကိုကိုတို့ရယ်…'
'ဟေမန် ဘာလုပ်ရမလဲရှင်'
'ဟေမန် မဆုံးဖြတ်တတ်တော့ဘူး'
'ဟေမန် မဆုံးဖြတ်နိုင်တော့ဘူး'

မျက်ရည်လူးသော ဟေမန်၏ ကိုယ်ခန္ဓာလေးသည် သူမ၏ အချစ်ဆုံးနှစ်ယောက် မျက်စိအောက်တွင်ပင် ပုံလဲကျသွားလေတော့သည်။

●●●





## အခန်း လေးဆယ့်ကိုး

မြင်းခွာသံကို အဝေးကြီးမှ ကြားလိုက်ရ၍ ဘေးတံခါးကို ဖွင့်ခိုင်းပြီး ကိုနှင်းဝေ လှမ်းကြည့်လိုက်သည်။

ကဆုန်ပေါက် ပြေးလာသော 'ဒီပါ'သည် ကိုနှင်းဝေ၏ အခန်းရှေ့မှာ ပဒပ်ရပ်လျက် ကြောက်ခမန်းလိလိ အသံကြီးဖြင့် အသံကုန် ဟီတော့သည်။

'အို…ဒီပါ ဘာဖြစ်လာတာလဲ စောစောစီးစီး။ အမောင် သွားကြည့်စမ်း'

'ခွန်ရဲမောင်'သည် ဒီပါကို လှမ်းမဆွဲရဲ။ ကိုနှင်းဝေသို့ သာ…

'မသိဘူး အစ်ကိုရ။ မနက် အစောကြီး ဒီပါကို မမဟေမန် စီးသွားတာပါ'

'ဟင်…'

ကိုနှင်းဝေ အိပ်ရာမှ ဆတ်ခနဲ ထလိုက်သည်။ အောက်သို့ ဆင်းရန် ဟန်ပြင်ပြီးမှ သူ့ ဆုံးရှုံးမှုကို သတိရစွာဖြင့်...

'အမောင်ရယ်...အစ်ကို့ကို တွဲချစမ်းပါဦးကွယ်'

ခွန်ရဲမောင်က ခက်ခဲစွာ ခုတင်ပေါ်မှ ကိုနှင်းဝေကို သယ်ချရသည်။

ကြမ်းပြင်တွင် လက်နှင့်ထောက်ပြီး အားယူလျက် ဖင်ရွှေ့သွားရရှာသော ကိုနှင်းဝေကို အမောင်ပင် မကြည့်ရက်။

ကိုနှင်းဝေသည် သူ့အခန်းမှ ခြံပြင်သို့ ထွက်၍ ရှေသော ဘေးတံခါးမကြီးထိပ်သို့ အရောက်လာပြီး လေချွန်သံလိုမျိုးနှင့် နှုတ်ခမ်းနှစ်ခုကို စုစုပ်၍ အသံမြည်အောင် ဒီပါ့ကို ခေါ်လိုက်သည်။

သခင့် အသံကို သိလွန်းသော ဒီပါသည် ကိုနှင်းဝေနားသို့ ပြေးလာပြီး အော်ပြန်သည်။

'ဒီပါ...ဒီပါ...မင်းသခင်မရော...မင်းသခင်မ ဘယ်မှာကျန်ရစ်ခဲ့သလဲကွယ်'

ခေါင်းဖြင့် ဝပ်စင်းလာသော ဒီပါ၏ နှာတံဖြူဖြူကြီးကို ပွတ်သပ်ချရင်း ကိုနှင်းဝေ မေးနေမိသည်။ ဒီပါသည်သာ စကားပြောတတ်ပါလျှင် 'သူ့မှာ အပြစ်မရှိပါကြောင်း' တောင်းပန်ရှာပေမည်။

'ဦးရီး...ဦးရီးမှိုင်း'

ကိုနှင်းဝေ၏ ကြုံးအော်သံကြောင့် ဦးရီးမှိုင်း ပြေးလာသည်။





'ဟောမန် ဘယ်အချိန်က ထွက်သွားတာလဲ။ ဒေါက်တာရော...'

'နှင်းမကွဲခင်တည်းက ဒီပါကို စီးပြီး တရကြမ်း မောင်းထွက်သွားတာ။ ဟို ဆရာဝန်က ဟောမန့်ကို စောင့်နေသေးတယ်။ မလာနိုင်တာနဲ့ ကျွန်တော် ဆေးရုံကို ခဏသွားပြီး နှုတ်ဆက်လိုက်ဦးမယ်။ နက်ဖြန် သူ တစ်ယောက်တည်း ပြန်ဖို့ ကားလက်မှတ် ဝယ်ခိုင်းထားတာလည်း သွားယူလိုက်ဦးမယ်လို့ ပြောပါတယ်'

'သူတို့ တခြားစီ ထွက်သွားကြတာပေါ့နော်'

'အေး...မင်း အိပ်ပျော်နေလို့ ဒီအကြောင်း ပြောပြလိုက်ပါ ဆိုပြီး မှာသွားတာ'

'ကျွန်တော်ဟာ အိပ်ဆေးတွေနဲ့မှ အိပ်လို့ရတဲ့လူမို့ အိပ်ပျော်သွားရတာပါ'

'အေး...ဟောမန်ကတော့ ဘာမှ ပြောမသွားဘူး။ အစောကြီး မြင်းတစ်စီးနဲ့ ထွက်သွားတာပဲ။ နှင်းတွေ ကြားထဲမှာ ငါ မြင်လိုက်ရတယ် နှင်းဝေ'

ကိုနှင်းဝေသည် ဦးရီးမှိုင်းသို့ မော့ကြည့်ပြီး တွေဝေနေဆဲ၊ အမောင်က...

'ကျွန်တော် ဈေးက ပြန်လာတော့ မမဟောမန် စန္ဒကူးတောင်ဘက်ကို မြင်းစီးသွားတာ မြင်လိုက်တယ်လို့ ကျွန်တော့် သူငယ်ချင်းက ပြောတယ်ခင်ဗျ'

'ဟင်...စန္ဒကူးတောင်...ဟုတ်လား'

သတင်းစကားသည် မဆိုးရွားပါဘဲနှင့် ကိုနှင်းဝေ၏ထိတ်လန့်လွန်းသော အသံကြီးက ဟိန်းထွက်လာသည်။

'ဟေမန်…ညီမလေး…ကိုကို သိပ်စိတ်ပူသွားပြီ။ ကိုကို လိုက်ခဲ့မယ်'

ရှူးသွပ်သွားသူ တစ်ယောက်နှယ် ကိုနှင်းဝေသည်… ယောက်ယက်ခတ်လျက် အော်ရင်း ပြောရင်း သူ့ဘဝကို သူမေ့ပြီး ကျုံးထလိုက်သည်။

'အို…'

သူ့မှာ သွားစရာ ခြေမရှိပါလား။ ညီမလေးဆီသို့ ပြေးလိုက်သွားနိုင်ဖို့ ခြေလှမ်းလို့ မရတော့ပါလား။

ကိုနှင်းဝေသည် သူ့ကိုယ်လုံးကြီးကို ကြမ်းပေါ်မှာ ပုံခနဲ ပစ်ကျသွားအောင် အားလျော့စွာ လှဲချလိုက်ပြီး…

ကိုနှင်းဝေသည် အံကိုကြိတ်လိုက်ပြီး ခေါင်းကိုခါလျက် ဒီပဲ့ကို ကြည့်လိုက်သည်။

'ဦးရိုးမှိုင်း…ဦးရိုးမှိုင်းရယ်…'

'ဟုလေး…နှင်းဝေ'

'စန္ဒကူးတောင်ပေါ်နဲ့ လင်းလွန်းလွင်ပြင်မှာ သွားရှာပေးပါ။ ကျွန်တော့် ညီမလေးကို သွားရှာပေးပါ ဦးရိုးမှိုင်းရယ်…'

'အေး…အေး…အေးပါ…ငါ သွားရှာပေးပါ့မယ်။ စိတ်မပူပါနဲ့။ ငါ ပြန်ခေါ်လာခဲ့ပါ့မယ်ကွာ…'

'ဒီပါဟာ တစ်စုံတစ်ခု မဖြစ်ဘဲ သူ့သခင်မကို ထားရစ်ခဲ့မှာ မဟုတ်ဘူး။ ကျွန်တော် သိတယ်…ဦးရိုးမှိုင်း။ ကျွန်တော် သိတယ်။ အို…ညီမလေးအတွက် စိတ်ပူလှပြီ။ ကျွန်တော် ပြေးလိုက်သွားချင်တယ်ဗျ'

ကိုနှင်းဝေသည် ပြင်းပြလွန်းသော ခံစားမှုမှ ပေါက်ကွဲလျက် အုတ်နံရံကြီးကို လက်သီးနှင့် တအား ပစ်ထိုးရင်း အော်ပစ်တော့သည်။ အရည်စုတ်သွားသော လက်ခုံမှာ သွေးအလိမ်းလိမ်း။

'နှင်းဝေရယ်…မင်းကလည်း…ငါ သွားရှာခဲ့ပါ့မယ် ဆိုမှ…ထပါဦးကွာ'

ဦးရိုးမှိုင်းနှင့် အမောင်တို့က ဝိုင်းမကြပြီး အိပ်ရာပေါ်တင်သော်လည်း မရ။ သူ့ဆန္ဒအတိုင်း အိမ်ရှေ့ဘက်သို့ လက်ကို အားပြုထောက်လျက် ထွက်လာပြီး…

'ဦးရိုးမှိုင်း'

'ဟေ…'

'ဦးရိုးမှိုင်းရယ်…'

'ပြောပါကွယ်'

'စန္ဒကူးတောင်ပေါ်နဲ့ လင်းလွန်းလွင်ပြင်မှာ ဟေမန့်ကို မတွေ့ခဲ့ရင်လေ…'

ကိုနှင်းဝေက အံကို ကြိတ်ခဲလိုက်သည်။ ဝဲနေသော မျက်ရည်တို့ မကျဖြစ်မိ ရင်ထဲမှ ရှိုက်သံနှင့်အတူ…

'သူ…သူကြောက်တဲ့၊ ဟေမန် သိပ်ကြောက်တဲ့…စန္ဒကူးချောက်ထဲမှာ ရှာပေးကြပါဗျာ…ခေါ်ပေးကြပါ'

ကိုနှင်းဝေ၏ စိုးရိမ်မှုသည် ဦးရိုးမှိုင်းသို့ပါ ကူးစက်လေပြီ။

အလွန် ဖြစ်နိုင်စရာရှိသော အတွေး...

ဦးရိုးမှိုင်းသည် အမောင်ကို စောင့်ကြည့်ရန် ထားခဲ့ပြီး ဒီပါကိုပင် စီးလျက် 'စန္ဒကူးကွေ့'ဆီသို့ စိုးရိမ်တကြီး ပြေးလိုက်သွားလေပြီ။

●●●





## အခန်း ငါးဆ

ပန်ခလုံ အိမ်ကြီးမှာ လူစုံ အားလုံး စောင့်ဆိုင်းနေကြ သည်။ ဦးစံရိပ်နှင့် ဒေါ်ခမ်းနွဲ့တို့လည်း ပြန်ရောက်နေကြပြီး ဆွေနီးမျိုးစပ်များနှင့် ခြံသမားများပါ အားလုံး...

ကိုနှင်းဝေ တွေးထင် ယူဆခဲ့သည့်အတိုင်းပင် နှင်းဟော မန်ဦးကို စန္ဒကူးကွေ့အောက် 'စန္ဒကူးချောက်'အတွင်းမှ လူအား များစွာ၊ ခက်ခဲလွန်းစွာ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ကြပါပြီ။

ပန်ခလုံ၏ အရှင်သခင်မလေးသည် သူ၏ စံအိမ်တော် သို့ ပြန်လည် ရောက်ရှိလာခဲ့ပါပြီ။

တရွေ့ရွေ့ ဝင်လာကြသူများကို ကိုနှင်းဝေ လှမ်းမျှော်စောင့်ကြည့်နေသည်။

အားလုံး၏ မျက်နှာသည် မြေသို့ကြည့်လျက်၊ ထမ်းစင်ကို ထမ်းလာကြသူများပင် မမော့နိုင်ကြ...။

သူတို့ချင်း ဆုံစည်းကြသော မျက်ဝန်းများတွင်... ဘာအဓိပ္ပာယ်မှ မရှိကြတော့။

ထမ်းစင်သမား လေးယောက် အိမ်ပေါ်သို့ တက်လာကြပါပြီ...

'သူ့ရှေ့မှာ ချပေးလိုက်ကြပါကွာ'

ဦးရီးမှိုင်းက ငိုသံပါကြီးနှင့် ပြောသည်။

ထမ်းစင်သမားတို့သည် နာကျင်သွားမှာ စိုးရိမ်ဘိသည့်အလား...ဖြည်းလေးညင်သာစွာဖြင့် ကြမ်းပြင်တွင် ထိုင်နေသောကိုနှင်းဝေ၏ ရှေ့မှာ ချသည်။

နှင်းဟေမန်ဦး၏ သက်မဲ့ ရုပ်ခန္ဓာ...

အားလုံး ငြိမ်သက်နေကြသည်။

စန္ဒကူးချောက်တွင်းသို့ လိမ့်ကျသွားခဲ့သော နှင်းဟေမန်ဦး၏ အလောင်းကို ခက်ခဲစွာ သယ်ယူလာခဲ့ကြသော ဦးရီးမှိုင်းဦးဆောင်သည့် ခြံသမားများ၏ မျက်ဝန်းကိုယ်စီမှာ မျက်ရည်စတွေနှင့်...

ယနေ့သည် ခုနှစ်တစ်ခု၏ နောက်ဆုံးနေ့ဖြစ်သော...





ဒီဇင်ဘာလ ၃၁ ရက်နေ့၊

နှင်းဟေမန်ဦး၏ ၂၂ နှစ်မြောက် မွေးနေ့။

ဒေါ်ခမ်းနွဲ့၏ ရှိုက်သံသဲ့သဲ့ကို စတင် ကြားကြရသည်။

လူအားလုံးသည် လုံးဝ မငိုသော ကိုနှင်းဝေသို့သာ ငေးကြည့်နေကြသည်။

ကိုနှင်းဝေသည်...

အိပ်စက်နေသည်သို့ အလှပဆုံး မျက်နှာလေးကို စေ့စေ့ကြည့်သည်။

မနေ့တုန်းဆီက ငိုရှိုက်ထားသော မျက်ဝန်းလေးများကနီမို့နေဆဲ၊ ဆံနွယ်လေးများက ဝေဝဲပြန့်ကြဲလျက်။ သက်မဲ့ ခန္ဓာလေးပေါ်မှာတော့...

ရင်ကို ဖွင့်ခွဲထားသော လွန်ခဲ့သည့် ငါးနှစ်ဆီမှ ကိုနှင်းဝေမွေးနေ့လက်ဆောင် ပေးခဲ့သော 'ဆွယ်တာပြာပြာလွင်လွင်'လေးကို ဝတ်လျက်...

ကိုနှင်းဝေ ရုတ်တရက်ကြီး လှုပ်ရှားလိုက်သည်။

ပွင့်ကွဲနေသော ရင်ခွင်ဘေးမှ ဆွယ်တာ နှစ်စကို လက်နှင့်တအားဆုပ်ဆွဲ မယူလျက်...

ဟေမန်၏ အလောင်းကို တင်းတင်းကျပ်ကျပ်ကြီး ထွေးပိုက်ပွေ့၍...

'ညီမလေး…ဟေမန်'
'ညီမလေး မသေရဘူး'
'မသေရဘူး'

ကိုနှင်းဝေ၏ အော်သံက ပန်ခလုံတွင် ပွဲတင်ထပ်အောင် ဟိန်းထွက်လာသည်။

'ညီမလေးရယ်…ကိုကို့ညီမလေး…ကိုကို့ အသည်းနှလုံးလေးရယ်'

ကိုနှင်းဝေ၏ အသံ ပျောက်သွားတော့သည်။ နှင်းဟေမန်ဦး၏ သက်မဲ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ခေါင်းခါယမ်းနေသည်။ သူ့မျက်ရည်တို့သည် ဟေမန်၏ ရင်ခွင်တွင်းသို့ စိမ့်ဝင်လေမည်။ ဟေမန်၏ ကိုယ်ခန္ဓာသို့ ပျံ့နှံ့ စီးဆင်းပေမည်။

'ကဲပါ…နှင်းဝေရယ်…လွှတ်လိုက်ပါတော့ကွာ'

ကိုနှင်းဝေသည် ခေါင်းမော့မလာ။

ဟေမန့်ကို ဖက်ရင်း၊ ဟေမန့် ရင်ခွင်မှာ မျက်နှာကို မှောက်အပ်ထားရင်းက…

'မဖယ်ဘူး…မလွှတ်ဘူး'
'ညီမလေးရယ်…ကိုကို မလွှတ်နိုင်ဘူး…မခွဲနိုင်ဘူး…'
'ဒီလိုပဲ ရင်ထဲမှာ ထည့်ထားချင်တယ်ဗျာ'
'ဖယ်ကြပါ…ဖယ်ကြပါ…ကျွန်တော့်ကို မဆွဲကြပါနဲ့…'
'ကျွန်တော်တို့ကို မခွဲကြပါနဲ့…'

ဆွဲကြ ဖယ်ကြသော လူများ လွှတ်လိုက်ကြရချိန်တွင် ဟေမန်၏ အလောင်းကို ဖက်ပိုက်လျက် ကိုနှင်းဝေသည်လည်း





ဖြည်းလေးစွာ လဲကျသွားရှာခဲ့ပါပြီ။

ထိုအချိန်တွင်မှ သတင်းကြားလာသော ဒေါက်တာကြည်ညိုထွန်းသည် ဖန်ခလုံသို့ ပြေးဝင်လာခဲ့တော့သည်။

◆ ◆ ◆

## အခန်း ငါးဆယ့်တစ်

မြူနှင်းပွင့်တို့ သိပ်သည်းစွာ ကျဆင်းနေသည်။

ပန်ခလုံမြို့၏ ဆောင်းအေးဒဏ်သည် ညှဉ်းဆဲခံနေသည် သို့ပင် မခံမရပ်နိုင်အောင်ပါ။

နံနက် စောစော ထွက်မည့် ကားနှင့် လိုက်မီရန် ဒေါက်တာ ကြည်ညိုထွန်း ထရသည်။

အိပ်ရာထက်မှ ထရခြင်းသာ အိပ်စက်ခြင်းမှ နိုးထခြင်း မဟုတ်ပါ...

အချစ်ဆုံးကို ထာဝရ စွန့်လွှတ်ခွဲခွာ ထားရစ်ခဲ့ရပါပြီ ဆိုသော ဆုံးရှုံးမှု အသိဖြင့် တစ်ညလုံး မျက်ရည်တို့နှင့်အတူ နာကျင်ကြေကွဲခဲ့ရသည်။

မနေ့ ညနေ ဆည်းဆာချိန်က ဟေမန့်ကို ဦးစံရိပ် တည် ဆောက်ထားဆဲ ဂူသစ်လေး အတွင်းမှာပင် ဂူသွင်း သင်္ဂြိုဟ်လိုက် ရပါပြီ...

ကိုနှင်းဝေကို လူအားများစွာနှင့် ဆွဲထုတ်ဖယ်ခွာလိုက်မှ





သူ၏ သန်မာသော လက်များနှင့် တအားဖက်ထားသော သူ့ ရင်ခွင်မှ ဟေမန်၏ အလောင်းကို ယူ၍ ရခဲ့သည်...။

ညဉ်းပိုင်းက...အပူရှိန်ပြင်းစွာ အဖျားတက်လျက် သတိ များ လစ်...လစ်သွားခဲ့သည်။

ဒေါက်တာကြည်ညိုထွန်း ကိုယ်တိုင် ဂရုတစိုက် ပြုစုပေး ခဲ့ပါ၏။

အချစ်ဆုံးနှင့် အတူ သူ့အသက်သခင် ကိုနှင်းဝေအတွက် ပါ ကြေကွဲစွာ စိုးရိမ်မိလှပါသော်လည်း သူ ဘာမှ မတတ်နိုင် တော့ပါ...

ယနေ့ ပြန်မှ ဖြစ်ပါတော့မည်...

ကိုနှင်းဝေသို့လည်း နှုတ်ဆက်မနေချင်တော့...

မေတ္တာတရား ကြီးမားလွန်းခဲ့ကြသော ဤသုံးယောက်တို့ ဘယ်သောအခါမှ ပြန်လည် ဆုံစည်းခွင့် မရတော့မည့်အတူတူ သူ ခွဲခွာထွက်သွားပါတော့မည် ဟူသော အသိဖြင့်...

ကိုနှင်းဝေသည်သာ ကျန်းမာစွာနှင့် သူ့အချစ်ဆုံး၏... သက်မဲ့ ရုပ်လွှာနှင့်အတူ ကျန်ရစ်ပါစေတော့ဟူသော ဆန္ဒများ ဖြင့်...

ဒေါက်တာ ကြည်ညိုထွန်းသည် တစ်ယောက်ထီးတည်း ပန်ခလုံ စံအိမ်ပေါ်မှ ဆင်းသက်ခဲ့သည်...။

ခြံဝင်လမ်းအတိုင်း ပြန်ထွက်နေသော ခြေလှမ်းများသည် နေးကွေးရာမှ ရပ်တန့်သွားခဲ့ပြီ...

အချစ်ရဲ့ ဘဝကို တစ်ဝက် ပိုင်ဆိုင်ခွင့်ရပြီးမှ...ထာဝရ

ဆုံးရှုံးခြင်းများနဲ့ ထားခဲ့ရပြီကွယ်...'

'ဟေမန်...အချစ်ရယ်...မောင့်ရင်ထဲမှာလည်း...'

အတွေးများကို ရပ်တန့်လိုက်ပါသည်။ အတုမဲ့ မေတ္တာရှင်ကြီး ကိုနှင်းဝေနှင့် မနှိုင်းယှဉ်ချင်တော့ပါ။

သူ့အတွက် ဘဝ အဆုံးခံသွားရရှာသော ကိုနှင်းဝေသို့လည်း လေးစား ကြည်ညိုစိတ်များဖြင့် ရင်နာ ကြေကွဲမဆုံးနိုင်အောင် ရှိပါ၏။

ပန်ခလုံကို ကျောခိုင်း ခွဲခွာ လာပြီးကာမှ ဒေါက်တာကြည်ညိုထွန်း၏ ဆန္ဒတစ်ရပ် ထိန်းချုပ်၍ မရနိုင်အောင် ဖြစ်လာခဲ့ပြီ။

သွားနေသည့် လမ်းမှ ဖဲကျဉ်လျက် ခြံ၏ မြောက်ဘက်သို့ လျှောက်လာခဲ့မိသည်...

အချစ်ဦးသို့ နောက်ဆုံးအကြိမ် နှုတ်ဆက်ခြင်း အဖြစ်နှင့် နှုတ်ဆက်ရန် ဟေမန်၏ အုတ်ဂူ အသစ်စက်စက်လေး ရှိရာသို့ ရောက်ခဲ့ရပါပြီ...

နှင်းဟေမန်ဦး
အသက် ၂၂ နှစ်
၁၉၈၀ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်
ကွယ်လွန်သည်။

ဂူရှေ့မှာ ဒူးထောက်လိုက်ပြီး အတွင်း၌ ထာဝရ လျောင်းစက်နေသော အချစ်ဆုံး၏ ရုပ်လွှာလေးကို မှန်းဆရင်း ဂူကို





လက်နှစ်ဖက်နှင့် ကိုင်ကိုင်၍ ထိုင်ချလိုက်ချိန်တွင်...

'ဟင်...'

ဂူ၏ဘေးမှာ ကပ်လျက်...ဖြူဖွေးသော နှင်းပွင့်များ ပိတ်ဖုံးနေသော လူတစ်ယောက်၏ လဲလျောင်းနေသည့် သဏ္ဌာန်...

စိမ်းနှင့် နီလာ လက်စွပ်ကို ဝတ်ဆင်ထားသော လက်တစ်ဖက်သည်သာ ကြွမြောက်လျက် အုတ်ဂူကို ဖက်ပိုက်ထားသည်။

မြူနှင်းပွင့်များ ဖုံးလွှမ်းနေသူ၏ မျက်နှာကို ကြည့်လိုက်တော့...

'အို...ကို...ကိုနှင်းဝေ...'

ဒေါက်တာကြည်ညိုထွန်း ထပြေးပြီး ပွေ့ထူလိုက်သည်။ နှင်းပွင့်များနှင့်အတူ ပါရှိလာသော သူ့ရင်ကို စမ်းသည်။

ရင်ခုန်သံ ရပ်လေပြီ...

နှင်းပွင့်နှင်းခဲများကို ဖယ်ရင်း တုန်တုန်ခိုက်ခိုက်ဖြင့် ကြည့်မိသည်။ တစ်ကိုယ်လုံး သွေးအလူးလူးနှင့်...။

ဒူးအထက်မှနေ၍ ခြေနှစ်ဖက်လုံး ဖြတ်ထားရသော ကိုနှင်းဝေသည် သူ့အိပ်ခန်းမှသည် သူ၏ အချစ်ဆုံး လျောင်းစက်ရာအထိ သူ့အတွက် ဝေးလံလွန်းသော ခရီးဆီသို့ သူ့ခန္ဓာကိုယ်ကို မြေမှာ လိမ့်လိမ့်ပြီး လာခဲ့ရကြောင်း ကိုယ်ခန္ဓာပေါ်မှ သွေးစွန်းအဏ်ရာများစွာက သက်သေခံနေပါ၏။ အားလုံး တောင့်ခဲနေလေပြီ။

အပြင်းဖျားနေသူ တစ်ယောက်သည် နှင်းဆိုင်နှင်းခဲ နှင်းတောထဲမှာ တစ်ညတာလုံး မေ့မြောစွာ လဲလျောင်းရာမှ သေဆုံးသွားရခြင်း ဖြစ်ပေမည်။ သူ့ အသက်ဝိညာဉ်နှင့် ခန္ဓာကို သူ့အချစ်ဆုံးအတွက် အဆုံးရှုံးခံလိုက်ပြီ ထင်၏။

'ဒေါက်တာ ဒီဘက်ကို ထွက်လာတာ မြင်လို့ ကျွန်တော်လိုက်လာတာ...ဟာင်...သူ...သူ...'

'ဟုတ်ပါတယ်ဗျာ...ကိုနှင်းဝေပါ။ သူ့အချစ်ဆုံးရဲ့ အုတ်ဂူကို ဖက်ပြီး သူ့အချစ်ဆုံးနဲ့ အနီးဆုံး နေရာမှာ သူ သေဆုံးသွားခဲ့ပြီလေ...ဦးရီးမှိုင်းရဲ့...'

'အောင်မယ်လေးဗျာ...'

ဦးရီးမှိုင်းသည် သူ၏ ချစ်လှစွာသော တူလေးကို ပြေး၍ ပွေ့ယူသည်။

ဒေါက်တာကြည်ညိုထွန်းသည် ကိုနှင်းဝေသို့ ကြည့်ရင်း ဟေမန်၏ အုတ်ဂူပေါ်မှာ လက်တင်လျက်...

'သြော်...ကမ္ဘာကျော် အချစ်ဂန္ထဝင်ရှင်တို့နဲ့ စံတင် ယှဉ်ပြိုင်ရဲသော...ကိုနှင်းဝေနဲ့ ဟေမန်တို့ရယ်...'

'ကိုနှင်းဝေနဲ့ ဟေမန်တို့ကို လိုက်မီနိုင်တဲ့ အချစ်မျိုး...ဘယ်လို လူသားနှစ်ယောက်မှာမှ မရှိနိုင်တော့ဘူးလို့ ကျွန်တော် ဝန်ခံစံတင်ခဲ့ပါရစေတော့ခင်ဗျာ...'

နှင်းပွင့်များနှင့်အတူ ကြွေဆင်းနေသော မျက်ရည်များနှင့် ရင်ထဲမှ လှိုက်လှဲစွာ ဒေါက်တာကြည်ညိုထွန်း ခံစားနေဆဲမှာ...

'နှင်းဝေ...ငါ့တူရယ်...ဆရာ ကျွန်တော့် တူလေးကို ကြည့်





ပါဦး...ကယ်ပါဦး ဆရာရယ်'

'သိပ်ဝမ်းနည်းစရာ ကောင်းတဲ့ အဖြစ်ပါပဲ ဦးရီးမှိုင်းရယ်။ လွန်ခဲ့တဲ့ နာရီများစွာကပဲ သူ...ကိုနှင်းဝေ သေဆုံးသွားခဲ့ပါပြီ'

ဦးရီးမှိုင်း၏ ငိုရှိုက်သံကလည်း ရင်နင့်စရာပါလား...

'ဦးရီးမှိုင်း'

'ဟုတ်...ဟုတ်ကဲ့ဆရာ'

'ကျွန်တော် တစ်ခု တောင်းပန်ခဲ့ပါရစေခင်ဗျာ...'

'ပြော...ပါ'

'ကိုနှင်းဝေအတွက် ဂူကို သီးခြား မဆောက်ချဲ ဟေမန်ရဲ့ အုတ်ဂူလေးနဲ့ တွဲဆက်တည်ဆောက်ပေးလိုက်ပါနော်...'

'ကောင်းပါပြီ'

'ပြီးတော့ သူဟာ ဘယ်အချိန်ကပဲ သေဆုံးခဲ့...သေဆုံးခဲ့...'

'နှစ်တစ်နှစ်ရဲ့ နောက်ဆုံးနေ့ဖြစ်တဲ့...'

'သူတို့နှစ်ယောက်ရဲ့ တိုက်ဆိုင်တဲ့ မွေးနေ့လည်း ဖြစ်တဲ့...'

| |
|---|
| ကိုနှင်းဝေ<br>အသက် ၃၀ နှစ်<br>၁၉၈၀ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်<br>ကွယ်လွန်သည်။ |

လို့ ဟေမန် စာလုံးအတိုင်း ကမ္ပည်းထိုးပေးလိုက်ကြ

ပါလို့ ကျွန်တော် နောက်ဆုံး နှုတ်ဆက်ရင်း တောင်းပန်ခဲ့ပါရစေခင်ဗျာ...။

သူတို့ နှစ်ယောက် မွေးနေ့ တူကြသလို သည်လောကကြီးထဲကလည်း တစ်နေ့တည်း အတူ ထွက်ခွာသွားကြတဲ့ ထိုနှစ်ယောက်၏ နောက်ဆုံးနေ့ သည်လည်း အတူတကွ ရှိကြပါစေလေ...

အချစ်ဆုံး နှစ်ယောက်တို့ အတူ ရှိနေခဲ့ရာ ဤ ပန်ခလုံမြေကို ထာဝရ ကျောခိုင်း ထွက်ခွာလာခဲ့ရသော ဒေါက်တာကြည်ညိုထွန်း၏ မျက်ဝန်းမှာလည်း နှင်းပွင့်များနှင့်အတူ မျက်ရည်ပွင့်တို့ စီးသွယ် ကြွေကျလျက်ပါ...။ ။

◆

ပြီးပါပြီ

◆

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

စာမူရေးသားပြီးဆုံးသောနေ့
၁၉၈၂ ခု ဒီဇင်ဘာလ ၂၄ ရက်